
သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဒါနကထာ

[ဒါနအကြောင်း သိကောင်းစရာအဖွာဖွာ]



ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ - ၂၁၄၃ ကောဇာ - ၁၃၆၁ ခရစ် - ၁၉၉၉


၂၅၃၇ ခု

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဒါနကထာ

[ဒါနအကြောင်း သိကောင်းစရာအဖွဲ့ဖွဲ့]



ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်

သာသနာ - ၂၅၄၃ ကောဇာ - ၁၃၆၁ ခရစ် - ၁၉၉၉

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင်အမှတ်-၀၂၄၀၅/ဂ၂၅၂၇) က
ပုံနှိပ်ထုတ်ဝေသည်။

ဒါနကထာ
နိဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော် အစိုးရသည် အမိနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် လမ်းဖောက်၊ တံကားဆောက်၊ ဆည်မြောင်း၊ ဆောက်ခြင်းစသော လောကီလူ့ဘောင် ကောင်းစားရေး လုပ်ငန်းများကို အလွန်လျင်မြန်စွာ အချိန်တိုကာလအတွင်း အံ့သြဖွယ်ရာ ဆောင်ရွက်နေသည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်၍ အထူးဖော်ပြရန်မလိုတော့ချေ။

ထိုကဲ့သို့ လောကီလူ့ဘောင်ကောင်းစားရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေစဉ်မှာပင် လောကုတ္တရာကုသိုလ်ရေးနှင့် စပ်ဆိုင်သည့် ဓရုပ်၊ တန်ဆောင်း၊ စောင်းတန်း၊ လှကား၊ ကျောင်းကန်ဘုရား၊ သမိုင်းဝင် ရှေးဟောင်းစေတီပုထိုးများကို ဘက်စုံပြုပြင် မွမ်းမံခြင်း၊ အသစ်တည်ထား ကိုးကွယ်ခြင်းစသည်ဖြင့် သာသနိက အဆောက်အအုံများကို အံ့မခန်းပြုပြင် မွမ်းမံ တည်ထားကိုးကွယ်လျက်ရှိသည်ကိုလည်း အထင်အရှား တွေ့နိုင်ပေ သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ပြန့်ပွား ထွန်းကားစေရန်အတွက် သာသနာတော်သုံးရပ်တို့၏ အရင်းမူလပဓာန ဖြစ်သော ပရိယတ္တိသာသနာတော်ကို အားပေးချီးမြှောက် ထောက်ပံ့သည့် အနေဖြင့် ဝန်ကြီးဌာန၊ ဦးစီးဌာနများနှင့် အဖွဲ့အစည်း အသီးသီးတို့အား စာသင်တိုက်အသီးသီးကို ပစ္စည်းလေးပါးတာဝန်ယူ ထောက်ပံ့ကြစေရန် ဆရာဒကာ စီမံချက်ပြုလုပ်၍ တာဝန်များအသီးသီး ခွဲဝေအပ်နှင်းခဲ့သည်။ ဝါတွင်းကာလတွင် စာသင်သား သံဃာတော်များ ဆွမ်းကွမ်းအတွက် မပင်ပန်းကြ စေရန် ရန်ကုန်မြို့ပေါ်တွင် တပ်မတော် ကြည်း, ရေ, လေ မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊

ဆေးတို့ကို လှူဒါန်းကြစေရန်နှင့် အခြားသော ပြည်နယ်/တိုင်းနှင့် မြို့နယ်များရှိ စာသင်တိုက် အသီးသီးကိုလည်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများက အသီးသီး တာဝန်ယူပြီး ထောက်ပံ့လှူဒါန်းကြစေရန် လမ်းညွှန်မှုပြုထားပေသည်။ သာသနာ ဟူသည် ဒါယကာတို့၏ ပစ္စည်းလေးပါး ထောက်ပံ့မှုအပေါ်၌ ကြီးပွားရှင်သန် ထွန်းကားရသည်ဖြစ်ရာ သာသနာတော် အစဉ်ရှင်သန်ထွန်းကား နေစေရေး အတွက် သာသနာ့ဝန်ဆောင် သံဃာတော်များ ပစ္စည်းလေးပါး မချို့တဲ့ရအောင် အမြော်အမြင်ကြီးမားစွာဖြင့် စီမံဆောင်ရွက်ခြင်းဖြစ်သည်။

ထိုကဲ့သို့ သံဃာတော်များ ပစ္စည်းလေးပါးမကြောင့်မကြ မတောင့်မတ ပြည့်စုံစေရန် ကြိုးပမ်းဆောင်ရွက်ပြီး ဖြစ်သော်လည်း နောင် အနာဂတ် ကာလအတွက် ပစ္စည်းလေးပါး မကြောင့်ကြရအောင် ပစ္စည်းလေးပါး ပဒေသာပင်နှင့် ဆွမ်းပဒေသာပင် ရန်ပုံငွေများကိုလည်း စိုက်ထူလှူဒါန်းကြစေရန် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက လမ်းညွှန်မှု ပြုသဖြင့် ယခုအခါ စာသင်တိုက်ကြီး အသီးသီး တို့မှာ ရန်ပုံငွေများ အသီးသီး စိုက်ထူနေကြပြီ ဖြစ်ပေသည်။

၁၉၉၉-ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် တပ်မတော်ဓမ္မာရုံကြီး၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား ခေါ်ယူ၍ အလှူရေစက် လက်နှင့်မကွာ ဒါနကုသိုလ်ကောင်းမှုထာဝစဉ် ပြုလုပ်နေကြသော နိုင်ငံတော်သူ၊ နိုင်ငံတော်သား၊အား၊လုံး အလှူဒါန၏အကျိုးကို အပြည့်အဝသိရှိ ခံစား စေလိုသော ကောင်းမြတ်သော စေတနာဖြင့် ဒါနနှင့်ပတ်သက်၍ သိမှတ်ဖွယ်ရာ အစုံအလင် ပါဝင်သည့် **"ဒါနကထာ"** အမည်ဖြင့် ကျမ်းစာအုပ်တစ်အုပ် ရေးသားပြုစုထုတ်ဝေရန် လမ်းညွှန်မိန့်ကြားခဲ့ပါသည်။

ယင်းလမ်းညွှန်ချက်အရ ညွှန်ကြားရေးမှူးချုပ် သည့် အောက်ဖော်ပြပါ ဒါနကထာစာမူကြမ်း ပြုစုရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပါသည်။

၁။ ဦးထွန်းရွှေ (ဓမ္မာစရိယ၊ ဘီအေ) လ/ထညွှန်ကြားရေးမှူး
၂။ ဦးစန်းမောင် (ဓမ္မာစရိယ) ဦးစီးအရာရှိ
၃။ ဦးအောင်ထွေး (ဓမ္မာစရိယ) ဦးစီးအရာရှိ
၄။ ဦးနေလင်းထွန်း (ဓမ္မာစရိယ) စာပေလက်ထောက်-၁
၅။ ဦးခင်မောင် (ဓမ္မာစရိယ) စာပေလက်ထောက်-၁
၆။ ဦးစောခိုင် (ဓမ္မာစရိယ) စာပေလက်ထောက်-၂
၇။ ဦးကျော်လင်း (ဓမ္မာစရိယ၊ ပါဠိဘာရဂူ) ပုံနှိပ်ကျွမ်းကျင်-၁

ယင်းအဖွဲ့အား ဒါနကထာကျမ်းစာတွင် ပါဝင်ရမည့် အခန်းများ၊ အကြောင်းအရာ အချက်အလက်များကို ညွှန်ကြားရေးမှူးချုပ်က စီစဉ်ညွှန်ကြားပေးခဲ့သည်။ ကျမ်းစာပြုစုရေးအဖွဲ့ဝင်များသည် ထေရဝါဒပိဋကတ်တော်၌ ပါရှိသော ဒါနနှင့်ပတ်သက်သည့် အကြောင်းအရာများ ပြည့်စုံနိုင်သမျှ ပြည့်စုံစေရန် အခန်း(၆) ခန်းခွဲ၍ ရေးသားခဲ့ပါသည်။ ကျမ်းစာရေးသားပြုစုရေးအဖွဲ့က ရေးသားသည့် စာမူကြမ်းများကို ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင် အပြီးသတ် တည်းဖြတ်သုတ်သင်ပြီး သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။

ကျော်လင်း
ပုံနှိပ်ကျွမ်းကျင် (၁)
သာသနာရေးဦးစီးဌာန

ဒီနကထာ

မာတိကာ

စဉ်	အကြောင်းအရာ			စာမျက်နှာ
၁။	နိဒါန်း	-	-	၈
	အခန်း (၁)			
၂။	မြတ်ဗုဒ္ဓဟောစဉ် (အနုပုဗ္ဗီကထာ)		-	၁
၃။	ဒါနနည်းတော့ မွဲတတ်သည်		-	၂
၄။	ဒါနပုဒ်တစ်ချက် အနက်အထွေထွေ		-	၃
၅။	ဒါနပုဒ်၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်			၄
၆။	ဒါန၏အခြားအမည်များ		-	၄
၇။	အလှူပေးမှာ အင်္ဂါသုံးဖြာ		-	၅
၈။	အလှူခံမှာအင်္ဂါ ၃-ဖြာ -		-	၈
၉။	ဒါနမြောက်ရန် အင်္ဂါ ၄-ချက်		-	၈
၁၀။	ဒါနပြုခြင်း၏အကြောင်း ၈-ပါး		-	၈
၁၁။	အင်္ဂါလေးပါးနှင့်အညီ လှူရမည်		-	၁၀
၁၂။	သပ္ပုရိသဒါန ၅-ပါး -		-	၁၀
၁၃။	ယုံကြည်သဖြင့်သာ လှူဒါန်းပါ		-	၁၁
၁၄။	ရိုရိုသေသေ လှူဒါန်းလေ		-	၁၂
၁၅။	အချိန်ကိုသိ လှူဒါန်းဘိ -		-	၁၂

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၆။	မတွယ်မတာ လှူဒါန်းပါ-	-	၁၂
၁၇။	မိမိသူတစ်ပါး မထိပါ:အောင် ကြံဆောင်လှူဒါန်းပါ		၁၃
၁၈။	အင်္ဂါ ၈-ပါ:နှင့် အညီ လှူရမည်	-	၁၃
၁၉။	ဒါနအမျိုးအစား ၃-ပါ: -	-	၁၄
၂၀။	အလှူခံပုဂ္ဂိုလ်တစ်ကျိပ်လေး	-	၁၅
၂၁။	သံဃိကဒါနခုနှစ်ဝ -	-	၁၇
၂၂။	သံဃိကဒါနဝယ်မှတ်သား:ဖွယ်	-	၁၈
၂၃။	သုတ္တန်နည်း:လာ ဆယ်ဖြာဒါန	-	၁၈
၂၄။	အဘိဓမ္မာနည်း:လာခြောက်ဖြာဒါန	-	၁၉
၂၅။	ဝိနည်း:အရာလေး:ဖြာဒါန -	-	၁၉
၂၆။	အဆင့်ဆင့်ကြီး:မာ:အကျိုး:တရား:	-	၁၉
၂၇။	ဝိနည်း:ဒါနလေး:မျိုး:နှင့် အကျိုး:ပြုပုံ	-	၂၀
၂၈။	ဆွမ်း:လှူအကျိုး:ပြသာဓက	-	၂၁
၂၉။	သင်္ကန်း:လှူအကျိုး:ပြသာဓက	-	၂၂
၃၀။	ကျောင်း:လှူအကျိုး:ပြသာဓက	-	၂၈
၃၁။	မြက်မိုး:ကျောင်း:လှူနိဗ္ဗာန်ယူ	-	၃၀
၃၂။	ဆေး:လှူရကျိုး:ဆောင်ပုဒ်လင်္ကာ	-	၃၁
၃၃။	ဆေး:လှူရကျိုး:ဆောင်ပုဒ်လင်္ကာ	-	၃၃
၃၄။	လှူတတ်လျှင်ဆေး မလှူတတ်လျှင်ဘေး	-	၃၃
၃၅။	ယခုဒါနပြု ယခုအကျိုး:ပေး:	-	၃၄
၃၆။	သာသနာတွင်:မှာ လှူဒါန်:ပါ	-	၃၅
၃၇။	ဒါနပြုခြင်: စစ်ခင်:သည့်ဥပမာ	-	၃၆
၄၀။	ဒါနသူရပုဂ္ဂိုလ် -	-	၃၇

စဉ်	အကြောင်းအရာ		စာမျက်နှာ
၄၁။	အလှူညောင်စေ့မျှ	အကျိုးရညောင်ပင်သမာတင်	၃၈
၄၂။	အလှူညောင်ပင်မျှ	ကျိုးရညောင်စေ့သာ –	၄၀
၄၃။	စေတနာအဓိက	– –	၄၁
၄၄။	သပ္ပုရိသဒါန, အသပ္ပုရိသဒါန	–	၄၆
၄၅။	အလှူရှင်နှင့် ဝေယျာဝစ္စပြုသူ	–	၄၆
၄၆။	မိမိကြည်ညိုရာ လှူဒါန်းပါ	–	၄၈
၄၇။	အလှူခံပုဂ္ဂိုလ်မှန် လိုက်နာရန်	–	၄၈
၄၈။	လှူဒါန်းသူ မှတ်သားနာယူ	–	၄၉
၄၉။	ပညာရှင်တို့နှင့်တိုင်ပင်ပါ	–	၅၀
၅၀။	ဒါနအတွက် အခက်လေးပါး	–	၅၀
၅၁။	ဒါနစွမ်းအား –	–	၅၂
၅၂။	ဒါနနှင့်ဗောဓိဆုကို ပင်ရနိုင်သည်	–	၅၃
၅၃။	အလှူပေး အလှူခ, သီလရှိ သီလမရှိ စိစစ်ချက်		၅၃
၅၄။	ဒါန၏အကျိုးကို ယုံကြည်သူ	–	၅၅
၅၅။	ဒါနကိုပါရမီဖြစ်အောင် လှူဒါန်းပါ	–	၅၆
၅၆။	ကောင်းမှုဖြစ်ပွားရန် အကြောင်းသုံးတန်	–	၅၇
၅၇။	ဒါနပြုလုပ်ရန်အတွက် ဘုမ္မစိုးနတ်တိုက်တွန်းချက်		၅၉
၅၈။	ဒါနပြုက လက်ဆောင်များဖြင့် နတ်ပြည်မှ ဆီးကြိုကြ		၆၀
၅၉။	ဒါနပါမှ မျက်နှာပန်းလှုံ	–	၆၀
၆၀။	ပုဂ္ဂိုလ်သုံးမျိုးဌ စိတ်ထားတတ်ရန်	–	၆၆
၆၁။	အမျှဝေခြင်းသည် ဒါနပြုခြင်းဖြစ်	–	၆၇
၆၂။	အလှူရှင်များ ဆင်ခြင်ဖွယ်	–	၆၇
၆၃။	လှူဒါန်းလိုစိတ်ဖြစ်ပေါ်လာအောင် ကျင့်ဆောင်ပြုလုပ်နည်း		၆၉

စဉ်	အကြောင်းအရာ		စာမျက်နှာ
၆၄။	လှူဖြစ်အောင်ကျင့်ဆောင်ပေးလှူပါ	–	၇၀
၆၅။	ဂတိမြဲလှ မြတ်ဒါန	– –	၇၁
၆၆။	ကောင်းမှုပြုရာ ဆုတောင်းပါ	–	၇၂
၆၇။	သီဟစစ်သူကြီး	– –	၇၂
၆၈။	ဒါနမပြုနိုင်ခြင်းအကြောင်းများ	–	၇၅
၆၉။	ပေးလှူလိုသောစိတ်ကို ညစ်နွမ်းစေသောတရား၊		၇၅
၇၀။	နှမြောဝန်တို မစ္ဆရိယသမားများ၏ဆိုးကျိုး		၇၆
၇၁။	အလှူဒါန၏အတားအဆီးများ	–	၇၈
၇၂။	ပြည့်စုံသော အလှူဒါန	– –	၇၈
၇၃။	ဒေဝဟိတပုဏ္ဏား မေးလျှောက်ချက်	–	၇၉
၇၄။	ဘုရားရှင်၏ပြန်လည်ဖြေကြားချက်	–	၇၉
၇၅။	မိုးလောင်ရာမှ ဥစ္စာနှစ်ကိုထုတ်ယူပါ	–	၇၉
၇၆။	ဝန်တိုခြင်းကြောင့် မပေးလှူသူ	–	၈၁
၇၇။	အဘယ်ကို ပေးလှူမည်နည်း	–	၈၅
၇၈။	ဝန်တိုနှမြောသူတို့၏တမလွန်	–	၈၆
၇၉။	အိပ်ပျော်နေသော်လည်း ကုသိုလ်ဖြစ်နေသူ-		၈၈
၈၀။	သိကြားမင်းဖြစ်ရန် ကျင့်ဝတ် ၇-ပါး	–	၈၉
၈၁။	သိကြားမင်း၏အမည်များ	–	၉၀
၈၂။	မည်သူမဆိုလိုလားသော အလှူ	–	၉၁
၈၃။	သေရိသကနတ်သား၏ရှေးဘဝကအလှူဒါန		၉၁
၈၄။	မိမိကိုယ်ကိုချစ်လျှင်	– –	၉၃
၈၅။	ဒါနသည်အားလုံးပြည့်စုံနိုင်၏	–	၉၄
၈၆။	ဒါနအကျိုး အမျိုးမျိုး	– –	၉၅

စဉ်	အကြောင်းအရာ			စာမျက်နှာ
၈၇။	အသက်နှင့်လဲ၍လှူရဲသူ	–	–	၉၆
၈၈။	မီးကျီးအတွင်းမှ ကြာ	–	–	၉၈
၈၉။	တရားကိုသီခြင်းသည် အမြတ်ဆုံး		–	၉၉
၉၀။	သူတော်ကောင်းတို့နှင့်ပေါင်းပါ		–	၁၀၃
၉၁။	အလှူပေးမှကြောင့် သုံးမျိုးချမ်းသာ		–	၁၀၅
၉၂။	လှူဒါန်းခြင်းသည်ရှိခြင်းပင်		–	၁၀၆
၉၃။	ဒါနသည်အရာရာတွင်အောင်မြင်နိုင်သည်		–	၁၀၇
၉၄။	ဒါနသည် သံသရာမရှည်		–	၁၀၇
၉၅။	မဟာဒါနကုသိုလ်ရှင်များ		–	၁၀၉

အခန်း (၂)

၉၆။	သာသနာတွင်းသာသနာပဒါန ကွာခြားချက်			၁၁၁
၉၇။	လှူရဲသူငါးဦး	–	–	၁၁၄
၉၈။	အငတ်ဘေးဆိုက်ရောက်ခြင်း		–	၁၁၅
၉၉။	ဆန်တစ်စလယ်နှင့် လူငါးယောက်		–	၁၁၆
၁၀၀။	ကောင်းမှုနှင့်တောင်းဆု	–	–	၁၁၆
၁၀၁။	သေဋ္ဌေးကြီး၏ ဆုတောင်း		–	၁၁၇
၁၀၂။	သေဋ္ဌေးကတော်ကြီး၏ဆုတောင်း		–	၁၁၈
၁၀၃။	သေဋ္ဌေးသား၏ဆုတောင်း		–	၁၁၈
၁၀၄။	သေဋ္ဌေးချွေးမ၏ဆုတောင်း		–	၁၁၈
၁၀၅။	ကျွန်၏ဆုတောင်း	–	–	၁၁၉
၁၀၆။	ဆွမ်းဒါန၏ဒိဋ္ဌဓမ္မအကျိုး		–	၁၁၉
၁၀၇။	ပေးခြင်းမကုန် လှူခြင်းမခန်း လူစွမ်းထက်သူများ			၁၂၀
၁၀၈။	ဆွမ်းလှူရအကျိုးပြ အရှင်အနုရုဒ္ဓါဝတ္ထု	–		၁၂၃
၁၀၉။	ဆွမ်းလှူကျိုးပြ ကာကဝလိယနှင့်ဇနီးဝတ္ထု	–		၁၂၈

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၁၀။	ဆွမ်းလှူကျိုးပြ ဒါယိကာမဝတ္ထု	–	၁၃၁
၁၁၁။	ဆွမ်းလှူရကျိုးပြ စိတ္တာသူကြွယ်ဝတ္ထု	–	၁၃၃
၁၁၂။	ဆွမ်းဦးလှူသူ	–	၁၄၀
၁၁၃။	စံနမူနာယူထိုက်သည့် အနာထပိဏ်	–	၁၄၅
၁၁၄။	ဘတ္တာဘတိကာ၏ ဆွမ်းအလှူ	–	၁၄၇
၁၁၅။	ဆွမ်းဒကာ မဟာဒုဂ်၏ လက်ငင်းအကျိုး	–	၁၅၁
၁၁၆။	ဆွမ်းလှူကျိုးပြ သုဘဒ္ဒါဝတ္ထု	–	၁၅၀
၁၁၇။	ဆွမ်းတစ်ကြိမ်လှူရကျိုးပြဝတ္ထု	–	၁၅၂
၁၁၈။	ဆံပင်ဖြတ်၍ ဆွမ်းဆက်ကပ်	–	၁၅၃
၁၁၉။	သမီးကိုရောင်းချွေဖြင့် ဆွမ်းလှူခြင်း	–	၁၅၄
၁၂၀။	မဟာဓနသေဋ္ဌေးဘွဲ့ရ မောင်ပုဏ္ဏ	–	၁၅၆
၁၂၁။	ဆန်တစ်စလယ်ချက်ဆွမ်းလှူခဲ့သောပတ္တောဒနမထေရ်ဝတ္ထု		၁၅၈
၁၂၂။	ယာဂုလှူသည့် ပုဏ္ဏား	–	၁၈၀
၁၂၃။	ထမင်းချိုးလှူ၍နတ်ပြည်ရောက်	–	၁၈၁
၁၂၄။	သင်္ကန်းလှူခြင်းအကျိုး	–	၁၈၃
၁၂၅။	အပ်စပ်သော သင်္ကန်း	–	၁၈၃
၁၂၆။	သင်္ကန်းကိုးထည်	–	၁၈၄
၁၂၇။	ဝိသာခါ၏သင်္ကန်းအလှူ	–	၁၈၄
၁၂၈။	ခေါမဒါယကထေရ်	–	၁၈၅
၁၂၉။	ဝတ္ထဒါယကထေရ်	–	၁၈၆
၁၃၀။	မဟာပရိဝါရကထေရ်	–	၁၈၆
၁၃၁။	ဒုဿဒါယကထေရ်	–	၁၈၇
၁၃၂။	အဇိနဒါယကထေရ်	–	၁၈၈

စဉ်	အကြောင်းအရာ			စာမျက်နှာ
၁၃၃။	ဝဏ္ဏကာရထေရ်	–	–	၁၈၈
၁၃၄။	ဧကဒုဿဒါယကထေရ်	–	–	၁၈၉
၁၃၅။	ကျောင်းကို ခွင့်ပြုတော်မူခြင်း		–	၁၉၀
၁၃၆။	ရာဇဂြိုဟ်သေဋ္ဌေး၏ကျောင်းအလှူ		–	၁၉၀
၁၃၇။	ကျောင်းလှူရကျိုး	–	–	၁၉၂
၁၃၈။	မိထွေးတော်ဂေါတမီ၏ဝါဆိုကျောင်းအလှူ		–	၁၉၃
၁၃၉။	ဧဇာဝန်ကျောင်းဒါယကာ		–	၁၉၅
၁၄၀။	အရေပြားရောဂါပျောက်စေသောကျောင်းအလှူ			၂၀၃
၁၄၁။	ပထမဦးဆုံး ကျောင်းအာရာမ်မြေလှူဒါန်းခြင်း			၂၀၇
၁၄၂။	ဆေးလှူရကျိုးများ	–	–	၂၀၈
၁၄၃။	ဂေါရသငါးမျိုးကို ခွင့်ပြုတော်မူခြင်း		–	၂၁၂
၁၄၄။	အလောင်းတော်သုရစိပုဏ္ဏား၏ဆေးအလှူ		–	၂၁၆
၁၄၅။	ထင်ရှားသောဆေးအလှူရှင်များ		–	၂၁၈
၁၄၆။	ဆေးလှူရကျိုးပြ ဗာကုလ		–	၂၁၉

အခန်း (၃)

၁၄၇။	ဒါနအမျိုးမျိုး	–	–	၂၂၇
၁၄၈။	နှစ်ပါးတွဲဒါနစုများ	–	–	၂၂၉
၁၄၉။	သုံးပါးတွဲဒါနစုများ	–	–	၂၄၁
၁၅၀။	လေးပါးတွဲဒါနစုများ	–	–	၂၄၅
၁၅၁။	ငါးပါးတွဲဒါနစုများ	–	–	၂၄၆
၁၅၂။	သပ္ပုရိသဒါန, အသပ္ပုရိသဒါန၏အကျိုး		–	၂၄၈
၁၅၃။	ခြောက်ပါးတွဲဒါနစုများ	–	–	၂၅၀

စဉ်	အကြောင်းအရာ			စာမျက်နှာ
၁၅၄။	ခုနစ်ပါး:တွဲဒါနစုများ	–	–	၂၅၁
၁၅၅။	ရှစ်ပါး:တွဲဒါနစုများ	–	–	၂၅၂
၁၅၆။	ကိုး:ပါး:တွဲဒါနစုများ	–	–	၂၅၆

အခန်း (၄)

၁၅၇။	အလှူဒါနအမျိုးမျိုး၏အကျိုးတရား:များ		–	၂၅၉
၁၅၈။	ဆွမ်း:လှူရကျိုး ၄-ပါး၊ ၅-ပါး:		–	၂၅၉
၁၅၉။	အဝတ်ပုဆိုး:လှူရကျိုး ၆-ပါး:		–	၂၅၉
၁၆၀။	ထီး:လှူရကျိုး ၈-ပါး:	–	–	၂၆၀
၁၆၁။	သပိတ်လှူရကျိုး ၈-ပါး:	–	–	၂၆၀
၁၆၂။	ပဲခွပ်လှူရကျိုး ၇-ပါး:	–	–	၂၆၁
၁၆၃။	အပ်လှူရကျိုး ၅-ပါး:	–	–	၂၆၂
၁၆၄။	ဓမကရိဏ်ရေစစ်လှူရကျိုး ၄-ပါး:		–	၂၆၂
၁၆၅။	ဆီကျည်တောက်၊ ဆီဖူးလှူရကျိုး ၅-ပါး:		–	၂၆၃
၁၆၆။	ခါး:ပန်း:ကြိုးလှူရကျိုး ၆-ပါး:		–	၂၆၃
၁၆၇။	သပိတ်ခြေလှူရကျိုး ၅-ပါး:		–	၂၆၄
၁၆၈။	အိုး:လှူရကျိုး ၅-ပါး:	–	–	၂၆၄
၁၆၉။	ဖိနပ်လှူရကျိုး ၄-ပါး:	–	–	၂၆၅
၁၇၀။	ဆီမီး:တိုင်လှူရကျိုး ၃-ပါး:		--	၂၆၆
၁၇၁။	ဖူး:နှင့်ကြိုတ်လှူရကျိုး ၅-ပါး:		–	၂၆၇
၁၇၂။	ထောပတ်ဆီလှူရကျိုး ၅-ပါး:		–	၂၆၈
၁၇၃။	ပျား:ရည်လှူရကျိုး ၁-ပါး:		–	၂၆၉
၁၇၄။	ထမင်း:အဖျော်လှူရကျိုး၁၀-ပါး:		–	၂၆၉

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၇၅။	အမွေးတိုင်အခိုးအလှဲလှူရကျိုး ၁၀-ပါး	-	၂၆၉
၁၇၆။	တံတားလှူရကျိုး ၁၀-ပါး	-	၂၇၀
၁၇၇။	ယာဂုလှူရကျိုး ၁၀-ပါး	-	၂၇၀
၁၇၈။	ဒါနပြုရာ၌ နမူနာယူဖွယ်ဝတ္ထုများ	-	၂၇၁
၁၇၉။	ပရိက္ခရာလှူရကျိုးပြ ပိလိန္ဒဝစ္ဆမထေရ်ဝတ္ထု-		၂၇၁
၁၈၀။	သပိတ်လှူရကျိုးပြဝတ္ထု -	-	၂၇၂
၁၈၁။	တံခွန်လှူရကျိုးပြဝတ္ထု -	-	၂၇၃
၁၈၂။	ဆီမီးလှူရကျိုးပြဝတ္ထု -	-	၂၇၄
၁၈၃။	ထီးလှူရကျိုးပြ တပုနိယမထေရ်ဝတ္ထု -		၂၇၄
၁၈၄။	အင်းပျဉ်လှူရကျိုးပြ ပိဋ္ဌဝိမာနဝတ္ထု -		၂၇၅
၁၈၅။	ပန်းလှူရကျိုးပြ ကုဋ္ဌရဝိမာနဝတ္ထု -		၂၇၆
၁၈၆။	ရေလှူရကျိုး -	-	၂၇၈
၁၈၇။	နံ့သာလှူရကျိုး -	-	၂၇၉
၁၈၈။	သစ်သီးလှူရကျိုး -	-	၂၇၉
၁၈၉။	တင်လဲလှူရကျိုး -	-	၂၈၀
၁၉၀။	ခါးပန်းကြိုးလှူရကျိုး -	-	၂၈၀
၁၉၁။	ယပ်တောင်လှူရကျိုး -	-	၂၈၁
၁၉၂။	ဖိနပ်လှူရကျိုး -	-	၂၈၂
၁၉၃။	ထန်းရွက်ယပ်လှူရကျိုး -	-	၂၈၂
၁၉၄။	ထီးလှူရကျိုး -	-	၂၈၃
၁၉၅။	ဆွမ်းအဖျော် သကာနှံ့လှူရကျိုး	-	၂၈၃
၁၉၆။	နှံ့ဆွမ်းလှူရကျိုး -	-	၂၈၄

စဉ်	အကြောင်းအရာ			စာမျက်နှာ
၁၉၇။	ပန်းလှူရကျိုး	–	–	၂၈၅
၁၉၈။	ရေလှူရကျိုး	–	–	၂၈၆
၁၉၉။	နှစ်သက်ဖွယ်	အဝတ်လှူရကျိုး	–	၂၈၇
၂၀၀။	ကြဲလှူရကျိုး	–	–	၂၈၈
၂၀၁။	ဆီမီးလှူရကျိုး	–	–	၂၈၉
၂၀၂။	ထာဝရဒါန (နေ့ညမပြတ် တိုးပွားနေသောကုသိုလ်)			၂၉၀
၂၀၃။	ထာဝရဒါန ၆-မျိုး	–	–	၂၉၀
၂၀၄။	သစ်ပင်ခုတ်လျှင် နတ်စိတ်ဆိုး	–	–	၂၉၁
၂၀၅။	သီးပွင့်ဥယျာဉ် အလှူရှင်-	–	–	၂၉၆
၂၀၆။	တံတားအလှူရှင်	–	–	၂၉၈
၂၀၇။	တံတားလှူရကျိုး	–	–	၂၉၉
၂၀၈။	သောက်ရေအလှူရှင်	–	–	၃၀၀
၂၀၉။	ဆည်မြောင်းတာတမံ ရေတွင်းရေကန်အလှူရှင်			၃၀၂
၂၁၀။	ဇရပ်၊ တံစောင်း၊ ဂူ၊ ကျောင်းအလှူရှင်	–	–	၃၀၃
၂၁၁။	မယားလိမ္မာ သုဓမ္မာ	–	–	၃၀၃
၂၁၂။	ဝေဇယန္တာဘုံနှုန်း	–	–	၃၀၅
၂၁၃။	ထာဝရဒါနရှင်များ၏ နောင်ဘဝ	–	–	၃၀၇

အခန်း (၆)

၂၁၄။ နိဗ္ဗာန်တောင့်တ မြတ်ဒါန – ၃၀၈
၂၁၅။ သေသူကိုနတ်ပြည်ရောက်အောင်
ဆုတောင်း ပေးနိုင်ပါသလား: – ၃၁၀
၂၁၆။ တောင်းသောဆုနှင့်တန်အောင်ပြု – ၃၁၁
၂၁၇။ ဆုတောင်းနှစ်မျိုး – – ၃၁၂
၂၁၈။ ဝဋ္ဋနိဿိတ (သံသရာလည်မည့် ဆုတောင်း) ၃၁၃
၂၁၉။ ဝိဝဋ္ဋနိဿိတ (သံသရာမလည်သည့် ဆုတောင်း) ၃၁၄
၂၂၀။ ဆုတောင်းလက်ာကြီး – – ၃၁၅
၂၂၁။ သော-ငါးချက်ဆုတောင်း – ၃၁၆
၂၂၂။ အကိတ္တိရသေ့၏ ဆုတောင်း – ၃၁၇
၂၂၃။ တိပိဋကဆရာတော်ကြီး၏ ဆုတောင်းလက်ာ ၃၁၉
၂၂၄။ ဆုတောင်းခြင်းအကြောင်း – ၃၂၀
၂၂၅။ အမျှဝေခြင်း – – ၃၂၁
၂၂၆။ ယမမင်းအား အမျှဝေ – – ၃၂၂
၂၂၇။ အမျှဝေ သဘောမှလွတ် – ၃၂၃
၂၂၈။ အမျှဝေလျှင် နတ်ချစ်ခင် – ၃၂၅
၂၂၉။ အမျှရ၍ပြိတ္တာဘဝမှလွတ်မြောက် – ၃၂၆
၂၃၀။ ရှေးရိုးစဉ်လာအမျှဝေ – – ၃၂၇
၂၃၁။ တိုက်တွန်းချက် – – ၃၃၀
၂၃၂။ ကံကဖန်ဆင်းပေးမည် – – ၃၃၂
၂၃၃။ ပါရမီအစ ဒါနက – – ၃၃၃
၂၃၄။ ဒါနအခြေခံသော ဗောဓိဆုသုံးပါး – ၃၃၃

အခန်း (၁)

ဒါနကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြတ်ဗုဒ္ဓဟောစဉ် (အနုပုဗ္ဗိကထာ)

သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရား၏ တရားဟောစဉ်ကို အနုပုဗ္ဗိကထာ (မြတ်ဗုဒ္ဓဟောစဉ်) ဟူ၍ ခေါ်ဆိုပေသည်၊ ထို အနုပုဗ္ဗိကထာ (မြတ်ဗုဒ္ဓ ဟောစဉ်) သည်လည်း ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာဟုလည်းကောင်း၊ တစ်နည်းအားဖြင့် ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မေ အာနိသံသကထာ ဟုလည်းကောင်း ကျမ်းဂန်တို့၌နှစ်မျိုး ပြဆိုထားပေသည်။ အနုပုဗ္ဗိကထာ (မြတ်ဗုဒ္ဓဟောစဉ်)တို့တွင် ဒါနကထာ ကိုသာ အဦးထား၍ ဟောကြားတော်မူခဲ့ပါသည်။ ဤကဲ့သို့ ဒါနကထာကို အဦးထား၍ ဟောကြားတော်မူခြင်းကို ထောက်ဆပါလျှင် ဒါနသည် သတ္တဝါတို့၏ သံသရာခရီးတွင် မည်မျှ အရေးကြီးသည်ဆိုသော အချက်ကို မှန်းဆနိုင်မည်ဖြစ်ပေသည်။

ဒါနဟူသည် ချမ်းသာတရားတို့၏ အကြောင်းရင်း၊ လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့၏အကြောင်းရင်းဖြစ်၏။ ခံစားသုံးဆောင်အပ်သည့် ဣဋ္ဌာရုံတို့၏ တည်ရာလည်းဖြစ်၏။ ပင်ပန်းဆင်းရဲခြင်းသို့ ရောက်နေသူတို့ကို စောင့်ရှောက်တတ်သောကြောင့် ထိုပင်ပန်းဆင်းရဲခြင်းသို့ ရောက်နေသော သူတို့၏ ပုန်းအောင်းလဲလျောင်းရာ မိုခိုရာလည်း ဖြစ်၏ဟု သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာပဒါနသုတ်၌ ဖွင့်ပြတော်မူ၏။

ယခုဘဝ နောက်ဘဝတို့အတွက် ဒါနနှင့်တူသည့် မှီရာ၊ တည်ရာ၊ အားထားကိုးကွယ်ရာ၊ ပုန်းအောင်းလဲလျောင်းရာ၊ မှီတွယ်ဆွဲကိုင်ရာမရှိပါ။ ဤဒါနသည် ကေသရာဇာခြင်္သေ့မင်း ခိုအောင်းရာ ရတနာအပေါင်းတို့ဖြင့်

ပြီးသည့် ရွှေဂူနှင့်တူ၏၊ ထောက်ရာ တည်ရာဖြစ်သည့်အတွက် မဟာပထဝီ မြေကြီးနှင့်တူ၏၊ ဆွဲကိုင်မှီတွယ်ရာဖြစ်သည့်အတွက် ကြိုးတန်းသဖွယ်လည်းဖြစ်၏၊ အပါယ်ဆင်းရဲတည်းဟူသော ဝဲဩဃမှ ထုတ်နုတ်ကယ်တင်တတ်သောကြောင့် လှေဖေါင်နှင့်လည်းတူ၏၊ အားကိုးရာကို ရစေတတ်သောကြောင့် စစ်မြေပြင်မှာ ရဲရင့်သော စစ်သူရဲနှင့်လည်းတူ၏၊ ဘေးအန္တရာယ်ကို တားမြစ်တတ်သည့် အတွက်ကြောင့် ကျုံးမြောင်းတို့ဖြင့် ဆောက်လုပ်ထား၊သည့် မြို့ကြီးနှင့်လည်းတူ၏၊ ဝန်တိုခြင်း မစ္ဆရိယတရား စသည့် အညစ်အကြေးများ မလိမ်းကျံသည့်အတွက်ကြောင့် ပဒုမ္မာကြာနှင့်လည်းတူ၏၊ မစ္ဆရိယစသည့်အမိုက်များကို လောင်ကျွမ်းစေတတ်သည့် အတွက်ကြောင့် မီးနှင့်လည်းတူပါ၏။

ထို့အပြင် ဒါနဟူသည် ထိတ်လန့်ခြင်းကင်းသောကြောင့် ခြင်္သေ့မင်းနှင့်လည်းကောင်း၊ ခွန်အားကြီးမားသောကြောင့် ဆင်မင်းနှင့်လည်းကောင်း စီးပွားများကြောင်း မင်္ဂလာဟု လွန်စွာသမုတ်အပ်သောကြောင့် ကိုယ်လုံးဖြူသော နွားလားဥသဘနှင့် လည်းကောင်း၊ ဘေးကင်းရာဖြစ်သည့် သုဂတိဘုံနှင့် နိဗ္ဗာန်သို့ရောက်စေတတ်သည့်အတွက် ကောင်းကင်၌ ပျံသန်းနိုင်သော ဝလာဟက နတ်မြင်းပျံနှင့် လည်းကောင်း တူ၏ဟု အဋ္ဌကထာဆရာတို့ ဥပမာပြုကြပေသည်။

ဒါနသည် စကြဝဠတေးမင်းစည်းစိမ်၊ သိကြားမင်းစည်းစိမ်၊ မာရ်နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ် စသည့် လောကီစည်းစိမ်ချမ်းသာတို့ကိုပေး၏၊ သာဝကပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ်ဟုဆိုအပ်သော လောကုတ္တရာ ဉာဏ်တို့ကိုလည်း ပေး၏။

“ ဒါနနည်းတော့ မွဲတတ်သည် ” ဆိုသည့်အတိုင်း ဒါနမပါလျှင် သံသရာဘဝတစ်လျှောက် အောက်တန်းစားဖြစ်လိမ့်မည်၊ အောက်တန်းစားဆိုသည်မှာ ပစ္စည်းဥစ္စာအားဖြင့် အောက်တန်းကျသည်ကိုသာ ဆိုလိုသည်မဟုတ်၊ စိတ်ဓာတ်အားဖြင့်လည်း အောက်တန်းကျသည်ကို ဆိုလိုပေသည်။ စိတ်ဓာတ်အနေအားဖြင့် အောက်တန်းကျလာပြီဆိုပါလျှင် မည်သည့်အခါမျှ

သံသရာဝဲဂယက်မှ လွှဲထွက်နိုင်တော့မည် မဟုတ်ပေ၊ ထို့ကြောင့် ဘုရားရှင်တို့သည် သတ္တဝါများသက်သာရာ ရစေရန်နှင့် သံသရာဝဲဂယက်မှ လွှဲထွက်နိုင်ရန်အလို့ငှါ ကြီးမြတ်သော မဟာကရုဏာတော်ဖြင့် မြော်ကြည့်တော်မူပြီး ဒါနကထာကို အရင်းအစထား၍ ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါ၏။

ဒါနပုဒ်တစ်ချက် အနက်အထွေထွေ

ဒါနပုဒ်သည် (၁၇)ပါးသောအနက်များကို ဟောပါသည် –

၁။ ပေးကမ်းခြင်း (ဒါနဥပါယ်)
၂။ သုတ်သင်ခြင်း
၃။ စောင့်ရှောက်ခြင်း
၄။ ပိုင်းဖြတ်ခြင်း
၅။ ရိုတ်ဖြတ်ခြင်း
၆။ ကံ၏အကျိုးကိုယုံကြည်၍ ပေးလှူအပ်သောအလှူ ဝတ္ထု
၇။ ပေးကမ်းလှူဒါန်းစွန့်ကြဲကြောင်းဖြစ်သော စေတနာ
၈။ ဒါနပါရမီ (ပါရမီမြောက်သော အလှူပေးမှု)
၉။ ပိုင်းဖြတ်တတ်သော ဝိရတီစေတသိက်
၁၀။ ရိုတ်ဖြတ်တတ်သော ဝိရတီစေတသိက်
၁၁။ ဥဒ္ဒါနဂါထာ
၁၂။ သုတ်သင်စင်ကြယ်စေတတ်သော ဂါထာစသည်။
၁၃။ ဘေးရန်မှ စောင့်ရှောက်တတ်သော **သီလ**စေတနာ
၁၄။ ပေးလှူရာအခါသမယ
၁၅။ ဆင်မုန်ရည်
၁၆။ စင်ကြယ်ခြင်း
၁၇။ ကုန်ခန်းပျက်စီးခြင်း။

ယင်း ပေးကမ်းခြင်းမှာ –

(က) အလှူပေးခြင်း

(ခ) ပူဇော်ခြင်း

(ဂ) ချီးမြှောက်ထောက်ပံ့ခြင်း

(ဃ) စွန့်ကြဲခြင်း ဟုလေးမျိုးရှိ၏

ဒါနပုဒ်၏လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်

ဒါနသည် –

၁။ အလှူဝတ္ထုကို ပေးစွန့်ခြင်းလက္ခဏာရှိ၏။

၂။ အလှူဝတ္ထုဌဲ့ တပ်မက်ခြင်း လောဘကို ဖျက်ဆီးခြင်း ကိစ္စရသရှိ၏။

၃။ အလှူဝတ္ထုဌဲ့ မကပ်ငြိ မတွယ်တာခြင်းဟု ထင်မြင်လာ၏ သို့မဟုတ် ဘဝစည်းစိမ်တို့၏ ပြည့်စုံရခြင်း အကျိုးရှိ၏။

၄။ အလှူဝတ္ထုပစ္စည်းစုလျှင် နီးစွာသောအကြောင်း တရားရှိ၏။

(စရိယာ၊ ဋ္ဌ၊ ၂၇၃၊)

ဒါန၏ အခြားအမည်များ

ယင်းဒါနသည် –

၁။ ဆောက်တည်အပ် ကျင့်အပ်သောကြောင့် ဝတ မည်၏။

၂။ ပညာရှိတို့ ပညတ်ထားအပ်သည်ဖြစ်၍ မြတ်သောအကျင့်၊ ဘုရား အစရှိသော မြတ်သောသူတို့၏ အကျင့်ဖြစ်သောကြောင့် ဇုဟ္မစရိယ လည်း မည်၏။

၃။ သတ္တဝါတို့အား ဘေးမဲ့ပေးကြောင်း ဖြစ်သောကြောင့် လည်းကောင်း၊ အကြွင်းမဲ့ သတ္တဝါအပေါင်းကို စောင့်ရှောက်ကြောင်း ဖြစ်သောကြောင့် လည်းကောင်း သီလလည်းမည်၏။

၄။ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ လောကီစည်းစိမ်ချမ်းသာနှင့် ဈာန် ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန်ဟူသော လောကုတ္တရာချမ်းသာကို ပေးတတ်သော အပ်နှင်းတတ်သောကြောင့် နိဒါနလည်းမည်၏။

၅။ လူ့စည်းစိမ် နတ်စည်းစိမ်တို့၏ အခြေခံအကြောင်းရင်းဖြစ်သောကြောင့် မူလလည်းမည်၏။

၆။ သုံးဆောင်ခံစားအပ်သော နှစ်သက်ဖွယ်အာရုံတို့ကို မှီ၍ ဖြစ်ပေါ်လာသော ချမ်းသာတို့၏ တည်နေရာ ခိုင်မာသော ဌာနဖြစ်သောကြောင့် ပတိဋ္ဌာလည်း မည်၏။

၇။ တစ်စုံတစ်ရာ အခက်အခဲ အကြပ်အတည်းနှင့် တွေ့ကြုံဆုံစည်းနေသူတို့၏ အကာအကွယ် အစောင့်အရှောက်၊ အထောက်အကူဖြစ်၍၊ မိုဃိုရာ (တာဏ)၊ လားရာ(ဂတိ)၊ ကိုးကွယ်လဲလျောင်းရာ (ပရာယဏ) ပုန်းအောင်းရာ (လေဏ)လည်းမည်၏။

၈။ သတ္တဝါတို့၏ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ တိုးတက်ကြီးပွားကြောင်းဖြစ်သောကြောင့် ဒက္ခိဏာလည်းမည်၏။

၉။ ပူဇော်အပ် ပူဇော်ကြောင်း ဖြစ်သောကြောင့် ယဉ်, ယာဂ လည်းမည်၏။

ဒါန၏ သဘောတရား

ဒါနဟူသည် အလှူခံပုဂ္ဂိုလ်တို့၏ အစီးအပွားကို အလိုရှိခြင်း၊ ပူဇော်သောအားဖြင့် မိမိပစ္စည်းဝတ္ထုကို အလှူခံပုဂ္ဂိုလ်တို့အား စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်းပင်ဖြစ်၏။

(သာရတ္ထ၊ ၃၊ ၁၉၃။ ဒီ၊ ဋီ၊ ၂၊ ၆၈။ မ၊ ဋီ၊ ၃၊ ၃၇။ အံ၊ ဋီ၊ ၃၊ ၂၂၁။)

ဒါနဟူသည် – သတ္တဝါတို့အား ဘေးမဲ့ပေးခြင်း၊ သတ္တဝါတို့၏ အသက်စည်းစိမ်အိုးအိမ်ကို သတ်ဖြတ် လုယက်ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ဘေးရန်အမျိုးမျိုးမှ ကာကွယ် စောင့်ရှောက်ခြင်းပင်ဖြစ်၏။

(စရိယာ၊ ဋ္ဌ၊ ၂၉၇။)

ဒါန ဥပမာ အဖြာဖြာ

၁။ ဒါနသည် သတ္တဝါတို့၏ အားထားမှီခိုရာဖြစ်သောကြောင့် သီဟာသန ရာဇပလ္လင်ကြီးနှင့် တူ၏။

၂။ ရောက်လေရာရာ ဖြစ်လေရာရာ ဘဝတို့၌ ထောက်တည်ရာကို ရစေ တတ်သောကြောင့် မဟာပထဝီမြေကြီးနှင့် တူ၏။

၃။ သတ္တဝါတို့သည် မြဲမြံတင်းကြပ်စွာ စွဲကိုင်အပ်သော တရားဖြစ်၍ အာလမ္ဗဏရဇ္ဇု လက်ကသုံးကြိုးတန်းနှင့် တူ၏။

၄။ ဒုဂ္ဂတိဘဝ ဆင်းရဲ ဒုက္ခအမျိုးမျိုးမှ ထုတ်ဆယ် ကယ်တင်တတ်သော တရား ဖြစ်သောကြောင့် နာဝါ လှေသဘော်နှင့် တူ၏။

၅။ လိုချင်တပ်မက်မှု လောဘ, နှမြောဝန်တိုမှုမစ္ဆရိယ စသော ဆန့်ကျင်ဘက် ရန်သူဘေးမှ သက်သာရာကို ရစေတတ်သော တရားဖြစ်၍ သင်္ဂါမသူရ စစ်မြေပြင်ရောက် စစ်သူရဲကောင်းနှင့် တူ၏။

၆။ ဆင်းရဲနွမ်းပါး ဥစ္စာရွှားပါးခြင်း ဘေးရန်မှ စောင့်ရှောက်ကာကွယ် တတ်သောကြောင့် သုသဒ်္ဓတနဂရ ကောင်းစွာ တည်ဆောက်အပ်သော မင်းနေပြည်တော်နှင့် တူ၏။

၇။ နှမြောဝန်တိုမှု မစ္ဆရိယ၊ မိမိပစ္စည်းကို တပ်မက်မှု လောဘ၊ အလှူခံပုဂ္ဂိုလ်နှင့် သတ္တဝါသင်္ခါရတို့၌ အမျက်ထွက်မှု ဒေါသ၊ သူတစ်ပါး စည်းစိမ်ကို ငြူစူမှု ဣဿာ၊ ပြစ်မှားမှု မိစ္ဆာဒိဋ္ဌိ၊ တွေးတောယုံမှားမှု ဝိစိကိစ္ဆာစသော စိတ်၏အညစ်အကြေးတို့ မလိမ်းကျံ မကပ်ငြိနိုင်သော တရားဖြစ်၍ ပဒုမ = ပဒုမကြာပန်းနှင့် တူ၏။

၈။ ကိလေသာ လောင်စာအမှိုက်တို့ကို လောင်မြိုက်တတ်သော တရားဖြစ်၍ အဂ္ဂိ=မီးနှင့် တူ၏။

၉။ သဒ္ဓါနည်းပါး၍ မစ္ဆရိယများသူတို့ ချဉ်းကပ်နိုင်ခဲသော တရားဖြစ်၍ အာသီဝိသ=အဆိပ်ထန်သော မြွေနှင့် တူ၏။

၁၀။ ယခု နောင်ခါနှစ်ဖြာသော ဘဝတို့၌ ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကင်း ရဲတင်းသော တရားဖြစ်၍ သီဟ=ခြင်္သေ့မင်းနှင့် တူ၏။

၁၁။ ဒါနပြုသူကို ယခုဘဝ၌ ခြွေရံသင်းပင်းနှင့် ပြည့်စုံစေ၍ နောင်တမလွန် ဘဝ၌ သူတပါးတို့ထက် စွမ်းအား သာလွန်ကောင်းမွန်စေတတ်သော တရားဖြစ်၍ ဟတ္ထိ=ဆင်ပြောင်ကြီးနှင့် တူ၏။

၁၂။ ယခုဘဝ နောင်ဘဝ နှစ်ဖြာသောဘဝတို့၌ တိုးတက်ကြီးပွားကြောင်း ကောင်းမြတ်သော မင်္ဂလာဟု ဘုရားရှင်တို့ သမုတ်အပ်သောတရား ဖြစ်၍ သေတဉ္ဉသဘ = ငွေတောင်အတူ ကိုယ်လုံးဖြူသော နွားလား ဉာသဘနှင့် တူ၏။

၁၃။ ဘေးရန်ထူလှ ဒုဂ္ဂတိဘဝမှ ဘေးရန်ကုန်ခန်း ငြိမ်းချမ်းသာယာသော သုဂတိဘဝသို့ ပို့ဆောင်တတ်သောတရားဖြစ်၍ ဝလာဟကအဿ ရာဇာ=မြင်းပျံရတနာနှင့်တူ၏။

၁၄။ အလ္ကာရှင်သည် သိမ့်သိမ်းထားအပ်သောကြောင့် နိဟိတဘဏ္ဍက=ဥစ္စာ ထုပ်နှင့်တူ၏။

အလ္ကာလေးမှာ အင်္ဂါ ၃-ဖြာ

အလ္ကာပေးပုဂ္ဂိုလ်မှာ အောက်ဖေါ်ပြပါ ဂုဏ်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံရန် လိုအပ်၏-

၁။ မလ္ကာမိရှေ့အဖို့၌ လ္ကာဖွယ်ဝတ္ထုတို့ကို စုဆောင်းရာဖွေရာ အခါမှစ၍ "ငါသည် လောကီလောကုတ္တရာ များစွာသော စည်းစိမ်တို့၏ အကြောင်းဖြစ်သော အနုဂါမိက(ဘဝစဉ်ဆက်လိုက်တတ်သော) အလ္ကာမျိုးကို လ္ကာရတော့မည်" ဟု ဝမ်းမြောက်ခြင်းဟူသော ပဗ္ဗစေတနာ စင်ကြယ်မှု။

၂။ လ္ကာဖွယ်ဝတ္ထုပစ္စည်းစုကို အလ္ကာခံပုဂ္ဂိုလ်၏ လက်သို့ထည့်၍ စွန့်လွှတ် လ္ကာဒါန်းကာ "အနှစ်သာရမရှိသော ပစ္စည်းဥစ္စာမှအနှစ်သာရရှိသော ကုသိုလ်မျိုးစေ့ကို ထုတ်ယူနေပါသည်တကား" ဟု စိတ် ကြည်လင် ရွှင်လန်းခြင်းဟူသော မုဉ္စစေတနာစင်ကြယ်မှု။

၃။ ပေးလ္ကာပြီးနောက် "ငါသည် ပညာရှိတို့ ချီးမွမ်းအပ်သော လ္ကာဒါန်း ပေးကမ်းမှုကိုအတုလိုက်၍ ပြုလုပ်ရပေပြီ၊ ကောင်းလေစွ" ဟု အဖန်ဖန် အထပ်ထပ် အောက်မေ့ အမှတ်ရကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းဟူသော **အပရစေတနာ** စင်ကြယ်မှု -

အလ္လခံမှာ အင်္ဂါ ၃-ဖြာ

အလ္လခံပုဂ္ဂိုလ်မှာ အောက်ဖော်ပြပါ ဂုဏ်အင်္ဂါ ၃-ပါးနှင့် ပြည့်စုံရန် လိုအပ်၏ -

၁။ ရာဂကင်းမှု သို့မဟုတ် ရာဂကင်းရန် အားထုတ်ကျင့်ကြံမှု။
၂။ ဒေါသကင်းမှု၊ သို့မဟုတ် ဒေါသကင်းရန် အားထုတ်ကျင့်ကြံမှု၊
၃။ မောဟကင်းမှု သို့မဟုတ် မောဟကင်းရန် အားထုတ်ကျင့်ကြံမှု၊

ဒါနမြောက်ရန် အင်္ဂါ ၄-ချက်

အလ္လဒါနမြောက်ရန် အောက်ဖော်ပြပါ အချက် ၄-ချက်လိုအပ်သည် -

၁။ အလ္လပေးသူ
၂။ အလ္လခံပုဂ္ဂိုလ်
၃။ လျှဖွယ်ဝတ္ထုပစ္စည်း
၄။ လျှကြောင်းစေတနာ - (ပေတ၊ ၁၂၇။ ပေတ၊ ၄၊ ၇။)

ဒါနပြုခြင်း၏ အကြောင်း ၈-ပါး

ဒါနပြုရာ၌ ပဌမဒါနသုတ်အရ အခြေခံအကြောင်းတရား ၈-ပါးရှိ၏

၁။ မိမိထံ အလ္လခံရောက်လာသောကြောင့် ပေးလှူခြင်း၊
၂။ သူတစ်ပါး ကဲ့ရဲ့မှုကို ကြောက်သဖြင့် လည်းကောင်း၊ အပါယ်ဘေးကို ကြောက်သဖြင့် လည်းကောင်း ပေးလှူခြင်း၊
၃။ မိမိအား ပေးခဲ့ဖူးသော ကျေးဇူးကို အောက်မေ့၍ ပေးလှူခြင်း၊
၄။ မိမိအား တစ်ချိန်တွင်ပြန်၍ ပေးလှူလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ပေးလှူခြင်း၊
၅။ ဘုရားအစရှိကုန်သော သူတော်ကောင်းပညာရှိတို့သည် ဒါနကို ကောင်း၏ ဟု ချီးမွမ်းကြသဖြင့် ပေးလှူခြင်း၊

၆။ မိမိသည် ချက်ပြုတ်၍ စားသောက်၏၊ ထိုသူသည် ချက်ပြုတ်၍ မစားချေ၊ သို့အတွက် ငါသည် ထိုသူအား ပေးမှသင့်မည် ဟူသော အသိဖြင့် ပေးလှူခြင်း၊

၇။ လှူလျှင် ကောင်းသောသတင်း ကျော်စောခြင်းဖြစ်မှာပဲ ဟူသော အမြော်အမြင်ဖြင့် ပေးလှူခြင်း၊

၈။ သမထ ဝိပဿနာစိတ်၏ အဆင်တန်ဆာ အခြံအရံအဖြစ် ပေးလှူခြင်း၊ (အံ၊ ၆၈။)

ဒုတိယ ဒါနသုတ်အရ ဒါနပြုခြင်း၏ အခြေခံအကြောင်း ၈-ပါးရှိ၏ –

၁။ အလှူခံပုဂ္ဂိုလ်အား ချစ်ခင်မြတ်နိုးသဖြင့် ပေးလှူခြင်း၊

၂။ အမျက်ထွက်သဖြင့် ပေးလှူခြင်း၊

၃။ မိုက်မဲ တွေဝေသဖြင့် ပေးလှူခြင်း၊

၄။ သူတစ်ပါးကဲ့ရဲ့မည့်ဘေးနှင့် အပါယ်ဘေးကိုကြောက်၍ ပေးလှူခြင်း၊

၅။ ငါတို့၏ မိဘဘိုးဘွား အဆက်အနွယ်တို့သည် ပေးလှူကြ၏၊ ငါသည်မလှူဘဲနေ၍ မသင့်လျော်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊

၆။ လှူလျှင် နတ်ပြည်ရောက်မှာပဲ ဟူသော ယုံကြည်မှုဖြင့် ပေးလှူခြင်း၊

၇။ လှူလျှင် ကြည်လင်သော စိတ်, နှစ်သက်သော စိတ်ဖြစ်မှာပဲဟု အောက်မေ့၍ ပေးလှူခြင်း၊

၈။ သမထ ဝိပဿနာစိတ်၏ အဆင်တန်ဆာ အခြံအရံအဖြစ် ပေးလှူခြင်း၊ (အံ၊ ၆၉။)

အထက်ပါ နှစ်သုတ်အရ အမှတ် ၈-ဒါနမျိုး လှူခြင်းမျိုးသည်သာ အမြတ်ဆုံးဖြစ်သောကြောင့် အလှူရှင် ပုဂ္ဂိုလ်တိုင်းသည် သမထဝိပဿနာ စိတ်၏ အဆင်တန်ဆာ အခြံအရံအဖြစ်ဖြင့် နှလုံးသွင်းမှန်စွာ ဒါနပြုသင့်ကြပေသည်။

အင်္ဂါ (၄) ပါးနှင့်အညီ လှူရမည်

ဒါနရှင် အလှူရှင်တို့သည် ကုသိုလ်ကောင်းမှု အလှူဒါန ပြုလုပ်ကြရာ၌ ဝေလာမသုတ္တန်တရားတော်လာသည့်အတိုင်း ကုသိုလ်ကောင်းမှု ပြုကြရပါမည်၊ အလှူဒါန ပြုလုပ်သည့်အခါ အလှူဝတ္ထုယုတ်ညံ့သည်ဖြစ်စေ, မွန်မြတ်သည် ဖြစ်စေ, နည်းသည်ဖြစ်စေ, များသည်ဖြစ်စေ

၁။ ရိုရိုသေသေ လှူရမည် (မရိုမသေ မလှူရ)
၂။ စိတ်ပါဝင်စားစွာ လှူရမည် (စိတ်မဝင်စားဘဲ မလှူရ)
၃။ မိမိလက်ဖြင့် ကိုယ်တိုင် သာဟတ္ထိကဒါနမြောက် လှူရမည် (တဆင့်စေခိုင်းခြင်းမပြုရ)
၄။ ကဲ့ ကဲ့၏ အကျိုးကို ယုံကြည်၍ လှူရမည် (မယုံမကြည် မလှူရ)

အထက်ပါ အင်္ဂါ (၄)ပါးနှင့်အညီ လှူဒါန်းမှသာ ဖြစ်လေရာ ဘဝတို့၌ ပစ္စည်းဥစ္စာ ပေါများပါမည်၊ မွန်မြတ်သည့်အစား:အစာ, အဝတ်, ယာဉ် စသည်တို့ကို သုံးဆောင်ရပါမည်၊ ဇနီး သား:သမီး ကျေးကျွန်တို့အပေါ် သြဇာအာဏာညောင်းခြင်း အကျိုးများရှိပါမည်။

ဖော်ပြပါ အင်္ဂါ (၄)ပါးနှင့်အညီ မလှူဒါန်းလျှင် ဖြစ်လေရာ ဘဝသံသရာတို့၌ ပစ္စည်းဥစ္စာ ပေါကြွယ်ဝသော်လည်း ထိုပစ္စည်းများမှ မွန်မြတ်သော အစား:အစာစသည်ကို စား:သုံး:လိုစိတ် မရှိသည့်အပြင် သြဇာ အာဏာလည်း မရှိပေ။ ထို့ကြောင့် ဖော်ပြပါ အင်္ဂါ (၄)ပါးနှင့် အညီ လှူဒါန်းရပါမည်။

သပ္ပုရိသဒါန (၅) ပါး

ပေးလှူခြင်းသည် မင်္ဂလာတရား ၃၈-ပါးတွင် ပါဝင်သည့် ဒါနမင်္ဂလာလည်း ဖြစ်ပါသည်၊ ယင်းသို့ ပေးလှူသည့်အခါ ပေးလှူသူ အလှူရှင်ကောင်းမှုရှင်သည် သပ္ပုရိသဒါနသုတ်လာ အင်္ဂါ (၅) ပါးနှင့် ညီညွတ်စွာ ပေးလှူဒါနပြုရပါမည်။ သပ္ပုရိသဒါနသုတ်အရ ဘုရားလောင်း အစရှိသော သူတော်ကောင်းတို့ လှူဒါန်းလေ့ရှိကြသော အင်္ဂါ (၅) ပါးတို့မှာ အောက်ပါအတိုင်းဖြစ်သည် –

၁။ ယုံကြည်သဖြင့် လှူဒါန်းခြင်း၊
၂။ ရိုသေစွာ လှူဒါန်းခြင်း၊
၃။ အချိန်အခါကာလကိုသိ၍ လှူဒါန်းခြင်း၊
၄။ မငြိမတွယ် လွတ်လွတ် လှူဒါန်းခြင်း၊
၅။ မိမိသူတစ်ပါး နှစ်ဦးသားကို မထိပါးအောင် လှူဒါန်းခြင်း။

ယုံကြည်သဖြင့်သာ လှူဒါန်းပါ

ကောင်းသည့် မျိုးစေ့ကို စိုက်ပျိုးလျှင် ကောင်းမွန်သည့် အသီးများသီးလာသကဲ့သို့ ကောင်းသောကုသိုလ် အလှူကိုပြုလျှင် ကောင်းသော လူနတ်နိဗ္ဗာန် သုံးတန်သော အကျိုးတရားများ ချမ်းသာသုခများကို ရရှိခံစားကြရပါမည်။

မကောင်းသည့် မျိုးစေ့ကို စိုက်ပျိုးလျှင် မကောင်းသည့် အသီးများသီးလာသကဲ့သို့ မကောင်းသောအကုသိုလ် အမှုကိုပြုလျှင် မကောင်းသော အပါယ်စသည့် ဒုဂ္ဂတိအကျိုးတရားများကို ရရှိခံစားကြရပါမည်။ ယင်းသို့ ကောင်းမှု မကောင်းမှု ကောင်းကျိုး မကောင်းကျိုးတို့ကို စူးစမ်းဆင်ခြင်၍ မကောင်းမှုကိုရှောင် ကောင်းမှုကိုဆောင်ပြီး ပြုလုပ်ကြရပါမည်။

ယင်းသို့ က် က်၏ အကျိုးကို ယုံကြည်၍ လှူဒါန်းမှုပြုသော ဒါနရှင်သည် လှူဒါန်းရခြင်းကြောင့် ဖြစ်လေရာ ဘဝသံသရာဝယ် လူ့ပြည်နတ်ရပ် သုဂတိ ဘုံဌာနတို့၌ ကြွယ်ဝချမ်းသာ ဥစ္စာများမြောင်အသုံးအဆောင်ပေါများရခြင်းနှင့် ပြည့်စုံနိုင်ပါသည်။ က် က်၏ အကျိုးကို ယုံကြည်ခြင်းကြောင့် ရှုချင်စဖွယ် လွန်တင့်တယ်၍ တကယ်လှပမွန်မြတ်လှသည့် ရုပ်အဆင်းအင်္ဂါနှင့် ပြည့်စုံသည့်အပြင်. စိတ်၏ကြည်လင်သန့်ရှင်းခြင်းနှင့်လည်း ပြည့်စုံသော အကျိုးတရားများကိုလည်း ရရှိခံစားကြရပါမည်။ ထို့ကြောင့် အလှူရှင်သည် ယုံကြည်သဖြင့် လှူဒါန်းကြရမည်ဖြစ်ပါသည်။

ရိုရိုသေသေ လှူဒါန်းလေ

အလှူရှင်သည် လှူဖွယ်ဝတ္ထုကို လှူဒါန်းသည့်အခါ အလှူခံပုဂ္ဂိုလ်ကို ရိုရိုသေသေ လေးလေးစားစား ဂါရဝတရားများဖြင့် လှူဒါန်းရပါမည်။ လှူဖွယ်ပစ္စည်းဝတ္ထုကိုလည်း သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ပြုလုပ်ပြီး လှူဒါန်းရပါမည်။

ယင်းသို့ ရိုသေသန့်ရှင်းစွာ လှူဒါန်းခြင်းကြောင့်ဖြစ်လေရာ ဘဝသံသရာတို့၌ လူ့ဘုံနတ်ဘုံ သုဂတိဘုံတို့၌ဖြစ်ကြပြီး ကြွယ်ဝချမ်းသာဥစ္စာများမြောင်အသုံးအဆောင်များနှင့် ပြည့်စုံကြ၍ အခွေအရံအစေအပါး ဇနီး၊ မယား၊ သမီးသားများပါမကျန် လက်အောက်ငယ်သားများအပေါ် သြဇာအာဏာတည်ခြင်း, မိမိစကားကိုလည်း ပြန်လှန်ဝေဖန်ခြင်းမရှိဘဲ ပြောသမျှ အကောင်းထင်ကာ လိုက်နာခြင်းအကျိုးတရားတို့ကိုရပါသည်၊ ထိုကြောင့် အလှူရှင်သည် လှူဖွယ်ဝတ္ထုကို အလှူခံပုဂ္ဂိုလ်အား ရိုသေစွာ လှူဒါန်းရပါမည်။

အချိန်ကိုသိ လှူဒါန်းဘိ

အလှူရှင်သည် ဒါနဝတ္ထုလှူသည့်အခါ အချိန်ကာလကို သိ၍ လှူဒါန်းရပါမည်၊ ဆွမ်းခဖွယ်ဘောဇဉ်စားသုံးရမည့် နံနက်အချိန်၌ ဆွမ်းခဖွယ်ဘောဇဉ်တို့ဖြင့် လှူဒါန်းရပါမည်၊ မွန်းလွဲအချိန်၌ အဖျော်ယမကာ စတုမဓုတို့ဖြင့် လှူဒါန်းရပါမည်၊ ဝါဆိုချိန်၌ ဝါဆိုသင်္ကန်းကိုလည်းကောင်း၊ ကထိန်အချိန်၌ ကထိန်သင်္ကန်းကိုလည်းကောင်း လှူဒါန်းရပါမည်၊ မည်သည့်အချိန်မဆို လိုအပ်သည့်အချိန်၌ သင့်လျော်သည့် လိုအပ်သည့် ပစ္စည်းဝတ္ထုကို အပ်စပ်အောင် လှူဒါန်းရပါမည်၊ ယင်းသို့လှူဒါန်းသည့်အတွက်ကြောင့် ဖြစ်လေရာ ဘဝသံသရာဝယ် သုဂတိဘဝတို့၌ ကြွယ်ဝချမ်းသာ ဥစ္စာများမြောင် အသုံးအဆောင် ပစ္စည်းများ ပေါများပါသည်။ ထိုကြောင့် အလှူရှင်သည် အချိန်ကာလကိုသိ၍ လှူဒါန်းရမည် ဖြစ်ပါသည်။

မတွယ်မတာ လှူဒါန်းပါ

အလှူရှင်သည် လှူဒါန်းပေးကမ်းသည့်အခါ လှူဒါန်းပေးကမ်းသော ဒါနဝတ္ထုအပေါ် ငြိကပ်တွယ်တာခြင်း မရှိဘဲ စေတနာသုံးခု ပြဋ္ဌာန်းမှုဖြင့်

မုတ္တာစာကို လွတ်လွတ်လွှဲဒါန်းပေးကမ်းရပါမည်၊ ယင်းသို့ လွှဲဒါန်းပေးကမ်းခြင်းကြောင့် ဖြစ်လေရာဘဝသံသရာတို့တွင် သုဂတိဘုံဌဲ့ဖြစ်၍ ကြွယ်ဝချမ်းသာ ဥစ္စာများများစားစား အသုံးအဆောင်ပေါများပါသည်။ ယင်းသို့ လွှဲဒါန်းပေးကမ်းခြင်းကြောင့် မိမိပိုင် ပစ္စည်းတို့ကို သုံးဆောင်နိုင်ခြင်း၊ အဝတ်ကောင်း အိမ်ကောင်း, အသုံးအဆောင်ကောင်းတို့ကိုလည်း ဝတ်ရ၊ နေရ၊ သုံးဆောင်ရခြင်း အကျိုးရှိ၏၊ အလှူရှင်သည် မိမိလှူဒါန်းသည့် ပစ္စည်းအပေါ်၌ တွယ်တာမှုကို ရှင်းရှင်းကြီး ဖြတ်၍ လှူဒါန်းရမည် ဖြစ်ပါသည်။

မိမိသူတစ်ပါး မထိပါးအောင် ကြဆောင်လှူဒါန်းပါ

အလှူရှင်သည် လှူဒါန်းပေးကမ်းသည့်အခါ ငါသာလှူနိုင်တယ်၊ သူတစ်ပါးမလှူနိုင်ဘူးဟု မိမိကိုယ်ကို မြှင့်တင်ခြင်း အတ္တုက္ကံသန၊ သူတစ်ပါးကို နှိမ့်ချခြင်း ပရဝမ္ဘန တို့မှ ကင်းလွတ်၍လည်းကောင်း၊ မိမိ၏အလှူဒါနကြောင့် ပါဏာတိပါတ စသော ဒုစရိုက်မှုမျိုးမှ ကင်းလွတ်၍ လည်းကောင်း လှူဒါန်းသောအလှူသည်သာ မိမိသူတစ်ပါးနှစ်ဦးသားကို မထိပါးသော အလှူမည်ပါသည်။ ယင်းသို့ လှူဒါန်းသောအလှူကြောင့် ဖြစ်လေရာဘဝ သံသရာ၌ သုဂတိဘဝတွင် ဖြစ်၍ ကြွယ်ဝချမ်းသာ ဥစ္စာများများစားစား အသုံးအဆောင်ပေါများပါသည်။ ယင်းသို့ မိမိသူတစ်ပါး နှစ်ဦးသားကို မထိပါးအောင် လှူဒါန်းခြင်းကြောင့် မိမိပစ္စည်းတို့ကို ရန်သူမျိုးငါးပါး မနှိပ်စက် မဖျက်ဆီးနိုင်ဘဲ ဇောတိကသူဌေးကဲ့သို့ မိမိပစ္စည်းကို သူတပါးတို့ လုယူ ခိုးယူ၍မရချေ၊ ထိုကြောင့် အလှူရှင်သည် မိမိသူတစ်ပါး နှစ်ဦးသားကို မထိပါးအောင် လှူဒါန်းရပါမည်။

အင်္ဂါရုစ်ပါးနှင့်အညီ လွှဲရမည်။

အလှူရှင်သည် အလှူပေးလှူရာ၌ အင်္ဂါ(၈)ပါးနှင့်အညီ ပေးလှူရပါမည်၊ အင်္ဂါ(၈)ပါးတို့သည် အောက်ပါအတိုင်း ဖြစ်ပါသည် -

၁။ သုစီဒေတိ၊ သန့်ရှင်းစင်ကြယ်သောအလှူဝတ္ထုကိုပေးလှူရမည်။

၂။ ပဏီတဒေတိ၊ မွန်မြတ်သောလှူဘွယ်ဝတ္ထုကိုပေးလှူရမည်။

၃။ ကာလေနဒေတိ၊ လျောက်ပတ်သောအခါ၌ ပေးလှူရမည်။

၄။ ကပ္ပိယံဒေတိ၊ အပ်သောလူဖွယ်ဝတ္ထုကို ပေးလူရမည်။
၅။ ဗီဆေယျာဒေတိ၊ အလူခံပုဂ္ဂိုလ်လူဖွယ်ဝတ္ထုတို့ကို ရွေးချယ်စိစစ်၍ ပေးထူရုမည်။
၆။ အဘိဏှံဒေတိ၊ မပြတ်မလတ် ဝတ်နီဗဒ်ထား၍ ပေးလူရမည်။
၇။ ဒဒံစိတ္တံပသာဒေတိ၊ လူသောအခါစိတ်ကို ကြည်လင်စေရမည်။
၈။ ဒတွာအတ္တမနောဟောတိ၊ ပေးလူပြီးနောက် ကြည်လင်သောစိတ်ရှိ၍ ဝမ်းမြောက် ဝမ်းသာဖြစ်နေရမည်ဟု ဘုရားရှင်သည် သဗ္ဗညုတဉာဏ် ဟောကြားတော်မူပါသည်။ (အံ-၇၄။)

ဒါနအမျိုးအစား ၃-ပါး

ဒါနသည် -
ဒါသဒါနခေါ် ဟီနဒါန
သဟာယကဒါနခေါ် မဇ္ဈိမဒါန
သာမိကဒါနခေါ် ပဏီတဒါန -
ဟု သုံးမျိုးရှိပါသည်။ ယင်းသုံးမျိုးတို့တွင် ဒါသဒါနခေါ် ဟီနဒါနသည် မိမိ၏အိမ်စေ, ကျွန်ကို ပေးရာ ကျွေးရာ၌ အည့ဲဆုံး အဖျင်းဆုံးကို ပေးကျွေးသကဲ့သို့ အလူရှင်သည် မိမိစားသောက် သုံးဆောင်သော အစားအသောက် အသုံးအဆောင်လောက်မျှ မကောင်းသော အစားအသောက် အသုံးအဆောင်များကို လူဒါန်းပေးကမ်းပါက ထိုအလူသည် အားကြီးသော တဏှာသခင် ဦးစီးခံရသော အလူဒါနဖြစ်၍ ထိုအလူကို ဒါသဒါန၊ သို့မဟုတ် ဟီနဒါနခေါ်၏။

မိမိ၏အတူနေ သူငယ်ချင်းကို မိမိနှင့် တန်းတူပြု၍ ပေးကျွေးသကဲ့သို့ အလူရှင်သည် မိမိစားသောက်သုံးဆောင်သော အစားအသောက် အသုံးဆောင်မျိုးကို မိမိသုံးစွဲသည့်အတိုင်း တန်းတူပြု၍ လူဒါန်းပေးကမ်းလျှင်

အားနည်းသောတဏှာ ဦးစီးမှုခံရသောအလှူပြစ်၍ ထိုအလှူကို သဟာယကဒါန၊ သို့မဟုတ် မဇ္ဈိမဒါနခေါ်၏။

မိမိ၏အရှင်သခင်နှင့် ဆရာသမားများကို အကောင်းဆုံး အသာဆုံးကို ပေးလှူသကဲ့သို့ အလှူရှင်သည် မိမိစား‌သောက်သုံးဆောင်သော အစား‌အသောက် အသုံး‌အဆောင်ထက် မွန်မြတ်သန့်ရှင်း‌စင်ကြယ်သပ်ရပ်မြင့်မှီ၍ တန်ဖိုးရှိသော အစား‌အသောက် အသုံး‌အဆောင်များကို လှူဒါန်း‌ပေး‌ကမ်း‌လျှင် ထိုအလှူသည် တဏှာဦးစီးမခံရဘဲ အသိဉာဏ်ဦးစီး‌သောအလှူဖြစ်၍ သာမိကဒါန၊ သို့မဟုတ် ပဏီတဒါနခေါ်၏။ (ဒီ၊ ဋ္ဌ၊ ၂၆၆)

အချုပ်အား‌ဖြင့် မိမိသုံး‌စွဲသော ပစ္စည်း‌ဝတ္ထုထက် အဆင့်အတန်း နိမ့်ကျ ညံ့ဖျင်း‌သော လူဖွယ်ဟာဏ္ဍပစ္စည်း‌မျိုး‌ကိုသာ တဏှာက ရွေး‌ချယ်၍ တဏှာစေခိုင်း‌သည့်အတိုင်း လှူဒါန်း‌သည့်အတွက် တဏှာကျွန်ဖြစ်သော အလှူဒါန ဖြစ်သောကြောင့် ဒါသဒါန။ သူငယ်ချင်း‌ကို တန်း‌တူပြု၍ ပေါင်း‌သကဲ့သို့ မိမိသုံး‌စွဲသည့်ပစ္စည်း‌ ဝတ္ထုအမျိုး‌အစား‌အတိုင်း လှူဒါန်း‌မှုကို သဟာယကဒါန။ မိမိ၏ အရှင်သခင်ကို အကြီး‌အမှူး‌ထား၍ ဦး‌စား‌ပေး‌သကဲ့သို့ မိမိသုံး‌စွဲသော ပစ္စည်း‌ဝတ္ထုထက် သာလွန်မွန်မြတ်သော အလှူဝတ္ထုပစ္စည်း‌ကို လှူဒါန်း‌ခြင်း‌သည် သာမိကဒါနဟု ခေါ်၏။

အလှူခံ တစ်ကျိပ်လေး

အလှူရှင်သည် ပေး‌လှူမှု မပြုမီ အကျိုး‌ကြီး‌သော အလှူခံပုဂ္ဂိုလ် အကျိုး‌မကြီး‌သော အလှူခံပုဂ္ဂိုလ် စသည်ဖြင့် အလှူခံတို့ကို ခွဲခြား‌သိထား‌ရမည်၊ မသိလျှင်လည်း ပညာရှိတို့နှင့် တိုင်ပင်၍ သိအောင်လုပ်ရမည်။ အလှူခံပုဂ္ဂိုလ်တို့မှာ တစ်ကျိပ်လေး‌ယောက်ရှိပါသည်၊ မည်သည့်ပုဂ္ဂိုလ်ကိုလှူလျှင် မည်သို့သော အကျိုး‌ကိုရရှိနိုင်သည်၊ အယုတ်ဆုံး‌အား‌ဖြင့် ချေး‌စသော တိရစ္ဆာန်ကို လှူဒါန်း‌လျှင်ပင် အလဟာသမဖြစ်၊ အကျိုး‌ရရှိနိုင်သည်သာဖြစ်၏။ ယင်း‌ကို ရည်ရွယ်၍ ရွေး‌လှူကြီး‌တို့က “အလှူခံတစ်ကျိပ်လေး ချေး‌ပါ ပါသည်”ဟု ပြောဆိုလမ်း‌ညွှန်ခဲ့ကြပါသည်။

ယင်းအလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးယောက်တို့မှာ အောက်ပါတို့ ဖြစ်သည်.-

၁။ တိရစ္ဆာန်

၂။ သီလမရှိသူ

၃။ သီလရှိသူ ပုထုဇဉ်

၄။ သာသနာပအခါ စွန့်ရသော ကမ္မဝါဒီ၊ ကိရိယဝါဒီပုဂ္ဂိုလ်

၅။ သောတာပန်ဖြစ်ရန် ကျင့်နေသောပုဂ္ဂိုလ်

၆။ သောတာပန်

၇။ သကဒါဂါမ်ဖြစ်ရန် ကျင့်နေသောပုဂ္ဂိုလ်

၈။ သကဒါဂါမ်

၉။ အနာဂါမ်ဖြစ်ရန် ကျင့်နေသောပုဂ္ဂိုလ်

၁၀။ အနာဂါမ်

၁၁။ ရဟန္တာဖြစ်ရန် ကျင့်နေသောပုဂ္ဂိုလ်

၁၂။ ရဟန္တာ

၁၃။ ပစ္စေကဗုဒ္ဓါ

၁၄။ မြတ်စွာဘုရား တို့ဖြစ်ကြပါသည်။

ယင်းတို့တွင် – အမှတ်စဉ် ၁– ပုဂ္ဂိုလ်အား ပေးကမ်းစွန့်ကြဲသောသူသည် ကောင်းကျိုး ဘဝတစ်ရာ မချွတ်ကေန်အမှန်ရနိုင်သည်။

အမှတ်စဉ် ၂– ပုဂ္ဂိုလ်အား လှူဒါန်းသူသည် အလှူ၏အကျိုး ဘဝ **တစ်ဆယ်** မချွတ်ကေန် အမှန်ရနိုင်သည်။

အမှတ်စဉ် ၃–ပုဂ္ဂိုလ်နှင့် အမှတ်စဉ် ၄–ပုဂ္ဂိုလ်တို့အား လှူဒါန်းသူသည် ဘဝ**ပေါင်းကုဋေတစ်သိန်း** ဒါန၏အကျိုးသည် မချွတ်ကေန် အမှန်ရနိုင်သည်။

အမှတ်စဉ် ၅–ပုဂ္ဂိုလ်မှ အမှတ်စဉ် ၁၄– မြတ်စွာဘုရားအထိပုဂ္ဂိုလ်တို့အား လှူဒါန်းကြသောအလှူရှင်တို့မှာ မရေတွက်နိုင်, မနှိုင်းယှဉ်နိုင်သော ဘဝ အသွေးအကျိုးတို့ကို မချွတ်ကေန် အမှန် ရနိုင်သည်။

သောတာပန်ဖြစ်ရန်ကျင့်ဆဲဖြစ်သော ပုဂ္ဂိုလ်ဟူရာ၌ ဝိဝဋ္ဌစိတ်ထား ဖြင့် သရဏကုံ သီလတည်သောသူ, ငါးပါးသီလတည်သောသူ, ယနေ့ရှင်ဖြစ်သော သူများနှင့်ရဟန်းဖြစ်ပြီးသောသူ, ဝတ်အကျင့်နှင့်ပြည့်စုံ၍ ရဟန်းဖြစ်သောသူ, တရားအားထုတ်နေသူ, စူဠသောတာပန် ခေါ်ရသော အာရဒ္ဓဝိပဿက ဖြစ်သောသူ ဤပုဂ္ဂိုလ်တို့ကို သောတာပန်ဖြစ်ရန် ကျင့်နေကြသူများဟု မှတ်ယူကြကုန်ရာ၏။

မင်္ဂလေးပါးရရန် ကျင့်နေဆဲပုဂ္ဂိုလ်များကို လွှဒါန်းလျှင် မင်္ဂပုဂ္ဂိုလ် (၄)ပါးကို လွှဒါန်းသည်ဟု မှတ်ယူရမည်၊ လွှဒါန်းနေစဉ်၌ပင် မင်္ဂစိတ်လည်း ဖြစ်နိုင်သေး၏။

ဆောင်ပုဒ် ။ ။ စ္ဆာန်, သိမဲ့, ဖြူ၊ စျာန်ရ,ဟူ၊ ဆယ်ဆူရိယာတွေ။
ရာ, ထောင်, သိန်း, ဘဝ၊ ကုဋေပြာ၊ ကျိုးရအသချေ်။

သံယိကဒါန ခုနစ်ဝ

၁။ ဘုရားအမှူးရှိသော ဥဘတော (ဘိက္ခု၊ ဘိက္ခုနီ) သံယိကဒါန။
၂။ ဘုရားပရိနိဗ္ဗာန်စံပြီးသောအခါ ဥဘတော (ဘိက္ခု၊ ဘိက္ခုနီ) သံယိကဒါန။
၃။ ဘိက္ခု (ရဟန်းယောကျ်ား) သံယိကဒါန။
၄။ ဘိက္ခုနီ (ရဟန်းမိန်းမ) သံယိကဒါန။
၅။ ဘိက္ခု (ရဟန်းယောကျ်ား သံယာ)၊ ဘိက္ခုနီ (ရဟန်းမိန်းမ သံယာ) မှ အပါးအရေအတွက် လိုသလောက် တောင်းဆိုအပ်သော ဘိက္ခု ဘိက္ခုနီ (ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ) သံယိကဒါန။
၆။ ဘိက္ခု (ရဟန်းယောကျ်ား) သံယာမှ အပါးအရေအတွက် လိုသလောက် တောင်းဆိုအပ်သော ဘိက္ခု (ရဟန်းယောကျ်ား) သံယိကဒါန။
၇။ ဘိက္ခုနီ (ရဟန်းမိန်းမ) သံယာမှ အပါးအရေအတွက် လိုသလောက် တောင်းဆိုအပ်သော ဘိက္ခုနီ (ရဟန်းမိန်းမ) သံယိကဒါန။

ဥပမာ ။ ။ အရှင်ဘုရားတို့ တိုက်မှ ရဟန်းယောကျ်ား သံဃာတစ်ပါး၊ နှစ်ပါး သို့မဟုတ် ဘယ်နှစ်ပါး၊ ရဟန်းမိန်းမသံဃာတစ်ပါး၊ နှစ်ပါး သို့မဟုတ် ဘယ်နှစ်ပါး ပေးပါဘုရားဟု တောင်းဆိုလျှောက်ထားပြီး လှူဒါန်းမှုကို သံဃိကဒါနဟုခေါ်ပါသည်။

သံဃိကဒါနဝယ် မှတ်သားဖွယ်

သာသနာပကာလ၌ သီလမရှိ၍ ယုတ်မာသောအကျင့်ရှိသောသူသည် ရဟန်းအနွယ်မှ အယောင်ဆောင်လျက် လည်၌ လည်းကောင်း၊ လက်၌ လည်းကောင်း သင်္ကန်းစကို ချည်နှောင်၍ စီး၍ထား သောသူအား အလှူပေးပုဂ္ဂိုလ်တို့သည် သံဃာဟူသော ရည်ညွှန်းမှုဖြင့် လှူဒါန်းလျှင်ပင် သံဃိက ဒါနဖြစ်၏။ ထိုသံဃိကဒါနအလှူသည် မရေတွက်နိုင်, မနှိုင်းယှဉ်နိုင်သောအကျိုးရှိ၏၊ သံဃိကဒါနသည် ပုဂ္ဂလိကဒါနထက်မြတ်၏၊ ရဟန္တာတစ်ပါးအား ပုဂ္ဂလိကဒါန ပေးလှူသည်ထက် သံဃိကဒါနက မြတ်၏၊ အကျိုးကြီး၏။

ထိုကြောင့် အလှူပေးပုဂ္ဂိုလ်များ၏ စိတ်သန္တာန်၌ ဝိပဿနာဉာဏ်စသော အသိများနှင့် သံဃိကဟူသောအသိများခြင်းတို့သည် လွန်စွာအရေးကြီးပါသည်။

အထက်ဖေါ်ပြခဲ့ပြီး သံဃိက (၇)မျိုးကို လှူဒါန်းသူတို့၏ အကျိုးတို့သည် အလွန်များလှ၏၊ အဘယ်မှာလျှင် ဆိုနိုင်ဖွယ်ရှိတော့အံ့နည်း၊ သံဃိကဒါန အကျိုးများသည့်အတွက် မိုးတောက်ေကျာတမီ၏ သင်္ကန်းကို သားဖြစ်သော ဘုရားရှင်က သံဃာကို အလှူခိုင်းခြင်းဖြစ်ပါသည်။

သုတ္တန်နည်းလာ ဆယ်ဖြာဒါန

ယင်းဒါန သည် သုတ္တန်ဒေသနာနည်းအားဖြင့် (၁၀)မျိုးရှိ၏ –

၁။ အန္နဒါန = ထမင်း (ဆွမ်း)အလှူ
၂။ ပါနဒါန = အဖျော်ယမကာအလှူ
၃။ ဝတ္ထဒါန = အဝတ်သင်္ကန်းအလှူ
၄။ ယာနဒါန = ဖိနပ်စသောယာဉ်အလှူ
၅။ မာလာဒါန = ပန်းအလှူ
၆။ ဂန္ဓဒါန = နံ့သာခဲ နံ့သာတုံးအလှူ
၇။ ဝိလေပနဒါန = နံ့သာပျော်း နံ့သာရည်အလှူ

၈။ သေယျာဒါန = ညောင်စောင်းအင်းပျဉ် အိပ်ရာနေရာအလှူ
၉။ အာဝသထဃရဒါန = ကျောင်းဧရပ်အလှူ
၁၀။ ပဒီပေယျဒါန = ဆီမီးထွန်းရန်ဆီ, ဆီမီးခွက် ဆီမီ.စာ၊ ဖယောင်းတိုင် အလှူ –

အဘိဓမ္မာနည်းလာ ခြောက်ဖြာဒါန

အဘိဓမ္မာဒေသနာနည်းအားဖြင့် ဒါန (၆)မျိုးရှိသည် –

၁။ ရူပဒါန = ရူပါရုံအလှူ
၂။ သဒ္ဒဒါန = သဒ္ဒါရုံအလှူ
၃။ ဂန္ဓဒါန = ဂန္ဓာရုံအလှူ
၄။ ရသဒါန = ရသာရုံအလှူ
၅။ ဖောဋ္ဌဗ္ဗဒါန = ဖောဋ္ဌဗ္ဗာရုံအလှူ
၆။ ဓမ္မဒါန = တရားသဘောအလှူ –

ဝိနည်းအရာ လေးဖြာဒါန

ဝိနည်းဒေသနာနည်းအားဖြင့် ဒါန (၄)မျိုး ရှိသည် –

၁။ စီဝရဒါန = သင်္ကန်းအလှူ
၂။ ပိဏ္ဍပါတဒါန = ဆွမ်းအလှူ
၃။ သေနာသနဒါန = ကျောင်းအိပ်ရာ နေရာအလှူ
၄။ ဘေသဇ္ဇဒါန = ဆေးအလှူ –

အဆင့်ဆင့်ကြီးမား အကျိုးတရား

ဝိနည်းဒေသနာလာ ဒါနသည် ကပ္ပိယဝေါဟာရ (ရဟန်းတို့အား အပ်သော အခေါ်အဝေါ် အပြောအဆို အသုံးအနှုန်း) ဖြင့် သီလဝန္တ ပုဂ္ဂိုလ် တို့အားသာ ရွေးချယ်လှူဒါန်းပို့ရန် အထူးခွင့်ပြုတော်မူသောကြောင့် ပုဂ္ဂိုလ်မရွေး အလှူပေးပို့ရန် သာမန်ခွင့်ပြုတော်မူသော သုတ္တန်နည်းလာ ဒါနထက် အကျိုးကြီးမား၏။

အဘိဓမ္မာနည်းလာ ဒါနသည် အာရုံ ၆-ပါး၌ ပညတ်အားဖြင့် နှလုံးမသွင်းဘဲ ပရမတ်အားဖြင့် နှလုံးသွင်းလျှဒါန်းရသဖြင့် လွန်ကဲမွန်မြတ်သော ဒါနဖြစ်သောကြောင့် သုတ္တန်, ဝိနည်းဒေသနာတော်လာ ဒါနတို့ထက် အကျိုးကြီးမားသည်ဟု ဆရာတို့ ဆိုကြ၏။

၁။ အလှူခံပုဂ္ဂိုလ် စင်ကြယ်မှု

၂။ လှူဖွယ်ဝတ္ထု စင်ကြယ်မှု

၃။ စေတနာ စင်ကြယ်မှု

ဤသုံးဖြာ စင်ကြယ်ပြည့်စုံလျှင် သုတ္တန်, ဝိနည်း, အဘိဓမ္မာ မည်သည့် ဒေသနာနည်းလာ အလှူဒါနမဆို ကြီးမားသော အကျိုးကို ပေးစွမ်းနိုင်သည်။
(ဓာန်ဒီ-၄၂၂။ ဂါထာအဖွင့်)

ကရဏာဥပါယကောသလ္လဉာဏ်ဖြင့် ခြံရံအပ်သော ဝိဝဋ္ဋဂါမိ အလှူသည်သာလျှင် ပါရမီမြောက်သော ဒါနဖြစ်၏။ ကရဏာ ဥပါယ ကောသလ္လ ဉာဏ် မခြံရံဘဲ ပေးလှူအပ်သော ဝဋ္ဋဂါမိအလှူမျိုးသည် ပါရမီမြောက်သော ဒါနမဟုတ်ပေ။ **(သီ၊ ဋီ၊ သစ်၊ ၁၊ ၂၅၂။)**

ဝိနည်းဒါနလေးမျိုးနှင့် အကျိုးပြုပုံ

ဝိနည်းဒါနလေးမျိုးတို့သည် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးတို့ ဖြစ်ပါသည်။ ယင်းတို့တွင် ဆွမ်းပစ္စည်းကို လှူသည်ဖြစ်လျှင် **ဆွမ်းအကျိုး** ဖြစ်သော အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာန ဟူသော **အကျိုးတရား** ငါးမျိုးတို့သည် မတောင့်တသော်လည်း **လှူဒါန်းသူ** အလှူရှင်မှာ **ကန်မုချ** ရရှိခံစား ရမည်ဖြစ်ကြောင်း အင်္ဂုတ္တိရ်ပါဠိတော် ပဉ္စကနိပါတ်၊ (**ဘောဇနသုတ်-**၃၅) ၌ မြတ်စွာဘုရားရှင် ဟောတော်မူပါသည်၊ ယင်းပါဠိတော်အရ ရှေးဆရာတော်ကြီးတို့က အောက်ပါ ဆောင်ပုဒ်ကဗျာကို ရေးသားခဲ့ပါသည်။

သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊
ဆွမ်းလှူပါက၊ ဤငါးဝ၊ ရကြသေအရာ။

ဓာတ်..... ....
ရက်စွဲ.....၂၁..... ....

ဆွမ်းလှူကျိုးပြ သာဓက

ဆွမ်းလှူ၍ရရှိသည့် အကျိုးပြ ဝတ္ထုတို့သည် များပြားစွာရှိပါသည်၊ ယင်းသို့ များပြားစွာရှိသော်လည်း ဤဒါနကထာစာအုပ်၌ ဝတ္ထုတစ်ပုဒ်မျှကိုသာ ဖော်ပြပါမည်၊ ယင်းဝတ္ထုမှာ ဘိက္ခာဒါယက ဝိမာနဝတ္ထုဖြစ်ပါသည်။

ဘိက္ခာဒါယကသည် မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက ဖြစ်ပါသည်။ ထိုအခါက မထင်ရှားသော ရဟန်းတော်တစ်ပါးသည် အဓွန့်ရှည် (ဝေးလံလှ)သော ခရီးသွားရသည်ဖြစ်၍ မောပန်းစွာဖြင့်ပင် ရွာတစ်ရွာသို့ ဆွမ်းခံကြွလေ၏။ အိမ်တစ်အိမ်တွင် ဆွမ်းရပ်လေ၏။ ထိုအိမ်၌ ယောကျ်ားတစ်ယောက်သည် ခြေလက်ဆေးပြီး ထမင်းစားရန် ထမင်းခူးယူပြီး ထမင်းပန်းကန်ထဲ၌ တည့်နေစဉ် ထိုဆွမ်းရပ်နေတော်မူသော ရဟန်းတော်ကို မြင်ရ၍ ထမင်းပန်းကန်၌ ထည့်ပြီးသောထမင်းကို ရဟန်းတော်၏ သပိတ်၌လောင်းလိုက်လေ၏။

ထိုအခါ ရဟန်းတော်က "ဒါယကာ အချို့အဝက်လောက်ကိုသာလျှင် လောင်းလှူလော့"ဟု ဆိုသော်လည်း ဘိက္ခာဒါယကသည် အကုန်လုံး လောင်းလိုက်လေ၏။ ထိုရဟန်းတော်သည် အနုမောဒနာပြုပြီး ကြွသွားတော်မူလေ၏။

ထိုဘိက္ခာဒါယကယောကျ်ားသည်"ခရီးပန်းသဖြင့် ဆွမ်းဆာတော်မူသော ရဟန်းတော်အား ငါမစားဘဲ ထမင်းကို အကုန်လောင်းလှူလိုက်ရလေပြီ"ဟု အဖန်ဖန်အောက်မေ့လျက် လွန်စွာရွှင်လန်း ဝမ်းမြောက်ခြင်းဖြစ်လေ၏။

ထိုဘိက္ခာဒါယကာ ယောကျ်ားသည် နောက်အခါ၌ စုတေ၍ တာဝတိံသာနတ်ပြည်၌တစ်ဆယ့်နှစ်ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်၍ ခံစားစံစားရလေ၏။

ထိုနတ်သားသည် လူ့ဘဝက ဆွမ်းလောင်းလှူသောကြောင့် နတ်သားဖြစ်၍ "ဘိက္ခာဒါယကနတ်သား"ဟု အမည်တွင်လေသည်။ ထိုအခါ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်သည် နတ်ပြည်သို့ ခရီးဒေသစာရီလှည့်လည်တော်မူသည်ရှိသော် ကြီးမြတ်သော နတ်တန်ခိုးနှင့် တင့်တယ်လှစွာသော ထိုဘိက္ခာဒါယကနတ်သားကို မြင်တော်မူ၍ မေးမြန်းတော်မူသည့်အခါ ဘိက္ခာဒါယကနတ်သားက လူ့ပြည်လူ့ဘဝက ရဟန်းတစ်ပါးအား

ဆွမ်းလှူခဲ့၍ (ဝ၂)ယူဇနာရှိသော ရွှေဗိမာန်၌ နတ်သားဖြစ်၍ ခံစားစံစား ရကြောင်း လျှောက်ထားသည်ကို ရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်က ဘိက္ခာဒါယကနတ်သား၏ အကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားလေ၏၊ မြတ်စွာဘုရားရှင်သည် ထိုအကြောင်းကို ဟောကြားတော်မူပါသည်။ (ဝိမာန၊ ၄၊ ၂၇၂။)

သင်္ကန်းလှူကျိုးပြု သာဓက

သာဝတ္ထိပြည်၌နေသော သူဆင်းရဲ ပုဏ္ဏားလင်းမယားရှိ၏၊ လင်မယားနှစ်ယောက်ပေါင်းမှ အပေါ်ရုံ အဝတ်ပုဆိုးတစ်ထည်သာရှိ၏၊ လင်ယောကျ်ား အပြင်သွားလျှင် မယားအိမ်တွင်းပုန်းလုပ်နေရ၏၊ မယားအပြင်သွားလျှင် လင်ယောကျ်ားအိမ်မှာနေရ၏။ ဤကဲ့သို့ ပုဏ္ဏားလင် မယားနှစ်ယောက် အပေါ်ရုံအဝတ်တစ်ထည်ကို တစ်လှည့်စီ ဝတ်ရ၍ ဧကသာဋက ဟုအမည်ရ၏။

တစ်နေ့သောအခါ မြတ်စွာဘုရားကျောင်းတော်ဝယ် တရားနာလိုသူများ တရားနာရန် ကြွရောက်နိုင်ကြောင်း ကြွေးကြော်သည်ရှိသော် ပုဏ္ဏားကြီးက မိမိဇနီး ပုဏ္ဏေးမအား "အိုရှင်မ– မြတ်စွာဘုရားကျောင်းတော်၌ တရားနာရန် ကြွေးကြော်အပ်၏၊ သင်ရှင်မသည်နေ့အခါ၌ တရားနာယူခြင်းငှာသွားမည်လော သို့မဟုတ် ညအခါသွားမည်လော အပေါ်ရုံအဝတ်ပုဆိုးတစ်ထည်သာ ရှိသောကြောင့် ငါတို့ဇနီးမောင်နှံနှစ်ယောက် အတူယှဉ်၍ တရားနာသွားရန် မဖြစ်နိုင် ဟု ပြောကြား၏။ ပုဏ္ဏေးမက "အရှင်ချစ်လင် ကျွန်တော်မသည် နေ့အခါ တရားနာသွားပါအံ့" ဟု ပြောဆိုပြီး အပေါ်ရုံအဝတ်ပုဆိုးကို ဝတ်ရုံပြီး ကျောင်းတော်သို့ တရားနာသွားလေ၏။

ပုဏ္ဏားကြီးသည် တစ်နေ့လုံးအိမ်၌ငယာလျှင်အချိန်ကိုကုန်စေ၍ ညအခါ မြတ်စွာဘုရားကျောင်းတော်သို့ သွားရောက်ပြီး ဘုရားရှင်၏ရှေ့တည့်တည့်မှ ထိုင်လျက် တရားတော်ကို နာယူလေ၏။

တရားတော်ကို ကြားနာရသောအခါ ပုဏ္ဏားကြီး၏ တစ်ကိုယ်လုံး၌ ပျံနှံ့လျက် ငါးပါးသော ပီတိသည်ဖြစ်၏။ ပုဏ္ဏားကြီးသည် မြတ်စွာဘုရားကို ပူဇော်လှူဒါန်းလိုစိတ်ဖြစ်၍ အကယ်၍ ငါသည် ဤအပေါ်ရုံ ပုဆိုးကို ပေးလှူ

ခဲ့သည်ဖြစ်အံ့ ဇနီးပုထွေးမအား၊လည်းကောင်း၊ ငါ့အား၊လည်းကောင်း ဝတ်ရုံစရာ ဂိုဏ်းထားမည်မဟုတ်ဟု မပေးလှူလို ဝန်တိုသော မစ္ဆရိယစိတ်ဖြစ်၏။

နောက်တစ်ကြိမ်ပေးလှူလိုသောသဒ္ဓါစိတ်ဖြစ်ပေါ်လာပြန်၏။ ထိုဖြစ်ပေါ်လာသောသဒ္ဓါစိတ်ကို ပိတ်ပင်တား၊ဆီး၊လျက် တစ်ဖန်မစ္ဆရိယစိတ် ဖြစ်ပေါ်လာပြန်၏၊ ဤကဲ့သို့သော အခြင်း၊အရာအား၊ဖြင့် လှူဒါန်း၊ပေး၊ကမ်း၊လိုသော သဒ္ဓါစိတ်ဖြစ်ပေါ်လိုက်၊ အား၊ကြိုး၊သော မစ္ဆရိယစိတ်က တား၊ဆီး၊ဖျက်ဆီး၊လိုက်နှင့် ဤအပေါ်ရုံပုဆိုး၊ကို ဘုရား၊ရှင်အား၊ လှူဒါန်း၊လျှင် သင့်လျော်မည်လော၊ မသင့်လျော်မည်လောဟု တွေး၊တော၊ကြံစည်၍ သဒ္ဓါနှင့် မစ္ဆရိယတိုက်ပွဲဆင်နွှဲနေသည့်အချိန်မှာ ညှ၏ပထမယာမ်ပင်ကုန်လွန် ခြင်း၊သို့ ရောက်လေပြီး တရားပွဲကား မပြီး၊ဆုံး၊သေး၊ပေ။

မဇ္ဈိမယာမ်သို့ ရောက်သောအခါတွင်လည်း ထိုနည်း၊တူစွာပင် ယုတ်မာသော မစ္ဆရိယ ဆို့ပိတ်မြှေး၊ယှက်သောကြောင့် ပေး၊လှူခြင်း၊ငှာ မစွမ်း၊နိုင်သေး၊ မစ္ဆရိယက အပေါ်စီး၊မှနေ၍ သဒ္ဓါသည် အလှူး၊အလဲခံနေရ၏။ ပစ္ဆိမယာမ်သို့ ရောက်သောအခါ ပုဏ္ဏား၊ကြီး၏ စိတ်အကြံမှာ "ငါ၏သဒ္ဓါသည် မစ္ဆရိယနှင့် ပြိုင်ဆိုင်၍ စစ်ထိုး၊ခြင်း၊ဖြင့် ပထမယာမ် မဇ္ဈိမယာမ်တို့ကို လွန်မြောက်ခဲ့ချေပြီ မပေး၊မလှူလို ဝန်တိုတတ်သော မစ္ဆရိယသည် ဤမျှလောက်သော အခြင်း အရာအား၊ဖြင့် ငါ့အား ပွား၊များ၍လာခဲ့သည်ရှိသော် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် လေး၊ဘုံသော အပါယ်တို့မှ ဦး၊ခေါင်း၊ ထောင်ခြင်း မျှကိုသော်လည်း မပေး၊လတ္တံ့၊ ယခုအခါငါသည် အပေါ်ရုံပုဆိုး၊ကို လှူဒါန်း ပူဇော်တော့အံ့"ဟု ကြံပြီး ဆို့ပိတ်မြှေး၊ယှက်တတ်သော မစ္ဆရိယကို နှိပ်စက်ဖိစီး၍ သဒ္ဓါစိတ်ကို ရှေ့သွား၊ပြုပြီး အပေါ်ရုံပုဆိုး၊ကိုယူ၍ မြတ်စွာဘုရား ခြေတော်ရင်း၌ စုပုံထား၊ပြီး "ဓိတံမေ၊ ငါ့အား၊အောင်ပြီ၊ ဓိတံ မေ၊ ငါ့အား၊ အောင်ပြီ၊ ဓိတံ မေ၊ ငါ့အား အောင်ပြီ" ဟု သုံး၊ကြိမ်တိုင်တိုင် ကျယ်စွာသော အသံဖြင့် ဟစ်အော် ကြွေး၊ကြော်ခြင်း၊ကိုပြု၏။

သာဝတ္ထိပြည်ရှင် ပသေနဒီ ကောသလမင်း၊ကြီး၊သည် တရား၊တော်ကို ကြား၊နာလျက် ပုဏ္ဏား၏ ကြွေး၊ကြော်သော အသံကို ကြား၊တော်မူ၍ မင်း၊ချင်း၊ယောကျ်ား၊တို့ကို ခေါ်၍ "အချင်း၊တို့ ဤအောင်ပြီ အောင်ပြီ ဟု

ကြွေးကြော်သောသူကို မေးကြကုန်လော့၊ ဤသူသည် တစ်စုံတစ်ခုကို အောင်ပေလိမ့်မည်”ဟု မိန့်ဆို စေခိုင်း၏၊ မင်းချင်းယောကျ်ားတို့ ထိုပုဏ္ဏား‌ထံသို့ သွားရောက်ချဉ်းကပ်၍ မေးသည်ရှိသော် အကြောင်းအလုံးစုံကိုသိ၍ မင်းကြီးအား ပြန်ကြား‌သံတော်ဦးတင်၏။ မင်းကြီးကြား‌သိတော်မူလျှင် ဤပုဏ္ဏား‌ကား ပြုနိုင်ခဲ့သောအမှုကို ပြုလုပ်လှုဒါန်းပေ၏၊ ငါသည် ပုဏ္ဏား‌အား ချီးမြှောက်ခြင်းကို ပြုအံ့ဟု နှလုံးသွင်းတော်မူ၍ ပုဆိုးအစုံတစ်စုံကို ပုဏ္ဏား‌အား ပေး၏၊ ပုဏ္ဏား‌သည် မင်းကြီးပေးပို့သော ပုဆိုးအစုံကိုလည်း မြတ်စွာဘုရား‌အား ထပ်မံလှုဒါန်း၏၊ မင်းကြီးသည် နောက်ထပ်တစ်ဖန် ထပ်မံ၍ နှစ်ဆတက် ပုဆိုးနှစ်စုံ၊ လေးစုံ၊ ရှစ်စုံ၊ တစ်ဆယ့်ခြောက်စုံသော ပုဆိုးတို့ကို ချီးမြှင့်တော်မူ၏။ ထိုပုဆိုးအစုံတို့ကိုလည်း မြတ်စွာဘုရား အား‌သာလျှင် ဆက်ကပ်လှုဒါန်းပြန်၏၊ မင်းကြီးသည် နောက်ထပ်တစ်ဖန် သုံးဆယ့်နှစ်စုံသော ပုဆိုးတို့ကို ပုဏ္ဏား‌အား ပေးပို့ချီးမြှောက်ပြန်၏၊ ပုဏ္ဏား‌သည် မိမိအား မင်းကြီးက ဆတက်ထမ်းပိုး တိုး၍တိုး၍သာ ပေးသနား‌အပ်သည်၏ အဖြစ်ကိုသိ၍ ရတိုင်းရတိုင်းသော ပုဆိုးတို့ကို စွန့်လွှတ်ပေးလှူသည်၊ ရလေလိုလေ အိုတစ္ဆေဟု သူတစ်ပါးတို့ ကဲ့ရဲ့ရှုတ်ချ ပြစ်တင်ပြောဆိုခြင်းမှ လွတ်စေခြင်းငှာ သုံးဆယ့် နှစ်စုံသော ပုဆိုးမှ မိတို့ဇနီးမောင်နှံ နှစ်ယောက် အတွက် ပုဆိုးနှစ်စုံကို ယူထား၍ ကျန်ပုဆိုးအစုံသုံးဆယ်ကို ဘုရား‌ရှင်အား ပူဇော်ပေးလှူ၏။

မင်းကြီးသည် ထိုပုဏ္ဏား‌၏ဖြစ်အင်ကိုကြည့်၍ မိမိ၏ မင်းချင်း ယောကျ်ားတို့ကို “အိုအချင်းတို့ ဤပုဏ္ဏား‌သည် ပြုနိုင်ခဲလှစွာသော ခဲယဉ်းသောအမှုကိုပြုပေ၏၊ ငါ၏နန်းတော်တွင်း၌ရှိသော အဖိုးတစ်သိန်း ထိုက်တန်သည့် နူးညံ့သိမ်မွေ့ချောမွေ့ကောင်းမွန်လှစွာသော ကမ္ဗလာနှစ်ထည် ကိုဆောင်ယူစေပြီး ပုဏ္ဏား‌အား ပေးစေ၏။ ပုဏ္ဏား‌သည် မင်းကြီးပေးပို့သော ကမ္ဗလာနှစ်ထည်ကိုကြည့်၍ ဤကမ္ဗလာတို့သည်ကား အဖိုးများစွာ ထိုက်တန်၏၊ အလွန်မွန်မြတ်၏၊ ငါ၏ကိုယ်၌ခြုံရုံ သုံးဆောင်ခြင်းငှာ မထိုက်တန်၊ မြတ်စွာဘုရား‌သာသနာတော်အား‌သာလျှင် ထိုက်တန်ပေ၏”ဟု ဆင်ခြင်စဉ်းစား‌၏။ ကမ္ဗလာတစ်ထည်ကို ဂန္ဓကုဋီတိုက်အတွင်း၌ မြတ်စွာဘုရား လျောင်းအိပ်တော်မူသောနေရာအထက်၌ မျက်နှာကြက်ပြုလုပ်၍

လွှဒါန်း ပူဇော်၏။ ကမ္မလာတစ်ထည်ကို မိမိအိမ်၌ အမြဲဆွမ်းဘုဉ်းပေးသော ရဲဟန်းသံဃာ၏ ဆွမ်းစားခြင်းကိစ္စကို ပြုရာ အရပ်အထက်၌ မျက်နှာကြက် ပြုလုပ်လွှဒါန်းပူဇော်ထား၏။

ပဿေနဒီကောသလမင်းကြီး ညချမ်းအခါ၌ မြတ်စွာဘုရား အထံတော်သို့ သွားရောက်ဆည်းကပ်သော် ဂန္ဓကုဋိတိုက်၌ မျက်နှာကြက်ပြုလုပ် လွှဒါန်းပူဇော်ထားသော ကမ္မလာကို တွေ့မြင်ရ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤကမ္မလာမျက်နှာကြက်ကို အဘယ်သူသည် လွှဒါန်းပူဇော် အပ်ပါသနည်းဟု မေးလျှောက်၏။ "ဒကာတော်မင်းကြီး ဧကသာဋကပုဏ္ဏားသည် ပြုလုပ်လွှဒါန်းပေ၏"ဟု မိန့်တော်မူ၏။ "ဤပုဏ္ဏားသည် တပည့်တော်၏ ကြည်ညိုနှစ်သက်သော အရာဌာန၌သာလျှင် ကြည်ညိုလွှဒါန်းပြုစုပေသည်"ဟု လျှောက်ထားပြီး ပြန်လာခဲ့၏။

မင်းကြီးသည် ဘုရားကျောင်းတော်မှ ပြန်လာပြီး ပုဏ္ဏားကိုခေါ်တော်မူ၍ ဆင်လေးစီး၊ မြင်းလေးကောင်၊ လေးထောင်သော အသပြာ၊ လေးယောက်သော မိန်းမ၊ လေးယောက်သောကျွန်မ၊ လေးယောက်သော ကျွန်ယောကျ်ား၊ လေးခုသောရွာမြတ်အားဖြင့် သဗ္ဗစတုက္ကမည်သော ဆုကို ပေးသနားတော်မူ၏။

ရဟန်းတို့သည် တရားသဘင်၌ "ငါ့ရှင်တို့ အံ့ဖွယ်ရှိစွတကား၊ ဧကသာဋကပုဏ္ဏားအား" ပြုအပ်သော ကုသိုလ်ကံသည် တစ်ခဏ ချက်ချင်း သာလျှင် သဗ္ဗစတုက္ကမည်သောဆုကို ရရှိခံစားရပေသည်။ ယခုအခါ၌ ပြုအပ်သော ကုသိုလ်ကောင်းမှုသည် ယနေ့ပင်လျှင် အကျိုးပေးပေသည်ဟု စကားကို ပြောဆိုကြကုန်၏။

မြတ်စွာဘုရားရှင် ကြွလာတော်မူပြီး ချစ်သားရဟန်းတို့ ဤဧကသာဋက ပုဏ္ဏားသည် ပထမယာမ်၌ ငါဘုရားအား အကယ်၍ ပေးလှူခြင်းငှာ စွမ်းနိုင်ခဲ့သည်ဖြစ်အံ့၊ အလုံးစုံ အစုံပေါင်း တစ်ဆယ့်ခြောက်ခုသော သဗ္ဗသောဠသက ဆုကို ရပေရာ၏။ မဇ္ဈိမယာမ်၌ ငါဘုရားအား အကယ်၍ ပေးလှူခြင်းငှာ စွမ်းနိုင်ခဲ့သည်ဖြစ်အံ့၊ အလုံးစုံ အစုံပေါင်း ရှစ်ခုအရေအတွက် ရှိသော သဗ္ဗဋ္ဌကမည်သော ဆုကို ရပေရာ၏။ ယခုအခါ ဤပုဏ္ဏားသည် ပစ္ဆိမယာမ်၌သာလျှင် ငါဘုရားအား လွှဒါန်းအပ်သည်၏ အဖြစ်ကြောင့် သဗ္ဗစတုက္ကဆုကိုသာ ရလေ၏။

ချစ်သား:တို့ ကောင်:မှုကုသိုလ်ကံကို ကြံစည်အား ထုတ်ပြုလုပ်လိုသဖြင့် ဖြစ်ပေါ်လာသောစိတ်ကို မယုတ်စေမူ၍ ကြံစည်ဖြစ်ပေါ်သောခဏ၌သာလျှင် ပြုစုအား:ထုတ်အပ်၏။ နံ့.နေ:ကြန့်ကြာသဖြင့် ပြုစုအား:ထုတ်အပ်သော ကုသိုလ်ကံသည် အကျိုး:ပေး:သည်ရှိသော် နံ့.နေ:သည်ဖြစ်၍ သာလျှင် အကျိုး:ကိုပေး:တတ်၏။ ထို့ကြောင့်ကြံစည်ဖြစ်ပေါ်လာသော အခြား:မဲ့၌သာလျှင် ကုသိုလ်ကောင်းမှုကို ပြုစုအား:ထုတ်အပ်၏ဟု တရား:တော်ကို ဟောတော်မူလိုသောကြောင့် –

အဘိတ္ထရေထ ကလျာဏော၊ ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတီ မနော။

ဟိ ယသ္မာ၊ အကြင်ကြောင့်။ ပုညံ၊ ဒါနသီလ စသည်ပေါင်း:စုကောင်းမှုကုသိုလ်ကို။ ကရောတော၊ ဆည်း:ပူး:ကြိုး:ကုတ် ပြုလုပ်သောသူ၏။ မနော၊ စိတ်သည်။ ဒန္ဓံ၊ နံ့.နေ:တတ်၏။ တသ္မာ၊ ထို့ကြောင့်။ ကလျာဏော၊ ကောင်း:သောအမှုကုသိုလ် တရား:တို့.ကို။ အဘိတ္ထရေထ၊ ဆောဆောလျှင်လျင် ခုံတမင်ပြုလုပ်ကြကုန်လော့။ ပါပသ္မိံ၊ ဒုစ္စရိတပါပညစ်ကျူ မကောင်းမှု၌။ မနော၊ သတ္တဝါတို့.၏စိတ်သည်။ ရမတိ၊ မွေ့.လျော်ပျော်မြူး:ကတ်၏။ တသ္မာ၊ ထို့ကြောင့်။ ပါပါ၊ ဒုစ္စရိတ ပါပညစ်ကျူ မကောင်းမှုမှ။ စိတ္တံ၊ စိတ်ကို။ နိဝါရယေ၊ တား:မြစ်ရာ၏။

သင်္ကန်း:လှူဒါန်း:သူ အလှူရှင်သည် သင်္ကန်း:လှူဒါန်း:ရသည့်အတွက်ကြောင့် မြူမှုန်ကင်း:၍ ရွှေရောင်အဆင်း:ရှိသော ကိုယ်ခန္ဓာ၏ပြည့်စုံခြင်း၊ တစ်သိန်း:မက တန်ဖိုး:ရှိသော အဝတ်တန်ဆာကိုရ၍ ထိုအဝတ်တန်ဆာ၌ အနီ၊ အညို၊ အဖြူ အရောင်သန်း:သော ရွှေချည်တို့.ဖြင့် ပြည်စုံသော အဝတ်တန်ဆာဝတ်ဆင်ရခြင်း၊ ထိုအပြင် အမျိုး:သား:များ:မှာ ဇဟိဘိက္ခုရဟန်း:ဖြစ်ရခြင်း၊ အမျိုး:သမီး:များ:မှာ ဝိသာခါကျောင်း:အမကြီး၊ ဗန္ဓုလစစ်သူကြီး:၏ဇနီး မလ္လိကာ၊ ဗာရာဏသီသေဋ္ဌေး:၏သမီး ဤသုံး:ဦး:တို့.အား:သာ ဝတ်ဆင်ကြရသော မဟာလတာတန်ဆာမျိုး ရခြင်း ဤအကျိုး:တို့.သည် မတောင်း:ဘဲရနိုင်သော အကျိုး:များဖြစ်ပါသည်။ ထိုကြောင့် ပညာရှိတို့.သည် –

ရွှေနှင့်ဝှစွာ၊ ကိုယ်ခန္ဓာနှင့်၊ မြူလွှာကင်းပ၊
ရွှေရောင်ခလျက်၊ မကသိန်းမီ၊ ပုဆိုးထည်ကား၊
ရွှေနီညိုဖြူ၊ ရွှေချည်ကူသည်၊ မှတ်ယူသင်္ကန်းလွှခြင်းအကျိုးတည်း။

သကျပုတ္တ၊ သမဏဟု၊ သာကိယဇာတ်၊ ရဟန်းမြတ်အား၊ လျောက်ပတ်တင့်ဆန်း၊ ဖန်သင်္ကန်းကို၊ လွှဒါန်းသည့်သူ၊ ယောကျ်ားမူကား၊ သုံးလူ့ဓိနော်၊ ဧဟိခေါ်၍၊ ဝါတော်သင့်၌၊ ခြောက်ဆယ်ရှိသား၊ ထေရ်ကြီးအလား၊ လွန်တည်ငြားလျက်၊ ရှစ်ပါးပရိက္ခရာ၊ လွယ်ပြီးကာလျှင်၊ မြတ်စွာရှေ့မှောက်၊ ရဟန်းမြောက်၍၊ ခန်းခြောက်အာသဝေါ၊ သန့်စင်ကြောင်း၊ သဘောမှတ်ယူ၊ မိန်းမမူကား၊ ရွှေဇူရာဇ်၊ ဦးသစ်သစ်နှင့်၊ ချိန်လစ်တစ်ထောင်၊ နိက္ခဆောင်၍၊ ထိန်ပြောင်စေသား၊ သောကွမ်းစားသည့်၊ မြသားတော်တို့၊ ရဲထိန်သန္တာ၊ ဗာဝီသာနှင့်၊ မုတ္တာဆယ့်ဆစ်၊ ရေတွက်စစ်လော့။ ကြွလျှစ်ရတနာ၊ သင့်ရာရာဝယ်၊ ကောင်းစွာငွေကြိုး၊ ချုပ်သိထိုးလျက်၊ အဖိုးကိုးကုဋေ၊ ထိုက်တန်ပေသည်၊ ရွှေပန်းတိမ်ငါးရာ၊ ရက်ကြာလေးလ၊ လုက်ခတစ်သိန်း၊ တွက်ကိန်းချုပ်ပြီး၊ ကန်းဆာကြီးကို၊ ငါးစီးဆင်ပြောင်၊ အားကိုဆောင်ထား၊ အခေါင်တုလွတ်၊ မိန်းမမြတ်တို့၊ ဝတ်ဆင်အပ်စွာ၊ မဟာလတာ၊ ပသာဒန၊ နာမစံနိပ်၊ ဇောင်ဘိသိက်ပန်း၊ နိဗ္ဗာန်နန်းသို့ ဆန်တက်မြန်းသည်၊ သင်္ကန်းဒါန အကျိုးတည်း။ အစရှိသည်ဖြင့် စပ်ဆိုတော်မူကြသည်။ **(စမ္မပဒ၊ ၁၊ ၂၄၉။)**

ဝိသာခါနုစဉ်ဘဝ အချိန်က ကဿပဘုရားရှင် လက်ထက်၌ နှစ်သောင်းသော ရဟန်းတော်တို့အား သင်္ကန်းလျှာပုဆိုးတို့ကို လွှဒါန်းခြင်း၊ အပ်ချည်၊ အပ်နှင့် ဆိုးရည်တို့ကို လွှဒါန်းခဲ့ခြင်း ဒါနကောင်းမှု အစုစုကြောင့် ယခုဘဝ၌ ဝိသာခါအမည်နှင့် အထက်တန်းလွှာအမျိုးသမီးဖြစ်၍ အစစအရာရာ အဆင့်အတန်းမြင့်မား၍ မဟာလတာတန်းဆာရခြင်း၊ ဆင်ပြောင်ငါးစီး၏ အားနှင့် ပြည့်စုံခြင်းဖြစ်၍ ထိုတန်းဆာကို ဝတ်စားဆင်ယင်နိုင်ခြင်း ဟုဆိုအပ်သော သင်္ကန်း အလွှ၏အကျိုးကို ခံစားရပါသည်။

ယောကျ်ားများ သင်္ကန်းလွှရခြင်း၏ ကောင်းမှုကြောင့် "ဧဟိဘိက္ခု" ဖြစ်ရသော အကျိုးပြဝတ္ထုများ ပိဋကတ်တော်၌ အများအပြားလာရှိပါသည်။ သင်္ကန်းမလွှခဲ့သဖြင့် "ဧဟိဘိက္ခု"မဖြစ်ကြသော ဗာဟိယဒါရုစီရိယ စသည့် ပုဂ္ဂိုလ်များကိုလည်း ပိဋကတ်တော်၌ တွေ့နိုင်ပါသည်။

ကျောင်းလှူကျိုးပြ သာဓက

ကျောင်းလှူဒါန်းသည့် ကျောင်းဒကာတို့ကို ဘုရားရှင်က မြတ်၏ဟူ၍ ချီးမွမ်းတော်မူ၏၊ ကျောင်းလှူသည့်ကျောင်းဒကာ ကျောင်းအမသည် အလုံးစုံသော အလှူကို လှူသည်မည်ကြောင်း သဂါထာဝဂ္ဂပါဠိ ကိဒဒသုတ် ၌ ဟောတော်မူပါသည်။

ကျောင်းကိုသာမက သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်စိုက်ပျိုးသူတို့သည် လည်းကောင်း၊ တောသစ်ပင် စိုက်ပျိုးသူတို့သည် လည်းကောင်း၊ တံတားခင်းခြင်း၊ တံတားတည်ဆောက်ခြင်း၊ ရေတွင်းတူးခြင်း၊ ရေအိုးစင်တည်ခြင်းနှင့် ကျောင်းဆောက်၍ လှူဒါန်းခြင်းတို့သည် လည်းကောင်း၊ နေ့စဉ်မပြတ် ကုသိုလ်များ တိုးပွားကြပါသည်။ တရားၦတည်လျက် အကျင့်သီလနှင့် ပြည့်စုံကြပါသည်။ သေသည့်အခါ မြေအိုးနှင့်တူသည့် လူ့ဘဝကို မရရှိမူ၍ ရွှေအိုးနှင့်တူသည့် နတ်ဘဝကိုသာ ရရှိကြကြောင်း ဟောတော်မူပါသည်။

(သဂါထာဝဂ္ဂသံယုတ်-၃၀၊ ၃၁။)

ကျောင်းလှူရခြင်း၏အကျိုးကို ဘုရားရှင်တို့သည်သာ ကုန်အောင် ဟောကြားတော်မူနိုင်ကြကုန်၏၊ ပါးစပ်ခံတွင်းပေါင်း တစ်သောင်းရှိသော ယောကျ်ားသည်ပင် ကျောင်းအလှူ၏ အကျိုးကို ကုန်အောင် မဟောနိုင်သည်၏ အဖြစ်ကိုလည်း ဗုဒ္ဓဝံသအဋ္ဌကထာ ဝေဠုဝန်ကျောင်းဆောက်လုပ်ပူဇော် ရေစက်ချပွဲတော်၌ မိန့်တော်မူပါသည်။ **(ဗုဒ္ဓဝံသ-ဋ္ဌ၊ ၂၅။)**

ကျောင်းလှူခြင်း အကျိုးကို မြတ်စွာဘုရားရှင် ဆက်လက်၍ ဟောကြားတော်မူပြန်သည်မှာ -

ဝေလာမပုဏ္ဏားကြီး အလှူထက်လည်းကောင်း၊ ဘုရားရှင်နှင့် ဘုရားအမှူးရှိသော သံဃာ ပစ္စေကဗုဒ္ဓါ အရိယာ (၈)ယောက်တို့အား ဆွမ်းကျွေးရသော ဒါနထက် လည်းကောင်း၊ သစ်ရွက်မိုး၍ (၄)တောင်ခန့် ကျယ်သော ကျောင်းကို စတုဒိသာ အာဂတာနာဂတ သံဃာတော်အား ရည်မှန်း၍ လှူဒါန်းဆောက်လုပ်ခြင်းက သာလွန်၍ မြတ်၏၊ အကျိုးရှိ၏ဟု ကျောင်းလှူရကျိုးကို ဘုရားရှင်သည် ဝေလာမသုတ္တန်၌ ဟောကြားတော်မူပါသည်။

(အံ၊ ၁၅၉၊ ဋ္ဌ၊ ၂၆၇။)

မြို့ဌဖြစ်စေ၊ တောဌဖြစ်စေ တစ်နေရာရာ သိုမဟုတ် လူသူလေးပါးနှင့် နီးသောနေရာ၊ ထိုနေရာ၊ ထိုဌာန၊ ထိုဒေသတို့ဌ သံဃာတော်များ သီတင်းသုံးနေရန် ကျောင်းကို ဆောက်လုပ်လူဒါန်းထားလျှင် (၀၊) ဆောက်လုပ်လူဒါန်းထားသောကြောင့် လူနတ်ဗြဟ္မာသတ္တဝါတို့သည် -

(၁) ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏမှ လွတ်မြောက်၍ နိဗ္ဗာန်ချမ်းသာကို ရရှိနိုင်ခြင်း။

(၂) ဘိက္ခုနီမတို့သည် ရဟန်းတို့၏နေရာဟု အမှတ်သင်္ကေတ ထားရှိနိုင်ခြင်းဖြစ်သည့်အပြင် ဖူးလိုမြင်လိုသော သူတို့သည်လည်း ထိုရဟန်းသံဃာတို့ကို လွယ်ကူစွာ ဖူးမြင်နိုင်ခြင်း အကျိုးနှစ်မျိုး ရရှိပေ၏။

ထိုအကျိုးနှစ်မျိုးကို မြင်တော်မူသော ဘုရားရှင်တို့သည် ကျောင်းအလှူကို ချီးမွမ်းတော်မူ၏၊ ကျောင်းအလှူကို ခွင့်ပြုတော်မူအပ်၏။

မှန်ပါသည်၊ မည်သူမဆို မိမိနေရာနှင့် ရဟန်းသံဃာတော်များနေသော ကျောင်းနေရာ ဝေးလျှင် ဝေးသလို သွားရေးလာရေး မလွယ်ကူသဖြင့် ကျောင်း တစ်ခေါက်ရောက်ဖို့ရာ မလွယ်ကူသည့်အတွက် ရဟန်းသံဃာများ ဖူးတွေ့ရန် မလွယ်ကူပါ၊ မလွယ်ကူသည်နှင့်အမျှ တရားနာရန် တရားအားထုတ်ရန် မလွယ်။

ဤသို့တရားနာရန် တရားအားထုတ်ရန် မလွယ်သည်ရှိသော် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့မှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရရန်လည်း မလွယ်တော့ပါ။

ကျောင်းလူကျိုး ၈-မျိုး

ရွှေဘုံပေါ်ပေါက်၊ထိတ်ကြောက်လန့်ကင်း၊ ဆေးရန်ရှင်း၏၊ ကြောက်ခြင်းယက္ခ၊ ပါပမဖက်၊ ဘဝဆက်သိ၊ မြဲသတိသည်၊ ကုဋိကျောင်းလူ ရှစ်မျိုးတည်း (ရှေးဆရာ။)

ရောဟဏီမင်းသမီးသည် နုနာရောဂါ စွဲနေရာမှ ဆွမ်းစားကျောင်းဆောက်လှူပြီး နေ့စဉ် ရှင်းလင်းခြင်း၊ ရေခပ်ခြင်း, ရေလောင်းခြင်းဖြစ်သော

ဝတ်နီဗဒ်များ ပြုလုပ်၍ နူနာရောဂါများ ပျောက်ကင်းသွား၏၊ လူ့ပြည်မှ စုတေသောအခါ၌လည်း နတ်သမီးဖြစ်သွားပြီး နတ်သား လေးဦး လုကြရာမှ သိကြား:မင်း၏ မိဖုရားကြီး ဖြစ်သွား:ရ၏၊ ကျောင်းလူခြင်း၏ အကျိုး:တည်း။
(ဓမ္မပဒ၊ ၎၊ ၁၉၂)

မြက်မိုး:ကျောင်းလူ နိဗ္ဗာန်ယူ

ဆင်း:ရဲလွန်းလှ၍ သူတပါး:အိမ်၌ နေရပြီး အသက်မွေး:ဝမ်း:ကျောင်း ပြုနေရရှာသည့် ဆင်း:ရဲသား:တစ်ဦး:သည် မလှူခဲ့၍မရှိ၊ မရှိ၍ မလှူလျှင် ပစ္စုပ္ပန် သံသရာ၌ ဆင်း:ရဲတွင်း:နက်သည်ထက် နက်ရမည့်အချက်ကို ဉာဏ်ဖြင့် ဆင်ခြင်မိ၍ လူဖြစ်မရုံး:အောင်ဟု သံဝေဂသတိဖြင့် အောက်မေ့ပြီး အလုပ်ရှင်တို့အား တစ်ရက်တာမျှ ခွင့်ပေး:တော်မူကြပါရန် အသနား:ခံ တောင်း:ပန်လျက် တောသို့သွား:ကာ ကြိမ်နွယ် သစ်ဝါး သက်ငယ်မြက်များဖြင့်ပြီး:သော ကျောင်း:ငယ်တစ်ခုကို တစိနေ့ဖြင့် အပြီး ဆောက်လုပ်၍ ဝိပဿီ မြတ်စွာဘုရား အမှူး:ရှိသော သံဃာတော်အား လှူဒါန်း:လေသည်၊ သေသောအခါ တာဝတိံသာနတ်ပြည်ဝယ် စည်း:စိမ်ကြီး:ကျယ်စွာ ခံစား:ရ၍ ၉၁-ကမ္ပာတိုင်တိုင် အပါယ်မလား:ဘဲ အထက်ဖေါ်ပြပါ ကျောင်း:လူရကျိုး (၈)မျိုး:နှင့် ဉာဝတိုင်း: ခံစား:ရ၍ ဂေါတမမြတ်စွာဘုရား:လက်ထက် ချမ်း:သာသော အမျိုး:သား:ဖြစ်ပြီး: သာသနာ့ဘောင် ရောက်ကာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်၏၊ သက်ငယ်(မြက်)မိုး: ကျောင်း: ဆောက်လုပ်ခဲ့သော ကုသိုလ်ကောင်းမှုကို စွဲ၍ တိဏကုဋိက ဒါယကမထေရ် အမည်တွင်၍ ပရိနိဗ္ဗာန်စံဝင်လေ၏။

(ထေရာပဒါန်၊ ပ၊ ၃၁၁။)

မဟာကပ္ပိနမင်း:နှင့် အနောဇာဒေဝီတို့သည်လည်း· သစ်ရွက်မိုး:သော ဝါဆိုကျောင်း:ငယ် တစ်ထောင်ဆောက်လုပ် လှူဒါန်း:ခဲ့ကြခြင်း:နှင့် ဝါဆိုသင်္ကန်း: များလည်း လှူဒါန်း:ခဲ့ကြခြင်း:ကြောင့် သံသရာ၌ အဆင့်အတန်း:မြင့်ကြပြီး: ယခု ဂေါတမမြတ်စွာဘုရား:လက်ထက်၌လည်း အဆင့်အတန်း:မြင့်ကြ၍ နိဗ္ဗာန်ရောက်ကြရပါသည်။ (ဓမ္မ၊ ၎၊ ၁၊ ၃၅၁။)

ဆေးလှူကျိုးပြ သာဓက

ဆေးလှူရကျိုးနှင့် ပတ်သက်၍ **"အနာမဲ့သူ ရှင်ဗာကူ"** ဟူသော ဆိုစကားနှင့်အညီ မြတ်စွာဘုရားလက်ထက်က အနာရောဂါကင်းသူတို့တွင် အရှင်ဗာကုလသည် အသာဆုံး အမြတ်ဆုံးဖြစ်၍ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်ကပင် –

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အပ္ပါဗာဓာနံ ယဒိဒံ ဗာကုလော"ဟု အင်္ဂုတ္တိုရ်ပါဠိတော် ဧကကနိပါတ်၌ မိန့်တော်မူ၏။

ထိုသူငယ်သည် အနှစ် (၈၀)တိတိ သေဌေးမျိုးနှစ်မျိုးတို့၌ တစ်လှည့်စီ (အကအခုန်များနှင့်) ငါးပါးအာရုံကာမဂုဏ်ကို တဝကြီး ခံစားခဲ့ပြီး အနှစ် (၈၀)ပြည့်လျှင် ရဟန်းပြုလေ၏၊ ရဟန်းဘဝ၌ပင် အနှစ်(၈၀)နေရ၍ သက်တော် (၁၆၀) ရှည်တော်မူခြင်း၊ ရုပ်ရေအဆင်း လွန်မင်းလှပခြင်း၊ ထိုသူငယ်ရောက်သောအချိန်မှစ၍ သေဌေးမျိုးနှစ်မျိုးလုံး၌ စီပွားရေးကြီးပွားရေး တိုးတက်များပြား၍ ချမ်းသာသုခရသည့်အပြင် ရဟန်းဘဝရောက်သော အခါ၌လည်း ပစ္စည်းလေးပါး မချို့တဲ့ဘဲ ပေါများ၏၊ ချမ်းသာသုခရခြင်း၊ ခွန်အားကောင်းခြင်း၊ ရဟန်းဘဝရောက်ပြီး ရှစ်ရက်မြောက်နေ့၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်သွားနိုင်သည်အထိ ဉာဏ်ပညာ ကောင်းခြင်း၊ ကျော်စောသတင်းပျံ့နှံ့ခြင်း၊ အခြံအရံလွန်များခြင်း၊ ငါး၏ ဝမ်းဗိုက်ကြီးထဲ ရောက်ရပါလျက် မသေမပျောက် ရောဂါကင်းခြင်း၊ ရန်သူဟူသရွေ့ ကင်းပ၍ ဆင်းရဲမှု မရောက်ရခြင်း၊ လူအများနှင့် နတ်အများတို့က ရိုသေခြင်း၊ ချစ်ခင်သူ ပေါများခြင်း၊ အကျိုးတို့ကို ရရှိခဲ့လေ၏။ ဤအကျိုး (၁၀)ပါးတို့ကို ဆေးလှူသော သူတို့သည်သာ ရကြပေ၏။

ဆေးလှူဒါန်းခဲ့သည့် ဗာကုလ၏ ဇာတ်လမ်းမှာ ကောသမ္ဗီသူဌေး တစ်ဦး၏သူဌေးကတော်သည် သားယောကျ်ားတစ်ဦး ဖွားမြင်လာသည့် အခါ ထိုသားကလေးရောဂါကင်း၍ အသက်ရှည်ခြင်းနှင့်ပြည့်စုံရန် ရည်သန်ကြ၍ ယမုံနာမြစ်ဆိပ်သို့သွား၍ နို့ထိန်းသည်သည် ကလေးကို ရေချိုးပေးနေစဉ် နို့ထိန်းလက်မှ ကလေးကို ငါးကြီးတစ်ကောင် ဆွဲမျိုသွား လေ၏။ ကလေး၏ တန်ခိုးကြောင့် ကလေးမသေသည့်ပြင် ငါးကြီးသည်

ပူလောင်သော ဝေဒနာကို ခံစားရလျက် ယူဇနာသုံးဆယ်ရှိသော ဗာရာဏသီမြို့. တိုင်အောင် သောအရပ်သို့ ပြေးသွားလေတော့၏။

တံငါများ၏ ပိုက်ကွန်၌ မိသောအခါ လှည့်လည်ရောင်းချကြစဉ် သားသမီးမရှိသော သူဌေးတစ်ဦးက ဝယ်ယူ၍ ဆေးကောင်ကိုယ်တိုင် ငါး၏ ကျောက်ကုန်းကို ခွဲလိုက်ရာ ရွှေအဆင်းရှိသော ကလေးကိုတွေ့ရ၍ သေဌေးကြီးအားပြရာ သူဌေးကြီးမှ တစ်ဆင့် ဘုရင်ကြီးထံရောက်၍ သွားလေ၏။ ကောသမ္ဗီပြည်ရှိ မိဘအရင်းများနှင့် သူပိုင်ငါပိုင်အငြင်းပွားကြရာမှ သေဌေးနှစ်ဦးလုံး ပိုင်ဆိုင်ခွင့်ရကြပြီးလျင် နှစ်ဦးလုံး၏ လက်ဝယ်၌ ကြီးပွားခဲ့ရသဖြင့် ဗာကုလ (နှစ်ခုသော အမျိုးရှိသူ) အမည်ရပြီး အနှစ်ရှစ်ဆယ် အရွယ်ရောက်မှ ရဟန်းပြုလေ၏။

ထိုသို့ ဘဝ အကျိုးပေးထူးခြားခြင်းမှာ ကမ္ဘာတစ်သိန်းက အနောမဒဿီ ဘုရားရှင် လေနာရောဂါဖြစ်နေသောအချိန် ဗာကုလအလောင်း အဘိညာဉ်ရ ရသော့သည် တောတောင်တို့၌ရှိသော သစ်မြစ်၊ သစ်ဥ၊ ဆေးများစုဆောင်း၍ လှူဒါန်းခဲ့ရသော ကုသိုလ်ကြောင့် ဘဝအဆက်ဆက် ဒုဂ္ဂတိဘုံမရောက်တော့ဘဲ သုဂတိဘုံသို့ ချည်းသာ ရောက်၍ ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်၌ ဟံသာဝတီပြည်၌ အမျိုးကောင်းသားဖြစ်သောအချိန် ပဒုမုတ္တရ မြတ်စွာဘုရားသည် ကျန်းမာခြင်းနှင့် ပြည့်စုံသောရဟန်းတစ်ပါးအား ဇတဒဂ်ပေးသည်ကို အားကျပြီး နောင်ဘုရားများထံ အပွာဗာဓ ဇတဒဂ်ရရန် ဆုတောင်းခဲ့လေ၏။ ဝိပဿီဘုရား လက်ထက်၌ စျာန်ရရသေ့ဖြစ်ကာ မြတ်စွာဘုရားကို လုပ်ကျွေးပြုစုလျက် ဘုရားအမှူးရှိသော သံဃာတော်များအား ဆေးများကို လှူဒါန်းခဲ့ပြီး ထိုဘဝမှ ဇာတ်မာပြည်ရောက် ပြန်လေ၏၊ ကဿပဘုရား လက်ထက်၌လည်း သာသနာတော်ကို ထောက်ပံ့၍ အချိန်ကုန်ခဲ့၏။ ဂေါတမမြတ်စွာဘုရား လက်ထက်၌ ကောသမ္ဗီသူဌေးနှင့် ဗာရာဏသီ သူဌေး နှစ်ဦးအိမ်၌ ဖြစ်ရ၍ (ကောသမ္ဗီပြည် သူဌေးမျိုးမှ မွေးဖွား၍ ဗာရာဏသီပြည် သူဌေးများပါ မိဘတော်စပ်ကြပြီး) ရဟန်းဘဝ ရောက်ရလေ၏။

ဆေးလှူခဲ့သော အနောမဒဿီဘုရားလက်ထက်မှစ၍ ဗာကုလအဖြစ်ဖြင့် ပရိနိဗ္ဗာန်ဝင်သည့်တိုင်အောင် ချေဆပ်၊ ချောင်းဆိုးရောဂါမျိုးမျှ မကပ်ရောက်ဘဲ

ကျန်းမာရေး ပြည့်စုံသည့်အပြင် ဆေးအကျိုးဆယ်မျိုးလုံးနှင့် ပြည့်စုံရရှိ၍ ဇတဒဂ်ဘွဲ့ထူးဖြင့် ချီးမြှောက်မှုခံရလေသည်။

(အံ၊ ၁။ ၂၅၊ ဋ္ဌ၊ ၁၊ ၂၃၆။)

သို့ဖြစ်၍ သာသနာတော်ကြီးနှင့် ကြွကြွိုက်ခိုက် သာသနာ့ဝန်ထမ်း ရဟန်းတော်များအား ပစ္စည်းလေးပါးရှိသည့်အနက် ဆေးပစ္စည်းများကိုလည်း လှူဒါန်းသင့်ပေသည်။

ဆေးလှူရကျိုး ၁၀-မျိုး

သက်ရှည်ဆင်းလှ၊ ဗလပညာ၊ ချမ်းသာကျော်ခြင်း၊ ဘေးကင်းရန်ပ၊ များကရိသေ၊ ချစ်ခင်ပေ၊ ဆယ်ထွေဆေးလှူအကျိုးတည်း။ (အပ၊ ၃၆၃။)

လှူတတ်လျင်ဆေး မလှူတတ်လျင်ဘေး

မိမိရှာဖွေစုဆောင်းထားသည် ပစ္စည်းဥစ္စာတို့ကို တောဒေယျ ပုဏ္ဏားကြီး ကဲ့သို့ မြေထဲ၌ မြှုပ်မထားသင့်ကြပေ။ ဘုရားရှင်သည် သာဝတ္ထိပြည် ဆွမ်းဒကာ ကုဋုမ္ဗိကသေဋ္ဌေးအား ဆွမ်းအနုမောဒနာ ဟောကြားတော်မူရာ၌ မိမိရှာဖွေစုဆောင်းထားသည့် ပစ္စည်းဥစ္စာတို့ကို ရန်သူမျိုးငါးပါး မသိမ်းဆည်း မယူနိုင်ဘဲ နိဗ္ဗာန်ရောက်မည့် ဘဝတိုင်အောင် မိမိနောက် အမြဲပါနိုင်မည့် အနုဂါမိကကုသိုလ်ရွှေအိုးကြီးကိုသာ မြှုပ်နှံ သိမ်းဆည်း ထိုက်ကြောင်း ခုဒ္ဒကပါဌပါဠိ၊ နိဓိကဏ္ဍသုတ်၌ ဟောထားပါသည်။

လူသားတိုင်းသည် ပစ္စည်းဥစ္စာရှာကြ၏၊ ထိုရှာဖွေထားသော ပစ္စည်း ဥစ္စာများကို သာသနာ့ဥယျာဉ်ထဲ ကြဲချစိုက်ပျိုးသောအားဖြင့် လှူဒါန်းမှုပြုပါလျှင် ပစ္စည်းရှင်အား ပစ္စည်းများက ဘေးမဖြစ်စေဘဲ၊ ဆေးအဖြစ် ကျေးဇူးပြု၍ ထိုပစ္စည်းဆေးများက ထိုလှူဒါန်းသူ ပစ္စည်းရှင်အား အပါယ်ရောဂါဘေးတွေ ကင်းပြီး သုဂတိဖြစ်သော လူ့ဘဝ နတ်ဘဝ ဖြစ်ရလေအောင် ကျေးဇူးပြုနိုင်သည့်အပြင် ထိုလူ့ဘဝ နတ်ဘဝ တို့၌လည်း စားဝတ်နေရေး ကျပ်တည်းသော ဘေးတွေ မတွေ့မကြုံရလေအောင် ကျေးဇူးပြုကြပေတော့၏။

နောက်ဆုံး ထိုသုဂတိဘဝ၌ပင် အိုနာသေရောဂါလေးထွေ ကင်းပြီး ရုပ်နာမ်ရောဂါခပ်သိမ်း၊ ရုပ်နာမ်ဒုက္ခခပ်သိမ်းကင်းငြိမ်း၍ အေးမြသော

နိဗ္ဗာန်ချမ်းသာကြီးကိုပင် ထိုပစ္စည်းများက ရရောက်နိုင်သည်အထိ ကျေးဇူးပြုပေ၏၊ သို့အတွက် ပစ္စည်းဥစ္စာ စိန်၊ ရွှေ၊ ငွေ ရတနာ ဟူသမျှသည် မသုံးတတ်လျှင် အပါယ်ဘေးရောဂါများ ဖြစ်နိုင်၏။ စားဝတ်နေရေး ကြပ်တည်းသော ဘေးရောဂါများလည်း ရနိုင် ရောက်နိုင်ပြီး ရုပ်နာမ်ရောဂါများပါ မသိမ်းနိုင်ဘဲ ဖြစ်တတ်၏။ လှူဒါန်းမှုဒါနဖြင့် သုံးတတ်လျှင် အပါယ်ဘေးလည်း လွတ်မြောက်နိုင်၏၊ စားဝတ်နေရေး ကြပ်တည်းသော ဘေးများလည်း လွတ်မြောက်နိုင်၍ ရုပ်နာမ်ဒုက္ခရောဂါ ဟူသမျှ ကင်းပျောက်ချုပ်ငြိမ်းနိုင်သော ဆေးတော်ကြီးပင် ဖြစ်ပေတော့၏။

ယခုဒါနပြု ယခုအကျိုးပေး

ဒါနပြုရာ၌ ဒါနရှင် အလှူရှင်တို့သည် ပစ္စုပ္ပန်တမလွန် (၂)တန် အကျိုးပေးသည်ကို ယုံကြည်ကြ၏၊ အထူးအားဖြင့် "ရော့ပတ္တမြားရော့နဂါး"ဆိုသကဲ့သို့ လက်တွေ့အကျိုးပေးသည်ကို အလွန်အလိုရှိကြ၏။ ယခုဒါနပြု ယခုအကျိုးပေးနိုင်ရန် ချက်ချင်းလက်ငင်း အကျိုးပေးနိုင်ရန် သမ္ဗဒါအင်္ဂါ လေးပါးနှင့် ပြည့်စုံရပေမည်။

၁။ ပစ္စယဓမ္မိက = သူတစ်ပါးတို့ထံမှ ခိုးဝှက်တိုက်ခိုက် လိမ်လည်၍မယူဘဲ တရားသဖြင့် ရှာမှီး၍ ရရှိသော ပစ္စည်းဖြစ်ခြင်း၊ (၀၊) စင်ကြယ်သော အလှူဝတ္ထုပစ္စည်းဖြစ်ခြင်း၊

၂။ စေတနာမဟတ္တ = စေတနာသုံးတန် လွန်ကဲမွန်မြတ်ခြင်း၊

၃။ ဂုဏာတိရေကာ = အလှူခံပုဂ္ဂိုလ်တို့တွင် ဂုဏ်အားဖြင့် လွန်ကဲမြင့်မြတ်သော ရဟန္တာပုဂ္ဂိုလ်ဖြစ်ခြင်း၊

၄။ ဝတ္ထုဩသမ္ပတ္တိ = ထိုရဟန္တာအရှင်မြတ် နိရောဓသမာပတ်မှ ထခိုက်ကြုံခြင်း။

ဤအင်္ဂါ (၄)ပါးနှင့် ပြည့်စုံလျှင် ယခုဒါနပြု ယခုအကျိုးပေးနိုင်ပါသည်။ ယခုဘဝ၌ပင် ဒိဋ္ဌဓမ္မအကျိုးပေးနိုင်ပါသည်။ (မ၊ ၃၊ ၃၀၀။ ဋ္ဌ၊ ၂၂၇။ အံ၊ ၅၊ ၃၃။ ဋ္ဌ၊ ၂၀။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၅၉။ အဘိ၊ ၁၊ ဋ္ဌ၊ ၂၀၆။)

ယင်းသို့ ယခုဒါနပြု ယခုအကျိုးပေးသည့် ဒိဋ္ဌဓမ္မဝေဒနိယ ကုသိုလ်ကံ၏ အကျိုးကို ခံစားရသော ပုဂ္ဂိုလ် (၇)ယောက်ရှိပါသည်၊ ယင်း (၇)ယောက်တို့မှာ သုမနပန်းသည်၊ ဧကသာဋကပုဏ္ဏား၊ ပုဏ္ဏကျွန်၊ မလ္လိကာဒေဝီ၊ ဂေါပါလမာတာဒေဝီ၊ သုပ္ပိယာ ဥပါသိကာ၊ ပုဏ္ဏာကျွန်မတို့ဖြစ်ကြပါသည်။ **(မိလိန္ဒ-၁၂၀၊ ၂၈၁။)**

ဒါနရှင် အလှူရှင်တို့လည်း ယခု ဒါပြု ယခုအကျိုးပေးရန် အထက် ဖေါ်ပြပါ အင်္ဂါများနှင့် ညီညွတ်မှသာ လက်ငင်းမှုချ ဒိဋ္ဌဓမ္မ အကျိုးပေးနိုင်မည် ဖြစ်ကြောင်း သတိချပ်၍ သိမှတ်သင့်ပေသည်။

သာသနာတွင်းမှာ လှူဒါန်းပါ

ဝေလာမပုဏ္ဏားသည် ငွေဖြင့်ပြည့်သောရွှေခွက်၊ ရွှေဖြင့်ပြည့်သောငွေခွက်၊ ရတနာခုနစ်ပါးဖြင့် ပြည့်သော ကြေးခွက်၊ ရွှေတလား၊ ရွှေတံခွန်၊ ရွှေကွန်ရက်တို့ဖြင့် တန်ဆာဆင်ထားသော ဆင်ရေ၊ ခြင်္သေ့ရေ၊ သစ်ရေ၊ ကျားရေ စသော တန်ဆာတို့ဖြင့် တန်ဆာဆင်ထားသော ရထား၊ ဘွဲ့ဖြူပုဆိုးအခင်း၊ နို့ရေခဲ ငွေခွက်နှင့်တကွသော နွားမ၊ ပတ္တမြားနားတောင်းဝတ်ဆင်ထားသော အမျိုးသမီးကညာ၊ မွေးရှည်ကော်စောကြီး စသည်တို့ဖြင့် တန်ဆာဆင်ထားသော ပလ္လင်၊ သိမ်မွေ့နူးညံ့သော ခေါမပုဆိုး၊ ပိုးချည်အဝတ်၊ ကမ္ဗလာထည်၊ ဝါချည်အဝတ်အထည် ၈၄၀၀၀ တို့ကို ၇-နှစ် ၇-လ ပတ်လုံး လှူဒါန်း၏။

ထမင်း၊ အဖျော်၊ ခဲဖွယ်၊ ဘောဇဉ်၊ လျက်ဖွယ်၊ သောက်ဖွယ်တို့၏ အတိုင်းအရှည် အပိုင်းအခြားကား ဆိုဖွယ်ရာမရှိ၊ မြစ်ရေစီးဆင်းသည့် ပမာ မျှားစွာလှူဒါန်း၏။

ဝေလာမပုဏ္ဏားသည် ဤမျှကြီးကျယ်သော အလှူကြီးကို ပေးလှူခဲ့၏၊ ထိုသို့ပင် ကြီးကျယ်သော အလှူကြီးကို ပေးလှူပါသော်လည်း သာသနာပအခါဖြစ်၍ သရဏာဂုံ၊ သီလရှိသူ အလှူခံပုဂ္ဂိုလ်ကို မရရှိခဲ့၊ သာမန်လူဝတ်ကြောင်များအား သာ ပေးလှူခဲ့ရသဖြင့် ယင်းဝေလာမပုဏ္ဏား၏ မဟာဒါနအလှူကြီးသည် အကျိုးပေး အားနည်း၏။ ထိုထက် သရဏာဂုံတည်သူအား လှူရခြင်းက ပို၍

အကျိုးများ၏။ သရဏဂုံနှင့် သီလရှိသူအား လှူရခြင်းထက် သောတာပန်တစ်ပါးအားလှူရခြင်းက ပို၍အကျိုးများ၏။ သောတာပန်တစ်ရာ ဆွမ်းလှူရခြင်းထက် သကဒါဂါမ် တစ်ပါးအား ဆွမ်းလှူရခြင်းက ပိုပြီး အကျိုးများ၏။

သကဒါဂါမ်ရဟန်းတစ်ရာအား ဆွမ်းလှူရခြင်းထက် အနာဂါမ်ရဟန်းတစ်ပါးအား ဆွမ်းလှူရခြင်းက ပို၍ အကျိုးကြီး၏။

အနာဂါမ်ရဟန်းတစ်ရာအား ဆွမ်းလှူဒါန်းရခြင်းထက် ရဟန္တာတစ်ပါးအား ဆွမ်းလှူဒါန်းရခြင်းက ပို၍ အကျိုးကြီး၏။

ရဟန္တာအပါးတစ်ရာ ဆွမ်းလှူဒါန်းရခြင်းထက် ပစ္စေကဗုဒ္ဓါတစ်ဆူအား ဆွမ်းလှူဒါန်းရခြင်းက ပို၍ အကျိုးကြီး၏။

ပစ္စေကဗုဒ္ဓါအဆူတစ်ရာအား ဆွမ်းလှူဒါန်းရခြင်းထက် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တစ်ဆူအား ဆွမ်းလှူဒါန်းရခြင်းက ပို၍ အကျိုးကြီး၏။

သမ္မာသမ္ဗုဒ္ဓဘုရားရှင်အား ဆွမ်းလှူဒါန်းရခြင်းထက် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား ဆွမ်းလှူဒါန်းရခြင်းက ပို၍ အကျိုးကြီး၏။

ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းရခြင်းထက် စာတုဒ္ဒိသသံဃာကို ရည်စူး၍ စာတုဒ္ဒိသသံဃိက ကျောင်းဆောက်လုပ်လှူဒါန်းရခြင်းက သာလွန်ပြီး အကျိုးကြီး၏။

(အံ၊ ၃၊ ၁၉၅။ အံ၊ ဋ္ဌ၊ ၃၊ ၂၆၈။)

ထို့ကြောင့်၊ ကြံထောင့်ကြံခဲ သာသနာတွင်း၌ ကြံကြိုက် ဆုံတိုက်စဉ် ကာလဖြစ်သော ယခုလိုအချိန်မျိုး၌ ဒါနမျိုးစေ့ကို အထူး အားထုတ်၍ စိုက်ပျိုးသင့်လှပေ၏။

ဒါနပြုခြင်း စစ်ခင်းသည့်ဥပမာ

လောက၌ အသက်သေရမှာကို ကြောက်ရွံ့သောသူသည် စစ်မတိုက်ဝံ့သကဲ့သို့ မိမိပစ္စည်းဥစ္စာ ကုန်သွားမှာကို ကြောက်ရွံ့သော သူသည်လည်း မပေးမလှူဒါန်းနိုင်။

အသက်ကိုလည်း စောင့်ရှောက်မည်၊ စစ်ကိုလည်းတိုက်မည်ဟု ဆိုသော သူသည် မည်သည့်အချိန်အခါမျှ စစ်မတိုက်ဖြစ်။ အသက်ကို မငဲ့ကွက်ဘဲ သေချင်လျှင် သေပါစေဟုဆိုကာ စွန့်လွှတ်နိုင်မှသာ စစ်တိုက်နိုင်၏။

ထိုနည်းတူစွာ၊ မိမိပစ္စည်းဥစ္စာကိုလည်း စောင့်ရှောက်ထိန်းသိမ်းမည်၊ အလှူလည်းပေးမည်ဟု ဆိုသောသူသည် မည်သည်အချိန်အခါမျှ ပေးကမ်းလှူဒါန်း နိုင်လိမ့်မည်မဟုတ်။ ပစ္စည်းဥစ္စာ ကုန်ချင်ကုန်ပါစေဟုဆိုကာ ပစ္စည်းဥစ္စာ တွယ်တာကပ်ငြိမှု အာလယပြတ်မှသာ ပေးကမ်းလှူဒါန်းနိုင်ပါ၏။

စစ်တိုက်ရာ၌ စစ်သည် အနည်းအများသည် လိုရင်းပဓာနမဟုတ်ဘဲ ရဲစွမ်းသတ္တိရှိ မရှိသာ လိုရင်းပဓာနဖြစ်၏။ စစ်သည်အင် အားနည်းပါးသော်လည်း ရဲစွမ်းဆတ္တိရှိလျှင် သတ္တိညံ့၍ ကြောက်ရွံ့တတ်သော သူရဲဘောနည်းသော ရန်သူစစ်သည်အင်အား အများကို အနိုင်ရသကဲ့သို့ ယုံကြည်မှု သဒ္ဓါစသည်တို့နှင့် ပြည့်စုံသောသူသည် အနည်းငယ်သောလှူဖွယ် ဝတ္ထုကို ပေးကမ်းလှူဒါန်းသော်လည်း များစွာသော နွေမြောဝန်တိုမှု မစ္ဆရိယရန်သူကို နင်းချေနိုင်၏။ ယုံကြည်မှုသဒ္ဓါစသည်ကို အခြေခံ၍ လှူဒါန်းလျှင် ညောင်စေ့သဖွယ် အနည်းငယ်လှူသော်လည်း ညောင်ပင်ကြီးပမာ များစွာသော အကျိုးကိုရနိုင်၏။ ထို့ကြောင့် ပေးလှူခြင်းနှင့် စစ်တိုက်ခြင်း တူသည်ဟု ဆိုရ၏။

ဒါနသူရပုဂ္ဂိုလ်

ရတနာသုံးတန်နှင့် ကံ ကံ၏အကျိုးကို သက်ဝင်ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပေါ်မှသာ ပေးလှူနိုင်သည်။ မပေးလှူနိုင်သူများသည် သက်ဝင်ယုံကြည်မှု သဒ္ဓါတရား မဖြစ်ပေါ်သောသူ၊ သဒ္ဓါတရားမရှိသူသာဖြစ်၏။ ပုထုဇဉ်, သေက္ခ, ရဟန္တာမည်သည့် အလှူခံပုဂ္ဂိုလ်အားပင် လှူသည်ဖြစ်စေ၊ ကံ, ကံ၏အကျိုးကို သက်ဝင်ယုံကြည်၍ ကြည်လင်သောစိတ်ဖြင့်သာ ပေးလှူရမည်။ ပေးလှူခြင်းသည် အကျိုးရှိ၏ဟု သက်ဝင်ယုံကြည်မှု သဒ္ဓါမျှဖြင့်သာ ရပ်တည်တင်းတိမ်နေသူသည် ပေးလှူရဲသူ ဒါနသူရ မမည်သေးပေ။ သက်ဝင်

ယုံကြည်ရုံမျှမက ပစ္စည်းဝတ္ထုတစ်ခုခုကို လက်တွေ့ ရဲရဲရင့်ရင့် စွန့်ကြဲနိုင်သူ သည်သာ ပေးလှူရဲသူ ဒါနသူရ ပုဂ္ဂိုလ်မည်၏။

(ဒီ၊ ဋ္ဌ၊ ၁၊ ၂၆၆။ အံ၊ ဋ္ဌ၊ ၃၊ ၂၀။ ဒီ၊ ဋီ၊ ၁၊ ၃၂၅။)

အလှူညောင်စေ့မျှ ကျိုးရညောင်ပင်ပမာတင်

ဇနီးမောင်းနှံနှစ်ဦးလုံး၌ အပေါ်ရုံစုလျားတစ်ထည်သာရှိ၍ ယင်းအပေါ်ရုံစုလျားကို ဝိပဿီဘုရားရှင်အား လှူဖို့ရန် ညဉ့်ဦးယံ, သန်းခေါင်ယံ နှစ်ယံတိုင်တိုင် မစ္ဆရိယ ရန်သူကို တွန်းလှန်တိုက်ဖျက်လျက် မိုးသောက်ယံ ရောက်မှ အထမြောက်အောင်မြင်စွာ လှူဒါန်းနိုင်သဖြင့် မျက်မှောက်ဘဝ၌ပင် ဗန္ဓုမမင်းကြီး၏ဝတ်စုံ ၃၂-စုံဖြင့် ချီးမြှောက်ပူဇော်ခြင်းခံရသော ဇကသာဋကပုဏ္ဏားဝတ္ထု။ **(အံ၊ ဋ္ဌ၊ ၁၊ ၁၃၀-၁။)**

ဂေါတမဘုရားရှင်အား အပေါ်ရုံ စုလျားတစ်ထည်လှူဒါန်းခြင်းကြောင့် ပဿေနဒီ ကောသလမင်းကြီး၏ ဝတ်စုံ ၃၂-စုံဖြင့် ချီးမြှောက်ပူဇော်ခြင်းခံရသော စူဠဋကသာဋကပုဏ္ဏားဝတ္ထု။ **(ဓမ္မ၊ ဋ္ဌ၊ ၂၊ ၂။)**

ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးအား သင်္ကန်းအနားပတ်လှူဒါန်းခဲ့ခြင်းကြောင့် မင်းဖြစ်သောအခါ၌ နတ်၌ဖြစ်သော ပုဆိုးပဒေသာ ၃၂-ပင် ပေါက်လာရသော အရှင်မဟာကဿပအလောင်း နန္ဒမင်း၏ဝတ္ထု။

(အံ၊ ဋ္ဌ၊ ၁၊ ၁၃၁-၅၊ ပေတ၊ ဋ္ဌ၊ ၆၈-၉။)

အရှင်သာရိပုတ္တရာအား ပုဆိုးကြမ်းတစ်ထည်နှင့် တစ်ယောက်စာ နို့ဃနာဆွမ်းကို လှူဒါန်းခဲ့ခြင်းကြောင့် နှစ်ရက်တည်းဖြင့်ပင် ဆွမ်းအုပ်ပေါင်း (၁၀၀၀)၊ ကမ္မလာပုဆိုးပေါင်း (၁၀၀၀) ရရှိသော တိဿသာမဏေ ဝတ္ထု။

(ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃၃၃။)

ဘုရားရှင်အား ပန်းရုစ်ဆုပ် လှူဒါန်းပူဇော်ခဲ့ခြင်းကြောင့် ဆင်မြင်းစသည် ရုစ်ခုစီ ရသော ဆုလာဘ်တို့ကို ယခုမျှက်မှောက်ဘဝမှာပင် ရရှိခံစားရသော သုမနပန်းသည် ဝတ္ထု။ **(ဓမ္မ၊ ဋ္ဌ၊ ၁၊ ၃၀၆။)**

ပဒုမုတ္တရဘုရားရှင်၏ သုဇာတမည်သော တပည့်သာဝကအား ပုဆိုးတစ်ပိုင်း လှူဒါန်းခဲ့ခြင်းကြောင့် လူ့စည်းစိမ် နတ်စည်းစိမ် အကြိမ်ကြိမ် ခံစားပြီးလျှင် နောက်ဆုံးဘဝ၌ အလိုရှိခဲ့ပါမူ တော, တောင် အရပ်မျက်နှာရှိသမျှကို ခေါမပုဆိုးတို့ဖြင့် ဖုံးလွှမ်းနိုင်သည်အထိ အကျိုးရရှိသော ဥပမာဒုဿဒါယကထေရ် ဝတ္ထုတို့ကို သာဓကအဖြစ် မှတ်သားရာ၏။

(အပ၊ ၂၊ ၇၆။ ထေရ၊ ၌၊ ၁၊ ၈၈။)

ဆက်လက်၍ ဖေါ်ပြရပါလျှင် ဒါနပြုသည့်အလှူရှင်သည် မိမိလှူဒါန်းသည်မျှမက ရလိုကြသူချည်း ဖြစ်ကြသည်၊ ထိုသို့ ရလိုလျှင် ဒါနပြုသည့်အခါ ကျမ်းဂန်နှင့် အညီပေးလှူရမည်ဖြစ်၏။ ယင်းသို့ကျမ်းဂန်နှင့်အညီ ပေးလှူမှုလည်း မိမိအလှူဒါနက နည်းသော်လည်း အကျိုးများစွာ ရရှိပေမည်။ ယင်းကိုပင် ရှေးပညာရှိကြီးများက "ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးရသည်"ဟု မိန့်ဆိုကြပါသည်။ အလှူရှင် ဒါနရှင်တိုင်းသည် မိမိလှူဒါန်းသည်ထက် အကျိုးပေးကသာလွန် များပြား စေချင်ကြသည်။

ဤ၌ ဣန္ဒကနတ်သားနှင့် အင်္ကုရနတ်သားတို့၏ ဒါနပြုရာ၌ အကျိုးပေးကွာခြားကြပုံကို ဆက်လက် ဖေါ်ပြပါဦးမည်၊ ဒါန**သည်** သာသနာတွင်းဒါန သာသနာပဒါနဟု နှစ်မျိုးရှိသည်။ ထိုနှစ်မျိုးတို့တွင် **သာသ**နာတွင်းဒါနသည်သာ မြင့်မြတ်သာလွန်သော အကျိုးကို ပေး၏။ ညောင်စေ့လေးလောက်လှူ၍ ညောင်ပင်ကြီးလောက် အကျိုးကြီးမား၏။ သာသနာတွင်း ဒါန၏ အကျိုးကြီးမားပုံကို ဖေါ်ပြပါမည်။ မြတ်စွာဘုရားရှင် ခုနစ်ဝါမြောက်ဝယ် မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားကို အမှူးထား၍ နတ်ငြဟ်မာတို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။

ထိုအခါ ဣန္ဒကနတ်သားသည် မယ်တော်နတ်သားနေသော ဘုရား၏ လက်ယာဘက်၌နေ၍ တရားနာသကဲ့သို့ အင်္ကုရနတ်သားသည်လည်း ဘုရား၏ လက်ဝဲဘက်တော်၌နေ၍ တရားနာ၏။

တန်ခိုးကြီး နတ်အများရောက်လာကြသောအခါ အကုံရနတ်သားသည် ဘုရားနှင့် တစ်ဆယ့်နှစ်ယူဇနာဝေးသောအရပ်တိုင်အောင် ဆုတ်ခွာ၍သွား (နေရာဖယ်ပေး) ရလေ၏။ အကုံရနတ်သား ဘုရားနှင့် (၁၂)ယူဇနာ ဝေးကွာစွာ ဖဲခွါရခြင်းသည် အတိတ်ဘဝတစ်ခုက (၁၂)ယူဇနာ အရပ်တိုင်အောင် မီးဖိုပြု၍ အနှစ် တစ်သောင်းတိုင်တိုင် လှူဒါန်းခဲ့သော်လည်း သာသနာပ ဒါနဖြစ်၍ (၁၂)ယူဇနာ ဝေးသောအရပ်တိုင်အောင် ဖဲခွာခဲ့ရ၏။

ဣန္ဒက နတ်သားသည်ကား သာသနာတွင်း၌ အနုရုဒ္ဓရဟန္တာ မထေရ်မြတ်အား တစ်ဇွန်း တစ်ယောက်မ ညောင်စေ့လေးလောက်မျှ လှူဒါန်းခဲ့ရုံဖြင့် သာသနာတွင်း ဒါနဖြစ်၍ အကျိုးပေးထက်သန်လှပါသည်။ ထိုသာသနာတွင်း ကုသိုလ်ကြောင့် ဣန္ဒကနတ်သားမှာ နောက်မဆုတ်ရဘဲ ဘုရားအနီး၌ပင် တရားနာရ၏။ (စမ္မပဒ၊ ဋ္ဌ၊ ၂၊ ၁၄၂။)

သာသနာတွင်း၌ ရဟန္တာပုဂ္ဂိုလ်ကို မဆိုထား၀ဲ သီလ စသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော အလှူခံပုဂ္ဂိုလ်အား တစ်ယောက်ချို့ တစ်ဇွန်းမျှသော ဆွမ်းဖြင့် ဖြစ်စေ၊ ငါးတောင်မျှ ကျယ်သော သစ်ရွက်မိုး ကျောင်းကို ဆောက်၍ဖြစ်စေ လှူဒါန်းလျှင်ပင် ထိုဒါနတို့က ကမ္ဘာထောင်ပေါင်း များစွာ အပါယ်မရောက်အောင် စောင့်ရှောက်ကြပြီး သုဂတိဘုံဘဝတို့၌သာ ကျင်လည်ခံစား စံစား၍ ဘဝ၏အဆုံး၌ သေခြင်းကင်းသော နိဗ္ဗာန်သို့တိုင် ရောက်ကြရပါသည်။ ညောင်စေ့လေးလောက်လှူ၍ နိဗ္ဗာန်သို့ရောက်သည့်တိုင်အောင်သော အကျိုးကို ခံစားကြရသောကြောင့် ညောင်ပင်ကြီးတမျှ အကျိုးရသည်ဟု ဆိုရပေသည်။

အလှူညောင်ပင်မျှ ကျိုးရညောင်စေ့သာ

ဒါနပြုသည့်အလှူရှင်တို့သည် "ပဏ္ဍိတေန မန္တေတွာ ဒါနံ ဒါတဗ္ဗံ" ဟူသည်နှင့်အညီ ပညာရှိနှင့်တိုင်ပင်၍ ဒါနပြုရမည်ဟု လည်းကောင်း၊ ကျမ်းဂန်တို့နှင့်အညီလှူရမည်ဟု လည်းကောင်း ပညာရှိတို့ မိန့်ဆိုသည် အားလျော်စွာ လှူဒါန်းမှုမပြုနိုင်ပါက မိမိလှူဒါန်းသည့် အလှူဝတ္ထု

အလှူပစ္စည်းတို့က လွန်စွာများပြားပြီး မိမိတို့ ရရှိသည့်အကျိုးက လွန်စွာနည်းပါးနေလိမ့်မည်၊ ဤကိုကို ရည်ရွယ်၍ ရှေးပညာရှိများက မလှူတတ်လျှင် ညောင်ပင်ကြီး လောက် လှူသော်လည်း ညောင်စေ့လေးလောက် ရတတ်သည်ဟု မိန့်ဆိုကြသည်။

စေတနာ အဓိက

ဒါနပြုရာ၌ ဒါနဝတ္ထုနည်းမှု များမှုက အဓိကမဟုတ်ဘဲ ဒါနဝတ္ထုအပေါ် ပုဗ္ဗ၊ မုဉ္စ၊ အပရ စေတနာသုံးတန်ထက်သန်ဖို့က အရေးကြီး၏၊ ယင်း ဒါနဝတ္ထုအပေါ် အပရစေတနာဖြစ်နေရန် နေ့စဉ်မပြတ်, နာရီမလပ် အထပ်ထပ် အောက်မေ့ဆင်ခြင်နေရမည်၊ ယင်းသို့ဆင်ခြင်နေပါက အာစိဏ္ဏကံ ဖြစ်၏။ စာဂါနုသယတိကသိုလ်ဖြစ်၏။ အာသန္နကံ အဖြစ်လည်း ကျေးဇူးပြု၏။ ပန်းတစ်ပွင့်လှူထားဖူးသော အလှူရှင်ဖြစ်စေ၊ မဟာကပ်ကုဋေ ၈၀-တိုင်တိုင် အပါယ်ဆင်းရဲသို့ မကျရောက်နိုင်ဘဲ လူ့ပြည်နတ်ရပ် သုဂတိဘုံ အထပ်ထပ် တို့၌ ခံစားစံစားရကြောင်း၊ ဒါနပြုရာ၌ စေတနာအဓိက ဖြစ်ကြောင်း ဖွင့်ဆိုထားပါသည်။ **(ခုဒ္ဒက၊ ဋ္ဌ၊ ၁၈၉။)**

စေတနာ (၃) ဖြာ နိုင်မြဲပါ

ဒါနပြုလုပ်သည့်အလှူရှင်၏ မလှူမီရှေးအဖို့၌ ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်းသည် ပုဗ္ဗစေတနာဖြစ်ပါသည်။ ပေးလှူနေစဉ် ဝမ်းမြောက်ဝမ်းသာဖြစ်နေခြင်းသည် မုဉ္စစေတနာဖြစ်ပါသည်။ ထမ်းကမ်းလှူဒါန်းပြီးသည့် နောက်၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေခြင်းသည် အပရစေတနာဖြစ်ပါသည်၊ ဒါနရှင် အလှူရှင်ဖြစ်သည့် ပုဂ္ဂိုလ်သည် ဤပုဗ္ဗ, မုဉ္စ၊ အပရ စေတနာ သုံးဖြာနှင့် ပြည့်စုံရမည် ဖြစ်ကြောင်း အဂုံတိုရ်ပါဠိတော်၊ ဆက္ကနိပါတ်၊ ဆဋ္ဌဂံဒါနသုတ်၌ ဟောကြားထားပါသည်။ **(အံ-၂၊ ၂၉၆)**

ဒါနရှင်အလှူ.ဒကာသည် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စသည့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပြီးသည့်အခါ၌ ဖြစ်စေ၊ ဘုရားတည်, ကျောင်းဆောက်, ရဟန်းခံပြီးသောအခါ၌ ဖြစ်စေ အလှူခံပုဂ္ဂိုလ်များဘက်မှ အကျင့်သီလ ချွတ်ယွင်းမှု ဒါနရှင်အလှူ.ဒကာဘက်မှ ပစ္စည်းအား၊

စေတနာအား နည်းသွားမှကြောင့် နမြောတွန့်တိုစိတ်များ ဖြစ်ပေါ်လာတတ်၏၊ ယင်းသို့ဖြစ်ပေါ်လာလျှင် အပရစေတနာ ပျက်တတ် ပါသည်။ ဒါနရှင်အလှူ.ဒကာသည် ဖေါ်ပြပါ အပရစေတနာ မပျက်ရန် ထက်သန်သည့် စေတနာကို ခိုင်မြဲစွာ မွေးမြူထားနိုင်ရန် လိုအပ်လှပေသည်။

စေတနာ၏ အဓိပ္ပါယ်နှင့်. အကျိုးပေးပုံပြဿဓက

၁။ စေတနာသည် စေ့စပ် ဆက်စပ် ဆက်သွယ်ပေးတတ်သော သဘောရှိ၏။

၂။ စေ့ဆော် နှိုးဆော် တိုက်တွန်း ကြောင့်ကြစိုက်တတ်သော သဘော ရှိ၏၊

၃။ ပေါင်းစု စည်းရုံး စုစည်းတတ်သော သဘောရှိ၏။

၄။ ပြုပြင် စီရင် စီမံတတ်သော သဘောရှိ၏။

ယင်းစေတနာသည် မိမိနှင့်တကွ ဖဿစသောယှဉ်ဖက်တရား တို့ကို အာရုံ၌ စေ့စပ်ဆက်သွယ်ပေးတတ်သော တရားဖြစ်၏။ ဖဿစသော ယှဉ်ဖက် ပေါင်းဖော်ဖက်တရားတို့ကို မိမိတို့၏ တွေ့.ထိမှု ဖုသန စသော ကိစ္စ၌ စေ့ဆော်တတ် ကြောင့်ကြစိုက်တတ်သော .တရားလည်းဖြစ်၏။ ဖဿစသော ယှဉ်ဖက်ပေါင်းဖက် တရားတို့ကို မိမိတို့၏ ကိစ္စ၌ဖရိဖရဲ တကွဲတပြား မဖြစ်ရအောင် စုစည်းတတ်သော တရားလည်းဖြစ်၏။ ဖဿ စသော ယှဉ်ဖက်တရားတို့ကို "ဖဿ-သင်သည် တွေ့.ထိမှုကိစ္စကိုပြုလော့၊ ဝေဒနာ-သင်သည် ခံစားမှုကိုပြုလော့၊ သညာ- သင်သည် မှတ်သားမှု ကိစ္စကို ပြုလော့" စသည်ဖြင့် စီမံသကဲ့သို့ ဖြစ်သောတရားလည်းဖြစ်၏။

စေတနာသည် ဖဿစသော ယှဉ်ဖက်တရားတို့ကို မိမိတို့၏ကိစ္စ၌ စေ့ဆော်တိုက်တွန်းမှု သဘော စေတယိတလက္ခဏာ၊ အာရုံ၌ စေ့စပ်ဆက်သွယ် ပေးမှုသဘော အာဘိသန္ဒဟနလက္ခဏာ၊ ယှဉ်ဖက်တရားတို့ကို ပြုပြင် စီမံတတ်သောသဘော အာဘိသင်္ခရဏလက္ခဏာရှိ၏၊ ကြောင့်ကြ ဗျာပါရစိုက်မှု

အာယူဟနရသ။ ဖဿစသောယှဉ်ဖက်တရားတို့ကို ပြုပြင်စီရင်တတ်သော တရားဟု ဉာဏ်တွင် ထင်မြင်လာမှု အခြင်းအရာ သံဝိဒဟန ပစ္စုပဋ္ဌာန်ရှိ၏၊ ကြွင်း နာမ်ခန္ဓာသုံးပါးဟူသော နီးစွာသောအကြောင်း သေသခန္ဓပဒဋ္ဌာန်ရှိ၏။

သူရင်းငှားဖြစ်သော လယ်လုပ်သားတို့ကိုခေါ်ဆောင်၍ စပါးရိတ်ရန် လယ်တောသို့သွားသော လယ်ပိုင်ရှင်သည် ကိုယ်တိုင်လည်း မနေမနား ကြိုးစားရိတ်၏၊ နောက်ပါ သူရင်းငှား လယ်လုပ်သား တို့ကိုလည်း မနေမနားကြိုးစားရိတ်ကြရန် နှိုးဆော်တိုက်တွန်းကာ လွန်စွာကြောင့်ကြဗျာပါရစိုက်သကဲ့သို့ စေတနာစေတသိက်သည် ယှဉ်ဖေါ်ယှဉ်ဖက်တရားတို့ကို အာရုံ၌ ဆက်စပ်ပေးမှု ကိစ္စကိုလည်းပြု၏၊ ဖဿစသော ယှဉ်ဖက်တရားတို့ကို မိမိတို့ဆိုင်ရာ တွေ့ထိမှုစသော ကိစ္စကို ပြုလုပ်ကြရန် နှိုးဆော် ကြောင့်ကြဗျာပါရစိုက်မှုကိုလည်းပြု၏။ ဤသို့ မိမိကိစ္စသူတပါးကိစ္စကို ပြီးစေတတ်သောကြောင့် စေတနာကို လယ်ပိုင်ရှင်နှင့်တူသောတရား ဟုဆိုရသည်။ စစ်ဗိုလ်ချုပ်ကြီးနှင့် တူသောတရား၊ တပည့်ကြီးနှင့် တူသောတရား၊ လက်သမားကြီးနှင့် တူသော တရားဟုလည်း ဆိုရသေးသည်။

စေတနာသည် ကောင်းကျိုး၊ မကောင်းကျိုး တည်းဟူသော အကျိုးတရားကို ဖြစ်စေနိုင်သော သဝိပါကစေတနာ၊ အကျိုးတရားကို မဖြစ်စေနိုင်သော အဝိပါက စေတနာဟု နှစ်မျိုးရှိသည်၊ ကုသိုလ်စေတနာ ၂၁၊ အကုသိုလ်စေတနာ ၁၂-ပါးတို့သည် ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးကို ဖြစ်စေနိုင်သောကြောင့် သဝိပါက စေတနာမည်၏၊ ဝိပါက်စေတနာ ၃၆၊ ကြိယာစေတနာ ၂၀-တို့သည် ပဋိသန္ဓေကျိုး၊ ပဝတ္တိကျိုးကို မဖြစ်စေနိုင်သောကြောင့် အဝိပါကစေတနာမည်၏။

သဝိပါက စေတနာသည်လည်း အကျိုးပေးမြဲသော ဓုဝဝိပါကစေတနာ၊ အကျိုးပေးမမြဲသော အဓုဝဝိပါကစေတနာဟု ၂-မျိုးရှိ၏။ ပဥ္စာနန္တရိယ စေတနာ၊ နိယတမိစ္ဆာဒိဋ္ဌိစေတနာ၊ မဟဂ္ဂုတ်စေတနာ၊ မဂ်စေတနာတို့သည် အကျိုးပေး မြဲသောကြောင့် ဓုဝဝိပါကစေတနာမည်၏။ ကြွင်းစေတနာတို့သည် အကျိုးပေးမမြဲသောကြောင့် အဓုဝဝိပါကစေတနာ မည်ပေ၏။

စေတနာဖြင့် နှီးဆော်တိုက်တွန်း၍ ကိုယ်မှု, နှုတ်မှု, စိတ်မှုတို့ကို ပြုလုပ်ပြောဆို ကြံစည်ကြသဖြင့် စေတနာရှေ့သွား‌သော ကံသည် စေတနာသဘောရှိသောကြောင့် စေတနာကို ကံဟု ခေါ်ဆိုရပေသည်၊ စင်စစ်အား‌ဖြင့် ကံဟူသော အမည်သည် ကိုယ်မှု နှုတ်မှု စိတ်မှုတို့၏ အမည်ရင်းဖြစ်သည်။

စေတနာသုံးတန် ညီညွတ်ရန် အလွန်အရေးကြီး၏

စွန့်ကြဲပေးကမ်း လှူဒါန်းမှုကို ဖြစ်စေတတ်သော စေတနာကို ဒါနဟုခေါ်ဆိုရသည်။ ယင်းဒါနစေတနာသည် ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာဟု သုံးမျိုးရှိလေသည်။ ထိုတွင် မပေးလှူမီ ရှေ့အဖို့၌ ဖြစ်သောစေတနာကို ပုဗ္ဗစေတနာ၊ ပေးလှူဆဲခဏ၌ ဖြစ်သောစေတနာကို မုဉ္စစေတနာ၊ ပေးလှူပြီးနောက် အဖန်ဖန်ဖြစ်ပေါ် (အောက်မေ့) နေသော စေတနာကို အပရစေတနာဟု ခေါ်ဆိုသည်။ ယင်းစေတနာသုံးတန် ထက်သန် ညီညွတ်နေခြင်းသည် အလှူဒါန၏ ပြည့်စုံခြင်း "ယညသမ္ပဒါ"ကို ဖြစ်စေနိုင်၏။

ယညသမ္ပဒါလေးပါး

၁။ နိရောဓသမာပတ်ကို ဝင်စားနိုင်သည့် အနာဂါမ် ရဟန္တာဟူသောအလှူခံ ပုဂ္ဂိုလ်၏ ပြည့်စုံခြင်း=ဝတ္ထုသမ္ပဒါ၊

၂။ တရားသဖြင့် ရှာမှီး၍ ရအပ်သော လှူဒါန်းဖွယ်ဝတ္ထုဟူသော ပစ္စည်း၏ ပြည့်စုံခြင်း=ပစ္စယသမ္ပဒါ

၃။ စေတနာသုံးတန် ထက်သန်ညီညွတ်ခြင်း=စေတနာသမ္ပဒါ

၄။ အနာဂါမ်ရဟန္တာဟူသော အလှူခံပုဂ္ဂိုလ်၏ နိရောဓ သမာပတ်မှ ထပြီး‌စ ဖြစ်ခြင်း=ဂုဏာတိရေကသမ္ပဒါ–

ဤလေးချက်နှင့် ပြည့်စုံလျှင် ဒိဋ္ဌဓမ္မလက်ငင်း၊ ချက်ချင်းအကျိုးပေးနိုင်စေခြင်းကို ရှေ့၌ ဖေါ်ပြခဲ့ပြီ။

ဒါနမှုပြုရာ၌ စေတနာသုံးတန်တို့တွင် ပုဗ္ဗစေတနာ ချို့တဲ့ပျက်ကွက်ပါလျှင် ပဌမအရွယ်၌ ဆင်းရဲနွမ်းပါးခြင်း၊ ရုပ်ရေမလှခြင်း စသော မလိုလားအပ်သော အကျိုးများဖြစ်ရတတ်လေသည်။ ပဉ္စပါပီသည် ရှေးအတိတ်

ဘဝက လိုဏ်ဂုဒ္ဒ လိမ်းကျရန် မြေညက်ခဲ အလွှဲခံလာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို (မလွှမိ ရှေးအဖို့၌) အမျက်ဒေါသဖြင့် ကြည့်လျက် "မြေညက်ခဲမျှကိုပင် အလွှဲခံဘိ၏" ဟု ပြစ်မှား ပြောဆိုခဲ့ပြီးမှ နောက်တစ်ဖန် စေတနာထက်သန်စွာဖြင့် လွှဲပြန်လေသည်။

မြေညက်လွှဲခဲ့သော ဒါန စေတနာကြောင့် ကိုယ်အထိအတွေ့ အလွန် ထူးကဲနူးညံ့သော မိန်းမတစ်ယောက် ဖြစ်ရသော်လည်း ပုဗ္ဗစေတနာ ပျက်ကွက်ချို့တဲ့ခဲ့မှုကြောင့် လက်၊ ခြေ၊ ပါးစပ်၊ မျက်စိ၊ နှာခေါင်း ဤအင်္ဂါ ငါးပါးတို့ အချို့အစားမကျ အလွန်အရုပ်ဆိုးသူ ဖြစ်ရလေသည်။

(ဇာ ၅၊ ၅၊ ၄၇၅-၆။)

အပရစေတနာ ချို့တဲ့ခဲ့ပါလျှင် ကောင်းမြတ်သော အသုံး အဆောင် ပစ္စည်းဥစ္စာဘဏ္ဍာတို့ကို မသုံးစွဲလိုခြင်း၊ မသုံးစွဲရခြင်းစသော အကျိုးများ ဖြစ်ရတတ်လေသည်။

သာဓကမှာ အပုတ္တက သေဋ္ဌေးသည် တဂ္ဂရသိခီမည်သော ပစ္စေကဗုဒ္ဓါ အား ဆွမ်းလှူဖို့ရန် ဓနီးဖြစ်သူအား မှာထားပြီးလျှင် အရပ်တပါးမှ ပြန်လာပြီးသောအခါ ဓနီးဖြစ်သူ လောင်းလှူလိုက်သည့် မွန်မြတ်သော ဘောဇဉ်ကို တွေ့မြင်ရသဖြင့် "ဤမွန်မြတ်သော ဘောဇဉ်ကို ငါ၏ ကျေးကျွန် အစေအပါးတို့အား ကျွေးမွေးရမှု ကောင်းပေရာ၏၊ အစေအပါး ကျေးကျွန်တို့သည် ဤဘောဇဉ်ကိုစား၍ ငါ၏အမှုကိစ္စ အဝဝတို့ကို ပြုလုပ်ကြပေလိမ့်မည်၊ ဤရဟန်းသည်ကား မိမိနေရာသို့ ပြန်သွား၍ ဤမွန်မြတ်သော ဘောဇဉ်ကို စားကာ အိပ်၍နေပေလိမ့်မည်"ဟု နှလုံးမသာ မယာ ဖြစ်ကာ အပရစေတနာ ချို့ယွင်းခဲ့ပေသည်။ ဆွမ်းလှူဒါန်းခဲ့သော ဒါနဒ္ဓစေတနာကြောင့် နတ်ပြည်၌ နတ်သားခုနစ်ကြိမ်၊ လူ့ပြည်၌ သေဋ္ဌေး ခုနစ်ကြိမ် ဖြစ်ရသော်လည်း အပရစေတနာချို့တဲ့ ပျက်ကွက်ခဲ့သောကြောင့် ကောင်းမြတ်သော ထမင်း၊ ကောင်းမြတ်သော အဝတ်တန်ဆာ၊ ယာဉ်စသော အသုံးအဆောင်တို့ကို မသုံးစွဲရက်ဘဲ ဖြစ်ရလေသည်။ မဝတ်ရက်၊ မစားရက်၊ မသုံးရက် ဖြစ်ရလေသည်။ ထိုကြောင့်ဒါနမှုပြုရာ၌ စေတနာသုံးတန်စလုံး ညီညွတ်စွာရှိရန် အလွန်ပင်အလေးပြု ဂရုစိုက်သင့်လှပေသည်။

သပ္ပုရိသဒါန, အသပ္ပုရိသဒါန

အလှူဒါနပေးလှူရာ၌ သက္ကစ္စဒါန စသော သပ္ပုရိသဒါန ၅-မျိုးဖြစ်အောင် ပေးလှူသောသူသည် အကျိုးပေးရာဘဝတိုင်း၌ မွန်မြတ်သော ထမင်း၊ အဝတ်, ယာဉ် စသော အသုံးအဆောင် ငါးပါးအာရုံ ကာမဂုဏ် (လောကီ အာရုံငါးပါး။) တို့ကို သုံးဆောင်ခံစားဖို့ရန် စိတ်ညွှတ်ခြင်း၊ သားသမီး၊ ဇနီး၊ ကျေးကျွန်၊ အစေခံ၊ အလုပ်သမားတို့က မိမိစကားကို မြေဝယ်မကျ နားထောင်ခြင်း-ဟူသော အကျိုးထူးကို ရရှိခံစားရသည်။

အသက္ကစ္စ စသော အသပ္ပုရိသဒါန ၅-မျိုးဖြစ်အောင် ပေးလှူသောသူသည် အထူးထူး အမျိုးမျိုးသော အနုံအရသာရှိသော သလေးဘောဇဉ်ကိုပင် သုံးဆောင်စားသောက်ဖို့ရန် စိတ်မညွှတ်ခြင်း၊ ဟင်းရွက်နှင့် ဆန်ကွဲထမင်းကို ကျေးလျှင် အမြိုက်သုဓာဘုတ်ကဲ့သို့ မြိန်မြိန်ရှက်ရှက် သုံးဆောင်စားသောက်ခြင်း။ ကာသိတိုင်းဖြစ် အဝတ်သစ်ကို ဝတ်ရုံဖို့ရန် ဆောင်ယူလာလျှင် မဝတ်ရုံလိုခြင်း။ အုန်းဆံမျှင်စသည်နှင့်တူသော ရုန့်ရင်း ကြမ်းတမ်းသောအဝတ်ကို ဆောင်ယူလာလျှင် ဝတ်ရုံလိုခြင်း။ ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်၊ ရွှေထမ်းစင်စသည်ကို ဆောင်ယူလာလျှင် မစီးလိုခြင်း၊ စီးဖို့ရန်စိတ်မညွှတ်ခြင်း။ ရထားအို ကားအို ယူလာလျှင်ကား နှစ်နှစ်သက်သက် စီးခြင်း၊ တန်ဆာဆင်ယင်အလှပြင်ထား၍ ချောမောလှပသော မိန်းမပျိုတို့ကို တွေ့မြင်ရလျှင် စားတော့မည့် ဘီလူးမတို့ကဲ့သို့ ထင်မှတ်တတ်ခြင်း၊ သားသမီး၊ ဇနီး၊ ကျေးကျွန်၊ အစေခံအလုပ်သမားတို့က မိမိစကားကို နားမထောင်ခြင်း စသော အပြစ်များကို ရရှိခံစားရလေသည်။ ထို့ကြောင့် အလှူဒါနပြုလုပ်ရာ၌ သပ္ပုရိသဒါနဖြစ်အောင် ပေးလှူရမည်ဖြစ်၏။ (အံ၊ ၃။ ၁၉၅။ အံ၊ ဋ္ဌ၊ ၃။ ၂၆၇။)

အလှူရှင်နှင့် ဝေယျာဝစ္စပြုသူ

ပါယာသိမြို့စားကြီး၏ အလှူပွဲ၌ ဥတ္တရလုလင်သည် မြို့စားကြီး၏ ကိုယ်စားအဖြစ်ဖြင့် ပေးလှူရပါသော်လည်း မိမိပစ္စည်းကဲ့သို့ သဘောထားကာ သပ္ပုရိသဒါနဖြစ်အောင် အားစိုက်၍ ပေးလှူခဲ့သောကြောင့် တာဝတိံသာနတ်ပြည်သို့ လားရောက်ရ၏။

အလှူရှင်ဖြစ်သော ပါယာသိမြို့စားကြီးသည်ကား မရိမသေ တော်စွာလျော်စွာ အသပ္ပုရိသဒါနမျိုးဖြင့် ပေးလှူခဲ့သောကြောင့် ဝေယျာဝစ္စပြုကိုယ်စားလှူသူ ဥတ္တရလုလင်ရောက်ရသော တာဝတိံသာဘုံအောက် အောက်တန်းကျသော စတုမဟာရာဇ်နတ်ဘုံ၌ အခြံအရံ နတ်သမီး နတ်သားကင်းမဲ့သော သေရီသက နတ်ဗိမာန်၌ဖြစ်ရ၏။

ဂဝမွတိမထေရ်သည် နေ့သန့်ရန်အလို့ငှာ သေရီသကနတ်ဗိမာန်သို့ ကြွတော်မူသောအခါ ပါယာသိမြို့စားကြီးက မိမိမှာ အလှူခံပုဂ္ဂိုလ်တို့ကို မရိမသေ ပေးလှူခဲ့ခြင်း၊ မိမိလက်ဖြင့် ကိုယ်တိုင်ကိုင်၍ သာဟတ္ထိက မြောက်အောင် မပေးမလှူခဲ့ခြင်း၊ လှူဖွယ်ဝတ္ထုကို ကိုယ်တိုင်မသုံးစွဲလို၍ လွှင့်ပစ်ထားအပ်သော ဝတ္ထုကဲ့သို့ သဘောထားကာ ပေးလှူမိခဲ့ခြင်းကြောင့် ယုတ်ညံ့အောက်ကျသော စတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်ရကြောင်း။

မိမိအလှူ၌ ဝေယျာဝစ္စအမှု အားစိုက်ပြုလုပ်သော ဥတ္တရလုလင်မှာမူကား ရိုသေစွာပေးလှူခဲ့ခြင်း၊ ကိုယ်တိုင်လက်ဖြင့်ကိုင်၍ သာဟတ္ထိကမြောက်အောင် ပေးလှူခဲ့ခြင်း။ သူတပါး့တို့ အံ့ဖွယ်သရဲဖြစ်အောင် ပေးလှူခဲ့ခြင်း၊ လှူဖွယ်ဝတ္ထုကို လွှင့်ပစ်သကဲ့သို့ မဟုတ်ဘဲ ကောင်းမွန်စွာပေးလှူခဲ့ခြင်းကြောင့် မိမိလားရောက်ရာ စတုမဟာရာဇ်နတ်ပြည်ထက် မြင့်မြတ် အထက်တန်းကျသော တာဝတိံသာနတ်ပြည်သို့ လားရောက်ရကြောင်း။ ဤအကြောင်းအခြင်းအရာကို အရှင်ဘုရားလှူ.ပြည့်သို့ ပြန်လည်ရောက်ရှိလျှင် အလှူဒါန ပေးလှူသည့်အခါ ရိုသေစွာပေးလှူကြရန်၊ သူတပါးကို စေခိုင်းလျက် မျက်နှာလွဲခဲပစ် မပြုလုပ်ဘဲ မိမိလက်ဖြင့် ကိုယ်တိုင်ကိုင်၍ သာဟတ္ထိကမြောက်အောင် ပေးလှူကြရန်၊ စိတ်ထဲ၌ စွဲမြဲစွာထား၍ သူတစ်ပါး့တို့ အံ့ဖွယ်သရဲဖြစ်လောက်အောင် (စံပြအဖြစ် အတုယူလောက်အောင်) ပေးလှူကြရန်နှင့် ပစ္စည်းဝတ္ထုကို လွှင့်ပစ်သကဲ့သို့ မဟုတ်ဘဲ ကောင်းမွန်စွာ ပေးလှူကြရန် လူအပေါင်းအားပြောဟောပေးစေလိုကြောင်း တောင်းပန်လျှောက်ထားသဖြင့် ဂဝမွတိမထေရ် လှူ.ပြည့်သို့ ပြန်လည်ရောက်ရှိသောအခါ နတ်သားလျှောက်ထားသည့်အတိုင်း လူတို့အား တစ်ဆင့် ဟောပြောလေသည်။ လူတို့လည်း ဂဝမွတိမထေရ် ဟောပြသည့်အတိုင်း လိုက်နာပြုကျင့်ကြသဖြင့် အထက်တာဝတိံသာနတ်ပြည်သို့ လားရောက်ကြရလေသည်။

(ဒီ၊ ၂၊ ၂၈၃။ ဋ္ဌ၊ ၄၀၂။ ဒီ၊ ၃၅၇။)

မိမိကြည်ညိုရာ လှူဒါန်းပါ

ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ဝါတော် (၂၀) အတွင်း ပထမဇောမိဠ္ဍ ဘုရားရှင်နှင့် တပည့်သား ရဟန်းအပေါင်းအား လာဘ်သပ်ပကာ ပူဇောသက္ကာရ ပေါများလာသည်နှင့်အမျှ တိတ္ထိတို့မှာ လာဘ်သပ်ပကာ ဆုတ်ယုတ်လာ၏။ လာဘ်သပ်ပကာဆုတ်ယုတ်လာသဖြင့် တိတ္ထိတို့က "ရဟန်းဂေါတမသည် ငါဘုရားနှင့် ငါ့တပည့်သား ရဟန်းသံဃာတော်တို့အား သာ လှူသင့် လှူထိုက်၏၊ အခြားပုဂ္ဂိုလ်တို့အား မလှူသင့် မလှူထိုက်။ ငါဘုရားနှင့်ငါ၏တပည့်သား ရဟန်းသံဃာတော်အား လှူဒါန်းမှသာ အကျိုးများ သည်၊ အခြားပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်းသည် အကျိုးမများ အလကားပင် ဖြစ်သည် ဟု ဃောကြားကြောင်း ဘုရားရှင်အပေါ်၌ မဟုတ်မမှန် လုပ်ကြံသတင်း လွှင့်ကြ၏။ တိတ္ထိတို့ မဟုတ်မမှန် လုပ်ကြံသတင်းလွှင့်သည်ကို ပသေနဒီ ကောသလမင်းကြီး ကြားသိ၍ ဘုရားရှင်အား လျှောက်ထားလေရာ ဘုရားရှင်က "မိမိစိတ်ကြည်ညိုရာ ပုဂ္ဂိုလ်တို့အား လှူသင့်ကြောင်း၊ သီလရှိသော ပုဂ္ဂိုလ်အား လှူခြင်းသည် အကျိုးများ၍ နိဝရဏ ငါးပါးကို ပယ်စွန့်ပြီးသော ပုဂ္ဂိုလ်, အသေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလ၊ သမာဓိ၊ ပညာ၊ ဝိမုတ္တိ၊ ဝိမုတ္တိဉာဏဒဿန, ပစ္စဝေက္ခဏာဉာဏ်ဟူသော လောကီလောကုတ္တရာ ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အား လှူဒါန်းမှ အကျိုးများစွာ ရနိုင်ကြောင်း" ဟောပြတော်မူသည်။ (သံ၊ ၁၊ ၉၉။)

ဂုဏ်ရှိသောပုဂ္ဂိုလ်တို့ကိုသာ ရှာဖွေ၍ မလှူဒါန်းဘဲ သနားမှု ကရုဏာ ဖြစ်ရာ ဒုတိယသတ္တဝါတို့အားလည်း ပေးလှူသင့်၏ ဟု ဟောတော်မူပါသည်။ (သံ၊ ဋီ၊ ၁၊ ၁၉၈။)

အလှူခံပုဂ္ဂိုလ်မှန် လိုက်နာရန်

အလှူခံပုဂ္ဂိုလ်တို့ အလှူဝတ္ထုကို ခံယူရာ၌ -

၁။ အလှူရှင်၏ စေတနာထက်သန်မှုရှိ၊ မရှိ။

၂။ လှူဖွယ်ဝတ္ထု၏ အနည်းအများ

၃။ မိမိ၏အားအစွမ်းရှိမရှိ ဤ ၃-ချက်ကို သတိပြု၍ အလှူခံယူသင့်၏။

အထက်ဖော်ပြပြီး အချက်သုံးချက်နှင့် စပ်လျဉ်း၍ –

၁။ လူဖွယ်ပစ္စည်း ဝတ္ထုက များသော်လည်း အလူဒါယကာက နည်းနည်း လူလျှင် ဒါယကာအလိုသို့ လိုက်၍ လူဖွယ်ပစ္စည်း ဝတ္ထုနည်းနည်း သာ အလူခံယူရမည်။

၂။ ဒါယကာက စေနာထက်သန်စွာဖြင့် များများလူလိုသော်လည်း လူဖွယ်ပစ္စည်းဝတ္ထုက နည်းနေပြန်လျှင် လူဖွယ်ပစ္စည်းဝတ္ထုကို ကြည့်ရှုထောက်ထား၍ နည်းနည်းပင် အလူခံယူရမည်။

၃။ လူဖွယ်ဝတ္ထုပစ္စည်းကလည်း များပြား၊ ဒါယကာကလည်း များများလူလိုသော စေတနာရှိခဲ့လျှင် မိမိ၏ဝမ်းဗိုက် ပါစကတေဓောတ်၏ ခံယူနိုင်ခြင်း၊ ကျေကျေက်စေနိုင်ခြင်း စွမ်းအင်သတ္တိကို ဆင်ခြင်၍ မျှတလောက်ရုံကိုသာ အလူခံယူရမည်။

ဤသို့ပြုကျင့်လျှင် အလိုနည်းခြင်း အပိစ္ဆတာအကျင့်ကို ကျင့်ရာရောက်ခြင်း၊ ဒါယကာ အလူရှင်တို့၏ စိတ်ကို နှစ်သက်စေနိုင်ခြင်း၊ မရသေးသော လာဘ်ကို ရရှိစေနိုင်ခြင်း၊ ရရှိပြီးသော လာဘ်ကို တည့်တံ့ခိုင်မြဲစေခြင်း၊ မကြည်ညိုသေးသောသူတို့ ကြည်ညိုလာခြင်း၊ ကြည်ညိုပြီးသူတို့ အတိုင်းထက် အလွန် ကြည်ညိုလဲ့ာခြင်း၊ လူအပေါင်း၏ မျက်စိသဖွယ် ဖြစ်ခြင်း၊ ဘုရားရှင်၏ သာသနာတော်ကို တည်တံ့စေနိုင်ခြင်း ဟူသော အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

များများလူသော်လည်း နည်းနည်းသာ ခံယူရမည်။ နည်းနည်းလူခဲ့လျှင် အထူးသဖြင့် နည်းနည်းသော်လည်း ခံယူရမည်။ သို့မဟုတ် လုံးဝမခံယူဘဲသော်လည်းနေရမည်။ ဒါယကာ၏လက်၌ တစ်ခုမျှမကျန်အောင် အလူမခံယူရ။ ဤသည်တို့မှာ အလူခံပုဂ္ဂိုလ်တို့ လိုက်နာကျင့်ဆောင်ရမည့် ကျင့်ဝတ်များပင်ဖြစ်သည်။ (ဒီ၊ ဋ္ဌ၊ ၃၊ ၂၄၆။)

လူဒါန်းသူ မှတ်သားနာယူ

အလူရှင်ဒါယကာတို့အနေဖြင့်ကား အတိုင်းအရှည်အားဖြင့် ပေးလူဖွယ်ရာမလို မစ္ဆရိယရန်သူကို လွှမ်းမိုးဖိစီး၍ မိမိရှိသလောက် လူဖွယ်ဝတ္ထုကို ပေးလူရမည်။ ယင်းသို့ ပေးလူသဖြင့် အလွန်အလွန်မွန်မြတ်သော လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာကို ခံစားနိုင်၏။

ပညာရှင်တို့နှင့် တိုင်ပင်သင့်

အလှူပေးမည့်သူသည် ပညာရှင်တို့နှင့်တိုင်ပင်ဆွေးနွေးပြီးမှ ပေးလှူသင့်၏။ ပညာရှင်တို့နှင့် မတိုင်ပင် မဆွေးနွေးဘဲ လှူဒါန်းမှုပြုလိုက်လျှင် နောင်အခါ၌ မှားလေ စွပ်ဟု နောင်တရတတ်၏။ (ဒီ၊ ဋ္ဌ၊ ၁၊ ၂၆၄။)

ဒါနအတွက် အခက် (၄)ပါး

ဒါနပေးလှူရန်အတွက် ငယ်စဉ်ကပင် မိဘဆရာတို့က နည်းညွှန်သင်ပြခဲ့ကြ၏၊ ရဟန်းသံဃာတော်အား ဆွမ်းလောင်းခြင်း၊ အလှူခံလာလျှင်ပေးလှူခြင်းမှစ၍ ပေးလှူမှုအတွက် မိဘဆရာတို့က သင်ကြားပြသခဲ့ကြ၏။ ဤသို့ ဒါနပေး လှူဒါန်းမှု၌ အလေ့အထ အထုံပါရမီ ဖြစ်ရန် နည်းလမ်းပြခဲ့ကြ၏။ ယင်းသို့လေ့ကျင့် နည်းလမ်းပြခဲ့ကြ၍ လှူရမည်, ပေးကမ်းရမည်ဟု သိနေသော်လည်း ပေးကမ်းမှု လှူဒါန်းမှုတို့ အထမြောက်ရန် အတော်ပင် ကြိုးစားကြရ၏။ မိမိပိုင် ပစ္စည်းဝတ္ထုကို စွန့်ကြဲ ပေးကမ်း လှူဒါန်းနိုင်ရန်အတွက် သတ္တဝါတိုင်းအဖို့ အဟန့်အတား၊တွေက များလှ၏။ ယင်းအဟန့်အတား၊များကို ကျော်လွှား၍ စွန့်ကြဲပေးကမ်း လှူဒါန်းနိုင်ရန် ခက်ခဲလှ၏။ ထိုကြောင့် ဒါနအတွက် အခက်လေးပါးဟု ရှေးပညာရှိများ သတ်မှတ်တော်မူခဲ့ကြသည်။

၁။ မိမိနှစ်သက်သော မိမိပိုင် ပစ္စည်းဥစ္စာကို သဒ္ဓါကြည်ဖြူပေးလှူအံ့ဟု စိတ်ထဲမှာ ကြံစည်ဖို့ရန် ခက်ခဲလှပေ၏။

၂။ စိတ်ထဲ၌ ကြံစည်ထားသည့်အတိုင်း ပေးလှူအံ့ဟု နှုတ်ထွက်စကား ပြောဆိုနိုင်ဖို့ရန်မှာ သုံးဆယ့်သုံးလက်သစ်ရှိသော သန်လျက်ကို မျိုရခြင်းထက် ခက်ခဲ၏။

၃။ ပေးလှူအံ့ဟု နှုတ်ထွက်စကားပြောကြားနိုင်ဖို့ထက် ရက်ရက်ရောရော လက်တွေ့ပေးလှူနိုင်ဖို့က ပို၍ ခက်ခဲလှ၏။

၄။ ရက်ရက်ရောရော လက်တွေ့ပေးလှူနိုင်ဖို့ထက် ပေးလှူပြီးနောက် နောင်တတစ်ဖန် မပူပန်ဖို့က ပို၍ခက်ခဲလှ၏။

ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားကြီးက-

- မိမိဥစ္စာ၊ နှစ်သက်စွာကို၊ သဒ္ဓါကြည်ဖြူ၊ ပေးအံ့ဟူ၍၊ လှူမည်ဝမ်းထဲ၊ ကြံမရုံးရှင့်။

- ကြံခဲ့စွာဘိ၊ ကြံသည်ရှိလည်း၊ မငြိမနား၊ မန္တန်အားဖြင့်၊ အသွားမတုံး၊ ထိလျင်ဆုံးမျှ၊ သုံးဆယ့်သုံးဘန်၊ လက်သစ်ပြန်သည့်၊ သန်လျှက်ထား၊ ကို၊ ထင်ရှားပြက်ပြက်၊ မျိုသောထက်လျှင်၊ နှုတ်ထွက်ငါသည်၊ ပေးမည်မြွက်ခဲ့။
- မြွက်တပဲ့လျက်၊ ရဲရဲရက်ရက်၊ အပေးခက်ရှင့်။
- ဆက်ဆက်မုချ၊ ပေးပြီးမှလည်း၊ နောင်တတပူ၊ ခဲ့စွဟူ၏-

ဟု ဒါနအထွက် အခက်လေးပါး၊ ကို လက်ံစပ်ဆိုတော်မူခဲ့၏။

(မဃဒေဝ၊ ပုတ္တောဝါဒခန်း၊ ပိဒ်ရေ ၂၈၅။)

ထို့ကြောင့် နောင်တတစ်ဖန် ပူပန်မှု၊ အပရစေတနာ ချို့တဲ့ ပျက်ကွက်မှု မဖြစ်ရလေအောင် ဆောက်တည်၍ နည်းများမဟူ ပေးလှူရာ၏။ ပေးလှူပြီးသောအခါ အပရစေတနာ စင်ကြယ် မွန်မြတ်အောင် မပြုနိုင်သော သူတို့သည် လူဖြစ်လာ၍ ချမ်းသာကြွယ်ဝသော အမျိုးဥစ္စာ ဖြစ်ရစေကာမူ ထူးထွေကောင်းမြတ် သာယာနှစ်သက်အပ်သော စားဖွယ် သောက်ဖွယ် အဝတ်တန်ဆာ အသုံးအဆောင် ဘဏ္ဍာတို့ကို သုံးဆောင်ခံစားလိုစိတ် မဖြစ်ပေါ်တတ်ခြင်း။ သုံးဆောင်ခံစားဖို့ရန်လည်း စိတ်မညွှတ်တတ်ခြင်း။ သုံးဆောင်ခံစားလိုစိတ်ဖြင့် သုံးဆောင်ခံစားအပ်သော စည်းစိမ်ဥစ္စာတို့ ဆုတ်ယုတ်ပျက်စီးတတ်ခြင်း။ ရာထူးမှ အချခံရတတ်ခြင်း စသော အလိုမရှိအပ်သော အကျိုးအမျိုးမျိုးတို့ကို ခံစားရတတ်ကြောင်း သာဝတ္ထိမြို့စား ပထမ အပုတ္တကသေဋ္ဌေး၊ (သံ၊ ၁၊ ၉၀။) ဒုတိယ အပုတ္တကသေဋ္ဌေး။ (သံ၊ ၁၊ ၉၂။) ဗာရာဏသီမင်း၏ မိဖုရား ပဒုမဝတီဝတ္ထု၊ (အံ၊ ၄၊ ၁၊ ၂၇၀။) တို့ကို သာဓကအဖြစ်မှတ်ယူသင့်၏။

အလှူရှင်တို့မှာ နောင်တတစ်ဖန် ပြင်းစွာပူပန်မှုဖြစ်ရခြင်းသည် အလှူခံပုဂ္ဂိုလ်တို့ကြောင့် ဖြစ်ရတတ်၏။ (ဒီ၊ ၄၊ ၁၊ ၂၆၈)။ အားသေးသော ပူပန်မှုမျိုးကား လှူဖွယ်ဝတ္ထုနှင့် အခြေအရံ အသင်းအပင်းတို့ကြောင့် ဖြစ်ရတတ်၏။ (ဒီ၊ ဋီ၊ ၁၊ ၃၂၈။ သီ၊ ဋီ၊ သစ်၊ ၂၊ ၃၁၃။)

ထို့ကြောင့် အလှူဒါနပြုလုပ်သောအခါ နောင်တတစ်ဖန်ပူပန်မှု (ဝိပ္ပဋိသာရ) မဖြစ်ရလေအောင် သီလမရှိသော ဒုဿီလ အလှူခံပုဂ္ဂိုလ်တို့ကို မရည်မှန်း အာရုံမပြုဘဲ၊ သီလရှိသော (သီလဝန္တ) အလှူခံပုဂ္ဂိုလ်တို့ကိုသာ

ရည်မှန်းအာရုံပြု၍ အလှူဒါနပြုလုပ်ရမည်။ သို့မှသာ အပရစေတနာတိုးပွား၍ အကျိုးများမည်ဖြစ်ပါ၏။

(ဒီ၊ ၁၊ ၁၃၁။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၆၈။ သီ၊ ဋီ၊ သစ်၊ ၂၊ ၃၁၂)

ဒါနစွမ်းအား

ဒါနဝတ္ထုပစ္စည်းလှူဒါန်းသော အလှူရှင်သည် -

- လူအများတို့ မျက်နှာမြင်လျှင် ချစ်ခင်ခြင်း၊
- သူတော်ကောင်းတို့ မှီဝဲဆည်းကပ်လာခြင်း၊
- ဂုဏ်ကျေးဇူးသတင်းပျံ့နှံ့ကျော်ကြားခြင်း၊
- ပရိသတ် လေးပါးသို့ ရဲရဲရင့်ခြင်းကင်း ရဲတင်းစွာ ချဉ်းကပ်နိုင်ခြင်း၊
- သေသည်၏အခြားမဲ့၌ နတ်ပြည်သို့လားရောက်ရခြင်း

ဟူသော အကျိုးထူးတို့ကို ခံစားရ၏။ (အံ၊ ၂၊ ၃၂)

- ကိလေသာကင်းကွာ ရဟန္တာအရှင်မြတ်တို့၏ အချီးအမြှောက်ကို ရွေးဦးစွာ ခံယူရခြင်း၊
- ရဟန္တာအရှင်မြတ်တို့၏ ရွေးဦးစွာ ချဉ်းကပ်မှုကိုခံရခြင်း၊
- လှူဖွယ်ဝတ္ထုပစ္စည်းကို ရွေးဦးစွာ လှူဒါန်းခွင့်ရခြင်း၊
- တရားတော်တို့ ရွေးဦးစွာ နာယူခွင့်ရခြင်း၊
- ကောင်းသောဂုဏ်သတင်း ပျံ့သင်းကျော်ကြားခြင်း၊
- ပရိသတ် လေးပါးသို့ ရဲတင်းစွာ ချဉ်းကပ်နိုင်ခြင်း၊
- သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ရခြင်း -

ဟူသော အကျိုးထူးတို့ကို ရရှိခံစားရ၏။ (အံ၊ ၂၊ ၄၅၇။)

- ဒါနသည် အလှူပေးအလှူခံ နှစ်ဦးလုံး၏ စိတ်ကို နူးညံ့ပျော့ပျောင်းအောင် ပြုနိုင်၏။
- မလိမ္မာ မယဉ်ကျေးသေးသော သူကို လိမ္မာယဉ်ကျေးစေနိုင်၏၊
- မိမိစကား နားမထောင်သူကိုလည်း နားထောင်စေနိုင်၏။

(ဒီ၊ ဋ္ဌ၊ ၃၊ ၂၂၇။ အံ၊ ဋ္ဌ၊ ၃၊ ၂၂၉။ ဝိသုဒ္ဓိ၊ ၁၊ ၃၀၀။)

- မိမိသူတပါး နှစ်ဦးသား၏အကျိုး၊ ပမ္ဘပြွန် တမလွန်လောကအကျိုး အမျိုးမျိုးကို ပြီးစေနိုင်၏။

- အခြံအရံ အကျော်အစော ကျက်သရေစည်းစိမ်ချမ်းသာကိုလည်း ပေးစွမ်းနိုင်ခြင်း။
- တရားသဖြင့် ရသောပစ္စည်းဝတ္ထုကို တရားထူးရသော ပုဂ္ဂိုလ်တို့အား ပေးလှူလျှင် ငရဲကြီး ၈-ထပ်၊ ငရဲငယ် ၁၆-ထပ်တို့ကို လွန်မြောက်၍ နတ်ပြည်သို့လားရောက်နိုင်ခြင်း။
- လွန်ကဲထူးချွန် မွန်မြတ်သော လောကီစည်းစိမ်၊ လောကုတ္တရာ စည်းစိမ်အားလုံးကိုလည်း ဖြစ်ထွန်းပေါ်ပေါက်လာစေနိုင်ခြင်း။
- သိကြားမင်းစည်းစိမ်၊ မာရ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ စကြာမင်းစည်းစိမ် စသော လောကစည်းစိမ်၊ သာဝကပါရမီဉာဏ်၊ ပစ္စေက ဗောဓိဉာဏ်၊ သမ္မာသမ္ဗောဓိဉာဏ် ဟူသော လောကုတ္တရာ စည်းစိမ်တို့ ကိုလည်း ပေးစွမ်းနိုင်ခြင်း -

စသော အကျိုးထူးတို့ကို ရရှိနိုင်ပါသည်။

ဒါနဖြင့် ဗောဓိဆုကိုပင် ရနိုင်သည်

ဒါနသည် ပါရမီ (၁၀)ပါးတို့တွင်လည်း အစဦးဆုံး ဖြည့်ကျင့်ရသည့်တရားဖြစ်၏၊ ဒါနသည် အနည်းငယ်ပင် လှူသော်လည်း လိုအပ်သော ချမ်းသာဟူသမျှကို ရစေနိုင်သည့် ဣစ္ဆာသယပတ္တမြားနှင့်တူ၏။

ဆွမ်းတစ်ဇွန်း၊ ဟင်းတစ်ခွက်ပင် လှူဒါန်းသော်လည်း လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ သိကြားမင်းစည်းစိမ်၊ မာရ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ စကြဝတေးမင်းစည်းစိမ် စသည်တို့ကို ရနိုင်ပါသည်။ ထိုမျှမက ဒါနရှင်က လိုအပ်လျှင် သာဝကဗောဓိ၊ ပစ္စေကဗောဓိ၊ သမ္မာသမ္ဗောဓိ ဟူသည့် ဗောဓိဆုကိုလည်း ရနိုင်ပါသည်။ **(မ၊ ဋ္ဌ၊ ၆၄။ အံ-၂၁၃။)**

အလှူပေးအလှူခံ သီလရှိ, သီလမရှိ စီစစ်ချက်

အလှူဝတ္ထုကို လှူရာ၌ အလှူရှင်ရော အလှူခံပုဂ္ဂိုလ်ပါ နှစ်ဦးနှစ်ဘက် သီလစင်ကြယ်ကြလျှင် သာလွန်၍ အကျိုးပေးထက်သန်ပါသည်၊ ထို့ကြောင့် အလှူပေးလှူသည့်အခါ သီလစင်ကြယ်သည့် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ရမည်၊

မရွေးချယ်တတ်လျှင် ပညာရှိတို့နှင့် တိုင်ပင်၍ ရွေးချယ်စိစစ်ပြီး လှူဒါန်း ရပါမည်။ ယင်းသို့ လှူဒါန်းမှသာလျှင် မိမိတို့ လှူသည့်အလှူ ပိုမို၍ အကျိုးများမည်ဖြစ်ပါသည်။

အလှူပေး အလှူခံတို့၏ သီလစင်ကြယ်မှု မစင်ကြယ်မှုငါးကို ဖော်ပြပါ ဦးမည်။

ဝေဿန္တ ရာမင်းကြီးသည် ဂူဇကာပုဏ္ဏားကြီးအား လှူဒါန်းခြင်းသည် အလှူရှင် ဝေဿန္တ ရာမင်းကြီးက သီလစင်ကြယ်ခြင်းနှင့် တရားစင်ကြယ်ခြင်း ရှိ၍ အလှူခံ ဂူဇကာပုဏ္ဏားက သီလစင်ကြယ်ခြင်းနှင့် တရားစင်ကြယ်ခြင်း မရှိခြင်း။

ကလျာဏီမြစ်ကမ်း တံခါးအနီးဌိနေသော တံငါတစ်ဦးသည် ဒီဃသောမ မထေရ်မြတ်ကြီးအား ဆွမ်းသုံးကြိမ်လောင်းလှူဖူးပါသည်။ ဤဌိ အလှူရှင် တံငါသည်က သီလစင်ကြယ်ခြင်းနှင့် တရားစင်ကြယ်ခြင်းမရှိ၍ အလှူခံပုဂ္ဂိုလ် ဒီဃသောမ မထေရ်ကြီးက သီလစင်ကြယ်၊ တရားစင်ကြယ်ခြင်း ရှိပါသည်။

ဝဟုမာနအရပ်ဌိနေသော မုဆိုးကြီးသည် ဒုဿီလပုဂ္ဂိုလ်ကြီးအား သုံးကြိမ်သုံးခါ လှူဒါန်းဖူးပါသည်။ ဤဌိ အလှူရှင်မုဆိုးကြီးကလည်း သီလ စင်ကြယ်ခြင်းနှင့် တရားစင်ကြယ်ခြင်း မရှိ၊ အလှူခံပုဂ္ဂိုလ်ကလည်း သီလစင်ကြယ်ခြင်းနှင့် တရားစင်ကြယ်ခြင်းမရှိပါ။ ထိုသို့ သီလမရှိသော မုဆိုးကြီးက သီလမရှိသောသူအား လှူဒါန်းခြင်းကြောင့် အမျှပေးဝေသည့်အခါ လူမဟုတ်သော အစိမ်းသရဲ တစ္ဆေကြီးက ဒုဿီလကြီးသည် "ငါ့အစာကို လုယူဖျက်ဆီးတယ်" ဟု အော်ကာ ဟစ်ကာ မြည်တွန်ရာ လေသည့်အတွက် မုဆိုးကြီးက သီလရှိသော ရဟန်းတစ်ပါးအား တစ်ဖန် ထပ်၍လှူဒါန်းပြီး အမျှပေးဝေသည့်အခါမှ ထိုအစိမ်းသရဲ တစ္ဆေကြီးထံ ကောင်းမှုအဖို့ဘာဂ ရရှိကြောင်း ဆရာစဉ်ဆက် မိန့်မြွက်ခဲ့၍ သိရပါသည်။

ထို့ကြောင့် လှူဒါန်းသည့်အခါ ပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်၍ သီလရှိသည့် ပုဂ္ဂိုလ်အား လှူဒါန်းပါမှ အကျိုးကြီးမည်ဖြစ်၍ သီလရှိသူအား ရွေးချယ် စိစစ်၍ ပေးလှူကြပါ။

ရှင်းလင်းချက်

အလှူခံပုဂ္ဂိုလ်က သီလမစင်ကြယ်သော်လည်း အလှူပေးပုဂ္ဂိုလ်က သီလ စင်ကြယ်လျှင် အကျိုးပေးကြီးကျယ် များပြားပါသည်။

ဥပမာ - မြေမကောင်းသည့် လယ်ယာမြေတစ်ခုဌ ကျွမ်းကျင်သည့် လယ်သမားသည် မကောင်းသည့် မြေများကို ပယ်နှုတ်၍ မြေဆီစသည် ထည့်သွင်းပြီး မပြတ်မလပ် ကြိုးစားလျက် ကောင်းမွန်အောင်မြင်သည့် မျိုးစေ့ကို စိုက်ပျိုးခြင်း ပြုလုပ်ပါက လယ်သမား၏ ကျွမ်းကျင်မှုကြောင့် အခြားလယ်များထက် စပါးထွက်တိုးနိုင်သကဲ့သို့ ဤနေရာဌလည်း လယ်သမားနှင့် တူသော အလှူရှင်၏ အသိဉာဏ် ကြွယ်ဝမှုကြောင့် နိဗ္ဗာန်ရသည်အထိ အထောက်အပံ့ အကျိုးပြုနိုင်သော အလှူဖြစ်နိုင်ပါသည်။

ဆိုလိုရင်းမှာ ဒါနပြုသူ အလှူရှင်သည် အသိများဖို့ အသိကြွယ်ဖို့က လိုရင်း အဓိက ဖြစ်ပါသည်၊ ရဟန္တာပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ်အား လှူဒါန်းခြင်းသည် ဂုဏကင်းပြီးဖြစ်၍ ဘဝကို မတောင့်တသောကြောင့် ထိုအလှူသည် အမြတ်ဆုံး အလှူဖြစ်သကဲ့သို့ ဘဝကိုမတောင့်တဘဲ အသိရှေ့ထား၍ လှူလျှင် အမြတ်ဆုံး လှူဒါန်းခြင်းဖြစ်ပါသည်။

အလှူဒါန၏အကျိုးကို ယုံကြည်သူ

ဒါန၏အကျိုးကို ယုံကြည်ရာဌ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့နှင့် တူသောသူမည်သည် မရှိသကဲ့သို့၊ ဘုရားရှင်မှ တစ်ပါးသော သူသည် ဒါန၏အကျိုးကိုသိခြင်းငှါ မစွမ်းနိုင်ပါ၊ ဘုရားရှင်သည်သာလျှင် ဒါန၏အကျိုးကို အကုန်အစင် သိနိုင်ပါသည်။

ရှင်သာရိပုတ္တရာက ဘုရားရှင်အား လှူဒါန်းခြင်းနှင့်ဘုရားရှင်က ရှင်သာရိပုတ္တရာအား လှူဒါန်းခြင်းဌ ဘုရားရှင်က ရှင်သာရိပုတ္တရာအား လှူဒါန်းခြင်းက သာလွန်၍ အကျိုးများပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင်ကသာ အသိဉာဏ်သာသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အလှူရှင်တိုင်း ဝိပဿနာအသိ, မဂ်, ဖိုလ်အသိများနှင့် ပုထုဇဉ်ဖြစ်လျှင် ယုတ်စွအဆုံး ဝိပဿနာအသိဖြင့် လှူဒါန်းနိုင်ကြရန် ကြိုးစားအားထုတ်ကြရပါမည်။ ယင်းသို့ လှူဒါန်းနိုင်ပါက ဒါနအကျိုး သာလွန်၍များပြားပါမည်။ ယင်းသို့ ဝိပဿနာ အသိဖြင့် လှူဒါန်းပါက အလှူခံပုဂ္ဂိုလ်က သီလမရှိသော်လည်း အလှူ၏အကျိုးကို ခံစားရမည်သာ ဖြစ်ပါသည်။

ဒါနကို ပါရမီဖြစ်အောင် လှူဒါန်းပါ

ဒါနပြုရာ၌ သမ္ပဒါလေးပါးနှင့်လည်း ပြည့်စုံစွာ လှူဒါန်းရပါမည်၊ အလှူရှင်သည် အသိတရား သတိထားရပါမည်၊ အသိရှိပါမှ, ဉာဏ်အမြင် စင်ကြယ်ပါမှ ပါရမီဒါန ဖြစ်ပါမည်။

ဘုရားအလောင်း သူတော်ကောင်းတို့သည် နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ရန် ဒါနအစရှိသော ပါရမီ ဆယ်ပါးကို စွန့်စွန့်စား စား ပြုကျင့်ကြရမည်ဖြစ်သည်။ ဒါနအစရှိသော ပါရမီ ဆယ်ပါးတို့သည် နိဗ္ဗာန်သို့ ရောက်စေနိုင်ပါသည်။

အလှူဒါနပြုသည့်အလှူရှင်သည် နိဗ္ဗာန်ကိုရည်သန် တောင့်တ၍ပြုမှ ဒါနပါရမီဖြစ်ပါသည်၊ယင်းသို့ ဒါနပါရမီ ဖြစ်ပါမှ နိဗ္ဗာန်သို့ ရောက်နိုင်မည် ဖြစ်ပါသည်။

လူ့ဘဝ၊ နတ်ဘဝ စသည့် ဘဝတို့၌ စားဝတ်နေရေး ပြည့်စုံသော ဘောဂသမ္ပတ္တိတို့ကို တောင့်တ၍ ပေးလှူသော ကုသိုလ်ဟူသမျှသည် သခ္ခေါ် သန်္ဘာ ကုဋေကုဋာ မရေမတွက်နိုင်အောင် ပေးလှူပါသော်လည်း ထိုပေးလှူမှုသည် ဒါနပါရမီ မဖြစ်နိုင်၊ ဆိုလိုရင်းမှာ နိဗ္ဗာန်ကို မလိုချင်၍ နိဗ္ဗာန်ကို မရောက်နိုင်သော ပေးလှူမှု ကုသိုလ်ဟူသမျှသည် ဒါနပါရမီ မဖြစ်နိုင်။

ယင်းသို့ ပေးလှူခြင်းသည် နိဗ္ဗာန်ကို မတောင့်တ၍ ပါရမီမဖြစ်ခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်ကိုမတောင့်တ၍ ပါရမီမဖြစ်သည့် တောင့်တမှုတို့ကို ဘုရားရှင်ကိုယ်တော်မြတ်တို့ကလည်း မိစ္ဆာပဋိပဒါ (မှားသောကျင့်ဝတ်)ဟု မိန့်တော်မူကြပါသည်။ (နိဒါနဝဂ္ဂသံယုတ်၊ ပဋိပဒါသုတ်။)

ယင်းပါဠိတော်၌ အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့် ပုညာဘိ-သင်္ခါရဖြစ်သော ကာမာဝစရကုသိုလ်နှင့် ရူပါဝစရကုသိုလ်၊ အာနေဉ္ဇာဘိသင်္ခါရ ဖြစ်သော အရူပါဝစရကုသိုလ်များ ပြုလုပ်လျှင် မိစ္ဆာပဋိပဒါဖြစ်၏။

အဝိဇ္ဇာတည်းဟူသောအကြောင်းမခံဘဲ ပုညာဘိသင်္ခါရဖြစ်သော ကာမာဝစရကုသိုလ်နှင့် ရူပါဝစရကုသိုလ်၊ အာနေဉ္ဇာဘိသင်္ခါရဖြစ်သော အရူပါဝစရကုသိုလ်များ ပြုလုပ်လျှင် သမ္မာပဋိပဒါဖြစ်၏။

တရားနာကြားမှုလည်းမရှိ, စာပေလေ့လာမှုလည်းနည်းပါး, ဗဟုသုတ ပါးရှားကြသည့်သူတို့သည် လူ့ဘဝ, နတ်ဘဝ, ဗြဟ္မာဘဝများကို ကောင်းမြတ်သော ချမ်းသာဟု ထင်မှတ်ကြ၍ တောင့်တကြလေသည်။ အမှန်မှာ ချမ်းသာစစ်ချမ်းသာမှန်မဟုတ်၊ ဆင်းရဲအစုသာဖြစ်၏။ ဆင်းရဲအစု ဖြစ်သည့်အတိုင်း အားလုံးသောလူနတ်ဗြဟ္မာသတ္တဝါတို့သည် ရုပ်နာမ် ခန္ဓာရထားကြသည့်အတွက် အိုကြရ, နာကြရ, သေကြရကုန်၏။

ယင်းသို့ အို နာသေ ဒုက္ခကို အို နာသေ ဒုက္ခဟူ၍ မသိမမြင်ခြင်းကို အဝိဇ္ဇာခေါ်၏။ ထိုဒုက္ခကို မသိမမြင်သော အဝိဇ္ဇာတရားသည် တဏှာနှင့် တွဲဖက်၍ ဘဝကို တောင့်တသဖြင့် ကုသိုလ်ပြု၏၊ ထိုပြုသမျှ ကုသိုလ်တို့သည် ပုညာဘိသင်္ခါရကုသိုလ်ဖြစ်စေ, အာနေဉ္ဇာဘိသင်္ခါရကုသိုလ် ဖြစ်စေ မိစ္ဆာပဋိပဒါဟု ဆိုအပ်သော မှားသောအကျင့်ဖြစ်၏။ မှားသောအကျင့်ဟူသည် ဝဋ်မှထွက်မြောက်ကြောင်းမဟုတ်သည့် တောင့်တခြင်းကို တောင့်တ၍ ပေးလှူခြင်းကြောင့် မှားသော အကျင့်ဟုဆိုလိုပါသည်။

ကောင်းမှုဖြစ်ပွားရန် အကြောင်းသုံးတန်

အလှူဒါန ကောင်းမှုကုသိုလ် ပြုလုပ်ကြသူများမှာ မိမိတို့၏ အလှူဒါန ကောင်းမှုကုသိုလ် ဖြောင့်ဖြောင့် ဖြူးဖြူး အောင်အောင် မြင်မြင်နှင့် ပြီးမြောက်ရန် အလွန်အရေးကြီး၏။ ထိုသို့ ပြီးမြောက်အောင်မြင်ရန် အချက်သုံးချက်ရှိ၏၊ ထိုအချက်သုံးချက်နှင့် ညီညွတ်မှုရှိမှသာလျှင် မိမိတို့၏ အလှူဒါန ပြီးမြောက် အောင်မြင်နိုင်၏။ ထိုအချက်သုံးချက်မှာ အောက်ပါ အတိုင်းဖြစ်သည်။

၁။ **သဒ္ဓါတရား**=ရတနာသုံးပါး၊ ကံ ကံ၏အကျိုးတရားကို ယုံကြည်မှုရှိသူမှသာလျှင် များစွာသောကုသိုလ်ကောင်းမှု အလှူဒါန ပြုလုပ်အောင်မြင်နိုင်၏။ (သဒ္ဓါတရားမရှိသူများမှာ အလှူဒါနပြုလုပ်အောင်မြင်ရန် မဖြစ်နိုင်။)

၂။ **ဒေယျဓမ္မ**=မိမိ၌လှူဖွယ်ပစ္စည်း ဝတ္ထုရှိမှသာလျှင် များစွာသော ကုသိုလ်ကောင်းမှု အလှူဒါနပြုလုပ်အောင်နိုင်၏။ (မိမိ၌ လှူဖွယ်ပစ္စည်း ဝတ္ထုမရှိသူများ အလှူဒါနပြုလုပ်အောင်မြင်ရန် မဖြစ်နိုင်။)

၃။ **ပဋိဂ္ဂါဟက**=မိမိလှူဒါန်းသော လှူဖွယ်ဝတ္ထုပစ္စည်းကို ခံယူမည့် အလှူခံပုဂ္ဂိုလ်ရှိမှသာလျှင် များစွာသော ကုသိုလ်ကောင်းမှု အလှူဒါန ပြုလုပ်အောင်မြင်နိုင်၏။ (အလှူခံပုဂ္ဂိုလ် မရှိက အလှူဒါန ပြုလုပ် အောင်မြင်ရန် မဖြစ်နိုင်။)

မှန်၏။ အလှူဒါန ကောင်းမှုကုသိုလ် ဖြောင့်ဖြောင့် ဖြူးဖြူး အောင်မြင်စွာ ပြုလုပ်နိုင်ရန် ပထမ သဒ္ဓါတရား အရေးကြီး၏။ မိမိ၌ လှူဖွယ်ဝတ္ထုပစ္စည်းလည်း လက်တွင် ရှိပါ၏၊ မိမိ၏ လှူဖွယ်ဝတ္ထုပစ္စည်းကို ခံယူမည့် အလှူခံပုဂ္ဂိုလ်လည်း ရှိနေစေကာမူ မိမိ၌ သဒ္ဓါတရားမရှိက မိမိ၏ အလှူဒါနကောင်းမှု ကုသိုလ် အောင်မြင်ထမြောက်ရန် မလွယ်ကူပေ။

မိမိ၌ သဒ္ဓါတရားလည်းရှိ၊ လှူဖွယ်ဝတ္ထုပစ္စည်းလည်းရှိပါ၏။ သို့သော် မိမိပစ္စည်းဝတ္ထုကို ခံယူမည့် အလှူခံပုဂ္ဂိုလ် မရှိပါကလည်း မိမိ၏ အလှူဒါန ထမြောက်အောင်မြင်ရန် မလွယ်ကူပေ။

မိမိ၌ သဒ္ဓါတရားလည်း ရှိပါ၏၊ အလှူခံပုဂ္ဂိုလ်လည်း ရှိပါ၏၊ သို့သော် မိမိမှာ လှူဒါန်းစရာ ပစ္စည်းဝတ္ထု မရှိပါကလည်း မိမိ၏ အလှူဒါန ထမြောက်အောင်မြင်ရန် မလွယ်ကူပေ။

ထိုအချက်သုံးချက်တွင် လှူဖွယ်ပစ္စည်းဝတ္ထုမှာ ရေတစ်ခွက်၊ ဆွမ်းတစ်ယောက်မ၊ သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့်သည်ပင်လျှင် လှူဖွယ်ပစ္စည်း ဝတ္ထုဖြစ်၍ လွယ်လင့်တကူ ရရှိနိုင်၍ မခဲယဉ်းလှပေ။ အလှူခံပုဂ္ဂိုလ်ဆိုသည်မှာလည်း "အလှူခံရေး၊ တစ်ကျိပ်လေး" ဆိုသည့် အတိုင်း မိမိပစ္စည်းကို ခံယူမည့် အလှူခံပုဂ္ဂိုလ်လည်း ရရှိရန် မခဲယဉ်းနိုင်ချေ။ ခဲယဉ်းသည်မှာ သဒ္ဓါတရား ဖြစ်၏။ မိမိကိုယ်တိုင် သဒ္ဓါတရားနှင့် ပြည့်စုံဖို့ အရေးကြီး၏။ သဒ္ဓါတရားနှင့် ပြည့်စုံရန် မလွယ်ကူပေ။ ဘုရားရှင် ကိုယ်တော်တိုင်ကလည်း သဒ္ဓါတရားနှင့် ပြည့်စုံဖို့ရန် ခဲယဉ်း၏ဟု ဒုလ္လဘတရား ငါးပါးတွင် ထည့်သွင်း ဟောကြားထားပါ၏။

(အံ၊ ၁၊ မြန် ၊ ၁၆၇။ သမ္မုခီဘာဝသုတ်။)

အလ္ကာဒါနပြုလုပ်ရန်အတွက် ဘုမ္မစိုးနတ်တိုက်တွန်းချက်

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူစဉ် သာဝတ္ထိပြည်သား ဥပါသကာ ဒါယကာ ကုန်သည် တစ်ဦးသည် မိမိနေထိုင်ရာ သာဝတ္ထိမြို့မှ ထွက်သည့် ကုန်ပစ္စည်းများကို လှည်းအပြည့် တင်ဆောင်ပြီး အမြို့မြို့ အနယ်နယ် အရပ်ဒေသသို့ သွားရောက် ရောင်းချ၏။ မိမိ၌ပါရှိသော ပစ္စည်းများ ရောင်းချ၍ ကုန်သောအခါ မိမိနေရာ သာဝတ္ထိမြို့တွင် ရောင်းချနိုင်ရန် ထိုဒေသထွက် ပစ္စည်းများကို လှည်းအပြည့် တင်ဆောင်၍ သာဝတ္ထိမြို့သို့ ပြန်လာ၏။ တောအုပ်တစ်ခုအတွင်း၌ မိမိလှည်းဝင်ရိုး ကျိုးသွားသဖြင့် စိတ်မချမ်းမသာ ဖြစ်နေ၏။

ထိုအချိန်အခါ သစ်ခုတ်သမား တစ်ယောက်သည် သစ်ခုတ်ရန် ပုဆိန်ပဲခွပ်ကိုယူ၍ မိမိနေရာရွာမှ ထွက်ခွာပြီး တောတွင်း လှည့်လည်၍ ခုတ်ရန်သစ်များ ရှာဖွေနေ၏။ ထိုစဉ် သာဝတ္ထိပြည်သား ဥပါသကာ ဒါယကာ ကုန်သည်၏ လှည်းဝင်ရိုး ကျိုးနေသောနေရာသို့ ရောက်သွား၏။ လှည်းဝင်ရိုး ကျိုးသဖြင့် စိတ်မချမ်းမသာဖြစ်နေသော သာဝတ္ထိမြို့သား ဥပါသကာ ဒါယကာကုန်သည်ကို မြင်ရ၍ ဤကုန်သည်သည် လှည်းဝင်ရိုးကျိုးသဖြင့် ပင်ပန်းဆင်းရဲနေ၏ဟု သာဝတ္ထိမြို့သားကုန်သည်အား သနားသဖြင့် သစ်ခုတ်၍ လှည်းဝင်ရိုးပြုလုပ်ပြီး မြဲမြံခိုင်ခဲ့အောင် တပ်ဆင်ပေး၍ ကူညီလိုက်၏။

ထိုသို့ သူတစ်ပါး ဒုက္ခရောက်နေသည်ကို ကူညီခဲ့ဖူးသော သစ်ခုတ်သမားသည် နောင်အခါ ကွယ်လွန်ခဲ့ပြီး ထိုတောအုပ်အတွင်း၌ပင် ဘုမ္မစိုးနတ်ဖြစ်၏။ မိမိပြုလုပ်ခဲ့ဖူးသော ကောင်းမှုကံကို ပြန်လည်ဆင်ခြင်စဉ်းစားသောအခါ ဒုက္ခရောက်နေသူအား ကူညီခဲ့ဖူးသော အကြောင်းကို မြင်၏။ ညအခါ၌ မိမိကူညီခဲ့ဖူးသော သာဝတ္ထိမြို့သား ဥပါသကာ ကုန်သည်၏ အိမ်သို့သွားပြီး အိမ်တံခါး၌ရပ်လျက် အောက်ပါစကားကို ပြောကြား၏။

"အချင်းဥပါသကာ ဒါယကာ-သင်သည် အကြင် လူဖွယ်ဝတ္ထုကို ပေးလှူ၏၊ ထိုလူဖွယ်ဝတ္ထုသည် တမလွန်လောက၌သာ ထိုအလှူ၏ အကျိုးဖြစ်သည်မဟုတ်။ စင်စစ်သော်ကား အခြားတစ်ပါး များစွာသော ကောင်းကျိုးသည် ဖြစ်သေး၏။ ထိုကြောင့် သင်တို့သည် အလ္ကာဒါနကို ပေးလှူသင့်သည်

သာလျှင်တည်း။ ပညာရှိသည် ပေးလှူခြင်းကြောင့် ပစ္စုပ္ပန် သံသရာ၌ ဖြစ်ဆဲ ဖြစ်လတ္တံ့သော ဆင်းရဲနှစ်ပါးကို လွန်မြောက်နိုင်၏။ ထိုအလှူပေးခြင်းကြောင့် ပစ္စုပ္ပန်သံသရာ၌ ဖြစ်ဆဲဖြစ်လတ္တံ့သော ချမ်းသာနှစ်မျိုးသို့ ရောက်နိုင်၏၊ သင်တို့သည် အလှူဒါန၌ အစဉ်နိုးကြားကြကုန်လော့၊ မမေ့မလျော့ကြကုန်လင့်ဟု ဘုမ္မစိုးနတ်က တိုက်တွန်းနိုးဆော်သတိပေးခဲ့၏။

(အကွရုက္ခပေတဝတ္ထု။)

ဒါနပြုက နတ်လက်ဆောင်များဖြင့်နတ်ပြည်မှဆီးကြိုကြ

ဒါနသည် ဒါနပြုသူအား ပြန်၍ အကျိုးပေးပါသည်။ ခေါင်းမွေးရိတ်ထားသော ခေါင်းသည် ခေါင်းမွေးဆံပင်များပြန်၍ ပြန်၍ ပေါက်လာသကဲ့သို့ လှူဒါန်းခြင်း ဒါနသည် ဒါနပြုသူ အလှူရှင်အား ပြန်၍ပြန်၍ စီးပွားဥစ္စာများ တိုးပွားလာစေပါသည်။

ပစ္စည်းများပွေ့ပိုက်၍ အဝေးမှ ရောက်လာသောသူကို ဆွေမျိုးစသည် တို့သည် ဝမ်းပန်းတသာ ဆီးကြိုကြသကဲ့သို့ လူ့ပြည်မှာ ကုသိုလ်ပြုခဲ့သူများ စုတေသောအခါ မိမိပြုသော ကုသိုလ်ကံများပါသွားသောကြောင့် နတ်ပြည်၌ နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အဆွေအရံ အစိုးရခြင်းနှင့် နတ်၌ ဖြစ်သော ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဤဆယ်ပါးသော နတ်လက်ဆောင်များနှင့် နတ်တို့သည် ဆီးကြိုကြလေကုန်၏။

ဒါနပါမှ မျက်နှာပန်းလှပုံ

စွန့်ကြဲပေးကမ်း လှူဒါန်းမှု ဒါနဟူသည် ဒါနပြုသူအား တစ်ဖန် ပြန်၍ အဆ အကုဋေ မရေတွက်နိုင်သော အကျိုးတရား**များ**ကို ကိုးပွားစေနိုင်ပါသည်။ ဗုဒ္ဓမြတ်စွာပွင့်ထွန်းပေါ်ပေါက်တော်**မူလာသည့်** ဗုဒ္ဓပွါဒနဝမခဏကြီးနှင့် တွေ့ဆုံကြုံကြိုက်၍ နေကြရသ**ဖြင့်လည်း** ရခဲလှသည့် လူ့ဘဝကိုရရှိနေကြသည့် လူအများတို့သည် **အလွန်ကံကောင်း**လှပါပေ၏။ အတိတ်ဘဝက ပြုလာခဲ့ကြသည့် ကုသိုလ်ကံ ထူးလှပေစွ။ မည်သည့်ကုသိုလ်ကို မဆို ပြုလုပ်၍ရ၏။ သာသနာတွင်း အချိန်အခါဖြစ်၍ စေတနာ သဒ္ဓါ

ထက်သန်မွန်မြတ်သဖြင့် ယုတ်စွအဆုံး တစ်ဇွန်း တစ်ယောက်ချိုမျှ လှူဒါန်း ပေးကမ်းကြစေကာမူ ဘဝသမွတ္တိ, ဘောဂသမွတ္တိတို့နှင့် ပြည့်စုံ ကုံလုံကြ၏။ ကြီးကျယ်များပြားသော အကျိုးမဟပ္ပလနှင့် ကြီးကျယ်မွန်မြတ်သော နိဗ္ဗာန် ချမ်းသာဟူသော အကျိုးမဟာနိသံသတို့ကိုလည်း ရရှိ ခံစားနိုင်ကြပါသည်။

ရဟန်းရှင်လူအားလုံးတို့သည် နိဗ္ဗာန်ရောက်ကြသည်ချင်း တူကြစေကာမူ သံသရာတစ်ခွင်ကျင်လည်ကြရာ၌ စွန့်ကြဲပေးကမ်းလှူဒါန်းမှု ဒါနပါသော သူသည် ဘဝသမွတ္တိ ဘောဂသမွတ္တိတို့နှင့် ပြည့်စုံကုံလုံကြရလျက် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ အခြံအရံ (အကျော်အစော) များခြင်း၊ အစိုးရခြင်းဟူသော အကျိုးတရား ငါးပါးတို့နှင့် ပြည့်စုံကာ နိဗ္ဗာန်နန်းခွင် စံဝင်ကြရကုန်၏။

လူ့ဘဝက အလှူဒါနနည်းပါးကြသူ၊ အလှူဒါန လုံးဝ မပြုခဲ့ကြသူ တို့သည် သံသရာ၌ စားဝတ်နေရေး ကြပ်တည်းကျဉ်းမြောင်းစွာ ပင်ပင် ပန်းပန်း နွမ်းနွမ်းပါးပါး ဆင်းဆင်းရဲရဲ နေထိုင်ကြရ၏၊ အသက်ရှည်ခြင်း စသော အကျိုးတရား ငါးပါးလည်း ပြည့်ပြည့်ဝဝ မရရှိကြဘဲ အောက်တန်းလွှာ အဆင့်၌ နေထိုင်ကြရကာ နိဗ္ဗာန်သို့ ရောက်ကြရ၏

ဒါနပြုခဲ့ဖူးသူနှင့် မပြုခဲ့သူတို့၏ သာဓကပြဝတ္ထုများမှာ ဤဘဒ္ဒကပ်ကမ္ဘာ ကဿပမြတ်စွာဘုရားလက်ထက်တော်အခါက ချစ်ကျွမ်းဝင် ခင်မင် ရင်းနှီးကြသော ရဟန်းနှစ်ပါးရှိကြ၏။ နှစ်ပါးလုံးပင် သီလ၊ သမာဓိ၊ ပညာ၊ သဒ္ဓါချင့် တူညီကြပါ၏၊ ထိုရဟန်းနှစ်ပါးတို့တွင် တစ်ပါးသော ရဟန်းက သာရဏီယဓမ္မကျင့်ဝတ်ကို ဖြည့်ကျင့်ကာ မိမိရရှိလာသည့် ဆွမ်းစသော လာဘ်လာဘများကို အခြား သီတင်းသုံးဖော် ရဟန်းတော်တို့အား ခွဲဝေပေးကမ်း လှူဒါန်းလေ့ရှိ၏။ အခြားတစ်ပါးသော ရဟန်းကမူ မျှတရုံ လောက် ခံယူပြီး ဘတ္တာဂ္ဂဝတ်ကို ဖြည့်ကျင့်ကာ ခွဲခြမ်းလှူဒါန်းလေ့ မရှိပေ။

သာရဏီယကျင့်ဝတ် ဖြည့်ကျင့်သောရဟန်းတော်က မိတ်ဆွေရဟန်းကို ငါ့ရှင်-မလှူဒါန်းမပေးကမ်းသော သူအား ဒါန၏အကျိုးတရားသည် မရှိ၊ မိမိရရှိသော ဓမ္မိယလဒ္ဓကို တစ်ပါးသူတို့အား ပေးလှူပြီးမှ စားသုံးသင့်၏ ဟု ပြောဆို၏။ ထိုအခါ ဘတ္တာဂ္ဂဝတ် ဖြည့်ကျင့်သော ရဟန်းက ငါ့ရှင်-

သင်သည် ဘာမျှမသိ၊ ဒေယျဓမ္မဝတ္ထုကို ပျက်စီးစေခြင်းငှာ မသင့်။ မိမိမျှတရုံခံယူ၍ ဘတ္တာဂဝတ်ကို ဖြည့်ကျင့်ခြင်းငှာ သင့်၏ဟု ပြန်ပြောလေသည်။

ထိုရဟန်းနှစ်ပါးတို့သည် တပါးသည် တပါးကို မိမိ၏အဆုံးအမသြဝါဒသို့ သက်ဝင်စေခြင်းငှါ မစွမ်းနိုင်ကြဘဲ မိမိတို့နှစ်သက်ရာဝတ်ကို ဖြည့်ကျင့်ကြကုန်လျက် ထိုရဟန်းဘဝမှ စုတေကြကာ နတ်ပြည်သို့ ရောက်ကြကုန်၏။

အဆွေခင်ပွန်း နှစ်ယောက်တို့ နတ်ပြည်သို့ ရောက်ကြသောအခါ သာရဏီယဓမ္မကျင့်ဝတ်ကို ဖြည့်ကျင့်ခဲ့သော နတ်သားသည် နတ်၌ဖြစ်သော အသက်ရှည်ခြင်းစသော အကျိုးတရား ငါးပါး ရရှိခံစားရလေ၏။ ဘတ္တာဂ္ဂကျင့်ဝတ် ဖြည့်ကျင့်ခဲ့သော နတ်သားသည် နတ်၌ဖြစ်ခဲ့သော အသက်ရှည်ခြင်းစသော အကျိုးတရား ၅-ပါးတို့နှင့် မပြည့်စုံ မကဲလဲ့ရှာပေ၊ ဒါန၏အကျိုးကား အားကိုးထိုက်ပါပေ၏။

ထိုအဆွေခင်ပွန်း နှစ်ဦးတို့သည် ဘုရားနှစ်ဆူတို့၏ တစ်ခုသော အကြားကာလပတ်လုံး လူ့ပြည်နတ်ရပ် အထပ်ထပ်ကြင်လည်ကြရသော်လည်း ဘဝအဆင့်အတန်း ကွာဟလျက် ဒါန ပါသူက သာစမြဲ ဖြစ်၏။ ယခု ဘဒ္ဒကပ်ကမ္ဘာ ဂေါတမမြတ်စွာဘုရား လက်ထက်တော် အခါ၌ သာရဏီယကျင့်ဝတ်ဖြည့်ကျင့်လျက် ဒါနပြုခဲ့သော ရဟန်းတော်သည် သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားကြီး၏ ဝမ်း၌ ကိန်းပိုက်သန္ဓေတည်နေရပြီး အဆင့်မြင့်ခဲ့ရလေ၏။

ဘတ္တာဂ္ဂဝတ်ကိုသာ ဖြည့်ကျင့်လျက် ဒါနမှုမပြုခဲ့သော ရဟန်းတော်သည် မိဖုရားကြီး၏ အလုပ်အကျွေးဖြစ်သော အမျိုးသမီး ဝမ်း၌ ပဋိသန္ဓေတည်နေရကာ အဆင့်မမြင့်ဘဲ အစစ နိမ့်ကျ၍ မျက်နှာပန်းမလှရှိခဲ့၏။ ထိုအဆွေခင်ပွန်း နှစ်ယောက်တို့သည် တစ်နေ့တည်း ဖွားမြင်ကြလျက် နာမည် မှည့်အံ့သောနေ့၌ ရေချိုးပြီးကာ အသရေရှိသော တိုက်ခန်း၌ သိပ်ထားကြကုန်၏။

သာရဏီယကျင့်ဝတ် ဖြည့်ကျင့်ခဲ့သော ကလေးငယ်သည် ကြီးမြတ်သော ထီးဖြူဖြင့်ကောင်းစွာ ခင်းအပ်သောနေရာ အစရှိသော တိုက်ခန်းတို့ကို မြင်၍ ငါသည် တစ်ခုသော မင်းမျိုးဌ် ဖြစ်ရလေပြီဟု သိရလေ၏။ မိမိ၏ အတိတ်ဘဝကုသိုလ်ကံကို ဆင်ခြင်သောအခါ သာရဏီယကျင့်ဝတ်ကို ဖြည့်ကျင့်ခဲ့သော ကောင်းမှုကံကြောင့် ဤမြတ်သော မင်းမျိုးဌ် ဖြစ်ရပေပြီဟု သိရလေ၏။ တစ်ဖန် သူငယ်ချင်းရဟန်း ဘယ်မှာရောက်နေသည်ကို ဆင်ခြင်ကြည့်ရှုလိုက်သောအခါ နိမ့်သောနေရာ၌ အိပ်နေသည်ကို တွေ့မြင်ရ၍ ဤသူငယ်ချင်းကို ဖိနှိပ်ခြင်းငါသင့်၏ဟု ကြံ၍ "သူငယ်ချင်း–အသင်သည် ငါ၏စကားကို နားမထောင်၊ ငါ၏ပြည့်စုံခြင်းကို ကြည့်ပါ၊ ငါသည် ထီးဖြူအောက် အသရေရှိသော အိပ်ရာ၌ လျောင်းစက်ရ၏၊ သင်မူကား နိမ့်သော ညောင်စောင်းဝယ် ကြမ်းတမ်းသော အခင်းဖြင့်သာ အိပ်ရ၏" ဟု ဆို၏။

မိတ်ဆွေ သင်သည် ဤစည်းစိမ်ကို မှီ၍ အဘယ့်ကြောင့် မာန်ထောင်ဘိသနည်း၊ အလုံးစုံကြမ်းကြမ်းနုနု အရာဝတ္ထုမှန်သမျှ ပထဝီဓာတ်မျှသာတည်း၊ ဘာမျှ မထူးပါဟု ပြန်လည် ချေပပြောဆိုနေသည်ကို သုမနာမင်းသမီး ကြားရ၍ ငါ၏မောင်ငယ်တို့သည် ရဟန်းနတ်သားဘဝမှ ဤလူ့ဘဝသို့ ရောက်ရှိလာသူတို့ ဖြစ်ကြပေလိမ့်မည်၊ ဤအကြောင်းကို တစုံတယောက်ကိုမျှ မပြောကြားဘဲ ငါ၏အဖဖြစ်သော မြတ်ဘုရားကို မေးလျှောက်အံ့ဟု ကြံပြီး ပန်းနံ့သာတို့ကို ယူဆောင်ကာ အခြံအရံ ငါးရာတို့နှင့်အတူ ဇေတဝန်ကျောင်းသို့ သွားလေ၏။

သုမနာ မင်းသမီးသည် ရထားငါးရာ မင်းသမီးငါးရာ ခြံရံကာ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်နေလျက် မြတ်စွာဘုရားအား –

အရှင်ဘုရား ဤသာသနာတော်၌ မြတ်စွာဘုရား၏တပည့်သာဝက နှစ်ဦးတို့သည် ညီမျှသော သဒ္ဓါ၊ ညီမျှသော သီလ၊ ညီမျှသော ပညာရှိကြပါကုန်၏၊ တစ်ဦးသည် ဃေးလူတတ်၍ တစ်ဦးသည်ကား မဃေးလူတတ်ပါ၊ ထိုသူနှစ်ဦးတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌

ကောင်းသောလား‌ရာ နတ်ပြည်လောကသို့ ရောက်ကုန်ရာ၏၊ အရှင်ဘုရား-နတ်ဖြစ်သူ ထိုနှစ်ဦးတို့၏ ထူးခြားချက်သည် ဖြစ်ကောင်းပါ၏လော၊ ခြားနားချက်သည် ဖြစ်ကောင်းပါ၏လောဟု လျှောက်ထားသောအခါ သုမနာ-ဖြစ်ကောင်း၏ဟု မြတ်စွာဘုရားမိန့်တော်မူ၏။

သုမနာ-ပေးလှူတတ်သူသည် မပေးလှူတတ်သူကို နတ်ဖြစ်ခြင်း တူသော်လည်း -

၁။ နတ်၌ဖြစ်သော အသက်

၂။ နတ်၌ဖြစ်သော အဆင်း

၃။ နတ်၌ဖြစ်သော ချမ်းသာ

၄။ နတ်၌ဖြစ်သော အခြံအရံ (အကျော်အစော)

၅။ နတ်၌ဖြစ်သော အစိုးရခြင်း -

ဟူသော ဤအကြောင်း ၅-မျိုးတို့ဖြင့် လွန်းမိုးနိုင်၏။

သုမနာ-ပေးလှူတတ်သူသည် မပေးလှူတတ်သူကို လူဖြစ်ခြင်းတူသော်လည်း -

၁။ လူ၌ဖြစ်သော အသက်

၂။ လူ၌ဖြစ်သော အဆင်း

၃။ လူ၌ဖြစ်သော ချမ်းသာ

၄။ လူ၌ဖြစ်သော အခြံအရံ (အကျော်အစော)

၅။ လူ၌ဖြစ်သော အစိုးရခြင်း-

ဟူသော ဤအကြောင်း ၅-မျိုးတို့ဖြင့် လွန်းမိုးနိုင်၏။

သုမနာ-ပေးလှူတတ်သူသည် မပေးလှူတတ်သူကို ရဟန်းဖြစ်ခြင်း တူသော်လည်း -

အလှူခံယူတော်မူပါဟု တောင်းပန်ခံရသည် ဖြစ်၍သာလျှင် သင်္ကန်းကို သုံးဆောင်ရသည်ကများ၏၊ တောင်းပန်မခံရဘဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

အလှူခံယူတော်မူပါဟု တောင်းပန်ခံရသည်ဖြစ်၍ သာလျှင် ဆွမ်းကို သုံးဆောင်ရသည်က များ၏၊ တောင်းပန်မခံရဘဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

တောင်းပန်ခံရသည်ဖြစ်၍သာလျှင် ကျောင်းကို သုံးဆောင်ရသည်က များ၏၊ တောင်းပန်မခံရဘဲ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

တောင်းပန်ခံရသည်ဖြစ်၍သာလျှင် သူနာ၏ အထောက်အပံ့ အသက်၏ အရံ အတားဖြစ်သော ဆေး အသုံးအဆောင်ကို သုံးဆောင်ရသည်ကား များ၏၊ တောင်းပန်မခံရမူ၍ သုံးဆောင်ရသည်ကား အနည်းငယ်သာတည်း။

အတူတကွ နေထိုင်ကြသော သီတင်းသုံးဖော်တို့သည် ထိုပေးလှူတတ် သောရဟန်းအား နှစ်ခြိုက်ဖွယ် ကိုယ်အမူအရာ၊ နှစ်ခြိုက်ဖွယ် နှုတ်အမူအရာ၊ နှစ်ခြိုက်ဖွယ် စိတ်အမူအရာဖြင့် ပြုမူကြသည်ကများ၏၊ မနှစ်ခြိုက်ဖွယ် ကိုယ်အမူအရာ၊ မနှစ်ခြိုက်ဖွယ် နှုတ်အမူအရာ၊ မနှစ်ခြိုက်ဖွယ်စိတ်အမူအရာဖြင့် ပြုမူကြသည်ကား အနည်းငယ်သာတည်း။ နှစ်ခြိုက်ဖွယ်ပူဇော်မှုဖြင့် ပူဇော်ကြသည်ကများ၏၊ မနှစ်ခြိုက်ဖွယ်ပူဇော်မှုဖြင့် ပူဇော်ကြသည်ကား အနည်းငယ်မျှသာတည်း။

သုမနာ-ပေးလှူတတ်သူသည် မပေးလှူတတ်သူကို ရဟန်းဖြစ်ခြင်း တူကြသော်လည်း ဤအကြောင်း (၅)မျိုးတို့ဖြင့် လွှမ်းမိုးနိုင်၏ဟု မိန့်တော်မူ၏။

သုမနာမင်းသမီးသည် ဘုရားရှင်အား ဆက်လက်၍ အရှင်ဘုရား အကယ်၍ ထိုသူနှစ်ဦးတို့သည် ရဟန္တာအဖြစ်သို့ ရောက်ကြပါမူ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်သော ထိုသူနှစ်ဦးတို့၏ ထူးခြားချက်သည် ဖြစ်ကောင်းပါသေးသလော၊ ခြားနားချက်သည် ဖြစ်ကောင်းပါသေးသလောဟု မေးလျှောက်၏။

သုမနာ ဤအရာ၌ စင်စစ်အားဖြင့် တစ်ပါး၏ ကိလေသာမှ လွတ်မြောက်မှုနှင့် တစ်ပါး၏ကိလေသာမှ လွတ်မြောက်မှုကို အနည်းငယ်မျှပင် ခြားနား၏ဟု ငါမဆိုဟု မိန့်တော်မူ၏။

အရှင်ဘုရား အံ့ဖွယ်ရှိပါပေစွ၊ အရှင်ဘုရားမဖြစ်ဖူးမြဲ ထူးထူးကဲကဲ ဖြစ်ပါပေစွ၊ ဤအလှူဒါနတို့ကို ပေးလှူရန် အလွန်လျင် သင့်လျော်လှသည်သာတည်း၊ ကောင်မှုတို့သည် နတ်ဖြစ်သူအား‌လည်း ကျေးဇူးပြုတတ်၊ လူဖြစ်သူအား‌လည်း ကျေးဇူးပြုတတ်၊ ရဟန်းဖြစ်သူအား‌လည်း ကျေးဇူးပြုတတ် ပါပေကုန်၏ဟု လျှောက်ထား‌လေ၏။ (အံ၊ ၂၊ ၂၇။)

ပုဂ္ဂိုလ်သုံးမျိုးခွဲ စိတ်ထား‌တတ်ရန်

အလှူဒါနပြုရာ၌ တောင်း‌ခံလာသော အလှူခံပုဂ္ဂိုလ်သည် မိမိ ချစ်အပ်သော ပိယပုဂ္ဂိုလ်ဖြစ်အံ့။ “ငါချစ်အပ်သောသူက ငါ့ထံတောင်း‌ခံလာပေသည်”- ဟု ဝမ်း‌မြောက်ဝမ်း‌သာ ဖြစ်ရမည်။

ချစ်လည်း‌မချစ် မုန်း‌လည်း‌မမုန်း‌အပ်သော မဇ္ဈတ္တပုဂ္ဂိုလ်ဖြစ်အံ့ “ငါ့ကို တောင်း‌ခံလာသော ဤသူသည် ယခု ငါစွန့်လှူခြင်းဖြင့် မိတ်ဆွေဖြစ်ရပေတော့မည်” ဟု နှလုံးသွင်း‌ဆင်ခြင်၍ ဝမ်း‌မြောက်ဝမ်း‌သာ ဖြစ်ရမည်။

ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်က တောင်း‌ခံလာခဲ့သော် “ငါ၏ရန်သူသည် ငါ့ထံ တောင်း‌ခံလာပေသည်။ ငါ့ထံ တောင်း‌ခံလာသော ဤရန်သူသည် ဇကန်မုချ ယခုငါပေး‌လှူခြင်း‌ဖြင့် ချစ်ကျွမ်း‌ဝင်သော မိတ်ဆွေဖြစ်ရပေတော့မည်” ဟု နှလုံးသွင်း‌ ဆင်ခြင်၍ အထူး‌သဖြင့် ဝမ်း‌မြောက်ဝမ်း‌သာ ဖြစ်ရမည်။

ပေး‌လှူတတ်သူကို အလှူခံပုဂ္ဂိုလ်တို့ ချစ်မြတ်နိုး‌ကြ၏။ အထက်က ဖော်ပြခဲ့သောနည်း‌ဖြင့် မိမိချစ်အပ်သော ပိယပုဂ္ဂိုလ်များ‌ခွဲကဲ့သို့ မဇ္ဈတ္တ ချစ်လည်း‌မချစ် မုန်း‌လည်း‌မမုန်း‌သောသူနှင့်၊ ဝေရီရန်သူဖြစ်သော သူတို့ခွဲလည်း‌ မေတ္တာရှေ့သွား‌ရှိသော ကရဏာကို ဖြစ်စေ၍ ပေး‌လှူရမည်။

(စရိယာ-ဋ္ဌ၊ ၂၈၄။ ဒီ၊ ဋ္ဌ၊ ၁၊ ၇၅။ သီ၊ ဋ္ဌ၊ သစ်၊ ၁၊ ၂၊ ၆၈။)

အမျှဝေခြင်းသည် ဒါနပြုခြင်းဖြစ်

လူဖွယ်ဝတ္ထုပစ္စည်းကို စွန့်ကြဲပေးကမ်းလူဒါန်းသကဲ့သို့ မိမိ ပြုလုပ်ရရှိပြီးသော ကုသိုလ်စေတနာကို စွန့်ကြဲပေးကမ်း အမျှအတမ်း ပေးဝေခြင်းကိုလည်း ဒါနကုသိုလ်ဟူ၍ပင် ခေါ်ဆိုရ၏။ **(ပေတ၊ ဋ္ဌ၊ ၉)**

လူဖွယ်ဝတ္ထု ပစ္စည်းစုကို လူဒါန်းပေးကမ်းစွန့်ကြဲပြီးနောက် သတ္တဝါအားလုံး အမျှပေးဝေပါ၏။ ကုသိုလ်အမျှရကြပါစေဟု အမျှအတမ်း ပေးဝေခြင်းသည် ပတ္တိဒါန ကုသိုလ်ပင်ဖြစ်၏။ **(ဒီ၊ ဋ္ဌ၊ ၃၊ ၁၈၂။)**

မိမိပြုသော ကုသိုလ်ကောင်းမှုကို သူတစ်ပါးတို့အား အမျှပေးဝေလိုက်သဖြင့် အလ္ကာရင်၏ ကုသိုလ်ကောင်းမှုများ ကုန်ဆုံးနည်းပါးသွားသည် မဟုတ်ပါ၊ တိုးပွားလာခြင်းသာဖြစ်ပါ၏။

ဥပမာ။ အိမ်ခြေတစ်ရာရှိသော ရွာ၌ တစ်အိမ်သာမီးရှို့၍ အခြားအိမ်တို့၌မီးမရှိသဖြင့် မိမိတို့အိမ်အသီးသီးမှ ကိုယ်စီကိုယ်ငဆိနှင့်မီးစာကို ယူဆောင်လာကြ၍ မီးရှိသောအိမ်မှ မီးကို ကူးယူညှိထွန်းကြရာ ကူးယူခံရသော ပထမမီးရှိသောအိမ်မှ မီးရောင်သည် ယုတ်လျော့ကုန်ခမ်းသွားခြင်းမရှိ။ အသစ်ဖြစ်သော နောက်ကူးယူညှိထွန်းသော မီးရောင်၏အကူအညီကိုရ၍ အလင်းဓာတ် ပိုမိုတောက်ပြောင်လာသကဲ့သို့ မိမိပြုသော ကုသိုလ်ကောင်းမှုကို သူတစ်ပါးအား အမျှပေးဝေလိုက်ခြင်းကြောင့် အလ္ကာရင်၏ ကုသိုလ်မှာ ယုတ်လျော့သွားသည်မရှိ ပိုမို၍ပင် တိုးပွားလာ၏။ **(အံ၊ ဋ္ဌ၊ ၁၊ ၁၄၇။)**

အလ္ကာရင်များ ဆင်ခြင်ပွား

ချမ်းသာကြွယ်ဝ လိုတိုင်းရစေရန် ပစ္စည်းဥစ္စာဘဏ္ဍာတွေကို အလျှံပြောင်ပြောင် မီးတောက်လောင်နေသော အိမ်ထဲမှ ဆွဲထုတ်ယူရသကဲ့သို့ အိုမှု၊ နာမှု၊ သေမှု စသော မီး ၁၁-ပါးတို့ဖြင့် ရဲရဲပြောင်ပြောင် တောက်လောင်နေသော လောကကြီးထဲမှ စွန့်ကြဲပေးကမ်း လူဒါန်းမှုဒါနဖြင့် သံသရာရိုက်ခွာ ကုသိုလ်ထုပ်ကို ဆွဲထုတ်ယူရမည်။

ပေးလှူမှုဖြင့် ဆွဲထုတ်ယူငင်ထားအပ်သော ကုသိုလ်ရိက္ခာသည်သာ စိတ်ချရသော ကုသိုလ်ရိက္ခာထုပ်ဖြစ်၏။ ပေးလှူမှုဖြင့် အရယူလိုက်သော ကုသိုလ်ရိက္ခာသည် ချမ်းသာသောအကျိုးကို ပေးစွမ်းနိုင်၏။ မပေးလှူမီသော ပစ္စည်းဥစ္စာသည် ရန်သူမျိုးငါးပါးတို့ နှိပ်စက်ဖျက်ဆီး၍ ပျက်စီးဆုံးပါးတတ်၏။ ကျန်ပစ္စည်းစုကိုလည်း သေလျှင်မုချ စွန့်ပစ်၍ သွားရမည်ကို ပညာဉာဏ်ဖြင့် ဆင်ခြင်၍ မသေခင် ကြိုတင်ပေးလှူရာ၏။ သို့မှသာ ဝေဿန္တရာမင်းစသူတို့ကဲ့သို့ နတ်ရွာသုဂတိသို့ လားရောက်ရမည် ဖြစ်ပါ၏။

(သံ၊ ၁၊ ၂၉။ သံ၊ ဋ္ဌ၊ ၇၈။)

လယ်ယာ ရွှေငွေ စသော ကိုယ်ပိုင်ပစ္စည်းတို့၌ တပ်မက်ခင်တွယ်သော စိတ်ရှိသောသူသည် ယင်းပစ္စည်းတို့မှာ ဝတ္ထုကာမဖြစ်သဖြင့် များစွာ လိုလားဇောတာင့်တအပ်သော ပစ္စည်းများဖြစ်ခြင်း၊ မင်း ခိုးသူ စသော ရန်သူတို့နှင့် ဆက်ဆံခြင်း၊ ငြင်းခုံခြင်း၏ အကြောင်းဖြစ်ခြင်း၊ ခိုက်ရန်ပြုနိုင်ခြင်း၊ အနှစ်မဲ့ခြင်း၊ ယင်းပစ္စည်းတို့ကို ရရှိရေး၊ စောင့်ရှောက်ရေးတို့၌ သူတစ်ပါးကို ညှဉ်းဆဲမှု ဖြစ်မည်ဆိုလျှင် ညှဉ်းဆဲရခြင်း၏အကြောင်းဖြစ်ခြင်း။ ယင်းပစ္စည်းများ ပျက်စီးခဲ့သော် စိုးရိမ်ပူဆွေးရခြင်း စသော ဆင်းရဲအမျိုးမျိုးတို့နှင့် ရင်ဆိုင်တွေ့ရခြင်း၊ ပစ္စည်းဝတ္ထု၌ တပ်မက်မှုကြောင့် မစ္ဆရိယစိတ် ရှိသူတို့မှာ အပါယ်သို့လားရောက်နိုင်ခြင်း စသည်ဖြင့် ကိုယ်ပိုင်ဝတ္ထုပစ္စည်းစုတို့သည် အကျိုးမဲ့အမျိုးမျိုးကိုသာ ဆောင်နိုင်ကုန်၏။ ယင်းကိုယ်ပိုင်ဝတ္ထု ပစ္စည်းစုတို့ကို စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း တစ်ခုတည်းသည်သာ ချမ်းသာကြောင်း အမှန်ဖြစ်ပေသည်ဟု နှလုံးသွင်း ဆင်ခြင်၍ ပေးလှူမှုကို မမေ့မလျော့ ပြုလုပ်သင့်ကြပါ၏။

(စရိယာ၊ ဋ္ဌ၊ ၂၈၃။ ဒီ၊ ဋ္ဌ၊ ၁၊ ၇၄။ သီ၊ ဋ္ဌ၊ သစ်၊ ၁၊ ၂၆၀။)

အလှူခံပုဂ္ဂိုလ်တို့ တောင်းခံလာသည်ရှိသော် ဤသူကား မိမိ၏ လျှို့ဝှက်ဖွယ် ကိုယ်ရေးကိုယ်တာအကြောင်းအရာကို ထုတ်ဖော်ပြောကြားလာသည့်အတွက် ငါ့အား အလွန်ချစ်ကျွမ်းဝင်သူပါတကားဟူ၍လည်းကောင်း။

စွန့်ပစ်၍သွားရမည့် မိမိပစ္စည်းကို တမလွန်လောက နောင်ဘဝသို့ပါ အောင်ယူဆောင်၍သွားပါလေဟု ငါ့အား နည်းကောင်း လမ်းမှန်ကို ညွှန်ပြ တတ်သူပါတကား ဟူ၍ လည်းကောင်း။

မီးလောင်နေသော အိမ်ကြီးကဲ့သို့ မရဏာမီး ညီးညီးပြောင့်ပြောင့် ဲတောက်လောင်နေသော လောကကြီးထဲမှ ငါ့ပစ္စည်းကို မီးဘေးလွတ်ရာသို့ ထုတ်ဆောင်ပေးတတ်သော မိတ်ဆွေစစ်ကြီးပါတကား ဟူ၍လည်းကောင်း။

ထုတ်ဆောင်ထားသော ပစ္စည်းဝတ္ထုကို မီးမလောင်ရလေအောင် သိမ်းဆည်းထားရာ အရပ်သဖွယ် ဖြစ်ပါပေသည်တကား ဟူ၍ လည်းကောင်း။

ဒါနကောင်းမှုဌ အဖော်သဟဲဖြစ်သဖြင့် ကလျာဏမိတ္တ (မိတ်ဆွေ ကောင်း) အစစ်ပါတကား ဟူ၍လည်းကောင်း နှလုံးသွင်းဆင်ခြင်ကာ လွှဒါန်း ပေးကမ်းရာ၏။

(စရိယာ၊ ၌၊ ၂၈၃။ ဒီ၊ ၎၊ ၁၊ ၇၄။ သီ၊ ဋီ၊ သစ်၊ ၁၊ ၂၆၀။)

လွှဒါန်းလိုစိတ် ဖြစ်ပေါ်လာအောင် ကျင့်ဆောင်ပြုလုပ်နည်း

ဤသူသည် ငါ့ကို မွန်မြတ်သော ပေးလှူမှုဌ ဂုဏ်တင်၍ ချီးမွမ်းပေ၏။ ထိုချီးမွမ်းချက်ကို မချွတ်ယွင်းအောင် စောင့်ထိန်းထိုက်၏ဟူ၍ လည်းကောင်း၊

ငါ၏အသက်သည် ဓကန်ပျက်စီးခြင်း သဘောရှိသည့်အတွက် မတောင်းသော်လည်း ပေးလှူသင့်၏။ တောင်းလာခဲ့ပါမူကား အဘယ်မှာ ဆိုဖွယ်ရာရှိပါအံ့နည်း ဟူ၍ လည်းကောင်း၊

မြတ်သော အလိုအဇ္ဈာသယ ရှိသူတို့သည် အလှူခံပုဂ္ဂိုလ်ကို မရရအောင် ရှာကြံ၍ပင် ပေးလှူကြရ၏။ ငါ၏ကံကြောင့် အလှူခံပုဂ္ဂိုလ် အလိုအလျောက် ဆိုက်ရောက်လာပေသည် ဟူ၍ လည်းကောင်း၊

အလှူခံပုဂ္ဂိုလ်အား ပေးလှူရန် ညွှန်ပြခြင်းဖြင့် ငါ့အားချီးမြှင့် ထောက်ပံ့ခြင်းပင် ဖြစ်ပါပေ၏ ဟူ၍ လည်းကောင်း၊

ငါ့ကိုငါ ချီးမြှောက်သကဲ့သို့ သတ္တဝါအားလုံးကိုလည်း ငါချီးမြှောက်သင့် ၏ ဟူ၍ လည်းကောင်း၊

အလှူခံပုဂ္ဂိုလ်မရှိခဲ့သော် ငါ၏ ဒါနပါရမီသည် အဘယ်မှာ ပြည့်နိုင်ပါအံ့နည်း ဟူ၍ လည်းကောင်း၊

အလှူခံပုဂ္ဂိုလ်တို့၏အတွက်သာ ငါသည် ပစ္စည်းဝတ္ထုအား‌လုံး‌ကို ရှာဖွေသိမ်းဆည်းထား‌ခြင်း ဖြစ်၏ဟူ၍ လည်းကောင်း၊

ငါ့ထံ မထောင်းဘဲ အလှူခံပုဂ္ဂိုလ်တို့ ကိုယ့်ဟာကို အလိုအလျောက် ဘယ်အခါမှာ လာယူကြပါကုန်မည်နည်း ဟူ၍ လည်းကောင်း၊

ဘယ်ပုံဘယ်နည်း ငါသည် အလှူခံပုဂ္ဂိုလ်တို့ ချစ်မြတ်နိုး‌သူ ဖြစ်ရပါအံ့နည်း ဟူ၍ လည်းကောင်း၊

အဘယ်သို့လျှင် အလှူခံပုဂ္ဂိုလ်တို့က မတောင်းရဘဲ အလိုက်သိစွာ ပေး‌လှူနိုင်ရာပါအံ့နည်း ဟူ၍ လည်းကောင်း၊

ပစ္စည်းဥစ္စာနှင့် အလှူခံပုဂ္ဂိုလ် ၂-ပါး‌စုံရှိပါလျက် မစွန့်မလှူခြင်း‌သည် ငါ့အဖို့ ကြီး‌စွာသော လှည့်စား‌မှုပင်ဖြစ်၏ဟူ၍ လည်းကောင်း။

အဘယ်သို့လျှင် ငါ၏အင်္ဂါကြီး‌ငယ်ကိုလည်းကောင်း, အသက်ကို လည်းကောင်း အလှူခံပုဂ္ဂိုလ်တို့အား စွန့်လှူရပါအံ့နည်း ဟူ၍ လည်းကောင်း စွန့်လှူမှု၌ အမြည်တွတ်ယိမ်း‌သော စိတ်ဖြစ်ပေါ်လာအောင် ပြုလုပ်သင့်လှပါ၏။

(စရိယာ၊ ၌၊ ၂၈၄။ ဒီ၊ ဋီ၊ ၁၊ ၇၄။ သီ၊ ဋီ၊ သစ်၊ ၁၊ ၂၆၁။)

လှူဖြစ်အောင် ကျင့်ဆောင်ပေး‌လှူပါ

၁။ လှူဖွယ်ဝတ္ထုပြည့်စုံ၍ အလှူခံပုဂ္ဂိုလ်လည်း မိမိမျက်မှောက်၌ ထင်ရှား‌ဆိုက်ရောက်နေပါလျက် ပေး‌လှူလိုစိတ် မဖြစ်ပေါ်ခဲ့သော် “ငါသည် ဧကန်မုချ ရှေး‌ဘဝက ပေး‌လှူခြင်း၌ အလေ့အထ မပြုလုပ်ခဲ့သည့်အတွက် ယခုအခါ ငါ့သန္တာန်မှာ ပေး‌လှူလိုစိတ် ဖြစ်ပေါ်မလာခြင်း ဖြစ်သည်” ဟု ဆုံး‌ဖြတ်ချက်ချ၍ “နောက်နောင် ပေး‌လှူလိုစိတ် ဖြစ်ပေါ်လာအောင် ယနေ့မှစ၍ ပေး‌လှူတော့အံ့၊ ငါသည် ရှေး‌မဆွကပင် ကြိုတင်၍ ကိုယ်ပိုင်ဝတ္ထု ပစ္စည်း‌စုကို

အလ္လခံပုဂ္ဂိုလ်တို့အား စွန့်လွှတ်အပ်ပြီ မဟုတ်ပါလော” ဟု နှလုံးသွင်း ဆင်ခြင်လျက် ပေးလှူခြင်းဖြစ်အောင် ပေးလှူရာ၏။

၂။ လှူဖွယ်ဝတ္ထု ချို့တဲ့နည်းပါး၍ ပေးလှူလိုစိတ် မဖြစ်ပေါ်ခဲ့သော် “ငါသည် ရှေ့ဘဝက ပေးလှူခြင်း အလေ့အထ မရှိခဲ့သည့်အတွက် ယခု အခါ ပစ္စည်းဥစ္စာ ချို့တဲ့နည်းပါးရခြင်းဖြစ်သည်။ ယခုခါ ငါသည် ပစ္စည်း ဥစ္စာ နည်းပါးသည်ဖြစ်စေ၊ ညံ့သည်ဖြစ်စေ ရသမျှ လှူဖွယ်ဝတ္ထုဖြင့် ဖျစ်ညှစ်၍ ပေးလှူသင့်၏။ ထိုပေးလှူခြင်းဖြင့် နောင်အခါ၌လည်း ဒါနပါရမီ အထွတ်အထိပ်သို့ ရောက်စေရတော့အံ့” ဟု နှလုံးသွင်းဆင်ခြင်၍ ပေးလှူဖြစ်အောင် ပေးလှူရာ၏။

၃။ လှူဖွယ်ဝတ္ထုပစ္စည်း အလွန်ကောင်းမွန်နေ၍ လှူလိုစိတ် မဖြစ်ပေါ်ခဲ့သော် “သူတော်ကောင်း- သင်သည် အမြတ်ဆုံးဖြစ်သော ဗောဓိဉာဏ်ကို လိုလားတောင့်တသည် မဟုတ်ပါလော၊ အမြတ်ဆုံးဖြစ်သော ဗောဓိဉာဏ်ကို ရရန်အတွက် အမြတ်ဆုံး အကောင်းဆုံး ဖြစ်သော လှူဖွယ်ဝတ္ထုပစ္စည်းကို ပေးလှူမှသာ သင့်တော်ပေမည်” ဟု နှလုံးသွင်း ဆင်ခြင်၍ ပေးလှူဖြစ်အောင် ကျင့်ဆောင်ပေးလှူရာ၏။

၄။ ပေးလှူ၍ လှူဖွယ်ဝတ္ထုပစ္စည်း ကုန်ခန်းသွားသည်ကို တွေ့မြင်ရလျှင်လည်း “ကုန်ခန်းခြင်း ပျက်စီးခြင်းသဘောသည်ကား စည်းစိမ် ဥစ္စာတို့၏ သဘောတံထွာ ဓမ္မတာပင် ဖြစ်ပေသည်။ စင်စစ်မှာမူ ငါသည် ရှေးက ယခုကဲ့သို့ အလှူမျိုးကို မပြုလုပ်မိခဲ့သည့်အတွက် စည်းစိမ်ဥစ္စာ ကုန်ခန်းသွားသည်ကို တွေ့မြင်ရခြင်းဖြစ်သည်။ ယခု ငါသည် နည်းနည်း များများ ရသမျှ လှူဖွယ်ဝတ္ထုပစ္စည်းဖြင့်ပင် ပေးလှူရတော့အံ့။ ယင်းသို့ ပေးလှူခြင်းဖြင့် နောင်အခါ၌ ဒါနပါရမီ အထွတ်အထိပ်သို့ ရောက်စေရတော့မည်” ဟု နှလုံးသွင်း ဆင်ခြင်လျက် ပေးလှူဖြစ်အောင် ကျင့်ဆောင် ပေးလှူရာ၏။

(စရိယာ၊ ဋ္ဌ၊ ၃၁၈။ သီ၊ ဋီ၊ သစ်၊ ၁၊ ၂၉၅။)

ဂတိမြိလ္ပ မြတ်ဒါန

သောတာပန်များနည်းတူ လားရာဂတိ မြဲစေနိုင်သော အကျိုးတရားများကို ပေးစွမ်းနိုင်သည့် အလှူဒါနများလည်း ရှိသေး၏။

ဆိုအလ္လမျိုးမှာ -

၁။ စာရေးတံမဲ လက်မှတ်၌ ဆွမ်းဒါယကာ၏အမည်ကို ရေး၍ သံဃာများထဲမှ မဲကျသော ရဟန်းများအား လျှဒါန်းအပ်သော သလာကဘတ် အလျှ၊

၂။ လဆန်း၊ လဆုတ် ၅-ရက်၊ ၈-ရက်၊ ၁၄-ရက်၊ ၁၅-ရက်များ၌ ဥပုသ်စောင့်သုံးကာ လျှဒါန်းအပ်သော ပက္ခိကဘတ်၊

၃။ ဝါဆိုသင်္ကန်းအလျှ၊

၄။ ရောဂန်အလျှ၊ ကျောင်းအလျှများကို လျှဒါန်းသောအလျှရှင်သည် အမြဲမပြတ် နိဗ္ဗာန်ကုသိုလ်ကို ပြုရာရောက်သောကြောင့် သောတာပန်များနှင့်မခြား လားရာဂတိမြဲသော အကျိုးကို ရရှိနိုင်သော အလျှဒါနများဖြစ်၍ သူတော်စင်များအထူးအားကျ လျှဒါန်းသင့်လှ၏။ (အံ၊ ဋ္ဌ၊ ၃၊ ၂၆၅။)

ကောင်းမှုပြုရာ ဆုတောင်းပါ

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ ဟူသော တရားငါးမျိုးတည်ရှိ၍ ဆုတောင်းမှုလည်းရှိကြသော သူတို့၏ လားရာဂတိသည် မြဲ၏။ ကောင်းမှုကုသိုလ်ကိုသာ ပြု၍ ဆုတောင်းမှုမပြုသော သူတို့မှာမူကား အထက်ကောင်းကင်သို့ မြှောက်တင် ပစ်လွှင့်အပ်သော တုတ်၊ လုံတံစသည်သည် အောက်မြေပြင်သို့ ကျရာ၌ အဖျားပိုင်းဖြင့်ကျမည်၊ အလယ်ပိုင်းဖြင့်ကျမည်၊ အရင်းပိုင်းဖြင့် ကျမည်ဟု မချကိန်းသေ မမှတ်နိုင်သကဲ့သို့ လားရာဂတိမမြဲနိုင်။ ထို့ကြောင့် ကုသိုလ်ကောင်းမှုတစ်ကုပြုလုပ်ခဲ့သည်ရှိသော် သုဂတိဘုံဘဝတစ်ခုခုကို ရလိုရောက်လိုပါ၏၊ ရရပါလို ရောက်ရပါလို၏ဟု ဆုတောင်း၍ ပြုသင့်လှပေ၏။

(မ၊ ဋ္ဌ၊ ၄၊ ၁၄။)

သီဟစစ်သူကြီး

အခါတစ်ပါး မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်တော၊ ပြာသာဒ်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ သီဟစစ်သူကြီးသည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီး -

"အရှင်ဘုရား-အရှင်ဘုရားသည် ကိုယ်တိုင်ဒိဋ္ဌလက်တွေ့.သိမြင်ရသော အလှူဒါန၏ အကျိုးကို ဟောကြားပြသနိုင်ပါသလော" ဟု ဘုရားရှင်အား မေးလျှောက်၏။ ဘုရားရှင်က သီဟ-ဒါန၏ ကိုယ်တိုင်ဒိဋ္ဌလက်တွေ့. သိမြင်ရသော အကျိုးကို ဟောကြား ပြသနိုင်ပေ၏ဟု အောက်ပါအတိုင်း ဟောကြားတော်မူပါသည်။

၁။ သီဟ-ပေးလှူတတ်သောအလှူရှင်ကို လူများစွာတို့ ချစ်ခင်မြတ်နိုး ကြ၏။

၂။ သီဟ-ပေးလှူတတ်သော အလှူရှင်ထံသို့ ငြိမ်သက်သော စိတ်နှလုံးရိုကြ သည့် သူတော်ကောင်းတို့ ချဉ်းကပ်ကြကုန်၏။

၃။ သီဟ-ပေးလှူတတ်သော အလှူရှင်၏ ကောင်းသော ကျော်စောသံ သည် ပြန့်.နှံ့.၍တက်၏။

၄။ သီဟ-ပေးလှူတတ်သော အလှူရှင်သည် မင်းပုဏ္ဏား သူဌေးသူကြွယ် ရဟန်း ဤပရိသတ်လေးပါး၌ ချဉ်းကပ်သည့်အခါ ရဲရဲဝံ့ဝံ့ မျက်နှာရွှင်ပြစွာ ချဉ်းကပ်ရ၏။

ဤအကျိုးလေးပါးသည် ကိုယ်တိုင်ဒိဋ္ဌသိမြင်ရသော အလှူဒါန၏ လက်တွေ့.အကျိုးတရားဖြစ်၏။

၅။ သီဟ-နောက်တစ်ဖျိုးကား၊ပေးလှူတတ်သော အလှူရှင်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်ဘဝ၌ ကောင်းသောလားရာ နတ်ပြည် လောကသို့ ရောက်ရ၏။

ဤအကျိုးသည်ကား တမလွန်ဘဝ၌ ရရှိခံစားအပ်သော အလှူဒါန၏ အကျိုးတရားဖြစ်၏။

ဤသို့ ဟောကြားပြသတော်မူသည်ရှိသော် သီဟစစ်သူကြီးသည် မြတ်စွာဘုရားအား အောက်ပါအတိုင်း လျှောက်ထား၏။

အရှင်ဘုရား-အရှင်ဘုရားဟောကြားတော်မူသည့် ကိုယ်တိုင် ဒိဋ္ဌသိမြင် ရသော အလှူဒါန၏ လက်တွေ့.အကျိုးတရား ရှုလေ့ပါး၌ မြတ်စွာဘုရားအား

ယုံကြည်ခြင်းဖြင့် အကျွန်ုပ် မဆည်းကပ်ပါ။ အကျွန်ုပ်သည်လည်း ထိုကိုယ်တိုင် ဒိဋ္ဌသိမြင်အပ်သော အလှူဒါန၏ လက်တွေ့အကျိုးတရားလေးပါးကို သိပါ၏။

၁။ အရှင်ဘုရား-အကျွန်ုပ်သည် ပေးလှူတတ်သော အလှူရှင်ဖြစ်ပါသည်၊ များစွာသောလူတို့က ချစ်ခင်မြတ်နိုးအပ်သည်ဖြစ်ပါ၏။

၂။ အရှင်ဘုရား-အကျွန်ုပ်သည် ပေးလှူတတ်သော အလှူရှင်ဖြစ် ပါ၏၊ အကျွန်ုပ်ထံသို့ ငြိမ်သက်သောစိတ်နှလုံးရှိကုန်သော သူတော်ကောင်းတို့ ချဉ်းကပ်ကြပါကုန်၏။

၃။ အရှင်ဘုရား-အကျွန်ုပ်သည် ပေးလှူတတ်သော အလှူရှင်ဖြစ် ပါ၏။ သီဟစစ်သူကြီးသည် ပေးလှူတတ်၏၊ သံဃာအားကျေးဇူးပြုတတ်၏၊ သံဃာ၏အလုပ်အကျေးဖြစ်၏ဟု အကျွန်ုပ်၏ ကောင်းသော ကျော်စောသံသည် ပြန့်နှံ့၍ တက်ပါ၏။

၄။ အရှင်ဘုရား-အကျွန်ုပ်သည် ပေးလှူတတ်သော အလှူရှင်ဖြစ်ပါ၏၊ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ရဟန်း ဤပရိသတ်လေးပါးသို့ ချဉ်းကပ်ခဲ့ပါမူ ရဲရဲဝံ့ဝံ့မျက်နှာရွှင်ပျစွာ ချဉ်းကပ်ရပါ၏။

အရှင်ဘုရား-မြတ်စွာဘုရား ဟောကြားတော်မူသည့် ကိုယ်ဘိုင် သိမြင်ရသော ဤအလှူ၏ လက်တွေ့ဒိဋ္ဌ အကျိုးလေးပါးတို့၌ မြတ်စွာဘုရားအား ယုံကြည်သဖြင့် အကျွန်ုပ် ဆည်းကပ်သည် မဟုတ်ပါ။ အကျွန်ုပ်သည်လည်း ထိုအကျိုးတရားလေးပါးကို သိပါ၏။

၅။ အရှင်ဘုရား-မြတ်စွာဘုရားသည် သီဟ-ပေးလှူတတ်သော အလှူရှင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်ဘဝ၌ ကောင်းသော လားရာ နတ်ပြည်သို့ ရောက်ရ၏ဟု အကျွန်ုပ်အား ဟောကြားတော်မူသော ယင်းအကျိုးကိုမူကား အကျွန်ုပ် မသိရပါ၊ ဤအကျိုးတရား၌ သာလျှင် မြတ်စွာဘုရားအား ယုံကြည်သဖြင့် တပည့်တော်ဆည်းကပ်ပါ၏ ဟု ပြန်ကြား လျှောက်ထား၏။

သီဟ-ဤအကျိုးသည် ဤအတိုင်းမှန်၏၊ ဤအကျိုးသည် ဤအတိုင်းမှန်၏။ ပေးလ္ဟတတ်သောအလ္ဟရှင်သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရ၏။

ထို့ကြောင့် ချမ်းသာမှုကို လိုလား တောင့်တ မျှော်လင့်ကုန်သော ပညာရှိတို့ သည် နမြောဝန်တိုမှု မစ္ဆေရအညစ်အကြေးကို ပယ်ဖျောက်၍ အလ္ဟဒါန ကောင်းမှုအမိုးမိုးတို့ကို ပေးလ္ဟပြုလုပ်ကြကုန်ရာ၏ ဟု ဟောတော်မူ၏။

ဒါနမပြုနိုင်ခြင်း အကြောင်းများ

နမြောဝန်တိုသူတို့သည် ပစ္စည်းဥစ္စာများစွာ ရှိသော်လည်း မလ္ဟဒါန်းနိုင်ကြ၊ သူတော်ကောင်းတို့၏ လ္ဟပုံလ္ဟနည်းကို မဒစ္ဆရပြောထူ နမြောဝန်တိုကြကုန်သော သူတို့သည် အတုလိုက်၍ မလ္ဟဒါန်းနိုင်ကြ။ ထိုကဲ့သို့ မလ္ဟဒါန်းနိုင်ခြင်းသည် အလ္ဟခံပုဂ္ဂိုလ်တို့အပေါ်၌ အမျက်ထွက်၊ မုန်းတီး၊ မကြည်လိုခြင်း၊ လ္ဟဖွယ်ဝတ္ထုဖြစ်သော မိမိပစ္စည်း၌ တပ်မက် တွယ်တာခြင်းတို့ကြောင့် ဖြစ်၏။ ပေးလ္ဟလိုက်လျှင် ကုန်သွားလိမ့်မည်၊ ငါနှင့်တကွ ငါ့အိမ်သူ အိမ်သား လူအများတို့ စားကြရတော့မည် မဟုတ်ဟု နမြောဝန်တိုမှု မစ္ဆရိယ၊ မေ့လျော့မှု ပမာဒဟူသောအကြောင်း နှစ်ပါးကြောင့်လည်း မလ္ဟဒါန်းနိုင်ဖြစ်တတ်၏။ (သံ၊ ၁၊ ၁၇။)

ပေးလ္ဟလိုသောစိတ်ကို ညစ်နွမ်းစေသော တရားများ

အလ္ဟဒါန ပေးလ္ဟလိုမှု မပြုလုပ်နိုင်ရန်၊ အလ္ဟဒါန အထမမြောက်မအောင်မြင်ရန် မိမိစိတ်ကို ညစ်နွမ်းစေတတ်သော (ဒါနုပက္ကိလေသ) တရားတို့ကား -

၁။ လိုချင်တပ်မက်မှု လောဘ
၂။ အမျက်ထွက်မှု ဒေါသ
၃။ အလ္ဟဒါန၏အကျိုး ရှိမရှိ မသိ၊ တွေဝေမှု မောဟ
၄။ ငြူစူမှု ဣဿာ

၅။ နမြောဝန်တိုမှူ မစ္ဆရိယ
၆။ ထောင်လွှားတက်ကြွမှု မာန စသည်တို့ဖြစ်၏။

စည်းစိမ်ဥစ္စာ တိုးပွားချမ်းသာနိုင်ခြင်း၏ အကြောင်းဖြစ်သော ပေးကမ်း လှူဒါန်းမှုကို တားမြစ်တတ်သောကြောင့် နမြောဝန်တိုမှူ မစ္ဆရိယနှင့် တူသော ယုတ်ညံ့သော အခြားတရားမျိုး မရှိ။ (သံ၊ ဋီ၊ ၁၊ ၁၂၆။)

နမြောဝန်တိုသူ မှန်သမျှသည် မိမိငတ်မွာကြောက်၍ မပေးလှူကြ၊ မပေးလှူခြင်းကြောင့် ငတ်ကြရ၏။ အမှန်စင်စစ် ငတ်မည့်ဘေးမှ ကြောက်ကြ ပါလျှင် နမြောဝန်တိုမှု မစ္ဆရိယကို ပယ်ဖျောက်ဖျက်ဆီးကာ စွန့်ကြဲပေးကမ်း လှူဒါန်းမှုကို အလှူရေစက် လက်နှင့်မကွာ ပြုလုပ်ကြရာ၏။
(သံ၊ ၁၊ ၁၈-၃၀။ သံ၊ ၄၊ ၁၊ ၅၆။)

နမြောဝန်တို မစ္ဆရိယသမားများ၏ ဆိုးကျိုး

၁။ မိမိပစ္စည်းဥစ္စာကို မပေးရက်မလှူလို နမြောဝန်တိုသူ။
၂။ မပေးလှူလိုသဖြင့် အလှူခံပုဂ္ဂိုလ်တို့ကို ခြိမ်းခြောက်ငေါက်ငမ်းသူ။
၃။ မိမိကိုယ်တိုင် မပေးလှူရုံမျှမက သူတစ်ပါးတို့ပေးလှူသည်ကိုပင် အန္တရာယ်ပြုတတ်သူ –

ထိုသူတို့သည် သေသည်၏အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ယမမင်း၏အလိုနိုင်ငံသို့ ရောက်ကြရ၏။ လူ့ပြည်သို့ ရောက်ကြရသော်လည်း ဆင်းရဲနွမ်းပါး ဥစ္စာရှားပါးသော အမျိုးဌာ ဖြစ်ရ၏။ အဝတ်၊ ပုဆိုး၊ ထမင်း၊ မွေ့လျော်ဖွယ် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ဖြင့် ရွှင်မြူးဖွယ် အမျိုးမျိုးကို ဆင်းရဲငြိုငြင် သဖြင့်သာ ရ၏။ ဤသို့ မျက်မှောက် ပစ္စုပ္ပန် အပြစ်ဆိုး မကောင်းကျိုး အမျိုးမျိုးကို ခံစားရပြီးနောက် ဒုဂ္ဂတိဘဝသို့ လားရောက်ရ၏။
(သံ၊ ၁၊ ၃၁၊ ၉၆။ သံ၊ ၄၊ ၁၊ ၈၄)

သာဝတ္ထိပြည်နှင့် မနီးမဝေးရှိ တုဒိရွာစား တောဒေယျပုဏ္ဏားသည် ပစ္စည်းဥစ္စာ ကုဋေများစွာ ကြွယ်ဝချမ်းသာပါသော်လည်း မိမိပစ္စည်းဥစ္စာ

စည်းစိမ် ကုန်မည် စိုး၍ မည်သူအား မျှ မပေးလှူ၊ မိမိကိုယ်တိုင် မပေးလှူရုံမျှမက သားဖြစ်သူ သုဘ လုလင်အား လည်း မပေးမလှူဖို့ ရန်သာ အောက်ပါအတိုင်း ဆုံးမ၏ –

ချစ်သားသုဘ မျက်စဉ်းတောင့်သည် အနည်းငယ် အနည်းငယ်သာ သုံးရသော်လည်း ထိုမျက်စဉ်းတောင့်သည် သုံးဖန်များလာပါက ကုန်သွားပုံကို လည်းကောင်း၊

ချစ်သားသုဘ – ချတောင်ပို့သည် ချကောင်များ၏ အနည်းငယ် အနည်းငယ်သော မြေကို သယ်ယူစုဆောင်းကြသောကြောင့် တောင်ပို့ကြီး ဖြစ်လာပုံကိုလည်းကောင်း၊

ချစ်သားသုဘ ပျားကောင်များသည် တစ်ကောင်စီ အနည်းငယ် အနည်းငယ် သယ်ယူ စုဆောင်းကြသောကြောင့် ပျားအုံ၊ ပျားရည်များ ဖြစ်လာပုံကိုလည်းကောင်း၊ သာဓကအဖြစ် ပုံစံထိုး၍ သားဖြစ်သူ သုဘအား အလှူဒါန မပြုရန် မိမိပစ္စည်းဥစ္စာ အနည်းငယ် အနည်းငယ် လှူခဲ့သော် လှူဖန်များပါက ကုန်သွားမည်။ မိမိလှူဒါန်းမည့် ပစ္စည်းကို မလှူဘဲစုဆောင်း သိမ်းဆည်းထားပါက ချတောင်ပို့ ပျားအုံ တို့ပမာ တိုးပွားလာမည်ဟု ဆုံးမ၏။ ထိုတောဒေယျ ပုဏ္ဏားခန္ဓာကြွေ သေလွန်သောအခါ မိမိအိမ်၌ပင် ခွေးပြန်ဖြစ်၏။

(ဒီ၊ ဋ္ဌ၊ ၁၊ ၃၁၇။ မ၊ ဋ္ဌ၊ ၄၊ ၁၇၅။)

မစ္ဆရိယအညစ်အကြေးကို ပယ်ရှား၍ ကံ ကံ၏အကျိုးနှင့် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်စွာ အလွန်ကြည်ညိုသော စိတ်ဖြင့် ကိလေသာတို့မှ ကင်းပြီးသော အရိယာပုဂ္ဂိုလ်၊ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော အလှူဒါနသည် အနည်းငယ်ပင် ဖြစ်သော်လည်း ကြီးကျယ်များမြတ်သော အကျိုးကို ပေးစွမ်းနိုင်၏။ (ဣတိဝုတ်၊ ဋ္ဌ၊ ၈၄။)

အလ္လဒါန၏အတားအဆီးများ

အလ္လဒါနကောင်းမှုကုသိုလ် မပြုဖြစ်အောင် ပိတ်ဆို့နှောင့်ယှက်ကန့်ကွက်တတ်သော ဒါနဝိဗန္ဓတရားတို့လည်း ရှိသေး၏။ ယင်းဒါနဝိဗန္ဓတရားတို့မှာ –

၁။ ရှေးဘဝက ပေးလှူမှုဌ္ဌ အလေ့အကျင့် မပြုလုပ်ခဲ့ခြင်း၊

၂။ မိမိမှာ လှူဖွယ်ဝတ္ထု ပစ္စည်းဥစ္စာချို့တဲ့နည်းပါးနေ၍ မပြည့်စုံခြင်း၊

၃။ လှူဖွယ်ဝတ္ထု ပစ္စည်းစုက မလှူဒါန်းရက်လောက်အောင် အလွန်ကောင်းမွန်နေခြင်း၊

၄။ လှူဖွယ်ဝတ္ထုပစ္စည်းများ ကုန်ခန်းသွားမည်ကို ကြံတွေးစိုးရိမ်ခြင်း၊

ယင်းလေးပါးတို့တွင် တစ်ပါးပါးရှိလျှင်လည်း ပေးလှူမှု အလ္လဒါန အထမမြောက်နိုင်။ **(စရိယာ၊ ဋ္ဌ၊ ၃၁၈။)**

ပြည့်စုံသောအလ္လဒါန

ဘုရားရှင်သည်သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်အား လေနာရောဂါဝေဒနာ ထလာသဖြင့် အလုပ်အကျွေးအရှင်ဥပဝါဏအား ရေနွေးအလိုရှိကြောင်း မိန့်တော်မူ၏။ အရှင်ဥပဝါဏသည် ဒေဝဟိတပုဏ္ဏားအိမ်သို့ ကြွရောက်တော်မူပြီး ဘုရားရှင်၏ လေနာရောဂါဝေဒနာအတွက် ရေနွေးအလိုရှိကြောင်း မိန့်ကြားတော်မူ၏။ ဒေဝဟိတပုဏ္ဏားသည် ရေနွေးတစ်ထမ်းကို ယောကျ်ားတစ်ယောက်အား ထမ်းစေပြီး ဘုရားရှင်ထံ အပို့ခိုင်းလိုက်၏။ တင်လဲထုပ် တစ်ထုပ်ကိုလည်း အရှင်ဥပဝါဏအား ဆက်ကပ်လှူဒါန်းလိုက်၏။

အရှင်ဥပဝါဏသည် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွပြီး ဘုရားရှင်အား ရေနွေးဖြင့် ရေချိုးစေ၏၊ ဒေဝဟိတပုဏ္ဏားလှူဒါန်းလိုက်သော တင်းလဲကိုလည်း ရေနွေးဖြင့် ဖျော်စပ်၍ ဘုရားရှင်အား ဆက်ကပ်၏၊ ဘုရားရှင်၏ လေနာရောဂါဝေဒနာသည် ငြိမ်းပျောက်လေ၏။

ဒေဝဟိတပုဏ္ဏားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေထိုင်လျက်ရှိသော မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး အမှတ်ရ အောက်မေ့ဖွယ် နှုတ်ခွန်း ဆက် စကားလျှောက်ထားပြီး၊ အလှူဒါနနှင့် စပ်လျဉ်း၍ ဘုရားရှင်အား အောက်ပါအတိုင်း လျှောက်ထား၏။

ဒေဝဟိတပုဏ္ဏားမေးလျှောက်ချက်

အရှင်ဘုရား–အဘယ်သို့သော ပုဂ္ဂိုလ်အား အလှူဒါနကို ပေးလှူရပါမည်နည်း။ အဘယ်သို့သော အလှူခံပုဂ္ဂိုလ်တို့၌ ပေးလှူအပ်သော အလှူဒါနသည် အကျိုးကြီးမြတ်ပါသနည်း။ အကယ်ကဲ့သို့ အလှူဒါန ပြုသူအား အဘယ်သို့လျှင် ပြည့်စုံသော အလှူဒါနသည်ဖြစ်ပါသနည်း ဘုရားဟု လျှောက်ထား၏။

ဘုရားရှင်၏ ပြန်လည်ဖြေကြားချက်

ပုဏ္ဏား–အကြင်ရဟန်းသည် ရှေးဦးနေခဲ့ဖူးသော ခန္ဓာအစဉ်ကို သိ၏။ နတ်ဘုံနှင့် အပါယ်ဘုံကို မြင်၏။ ဇာတိကုန်ခြင်းသို့ ရောက်၏။ ထူးသော အသိဉာဏ်ဖြင့် မြတ်သောအကျင့်ကို ကျင့်သုံးပြီးဖြစ်၏။ ဤကဲ့သို့သော ရဟန်း၌ အလှူဒါနကို ပေးလှူပြုလုပ်ရာ၏။ ဤကဲ့သို့သော ရဟန်း၌ ပေးလှူအပ်သော အလှူဒါနသည် အကျိုးကြီးမြတ်၏။ ဤကဲ့သို့ ပေးလှူပူဇော်အလှူဒါနပြုသူအား ဤသို့လျှင် အလှူဒါနသည် ပြည့်စုံ၏ဟု ပြန်လည် ဖြေကြားတော်မူသည်။

ဘုရားရှင်၏ ပြန်လည်ဖြေကြားချက်ကို လိုက်နာကြပြီး အလှူဒါန ပြုလုပ်ကြသူများအဖို့ မိမိတို့ ပြုလုပ် အားထုတ်အပ်သော အလှူဒါန အကျိုးကြီးမြတ်ပြီး ပြည့်စုံသော အလှူဒါနဖြစ်စေရန် အရေးကြီးလှပါ၏။

(ဗြာဟ္မဏသံယုတ်၊ ဥပါသကဝဂ်၊ ဒေဝဟိတသုတ်။)

မီးလောင်ရာမှ ဥစ္စာနှစ်ကို ထုတ်ယူပါ

အခါတပါး၌ အသက်အရွယ်အားဖြင့် ၁၂၀–ရှိပြီး အိုမင်းကြီးမြင့်, အရွယ်ရင့်ကာ နောက်ဆုံးပစ္ဆိမအရွယ်သို့ ရောက်နေကြသော ပုဏ္ဏားအိုကြီး

နှစ်ယောက်တို့သည် မြတ်စွာဘုရားထံတော် ရှေ့မှောက်သို့ ရောက်လာကြပြီး ဘုရားရှင်နှင့် အထူးဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြားပြီးဆုံးသော အခါ နေရာတစ်ခုမှာ ထိုင်ကြပြီး ဘုရားရှင်အား အောက်ပါအတိုင်း လျှောက်ထား၏။

"အရှင်ဂေါတမ-အကျွန်တို့သည် ဖွားမြင်သည်မှစ၍ ယနေ့တိုင်အောင် ရေတွက်သော် အသက်တစ်ရာ့နှစ်ဆယ်ရှိပါပြီ။ အိုမင်းကြီးမြင့် အရွယ်ရင့်ကာ အဆင့်ဆင့်လွန်မြောက် အဆုံး ပစ္ဆိမအရွယ် သေခါနီးသို့ ရောက်၍ နေကြပါပြီ။ အကျွန်ုပ်မှာ ဒုဂ္ဂတိဘေးမှ စောင့်ရှောက်တားမြစ်ကြောင်း ကောင်းမှု ကုသိုလ်မှု ဘာတစ်ခုမျှ မပြုလုပ်ကြရသေးပါ၊ အရှင်ဂေါတမသည် အကျွန်ုပ်တို့ အား ကြာမြင့်စွာသော ကာလပတ်လုံး အစီးအပွားဖြစ်ဖို့ရန် ကြီးပွားချမ်းသာဖို့ရန် အတွက် ဆုံးမသွန်သင် လမ်းညွှန်မှုပေးတော်မူပါဟု" လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားက ပုဏ္ဏားအိုနှစ်ယောက်အား အောက်ပါအတိုင်း ဆုံးမ သွန်သင် လမ်းညွှန်မှုပြုတော်မူ၏။

ပုဏ္ဏားတို့-ဥပမာအားဖြင့် အိမ်တစ်အိမ်ကို မီးစွဲလောင်သည့်အခါ အိမ်ရှင်များနှင့် ဘေးပတ်ဝန်းကျင်ရှိ လူများက မီးစွဲလောင်နေသောအိမ်၏ အတွင်းရှိ ပစ္စည်းများနှင့် အိုးခွက်စသော ပစ္စည်းများ ပြင်ပမီးလွတ်ရာသို့ ထုတ်ဆောင်သယ်ယူပြီး ထားကြကုန်၏။ မီးလောင်ရာမှ မီးလွတ်ရာသို့ သယ်ယူ ထုတ်ဆောင်ထားသော ပစ္စည်းများ မီးမလောင်းဘဲ ကျန်ရှိ၏။ ထိုမီးမလောင် သော ပစ္စည်းများသည် အိမ်ရှင်အတွက် အကျိုးရှိသည် မဟုတ်ပါလော။

ဤအတူ သင်တို့မှာလည်း ပဋိသန္ဓေတည်နေ မွေးဖွားသည်မှစတင်၍ အိုခြင်းတရား ဧရာမီး၊ နာခြင်းတရား ဗျာဓိမီး၊ သေခြင်းတရား မရဏမီးများ စွဲလောင်နေ၏။ ထိုခန္ဓာကိုယ်ကြီး အိုခြင်းမီး နာခြင်းမီး သေခြင်းမီး စွဲလောင်နေရာမှ မိမိအတွက် အကျိုးရှိရန် ထုတ်ယူရန်နည်းမှာ ချမ်းသာကို ပေးဆောင်စွမ်းနိုင်သော ကုသိုလ်ကောင်းမှု အလှူဒါနကို ပြုလုပ်ခြင်းဖြင့် ထုတ်ယူရမည်။ မိမိစုဆောင်း ရှာဖွေထားသော ပစ္စည်းများကို ပေးလှူပြီးသော အလှူဒါနသည်သာလျှင် အို နာ သေ မီးစွဲလောင်နေရာမှ ထုတ်ဆောင်သယ်ယူ ခြင်းဖြစ်၏။

အထက်ဖော်ပြပါ အဂုံတွင်ရပါဦး၊ တိကနိပါတ်၊ ဒွေဇ္ဈာဟ္မဏသုတ်တော်လာ ဘုရားရှင်၏ နည်းပေး လမ်းညွှန်မှုကို လိုက်နာကျင့်သုံးပြီး အလှူဒါနကို ပြုသင့်လှပါ၏။

ဝန်တိုခြင်းကြောင့်မပေးလှူသူ

သတ္တုလ္လပကာယိကာမည်သော နတ်အများတို့သည် ဘုရားရှင်အား အောက်ပါအတိုင်း အသီးသီး လျှောက်ထားကြ၏။

ပထမနတ် -

အရှင်ဘုရား-သတ္တဝါတို့သည် ဝန်တိုခြင်း မေ့လျော့ခြင်း ကြောင့် အလှူဒါနကို မပြုလုပ်ဘဲနေကြ၏။ ကောင်းမှု အကျိုးကို သိမြင်၍ ကောင်းမှုကို လိုလားသူတို့သည်ကား အလှူဒါနကို ပေးလှူသင့်၏ ဟု လျှောက်ထား၏။

ဒုတိယနတ် -

အရှင်ဘုရား-ဝန်တိုခြင်းရှိသူသည် မိမိဆာလောင် မွတ်သိပ်မည်ကို ကြောက်ရွံ့စိုးရိမ်သောကြောင့် အလှူဒါန မပြုလုပ်ကြ၊ သို့သော် ထိုသူတို့သည် ဤဘဝ၌ဖြစ်စေ နောင်ဘဝ၌ ဖြစ်စေ၊ မိမိကြောက်ရွံ့သော ဆာလောင် မွတ်သိပ်မှုကိုပင် ခံစားရမည် ဖြစ်၏။ ထို့ကြောင့် ဝန်တိုမှုကို ဖျောက်ဖျက်နိုမ်နှင်း၍ အလှူဒါနကို ပြုလုပ်သင့်၏။ ဆည်းပူးအားထုတ် ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှု အလှူဒါနသည် နောင်တမလွန်ဘဝ၌ သတ္တဝါတို့၏ ထောက်တည်ရာဖြစ်၏ ဟု လျှောက်ထား၏။

တတိယနတ် -

အရှင်ဘုရား-ခရီးသွားယောကျ်ားသည် အနည်းငယ် ပါလာသော မိမိ၏ရိက္ခာကို မိမိနှင့်အတူ ခရီးသွား အဖော်တို့အား ခွဲဝေပေးသကဲ့သို့၊ ထို့အတူ အကြင်သူတို့သည် အနည်းငယ် အနည်းငယ်သော ပစ္စည်းကိုပင်

ခွဲဝေ ပေးလှူခြင်း ပြုကုန်၏။ ထိုသူတို့သည် သေသူတို့၏ အလယ်၌ မသေသူများ ဖြစ်ကုန်၏။ ဤကဲ့သို့ ပေးလှူခြင်းသည် ရှေးရိုးစဉ်လာ တရားဖြစ်ပါ၏။

အချို့သူတို့သည် အနည်းငယ်သော ပစ္စည်းကိုပင် ခွဲဝေ၍ အလှူဒါန ပြုကုန်၏။ အချို့သူတို့ကား များစွာ သော ပစ္စည်းကိုပင် ခွဲဝေပေးလှူခြင်း မပြုလုပ်ကြ၊ အနည်းငယ်သောပစ္စည်းမှ ခွဲဝေ၍ ပေးလှူခြင်းသည် တစ်ထောင်သော ဒါနနှင့် ညီမျှပါ၏ဟု လျှောက်ထား၏။

စတုဏ္ဍနတ် -

အရှင်ဘုရား-ပေးလှူနိုင်ခဲသော ပစ္စည်းကို ပေးလှူသူ တို့၏ အလှူဒါန၊ ပြုနိုင်ခဲသော အမှုကို ပြုလုပ်သူတို့၏ ကောင်းမှုကုသိုလ် ဤနှစ်ချက်ကို သူတော်မဟုတ် သူယုတ်မာတို့သည် အတုလိုက်၍ မပြုနိုင်ကုန်။ သူတော်ကောင်းတို့၏ တရားသည် အတုလိုက်လုပ်ရန် ခဲယဉ်းပါ၏။

ထို့ကြောင့် သူတော်ကောင်းနှင့် သူယုတ်မာတို့၏ လားရာဂတိသည် ကွဲပြားခြားနား၏။ သူယုတ်မာတို့သည် ငရဲသို့ ကျရောက်ကုန်၍ သူတော်ကောင်းတို့သည်ကား နတ်ပြည်သာလျှင် လဲလျောင်းရာ ရှိကုန်၏ - ဟု လျှောက်ထား၏။

ဘုရားရှင်က -

အကြင်သူတို့သည် သားမယားကို လုပ်ကျွေးမွေးမြူကြလျက် အနည်းငယ်သော မိမိပိုင်ပစ္စည်းကိုပင် ခွဲဝေ ပေးလှူ၍ အလှူဒါန ပြုလုပ်ပြီး တရားကိုကျင့်ကြံ ကျိုးကုတ် အားထုတ်၏။ တံမြက်လှည်းမှု၊ ပစ္စည်း ပေးလှူမှုကိုသော်လည်း ပြုလုပ်၏။ တစ်ယောက်လျှင် အသပြာကျပ်ငွေ တစ်ထောင်စီ လူတစ်သိန်းတို့အား ပေးလှူသော ဆယ်ကုဋေတန် ဒါနသည် ထိုအလှူဒါန ၏ အပုံတစ်ရာပုံ၍ တစ်ပုံမျှကိုပင် မမီနိုင်ဟု မိန့်ကြားတော်၏။

ပဉ္စမနတ် -

အရှင်ဘုရား-များမြတ်ကြီးကျယ်သော ဤဒါနသည် အဘယ်ကြောင့် တရားမျှတစွာ ပေးလှူအပ်သော ဒါန၏ တန်ဖိုးကို မမီနိုင်ပါသနည်း။ လူတစ်သိန်းအား အသပြာတစ်ထောင်ကျပ်စီ ပေးလှူသော ဆယ်ကုဋေတန် အလှူ ဒါနသည် အဘယ့်ကြောင့် အနည်းငယ်သော အလှူ ဒါန၏ အပုံတစ်ရာပုံ၍ တစ်ပုံမျှလောက်ကိုပင် မမီနိုင် ပါသနည်းဟု မေးလျှောက်၏။

ဘုရားရှင်က -

အချို့သောသူတို့သည် မသင့်သောအရာ၌ တည်လျက် သတ်ဖြတ်ခြင်း၊ စိုးရိမ်ပူဆွေးစေခြင်းတို့ကို ဖြစ်စေလျက် အလှူဒါန ပြုလုပ်ကြကုန်၏။ မျက်ရည်ပြည့်သော မျက်နှာရှိသည်ဖြစ်၍ အပြစ်ဒဏ်နှင့် တကွ ဖြစ်သော ထိုဒါနသည် တရားမျှတစွာ ပေးလှူအပ်သော အလှူ ဒါန၏ တန်ဖိုးကို မမီနိုင်၊ ဤသို့လျှင် လူတစ်သိန်းတို့အား အသပြာ တစ်ထောင်စီ ပေးလှူသော အလှူဒါန သည် အနည်းငယ် ပေးလှူအပ်သော အလှူဒါန်၏ အပုံတစ်ရာပုံ တစ်ပုံကိုမျှ မမီနိုင်ချေ ဟု မိန့်ကြား ဖြေဆိုတော်မူ၏။

ထို့ကြောင့် ကောင်းမှုအကျိုးကို သိမြင်၍ ကောင်းမှုကို လိုလားကြကုန်သော အမျိုးကောင်းသားသမီး သူတော်ကောင်းတို့သည် ဝန်တိုမှုမစ္ဆရိယ၊ မေ့လျော့မှု ပမာဒတရားတို့ကို ဖျောက်ဖျက်နိမ်နင်း၍ အလှူရေစက် လက်နှင့် မကွာ ပေးလှူသင့်လှပါပေ၏။

(ဒေဝတာသံယုတ်၊ သတ္တလွပကာယိကာဝဂ်၊ မစ္ဆရိသုတ်။)

နက်သား၏ မေးလျှောက်ချက်

ဘုရားရှင်ထံတော်မှောက်သို့ နတ်သားတစ်ယောက်လာရောက်ပြီး ဘုရားရှင်အား အောက်ပါပြဿနာလေးချက်ကို မေးလျှောက်၏။

၁။ အရှင်ဘုရား–အဘယ်တရားသဘောသည် လောကလူသားများအတွက် အိုသည့်တိုင်အောင် အမြဲထာဝရ ကောင်းနေပါသနည်း။

၂။ လောကလူသားတို့သန္တာန်၌ အမြဲတည်ရှိနေလျှင် ကောင်းမြတ်သောတရားကား အဘယ်တရား ဖြစ်ပါသနည်း။

၃။ လောကလူသားတို့၏ ရတနာဟု ခေါ်သော တရားကား အဘယ်တရား ဖြစ်ပါသနည်း။

၄။ သူခိုးဓားပြ စသော သူတို့ ခိုးယူတိုက်ခိုက်၍ မရသော အရာဝတ္ထုကား အဘယ်ပစ္စည်းမျိုး ဖြစ်ပါသနည်းဟု ပြဿနာ လေးချက်ကို နတ်သားကဘုရားရှင်အား မေးလျှောက်၏။

ဘုရားရှင်၏ ဖြေကြားချက်

ထိုသို့မေးလျှောက်လာသောနတ်သားအား ဘုရားရှင်က အောက်ပါအတိုင်း အသီးသီး ဖြေကြားတော်မူ၏။

၁။ လောကလူသားများအတွက် သွားကျိုး ဆံဖြူ ငယ်မူတွေ့ယိုယွင်းပြီး အိုမင်းရင့်ရော်သည့်တိုင်အောင် အမြဲထာဝရ တည်ရှိနေလျှင် ကောင်းမြတ်သော တရားကား ငါးပါး၊ ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးစသော ကိုယ်ကျင့်သီလ တရားများပင် ဖြစ်ပေ၏။

၂။ လောကလူသားတို့သန္တာန်၌ အမြဲထာဝရ ကိန်းအောင်း တည်ရှိနေလျှင် ကောင်းမြတ်သော တရားကား ရတနာသုံးပါး ကံ ကံ၏အကျိုးတရားတို့၌ ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပေ၏ ဟု ဖြေကြားတော်မူ၏။

၃။ လောကလူသားတို့၏ ရတနာကား ပညာတရား ဖြစ်ပေ၏။

၄။ လောကလူသားတို့အဖို့ တိုက်ခိုက် ခိုးယူ၍မရသော အရာကား

မိမိပြုလုပ်အားထုတ်အပ်သော မိမိဥစ္စာကို နည်းများမဟူ ပေးလှူအပ်သော ကုသိုလ်ကောင်းမှု တရားပင် ဖြစ်ပေ၏ ဟု ဖြေကြားတော်မူ၏။

ထို့ကြောင့် လောကလူသားတို့ အိုသည့်တိုင်အောင် အမြဲထာဝရ ကောင်းနေစေရန် သီလတရား မြဲနေဖို့လို၏။ အမြဲထာဝစဉ် ကောင်းမွန် နေစေရန် ယုံကြည်မှု သဒ္ဓါတရား လက်ကိုင်ထားရန် အရေးကြီးပါ၏။ ထို့အတူ ပညာလည်း ရှိဖို့ လိုပါ၏။ လောကလူသားတို့ ကာယ ဉာဏ နှစ်ဖြာသော လုပ်အားဖြင့် ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာ ရတနာများသည် မီး၊ ရေ၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်အပ်သော အမွေခံဆိုးတို့ကြောင့် ပျက်စီးနိုင်၏။ ရန်သူမျိုးငါးပါး အပါအဝင် ခိုးသူများ ခိုးယူမရနိုင်စေရန် မိမိပစ္စည်းဥစ္စာများကို နည်းများမဟူ အလှူဒါန ပြုလုပ်ထားရန် လိုအပ်ပါ၏။ ထိုသို့ အလှူဒါန ပြုလုပ်အားထုတ်ပြီးသော ကောင်းမှုကုသိုလ်ကို မည်သည့် ရန်သူမျှ ဖျက်ဆီး ခိုးယူ တိုက်ခိုက်၍ မရနိုင်ပါ။ ထို့ကြောင့် နည်းများ မဟူ အလှူဒါနကို ပြုလုပ်အားထုတ်သင့်လှပေ၏။

(ဒေဝတာသံယုတ်၊ သတ္တလ္လပကာယိကဝဂ်၊ ဇရာသုတ်။)

အဘယ်ကိုပေးလှူမည်နည်း

အခါတစ်ပါး မြတ်စွာဘုရားထံ နတ်သား တစ်ယောက် လာရောက်၍–

အရှင်ဘုရား–ဘယ်အရာကို ပေးလှူသူသည် ခွန်အားဗလကို ပေးလှူသည် မည်ပါသနည်း။ ဘယ်အရာကို ပေးလှူသူသည် အဆင်းကို ပေးလှူသည် မည်ပါသနည်း။ ဘယ်အရာကို ပေးလှူသူသည် ချမ်းသာခြင်းကို ပေးလှူသည် မည်ပါသနည်း။ ဘယ်အရာကို ပေးလှူသူသည် မျက်စိကို ပေးလှူသည် မည်ပါသနည်း။ အဘယ်သူသည် အလုံးစုံကို ပေးလှူသည် မည်ပါသနည်း ဟု ဘုရားရှင်အား လျှောက်ထား၏။

ဘုရားရှင်က အို–အချင်းနတ်သား ဆွမ်းကိုပေးလှူသူသည် **ခွန်အားဖလ**ကို ပေးလှူသည် မည်၏။ အဝတ်သင်္ကန်းကို ပေး**လှူ**သော သူသည် **အဆင်း**ကို ပေးလှူသည် မည်၏။ ယာဉ်ရထား မော်ကော်ကားကို ပေးလှူသူသည် ချမ်းသာကို ပေးလှူသည် မည်၏။ ဆီမီးကိုပေးလှူသူသည် မျက်စိကို ပေးလှူသည် မည်၏။ ကျောင်းကိုဆောက်လုပ် လှူဒါန်းသူသည် အလုံးစုံကို ပေးလှူသည်မည်၏။ တရားတော်ကို ဟောကြား ဆုံးမသြဝါဒပေးသောသူသည် အမြိုက်နိဗ္ဗာန်ကို ပေးလှူသည်မည်၏ ဟု ပြန်လည် ဖြေကြားတော်မူ၏။

(ဒေဝတာသံယုတ်၊ သတ္တလပကာယိကဝဂ်၊ ကိံဒဒသုတ်။)

ဝန်တိုနှမြောသူတို့၏တမလွန်

အခါတစ်ပါး၌ မြတ်စွာဘုရားထံတော်မှောက်သို့ နတ်သားတစ်ယောက် လာရောက်၍ အောက်ပါပြဿနာကို မေးလျှောက်၏။

အရှင့်ဘုရား–ဤလောက၌ အကြင်သူတို့သည် ဝန်တိုစဉ်းလဲကြပါကုန်၏။ ခြိမ်းခြောက်တတ်ကြပါကုန်၏။ သူတပါးတို့ ပေးလှူခြင်းကို အန္တရာယ်ပြုတတ်ကြပါကုန်၏။ ထိုသူတို့အား အဘယ်သို့သော အကျိုးတရားသည် ဖြစ်ပါသနည်း၊ ထိုသူတို့၏ တမလွန်ဘဝ လားရာကား အဘယ်သို့ ဖြစ်ပါသနည်းဟု လျှောက်ထား၏။

ထိုသို့မေးလျှောက်လာသော နတ်သားအား ဘုရားရှင်က အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

အို နတ်သား ဝန်တို စဉ်းလဲ ခြိမ်းခြောက်၊ အလှူဒါန၏ **အန္တရာယ်**ကို ပြုတတ်ကုန်သော သူတို့သည် ငရဲသို့လည်းကောင်း သို့မဟုတ် တိရစ္ဆာန်ဘုံသို့လည်းကောင်း ရောက်ကြရကုန်၏။ အကယ်၍ လူအဖြစ်ကို ရရှိပါသော်လည်း စားဝတ်နေရေး ရှားပါးခို့တဲ့သည့် ဆင်းရဲသော အမျိုး၌ ဖြစ်ရတတ်၏။

သူတပါးကို့ထံမှ ပစ္စည်းကို မျှော်လင့်တောင့်တ ရလိုသော်လည်း မျှော်လင့်တောင့်ကတိုင်း မရနိုင်ချေဟု ပြန်လည်ဖြေကြားတော်မူ၏။

ဆက်လက်၍ နတ်သားက ဘုရားရှင်အား အောက်ပါအတိုင်း ထပ်မံလျှောက်ထားပြန်၏။

အရှင်ဘုရား-အကြင်သူတို့သည် အလှူခံပုဂ္ဂိုလ်တို့၏ အလိုဆန္ဒအစွမ်းသတ္တိကို သိကြပါကုန်၏။ ဝန်တိုခြင်းကင်းလျက် ရတနာသုံးပါးဥ်ကြည်ညိုလေးစားကြပါကုန်၏။ ထိုသူတို့အား အဘယ်သို့သော အကျိုးတရားသည် ဖြစ်ပါသနည်း။ ထိုသူတို့၏ တမလွန်ဘဝ လားရာကား အဘယ်သို့ ဖြစ်ပါသနည်း ဟု လျှောက်ထား၏။

နတ်သား၏ ဒုကိယအကြိမ် အမေးကို ဘုရားရှင်က အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

အိုနတ်သား-အလှူခံပုဂ္ဂိုလ်တို့၏ အလိုဆန္ဒကိုသိ၍ ဝန်တိုခြင်းကင်းလျက် ရတနာသုံးပါးကို ကြည်ညိုလေးစားကြကုန်သော သူတို့သည် နတ်ပြည်၌ဖြစ်သော် အခြားသောနတ်တို့ထက် အရောင်အဝါ လွန်စွာထွန်းပကုန်၏။ လူအဖြစ်သို့ ရောက်ခဲ့သော် စားဝတ်နေရေး အဆင်ပြေ၍ ပျော်ရွှင်ဖွယ်ရာပေါများသည့် ချမ်းသာကြွယ်ဝသော အမျိုးဥ်ဖြစ်ကြရကုန်၏။ ထိုသူတို့သည် သူတပါးတို့ စုဆောင်းအပ်သော ပစ္စည်းဥစ္စာတို့၌ မိမိအလိုသို့ လိုက်စေနိုင်သည်ဖြစ်၍ ဝမ်းမြောက်ကြရကုန်၏ဟု ပြန်လည် ဖြေကြားတော်မူ၏။

ထို့ကြောင့် ဝန်တိုစဉ်းလဲခြင်း ကင်းကုန်သည်ဖြစ်၍ သူတပါးတို့ အလှူဒါန ပြုလုပ်ရာ၌ အလှူဒါန၏ အန္တရာယ်ကို မပြုမိအောင် အထူးဂရုစိုက်ရှောင်ရှားသင့်လှပေ၏။

(ဒေဝတာသံယုတ်၊ သတ္တလ္လပကာယိကဝဂ်၊ မစ္ဆရီသုတ်။)

အိပ်ပျော်နေသော်လည်း ကုသိုလ်ဖြစ်နေသူ

အခါတစ်ပါး နတ်သားတစ်ယောက် ဘုရားရှင် ထံတော်မှောက်လာရောက်၍ အောက်ပါအတိုင်း မေးလျှောက်၏။

အရှင်ဘုရား–အဘယ်သူတို့အား နေ့၌လည်းကောင်း၊ ညဉ့်လည်းကောင်း နေ့ရောညပါ အခါခပ်သိမ်း ကောင်းမှုကုသိုလ်သည် တိုးပွားနေပါသနည်း။ အဘယ်သူတို့သည် တရားဥဿလည်းကောင်း၊ သီလဥဿလည်းကောင်း တည်ကုန်သည်ဖြစ်၍ နတ်ပြည်လောကသို့သွားပါသနည်း ဟု မေးလျှောက်၏။

ထိုသို့မေးလျှောက်လာသောနတ်သားအား ဘုရားရှင်က အောက်ပါအတိုင်း ဖြေကြားတော်မူ၏။

အိုနတ်သား–သီးပင် ပန်းပင် တောသစ်ပင်တို့ကို စိုက်ပျိုးကြကုန်၏။ ချောင်းကူးမြစ်ကူး တံတားများ ဆောက်လုပ်လှူဒါန်းကြကုန်၏။ သောက်ရေအိုးစင်၊ ရေတွင်း၊ ရေကန်၊ သိမ်ကျောင်း ဓရုပ်တို့ကို ဆောက်လုပ်လှူဒါန်းကြကုန်၏။ ထိုသူတို့အား နေ့ရောညပါ အခါခပ်သိမ်း ကောင်းမှုကုသိုလ်သည် တိုးပွား၏။ ထိုသူတို့သည် တရားဥဿလည်းကောင်း၊ သီလဥဿလည်းကောင်း တည်ကြကုန်၍ နတ်ပြည်လောကသို့ ရောက်ကြရကုန်၏ ဟု ပြန်လည်ဖြေကြားတော်မူ၏။

ထို့ကြောင့် နေ့ရောညပါ အခါခပ်သိမ်း ကုသိုလ်တရား တိုးပွားစေနိုင်သော စိတ်ကြည်နူးဖွယ် ဥယျာဉ်၊ ပန်းပင်၊ သီးပင်များ၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးကြရန် သင့်လှပါ၏။ သောက်ရေအိုးစင်၊ ရေတွင်း၊ ရေကန် ကျောင်း ဓရုပ်တို့ကို ထာဝရကုသိုလ် ဖြစ်စေရန် ပြုလုပ်လှူဒါန်းသင့်လှပါ၏။ **(ဒေဝတာသံယုတ်၊ သတ္တလွှပကာယိကဝဂ်၊ ဝနရောပသုတ်။)**

သိကြားမင်းဖြစ်ရန် ကျင့်ဝတ် ၇-ပါး

ဘုရားရှင် ဝေဆာလီပြည် ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံး နေတော်မူစဉ် မဟာလီလိစ္ဆဝီမင်းသားသည် ဘုရားရှင်ထံ ချဉ်းကပ်၍ သိကြားမင်းအကြောင်းကို အောက်ပါအတိုင်း မေးလျှောက်၏။

မဟာလီ – အရှင်ဘုရား-အရှင်ဘုရားသည် သိကြားမင်းကို မြင်ဖူးပါသလား ဟု မေးလျှောက်၏။

ဘုရားရှင် – မဟာလီ-ငါသည် သိကြားမင်းကို မြင်ဖူး၏။

မဟာလီ – အရှင်ဘုရား-အရှင်ဘုရားမြင်ဖူးသော သိကြားမင်းသည် အတုအယောင် သိကြားမင်းမျှသာ ဖြစ်ပါလိမ့်မည်။ သိကြားမင်းအစစ်အမှန်ကို တွေ့မြင်ရန် မလွယ်ကူပါဘုရား ဟု လျှောက်ထား၏။

ဘုရားရှင် – မဟာလီ-ငါသည် သိကြားမင်းကိုလည်း သိ၏၊ သိကြားမင်း အဖြစ်သို့ ရောက်စေနိုင်သော ကျင့်ဝတ်တရားများကိုလည်း သိ၏ဟု မိန့်တော်မူ၍ သိကြားမင်းဖြစ်ရန် ကျင့်ဝတ်များကိုလည်း ဟောကြား၏။ ၎င်းတို့မှာ –

၁။ အသက်ထက်ဆုံး မိဘကို လုပ်ကျွေးခြင်း၊

၂။ အသက်ထက်ဆုံး အသက်ကြီးသော ဆွေမျိုးတို့ကို ရိုသေလေးစားခြင်း၊

၃။ အသက်ထက်ဆုံး သိမ်မွေ့သောစကားကို ဆိုလေ့ရှိခြင်း၊

၄။ အသက်ထက်ဆုံး ကုန်းချောသောစကားကိုမဆိုခြင်း၊

၅။ အသက်ထက်ဆုံး ရက်ရက်ရောရော စွန့်ကျဲပေးကမ်း အလှူဒါန ရှိသူ၊ ပေးလှူခြင်း၌မွေ့လျော်သူဖြစ်၍ ဝန်တိုခြင်းကင်းသော စိတ်ဖြင့် အိုးအိမ်ကိုအုပ်ချုပ်နေခြင်း၊

၆။ အသက်ထက်ဆုံး မှန်သောစကားကို ဆိုလေ့ရှိခြင်း၊

၇။ အသက်ထက်ဆုံး အမျက်ထွက်လေ့မရှိခြင်း၊

သိကြားမင်းသည် ရွေးလှူဖြစ်စဉ်အခါက အထက်ဖော်ပြပါ ၇-ပါး သော ကျင့်ဝတ်တို့ကို ပြည့်စုံကောင်းမွန်စွာ ဆောက်တည်ခဲ့ခြင်းကြောင့် သိကြားမင်းအဖြစ်ကို ရရှိခဲ့ခြင်း ဖြစ်၏ဟု မိန့်တော်မူ၏။

သိကြားမင်း၏အမည်များ

၁။ သိကြားမင်းသည် ရွေးလှူဖြစ်စဉ်အခါက မဃမည်သော လုလင် ဖြစ်ခဲ့၏၊ ထို့ကြောင့် မဃဝဟု အမည်ရ၏။

၂။ သိကြားမင်းသည် ရွေးလှူဖြစ်စဉ်အခါက ဦးဦးဖျားဖျား အလှူ ဒါနကို ပေးလှူခဲ့၏၊ ထို့ကြောင့် ပုရိန္ဒဒဟု အမည်၏။

၃။ သိကြားမင်းသည် ရွေးလှူဖြစ်စဉ်အခါက ရိုရိုသေသေ အလှူဒါနကို ပေးလှူခဲ့၏၊ ထို့ကြောင့် သက္ကဟု အမည်၏။

၄။ သိကြားမင်းသည် ရွေးလှူဖြစ်စဉ်အခါက တည်းခိုရာဧရပ်ကို ပေးလှူခဲ့၏၊ ထို့ကြောင့် ဝါသဝဟု အမည်၏။

၅။ သိကြားမင်းသည် တစ်ထောင်မျှလောက်သော အကြောင်းအရာ တို့ကိုပင် တစ်ခဏခြင်းဖြင့် ကြံစည်စဉ်းစားနိုင်၏၊ ထို့ကြောင့် သဟဿက္ခ ဟု အမည်ရ၏။

၆။ သိကြားမင်းအား သုဇာမည်သော မယားသည်ရှိ၏၊ ထို့ကြောင့် သုဇမွတိဟု အမည်ရ၏။

၇။ သိကြားမင်းသည် တာဝတိံသာနတ်တို့၏ အကြီးအကဲအဖြစ်ဖြင့် အုပ်ချုပ် စိုးမိုး၍နေ၏၊ ထို့ကြောင့် ဒေဝါနမိန္ဒဟု အမည်ရ၏။ (သက္ကသံယုတ်၊ ဒုတိယဝဂ်၊ မဟာလိသုတ်၊ ဝတပဒသုတ်၊ သက္ကနာမသုတ်။)

မည်သူမဆို လိုလားသောအလှူ

ဗုဒ္ဓရှင်တော်မြတ် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သေရီသက အမည်ရသော နတ်သားတစ်ယောက် ဗုဒ္ဓရှင်တော်မြတ်ထံ ချဉ်းကပ်ပြီး အောက်ပါအကြောင်းအရာကို လျှောက်ထား၏။

အရှင်ဘုရား–လူဖြစ်စေ၊ နတ်ဖြစ်စေ မည်သူမဆို ထမင်းကိုလိုလားတောင့်တကြကြောင်း လျှောက်ထား၏။ ထိုသို့ နတ်သားက လျှောက်ထားသော အခါ ဘုရားရှင်က အောက်ပါအတိုင်း ပြန်လည် ဖြေကြားတော်မူ၏။

အိုနတ်သား–လူတိုင်းတောင့်တအပ်သော ထမင်းကို ပေးလှူခြင်းသည် အကျိုးကြီးမြတ်ကြောင်း ဟောကြားတော်မူ၏။

ထိုသို့ ဘုရားရှင်က ပြန်လည်ဟောကြားသောအခါ သေရီသက နတ်သားက အရှင်ဘုရား ဟောကြားချက်သည် လွန်စွာ ထူးခြားဆန်းကြယ်လှကြောင်း ချီးကျူးပြောဆိုလျှောက်ထားပြီး ရှေးဘဝက မိမိအလှူဒါနပြုလုပ်ခဲ့ပုံကို အောက်ပါအတိုင်း ရှင်းလင်းလျှောက်ထား၏။

သေရီသကနတ်သား၏ ရှေးဘဝကအလှူဒါန

အရှင်ဘုရား အကျွန်ုပ်သည် ရှေးအခါက သေရီအမည်ရှိသော မင်းတစ်ပါး ဖြစ်ခဲ့ဖူးပါသည်။ ထိုစဉ်အခါက ရဟန်းပုဏ္ဏား ခရီးသွားစသူတို့အား မြို့တံခါးလေးပေါက်တို့၌ အလှူပေးခြင်း အမှုကို ပြုလုပ်ခဲ့ဖူးပါပြီ။ ထိုသို့ အလှူဒါနပြုလုပ်သည့်အခါ မောင်းမအပေါင်းက မိမိထံလာရောက်၍ မိမိတို့လည်း အလှူဒါန ပြုလုပ်လိုပါသည်ဟု တောင်းဆိုလာကြပါသည်။

ထိုသို့ တောင်းဆိုလာသောကြောင့် ပထမတံခါးပေါက်၌ မိမိပြုလုပ်နေကျ အလှူဒါနကို ရုပ်သိမ်း၍ မောင်းမအပေါင်းအား အလှူဒါန ပြုနိုင်ရန် လွှဲပြောင်း ပေးအပ်ခဲ့ရပါသည်။

ထိုမောင်းမများနည်းတူပင် လက်အောက်ခံမင်းများ၊ စစ်သည်ဗိုလ်ပါများနှင့် ပုဏ္ဏားသူကြွယ်တို့ကလည်း အလှူဒါန ပြုလုပ်လိုကြောင်း အခွင့်အရေး လာရောက်တောင်းဆိုကြပြန်ရာ ကျန်တံခါးပေါက် သုံးပေါက်၌ မိမိပြုနေကျ အလှူဒါနကိုရုပ်သိမ်း၍ ထိုတောင်းဆိုလာသော လက်အောက်မင်း၊ စစ်သည်ဗိုလ်ပါ၊ ပုဏ္ဏားသူကြွယ်တို့အား အလှူဒါန ပြုလုပ်နိုင်ရန်အတွက် လွှဲပြောင်း ပေးအပ်ခဲ့ရပြန်ပါသည်။

ထိုသို့ မိမိ အလှူဒါန ပြုလုပ်နေကျ တံခါးဝ လေးပေါက်ကို လွှဲပြောင်း ပေးအပ်လိုက်ရသောအခါ အကျွန်ုပ်သည် မြို့တော်၏ ပြင်ပဖြစ်သော မြို့နယ်တို့မှ ရရှိသော အခွန်ဘဏ္ဍာများကို တစ်ဝက်မျှသာ နန်းတော်သို့ ယူဆောင်စေပြီး ကျန်တစ်ဝက်ကို ထိုမြို့နယ်အတွင်းရှိ ရဟန်းပုဏ္ဏား စသည်တို့အား ပေးလှူစေခဲ့ပါသည်။ ဤကဲ့သို့ အကျွန်ုပ်သည် နှစ်ပေါင်း ရှစ်သောင်းပတ်လုံး အပိုင်းအခြားမရှိသော ကုသိုလ်ကောင်းမှု တို့ကို ပြုလုပ်ခဲ့ဖူး ပါသည် ဘုရားဟု လျှောက်ထား၏။

ဤသို့နတ်သား၏ ရှေးဘဝက ကုသိုလ်ပြုလုပ်ခဲ့ပုံကို အားကျနည်းယူပြီး ကြည်လင်သောစိတ်ဖြင့် အလှူဒါနကို ယုံကြည်စွာ ပေးလှူသောသူသို့ မိမိ ပြုလုပ်အပ်သော အလှူဒါန ကောင်းမှုကုသိုလ်သည် ပစ္စုပ္ပန် တမလွန်နှလုံးကသို့ အစဉ်လိုက်၏။ ထို့ကြောင့် ဝန်တိုခြင်းကို ပယ်ဖျောက်၍ အလှူဒါနကို ပြုလုပ်သင့်ပေ၏။ ကုသိုလ်ကောင်းမှုသည် တမလွန်လောက၌ သတ္တဝါတို့၏ ထောက်တည်ရာ မှီခိုရာ အားထားရာ ဖြစ်၏။

(ဒေဝပုတ္တသံယုတ်၊ နာနာတိတ္ထိယဝဂ်၊ သေရိသုတ်။)

မိမိကိုယ်ကိုချစ်လျှင်

ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပသေနဒီကောသလမင်းကြီးသည် ဘုရားရှင်ထံ ချဉ်းကပ်ပြီး မိမိ၏အကြံဖြစ်သည်ကို အောက်ပါအတိုင်း လျှောက်ထား၏။

အရှင်ဘုရား-တပည့်တော်သည် ဆိတ်ငြိမ်ရာ အရပ်၌ တစ်ယောက်တည်းနေစဉ် တပည့်တော်အား ဤသို့ အကြံဖြစ်ပေါ်လာခဲ့ပါ၏။

အဘယ်သူတို့သည် မိမိကိုယ်ကို မိမိတို့ချစ်သောသူများ ဖြစ်ကြပါသနည်း။

အဘယ်သူတို့သည် မိမိကိုယ်ကို မိမိတို့မချစ်သောသူများ ဖြစ်ကြပါသနည်း ဟု အကြဖြစ်ပေါ်ခဲ့ပါသည်။

ထို့နောက် တပည့်တော်အား အကြံဖြစ်သည်မှာ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် တရားတို့ကို ပြုကျင့်ကြသောသူတို့သည်ကား မိမိကိုယ်ကို မိမိတို့မချစ်သောသူများ ဖြစ်ကြပါ၏။

ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက် သုံးပါးကို ပြုကျင့်ကြသောသူတို့သည်သာ မိမိကိုယ်ကို မိမိတို့ချစ်သော သူများ ဖြစ်ကြပါ ကုန်၏ ဟု ထပ်မံ၍ အကြံဖြစ်ပါသည် ဘုရား ဟု လျှောက်ထား၏။

ကောသလမင်းကြီးက ဤသို့ လျှောက်ထားသည့်အခါ ဘုရားရှင်က အသင်မင်းကြီး၏ လျှောက်ထားချက်သည် မှန်ကန်ကြောင်း ထောက်ခံ၍ အောက်ပါအတိုင်း မိန့်ကြားတော်မူ၏။

ဒကာတော်မင်းကြီး-မိမိကိုယ်ကို မိမိတို့ ချစ်အပ်၏ဟု သိခဲ့သော် မိမိတို့ကိုယ်ကို မကောင်းမှုနှင့်မယှဉ်စေရာ၊ အဘယ်ကြောင့်ဆိုသော် မကောင်းမှု ပြုသူသား ချမ်းသာမှုကို ရရှိဖို့ရန် မလွယ်ကူသောကြောင့် ဖြစ်၏။

ဒကာတော်မင်းကြီး-သေမင်းသည် နိပ်စက်အပ်သည်ဖြစ်၍ လက်ရှိလူ့ဘဝကို စွန့်လွှတ်သွားရသူအား ဘာမျှ ကိုယ်ပိုင်ဥစ္စာဟူ၍မရှိ၊ နောက်ဘဝသို့လည်း ဘာပစ္စည်းဥစ္စာမျှ ယူဆောင်၍မသွားနိုင်၊ ဘာပစ္စည်းဥစ္စာမျှလည်း အရိပ်ပမာ မိမိနောက်သို့ အစဉ်မလိုက်ပါနိုင်ချေ။

ဤလောက၌ သတ္တဝါတို့အား မိမိပြုလုပ်သော ကောင်းမှု မကောင်းမှုနှစ်မျိုးသည်သာလျှင် ကိုယ်ပိုင်ဥစ္စာ ဖြစ်၏။ မိမိပြုလုပ်သော ကောင်းမှုမကောင်းမှုကိုသာလျှင် သေပြီးနောက်ဘဝသို့ ယူဆောင်သွားနိုင်၏။ မိမိပြုလုပ်အပ်သော ကောင်းမှု မကောင်းမှု ထိုနှစ်ခုသည်သာလျှင် မိမိနောက်သို့ အရိပ်ပမာထက်ကြပ်မကွာ လိုက်ပါလာနိုင်၏။

ဒကာတော်မင်းကြီး ထို့ကြောင့် တမလွန်ဘဝ၌ ကောင်းကျိုးကိုပေးနိုင်သော ကောင်းမှုကိုသာလျှင် ဆည်းပူးအားထုတ် ပြုလုပ်သင့်၏။ မိမိဆည်းပူးအားထုတ် ပြုလုပ်ထားသော ကောင်းမှုကုသိုလ်သည် နောင်တမလွန်လောက၌ ထိုသတ္တဝါ၏ ထောက်တည်ရာဖြစ်၏-ဟု ဘုရားရှင် မိန့်ကြားတော်မူ၏။

ထို့ကြောင့် မိမိကိုယ်ကို မိမိတို့ချစ်ပါလျှင် မကောင်းမှု အကုသိုလ်တရားများ မပြုလုပ်ရှောင်ကြဉ်၍၊ ကောင်းကျိုးချမ်းသာကို ပေးဆောင်နိုင်သော ကောင်းမှုကုသိုလ်တရားများကိုသာလျှင် ကျိုးစားအားထုတ် ပြုလုပ်ကြရမည် ဖြစ်သည်။ **(ကောသလသံယုတ်၊ ပထမဝဂ်၊ ဝိယသုတ်။)**

ဒါနသည် အားလုံးပြည့်စုံနိုင်၏

ဒါနသည် အလှူခံ အလှူပေး နှစ်ဦးလုံး၏ စိတ်ကို နူးညံ့ပျော့ပျောင်းအောင် ပြုနိုင်၏။ မလိမ္မာ မယဉ်ကျေးသေးသောသူကို လိမ္မာယဉ်ကျေးစေနိုင်၏။ မိမိစကား နားမထောင်သူတို့ကိုလည်း နားထောင်စေနိုင်၏။ မိမိ သူတစ်ပါး နှစ်ဦးသားတို့၏ အကျိုး၊ ပစ္စုပ္ပန်လောကအကျိုး၊ တမလွန်လောကအကျိုး အမျိုးမျိုးကို ပြီးစေနိုင်၏။ အခြံအရံအကျော်အစော ကျက်သရေ စည်းစိမ်ချမ်းသာကိုလည်း ပေးစွမ်းနိုင်၏။ တရားသဖြင့်ရသော ပစ္စည်းဝတ္ထုကို

တရားထူးရသော ပုဂ္ဂိုလ်တို့အား ပေးလှူလျှင် ငရဲကြီးရှစ်ထပ်၊ ငရဲငယ် တစ်ဆယ့်ခြောက်ထပ်တို့ကို လွန်မြောက်၍ နတ်ပြည်သို့လားရောက်နိုင်၏။ လွန်ကဲထူးချွန် မွန်မြတ်သော လောကီစည်းစိမ် လောကုတ္တရာစည်းစိမ် အားလုံးကိုလည်း ဖြစ်ထွန်းပေါ်ပေါက်လာစေနိုင်၏။

(ဒီ၊ ၎၊ ၂၊ ၆၈၊ မ၎၊ ၃၊ ၃၇။ သံ၊ ၎၊ ၃၊ ၂၂၂။)

သိကြားမင်းစည်းစိမ်၊ မာရ်နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်၊ စကြာမင်းစည်းစိမ် စသော လောကီစည်းစိမ် အမျိုးမျိုး။ သာဝက ပါရမီဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ အဘိသမ္ဗောဓိဉာဏ်ဟု ဆိုအပ်သော လောကုတ္တရာစည်းစိမ်ချမ်းသာကိုလည်း ထိုဒါနက ပေးစွမ်းနိုင်၏။ (ဒီ၊ ၎၊ ၂၊ ၆၃။)

ယင်းအလှူဒါနကြောင့် လူ့ပြည် နတ်ပြည်သို့ လားရောက်သည်မှာ ထင်ရှားလှပါ၏။ ဗြဟ္မာပြည်သို့ လားရောက်သည်ကိုမူကား ပေးလှူကာမျှဖြင့် မလားရောက်နိုင်ပါ၊ ထိုသို့ မရောက်နိုင်သော်လည်း ဒါနစေတနာသည် သမထ၊ ဝိပဿနာစိတ်၏ အခြေအရံဖြစ်၍ ပေးလှူပြီးနောက် ရန်ငြိုးဖွဲ့တတ်သော ရန်သူများ၌သော်လည်း နှုးညံ့သိမ်မွေ့သောစိတ် ပေါ်ပေါက်လာပြီးလျှင် ဗြဟ္မဝိဟာရခေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မစိုရ်တရားတို့ကို ပွားများအားထုတ်ခဲ့ပါမူ ဗြဟ္မပြည်သို့ လားရောက်စေနိုင်၏။ (ဒီ၊ ၃၊ ၂၁၄။)

ဒါနသည် စွာန်၊ ဝိပဿနာ၊ မဂ်, ဖိုလ်, နိဗ္ဗာန် ချမ်းသာအားလည်း အားကြိုးသော မိုရာအကြောင်း အထောက်အပံ့ ဥပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနိုင်၏။ (ဒီ၊ ၎၊ ၂၊ ၆၇။)

ဒါနအကျိုး အမျိုးမျိုး

လှူဒါန်းဖွယ်ဒါနဝတ္ထု အစုစုကို လှူဒါန်းသော အလှူရှင်သည် –

၁။ လူအများတို့က မျက်နှာမြင်လျှင် ချစ်ခင်ခြင်း၊

၂။ သူတော်ကောင်းတို့ မိုဝဲဆည်းကပ်လာရောက်ခြင်း၊

၃။ ဂုဏ်ကျေးဇူးသတင်း ပြန့်နှံ့ကျော်ကြားခြင်း၊

၄။ ပရိသတ်လေးပါးသို့ ချဉ်းကပ်လျှင် ရွံရှာခြင်းကင်း၊ ရဲတင်းစွာ ချဉ်းကပ်နိုင်ခြင်း၊
လူတို့ကျင့်ဝတ်သီလ ငါးပါးကို မကျိုးမပေါက် မပြောက်မကျား အောင် စောင့်ရှောက်နိုင်ခြင်း၊
၅။ သေသည်၏အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ရခြင်း - စသော အကျိုးထူးတို့ကို ရရှိခံစားရ၏။ (အံ၊ ၂၊ ၃၃။)

တစ်နည်း

၁။ ကိလေသာကင်းကွာ ရဟန္တာ အရှင်မြတ်တို့၏ အချီးအမြှောက်ကို ရှေးဦးစွာခံရခြင်း၊
၂။ ရဟန္တာ အရှင်မြတ်တို့၏ ရှေးဦးစွာ ချဉ်းကပ်မှုကိုခံရခြင်း၊
၃။ လူဖွယ်ဝတ္ထုကို ရှေးဦးစွာ လူဒါန်းခွင့်ရခြင်း၊
၄။ တရားတော်ကို ရှေးဦးစွာ နာယူခွင့်ရခြင်း၊
၅။ ကောင်းသောဂုဏ်သတင်း ပျံ့သင်းကျော်ကြားခြင်း၊
၆။ ပရိသတ်လေးပါးသို့ ရဲတင်းစွာ ချဉ်းကပ်နိုင်ခြင်း၊
၇။ သေသည်၏အခြားမဲ့၌ နတ်ပြည်သို့ လားရောက်ရခြင်း - ဟူသော အကျိုးထူးတို့ကို ရရှိခံစားနိုင်၏။ (အံ၊ ၂၊ ၄၅၇။)

အသက်နှင့်လဲ၍လှူရဲသူ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည့် အခါ ဘုရားအလောင်းတော်သည် ထိုဗာရာဏသီပြည်၌ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော သေဋ္ဌေးမျိုး၌ဖြစ်၏။ မိဘနှစ်ပါး ကွယ်လွန်သောအခါ သေဋ္ဌေးရာထူးကို ဆက်လက်ခံယူရရှိ၏။ မိမိသေဋ္ဌေး ဖြစ်သည့်အခါ မြို့တံခါးပေါက်လေးခု၌ အလှူမဏ္ဍပ်လေးခု၊ မြို့၏အလယ်၌ အလှူမဏ္ဍပ်တစ်ခု၊ မိမိအိမ်ရှေ့၌ အလှူမဏ္ဍပ်တစ်ခု။ ဤသို့ အလှူဒါနပြုလုပ်ရန် မဏ္ဍပ်ကြီး ခြောက်ဆောင်ကို ဆောက်လုပ်စေ၍ ကြီးစွာသော အလှူဒါနကို ပြုလုပ်၏။ သီတင်းသီလကိုလည်း ကျင့်သုံးဆောက်တည်၏။

တစ်နေ့သော နံနက်ခင်း၌ ဘုရားလောင်းအတွက် နံနက်စာစား‌ရန် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ကို ပြင်ဆင်၍ထား‌၏။ ထို‌နေ့သည် ပစ္စေက ဗုဒ္ဓါတစ်ပါး ၇-ရက်ပတ်လုံး နိရောဓသမာပတ်ဝင်စား၍ နိရောဓ သမာပတ်မှ ထသော‌နေ့ ဖြစ်‌၏။ ဆွမ်းခံလှည့်လည်‌ရန် အချိန်ကိုမှတ်၍ ယ‌နေ့ ငါသည် ဗာရာဏသီသေဋ္ဌေးအိမ်သို့ သွား‌ရောက် ဆွမ်းခံအံ့ ဟု ကြံ၍ ကိုယ်ဝတ် သင်္ကန်း‌ကို သပ်ပါယ်စွာ ဝတ်ပြီး တန်ခိုး‌တော်ဖြင့် ပြီး‌သောသပိတ်‌ကို ယူ၍ ကောင်း‌ကင်ခရီး‌ဖြင့် ဘုရား‌လောင်း‌သေဋ္ဌေး‌အိမ်သို့ ကြွတော်မူ‌၏။

ဘုရား‌အလောင်း‌တော်သေဋ္ဌေး‌သည် မိမိအိမ်တံခါး အနီး‌သို့ ဆွမ်းခံကြွ တော်မူလာသော အရှင်ပစ္စေကဗုဒ္ဓါကို မြင်လျှင် ကြည်ရွှင်သော စိတ်ရှိသည်ဖြစ်၍ ဘုရား‌လောင်း‌သေဋ္ဌေး‌သည် မိမိစား‌တော်မည့်ဆဲဆဲ ထမင်း‌ပွဲမှ ထလျက် အရှင်ပစ္စေကဗုဒ္ဓါအား အရိအသေပြုပြီး အမှုလုပ်ယောကျ်ား တစ်ယောက်‌ကို ခေါ်ပြီး အရှင်ပစ္စေကဗုဒ္ဓါ‌၏သပိတ်‌ကို ဆောင်ယူခဲ့လော့ဟု စေခိုင်း‌၏။ ထို‌သို့ ဘုရား‌လောင်း စေခိုင်း‌သော‌အခါ၌ ယုတ်မာသော‌မာရ်‌နတ်မင်း‌သည် ချက်ခြင်း‌ယုတ်မာသော အကြံ‌ကို ကြံ‌၏။ ဤပစ္စေကဗုဒ္ဓါသည် အာဟာရကို မသုံး‌ဆောင်ရသည်မှာ ခုနစ်ရက်ရှိလေပြီ။ ယ‌နေ့၌ အစာအာဟာရကို မသုံး‌ဆောင်ရလျှင် ပျက်စီး‌လတ္တံ့၊ ဤပစ္စေကဗုဒ္ဓါ‌ကိုလည်း ဖျက်ဆီး‌အံ့၊ သေဋ္ဌေး‌၏အလှူဒါန‌၏ အန္တရာယ်‌ကိုလည်း‌ပြုအံ့ ဟု ကြံပြီး မြန်စွာ ဆင်း‌သက်လာ၍ သေဋ္ဌေး‌၏အိမ်နှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ် ရပ်တံ့သော နေရာ‌၏အကြား၌ အတောင်ရှစ်ဆယ် အတိုင်း‌အရှည်ရှိသော မီး‌ကျီး‌တွင်း‌ကို ဖန်ဆင်း‌၍ထား‌၏။

အရှင်ပစ္စေကဗုဒ္ဓါထံ သပိတ်အယူခိုင်း‌လိုက်သော အမှုလုပ်ယောကျ်ား သည် အလျှံတလောင်လောင် တောက်လောင်နေသော မာရ်‌နတ် ဖန်ဆင်း‌ထား သော မီး‌ကျီး‌တွင်း‌ကိုမြင်၍ ကြောက်လန့်ပြီး ပြန်ပြေး‌လာ‌၏။ ဘုရား‌လောင်း သေဋ္ဌေး‌က အဘယ်ကြောင့် ပြန်ပြေး‌လာသနည်း‌ဟု မေး‌၏။ အရှင်သေဋ္ဌေး‌၏ အိမ်ရှေ့၌ အလျှံတလောင်လောင် တောက်လောင်နေသော မီး‌ကျီး‌တွင်း‌ကြီး‌ကို မြင်၍ ကြောက်လန့်ပြီး ပြန်ပြေး‌လာခဲ့ခြင်း‌ဖြစ်‌၏ ဟု ပြော‌ဆို‌၏။ နောက်ထပ် တစ်ယောက်‌ကို စေခိုင်း‌သော်လည်း ထို‌ရှေ့ ယောကျ်ား‌အတူ ပြန်ပြေး‌လာပြန်‌၏။

ဘုရားလောင်းသည် ယခုအခါငါ၏ အလှူဒါန၏ အန္တရာယ်ကို ပြုလုပ်လိုသောကြောင့် ဝသဝတ္တီ နတ်ပြည်၌နေသော မာရ်နတ်သား သည် ငါ့အား စစ်ပြုလာချေပြီ၊ ထိုကဲ့သို့သော မာရ်နတ်အရာ၊ အထောင်၊ အသောင်း၊ အသိန်းပင်ဖြစ်စေကာမူ ငါ၏ စိတ်နှလုံးကို တုန်လှုပ်အောင်ပြုခြင်းငှာ မစွမ်းနိုင်ကြောင်း မသိပေ။ ယခုအခါ ငါနှင့်မာရ်နတ်တို့၏ အစွမ်းသတ္တိ မည်သူကကြီးကြောင်း သိရပေတော့အံ့ဟု ကြံ၍ အရှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်းရန် စီရင်ထားသော ဆွမ်းများကိုယူပြီး အိမ်မှထွက်ခဲ့၏။

အလောင်းတော်သေဋ္ဌေးအိမ်မှ ထွက်ခဲ့ပြီး မီးကျီးတွင်း အနီး၌ရပ်လျက် ကောင်းကင်ကို မျှော်ကြည့်ရာ မာရ်နတ်သားကိုမြင်၍ သင်သည် မာရ်နတ်မဟုတ်လော၊ ဤမီးကျီးတွင်းကို အသင် ဖန်ဆင်းသည်မဟုတ်လော ဟု မေး၏။ အော်-ဟုတ်ပေ၏ ဟု ဝန်ခံ၏။ အသင်အဘယ်အကျိုးငှာ ဖန်ဆင်းသနည်းဟု မေးရာ၊ အသင်၏ အလှူဒါန၏ အန္တရာယ်ကို ပြုလုပ်လို ခြင်းနှင့် အရှင်ပစ္စေကဗုဒ္ဓါ၏ အသက်ကို ဖျက်ဆီးလိုသောကြောင့် မီးကျီးတွင်းကို ဖန်ဆင်းပြုလုပ်ထား၏ ဟု ပြောကြား၏။

အသင်မာရ်နတ် ငါ၏အလှူဒါန၏ အန္တရာယ်ကိုပြုခြင်းငှာ ငါမပေး၊ အရှင်ပစ္စေကဗုဒ္ဓါ၏အသက်၏အန္တရာယ်ကိုပြုခြင်းငှာ ငါမပေး။ ယွန်အခါ အသင်နှင့်ငါ ခွန်အား စွမ်းပကား သတ္တိ မည်သူက ကြီးမြတ်သည်ကို သိရပေတော့အံ့ဟု ပြောဆိုပြီး မီးကျီးတွင်း အနီး၌ တည့်တည့်မတ်မတ် ရပ်လျက် အရှင်ပစ္စေကဗုဒ္ဓါအား အောက်ပါအတိုင်း လျှောက်ထား၏။

မီးကျီးတွင်းမှ ကြာ

ရွှေဘုန်းတော်သခင် အရှင်ဘုရား-အလျဲတပြောင်ပြောင် တောက်လောင်နေသော ဤမာရ်နတ် ဖန်ဆင်းပြုလုပ်ထားသော မီးကျီးတွင်းသို့ ခြေမိုးမျှော် ဦးခေါင်းစောက်ထိုး တပည့်တော်ကျမူလည်းကျပါစေ၊ ထိုသို့ မီးကျီးတွင်းသို့

ကျွမ်းပြန်ကျစေကာမူ မသူတော်တို့သည် မပြုလုပ်ကြသော အလှူဒါနကို မပေးလိုခြင်း၊ သီလကို မစောင့်ရှောက်လိုခြင်း မပြုတော့ပါ။ အရှင်ဘုရားတို့ အတွက် စီမံထားအပ်သော သုဓာဘုတ်တမျှ မွန်မြတ်လှသော ဤဆွမ်းကို မိမိအသက်ကိုမျှ မတွယ်တာ သဒ္ဓါကြည်ဖြူ ငါ့အား ပေးလှူပေသည်ဟု ကရဏာရှေ့ထား ငဲ့ညှာသောအားဖြင့် အလှူခံတော်မူပါဘုရားဟု လျှောက်ထား ပြီး ဘုရားလောင်းသည် မြဲမြံခိုင်ခဲ့သော ဆောက်တည်ခြင်းဖြင့် ဆွမ်းခွက်ကို ကိုင်လျက် မီးကျီးတွင်း၏ အထက်ဖြင့် နင်းတက်၍သွား၏။

အလောင်းတော်သေဌေးသည် အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဒါန်းရန် အတောင်ရှစ်ဆယ်မျှ ပမာဏရှိသော မီးကျီးတွင်းပေါ်သို့ ကျော်ဖြတ်ရန် ခြေချလိုက်သည်နှင့် တပြိုင်နက် ပွင့်ချပ်တစ်ရာရှိသော ကြာပဒုမ္မာပင် သည် မီးကျီးတွင်းမှ ပေါက်လာ၍ ဘုရားအလောင်းသေဌေးသည် ပဒုမ္မာကြာပန်းအချပ် အထက်မှ ရပ်လျက် အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ လောင်းလှူလေ၏။

အလောင်းတော်သေဌေးသည် မာရ်နတ်မင်း မည်သို့ပင် တားဆီး နှောင့်ယှက်သော်လည်း မိမိ၏အလှူဒါနကို အပျက်မခံ၊ မိမိ၏အသက်ကိုပင် အသေခံစွန့်လွှတ်၍ အလှူဒါနဖြစ်မြောက်အောင် ပြုလုပ်သည်ကို နည်းယူကာ သဒ္ဓါကြည်လင်ပါရမီရှင်များလည်း မိမိတို့၏ အလှူဒါနဌ် မည်သို့သော အကြောင်းများကြောင့်ဖြစ်စေ အပျက်မခံဘဲ ပြုလုပ်လှူဒါန်းကြရမည်ဖြစ်ပါ၏။

(ဓမ္မပဒ၊ ပဗ္ဗဝဂ်၊ သီရိဂုတ္တ ဂရဟဒိန္နသူကြွယ်ဝတ္ထု။)

တရားကိုသိခြင်းသည် အမြတ်ဆုံး

သတ္တလ္လပကာယိကနတ် ခြောက်ယောက်တို့သည် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ကြပြီး မိမိတို့၏ အယူအဆ အသီးသီးကို အောက်ပါအတိုင်း လျှောက်ထားကြ၏။

ပထမနတ်

အရှင်ဘုရား အလှူပေးမှုဒါနသည် အမှုန်စင်စစ် ကောင်းမြတ်လှပါ၏၊ ဝန်တိုခြင်း မစ္ဆရိယ၊ မေ့လျော့ခြင်း ပမာဒတို့ကြောင့်သာ အလှူဒါနကို မပြုလုပ်မိကြခြင်း ဖြစ်ပါ၏။ ကောင်းမှု ၏အကျိုးကို သိမြင်၍ ကောင်းမှု လိုလား၊တောင့်တကြကုန်သော သူတို့ သည် အလှူဒါနကို ပြုလုပ်သင့်ကြပါ၏ဟု လျှောက်ထား၏။

ဒုတိယနတ်

အရှင်ဘုရား အလှူပေးမှုဒါနသည် အမှုန်စင်စစ် ကောင်းမြတ်လှပါ၏။ အနည်ငယ်သာ ရှိသော မိမိ၏ပစ္စည်း ကိုပင် ခွဲဝေပေး လှူခြင်း၊သည် ကောင်းမြတ်လှပါ၏။ အချို့သောသူတို့သည် အနည်းငယ်သာရှိသော မိမိ၏ပစ္စည်းကို ခွဲဝေပေးလှူတတ်ကြပါကုန်၏။ အချို့ သောသူတို့ကား မိမိမှာ ပစ္စည်းဥစ္စာများစွာ ရှိကြပါကုန်သော်လည်း ပေးလှူ ခြင်း အလှူဒါနကို မပြုလုပ်ကြပါ။ မိမိ၌ရှိ အနည်းငယ်သောပစ္စည်း ဥစ္စာမှ ခွဲဝေပေးလှူခြင်း အလှူဒါနသည် တစ်ထောင်သောအလှူဒါနနှင့် ညီမျှပါ၏ဟု လျှောက်ထား၏။

တတိယနတ်

အရှင်ဘုရား အလှူဒါနသည် ကောင်းမြတ်လှပါ၏။ မိမိတွင် အနည်းငယ်သာရှိသော ပစ္စည်းဥစ္စာကို ခွဲဝေပေးမှု အလှူဒါနသည် ကောင်းမြတ် လှပါ၏။ အမှုန်စင်စစ် ယုံကြည်မှုဖြင့် ပေးလှူသော အလှူဒါနသည် ကောင်း မြတ်လှပါ၏။ ပေးလှူမှုနှင့် စစ်ထိုးခြင်းသည်တူ၏ဟု ပြောဆိုကြပါကုန်၏။ သူတော်ကောင်းတို့သည် အနည်းငယ်သော မိမိ၏ပစ္စည်းဥစ္စာကို ပေးလှူမှု အလှူဒါနဖြင့်လည်း များစွာသော သူတို့ကို အောင်မြင်ကုန်ရာ၏။ မိမိ၏

အနည်းငယ်သော ပစ္စည်းဥစ္စာကိုပင် ယုံကြည်မှု သဒ္ဓါတရားဖြင့် ပေးလှူသူသည် နောင်ဘာမလွန်ဘဝ၌ ချမ်းသာ ကို ခံရပါ၏ဟု လျှောက်ထား၏။

စတုတ္ထနတ်

အရှင်ဘုရား အလှူဒါနသည် ကောင်းမြတ်လှပါ၏။ အနည်းငယ်သောပစ္စည်းကိုပင် ခွဲဝေပေးလှူခြင်း သည် ကောင်းမြတ်လှပါ၏။ ယုံကြည်မှု သဒ္ဓါတရားဖြင့် ပေးလှူအပ်သော အလှူ ဒါနသည် ကောင်းမြတ်လှပါ၏။ စင်စစ်သော်ကား တရားသဖြင့် ရှာကြံ၍ရသော ပစ္စည်းဥစ္စာကို ပေးလှူခြင်း သည် ကောင်းမြတ်လှပါ၏။ ထကြွ လုံ့လဝီရိယဥဿာဟဖြင့် အားထုတ်၍ရသော ပစ္စည်းဥစ္စာကိုတရားရရှိ ပြီးသောသူတို့အား ပေးလှူခြင်းသည် ယမမင်း၏ ကြိမ်ပိုက်ချောင်းငရဲကို လွန်မြောက်၍ နတ်ပြည်သို့ ရောက်ရပါ၏ဟု လျှောက်ထား၏။

ပဉ္စမနတ်

အရှင်ဘုရား အလှူဒါနပေးလှူမှုသည် ကောင်းမြတ်လှပါ၏။ အနည်းငယ်သောပစ္စည်းကိုပင် ပေးလှူခြင်းသည် ကောင်းမြတ် လှပါ၏။ ယုံကြည်မှု သဒ္ဓါတရား လက်ကိုင် ထား၍ ပေးလှူ ခြင်းသည် ကောင်းမြတ်လှပါ၏။ တရားသဖြင့် ရှာမှီး၍ရသော ပစ္စည်းကို ပေးလှူခြင်းသည် ကောင်းမြတ်လှပါ ၏။ စင်စစ်သော်ကား ရွေးချယ် စီစစ်၍ ပေးလှူခြင်းသည် ကောင်းမြတ်ပါ၏။ ရွေးချယ်စီစစ်၍ ပေးလှူခြင်းကို မြတ်စွာဘုရားတို့သည် ချီး မွမ်းအပ်ပါ၏။ ကောင်းသော လယ်မြေ၌ စိုက်ပျိုးအပ်သော မျိုးစေ့သည် အကျိုးများသကဲ့သို့ မြတ်သော အလှူကို ခံထိုက်သော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးတရားကြီးမား လှပါ၏ဟု လျှောက်ထား၏။

ဆဋ္ဌနတ်

ပေးလှူခြင်း အလှူဒါနသည် ကောင်းမြတ်လှပါ၏။ အနည်းငယ်သောပစ္စည်းကို ပေးလှူခြင်းသည် ကောင်းမြတ်လှပါ၏။ ယုံကြည်မှုဖြင့် ပေးလှူခြင်းသည် ကောင်းမြတ်လှပါ၏။ ရွေးချယ်စိစစ်၍ ပေးလှူခြင်း သည် ကောင်းမြတ်ပါ၏။ စင်စစ်သော်ကား သတ္တဝါအများအပေါ်၌ ကိုယ် နှုတ်စိတ်တို့ကို စောင့်စည်းခြင်းသည် ကောင်းမြတ်လှပါ၏။ လူတို့သည် သူတပါးကဲ့ရဲ့စွပ်စွဲမည်ကို ကြောက်ကြ သောကြောင့် မကောင်းမှု အကုသိုလ်မှ ကြောက်သော သူတို့ကို သူတော်ကောင်း တို့က ချီးမွမ်းကြပါကုန်၏။ မကောင်းမှု ပြုရာ၌ ရဲရင့်သောသူတို့ကို မချီးမွမ်း ကြပါကုန်။ သူတော်ကောင်းတို့သည် သူတပါးကဲ့ရဲစွပ်စွဲမှု ပရာနဝါဒဘေးမှ ကြောက်ကြသောကြောင့်သာလျှင် မကောင်းမှု အကုသိုလ်များကို မပြုကြ ခြင်းဖြစ်ပါ၏ဟု လျှောက်ထား၏။

ဘုရားရှင်၏ ဖြေကြားချက်

အိုနတ်သား တို့ ယုံကြည်မှုဖြင့် ပေးလှူအပ်သော အလှူဒါနကို ဘုရားအစရှိသော ပညာရှိသူတော်ကောင်းများ ချီးမွမ်းအပ်၏။ သို့သော်လည်း ပေးလှူမှုအလှူဒါနထက် တရားကို သိမြင်ခြင်းသည်သာလျှင် ပို၍မြတ်၏ ရွေးရွေးကာလတို့၌ ပညာရှိသော သူတော်ကောင်းတို့သည် နိဗ္ဗာန်ကို သိမြင်ခဲ့ကြကုန်၏ဟု မိန့်ကြားဖြေဆိုတော်မူ၏။

ထို့ကြောင့် သူတော်ကောင်းတို့သည် ဝန်တိုခြင်း မစ္ဆရိယ၊ မေ့လျော့ခြင်း ပမာဒတရား ၂-ပါးကို ပယ်ဖျောက်၍ တရားသဖြင့် ရအပ်သော မိမိတို့၏ ပစ္စည်းဥစ္စာ အနည်းငယ်ကို ပေးကမ်းခဲ့ဝေ လှူဒါန်းမှုပြုရာ၌ ယုံကြည်မှု သဒ္ဓါတရား လက်ကိုင်ထား၍ အလှူဒါနကို နည်းများမဟူ ပေးလှူသင့်လှပါပေ၏။

(ဒေဝတာသံယုတ်၊ သတ္တလွှပကာယိကဝဂ်၊ သာဓုသုတ်။)

သူတော်ကောင်းတို့နှင့် ပေါင်းပါ

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဘုရားရှင်၏ ဆုံးမသြဝါဒသွန်သင်မှုတရားဒေသနာတော်အတိုင်း၊ ချင့်ကြဲကျိုးကုတ် အားထုတ်ပြီး သေလွန်သောအခါ နတ်ပြည်သို့ လားရောက်ကြသည်၊ သတုလ္လပကာယိကာအမည်ရှိသော နတ်သား ၇-ယောက်တို့သည် ဘုရားရှင်ထံတော်မှောက်သို့ ချဉ်းကပ်၍ သူတော်ကောင်းတို့နှင့် ပေါင်းဖော်သင့်ကြောင်း အောက်ပါအတိုင်း အသီးသီး လျှောက်ထားကြကုန်၏။

ပထမနတ်သား -

အရှင်ဘုရား လောက၌ အပေါင်းအသင်း ပြုလုပ်ရာတွင် သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းဆက်ဆံသင့်ကြောင်း၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံကြသော သူတို့သည် သူတော်ကောင်းတို့ထံမှ သူတော်ကောင်းတရားကို ကြားသိရပါ၏။ သူတော်ကောင်းတရားကို ကြားနာသိမြင်ရသည်ရှိသော် ထိုသူသည် မြင့်မြတ်သူတစ်ယောက် ဖြစ်လာနိုင်ပါ၏၊ ယုတ်ညံ့သူမဖြစ်နိုင်ပါ ဟုလျှောက်ထား၏။

ဒုတိယနတ်သား -

အရှင်ဘုရား သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံရ၍ ထိုသူတော်ကောင်းတို့ထံမှ သူတော်ကောင်းတရားကို ကြားနာရသော သူသည် ပညာကို ရနိုင်ပါ၏၊ သူယုတ်မာတို့ထံမှ ပညာကိုမရနိုင်ပါဟု လျှောက်ထား၏။

တတိယနတ်သားက -

အရှင်ဘုရား သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံရ၍ ထိုသူတော်ကောင်းတို့၏ ထံမှ သူတော်ကောင်း တရားကို ကြားနာရသော

သူသည် ပူဆွေးနေသောသူတို့၏ အလယ်မှာ နေရသော်လည်း ပူဆွေးမှု မရှိတော့ပါဟု လျှောက်ထား၏။

စတုတ္ထနတ်သား -

အရှင်ဘုရား သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံရ၍ ထိုသူတော်ကောင်းတို့၏ အထံမှ သူတော်ကောင်း တရားကို ကြားနာရသော သူသည် ဆွေမျိုးသားချင်းတို့၏ အလယ်၌ တင့်တယ်ပါ၏ဟု လျှောက်ထား၏။

ပဉ္စမနတ်သား -

အရှင်ဘုရား သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံရ၍ ထို သူတော်ကောင်းတို့၏ အထံမှ သူတော်ကောင်း တရားကို ကြားနာရသော သူသည် ကောင်းရာသုဂတိဘုံဘဝသို့ လားရောက်ရပါ၏ဟု လျှောက်ထား၏။

ဆဋ္ဌနတ်သား -

အရှင်ဘုရား သူတော်ကောင်းတို့နှင့် ပေါင်းသင်း ဆက်ဆံရ၍ ထိုသူတော်ကောင်းတို့၏အထံမှ သူတော်ကောင်း တရားကို ကြားနာရသော သူသည် အမြဲမပြတ် ချမ်းသာစွာ နေရပါ၏ဟု လျှောက်ထား ၏။

ဤကဲ့သို့ အထက်ကဖော်ပြခဲ့သော နတ်သားခြောက်ယောက်တို့က မိမိတို့အယူအဆအသီးသီးကို ဘုရားရှင်အား လျှောက်ထားပြီးသောအခါ ကျန်သတ္တမမြောက် နတ်သားက ဘုရားရှင်အားအောက်ပါအတိုင်း မေးလျှောက် ၏။

သတ္တမနတ်သား -

အရှင်ဘုရား အရှင်ဘုရားအား အသီးသီး လျှောက်ထားကြသော ထိုနတ်သားခြောက်ယောက်တို့တွင် အဘယ်နတ်သား၏ လျှောက်ထားချက် သည် ကောင်းသော လျှောက်ထားချက်ဖြစ်ပါသနည်းဟု မေးလျှောက်ထား၏။

ဘုရားရှင်က -

ထိုနတ်သားတို့၏ လျှောက်ထားချက်အသီးသီးသည် ပရိယာယ်အားဖြင့် ကောင်းသောလျှောက်ထားချက်များ ဖြစ်ကြ၏။ သို့သော် ငါ၏စကားကိုလည်း သင်နတ်သားတို့ နားထောင်ကြ ဦးလော့ဟု အောက်ပါအတိုင်း မိန့်တော်မူ၏။

ဘုရားရှင် မိန့်တော်မူ -

သူတော်ကောင်းတို့နှင့်သာလျှင် ပေါင်းဖော်ခြင်းကိုပြုရာ၏၊ ထို သူတော်ကောင်းတို့၏အထံမှ သူတော်ကောင်းတရားကို ကြားနာရသည်ရှိသော် အလုံးစုံသော ဆင်းရဲမှ လွတ်မြောက်ရ၏ဟု မိန့်တော်မူ၏။

ထို့ကြောင့် လူမိုက်ကိုဝေးဝေးရှောင်၍ လူလိမ္မာပညာရှိသူတော်ကောင်းကို **အမြဲမပြတ်** ဆည်းကပ်မှီဝဲပေါင်းသင်း ဆက်ဆံသင့်လှပါပေ၏။

(ဒေဝတာသံယုတ်၊ သတ္တလပကာယိကဝဂ်၊ သန္ဓိသုတ်။)

အလ္ကပေးမှကြောင့် (၃) မျိုး ချမ်းသာ

ပေးကမ်းလှူဒါန်းခြင်းကြောင့် အလ္ကခံပုဂ္ဂိုလ်၌လည်း သုံးဆောင်ရ၍ ချမ်းသာခံစားရခြင်း၊ အလ္ကရှင်၌လည်း အလ္ကဒါန၏ အကျိုးဆက်ကြောင့် ချမ်းသာခံစားရခြင်း၊ ထို့အပြင် ဘဝတစ်ပါး ရောက်နေကြသော ဆွေမျိုးတော်သူ၊ မတော်သူ ပြိတ္တာတို့အားလည်း ကောင်းမှု၏ အဖို့ဘာဂကို ပေးဝေ၍သဖြင့် သာဓုအနုမောဒနာ ခေါ်ဆိုကြရ၍ ပြိတ္တာဘဝမှ လွတ်မြောက်ပြီး ချမ်းသာကို ရရှိခံစားရခြင်း စသည့် ချမ်းသာတို့ကို အလ္ကပေးမှဒါနကြောင့် (၃)ဦး ခံစားကြရပါသည်။

ပေးလှူကြသည့် အလ္ကရှင်ဒါနရှင်တို့သည် အလ္ကဒါန၏ကောင်းမှုကြောင့် ဖြစ်လေရာဘဝတို့၌ စည်းစိမ်အမျိုးမျိုးတို့ကို ရရှိခံစားကြရပါမည်၊ ပေးကမ်း

လ္ဟဒါန်းမ္ဟဒါနသည် သံသရာဌ်သာမဟုတ် ပစ္စုပ္ပန်ဌ်လည်း မိမိ အလ္ဟရှင်က သူတစ်ပါးကို ငွေကြေး, အဝတ်အထည်, စားသောက်ဖွယ်ရာ စသည် ပစ္စည်းများဖြင့် ပေးကမ်း, လ္ဟဒါန်း, ထောက်ပံ့ဖူးပါမှ မိမိအလ္ဟရှင်ထံဌ်လည်း သူတစ်ပါးက ငွေကြေး, အဝတ်အထည်, စားသောက်ဖွယ် စသည့် ပစ္စည်း များဖြင့် တုံ့ပြန်ကြပေမည်။

လ္ဟဒါန်းခြင်းသည် ရရှိခြင်းပင်

လ္ဟဒါန်းခြင်းသည် မိမိပစ္စည်းများ ကုန်သွားခြင်းမဟုတ်၊ ရရှိလာခြင်း ဖြစ်ကြောင်းကို ဥပမာဖြင့် ဖေါ်ပြပါမည်။ ဥပမာ-မီးလောင်နေသည့် အိမ်တစ် အိမ်ထဲရှိ အိုးခွက်စသည့် ပစ္စည်းများကို ဆွဲထုတ်သည်နှင့်တူ၏။ အိမ်တစ်အိမ် မီးလောင်နေသည့်အခါ အိမ်ရှင်သည် အိမ်အတွင်းဌ် ရှိနေသော ပစ္စည်းများကို ဆွဲမထုတ်ဘဲ လက်ပိုက်ကြည့်နေပါက ထိုပစ္စည်းတို့သည် မီးလောင်ကျွမ်းခြင်း ခံရပေတော့မည်။

သူသူငါငါ ပိုင်ဆိုင်သော ပစ္စည်းများကို ရန်သူမျိုးငါးပါးတို့ ဝိုင်းရံနေကြ သကဲ့သို့ ခန္ဓာကိုယ်ကြီးကိုလည်း ရာဂ ဒေါသ စသည့် မီး (၁၁)ပါးတို့ ဝိုင်းရံနေကြပါသည်။

ထိုသို့ မီးများ ဝိုင်းရံနေကြပါလျက် လ္ဟဒါန်းခြင်းဒါနဖြင့် ပစ္စည်းများကို ဆွဲ၍မထုတ်ပါလျှင် ထိုပစ္စည်းများကို ကိုယ်ပိုင်တော့မည်မဟုတ်ဘဲ စွန့်ပစ်ခဲ့ရမည်သာဖြစ်၏။

သို့အတွက် ထိုပစ္စည်းများအပေါ် တွယ်တာမက်မော နမြော်မှုလောဘကို ပယ်ခွာ၍ လ္ဟဒါန်းမ္ဟဒါနဖြင့် မီးထဲမှ ဆွဲထုတ်သင့်ကြ၏၊ ထိုကဲ့သို့ လ္ဟဒါန်းမ္ဟ ဒါနဖြင့် မီးထဲက ဆွဲထုတ်လိုက်သည်ဖြစ်၍ လ္ဟဒါန်းလိုက်ခြင်းသည် ကုန်ခန်း သွားသည်မဟုတ် ရရှိလာသည်ပင် ဖြစ်ပါတော့၏။

အကယ်၍ လူဒါန်းပေးခြင်း ဒါနဖြင့် ဆွဲ၍ မထုတ်ပါက ထိုပစ္စည်းများကို ခိုးသူတို့သည် လည်းကောင်း, မင်းတို့သဲ့်လည်းကောင်း ဆောင်ယူနိုင်၏၊ မီးလည်းလောင်၏၊ ပျက်စီးလည်းပျက်စီးတတ်၏၊ သေသောအခါပစ္စည်းက လူကိုစွန့်သည်မဟုတ်ဘဲ လူကပစ္စည်းကို စွန့်သွားရ၏။

ထို့ကြောင့် အမြော်အမြင် အတွေးအခေါ်ရှင် ဖြစ်သော ပညာရှိသည် ထိုပစ္စည်းများကို သုံးလည်းသုံးဆောင်၏၊ ပေးလည်း ပေးလှူ၏။ ဤသို့ ပြုသင့်သည်ကိုပြုထားသော ပညာရှိသည် နမြောတွန့်တိုသူဟု ဝန်းကျင်လူတို့၏ အကဲ့ရဲ့ကို မခံရဘဲ သေသည့်အခြားမဲ့၌ နတ်ပြည်သို့ ရောက်ရကြောင်း ဖွင့်ဆိုထားပါသည်။ (အံ-၂၉)

ဒါနသည် အရာရာတွင် အောင်မြင်နိုင်သည်

လူဒါန်းပေးကမ်း စွန့်ကြဲခြင်းဟူသော ဒါနပြုခြင်းသည် လောကီရေး, လောကုတ္တရာရေးစသော အရေးများစွာကို ပြီးမြောက်အောင်မြင်နိုင်သော သိဒ္ဓိတစ်မျိုး ဖြစ်ပါသည်။

လူဒါန်းပေးကမ်း စွန့်ကြဲခြင်းကြောင့် မိုက်မဲ ရိုင်းစိုင်းကြကုန်သော သူတို့ကို လိမ္မာယဉ်ကျေး သိမ်မွေ့စေနိုင်ပါသည်။ လူမှုဆက်ဆံရေး, စီးပွားရေး, ကျန်းမာရေး, ပညာရေးစသော အရေးများနှင့် အချို့သော မကောင်းသည့် အလိုမရှိသည့် လောကဓံများကို ကျော်လွှားနိုင်သော လောကီရေးများအပြင် လောဘ, ဒေါသ စသော အတွင်းရန်သူများနှင့် အပြင်ရန်သူများကို အောင်မြင်နိုင်ပါသည်။ နိဗ္ဗာန်ချမ်းသာ တည်းဟူသော လောကုတ္တရာ ရေးရာများပါ အောင်မြင်နိုင်ပါသည်။

ဒါနသည် သံသရာမရှည်

လူဒါန်းသူအလှူရှင်သည် နိဗ္ဗာန်ကို ရည်မှန်းတောင့်တ၍ သမ္မာပဋိပဒါ အကျင့်ဖြင့် လူဒါန်းလျှင် မည်သည့်ကုသိုလ်မဆို နိဗ္ဗာန်ရောက်နိုင်သည်သာ

ဖြစ်ပါပေ၏။ သံသရာတိုသည်သာ ဖြစ်ပါပေ၏။ ဒါနပြုခြင်းကြောင့် သံသရာမရှည်ပါ။

သူတစ်ပါးတို့ လှူနိုင်ခဲသော ဘုရားအလောင်းတော်၏ မျက်စိအလှူတို့သည် ကောင်းကင်ရှိ နက္ခတ်ကြယ်တာရာများထက် များပြားစွာ လှူဒါန်းခဲ့ခြင်း။ အသားအလှူတို့မှာ မဟာပထဝီ မြေကြီးထက် များပြားစွာ လှူဒါန်းခဲ့ခြင်း၊ ဦးခေါင်းအလှူတို့မှာ မြင်းမိုရ်တောင်ထက် များပြားစွာ လှူဒါန်းခဲ့ခြင်းတို့ဖြင့် သန်တ ဖြစ်သော မျက်စိအသားအသွေ ဦးခေါင်းတို့နှင့် အသန်တ ဖြစ်သော နိဗ္ဗာန် (သဗ္ဗညုတဉာဏ်)ကို လဲလှယ်မှု ပြုခဲ့ပေ၏။ ဘုရားအလောင်းတော်၏ ဒါနကိုထောက်၍ ဒါနသည် သံသရာမရှည်ကြောင်း သိသာပေါ်လွင်ပါသည်။

ဘုရားအလောင်းတော်သည် လှူဒါန်းတိုင်း လှူဒါန်းတိုင်း မိမိရလိုသော သမ္မာသမ္ဗောဓိဆုကို ဦးတည်၍ "ဣဒံ မေ ပုညံ သဗ္ဗညုတညာဏာယ (သမ္မာသမ္ဗောဓိဉာဏာယ) ပစ္စယော ဟောတု" ဟု ဆုတောင်းမှု ပြုသကဲ့သို့ အားလုံးတို့သည်လည်း မိမိအလိုရှိသော ဗောဓိကို ထည့်၍ထည့်၍ တောင်းထိုက်၏။ ယုတ်စွအဆုံး "ဣဒံ မေ ဒါနံ အာသဝက္ခယာ ဝဟံ ဟောတု" ဟူ၍ ဖြစ်စေ "ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု" ဟူ၍ ဖြစ်စေ နှုတ်မှ ဆို၍ အာသဝေါတရားများကို တကယ်ကုန်လိုမှုဖြင့် ဆုတောင်းပတ္ထနာပြုလျှင် ထိုအလှူဒါနသည် မိမိဆန္ဒအရ အရဟတ္တမဂ်ကိုသော် လည်းကောင်း၊ ပစ္စေကဗောဓိဉာဏ်ကို လည်းကောင်း၊ သဗ္ဗညုတဉာဏ်ကို လည်းကောင်း ရနိုင်၏။ (အံ၊ ၄၊ ၄၃)

လှူဒါန်းသူ အလှူရှင်သည် ကုသိုလ်ပြုလုပ် လှူဒါန်းတိုင်း မည်သည့် ကုသိုလ်ပြုပြု ပြုသောကုသိုလ်၏ ဓမ္မနိယာမအားဖြင့် အကျိုးပေးဖြစ်ကြသော လူ့ဘဝ လူ့ချမ်းသာ, နတ်ဘဝ နတ်ချမ်းသာတို့သည် သူ့ကုသိုလ်အကြောင်းအားလျော်စွာ မတောင့်တဘဲ ဓမ္မနိယာမ အားဖြင့် ခံစားရမည် ဖြစ်ပါသည်။

မဟာဒါနကုသိုလ်ရှင်များ

ယင်းမဟာဒါန ခေါ် အလှူကြီးပေးလှူသူတို့မှာ –

မြို့တွင်းမြို့ပြင်၌ အလှူမဏ္ဍပ် ၅-ဆောင် ဆောက်လုပ်၍ နေ့စဉ်နေ့တိုင်း မွန်မြတ်သော ယာဂု, ခဲဖွယ်, ဘောဇဉ် စသော လှူဒါန်းဖွယ်ဝတ္ထုပစ္စည်းတို့ကို အယုတ်, အလတ် အမြတ်မရွေးဘဲ အလှူခံပုဂ္ဂိုလ်ဟူသမျှအား လုံအား ရက်ရောစွာ လှူဒါန်းသော မဟာဝိဇိတမင်း။ (ဒီ၊ ၁၊ ၁၃၄။ ဒီ၊ ဋ္ဌ၊ ၁၊ ၂၆၄။)

ဒွါရဝတီမြို့သား အကုံရမည်သောကုန်သည်။ (ပေတ၊ ၁၅၉၊ ၈မွ၊ ဋ္ဌ၊ ၂၊ ၁၄၂။ ပေတ၊ ဋ္ဌ၊ ၁၁၅။ ၁၂၅၊ ၁၂၈။)

ပါယာသိမြို့စား (ဒီ၊ ဋ္ဌ၊ ၂၊ ၄၀၂။)

အနာထပိဏ်သေဋ္ဌေး။ (အံ၊ ဋ္ဌ၊ ၂၊ ၂၉၅။ ၈မွ၊ ဋ္ဌ၊ ၂၊ ၂၉၁။)

သီရိမာမည်သောပြည့်တန်ဆာမ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၄၇။ ၈မွ၊ ဋ္ဌ၊ ၂၊ ၆၇။)

မေဏ္ဍကသေဋ္ဌေး။ (၈မွ၊ ဋ္ဌ၊ ၁၊ ၂၄၃။)

စိတ္တသူကြွယ်။ (၈မွ၊ ဋ္ဌ၊ ၁၊ ၃၂၇၊ ၃၃၁။)

ရောရုဝမြို့သား အသယ္ဟသေဋ္ဌေး။ (ပေတ၊ ဋ္ဌ၊ ၁၀၅။)

ဆင်းရဲသား မဟာဒုဂ်။ (၈မွ၊ ဋ္ဌ၊ ၁၊ ၃၆၆။)

ဝိပဿီဘုရားရှင်၏ ခမည်းတော်နှင့် ပြည်သူများ။(၈မွ၊ ဋ္ဌ၊ ၁၊ ၄၀၁။)

ဝေလာမပုဏ္ဏား။ (အံ၊ ၃၊ ၁၉၅။ အံ၊ ဋ္ဌ၊ ၃၊ ၂၆၈။ ၈မွ၊ ဋ္ဌ၊ ၂၊ ၈။ ဇာ၊ ဋ္ဌ၊ ၁၊ ၂၄၅။)

ပသေနဒီကောသလမင်းကြီး။ (၈မွ၊ ဋ္ဌ၊ ၂၊ ၁၂၀။)

မဟာဓနကုန်သည်။ (၈မွ၊ ဋ္ဌ၊ ၂၊ ၂၆၉။)

ဥဂ္ဂသူကြွယ်။ (၈မွ၊ ဋ္ဌ၊ ၂၊ ၂၉၃။)

သုမနသေဋ္ဌေး။ (၈မွ၊ ဋ္ဌ၊ ၂၊ ၃၈၂။)

အပရာဇိတသူကြွယ်။ (၈မွ၊ ဋ္ဌ၊ ၂၊ ၄၃၆။)

ဝိဇိတာဝီစကြောမင်း။ (ဇာ၊ ဋ္ဌ၊ ၁၊ ၃၆။)

အလောင်းတော်သုရစိပုဏ္ဏား။ (ဇာ၊ ဋ္ဌ၊ ၁၊ ၄၁။)

အလောင်းတော်အတုလနဂါးမင်း။ (ဇာ၊ ဋ္ဌ၊ ၁၊ ၄၂။)

အလောင်းတော်အဇိတပုဏ္ဏား။ (ဇာ၊ ဋ္ဌ၊ ၁၊ ၄၃။)

အလောင်းတော်ဘီလူးစစ်သူကြီး။ (၈၊ ၌၊ ၁၊ ၄၃။)
အလောင်းတော်ဥတ္တရလုလင်။ (၈၊ ၌၊ ၁၊ ၄၅။)
သုမင်္ဂလမြို့သူ၊ မြို့သားများ။ (၈၊ ၌၊ ၁၊ ၄၆။)
အလောင်းဏော်အရိန္ဒမမင်း။ (၈၊ ၌၊ ၁၊ ၅၀။)
အလောင်းတော်သုဒဿနမင်း။ (၈၊ ၌၊ ၁၊ ၅၀။)
အလောင်းတော်ခေမမင်း။ (၈၊ ၌၊ ၁၊ ၅၁။)
အလောင်းတော်ဝေဿန္တရာမင်း။ (၈၊ ၌၊ ၁၊ ၈၆။)
ကုမာရကဿပ၏ ခမည်းတော်သေဋ္ဌေး။ (၈၊ ၌၊ ၁၊ ၁၄၆။)
အလောင်းတော်ဗာရာဏသီသေဋ္ဌေး။ (၈၊ ၌၊ ၁၊ ၂၄၉။)
လိစ္ဆဝီမင်း။ (၈၊ ၌၊ ၁၊ ၄၄၅။)
သာဝတ္ထိမြို့သူ မြို့သားများ။ (၈၊ ၌၊ ၁၊ ၄၁၊ ၂၆၁။)
သူကြွယ်သား သူငယ်ချင်းနှစ်ယောက်။ (၈၊ ၌၊ ၂၊ ၇၇။)
ဗာရာဏသီမြို့သူ မြို့သားများ။ (၈၊ ၌၊ ၂၊ ၇၇။)
အလောင်းတော်ပုဏ္ဏားသူကြွယ်။ (၈၊ ၌၊ ၂၊ ၂၄၉။)
ဥဒေနမင်း။ (၈၊ ၌၊ ၃၊ ၃၆၃။)
ဗြဟ္မဒတ်မင်းနှင့်မိဖုရား။ (၈၊ ၌၊ ၃၊ ၃၉၃။)
ဗြဟ္မဒတ်မင်း၏သား။ (၈၊ ၌၊ ၃၊ ၄၁၇။)
ရောရုဝမင်း။ (၈၊ ၌၊ ၃၊ ၄၄၆။)
သာဝတ္ထိမြို့နေ ဥပါသကာအမျိုးသား။ (၈၊ ၌၊ ၁၅၊ ၂၃၇။)
အလောင်းတော်သခ်ပုဏ္ဏား။ (၈၊ ၌၊ ၄၊ ၁၆။)
ဇနသန္ဓမင်း။ (၈၊ ၌၊ ၄၊ ၁၇၈။)
အကိတ္တိပုဏ္ဏား။ (စရိယာ၊ ၌၊ ၂၁၊ ၂၈။ ၈၊ ၌၊ ၄၊ ၂၃၇။)
မိတ္တဗန္ဓကဥပါသကာ။ (၈၊ ၌၊ ၄၊ ၂၈၉။)
သာဝတ္ထိမြို့နေကုန်သည်များ။ (၈၊ ၌၊ ၄၊ ၃၅၀။)
အလောင်းတော်သိဝိမင်း။ (စရိယာ၊ ၌၊ ၆၄။ ၈၊ ၌၊ ၄၊ ၄၀၂။)

တို့ဖြစ်ကြပါသည်။

အခန်း (၂)

သာသနာတွင်း သာသနာပဒါန ကျောခြားချက်

ဒါနကထာ၌ ဒါနနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည့် အကြောင်းအရာများကို ရေးသားဖေါ်ပြပြီးနောက် ဒါနပြုခြင်းကြောင့် ရရှိလာသည့် အကျိုးတို့ကိုလည်း ဆက်လက်ဖေါ်ပြပါမည်။ ဒါန၏ အကျိုးများ ပေါ်လွင်စေရန် ဝတ္ထုသာဓကကိုပါ ရေးသားဖေါ်ပြမည် ဖြစ်ပါသည်။ သာသနာတွင်း ဒါနသည် သာသနာပဒါနထက် အကျိုးကြီးမားပုံကို အရှင်မဟာကဿပမထေရ်ကြီးနှင့် သိကြားမင်းတို့၏ ဝတ္ထုသာဓကကို ရှေးဦးစွာ ဖေါ်ပြပါအံ့။

အရှင်မဟာကဿပ မထေရ်မြတ်ကြီး နိရောဓသမာပတ်ဝင်စားရာ ၇-ရက်လွန်မြောက်သဖြင့် နိရောဓသမာပတ်မှ ထတော်မူ၍ ရာဇဂြိုဟ်မြို့အိမ်စဉ်အတိုင်း ဆွမ်းခံခြင်းငှာ လှည့်လည်တော်မူ၏။ သိကြားမင်း၏ အခြွေအရံဖြစ်သော ငါးရာကုန်သော နတ်သမီးတို့သည် အရှင်မဟာကဿပမထေရ်မြတ်အား ဆွမ်းအလှူကို ကြည်ဖြူစွာ ဆက်ကပ်လှူဒါန်းမည်ဟု ကြံစည်စိတ်ကူးပြီး ဆွမ်းပွဲငါးရာ ပြုပြင်စီမံကာ လမ်းခရီးအကြားက ဆီးကြိုပြီး လှူဒါန်းကြရန် ကြိုးစားအားထုတ်ကြကုန်၏။

ဘုန်းတော်သခင် အရှင်ဘုရား နတ်သုဓာရသာကြိုင်မွမ်း ဤတပည့်တော်တို့၏ ဆွမ်းကို အရှင်ဘုရားတို့သည် သနားကြည်ဖြူ အလှူခံယူတော်မူပါဘုရား။ တပည့်တော်မတို့အား ချီးမြှင့်ခြင်းကို ပြုတော်မူပါဘုရား ဟု လျှောက်ထားကြကုန်၏။

အရှင်မဟာကဿပ မထေရ်မြတ်က "အသင်နတ်သမီးတို့ ဖဲသွားကြကုန်လော့၊ ငါသည် ဆင်းရဲငြိုငြင် ပင်ပန်းနွမ်းနယ်သောသူတို့အား ချီးမြှောက်

ခြင်းကို ပြုအံ့" ဟု မိန့်တော်မူ၏။ အရှင်ဘုရား တပည့်တော်မတို့ကို မဖျက်ဆီးပါနှင့်၊ တပည့်တော်မတို့အား လည်း ချီးမြှောက်တော်မူပါဟု ထပ်ကာထပ်ကာ လျှောက်ထားပါသော်လည်း အရှင်မဟာကဿပ မထေရ်မြတ်က ထပ်ကာထပ်ကာ ပယ်မြစ်တော်မူ၏။ ထိုသို့ ပယ်မြစ်ပါသော်လည်းမရ၍ အသင် နတ်သမီးတို့သည် မိမိ တို့၏ ပမာဏကို မသိကြလေကုန်၊ ဖဲသွားကြ ဟု မိန့်တော်မူပြီး လက်ဖျစ်တီးတော်မူ၏။ ထိုအခါကျမှ နတ်သမီးများ လူဒါန်းခွင့်မရဘဲ ပြန်သွားကြလေကုန်၏။

သိကြားမင်းက ထိုနတ်သမီးများအား ဘယ်ကိုများ သွားကြသလဲဟု မေး၏။ အရှင်မဟာကဿပ မထေရ်မြတ် နိရောဓသမာပတ်မှ ထတော်မူ၍ ဆွမ်းခံလှည့်လည်ရာ ဆွမ်းလူဒါန်းရန်သွားကြကြောင်း၊ မထေရ်မြတ်က အလှူခံယူတော်မမူသဖြင့် လူဒါန်းခွင့်မရခဲ့ကြောင်း၊ မထေရ်မြတ်က ငါသည် ယနေ့ဆင်းရဲငြိုငြင် ပင်ပန်းနွမ်းနယ်ကုန်သော သူတို့အား ချီးမြှောက်ခြင်းကိုပြုအံ့ ဟု အမိန့်ရှိကြောင်း သိကြားမင်းအား ပြောကြား၏။

သိကြားမင်းသည် သုဇာတာ မိဖုရားကိုခေါ်ပြီး ဆင်းရဲသား ရက်ကန်းသည် ဇနီးမောင်နှံအသွင်ဖြင့် မျက်စိမှုန်၊ နားထိုင်း၊ ခါးကိုင်းပြီး သွားကျိုးဆံဖြူငယ်မူတွေယိုယွင်း အိုမင်းကြီးရင့်သည်ဟန် ဖန်ဆင်း၍ အရှင်မဟာကဿပ မထေရ်မြတ် ကြွတော်မူမည့် လမ်းခရီးအကြားရွာ၌ ရက်ကန်းရက်လျက် စောင့်မျှော်နေ၏။

အရှင်မဟာကဿပ မထေရ်မြတ် အစဉ်အတိုင်း ကြွတော်မူရာ သိကြားမင်း ဇနီးမောင်နှံ အိမ်ရှေ့ရောက်သော် ဤဇနီးမောင်နှံသည် အလွန်ဆင်းရဲပင်ပန်း၍ သက်ကြီးရွယ်အို ဖြစ်နေသော်လည်း ရုက်ကန်းရက်လုပ်ခြင်း အမှုဖြင့် ဘဝကို ရုန်းကန်စားသောက်နေရ၏။ ဤသူအို ဇနီးမောင်နှံတို့ထံမှ အနည်းငယ်မျှသော ဆွမ်း၊ ယာဂု စသည်တို့ကို အလှူခံယူခြင်းဖြင့် ချီးမြှောက်ထောက်ပံ့အံ့ဟု ကြံပြီး အိမ်တံခါးဝ၌ ရပ်တော်မူ၏။

သိကြားမင်းသည် မထေရ်မြတ် ကြွလာသည်ကို မြင်၍ သုဇာတာအား ရှင်မရေ အရှင်မဟာကဿပ ငါတို့အိမ်ရှေ့ကြွလာပြီ ခေတ္တာမသိဟန်ဆောင်နေ ဟု ပြောကြားပြီးခဏကြာမှ သုဇာတာအား ရှင်မရေ ငါတို့အိမ်ဝသို့ ရဟန်းတော်တစ်ပါး ကြွနေသလား မသိ၊ သွားကြည့်ပါဟု ပြောသော် ရှင်ဘဲ သွားကြည့်လိုက်ပါဟု သုဇာတာက ပြန်လည်ပြောကြားသဖြင့် သိကြားမင်းသည် အရှင်မဟာကဿပ မထေရ်မြတ်ထံ တုန်တုန်ချိုချိုဖြင့်သွားရောက်ပြီး ထိခြင်း ငါးပါးနှင့်အညီ ရှိခိုးဦးချ၍ ဒူးနှစ်ဘက်ကို လက်ထောက်အားပြုကာထား၏။ အရှင်မဟာကဿပမထေရ်ထံ ချဉ်းကပ်သွားပြီး မျက်စိမွဲတာ တယ်မကောင်း ပါလားဟု ငြီးတွားလျက် နဖူးလက်ကာကြည့်ရှုလေ၏။

အရှင်မဟာကဿပ မထေရ်မြတ်ကို အရှင်ဘုရား တပည့်တော်တို့၏ အိမ်သို့ မကြွသည်မှာ ကြာပါပြီ ဟု လျှောက်ထားရင်း သပိတ်ကို အိမ်တွင်းသို့ ယူဆောင်၍ သပိတ်အပြည့် ထည့်ပြီး အရှင်မဟာကဿပထံ ဆက်ကပ်လေ၏။ အရှင်ဘုရား-တပည့်တော်တို့၏ ဆွမ်းအား ကောင်းသည် ဆိုးသည် သဘောထားတော်မမူဘဲ တပည့်တော်တို့ ဇနီးမောင်နှံအား သနား ချီးမြှင့်ထောက်ပံ့သောအားဖြင့် အလှူခံယူတော်မူပါဟု လျှောက်ထား၏။ ထိုသိကြားမင်း လှူဒါန်းသော ဆွမ်းသည် ရာဇဂြိုဟ်မြို့လုံး အနံ့ဖြင့် လွှမ်းလေ၏။ ဤသူအိုဇနီးမောင်နှံသည် အလွန်ဆင်းရဲ၏၊ ဤဆွမ်းသည်ကား အလွန်ကောင်းမြတ်၏၊ ဘုန်းကံရှိသူတို့သာ သုံးဆောင်သင့်၏။ အကြောင်းကား ဘယ်သို့နည်းဟု ဆင်ခြင်တော်မူသော် သိကြားမင်းအဖြစ်ကို သိ၍ သိကြားမင်း အား အသင်သည် ဆင်းရဲငြိုငြင် ပင်ပန်းသောသူတို့၏ စည်းစိမ် ချမ်းသာကို လုယက်ဖျက်ဆီးသဖြင့် ဝန်လေးသောအမှုကို ပြုပေ၏။ ယနေ့ ငါ့အား ဆင်းရဲကုန်သောသူတို့ အလှူဒါနပေးလှူ ပြုလုပ်ပါက စစ်သူကြီး အရာ၊ သေဋ္ဌေးအရာကို ရစေနိုင်၏ ဟု မိန့်တော်မူ၏။

အရှင်ဘုရား-တပည့်တော်လောက် ဆင်းရဲသူရှိမည် မထင်ပါ၊ တပည့်တော်သည် နတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်ပါသော်လည်း တပည့်တော်ပြုလုပ်ခဲ့သော ကုသိုလ်သည် ဘုရားပွင့်တော်မူရာ အခါမဟုတ်၊ သာသနာပကာလ၌ ပြုလုပ်ခဲ့ရသော ကောင်းမှုကုသိုလ်ဖြစ်ပါသည်။

သာသနာတွင်းကာလ၌ ကောင်းမှုကုသိုလ်ပြုလုပ်ကြ၍ ဤနတ်ပြည်သို့ ရောက်လာကြကုန်သော တပည့်တော်လက်အောက်ငယ်သား စူဠရထနတ်၊ မဟာရထနတ်၊ အနေကဝဏ္ဏနတ်များနှင့် တွေ့ဆုံသောအခါ တပည့်တော် ပုန်းအောင်း၍နေရပါသည်။ ထိုနတ်သားသုံးဦးတို့ ပြုလုပ်ခဲ့သော ကုသိုလ် ကောင်းမှုသည် သာသနာတွင်းကာလ၌ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ဖြစ်၍ ထိုနတ်သားသုံးဦးတို့မှ ထွက်သော ကိုယ်ရောင်ကိုယ်ဝါသည် တပည့်တော်အား လွှမ်းမိုးနှိပ်စက်ပါသောကြောင့် တပည့်တော် ရင်ဆိုင်မတွေ့ရဲလောက်အောင် ဖြစ်ရပါသည်။ သို့ဖြစ်သောကြောင့် တပည့်တော်လောက် ဆင်းရဲသော သူ ရှိမည် မထင်ပါ ဟု သိကြားမင်းက လျှောက်ထား၏။

ဒကာတော် သိကြားမင်း-ဤနေ့ဤအခါမှစ၍ နောက်နောင် ငါ့အား ဤကဲ့သို့ လှည့်ပတ်ပေးလှုခြင်းမျိုး မပြုပါလင့်ဟု မိန့်တော်မူလျှင် အရှင်ဘုရား အရှင်ဘုရားတို့အား လှည့်ပတ်၍ လှူဒါန်းအပ်သော အလှူဒါနသည် တပည့်တော်အား ကုသိုလ်ရပါသလားဟု လျှောက်ထားလေရာ ကုသိုလ်ကား ရပေ၏ ဟု မိန့်တော်မူ၏။ ဤကဲ့သို့ ကုသိုလ်ရရှိပါက ကုသိုလ်ကောင်းမှု ပြုလုပ်ရန်မှာ တပည့်တော်၏ တာဝန်ပါဘုရား ဟု လျှောက်ထား၍ အောက်ပါ အတိုင်း ဥဒါန်းကျူးရင့်၏။

ငါပေးလှူအပ်သော အလှူဒါနသည် အံ့ဩဖွယ် ရှိပါပေ၏။ အလွန်အကြူး အထူးကောင်းမြတ်သော ဒါနကို ဓုတင်တရဿ ပဋိပတ်ကို မပြတ်ပြည့်အောင် ဘုန်းရောင်တောက်ပ အရှင်မဟာကဿပ၌ တည်စေအပ်ပေပြီ ဟု သုံးကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်လေ၏။

လှူရဲသူ ၅-ဦး

ရှေးသရောအခါ ဗာရာဏသီသေဋ္ဌေးသည် မင်းခစား သွားသည်ရှိသော် လမ်းတွင် ပုရောဟိတ်ပုဏ္ဏားကို တွေ့မြင်၍ "ဆရာပုရောဟိတ်-နက္ခတ်တို့ကို စုံစမ်းကြည့်ရှုပါ၏လော၊ ကြောင်းကျိုးဘယ်သို့ရှိမည်နည်း" ဟု မေးလေ၏။ "သေဋ္ဌေးကြီးနောက်သုံးနှစ်ကြာသော် ငတ်မွတ်ဘေးဆိုက်ရောက်လိမ့်မည်ဟု" ပြန်လည်ဖြေကြား၏။ သေဋ္ဌေးကြီးသည် ပုရောဟိတ်ပုဏ္ဏား၏ စကားကို

ကြားရ၍ မိမိအိမ်၌ရှိသော ပစ္စည်းများဖြင့် စပါးများဝယ်ယူပြီး စပါးကျိုနှစ်ရာ့ငါးဆယ် ဆောက်လုပ်၍ စပါးများ ဝယ်ယူကာ ကျိုအပြည့် သိုလှောင်ထား၏။ စပါးကျိုများကို ပြည့်လျှံစေ၍ ပိုလျှံသောစပါးများကို တွင်းတူးမြှုပ်နှံထား၏။ အိုးစရည်းစသည်များကို ပြည့်စေ၏။ ထိုမှ ပိုလျှံသော စပါးများကို မြေနှင့်ရောယှက် နံရံတို့ကို လိမ်းကျထား၏။

အငတ်ဘေးဆိုက်ရောက်ခြင်း

နောက်သုံးနှစ်ကြာသောအခါ ပုဏ္ဏားပြောကြားသည့်အတိုင်း ငတ်မွတ်ဘေးဆိုက်ရောက်၏။ မိမိသို့လှောင်ထားသောစပါးများ တဖြည်းဖြည်း စားသုံးရာ စပါးကျိုနှစ်ရာ့ငါးဆယ်နှင့် အိုးစရည်းကြီးတို့၌ ထည့်၍ သိုလှောင်ထားသော စပါးများ ကုန်သွားလေ၏။ ထိုအခါ မိမိအလုပ်အကျွေး ဖြစ်ကုန်သော သူတို့ကိုခေါ်၍ အမောင်တို့ သင်တို့သည် သင့်လျော်ရာသို့ သွားရောက်၍ အသက်မွေးမြူကြကုန်လော့၊ နောင်ငါတို့အဆင်ပြေသောအခါ ငါထံသို့ ပြန်လာလိုလျှင် လာကြကုန်လော့၊ မလာလိုလျှင်လည်း မိမိတို့ သင့်လျော်ရာ အရပ်၌ အသက်မွေးမြူကြကုန်လော့ဟု ဝမ်းနည်းစွာပြောဆို၏။ အလုပ်အကျွေးတို့သည် ငိုကြွေးကြကုန်လျက် သေဋ္ဌေးကြီးအား ရှိခိုး၍ မိမိတို့အလိုရှိရာသွားကြကုန်၏။ သေဋ္ဌေးကြီးအိမ်၌ တောက်တိုမယ်ရ ခိုင်းစေရန် ပုဏ္ဏာကျွန်တစ်ယောက်သာ ကျန်ရစ်၏။

ထိုသေဋ္ဌေးကြီးအိမ်၌ သေဋ္ဌေးကြီးဇနီးမောင်နှံ၊ သေဋ္ဌေးကြီးသား နှင့် ချွေးမ၊ ပုဏ္ဏာကျွန် ဤငါးယောက်သာ ရှိတော့၏။ ငါးယောက်သောသူတို့ စားသုံးကြရာ မြေတွင်းတို့၌ သိုလှောင်ထားသော စပါးများ ကုန်ပြန်၏။ နံရံတို့ကိုခွာ၍ ရေဖြင့် ဆေးကြောပြီး ရရှိသောစပါးများဖြင့် မျှတစွာ စားသုံးနေရပြန်၏။ ထိုနံရံတို့၌ မြေနှင့်ရောလိမ်းကျံထားသော စပါးများ တစ်ဖြည်းဖြည်း ကုန်ပြန်၏။ သေဋ္ဌေးကြီး၏ဇနီးသည် နံရံအခြေ၌ အနည်းငယ် ကြွင်းကျန်သော မြေတို့ကို ခွာ၍ ရေဖြင့် ဆေးကြောရာ တစ်ကွမ်းစား ခွဲမျှသော စပါးကို ရလေ၏။ စပါးတစ်ကွမ်းစားခွဲမျှကို ထောင်းထုပြာတီးပြီးသော် တစ်ကွမ်းစားသော ဆန်ကိုရ၏။ ခိုးသူဘေးမှ ကြောက်သောကြောင့် အိုးတစ်လုံး

၌ ထည့်သွင်း ပိတ်ဆို့၍ မြေ၌မြှုပ်ထား၏။ တနေ့သေဋ္ဌေးကြီး မင်းခစားရာမှ ပြန်လာပြီး ဇနီးသည်အား "အိုရှင်မ အလွန်ဆာလှ၏။ တစ်စုံတစ်ခု စားစရာများ ရှိပါသလား"ဟု မေး၏။ သေဋ္ဌေးကတော်ကြီးက ခိုးသူဘေး ကြောက်၍ မြေ၌မြှုပ်ထားသော တစ်ကွမ်းစားမျှသောဆန် ရှိပါ၏ ဤဆန် တစ်ကွမ်းစားကို ယာဂုကြိုချက်ပါလျှင် နှစ်ကြိမ် ကြိုလောက်ရပါမည်၊ ထမင်းချက်မည်ဆိုလျှင် တစ်ကြိမ်သာ ချက်လောက်ပါမည်၊ အဘယ်သို့ ပြုလုပ်ရမည်နည်းဟု မေး၏။

ဆန်တစ်စလယ်နှင့် လူငါးယောက်

သေဋ္ဌေးကြီးက–ရှင်မ–ငါတို့ငါးယောက်အား အခြားတစ်စုံတစ်ခုစားဖို့ ရန်၊ နောက်ထပ် မရှိတော့ပြီ၊ ထမင်းကိုစား၍ အသေခံကြကုန်အံ့၊ ထမင်းကိုသာ ချက်ပါတော့ဟု ပြောဆို၏။ သေဋ္ဌေးကတော်ကြီးသည် ထိုဆန်တစ်ကွမ်းစားကို ထမင်းချက်၍ အိမ်ရှိလူငါးဦးအတွက် ငါးပုံခွဲဝေ၍ သေဋ္ဌေးကြီးအတွက် ဝေပုံကျထမင်းကိုထည့်၍ သေဋ္ဌေးကြီး ရှေ့တွင်ချထားလေး၏။

ထိုအချိန်ကား ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါသည် ခုနစ်ရက်ပတ်လုံး သမာပတ်ဝင်စားရာမှ ထတော်မူသောအချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင်ဖြစ်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဒီဗ္ဗစက္ခုဖြင့် ကြည့်ရှုတော်မူသည်ရှိသော် အလုံးစုံသော ဇမ္ဗူဒီပ်၌ အငတ်ဘေးဆိုက်နေ၏၊ သေဋ္ဌေးကြီးအိမ်၌လည်း ဆန်တစ်ကွမ်းစားကို လူငါးယောက်စာအတွက် ထမင်းချက်ထား၏၊ ထိုငါးယောက်ကုန်သော သူတို့၏သန္တာန်၌ သဒ္ဓါတရား ရှိပါ၏လော။ ငါ့အား ချီးမြှောက်ခြင်းကို ပြုလုပ်ခြင်းငှာ စွမ်းနိုင်ကုန်အံ့လောဟု ကြည့်ရှုတော်မူသည်ရှိသော် ထိုသူငါးယောက်လုံး သဒ္ဓါတရား ရှိသည်၏အဖြစ်၊ ချီးမြှောက်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်ကို မြင်တော်မူ၍ သပိတ်သင်္ကန်းကို ယူတော်မူပြီး သေဋ္ဌေးကြီး၏ အိမ်တံခါး၌ ဆွမ်းခံရပ်တော်မူ၏။

ကောင်းမှုနှင့် တောင်းဆု

သေဋ္ဌေးကြီးသည် ပစ္စေကဗုဒ္ဓါကို မြင်လျှင် ကြည်ညိုသဒ္ဓါဖွား၍ "ရှေးအခါက ငါသည် အလှူဒါနကို မပေးလှူဖူးသည်၏အဖြစ်ကြောင့်

ဤအငတ်ဘေးနှင့် ကြုံတွေ့ရ၏။ ဤထမင်းသည် ငါ့ကို တစ်နေ့လောက်သာ စောင့်ရှောက်နိုင်၏။ အရှင်မြတ်အား ပေးလှူအပ်သော အလှူဒါနသည်ကား ကမ္ဘာကုဋေ များစွာ၌ ငါ၏ စီးပွားချမ်းသာကို ဆောင်နိုင်သည်ဖြစ်လတ္တံ့ဟု ဆင်ခြင်ပြီး အရှင်ပစ္စေကဗုဒ္ဓါအား အိမ်တွင်းသို့ ပင့်ဆောင်၏။ မိမိ အတွက်ဝေပုံကျ ထမင်းကို အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်၌လောင်းလှူ၏။ ထမင်းတဝက် သပိတ်ထဲရောက်လျှင် အရှင်ပစ္စေကဗုဒ္ဓါက သပိတ်ကို လက်တော်ဖြင့်ပိတ်၏။

အရှင်ဘုရား–ဤထမင်းသည် တစ်ကွမ်းစားသော ဆန်ကို လူငါးယောက် စာအတွက် ချက်အပ်သော ထမင်း၏ ငါးဖို့တစ်ဖို့သာ ဖြစ်ပါ၏။ ဤငါးဖို့တစ်ဖို့သော ထမင်းကို နှစ်ဖို့နှစ်စု ပြုလုပ်ရန် မသင့်လျော်ပါ ဘုရား။ အကျွန်ုပ်အား ယခုပစ္စုပ္ပန်စားဖို့အတွက် မချီးမြှောက်ပါလင့်၊ အကျွန်ုပ်သည် အကြွင်းမရှိ ပေးလှူလိုပါ၏ ဟု လျှောက်ထားပြီး အလုံးစုံသော ထမင်းကို ပေးလှူလိုက်၏။ မိမိအတွက် မထားဘဲ အသက်အသေခံ၍ လှူဒါန်းရဲသော သေဋ္ဌေးကြီးပါတကား။

သေဋ္ဌေးကြီး၏ဆုတောင်း

သေဋ္ဌေးကြီးသည် မိမိအတွက် ချန်မထားဘဲ အသက်နှင့်လဲ၍ ရက်ရောစွာ လှူဒါန်းပြီး အောက်ပါအတိုင်း ဆုတောင်း၏။

အရှင်ဘုရား–ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၊ ဖြစ်ရာဖြစ်ရာအရပ်ဒေသ၌ ဤကဲ့သို့သော ငတ်မွတ်ခြင်းဆေးဆိုးကြီး မတွေ့မမြင်ရပါစေသား အရှင်ဘုရား။ ဤအခါမှစ၍ ဇမ္ဗူဒီပ်ကျွန်းနေကုန်သော အလုံးစုံသောသူတို့အား ထမင်းကို ပေးခြင်းငှာ စွမ်းနိုင်သူသည် ဖြစ်ရပါလို၏။ မိမိလက်ဖြင့် အလုပ်လုပ်၍ အသက်မမွေးမြူရပါလို၏။ နှစ်ရှင်ငါးဆယ်ကုန်သော စပါးကျီတို့ကို သုတ်သင်ရှင်းလင်းစေ၍ ဦးခေါင်းဆေးလျော်ပြီး စပါးကျီတို့၏ တံခါးဝ၌ ရပ်တည်လျက် အထက်ကောင်းကင်သို့ မော်ကြည့်သောခဏာ၌သာလျှင် သလေးစပါးမိုးရွာသွန်း၍ စပါးကျီအားလုံး ပြည့်ပါစေသတည်း။ ဖြစ်လေရာရာ ဘုံဘဝတို့၌ ဤမယား ဤသား ဤချွေးမ ဤကျေးကျွန်သာလျှင် ဖြစ်ရပါစေသားဟု ဆုတောင်းပတ္ထနာမူ ပြု၏။

သေဋ္ဌေးကတော်ကြီး၏ဆုတောင်း

သေဋ္ဌေးကတော်ကြီးသည် သေဋ္ဌေးကြီး၏အသက်နှင့် လဲ၍ ရက်ရောစွာ လှူဒါန်းမှုကိုကြည့်ပြီး မိမိအတွက် ဝေစုရထားသော ထမင်းကို ယူဆောင်ကာ အရှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်းပြီး အောက်ပါအတိုင်း ဆုတောင်း၏။

အရှင်ဘုရား -ဘဝတို့၌ ဤကဲ့သို့သော အငတ်ဘေးကို မမြင်မတွေ့ ရပါလို၏ဘုရား။ တစ်စလယ်ချက် ထမင်းအိုးကို ရှေ့မှာချထား၍ ဧမ္မာဒိပ်ကျန်းနေသူ အားလုံးအား ပေးလှူသည်ရှိသော် အကျန်ပ်နေရာမှ မထသေးသမျှ ခူးယူရာမထင် ပကတိပြည့်မြဲပြည့်သည်သာ ဖြစ်ပါစေသတည်း။ ဤဖြစ်လေရာရာဘဝတို့၌ ဤလင်၊ ဤသား၊ ဤချွေးမ၊ ဤကျေးကျွန် သည်သာလျှင် ဖြစ်ရပါလို၏ ဟု ဆုတောင်းလေ၏။

သေဋ္ဌေးသား၏ဆုတောင်း

သေဋ္ဌေးသားသည် မိမိအတွက် ဝေပုံကျထမင်းကို ယူဆောင်ပြီး အရှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်း၍ အောက်ပါအတိုင်း ဆုတောင်းလေ၏။

အရှင်ဘုရား-ဤအခါမှစ၍ ဤသို့သောဘေးရှိသော အငတ်ဘေးနှင့် မတွေ့မကြုံရသူ ဖြစ်ရပါလို၏။ အကျန်ပ်သည် အသပြာတစ်ထောင် ထည့်ထားသော အိတ်တစ်လုံးကိုယူ၍ ထိုအိတ်အတွင်းမှ အသပြာများ ထုတ်ယူ၍ ဧမ္မာဒိပ်ကျန်းနေသူများအား ပေးလှူပါသော်လည်း ထိုအသပြာတစ်ထောင် ဝင်အီဟ်သည် ကုန်မသွားဘဲ ပြည့်မြဲတိုင်း ပြည့်သည် ဖြစ်ရပါလို၏။ ဖြစ်လေရာရာ ဘဝတို့၌ ဤအဖ၊ ဤအမိ၊ ဤမယား၊ ဤကျေးကျွန်သည်သာ ဖြစ်ရပါလို၏ ဟု ဆုတောင်း၏။

ချွေးမ၏ဆုတောင်း

သေဋ္ဌေး၏ချွေးမသည် မိမိဝေပုံကျထမင်းကို ယူဆောင်၍ အရှင်ပစ္စေကဗုဒ္ဓါအား လှူဒါန်းပြီး အောက်ပါအတိုင်း ဆုတောင်း၏။

အရှင်ဘုရား-ဤအခါမှစ၍ ဤကဲ့သို့သော အငတ်ဘေးဆိုးကြီးမျိုး မတွေ့.မကြုံရသည် ဖြစ်ရပါလို၏ဘုရား။ အကျွန်ုပ်သည် စပါးတစ်တောင်း အပြည့် ရှေ့.မှာထားပြီး ဓမ္မဒိပ်ကျွန်းနေသူအားလုံးတို့.အား မျိုးစေ့ရိက္ခာကို ပေးသည်ရှိသော် စပါးတောင်းတွင်းရှိ စပါးသည် ကုန်ခန်းခြင်းသို့ မရောက်ပါစေသတည်း။ ဖြစ်လေရာရာ ဘဝတို့.၌ ဤယောကျ်ားမ၊ ဤလင်၊ ဤကျေးကျွန်သည်သာ ဖြစ်ရပါလို၏ ဟု ဆုတောင်း၏။

ကျွန်၏ဆုတောင်း

သေဋ္ဌေးကြီး၏အိမ်၌ တောက်တိုမယ်ရ ခိုင်းသောကျွန်သည် မိမိအတွက်ရထားသော ထမင်းကို ယူဆောင်ပြီး အရှင်ပစ္စေကဗုဒ္ဓါ၏သပိတ်၌ ထည့်လောင်းလှူ၍ အောက်ပါအတိုင်း ဆုတောင်း၏။

အရှင်ဘုရား-ဤအခါမှစ၍ ဤကဲ့သို့သော အငတ်ဘေးဆိုးကြီးမျိုး ဘယ်တော့မှ မတွေ့.ကြုံရသည်ဖြစ်ရပါလို၏အရှင်ဘုရား။ ဤသူလေးယောက်တို့.သည် ဖြစ်လေရာရာ၌ အကျွန်ုပ်၏အရှင်သခင်တို့.သာဖြစ်ပါစေသား အရှင်ဘုရား။ အကျွန်ုပ်လယ်ထွန်သည့်အခါ ဤအရပ်မှ ထွန်ရေးသုံးကြောင်း၊ ထိုအရပ်မှ ထွန်ရေးသုံးကြောင်း၊ အလယ်အရပ်မှ ထွန်ရေးတစ်ကြောင်း ဤသို့သစ်သား ဇလားခွက်မျှ အရပ်သည် ခုနစ်ကြောင်း ခုနစ်ကြောင်းထွန်ရေးထွန်ကြောင်း တို့သည် ကွဲကြေခြင်းသို့ရောက်ပါစေသတည်းဟု ဆုတောင်း၏။

အရှင်ပစ္စေကဗုဒ္ဓါသည် သင်တို့.ငါးဦး၏ အလိုရှိအပ် တောင့်တအပ်သော ဆုသည် သင်တို့.အသီးသီး တောင်းဆိုကြသည့်အတိုင်း အသီးသီးလျင်မြန်စွာ ပြည့်စုံပါစေသတည်း။ သင်တို့၏ အကြံအစည်ဟူသမျှသည် လပြည့်ဝန်းကဲ့သို့ လည်းကောင်း၊ မဏိဇောတပတ္တမြားကဲ့သို့လည်းကောင်း ပြည့်စုံပါစေသတည်း ဟု ဆုပေး၍ ဂန္ဓမာဒနတောင်သို့.ကြွတော်မူ၏။

ဆွမ်းဒါန၏ဒိဋ္ဌဓမ္မအကျိုး

သေဋ္ဌေးကြီးသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူဒါန်းပြီး ဆာလောင် မွတ်သိပ်မှု နှိပ်စက်အပ်သည်ဖြစ်၍ အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

သေဋ္ဌေးကြီးအိပ်ရာမှနိုးသော် သေဋ္ဌေးကတော်ကြီးကို ခေါ်၍ ရှင်မ အလွန်ဆာလောင်မွတ်သိပ်၏၊ ထမင်းအိုးတွင် ကပ်နေသော ထမင်းချိုးလေးမျှားမရှိတော့ဘူးလားဟု မေး၏။

သေဋ္ဌေးကတော်ကြီးသည် မိမိကိုယ်တိုင် ထမင်းအိုးကိုဆေး၍ ထားခဲ့သည်ဖြစ်ရာ ထမင်းမရှိမှန်းသိသော်လည်း မရှိပါဟူသောစကားကို မပြောကြားလို၍ ထမင်းအိုးယူ၍ ဖွင့်ပြမည်ဟု ကြံပြီး နေရာမှထက်ကာ ထမင်းအိုးကို သွားရောက်ဖွင့်ကြည့်ရာ မြတ်လေးငုံနှင့်တူသော အဆင်းရှိသော ထမင်းမျှားဖြင့် ပြည့်နေသောထမင်းအိုးကို မြင်၍ ဝမ်းမြောက်ဝမ်းသာ အရှင်သေဋ္ဌေးထပါလော့ ကျွန်တော်မသည် ထမင်းအိုးကို ဆေးကြော၍ပိတ်ထားခဲ့၏၊ ယခုအခါ ထမင်းအိုးသည် ထမင်းဖြင့်ပြည့်နေ၏၊ ကောင်းမှုတို့မည်သည် ပြုသင့်ပြုထိုက်သော သဘောရှိပေ၏၊ အလှူဒါနမည်သည်ကို ပြုလုပ်ခြင်းငှါ သင့်လှ၏။ အရှင်ထပါလော့၊ ထမင်းကိုသုံးဆောင်ပါလော့ဟု ဝမ်းမြောက်ဝမ်းသာ အားရရွှင်လန်းစွာ ပြောဆို၏။

ထိုထမင်းအိုးမှ ထမင်းမျှား အိမ်ရှိလူ ငါးဦး စားသော်လည်းမကုန်၊ ခပ်ယူရာ အရပ်သာလျှင်လျှော့၍ ပြည့်မြဲတိုင်း ပြည့်လျက်ရှိ၏။ ထိုနေ့ဥပုဒ်လျှင် စပါးကျီများ စပါးအပြည့်ဖြစ်လာ၏။ သေဋ္ဌေးကြီး၏ အိမ်၌ ထမင်းဖြစ်ပေါ်၏၊ ထမင်းကိုအလိုရှိကုန်သော သူတို့သေဋ္ဌေးကြီး အိမ်သို့လာရောက်၍ ထမင်းယူကြပါစေကုန်ဟု မြို့အလုံးကြွေးကြော်၏။ လူတို့သည် သေဋ္ဌေးအိမ်မှ ထမင်းကို လာရောက်ယူကုန်၏၊ မကုန်နိုင်မခန်းနိုင် ဖြစ်၏။

ပေးခြင်မကုန်လှူခြင်မခန်း လူစွမ်းထက်သူများ

ယင်းငါးဦးတို့သည် ကျွန်ုပ်တို့ ဂေါတမဘုရားရှင်လက်ထက်၌ ဘဒ္ဒိယမြို့ သေဋ္ဌေးမျိုး၌ဖြစ်၏။ သေဋ္ဌေးကြီး၊ သေဋ္ဌေးကတော်၊ သေဋ္ဌေးသား၊ သေဋ္ဌေး၏ ချွေးမ၊ သေဋ္ဌေး၏ အမှုလုပ်ကျွန် ဤငါးဦးအတူတကွဖြစ်ကြ၏။ သေဋ္ဌေး၏

အိမ်နောက် ရှစ်မင်းပယ်အရပ်၌ ဆင်၊ မြင်း ပမာဏရှိသော ဆိတ်ရုပ်တို့သည် မြေကိုခွဲ၍ တစ်ကောင်နှင့် တစ်ကောင်ထိလျက် ပေါက်လာကုန်၏။ ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်း၌ အဆင်းငါးမျိုးရှိသော ချည်အဝတ်တို့ကို ထည့်ထား၍၊ အလိုရှိသည့်အခါ ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းမှ ချည်အဝတ်တို့ကို ဖယ်ထုတ် သော် ဆိတ်ရုပ်တို့၏ခံတွင်းမှ ဇမ္ဗူဒိပ်ကျွန်းနေသူတို့အား လုံးသုံးဆောင်လောက် သော ထောပတ် ဆီ ပျား တင်လဲ အဝတ် ရွှေငွေတို့သည် ထွက်ကုန်၏။ ဆိတ်ရုပ်တို့မှ အလိုရှိသော ဈေးစည်းကို ထုတ်ယူ၍ရသောကြောင့် မေတ္တာကသေဌေး ဟုထင်ရှား၏။

ထိုသေဌေးသည် မိမိ၏ကောင်းမှုကို စုံစမ်းလိုသောကြောင့် နှစ်ရှင်ငါးဆယ်ကုန်သော စပါးကျီတို့ကို ရှင်းလင်းသုတ်သင်၍ ဦးခေါင်းလျှော်ပြီး စပါးကျီတို့၏ တံခါးပေါက်၌ ထိုင်လျက် အထက်ကောင်းကင်သို့ မော်ကြည့်သော် စပါးကျီနှစ်ရှင်ငါဆယ်လုံး သလေးစပါးဖြင့် ပြည့်လာ၏။

သေဌေးကတော်သည် ကိုယ်ကိုတင့်တယ်စံပယ်စွာ တန်ဆာဆင်၍ လူအများရှေ့တွင် တစ်ကွမ်းစား မျှသော ဆန်ကို ထမင်းချက်စေပြီး တံခါးမုခ်ဝခင်းထားသော နေရာ၌ ထိုင်နေ၍ ရွှေယောက်ချိုကိုကိုင်ပြီး ထမင်းအလိုရှိသူများလာရောက်ယူကြပါဟု ကြွေးကြော်စေ၍ လာတိုင်းလာတိုင်းသော လူတို့၏ ပါလာသောခွက်တို့ကို ပြည့်စေ၍ ပေး၏။ တနေ့ပတ်လုံး ပေးသော်လည်း မကုန်နိုင် ခူးခတ်ကော်ယူရာအရပ်သာလျှင် လျော့၍ ထမင်းအိုးပြည့်မြဲတိုင်း ပြည့်နေ၏။ သေဌေးကတော်သည် ရှေ့ဘဝ၌ ဘုရားရှင်၏ တပည့်သား သံဃာတော်တို့အား လက်ဝဲလက်ဖြင့် ထမင်းအုပ် လက်ယာလက်ဖြင့် ယောက်ချိုး (ဇွန်း)ကို ကိုင်၍ ဆွမ်းလှူဒါန်းမှု အလှူဒါန ကြောင့် လက်ဝဲလက်၌ ပဒုမာပန်းလက္ခဏာ၊ လက်ယာဘက်၌ လဝန်း လက္ခဏာ ဖြစ်ပေါ်နေသောကြောင့် စန္ဒပဒုမွာဟု ထင်ရှား၏။

သေဋ္ဌေးသားသည် ခေါင်းလျှော်ပြီး အသပြာတစ်ထောင်ထည့်ထားသော အိတ်ကို ယူ၍ အသပြာအလိုရှိကုန်သော သူတို့လာရောက်ယူကြပါဟု ကြွေးကြော်၍ လာတိုင်းလာတိုင်းသော သူတို့အား ပါလာသောခွက်တို့ပြည့်စေ၍ ပေးသော်လည်း အိတ်၌ ရှိမြဲတိုင်းသော အသပြာတစ်ထောင်သည် မလျှော့ဘဲ ရှိမြဲရှိနေ၏။ ဓနဥ္ဇယဟု ထင်ရှား၏။

သေဋ္ဌေး၏ ချွေးမသည် တင့်တယ်စွာ တန်ဆာဆင်ပြီး စပါးတစ်တောင်းကို ယူ၍ လူမြင်ကွင်း၌ထိုင်နေကာ မျိုးစပါးကို အလိုရှိသူများ လာရောက်ယူနိုင်ကြောင်း ကြွေးကြော်၍လာတိုင်းလာတိုင်းသော သူတို့အား ပါလာသောတောင်းစသည်တို့ကို ပြည့်စေ၍ ပေးသော်လည်း တောင်းမှစပါးများသည် မကုန်နိုင်၊ ပြည့်မြဲ ပြည့်နေ၏။ သုမနဒေဝီဟု ထင်ရှား၏။

သေဋ္ဌေးကြီး၏ အိမ်၌ခိုင်းထားသော ကျွန်သည်လည်း မိမိကိုယ်ကို တန်ဆာဆင်၍ ရွှေဖြင့်ပြီးသော ထမ်းပိုး၊ ရွှေဖြင့်ပြီးသော ကြိုးတို့ဖြင့် နွားတို့ကိုယှဉ်ကပြီး ရွှေနှင်တံကြိမ်လုံးကို ကိုင်လျက် နွားတို့ကို နံ့သာဖြင့် လက်ငါးချောင်းရာပေး၍ ဦးချိုတို့၌ ရွှေအိတ်တို့ကို စွပ်၍ လယ်တောသို့ သွားရောက်ထွန်ယက်၏။ လက်ဝဲဘက်သုံးကြောင်း၊ လက်ယာဘက်သုံးကြောင်း၊ အလယ်၌တစ်ကြောင်းအားဖြင့် ခုနစ်ကြောင်းကုန်သော ထွန်ရေးတို့ ထင်ကုန်၏။ နောင်အခါ ပုဏ္ဏာဟု ထင်ရှား၏။

ဓမ္မာဒိပ်နေသူအားလုံး ထမင်း, မျိုးစေ့, ရွှေငွေအစရှိသော အသုံးအဆောင်တို့ကို အလိုရှိကုန်သော သူတို့သည် သေဋ္ဌေးကြီး၏ အိမ်မှသာလျှင် ယူကြကုန်၏။ ဤငါးယောက်ကုန်သော သူတို့သည် ဓမ္မာဒိပ်၌ ပေးဝေမကုန် လှူ၍မခန်း ဓမ္မာတစ်ဝန်းမှာ လူစွမ်းကောင်းများ ဖြစ်ကြသည်။

ဓမ္မာကျွန်းမှာ လူစွမ်းထက်ကြသော ဤငါးယောက်ကို စံနမူထား၍ အလှူဒါနကို လက်နှင့် မကွာ ပြုသင့်လှပေ၏။

(ဓမ္မပဒ၊ မေတ္တာက သေဋ္ဌေးဝတ္ထု)

ဆွမ်းလှူရကျိုးပြ အရှင်အနုရုဒ္ဓါဝတ္ထု

ဗာရာဏသီပြည်၌ သုမနအမည်ရှိသော သေဋ္ဌေးကြီးတစ်ယောက်ရှိ၏။ ထိုသေဋ္ဌေးကြီးသည် အမြဲမပြတ် ကြီးစွာသော အလှူဒါနကို ပေးလှူသူဖြစ်၏။ ထိုသေဋ္ဌေးကြီးအထံ၌ မြက်ထမ်းအလုပ်ကိုလုပ်၍ အသက်မွေးမြူရသော ဆင်းရဲသား တစ်ယောက်လည်း ရှိ၏။

တစ်နေ့သောအခါ ဥပရိဋ္ဌ အမည်ရှိသော ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒန ဃောင်၌ နိရောဓသမာပတ် ဝင်စားရာ ခုနစ်ရက်ရှိပြီး နိရောဓသမာပတ် မှ ထတော်မူ၍ ယနေ့ငါသည် အဘယ်သူအား ချီးမြှောက်ရပါအံ့နည်းဟု ကြည့်ရှု ဆင်ခြင်တော်မူလတ်သော် အနုဘာရ မြက်ထမ်းသမား၏ သပိတ်သင်္ကန်းကို ယူတော်မူကာ တန်ခိုးဖြင့် ကြွတော်မူပြီး ဆင်းရဲသား မြက်ထမ်းသမား အနုဘာရ၏ ရှေ့မှောက်၌ ရပ်တော်မူ၏။

မြက်ထမ်းသမား အနုဘာရသည် အရှင်ဥပရိဋ္ဌ ပစ္စေက ဗုဒ္ဓါကိုမြင်လျှင် အရှင်ဘုရား–ဆွမ်းအာဟာရကို ရရှိပါပြီလောဟု မေးလျှောက်သောအခါ အို–ကြီးကျယ်သော ဘုန်းကံရှိသော ဒါယကာ–ငါတို့အား ဆွမ်းအာဟာရကို ရရှိပါလိမ့်မည်ဟု ပြန်လည် မိန့်ကြားတော်မူလျှင် အရှင်ဘုရား ဤသို့ဖြစ်ပါမူကား ခေတ္တခဏဆိုင်းငံ့တော်မူပါဘုရားဟု လျှောက်ထားပြီး မြက်ထမ်းကို ချကာ အိမ်သို့လျှင်မြန်စွာပြေး၍ ဇနီးသည်အား အိုချစ်နှစ်မ ငါ့အဖို့ ခူးခပ်ဖယ်ထားသော ထမင်းရှိသေးသလား မရှိတော့ဘူးလားဟု မေး၏။ အိုအရှင်–အရှင်အတွက် သီးသန့်ဖယ်ထားသော ထမင်း ရှိပါသေး၏ဟု ပြောကြား၍ ရှိသော် အရှင်ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါထံ အပြေးသွား၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံမှ သပိတ်ကို ဆောင်ယူလာပြီး လမ်းတစ်လျှောက်တွင် ဝမ်းမြောက်ဝမ်းသာ ကြိစည်စဉ်းစားသည်မှာ –

"ငါ့အား ပေးကမ်းလှူဒါန်းလိုပါသော်လည်း ပေးလှူဖို့ရာ လှူဖွယ်ဝတ္ထု ပစ္စည်းဘာတစ်ခုမျှမရှိ၍ အလှူဒါန အထမမြောက်၊ မအောင်မြင်ခဲ့။

ပေးကမ်းလှူဒါန်းဖို့ရာလှူဖွယ်ဝတ္ထု ပစ္စည်းရှိသည့်အခါမှာလည်း ငါ၏ လှူဖွယ်ဝတ္ထုပစ္စည်းကို ခံယူမည့်အလှူခံပုဂ္ဂိုလ်ကို မရရှိ၍ အလှူဒါန အထမမြောက် မအောင်မြင် မလှူဒါန်းခဲ့ရ။ ယနေ့ငါ့အား အလှူခံပုဂ္ဂိုလ်လည်းရှိ၊ လှူဖွယ်ပစ္စည်းဆွမ်းကလည်း အဆင်သင့်ရှိ၊ ယနေ့အဖို့ငါ့အား အလှူဒါန အထမြောက် အောင်မြင်တော့မည်၊ ငါ့အား အရတော်လေစွဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်၏။

အိမ်သို့ ရောက်လျှင် မိမိအတွက်ထားရှိသော ထမင်းကို သပိတ်တော်၌ လောင်းထည့်ဆောင်ယူ၌ အရှင်ပစ္စေကဗုဒ္ဓါ၏ လက်တော်၌ ကပ်လှူပြီး အောက်ပါအတိုင်း ဆုတောင်း၏။

အရှင်ဘုရား-ဤအလှူကောင်းမှုကြောင့် တပည့်တော် အနန္တဘာရ ဆင်းရဲသားအား နောင်ဖြစ်လေရာဘဝတို့၌ ဆင်းရဲသောအမျိုး၌ ဘယ်သောအခါမျှ မဖြစ်ရပါစေသား။

အရှင်ဘုရား-ဤအလှူဒါနကောင်းမှုကြောင့် တပည့်တော် နောင်ဖြစ်လေရာရာဘဝတိုင်း၌ "မရှိ" ဟူသော စကားကို ဘယ်သောအခါမျှ ကိုယ်တိုင် မပြောဆိုရပါစေသား။

အရှင်ဘုရား-ဤအလှူဒါနကောင်းမှုကြောင့် ဆင်းရဲငြိုငြင်ပင်ပန်းစွာ အသက်မွေးမြူ လုပ်ကိုင် စားသောက်ရခြင်းမှ လွတ်မြောက်ရပါလို၏။

အရှင်ဘုရား-ဤအလှူဒါနကောင်းမှုကြောင့် နောင်ဘဝဆက်တိုင်း "မရှိပါ"ဟူသောစကားကို ဘယ်သောအခါမျှ သူတပါးတို့ပြောဆိုသံကို မကြားရပါလို၏ အရှင်ဘုရား-ဟု ဆုတောင်းမှုပြု၍ လှူဒါန်းလိုက်၏။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလည်း ဒါယကာ-သင်တောင်းသော ဆုသည် တောင်းဆိုသည့်အတိုင်း ပြည့်စေသတည်းဟု ဆုပေးတော်မူပြီး ပြန်လည် ကြွသွားတော်မူ၏။

မြက်ထမ်းသမား အန္နဘာရသည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလှူဒါန်း၍ ဆုတောင်းပြီးသောအခါ သုမနသေဋ္ဌေးကြီး၏ ထီးချက်စောင့်နတ်က အန္နဘာရ၏ ဆွမ်းအလှူဒါန ကုသိုလ်ကောင်းမှုသည် ကောင်းလေစွ၊ ကောင်းလေစွဟု ကောင်းချီးထောမနာ ပြုလေ၏။

သုမနသေဋ္ဌေးကြီးသည် ထီးချက်စောင့်နတ်၏ ကောင်းချီး သာဓု ထောမနာပြုသော အသံကို ကြားရသော် ငါသည် ကာလရှည်ကြာစွာ အလှူဒါန ပြုလုပ်နေသည်ကို အသင်ထီးချက်စောင့်နတ် မသိမမြင်လေသလော၊ ယနေ့မှ အဘယ်ကြောင့် ကောင်းချီးသာဓုခေါ်ဆိုရသနည်းဟု မေးမြန်း၏။ ထီးချက်စောင့်နတ်က ငါသည် အသင်သေဋ္ဌေးကြီး၏ အလှူဒါနကို ကောင်းချီးနမော်သာဓုခေါ်ဆိုသည် မဟုတ်၊ ယနေ့ အန္နဘာရသည် ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါအရှင်မြတ်အား ပေးလှူအပ်သော ဆွမ်းအလှူဌ် ကြည်ညိုး၍ ကောင်းချီးနမော် သာဓုခေါ်ဆိုခြင်း ဖြစ်၏ဟု ပြန်လည်ပြောကြား၏။

သုမနသေဋ္ဌေးကြီးက "အိုအချင်းတို့-အံ့သြဖွယ်ရှိပါပေစွ၊ ငါသည် ကြာမြင့်စွာသော ကာလပတ်လုံး ရွှင်းပြီးကြည်ဖြူ အလှူဒါနကို ပြုလုပ်နေပါလျက် နတ်အများက ကောင်းချီးနမော်သာဓုမခေါ်နိုင်ကြ၊ အန္နဘာရမြက်ထမ်းသမား ဆင်းရဲသားသည် ငါကို မှီခိုအားထား၍ အသက်မွေးမြူရသူ ဖြစ်လင့်ကစား တစ်ကြိမ်တစ်ခါကြဲကြိုက်၍ လှူဒါန်းလိုက်ရသော ဆွမ်းအလှူဒါနက မပြောပလောက်သော်လည်း နတ်တို့က ကောင်းချီးနမော် သာဓု ခေါ်ဆိုကြပေ၏။ ထိုအန္နဘာရ မြက်ထမ်းသမား၏ ဆွမ်းအလှူကို ငါ၏ အလှူဒါနဖြစ်စေမည်ဟု ကြံပြီး အန္နဘာရကိုခေါ်၍ "အသင်သည် ယနေ့ တစ်စုံတစ်ယောက်သော သူအား **တစ်စုံတစ်ခုသော** လှူဖွယ်ဝတ္ထုကို ပေးလှူမှုပြုပါသလော" ဟု မေး၏။

အန္နဘာရသည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်အား ယနေ့အကျွန်ုပ် ဘးမည့်ထမင်းကို မစားဘဲ ပေးလှူလိုက်ပါ၏ဟု ဖြေ၏။

သေဋ္ဌေးကြီးက “ယနေ့အသင်လှူဒါန်းလိုက်သော ဆွမ်းအလှူကို ငါ့အား ရောင်းပါလော့” ဟု ဝယ်ယူသော်လည်း ဝယ်မရ၊ အသပြာတစ်ထောင်အထိ တိုး၍ တိုး၍ ပေးသော်လည်း ဝယ်မရ ဖြစ်ချေ၏။

ထိုအခါ သေဋ္ဌေးကြီးက “အသင်၏ဆွမ်းအလှူကို အသပြာတစ်ထောင် ဖြင့် မရောင်းလျှင်လည်း ရှိပါစေတော့၊ အသပြာတစ်ထောင်ကိုယူ၍ သင်၏ဆွမ်း အလှူဒါနအဖို့ဘာဂကို ငါ့အား ပေးဝေပါလော့” ဟု ဆို၏။

အနုဘာရသည် အမျှပေးဝေရန် သင့် မသင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံ သွားရောက်လျှောက်ထား၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်က အမျှပေးဝေခြင်းသည် ကုသိုလ်တိုးပွားလာကြောင်း၊ ဆီမီးခွက်တစ်ခုမှ ဆီမီးခွက်အများပွားယူသည့် ဥပမာဖြင့် ဟောကြားသဖြင့် သေဋ္ဌေးကြီးအား ကုသိုလ်အဖို့ကို အမျှပေးဝေ၏။ သုမနသေဋ္ဌေးကြီးသည် အနုဘာရအား မိမိစည်းစိမ်ကို ခွဲဝေ၍ပေး၏။ ထိုအကြောင်းကို ကြားသိရ၍ ဘုရင်မင်းမြတ်ကလည်း သေဋ္ဌေးရာထူးဖြင့် ချီးမြှောက်၍ အနုဘာရသေဋ္ဌေးဟု ဖြစ်လာ၏။

အနုဘာရသည် ထိုဘဝမှ စုတေ၍ နတ်ပြည်လူ့ပြည်တို့၌ ကျင်လည်ရပြီး ဂေါတမဘုရားရှင်လက်ထက်တော်၌ ကပိလဝတ်ပြည့်ရှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ညီ အမိတော်ဒန သာကီဝင်မင်း၏ စံအိမ်တော်၌ ပဋိသန္ဓေတည်နေ၏။ ဖွားမြင်သောအခါ အနုရုဒ္ဓါဟု အမည်မည့် ခေါ်၏။

အနုရုဒ္ဓါမင်းသားအရွယ်ရောက်သောအခါ သူငယ်ချင်း မင်းသားများနှင့် အတူ မုန့်ကျွေးတမ်း အန်စာခုံညင်း ကစားကြ၏။ အနုရုဒ္ဓါမင်းသားရုံး၍ မယ်တော်ထံ မုန့်များ သုံးကြိမ်တိုင်တိုင် တောင်းယူစေရာ လေးကြိမ်မြောက် အနုရုဒ္ဓါမင်းသား ရုံးနိမ့်သောအခါ မယ်တော်ထံမှ မုန့်များတောင်းယူစေပြန်၏။ မုန့်လာတောင်းသူအား မုန့်များမရှိတော့ပါဟု ပြောဆိုပြန်လွှတ်၏။ အနုရုဒ္ဓါမင်းသားအား မုန့်များမရှိတော့ပါဟု မယ်တော်ပြောကြားသည့်အတိုင်း ပြန်လည်ပြောကြားသောအခါ မရှိစကား မကြားဖူးသော အနုရုဒ္ဓါမင်းသားကား မရှိဆိုတာ မုန့်တစ်မျိုး ဖြစ်မည်ဟု ထင်မှတ်ပြီး မရှိမုန့်ကိုပဲ ပေးလိုက်ပါဟု မယ်တော်ထံ ပြန်လည်စေလွှတ်လိုက်၏။

မုန့်တောင်းရန်လာသူ မင်းချင်းယောကျ်ားက အနုရုဒ္ဓါမင်းသား၊ ၊ မရှိမုန့်ကိုပဲ ပေးလိုက်ရန် မှာကြားလိုက်ကြောင်း မယ်တော်အားပြောဆို၏။ မယ်တော်က ငါ့၏သားတော်သည် "မရှိ"ဆိုသည့်စကား၏ အဓိပ္ပါယ်ကို မျှမသိ။ မရှိဟူသော စကား၏အဓိပ္ပါယ်ကို သားတော်သိစေရန် ဘာမျှမရှိသော ရွှေခွက်ကို အဖုံးပိတ်ပြီး ရွှေခွက်တစ်ခွက်ထဲထည့်ခါ မုန့်တောင်းလာသူ မင်းချင်းယောကျ်ားအား ပေးလိုက်လေ၏။ မင်းချင်းယောကျ်ားသည် အထဲ၌ ဘာမျှထည့်မထားသော ရွှေခွက်ကိုဆောင်ယူလာစဉ် အတိတ် ဘဝက ဆင်းရဲသား မြက်ထမ်းသမား အနှစ်ဘာရဖြစ်စဉ် ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါ အရှင်မြတ်အား သဒ္ဓါ ကြည်ဖြူ ဆွမ်းအလှူ ဒါနပြု၍ မရှိစကား မပြောရ မကြားရပါလို၏ဟု တောင်းဆုပြုခဲ့မှကြောင့် မြို့စောင့်နတ်များက မနေနိုင်တော့ဘဲ နတ်ဒဋ္ဌဖြစ်သော မုန့်တို့ကို ရွှေခွက်အပြည့် ထည့်သွင်း ပေးကြကုန်၏။ အနုရုဒ္ဓါမင်းသားထံသို့ ရောက်သောအခါ ရွှေခွက် အဖုံးကို ဖွင့်လိုက်သည်နှင့်တပြိုင်နက် ရွှေခွက်အတွင်းရှိ မုန့်တို့၏ အနံ့သည် တစ်မြို့လုံး မွှေးကြိုင်ပျံ့နံ့လေ၏။

အနုရုဒ္ဓါမင်းသားသည် မုန့်စားရင်း စိတ်ထဲမှ ငါ၏ မယ်တော်သည် ငါ့ကိုချစ်ပုံမရ၊ ယနေ့စားသုံးရသော မရှိမုန့်သည် အလွန်ကောင်းမွန်လှ၏။ ရှေးအခါက ငါ၏မယ်တော်သည် ဤမရှိမုန့်ကို တစ်ကြိမ်တစ်ခါမျှ ပြုလုပ်၍ မကျွေးစဖူးဟု ကြံပြီး မယ်တော်ထံသွားရောက်၍ "မယ်တော်– အကျွန်ုပ်အား ချစ်ပါ၏လောဟု မေး၏။ မယ်တော်က "ချစ်သား ဘယ်သို့ ပြောလိုက်တာလဲ၊ ငါမယ်တော်၏ မျက်စိထက် လည်းကောင်း၊ နှလုံးသားထက် လည်းကောင်း၊ အသက်မက သားတော်အား မယ်တော်ချစ်လှပါ၏။ မယ်တော်အကျွန်ုပ်ကို အကယ်၍ချစ်ခဲ့ပါလျှင် အဘယ်ကြောင့် ဤယနေ့ပေးပို့သော မရှိမုန့်ကို ရှေးအခါက ပြုလုပ်မကျွေးပါသနည်း၊ သားတော်သည် ဤယနေ့ စားသုံးရသော မရှိမုန့်မျိုး ရှေးအခါက တစ်ကြိမ်တစ်ခါမျှ မစားရဖူးပါ၊ ယနေ့မှစ၍ သားတော်အား ဤမရှိမုန့်ကို သာလျှင် အမြဲပြုလုပ်၍ ပေးပို့ပါလော့ဟု ပြောကြား၏။

ဒါနကထာ (၁၀)

အနုရုဒ္ဓါ၏ မိခင်သည် မုန့်လာတောင်းသူ မင်းချင်းယောကျ်ားအား ခေါ်၍ "အမောင်-ရွေခွက်အတွင်း၌ တစ်စုံတစ်ခုသော မုန့်များ ပါရှိသလောဟု မေး၏။ အရှင်မ-မုန်ပါ၏၊ ရွေခွက်အတွင်း၌ မုန့်များပြည့်နေပါ၏ဟု ပြန်လည် ပြောဆို၏။ ငါ၏သားတော်ကား ရှေးဘဝက ပြုလုပ် အားထုတ်အပ်သော ကောင်းမှုရှိသူ ဖြစ်ပေ၏။ သားတော်၏ ဘုန်းကံကြောင့် နတ်တို့က နတ်၌ဖြစ်သော မုန့်များ ထည့်ပေးသည် ဖြစ်ပေလိမ့်မည်ဟု ကြံစည်ပြီး နောက်နောင် သားတော် အနုရုဒ္ဓါမင်းသား မုန့်တောင်းလာသည့် အခါ ဘာမျှမရှိသော ရွေခွက်တစ်ခုကို ပေးပို့၏။ အနုရုဒ္ဓါမင်းသားသည် မယ်တော်ပို့ပေးသော မရှိမုန့်ကိုသာ သုံးဆောင်လေတော့၏။

အထက်ဖော်ပြပါ အနုရုဒ္ဓါမင်းသား၏ "မရှိ" ဟူသောစကား မပြောဆိုမူး မကြားမူးဘဲ "မရှိ" ကိုပင်လျှင် မုန့်တစ်မျိုးထင်၍ မရှိမုန့်ကို အမြဲသုံးဆောင်ရခြင်းသည် အနုဘာရ ဘဝက ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်အား တစ်ထပ်စာ ဆွမ်းလှူဒါန်းစဉ်က ဆုတောင်းခဲ့ခြင်းကြောင့် ဆုတောင်းပြည့်ခြင်း ဖြစ်ပါ၏။ ယခုအခါ အလှူဒါနပြုသူများသည်လည်း အရှင်အနုရုဒ္ဓါကဲ့သို့ "မရှိ" စကား မပြောရ၊ မကြားရလေအောင် ဆုတောင်းသင့်လှပါ၏။

ဆွမ်းလှူကျိုးပြု ကာကဝလိယနှင့် ဇနီးဝတ္ထု

ဘုရားရှင်လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည်၌ ကာကဝလိယ အမည်ရှိသော သူ ဆင်းရဲတစ်ယောက်ရှိ၏။ တစ်နေ့သောအခါ ကာကဝလိယ၏ ဇနီးသည် စားသုံးရန်အတွက် ဟင်းရွက်နှင့်ရောသော ယာဂုချဉ်ကို ကျိုချက်၍ ထား၏။ အလွန်ဆင်းရဲသောကြောင့် ထမင်းဟင်း ဖွယ်ဖွယ်ရာရာ ချက်မစားနိုင်သဖြင့် ဆန်ကိုပင် ဟင်းရွက်များနှင့် ရောနှောချက် စားရခြင်းဖြစ်၏။ ထိုနေ့၌ အရှင်မဟာကဿပမထေရ်သည် နိရောဓသမာပတ်မှ ထတော်မူ၍ "ငါသည် အဘယ်သူအား ချီးမြှောက်ရပါမည်နည်း" ဟု ဆင်ခြင်ကြည့်ရှုတော်မူလျှင် ကာကဝလိယ ဆင်းရဲသား ဇနီး မောင်နှံကို ဉာဏ်တော်၌ ထင်မြင်၍ ထိုကာကဝလိယ ဆင်းရဲသား၏ အိမ်တံခါးဝ၌ ရပ်တော်မူ၏။

ကာကဝလိယ၏ ဇနီးသည် အရှင်မဟာကဿပမထေရ်၏ လက်မှ သပိတ်ကိုယူ၍ မိမိတို့စားရန် အသင့်ကျိုချက်ထားသော ယာဂုချဉ်ကို မိမိတို့စားဖို့ရန် ချန်မထားတော့ဘဲ အပိတ်၌ လောင်းထည့်၍ မထေရ်မြတ် အားဆက်ကပ်လှူဒါန်းလိုက်၏။ ဤကဲ့သို့ လှူသော အလှူမျိုးကို နိရဝဿဒါန=(ကိုယ့်ဖို့မချန်သောအလှူ)ဟု ခေါ်၏။

အရှင်မဟာကဿပမထေရ်သည် ကျောင်းတော်သို့ ပြန်ကြွ၍ ဆင်းရဲသား ကာကဝလိယ၏အိမ်မှ နိရဝဿဒါန မြောက် လှူဒါန်းလိုက်သော ယာဂုချဉ်ကို မြတ်စွာဘုရားအား တစ်ဆင့်ဆက်ကပ်လှူဒါန်း၏။ ဆင်းရဲသား ကာကဝလိယ၏အိမ်မှ လှူဒါန်းလိုက်သော ယာဂုချဉ်သည် ရဟန်းငါးရာ အားလုံး လောက်ငမ်း၏။ ကာကဝလိယ ဆင်းရဲသားသည် ဆွမ်းကြွင်းဆွမ်းကျန် တောင်းခံရန် အတွက် ကျောင်းသို့ ရောက်ရှိသောအခါ ရဟန်းတော်များထံမှ မိမိအိမ်မှ လောင်းလှူလိုက်သော ယာဂုချဉ်ကို ရရှိလေ၏။

အရှင်မဟာကဿပမထေရ်သည် ဘုရားရှင်ကို ယနေ့ ယာဂုအလှူရှင် ကာကဝလိယအတွက် ရရှိနိုင်မည့်အကျိုးကို မေးလျှောက်၏။ ဤနေ့မှ နောက်ခုနစ်ရက်ရောက်သော် အလှူရှင်ကာကဝလိယသည် သေဒွေးဖြစ်ပြီး သေဒွေးရာထူးကို ရလိမ့်မည်ဟု ဘုရားရှင် မိန့်ကြားတော် မူသည်ကို ကျောင်းလှေခါးရင်း၌ ယာဂုသောက်နေဝေဘ ကာကဝလိယသည် မိမိနားဖြင့် ဆတ်ဆတ်ကြား၍ မိမိကိုယ်ကိုမိမိ မယုံကြည်နိုင်ဖြစ်ပြီး အိမ်သို့ ပြန်လာကာ မိမိဇနီးသည်အား ပြန်လည်ပြောကြားလေ၏။

ထိုစဉ်အခါက အရှင်လတ်လတ် ကားစင်တင်ကာ တံကျင်လျှိုခြင်း ခံနေရသူ ရာဇဝတ်သား ယောကျ်ားတစ်ယောက်သည် မြို့ကို လှည့်လည် ကြည့်ရှုသော ဗိမ္ဗိသာရမင်းကြီးကို မြင်၍ အရှင်မင်းကြီး အရှင်မင်းကြီးတို့ ပွဲတော်စာတည်သည့် ပွဲတော်အုပ်ထမင်းကို စားလိုပါသည်။ ပွဲတော်အုပ် ထမင်းကို ပို့သစေချင်ပါသည် ဟု စွန့်စွန့်စားစား ဟစ်အော်ကာ အခွင့်အရေး တောင်းဆိုလေ၏။ မင်းကြီးကလည်း ကောင်းပြီ ပို့ပေးမည်ဟု ပြောဆိုပြီး ပြန်သွား၏။

ဗိမ္မိသာရမင်းကြီးအား ညစာအတွက် ပွဲတော်ဆက်သလာသောအခါ ရာဇဝတ်သား အခွင့်အရေး တောင်းဆိုလိုက်သည့် စကားကိုအမှတ်ရတော်မူ၍ ဤပွဲတော်စာထမင်းကို မြို့အပြင်၌ ကားစင်တင်ထားသော ယောကျ်ားထံသို့ ပို့ပေးမည့်သူကို စုံစမ်းကြလော့ဟု မိန့်ဆို၏။ ထိုအခါက ရာဇဂြိုဟ်မြို့၏ ပတ်ဝန်းကျင်မြို့ ဥပစာအရပ်မှာ အလွန်ကြမ်းကြုတ်သည့် ဘီလူးများ လှည့်လည်ကျက်စားရာ ဌာနဖြစ်သောကြောင့် ညအချိန်မတော် အလွယ်တကူ မည်သူမျှ မြို့ပြင်သို့ မထွက်ရဲကြပေ။ မြို့အပြင်ကားစင်၌ တံကျင်လှျို့ထားသူအား ထမင်းသွားရောက်ပို့ရဲသောသူသည် ဤအသပြာ တစ်ထောင်ထုပ်ကို ယူစေဟု လှည့်လည်ကြွေးကြော်စေ၏။ ပထမအကြိမ် ဒုတိယအကြိမ် လှည့်လည် သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ အသပြာတစ်ထောင်ထုပ်ကို မယူရဲကြ။ သုံးကြိမ်မြောက် လှည့်လည် ကြွေးကြော်သည့်အခါ ကာကဝလိယ၏ ဓနိုးသည် ကြောက်လျှင်လွဲ ရဲလျှင်မင်းဖြစ် ဆိုသည့်သဘောဖြင့် အသပြာ တစ်ထောင်ထုပ်ကို မင်းချင်းယောကျ်ားတို့၏ လက်မှ ယူလိုက်၏။

ကာကဝလိယ၏ဓနိုးသည် မင်းကြီး၏ပွဲတော်စာကို ယူပြီး ယောကျ်ား အသွင် ဝတ်ဆင်ပြီး ရဲရဲရင့်ရင့် မြို့မှထွက်ခဲ့၏။ မြို့ပြင်သို့ ရောက်သောအခါ ထန်းပင်၌ အုပ်စိုးနေသော ဒီဃတာလဘီလူးသည် ထန်းပင်အနီးမှ ဖြတ်ကျော်သွားသောသူမကို မြင်လျှင် ဟော့ရပ်လော့၊ သင်သည် ငါ၏အစာဖြစ်၏ဟု ခြိမ်းခြောက်စကားပြောကြား၏။ ငါသည် သင်ဘီလူး၏ အစာမဟုတ်၊ မင်းကြီး၏တမန်တော်ဖြစ်သည်။ ကားစင်၌ အရှင်လတ်လတ် တံကျင်လှျို့ခံနေရသော ရာဇဝတ်သားအထံသို့ ငါသွားမည်ဟု ပြန်လည် ပြောကြား၏။ ထိုအခါ ဘီလူးကသုမနနတ်မင်းကြီး၏သမီး ဒီဃတာလဘီလူး၏ ဓနိုး ကာဠီမည်သော နတ်သမီးသည် သားရတနာကို မွေးဖွားလေပြီဟု သတင်းစကား ကြွေးကြော်၍ ပြောကြားပေးပါ၊ သတင်းပြောဆိုခ အနေဖြင့် ဤထန်းပင်ခြေရင်း၌ ရှိသော ရွှေအိုးခုနစ်လုံးကို တူးဖော်ယူပါဟု ပြောကြား၏။

ကာကဝလိယ၏ဓနိုးသည် သုမနနတ်မင်းကြီး၏သမီး ဒီဃတာလ ဘီလူး၏ဓနိုး ကာဠီမည်သော နတ်သမီးသည် သားရတနာကို မွေးဖွားလေပြီဟု လမ်းတစ်လျှောက်၌ ကြွေးကြော်လျက်သွား၏။ သုမနနတ်မင်းကြီးသည်

နတ်ဘီလူးတို့ အစည်းအဝေးမှ ကြားရ၍ လူသားတစ်ယောက်သည် ငါတို့အတွက် အလွန်နှစ်သက်ဖွယ်ကောင်းသော သတင်းစကားကို ဆောင်ယူလာပေ၏ဟု ကာကဝလိယ၏ ဓနိုးကိုခေါ်ယူကာ ဤသစ်ပင်၏ဘေးပတ်လည် အရိပ် ပြန့်နှံ့ရာအရပ်၌ ရွှေအိုးများရှိသည်၊ ထိုရွှေအိုးများကို သင့်အားငါပေး၏ဟု ရွှေအိုးများကို ပေးလေ၏။

သူမသည် ကားစင်တင်ရာအရပ်သို့သွား၍ ရာဇဝတ်သားကို ထမင်းခွံ့ကျွေးလေ၏။ ရာဇဝတ်သားသည် မိမိခံတွင်း၌ ပေကျံနေသည့် ထမင်းများကို သုတ်ပေးသည့်အခါမှ မိန်းမမှန်းသိ၍ ဤသူကား ယောကျ်ားစစ်မဟုတ်၊ ယောကျ်ားဟန်ဆောင်ထားသော မိန်းမဖြစ်၏ဟု ဆဲထုံး၌ ကိုက်၍ထား၏။ သူမသည် သန်လျက်ဖြင့် မိမိဆဲထုံးကိုဖြတ်ထားခဲ့ပြီး မင်းကြီးထံသို့ ပြန်သွား၏။

ဗိမ္မိသာရမင်းကြီးက မယ်မင်း၊ ထမင်းကျွေးပြီးခဲ့ကြောင်း မည်သို့သော အထောက်အထား အမှတ်အသား ခိုင်လုံအောင် ပြနိုင်မည်နည်းဟု ပြောဆိုသော် ကျွန်တော်မျိုးမ၏ ဆဲထုံးအမှတ်အသားဖြင့် သိတော်မူပါဟု ဆဲထုံးကိုပြ၍ တွေ့ကြုံသမျှအဖြစ်အပျက်အားလုံးကို ပြန်လည်ပြောကြား၏။

မင်းကြီးသည် ကာကဝလိယ၏ဓနိုး ပြောဆိုသည့်အတိုင်း ရွှေအိုးများကို ယူဆောင်စေပြီး ကာကဝလိယကို ရာဇဂြိုဟ်ပြည်၌ အဆောင်အယောင် အခမ်းအနား နေရာများပါပေး၍ "ဓနသေဋ္ဌိ" ဘွဲ့တံဆိပ်တပ်သည့် သေဋ္ဌေးကြီးရာထူး၌ ခန့်အပ်မြှောက်စား၏။

ဤကဲ့သို့ အလှူဒါနပြုလုပ်ရာ၌ မိမိ၏ လှူဖွယ်ဝတ္ထုပစ္စည်းနည်းများဆိုးကောင်းမဟူ ဖြူစင်သောစေတနာသဒ္ဓါတရားဖြင့် လှူဒါန်းပေးကမ်းပါကများမြတ်သော အကျိုးကိုရရှိခံစားရမည် ဖြစ်၏။ (ဥပရိပဏ္ဏာသ၊ ၄၊ ၄။)

ဆွမ်းလှူကျိုးပြ ဒါယိကာမဝတ္ထု

မြတ်စွာဘုရား၌ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥတ္တရမဓုရပြည်၌ အမျိုးသမီး တစ်ယောက်သည် သက်တမ်းကုန်၍ သေရန်နီးနေ၏၊ သေသည့်အခါ အပါယ်သို့ရောက်လတ္တံ့သည်ကို မဟာ

ကရုဏာရှင် ဘုရားရှင် သိမြင်တော်မူ၍ မဓုရပြည်သို့ ကြွတော်မူလာ၏။ မဓုရပြည်သို့ ရောက်သည့်အခါ ဆွမ်းခံလှည့် လည်တော်မူ၏၊ ထိုအခါ သက်တမ်းကုန်၍ သေရန်နီးသော အမျိုးသမီးသည် ထမင်းဟင်းချက် ရခပ် ရေခပ်ပြီးသောအခါ မြတ်စွာဘုရားရှင် ဆွမ်းခံကြွသည်ကို တွေ့ရှိရ၍ "အရှင်မြတ်ဘုရား၊ ဆွမ်းရခဲ့ပါပြီလား ဘုရား" ဟု လျှောက်၏။ ဘုရားရှင်က "ဒါယိကာမ–ရပါလိမ့်မည်" ဟု မိန့်တော်မူ၏။ အမျိုးသမီးသည် ဆွမ်းမရသေးသည်ကို သိရှိ၍ "မြတ်စွာဘုရား–တပည့်တော်မ၏ ဆွမ်းကို အလှူခံတော်မူပါ" ဟု လျှောက်ထား၍ အိမ်သို့ပင့်လေ၏။ မြတ်စွာဘုရားရှင်သည် ထိုအမျိုးသမီး၏ နေအိမ်သို့ကြွ၍ ခင်းထားသည့် နေရာတွင် သီတင်းသုံးတော်မူ၏။ တိုအမျိုးသမီးသည် ဘုရားရှင်အား ဆွမ်းဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းလေ၏။ မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီး၍ ဆွမ်းအံ့မောဒနာတရား ဟောကြားတော်မူ၍ ကြွသွားတော်မူ၏။

ထိုအမျိုးသမီးသည် ဘုရားရှင်၏ တရားတော်ကို နာကြားပြီး ဘုရားကို အာရုံပြု၍ ဖြစ်ပေါ်လာသော နှစ်သက်မှု ပီတိများ တဖွားဖွားဖြစ်လျက် နေလေ၏။ ဆွမ်းဒါယိကာမဖြစ်သည့် အမျိုးသမီးသည် ဘုရားရှင်အား ဆွမ်းဆက်ကပ်လှူဒါန်းပြီး နှစ်ရက် သုံးရက်လွန်သောနေ့၌ပင် သေလွန်၍ တာဝတိံသာနတ်ပြည်၌ "ဘိက္ခာ ဒါယိကာ" မည်သော နတ်သမီးဖြစ်ရလေ၏။

ဘိက္ခာဒါယိကာနတ်သမီးသည် သောက်ရှူးကြယ်အသွင် အရပ်မျက်နှာအားလုံးတို့ကို ထွန်းလင်းတောက်ပစေ၏၊ မြတ်စွာဘုရားအား ဆွမ်းလှူခဲ့ရသော ဒါန ကောင်းမှုကြောင့် နတ်တကာတို့ထက် သာလွန်၍ အသက်ရှည်ခြင်း၊ အဆင်း လှခြင်း၊ ခွန်အားကြီးခြင်း၊ ချမ်းသာကြီးခြင်း၊ ပညာကြီးခြင်း စည်းစိမ်ကြီးခြင်း၊ အရောင်အလင်း တောက်ပခြင်း ဖြစ်ရလေ၏။

ဆွမ်းလှူရကျိုးပြ စိတ္တသူကြွယ်ဝတ္ထု

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက တောလိုက်မုဆိုး တစ်ယောက်သည် မိုးရွာနေသော နေ့တစ်နေ့၌ လုံကို စွဲကိုင်လျက် တော လိုက် ရန်သွား၏။ တော၌ သားကောင်များ့ကို လိုက်လံရှာဖွေစဉ် တောင်ခေါင်း တစ်ခုအတွင်း ကျောက်ဖျာပေါ်၌ ပုံသက္ကသင်္ဃန်းကို ခေါင်းမြီးခြုံ၍ ထိုင်နေသော ရဟန်းတော်တစ်ပါးကိုမြင်၍ "အရှင်မြတ်တစ်ပါး ရဟန်းတရား အားထုတ် နေသည် ဖြစ်ပေလိမ့်မည်ဟု နေရာကိုမှတ်၍ လျင်မြန်စွာ အိမ်သို့ပြန်လာပြီး ယမန်နေ့များက ရရှိထားသော အသားကို မီးဖိုတစ်ခု၌၊ ဆွမ်းကို အခြားမီးဖို တစ်ခု၌ ဆွမ်းနှင့်ဆွမ်းဟင်း မီးဖိုနှစ်ဖိုပြု၍ တစ်ပြိုင်နက် ချက်စေ၏။

ဆွမ်းနှင့်ဆွမ်းဟင်း တစ်ပြိုင်နက်ချက်စေပြီး မိမိအိမ်သို့ ဆွမ်းခံကြွ လာသော ရဟန်းတော်နှစ်ပါးကိုမြင်ရ၍ ထိုရဟန်းတော်နှစ်ပါး၏ သပိတ်ကို ဆီးကြိုဆောင်ယူပြီး အသင့်ခင်းထားငှာ နေရာ၌ သီတင်းသုံးစေကာ "အရှင်ဘုရား.တို့ တပည့်တော်အား ချီးမြှောက်မှုကို ပြုတော်မူကြပါ၊ ဤနေရာ၌ သီတင်းသုံးတော်မူကြပြီး ဆွမ်းကို အလှူခံယူတော်မူကြပါဟု လျှောက်ထားပြီး အိမ်မှာကျန်ရှိသူများကို အရှင်မြတ်နှစ်ပါး.တို့အား ဆွမ်းဆက်ကပ်ရစ်ကြပါဟု စေခိုင်းမှာထား၍ အသင့်ချက်ပြီးဆွမ်းနှင့် ဆွမ်းဟင်းများကို အိုးတစ်လုံး၌ ထည့်လျက် ငှက်ပျောရွက်ဖြင့် လုံစွာပိတ်စည်း၍ တောစခန်းသို့သွားလေ၏။ လမ်းခရီးတလျောက် အထူးထူးသော ပန်းတို့ကို ဆွတ်ခူးခဲ့ပြီး မထေရ် သီတင်းသုံးရာတောင်ခေါင်းသို့ ရောက်လျှင် ယူဆောင်လာသော ပန်းနှင့် ဆွမ်းအိုး.ကိုချ၍ အရှင်ဘုရား-တပည့်တော်အား ချီးမြှောက်ခြင်းကို ပြုတော်မူပါ ဘုရား.ဟု မထေရ်မြတ်၏ သပိတ်၌ ဆွမ်းနှင့် ဆွမ်းဟင်း လောင်းလှူပြီးနောက် ပန်.တို့ဖြင့် မထေရ်မြတ်အား ပူဇော်လေ၏။

တောမုဆိုးသည် ဆွမ်းနှင့်ပန်းတို့.ကို မထေရ်မြတ်အား လှူဒါန်းပြီး အရှင်ဘုရား-အရသာရှိသော ဆွမ်းနှင့်တကွ ဤပန်းများဖြင့် ပူဇော်လှူဒါန်း

ရခြင်းသည် တပည့်တော်၏စိတ်ကို အထူးကြည်လင် နှစ်သက်စေပါသည် ဘုရား။ ဤယခုတပည့်တော် နှစ်သက်ကြည်နူးသလို နောင်ဖြစ်လေရာရာ ဘဝသံသရာ၌ တပည့်တော်အတွက် လက်ဆောင် ပဏ္ဏာပေါင်း အထောင်တို့သည် ရောက်လာ ပို့လာကြပါစေသား အရှင်မြတ် ဘုရား။ အဆင်းငါးမျိုးရှိသည့် ပန်းမိုးသည်လည်း ရွာသွန်းပါစေသား အရှင်မြတ်ဘုရားဟု ဆုတောင်းလေ၏။ မထေရ်မြတ်သည် တောမုဆိုး၏ နောင်အခါ၌ မင်္ဂိုလ်ရကြောင်း ကောင်းမှုအထောက် အပံ့ကို မြင်တော်မူ၍ သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို ဟောကြားချီးမြှင့် တော်မူ၏။

တောလိုက်မုဆိုးသည် ထိုဘဝ၌ အသက်ထက်ဆုံးနေ၍ ကောင်းမှုကုသိုလ်ပြုလုပ်ပြီး ထိုဘဝမှ စုတေသော် နတ်ပြည်၌ နတ်သား ဖြစ်လေ၏၊ နတ်သားဖြစ်ရာအခါ၌ ပုဆစ်ဒူးဝန်းနစ်လုမျှ နတ်ပန်းမိုးများ ရွာသွန်းလေ၏။ အခြားသောနတ်တို့ထက် သာလွန်တင့်တယ်သော အဆင်းနှင့် ပြည့်စုံ၏။ နတ်ပြည်မှ လူ့ပြည်၊ လူ့ပြည်မှ နတ်ပြည် ဤသို့ကျင်လည်ရပြီး ဂေါတမမြတ်စွာဘုရားလက်ထက်၌ မဂဓတိုင်းအပါအဝင် မစ္ဆိကာသဏ္ဍမြို့၌ သေဋ္ဌေးသားဖြစ်လာ၏။

ထိုသေဋ္ဌေးသား မွေးဖွားသောနေ့၌ပင် မစ္ဆိကာသဏ္ဍတစ်မြို့လုံး အံ့သြဖွယ်ရာ ပုဆစ်ဒူးဝန်းနစ်လုမျှ အဆင်းငါးမျိုးရှိ ပန်းမိုး တဖြိုးဖြိုး ရွာသွန်းလေ၏။ သေဋ္ဌေးသား၏ မိဘနှစ်ပါးတို့သည် ငါတို့၏သားကား မိမိ၏အမည်ကို မိမိကို တိုင်ပင်ယူ၍ ပေးသူဖြစ်၏။ ငါတို့သား မွေးဖွားသောနေ့မှာပင် မစ္ဆိကာသဏ္ဍ တစ်မြို့လုံး အဆင်းငါးမျိုးရှိ ပန်းဦးသည် အံ့သြဆန်းကြယ်စွာ ရွာသွန်းလေ၏ဟု မင်္ဂလာနိမိတ်စကား ပြောကြားပြီး သူငယ်၏အမည်ကို "စိတ္တ"ဟု မည်ခေါ်ကြ၏။

သေဋ္ဌေးသား စိတ္တသည် နောင်အခါ အရွယ်ရောက်သော် အိမ်ရာထောင်လျက် ဖခင်သေဋ္ဌေးကြီး ကွယ်လွန်သောအခါ မစ္ဆိကာသဏ္ဍမြို့၌ သေဋ္ဌေးရာထူးကို ဆက်လက်ခံယူရ၏။ သေဋ္ဌေးဖြစ်ပြီးနောက် ပဉ္စဝဂ္ဂိငါးဦးတွင် တစ်ပါး အပါအဝင်ဖြစ်သော အရှင်မဟာနာမ်မထေရ်သည် မစ္ဆိကာသဏ္ဍမြို့သို့ ကြွတော်မူလာသောအခါ စိတ္တသူကြွယ်သည် အရှင်မဟာနာမ် မထေရ်ကို

ဖူးမြင်ရလျှင် တည်ကြည်ဦမ်သက်သော ဣန္ဒြေပိုင်ရှင် မထေရ်မြတ်၌ ကြည်ညိုး၍ မထေရ်မြတ်၏ လက်မှ သပိတ်ကို ဆီးကြိုယူပြီး မိမိနေအိမ်သို့ ပင့်ဆောင်၍ ဆွမ်းဆက်ကပ်လှူဒါန်းလေ၏။ ဆွမ်းဘုဉ်းပေးပြီးသောအခါ မထေရ်မြတ်အား မိမိပိုင် အမွှာဋ္ဌကဥယျာဉ်သို့ ပင့်ဆောင်သွားပြီး ဥယျာဉ်အတွင်း ၌ မထေရ်မြတ် သီတင်းသုံးရန် ကျောင်းကို ဆောက်လုပ်စေပြီး အရှင်ဘုရား အမြဲမပြတ် တပည့်တော်၏နေအိမ်၌ ဆွမ်းခံပြီး ဤအမွှာဋ္ဌက အာရာမ် ဥယျာဉ်ကျောင်း၌ သီတင်းသုံး နေထိုင်တော်မူပါဘုရားဟု လျှောက်ထား၏။

မဟာနာမ်မထေရ်သည် စိတ္တာသူကြွယ်၏ ရှေးကောင်းမှု ဥပနိဿယကို သိမြင်တော်မူ၍ စိတ္တာသူကြွယ်အား အတွင်းအာယတနခြောက်ပါး၊ အပြင် အာယတနခြောက်ပါးတို့ကို အကျယ်ဝေဖန်စိတ်ဖြာ၍ ဟောကြားတော်မူ၏။ စိတ္တာသူကြွယ်သည် ရှေးရှေးဘဝများစွာက ရပ်ဓာမ်ဓမ္မ သခ်ါရတရား တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဝိပဿနာ ရှုခဲ့ဖူးသူ ဖြစ်သောကြောင့် ဝိပဿနာတရား ကြီးစားပွားများ အားထုတ်ရာ မကြာမီအချိန်မှာပင် အနာဂါမ် အရိယာအဖြစ်သို့ ရောက်လေ၏။ စိတ္တာသူကြွယ်သည် အလှူပေးမှု၊ တရားဘာဝနာပွားမှု၌ မွေ့လျော်သူပီပီ မိမိ၏ အမွှာဋ္ဌက (ဂွေးပင်) ကျောင်းတိုက်၌ သီတင်းသုံးတော်မူကြသော သံဃာတော်များအား ပစ္စည်းလေးပါးဖြင့် မပြိုငြင်ရအောင် ထောက်ပံ့လှူဒါန်းပြီး သံဃာတော်များနှင့် အမြဲမပြတ် တရားဆွေးနွေး၍ နေလေ၏။

နောင်အခါ စိတ္တာသူကြွယ်သည် ငါကား မြတ်စွာဘုရားရှင်ကို မမှူးမြင်ရဘဲပင် သောတာပန် သကဒါဂါမ် အနာဂါမ် အရိယာအဖြစ်သို့ ရောက်ခဲ့ပေပြီ၊ ငါသည် မြတ်စွာဘုရားကို ဖူးမြော်မှသင့်တော်မည်ဟု အကြံ ဖြစ်ပြီး နှမ်း၊ ဆန်၊ ပဲ၊ ထောပတ်၊ တင်လဲ၊ ပျား၊ အဝတ်အထည် စသည့် ပစ္စည်းများ အပြည့်တင်ထားသော လှည်းအစီး၀ါးရာကို ပြင်ဆင်ပြီး နောက် ငါနှင့် အတူတကွ ဘုရားရှင်အား ဖူးမြော်ရန်လိုက်လိုသူများအတွက် စရိတ်ငြိမ်း

တာဝန်ယူမည်ဟု မစ္ဆိကာသဏ္ဍမြို့၌ နေကုန်သောလူများ၊ ရဟန်းတော်များ၊ ရဟန်းမများအား ဖိတ်ခေါ်လေ၏။ စိတ္တသူကြွယ်၏ ဖိတ်ခေါ်ချက်အရ ရဟန်းတော် ငါးရာ၊ ရဟန်းမိန်းမ ငါးရာ၊ ဥပါသကာ ငါးရာ၊ ဥပါသိကာမ ငါးရာ၊ စိတ္တသူကြွယ်၏ အခြံအရံ ပရိသတ် တစ်ထောင်အားဖြင့် ဘုရားမှူး ခရီးထွက်သူ သုံးထောင်ဖြစ်၏။

ဘုရားရှင်သည် သာဝတ္ထိပြည်ရှိ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူလျက်ရှိ၏။ မစ္ဆိကာသဏ္ဍမြို့နှင့် သာဝတ္ထိပြည်သည် ခရီးယူဇနာသုံးဆယ် ဝေးကွာ၏။ မစ္ဆိကာသဏ္ဍမြို့မှ သာဝတ္ထိပြည်သို့ ဘုရားမှူးခရီးသည် သုံးထောင်နှင့်အတူ ထွက်လာသော စိတ္တသူကြွယ်သည် လမ်းခရီး၌ ဆွမ်းယာဂု စသည်ဖြင့် ပရိသတ်သုံးထောင်အတွက် အစစအရာရာ မချို့တဲ့ရလေအောင် ကြိုတင်၍ စီမံဆောင်ရွက်ခဲ့၏။

နတ်တို့သည် စိတ္တသူကြွယ်သည် ပရိသတ် သုံးထောင်နှင့်အတူ ဘုရားမှူးထွက်လာကြောင်းကို သိကြ၍ မစ္ဆိကာသဏ္ဍမြို့နှင့် သာဝတ္ထိအကြား၌ တစ်ယူဇနာ တစ်ယူဇနာလျှင် ယာယီမဏ္ဍပ်များ ဖန်ဆင်းထားကြပြီး အဆင်သင့် စောင့်ကြိုကာ နတ်၌ဖြစ်သော ယာဂု ခဲ့ဖွယ် ဆွမ်း အဖျော်ယမကာ စသည်တို့ဖြင့် ကျွေးမွေးဧည့်ခံကြ၏။ စိတ္တသူကြွယ်နှင့် ဘုရားမှူးအဖွဲ့ သုံးထောင်တို့သည် နေ့စဉ် တစ်ယူဇနာနှုန်းဖြင့် ခရီးမှန်မှန် ထွက်ခဲ့ကြရာ တစ်လဖြင့် သာဝတ္ထိပြည်သို့ ဆိုက်ရောက်ကြလေ၏။ လှည်းအစီး ငါးရာ၌ တင်ဆောင်လာသော ပစ္စည်းများသည် တင်ဆောင်လာသည့်အတိုင်း ပြည့်မြဲ ပြည့်လျက်သာ ဖြစ်၏။ လမ်းခရီးအကြား၌ နတ်လူအများ ပေးပို့အပ်သော လက်ဆောင်များကို ပင် စွန့်ကြဲပေးကမ်း လှူဒါန်းကျွေးမွေးလျက် သာဝတ္ထိပြည်သို့ ဆိုက်ရောက်လာ၏။

စိတ္တသူကြွယ် သာဝတ္ထိပြည်သို့ ရောက်မည့်နေ့၌ မြတ်စွာဘုရားနှင့် အရှင်အာနန္ဒာတို့ ကြိုတင်၍ အောက်ပါအတိုင်း ပြောဆိုကြ၏။

အာနန္ဒာ–ယနေ့ညနေချမ်းအခါ၌ စိတ္တသူကြွယ်သည် ဥပါသကာများ ခြံရံလျက် ငါဘုရားကို အဖူးမြော်ရောက်လာလိမ့်မည် ဟု မိန့်တော်မူ၏။

ထိုအခါ အရှင်အာနန္ဒာက မြတ်စွာဘုရား–စိတ္တသူကြွယ်က အရှင်ဘုရား တို့အား ဖူးမြော်ရှိခိုးသော အခါ တစ်စုံတစ်ရာ ထူးခြားမှုများ ဖြစ်လာပါမည်လား ဘုရားဟု လျှောက်ထား၏။ အာနန္ဒာ–စိတ္တသူကြွယ် လာရောက်၍ ငါဘုရားကို ရှိခိုးသောအခါ ရှစ်မင်းပယ်ခန့်ရှိသော မြေအရပ်၌ အရောင်အဆင်း ငါးမျိုးရှိ နတ်ပန်းမိုးကြိုးသည် ပုဆစ်ဒူးဝန်းနစ်လုမျှ တခဲနက် သွန်းဖြိုးရွာချလိမ့်မည်ဟု မိန့်တော်မူ၏။

သာဝတ္ထိပြည်သူပြည်သား များသည် ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ ပြောကြားသည်ကို ကြားသိရ၍ ဘုန်းကံကြီးမားသည့် စိတ္တသူကြွယ် ယနေ့ ရောက်လာပြီး မြတ်စွာဘုရားကို ဖူးမြော်ရှိခိုးမည်တဲ့၊ ပန်းမိုးများလည်း ရွာလိမ့်မည်တဲ့၊ ငါတို့သည်လည်း ဘုန်းကံရှင် စိတ္တသူကြွယ်ကို ယနေ့ တွေ့မြင်ခွင့် ရကြပေလိမ့်မည် ဟု တိုင်ပင်ပြောဆိုကြကာ လက်ဆောင် ပဏ္ဏာများကို အသီးအသီး ယူခဲ့ကြ၍ လမ်းခရီး ဝဲယာနှစ်ဘက်တို့၌ အသင့် စောင့်ကြိုလျက် စိတ္တသူကြွယ်လာမည့်လမ်းကို မှန်းမျော်ရပ်တည်ကြကုန်၏။

စိတ္တသူကြွယ်တို့ ဘုရားဖူးအဖွဲ့ ဧတဝန်ကျောင်းတော် အနီးသို့ ဆိုက်ရောက်လာသောအခါ စိတ္တသူကြွယ်သည် ဥပါသိကာမ ငါးရာတို့ကို နောက်မှလိုက်လာရန် မှာကြားပြီး ဥပါသကာငါးရာ ခြံရံလျက် မြတ်စွာဘုရား ထံတော်သို့ ဆည်းကပ်ရန် သွားလေ၏။ လမ်းဘေးဝဲယာရှိ အသင့် စောင့်မျှော်နေကြသော သာဝတ္ထိပြည်သူပြည်သား များက စိတ္တသူကြွယ်ကို ကြည့်ပြီး "ဤသူကား စိတ္တသူကြွယ်တဲ့" ဟု အထူးအဆန်းသဖွယ် ကြည့်ရှုပြောဆိုကြကုန်၏။ စိတ္တသူကြွယ်သည် မြတ်စွာဘုရား၏ အနီးသို့ ချဉ်းကပ်၍ ဗုဒ္ဓရောင်ခြည်တော်ခြောက်သွယ်တို့၏ အတွင်းသို့ ဝင်ရောက်ကာ ဘုရားရှင်၏

ခြေဖမျက်တော်နှစ်ဘက်ကို အားပါးတရ ဆုပ်ကိုင်လျက် မြတ်စွာဘုရား၏ ခြေတော်အစုံကို မြတ်နိုးကော်ရော် ရှိခိုးပူဇော်လေ၏။ ထိုခဏမှာပင် အဆင်းငါးမျိုးရှိ နတ်ပန်းမိုးကြိုး ရွာသွန်းချလေ၏။ လူအပေါင်း၏ ကောင်းချီးသာဓုခေါ်သံသည် တခဲနက်ထွက်ပေါ်လာ၏။

စိတ္တာသူကြွယ်သည် တစ်လပတ်လုံး ဘုရားရှင်၏ ထံတော်ပါ၌ နေထိုင်ပြီး ဘုရားအမှူးရှိသော သံဃာတော်များလည်း ကျောင်းတိုက်ဝတ အတွင်း၌သာ သီတင်းသုံးနေတော်မူကြရန် လျှောက်ထားပြီး အလှူကြီးကို ပေးလှူလေ၏။ မိမိနှင့်အတူ ဘုရားဖူးလိုက်ပါလာသူများကိုလည်း ကျောင်းတိုက် အတွင်း၌ပင်ထား၍ လိုလေသေးမရှိအောင် ကျွေးမွေးပြုစု၏။ ဇေတဝန် ကျောင်းတော်၌ တစ်လပတ်လုံး အလှူဒါန ပြုရာ၌လည်း မိမိလှည်းငါးရာဖြင့် တင်ဆောင်လာသော ပစ္စည်းများ တစ်စုံတစ်ခုမျှ အသုံးမပြုရသေး ၊နတ်လူတို့က ပေးပို့အပ်သော လက်ဆောင်များဖြင့်သာလျှင် အလှူဒါနကို ပေးလှူခဲ့ရ၏။ ဇေတဝန်ကျောင်းတော်၌ တစ်လပြည့် မြောက်သောအခါ စိတ္တာသူကြွယ်သည် မြတ်စွာဘုရားကို ရှိခိုး၍ အောက်ပါအတိုင်း လျှောက်ထား၏။

မြတ်စွာဘုရား–တပည့်တော်သည် အရှင်ဘုရားတို့အား ပေးလှူရန် လာရောက်ခဲ့ရာ လမ်းခရီး၌ တစ်လကြာခဲ့ပြီး၊ ဤဇေတဝန်ကျောင်းတော်၌ လည်း တစ်လအချိန်ကုန်လွန်ခဲ့ပါပြီ၊ တပည့်တော် လှည်းအစီး ငါးရာဖြင့် တင်ဆောင်လာသော ပစ္စည်းဘဏ္ဍာတစ်စုံတစ်ခုကိုမျှ လှူဒါန်းခွင့်မရခဲ့ပါ။ ဤနှစ်လအချိန်ကာလကြာအောင် နတ်လူတို့က ပေးပို့အပ်သော လက်ဆောင် ပစ္စည်းများဖြင့်သာ အလှူဒါနကို ပေးလှူခဲ့ရပါသည်။ တပည့်တော် ဤအရပ်မှာ တစ်နှစ်ကြာသည့်တိုင်အောင် ဆက်၍နေလျှင်လည်း တပည့်တော်၏ လှူဖွယ်ဝတ္ထုပစ္စည်းကို လှူခွင့်ရမည်မဟုတ်ပါ၊ တပည့်တော် လှည်းအစီး ငါးရာတို့ဖြင့် တင်ဆောင်လာသော လှူဖွယ်ဝတ္ထုများကို သံဃာတော်များအား လှူဒါန်း၍ တပည့်တော်၏နေရပ် မစ္ဆိကာသဏ္ဍာအရပ်သို့ ပြန်ဂိုပါသည်၊ တပည့်တော်အား လှူဖွယ်ပစ္စည်းများ သိမ်းဆည်းသိမ့်ရမည့်နေရာကို ညွှန်ကြားတော်မူပါဟု လျှောက်ထား၏။

မြတ်စွာဘုရားက အရှင်အာနန္ဒာမထေရ်ကို အာနန္ဒာ–စိတ္တ သူကြွယ်အား နေရာတစ်ခုကို အာလပ်ဂေအောင် ပြုပေးလိုက်ပါဟု မိန့်တော်မူ၍ စိတ္တသူကြွယ်သည် အရှင်အာနန္ဒာညွှန်ကြားသော အသုံးအဆောင် ပစ္စည်းသိုမှီးရန် အပ်စပ်သော ကျောင်း၌ လှည်းအစီးငါးရာတိုက် ပစ္စည်းများ သိမ်းဆည်းကာ သံဃာတော်အား လှူဒါန်းခဲ့ပြီး မိမိနှင့် ဘုရားဖူးပါလာသည့် ရဟန်းရှင်လူသုံးထောင်နှင့်အတူ လှည်းငါးရာတို့ဖြင့် သာဝတ္ထိပြည်မှ မိမိနေရပ် မစ္ဆိကာသဏ္ဍာမြို့သို့ ပြန်ခဲ့၏။ နတ်လူတို့သည် လာရောက်၍ အရှင်စိတ္တသူကြွယ်သင်သူကြွယ်သည် အချည်းအနှီးသော လှည်းတို့ဖြင့် ခရီးသွားရမည့် ကဲကိုပြုလုပ်အားထုတ်ခဲ့လေသလောဟု မခံချင်အောင် ပြောကြားကြပြီး ရတနာ ခုနစ်ပါးတို့ကို လှည်းများအပြည့် တင်ဆောင်ပေးကြ၏။ စိတ္တသူကြွယ်သည် မိမိအား နတ်လူတို့က ပေးပို့အပ်သည့် လက်ဆောင်များဖြင့်သာ ဘုရားဖူး အပြန်လမ်းခရီး၌ အတူပါလာသူ ရဟန်းရှင်လူအပေါင်းအား ပြုစုကျွေးမွေးလျက် မစ္ဆိကာသဏ္ဍာမြို့သို့ ချမ်းသာစွာ ရောက်လေ၏။

အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ရိုလေစွာရှိခိုးပြီး –

အရှင်ဘုရား–စိတ္တသူကြွယ်သည် အရှင်ဘုရားတို့အထံတော်သို့ လာရာလမ်းခရီးမှာလည်း တစ်လအချိန်ကြာခဲ့ပါပြီ။ ဤဇေတဝန် ကျောင်းတိုက်၌လည်း တစ်လပတ်လုံး နေသွားပါပြီ။ ဤမျှကာလ နှစ်လကြာအောင် နတ်လူတို့ပို့သသော လက်ဆောင်ပစ္စည်းများဖြင့်ပင် ကြီးစွာသော အလှူဒါနကို ပေးလှူခဲ့ပါပြီ။ ပြန်ခရီးမှာလည်း လှည်းအစီး ငါးရာတို့ကို အချည်းအနှီးဖြစ်အောင်ပြုပြီး တစ်လအချိန်ကာလဖြင့်ပင် မိမိမြို့ မစ္ဆိကာသဏ္ဍာသို့ ပြန်ရမည်ဖြစ်ပါသတဲ့။ နတ်လူတို့သည် လာရောက်ကြ၍ အရှင်စိတ္တသူကြွယ် သင်သည် အချည်းအနှီးသော လှည်းတို့ဖြင့် ခရီးသွားရမည့် ကဲကို ပြုလုပ်စီမံခဲ့သလောဟု ခနဲ့စကား ပြောကြားပြီး ရတနာခုနစ်ပါးတို့ကို လှည်းများအပြည့် တင်ဆောင်ပေးကြသတဲ့။ စိတ္တသူကြွယ်သည် နတ်လူတို့ ပေးပို့သည့် လက်ဆောင်ပစ္စည်းများဖြင့်ပင် အပြန်ခရီး ဘုရားဖူးအတူပါလာသူ ရဟန်းရှင်လူ သုံးထောင်တို့ကို ပြုစုလုပ်ကျွေးလျက် မစ္ဆိကာသဏ္ဍာမြို့သို့ ချမ်းသာစွာ ရောက်ပါလိမ့်မည်တဲ့။

မြတ်စွာဘုရား မေးလျှောက်ပါရစေ၊ စိတ္တသူကြွယ်အဖို့ အရှင်ဘုရားတို့ထံသို့ လာရောက်၍သာ ဤပူဇော်မှု ဖြစ်ပါသလော၊ အခြားအရပ်တပါး သို့သွားမည်ဆိုပါက ဤပူဇော်မှု ဖြစ်ပါမည်လော ဟု မေးလျှောက်၏။

အာနန္ဒာ–ဤစိတ္တသူကြွယ်အဖို့ ငါဘုရား၏အထံသို့ လာသည် ဖြစ်စေ၊ အခြားအရပ်တစ်ပါးသို့ သွားသည်ဖြစ်စေ ပူဇော်သက္ကာရ အမှုသည် ဖြစ်မည်သာတည်း။ အာနန္ဒာ–ဤစိတ္တသူကြွယ်ကား ကံကံ၏ အကျိုးကို လောကီလောကုတ္တရာ သဒ္ဓါတရား နှစ်ပါးတို့ဖြင့် မပျက်မစီး ယုံကြည်သူဖြစ်သည့်ပြင် ရတနာသုံးပါးကိုလည်း လောကုတ္တရာ သဒ္ဓါတရားဖြင့် အလွန်ကြည်ညိုသူ ဖြစ်သည်၊ ဤကဲ့သို့သော ပုဂ္ဂိုလ်တို့အဖို့ ရောက်လေရာရာ နေရာတိုင်းမှာ လာဘ်ပူဇော်သက္ကာရ ဖြစ်မြဲဓမ္မတာ ဖြစ်၏ဟု မိန့်ကြားတော်မူ၏။

(နောင်အခါ စိတ္တသူကြွယ်သည် တရားဟောကောင်းသဖြင့် လူပုဂ္ဂိုလ် ဓမ္မကထိကများတွင် အသာဆုံးဟောပြောနိုင်သူ၊ အကောင်းဆုံး ဟောပြောနိုင်သူဟု ဧတဒဂ်ရရှိလေ၏။) (မဟာဗုဒ္ဓဝင် ဆ၊ ဒု။)

စိတ္တသူကြွယ်အလောင်း တောလိုက်မုဆိုးဘဝက ရဟန်းတစ်ပါး တစ်ထပ်စာ ဆွမ်းအလှူဒါနသည် ဘာမျှပြောပလောက်အောင် မကြီးကျယ်သော်လည်း ထက်သန်သော စေတနာ စင်ကြယ်သော သဒ္ဓါတရားဖြင့် ပြုလုပ်ခဲ့သဖြင့် စိတ္တသူကြွယ်ဘဝ၌ ဤမျှကြီးကျယ်သော အကျိုးပေးပုံကို အားကျနည်းယူ၍ မိမိအိမ်၌ ကိုးကွယ်ထားသော ဘုရားရှင်အား သက်တော်ထင်ရှား မြတ်ဘုရားကို အာရုံပြုပြီး ဆွမ်းတစ်စွန်း၊ ရေတစ်ခွက် သစ်သီးတစ်လုံး၊ ပန်းတစ်ပွင့် ဖြစ်စေကာမူ စေတနာမှန် သဒ္ဓါမှန်ဖြင့် ပြုလုပ်လှူဒါန်းပါက နောင်အချိန်အခါ၌ အကျိုးပေးမည်မှာ မလွဲဖြစ်ပါသည်။

ဆွမ်းဦးလှူသူ

သိခီမြတ်စွာဘုရား ပွင့်တော်မူခါစ သတ္တသတ္တာဟ=ခုနစ်ရက်ခုနစ်လီ (လေးဆယ့်ကိုးရက်) သီတင်းသုံး စံနေတော်မူပြီး၍ အဋ္ဌမမြောက် သတ္တာဟ၌

သီတင်းသုံး စံနေတော်မူစဉ် "ဥဇိတနှင့် ဩဇိတ" အမည်ရှိ လှည်းကုန်သည် ညီနောင်တို့သည် ဆွမ်းဦးအလှူဒါနကို ဆက်ကပ်လှူဒါန်းကြကုန်၏။ အရှင်ဓာဝတီပြည်သား ပုဏ္ဏားတစ်ယောက်သည် သိခီဘုရားရှင်အား "ဥဇိတနှင့် ဩဇိတ" လှည်းကုန်သည် ညီနောင် နှစ်ယောက်တို့သည် မည်သူတစ်ဦး တစ်ယောက်မျှ မလှူဒါန်းမီ ဆွမ်းဦးဒါနအလှူကို လှူဒါန်းကြရသည်ဟု သတင်းစကား ကြားသိရ၍ မိမိသူငယ်ချင်းနှင့်အတူ သိခီမြတ်စွာဘုရားရှင်ထံ သွားရောက်ကြပြီး မနက်ဖြန် ကုသိလ်ကောင်းမှု အလှူဒါန ပြုနိုင်ရန် အိမ်သို့ ပင့်ဖိတ်ကြ၏။

အရှင်ဓာဝတီပြည်သား ပုဏ္ဏားသူငယ်ချင်း နှစ်ယောက်တို့သည် သိခီမြတ်စွာဘုရားရှင်အား အိမ်သို့ ပင့်ဆောင်ပြီး ကြီးစွာသော အလှူဒါနကို ပေးလှူကြကုန်၏။ အလှူကြီးပေးလှူပြီး "မြတ်စွာဘုရား တပည့်တော်တို့ သူငယ်ချင်းနှစ်ယောက် နောင်အခါ အရှင်ဘုရာ့တို့ကဲ့သို့သော မြတ်စွာဘုရားရှင် အား ဆွမ်းဦးအလှူဒါန ပေးလှူရ၍ ဆွမ်းဦးအလှူဒါယကာများ ဖြစ်ရပါလို၏" ဟု ဆုတောင်းပတ္ထနာ ပြုခဲ့ကြ၏။

သူငယ်ချင်းနှစ်ယောက်တို့သည် သိခီ ဘုရားရှင် သာသနာတော်၌ ကောင်းမှုကုသိုလ် အတူတကွ ပြုလုပ်ကြပြီး သေလွန်သည့်အခါ လူ့ပြည် နတ်ပြည်တို့၌သာ ကျင်လည်ရပြီး ကဿပမြတ်စွာဘုရား လက်ထက်တော် အခါ၌လည်း နွားများစွာ ပိုင်သော ဂေါပါလ နွားသေဌေး၏သား ညီအစ်ကို ဖြစ်ကြ၏။ ကဿပမြတ်စွာဘုရား သာသနာတော်၌လည်း ရဟန်းသံဃာတော် များအား အမြဲထာဝရ နွားနို့ဆွမ်းအလှူကို လှူဒါန်းခဲ့ကြ ပြန်၏။

သေဌေးသား ညီအစ်ကိုနှစ်ယောက်သည် ထိုဘဝမှ စုတေသောအခါ ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားနှစ်ဆူတို့၏ အကြားကာလ၌ လူ့ပြည် နတ်ပြည်၌သာ ကျင်လည်ရပြီး ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူမည့် ဤဘဒ္ဒကမ္ပာ၌ ဥက္ကလာပတိုင်း အသိတဉ္ဇနမြို့ (ပေါက္ခရဝတီမြို့) ၌ လှည်းကုန်သည် သေဌေး၏သား နှစ်ယောက် ဖြစ်လာပြီး အကြီးက တပုဿ၊

အငယ်က ဘလွိကဟု အမည်ခေါ်တွင်၏။ အစ်ကိုကြီး တပုသနှင့် ညီငယ် ဘလွိကတို့သည် အိမ်ရာတည်ထောင် လူတို့ဘောင်၌ လှည်းငါးရာတို့ဖြင့် ကုန်ရောင်းကုန်ဝယ် အမှုကို ပြုလုပ်ကြလျက် အသက်မွေးကြ၏။

အလောင်းတော် သိဒ္ဓတ္ထမင်းသား‌သည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူခါစ သတ္တသတ္တာဟ ခုနစ်ရက်ခုနစ်လီ (လေးဆယ့်ကိုးရက်) ဗောဓိမဏ္ဍိုင်၌ သီတင်းသုံးစံနေတော်မူပြီး အဌမသတ္တာဟ တွင်ရာဇာယတန (လင်းလွန်းပင်ရင်း) ၌ သီတင်းသုံးနေတော်မူစဉ် တပုသနှင့် ဘလွိက ကုန်သည်ညီနောင်တို့သည် လှည်းငါးရာတို့ဖြင့် ဘုရားရှင် အဌမ သတ္တာဟစံနေသီတင်းသုံးရာအရပ်သို့ ရောက်လာကြ၏။ ဘဝဟောင်းက ကုန်သည်ညီနောင်တို့၏ မွေးသမိခင် ကျေးဇူးရှင်သည် ထိုဘုရားရှင် အဌမ သတ္တာဟ သီတင်းသုံးရာ အရပ်၌ ဘုမ္မစိုးနတ်ဖြစ်နေ၏။

ဘဝဟောင်းက မိခင်ဖြစ်ခဲ့ဖူးသော ဘုမ္မစိုးနတ်သည် ယခုအခါ ဘုရားရှင်အား အစာအာဟာရရမှဖြစ်မည်။ ဘုရားလောင်းဘဝက သုဇာတာ ကပ်လှူသော ယနာနို့ဆွမ်းကို ဘဉ်းပေး သုံးဆောင်တော်မူပြီး သတ္တာဟ လေးဆယ့်ကိုးရက်မျှ သီတင်းသုံး စံနေတော်မူပြီး ယခုအဌမသတ္တာဟ၌ အစာအာဟာရ မရခဲ့လျှင် ဘုရားရှင်အား မျှတနိုင်မည်မဟုတ်၊ ငါ၏ ဘဝ ဟောင်းက သားတော်ခဲ့ဖူးသော ကုန်သည် ညီနောင်နှစ်ယောက်တို့သည်လည်း ဤလမ်းခရီးဖြင့် သွားနေဆဲဖြစ်၏။ ငါ့သားနှစ်ယောက်တို့ကို မြတ်စွာဘုရား အား ယနေ့ ဆွမ်းဦးဒါန လှူကြစေမှ သင့်တော်မည်ဟု ကြံပြီး လှည်းငါးရာတို့၌ ကသော နွားတို့ ရှေ့ဆက် သွားမရအောင် နတ်တို့၏ တန်ခိုးဖြင့် ဟန့်တား ထား‌လေ၏။

ကုန်သည်ညီနောင်တို့သည် နွားများ ရှေ့ဆက်မသွားခြင်း‌သည် အကြောင်းဘယ်သို့ ဖြစ်သနည်းဟု စူးစမ်းကြည့်ရှုသည့်အခါ မိခင်ဟောင်း ဘုမ္မစိုးနတ်သည် သားကုန်သည်ညီနောင်တို့ စိတ်ပင်ပန်းသည်ကိုသိ၍ ယောကျ်ားတစ်ယောက်၏ကိုယ်၌ပူးဝင်ပြီး သားတော်တို့ သင်တို့အဘယ်ကြောင့်

ပင်ပန်းနေကြကုန်သနည်း၊ သင်သားတော်တို့အား ငါမှတစ်ပါးအခြားဘီလူး၊ ဘုတ်ပြိတ္တာ၊ နတ်နဂါး ပူးဝင်လှည့်ပတ်မှုမရှိချေ။ လွန်ခဲ့သော ဘဝက သင်တို့၏ မိခင်ဖြစ်ခဲ့ဖူးသော ငါသည် ယခုအခါ ဤအရပ်၌ ဘုမ္မစိုးနတ်ဖြစ်နေ၏။ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူ၍ သင်ချစ်သားတို့သည် မြတ်စွာဘုရားအား ဆွမ်းဦးအလှူဒါနကို ပေးလှူကြကုန်လော့ဟု တိုက်တွန်းနှိုးဆော်၏။

ကုန်သည်ညီနောင်တို့သည် မိခင်ဟောင်း ဘုမ္မစိုးနတ်၏ တိုက်တွန်းနှိုးဆော်သောစကားကို ကြား၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လျက် "ဆွမ်းအာဟာရအသစ် နောက်ထပ်စီမံချက်ပြုတ်နေလျှင် အချိန်မမီ ကြာမြင့်နေမည်စိုး၍ မိမိတို့အသင့်ပါလာသော မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်တို့ကို ရွှေလင်ပန်းဖြင့် ထည့်ဆောင်ပြီး လင်းလွန်ပင်ရင်းရှိ ဘုရားရှင်ထံသွားကြကုန်၏။ ဘုရားရှင်ထံသို့ ရောက်လျှင် "မြတ်စွာဘုရား–ဤဘောဇဉ်ကို ကရုဏာရှေးရှု အလှူခံယူတော်မူပါဘုရား"ဟု လျှောက်ထားပြီး မုန့်တို့ကို ဆက်ကပ်လှူဒါန်း၏။

မြတ်စွာဘုရားသည် ရှေးရှေး နောင်တော်ဘုရားရှင်တို့၏ အလေ့အကျင့်ကို ကြည့်ရှုဆင်ခြင်တော်မူ၏။ စတုမဟာရာဇနတ်မင်းကြီးလေးဦးတို့သည် မြတ်စွာဘုရားရှင်အား ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးတို့ကို ဆက်ကပ်လှူဒါန်းကြ၏။ မြတ်စွာဘုရားသည် ကျောက်သပိတ်လှူဒါန်းလာသော နတ်မင်းကြီးလေးယောက်လုံး အကျိုးကြီးမြတ်ပါစေဟု ရည်ရွယ်ချက်ဖြင့် ကျောက်သပိတ်လေးလုံးတို့ကို တစ်လုံးတည်းသာ ဖြစ်ပါစေဟု အဓိဋ္ဌာန်တော်မူ၏။ ဘုရားရှင်အဓိဋ္ဌာန်တော်မူသည့်အတိုင်း အနားရစ် လေးရစ်ရှိသော သပိတ်တစ်လုံးတည်းသာဖြစ်လာ၏။

ကုန်သည် ညီနောင်တို့သည် မြတ်စွာဘုရား၏ သပိတ်တော်၌ မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့်များ လောင်းလှူ ဆက်ကပ်ကြကုန်၏။ မြတ်မွာဘုရားသည် ကုန်သည်ညီနောင်ဆက်ကပ်လှူဒါန်းသောမုန့်ဆွမ်းကို

ဘုဉ်းပေးတော်မူပြီး ဆွမ်းကိစ္စပြီးဆုံးသောအခါ ကုန်သည်ညီနောင်တို့အား တရားဟောတော်မူ၏။ ဒေသနာနိဂုံးပြီးဆုံးသောအခါ ကုန်သည်ညီနောင်နှစ်ဦးတို့သည် ဒွေဝါစိကသရဏဂုံ တည်ကြကုန်၏။

ကုန်သည်ညီနောင်တို့ ဒွေဝါစိက သရဏဂုံတည်ပြီး မိမိတို့နေရာ အသိတဋ္ဌန မြို့သို့ ပြန်ခါနီး ဘုရားရှင်အား မြတ်စွာဘုရား-တပည့်တော်မျှား နေ့စဉ်ပူဇော်ရန် ဝတ္ထုကို ကရဏာရှေ့ထား ပေးသနားတော်မူပါဟု လျှောက်ထားကြသည့်အခါ မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကိုသုံးသပ်၍ ကုန်သည်ညီနောင်တို့အား ဆံတော်မာတ်ရှစ်ဆူကို ပေးသနားတော်မူလိုက်၏။ ကုန်သည်ညီနောင်တို့သည် မိမိတို့နေရပ်ဒေသ၌ ဥက္ကလာပမင်းကြီးအား ဆံတော်မာတ် ရှစ်ဆူကို အပ်နှံ၍ ဥက္ကလာပမင်းကြီး သည် ရွှေတိဂုံစေတီတော်၌ ဌာပနာလျက် စေတီတော်တည်ထားကိုးကွယ်လေသည်။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသကာတို့ကို အစဉ်အတိုင်း ဇာတဒဂ် (အမြတ်ဆုံးရာထူးဌာနန္တရ) ထားတော်မူသည့်အခါ တပုဿနှင့် ဘလ္လိကညီနောင် နှစ်ယောက်ကို "ရဟန်းတို့-ကိုးကွယ် ဆည်းကပ်ခြင်းသို့ ရောက်ကုန်သော ငါ၏ တပည့်သာဝကတို့တွင် တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့သည် အသားဆုံးအမြတ်ဆုံးဖြစ်၏"ဟု ကိုးကွယ်မှု၌ အမြတ်ဆုံးအသာဆုံး ဆုချီးမြှင့်တော်မူ၏။

နောင်အခါ ညီနောင်နှစ်ယောက်တို့တွင် အစ်ကိုတပုဿသည် သောတာပတ္တိဖိုလ်၌ တည်၍ ညီတော် ဘလ္လိကသည် သာသနာ့ပန်ထမ်း ရဟန်းပြု၍ ဆဋ္ဌာဘိညရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။ (**မဟာဗုဒ္ဓဝင်၊ ဆ-၃၊ ၁၄၇**။)

တပုဿဘလ္လိက ညီနောင်တို့လို မိမိတို့လည်း နောင်ပွင့်တော်မူမည့် ဘုရားရှင်တစ်ဆူဆူအား မည်သူတစ်ဦးတစ်ယောက်မျှ မလှူဒါန်းမီ လက်ဦးပထမ ဆွမ်းဦး လှူဒါန်းနိုင်ရန် ဆုတောင်း၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်သင့်လှပေ၏။

စံနမူနာယူထိုက်သည့် အနာထပိဏ်

ဟံသာဝတီမင်းနေပြည်၌ အမျိုးကောင်းသားတစ်ယောက်သည် ပဒုမုတ္တရ မြတ်စွာဘုရားရှင် တရားဟောကြားသည်ကို ကြားနာစဉ် ပဒုမုတ္တရ ဘုရားရှင်က ဥပါသကာတစ်ယောက်ကို အလှူအတန်း၌ မွေ့လျော်၍ အလှူရေစက်လက်နဲ့ မကွာပြုသူတို့တွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ရာထူး ပေးအပ်သည်ကို မျက်ဝါးထင်ထင် တွေ့မြင်ရ၍ အားကျနှစ်သက်သဖြင့် ပဒုမုတ္တရ မြတ်စွာဘုရား ထံတော်၌ အဓိကာရကောင်းမှုကုသိုလ်များ ပြု၍ အရှင်ဘုရား ဤအဓိကာရ ကောင်းမှုကုသိုလ်ကြောင့် နောင်သောအခါ အရှင်ဘုရား တို့ကဲ့သော ဘုရားရှင် တစ်ဆူ၏ထံတော်၌ အလှူဒါနဲ၌ မွေ့လျော်ကြသူ ဥပါသကာတို့တွင် အသာဆုံး အမြတ်ဆုံး ဖြစ်ရပါလို့၏ဟု ဆုတောင်း အမှုပြုခဲ့၏။

ထိုဆုတောင်းမှုပြုခဲ့သော အမျိုးကောင်းသားသည် ကမ္ဘာတစ်သိန်း ပတ်လုံး နတ်ပြည်လူပြည်တို့၌ ကျင်လည်ခဲ့ရ၍ ဤဘဒ္ဒကမ္ဘာ ဂေါဟမ မြတ်စွာဘုရားပွင့်တော်မူသောအခါ သာဝတ္ထိပြည်၌ သုမန သေဋ္ဌေးကြီး၏သား ဖြစ်လာ၏ သူ၏အမည်ကို မိဘတို့က "သုဒတ္တ" ဟု မည်ခေါ်ကြ၏။

သုဒတ္တသည် နောင် အိမ်ထောင်ဦးစီးဖြစ်လာသော အခါ၌ ကိုးကွယ်ရာမဲ့ (စားရမဲ့ သောက်ရမဲ့) ဆင်းရဲသားတို့အား ထမင်းပေးကမ်းစွန့်ကြဲခြင်း၌ မွေ့လျော်သူဖြစ်၏။ ထို့ကြောင့် သူ့အမည်ကို နာမည်နှင့် ဗျုပ္ပတ်လိုက်ဖက်အောင် အနာထပိဏ်သေဋ္ဌေးဟု အနွတ္ထအမည် နောက်ထပ်ခေါ်တွင်၏။

အနာထပိဏ်သေဋ္ဌေးသည် ရောင်းချရန်ကုန်ပစ္စည်းများကို လှည်းအစီး ငါးရာဖြင့် တင်ဆောင်၍ မိမိ၏သူငယ်ချင်း ရာဇဂြိုဟ်သေဋ္ဌေး အိမ်ရောက်သော် ရာဇဂြိုဟ်သေဋ္ဌေးထံမှ လောကသုံးပါးတွင် မြတ်စွာဘုရား ပွင့်တော်မူကြောင်း ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား သီတင်းသုံး စံနေတော်မူကြောင်း ကြားသိရ၍ တစ်ညလုံးအိပ်မပျော်တဲ့ မိုးသောက်အားကြီး လင်းလုခါနီး၌ နတ်တို့ဖွင့်ပေးသော မြို့တံခါးမှထွက်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ဓာရာနာသော် သောတာ

ပတ္တိဖိုလ်၌ တည်၏။ နောက်တနေ့ ရာဇဂြိုဟ်မှာပဲ ဘုရားအမှူးရှိသော သံဃာတော်တို့အား မဟာဒါနကြီး ပေးလှူပြီး သာဝတ္ထိပြည်သို့ ကြွရောက်တော်မူပါရန် ဘုရားရှင်အား လျှောက်ထား၀န်ခံစေပြီး သာဂတ္ထိပြည်သို့ ပြန်လာ၏။

ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည်အကြား ၄၅-ယူဇနာခရီးကွာဝေး၏။ တစ်ယူဇနာ တစ်ယူဇနာ၌ အသပြာတစ်သိန်းတန် စံကျောင်းတော် တစ်လုံး ဟစ်လုံး ဘုရားရှင် ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်သို့ ကြွတော် မူလာလျှင် နား၊နေသီတင်းသုံးရန်အတွက် ရည်ရွယ်ချက်ဖြင့် စံကျောင်းတော် ၄၅-လုံး ဆောက်လုပ်၏။

သာဝတ္ထိပြည်သို့ရောက်သောအခါ ဇေတမင်းသား၏ ဥယျာဉ်မြေကို ရွှေဒင်္ဂါး ၁၈-ကုဋေဖြင့် ဝယ်ယူပြီး ၁၈-ကုဋေတန် ကျောင်းတိုက်ကြီး တည်ဆောက်၍ ကျောင်းပြီးမြောက်သောအခါ ၁၈-ကုဋေအကုန် အကျခံပြီး ကျောင်းရေစက်ချပွဲကျင်းပရာ၌ နံနက်ရော ညပါ အလှူဒါနကို ပေးလှူလျက် သုံးလကြာ ကျင်းပ၏။ ဇေတဝန်ကျောင်းတော်ကို မြေနေရာ ၁၈-ကုဋေ၊ ကျောင်းတော်ဆောက်လုပ်မှု ၁၈-ကုဋေ၊ ကျောင်းရေစက်ချပွဲကျောင်းအောင်ပွဲ သုံးလကြာ ကျင်းပရာ ၁၈-ကုဋေ၊ စုစုပေါင်း ၅၄-ကုဋေ အကုန်အကျခံပြီး ဆောက်လုပ်လှူဒါန်း၏။

အနာထပိဏ်သေဋ္ဌေးသည် ၅၄-ကုဋေသော ဥစ္စာကို သာသနာတော်၌ လှူဒါန်းပြီးနောက် နေ့စဉ် အမြဲ မိမိနေအိမ်၌ အောက်ပါအလှူဒါနများကို ပြုလုပ်သည်။

၁။ နေ့စဉ် စာရေးတံဆွမ်း ငါးရာ
၂။ ပက္ခိက (၁၅-ရက်) ဆွမ်း ငါးရာ
၃။ နေ့စဉ် စာရေးတံယာဂုဆွမ်းင ါးရာ
၄။ ပက္ခိက (၁၅-ရက်) ယာဂုဆွမ်း ငါးရာ
၅။ ပဂ္ဂလိကနိစ္စဘတ် ဆွမ်း ငါးရာ

၆။ အာဂန္တုကဆွမ်းငါးရာ (ရောက်သစ်စရဟန်းအတွက်)
၇။ ဂမိကဆွမ်းငါးရာ (ခရီးသွားမည့် ရဟန်းအတွက်)
၈။ ဂိလာနဆွမ်းငါးရာ (မကျန်းမာသောရဟန်းအတွက်)
၉။ ဂိလာနုပဋ္ဌာက ဆွမ်းငါးရာ (သူနာပြုရဟန်းအကွက်)

အနာထပိဏ်သေဋ္ဌေးအိမ်၌ ရဟန်းသံဃာတော်များ ထိုင်နေသိတင်းသုံးရန်အတွက် နေရာငါးရာတို့ကို အမြဲခင်း၍ ထား၏။ နောင်မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် ဥပါသကာတို့ကို အစဉ်အတိုင်း ဧတဒဂ် ဘွဲထူးဂုဏ်ထူး ပေးတော်မူသည့်အခါ "ရဟန်းတို့-လှူဒါန်း ပေးကမ်း စွန့်ကြဲခြင်း၌ မွေ့လျော်ကြသည့် ငါဘုရား၏ တပည့်သာဝကတို့တွင် အနာထပိဏ်အမည်ဖြင့် ထင်းပေါ်ကျော်ကြား သောငယ်မည် သုဒတ္တသည် အမြတ်ဆုံးအသာဆုံး ဖြစ်၏" ဟု ချီးကျူးမိန့်မြွက်တော်မူ၏။ (မဟာဗုဒ္ဓဝင် ဆ-ဒု ၁၅၇။)

အနာထပိဏ်သေဋ္ဌေးကို စံနမူယူ၍ မိမိအိမ်သို့ ဆွမ်းခံကြွတော်မူသော သံဃာတော်များအား မိမိတို့ အင်အားရှိသလောက် သဒ္ဓါကြည်ဖြူ လောင်းလှူသင့်လှပေ၏။

ဘတ္တာဘတိကဓ၏ ဆွမ်းအလှူ

လွန်လေပြီးသောအခါက ဗာရာဏသီပြည်၌ ပစ္စည်းဥစ္စာ အလွန်ကြွယ်ဝချမ်းသာသော သေဋ္ဌေးကြီးတစ်ဦးရှိ၏။ ထိုသေဋ္ဌေးကြီးတွင် သားတစ်ယောက်လည်းရှိ၏၊ ဂန္ဓဟုခေါ်၏။ သားကလေးဂန္ဓ လူလားမြောက်အရွယ်ရောက်သည့်အခါ ဂန္ဓ၏ဖခင်သေဋ္ဌေးကြီးမှာ ကွယ်လွန်လေ၏။ သေဋ္ဌေးကြီး ကွယ်လွန်သည့်အခါ သေဋ္ဌေးကြီး၏ ပစ္စည်းဥစ္စာ အမွေအနှစ်ကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်မည့် သေဋ္ဌေးကြီး၏သား ဂန္ဓကို ဗာရာဏသီ

ဘုရင်မင်းမြတ်က ခေါ်၍ ဖခင်သေဋ္ဌေးကြီး၏ အရိုက်အရာ သေဋ္ဌေးရာထူးဖြင့် ချီးမြှောက်၍ ထိုအချိန်မှစ၍ ဂန္ဓသေဋ္ဌေးသားဟု နာမည်ကျော်ကြား၏။

ဂန္ဓသေဋ္ဌေးသား၏ ဖခင်သေဋ္ဌေးကြီးလက်ထက်က ပစ္စည်းဥစ္စာ ဘဏ္ဍာများကို ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်သည့် ဘဏ္ဍာစိုးသည် ဂန္ဓသေဋ္ဌေးသားကို ပစ္စည်းဥစ္စာဘဏ္ဍာများ သိုမှီးထိန်းသိမ်းထားသည့် ဘဏ္ဍာတိုက်သို့ ခေါ်သွားပြီး ဘဏ္ဍာတိုက်တံခါးကို ဖွင့်ပြ၏။ အသင်သေဋ္ဌေးသား ဤပစ္စည်းဥစ္စာများကား သင်၏ ဖခင်သေဋ္ဌေးကြီးပိုင်ဆိုင်သော ပစ္စည်းဥစ္စာများဖြစ်၏။ ဤပစ္စည်းဥစ္စာများကား သင့်ဖခင်သေဋ္ဌေးကြီး၏ အဖေ အသင်သေဋ္ဌေးသား၏ ဘိုးတော်ဘွားတော်တို့ ပိုင်ဆိုင်သော ပစ္စည်းများ ဖြစ်၏ဟု ပစ္စည်းဥစ္စာစာရင်းကို ရှင်းလင်းပြောကြား ပြသ၏။

ဂန္ဓသေဋ္ဌေးသားသည် ဘဏ္ဍာတိုက်တွင်းရှိ ပစ္စည်းဥစ္စာများကို သေချာစွာစိုက်ကြည့်ပြီး ဘဏ္ဍာစိုးအား ဤကဲ့သို့ ပြောဆိုမေးမြန်း၏။

အသင်ဘဏ္ဍာစိုး၊ ဘယ်လိုလဲ ကျွန်ုပ်၏အမိအဖ အဘိုး အဘွားတို့သည် ဤလောက်များပြားသော ပစ္စည်းဥစ္စာများကို စုဆောင်းရှာဖွေ၍ သူတို့တတွေ ဘာပစ္စည်းမျှ ယူဆောင်မသွားကြဘူးလား။

အရှင်သေဋ္ဌေးသား၊ မိမိရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာများကို ယူပြီး တမလွန်လောက နောက်နောင်ဘဝသို့ သွားသောသူ တစ်စုံတစ်ယောက်မျှ မရှိပါ။ သတ္တဝါတို့သည် မိမိပြုလုပ်အပ်သော ကုသိုလ် အကုသိုလ်ကိုသာလျှင် ယူဆောင်၍ သွားကြရပါကုန်၏။

ထိုသို့ ဘဏ္ဍာစိုးက ပြန်လည်ပြောဆိုသောအခါ ဂန္ဓသေဋ္ဌေးသား၏ စိတ်အကြံမှာ "ငါ၏မိခင် ဖခင် အဘိုး အဘွားတို့သည် ပညာနှံ့နဲ့မိုက်မဲကြသောကြောင့်သာ ပစ္စည်းဥစ္စာများကို ပင်ပန်းစွာ ရှာဖွေစုဆောင်းပြီး မိမိနောက်သို့ပါအောင် မယူကြပဲ စွန့်ထား၍ သွားကြကုန်၏။ ငါသည်

ကား မိဘဘိုးဘွားတို့ ရှာဖွေစုဆောင်းထားသော ဤပစ္စည်းဥစ္စာအားလုံးကို ယူသွားအံ့ဟု ကြံ၏။ သေဋ္ဌေးသားဂန္ဓသည် မိဘဘိုးဘွားတို့ ပင်ပန်းစွာရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာများကို အလှူဒါနကုသိုလ်ကောင်းမှုပြု၍ မိမိနောက်သို့ ပါအောင်ယူမည်ဟု စိတ်အကြံမဖြစ်ဘဲ မိဘဘိုးဘွား ရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာအားလုံးကို စားသွားမည်ဟု ကြံလေ၏။

သေဋ္ဌေးသားဂန္ဓသည် တစ်သိန်းသော အသပြာ အကုန်အကျခံ၍ ဖလ်ဖြင့် ပြီးသော ရေချိုးအိမ်ကိုပြုစေ၏။ အသပြာတစ်သိန်း အကုန်အကျခံ၍ ဖလ်သားပြင်ရေချိုးစရာ အင်းပျဉ်ကို ပြုစေ၏။ အသပြာတစ်သိန်း အကုန်အကျခံ၍ ဘောဇဉ်ထည့်ဖို့ရာ ခွက်ကိုပြုစေ၏။ အသပြာငွေတစ်သိန်း အကုန်အကျခံ၍ ဘောဇဉ်စားဖို့ရာ မဏ္ဍာပ်ကို ပြုစေ၏။ အသပြာငွေတစ်သိန်း အကုန်အကျခံ၍ ဘောဇဉ်ခွက်၌ ထည့်လောင်းခစား လုပ်ကျွေးရာကိုပြုစေ၏။ အသပြာငွေတစ်သိန်း အကုန်အကျခံ၍ လေသာပြူတင်းကို ပြုလုပ်စေ၏။ မိမိနံနက်စာအတွက် အသပြာငွေတစ်ထောင်၊ ညစာအတွက် အသပြာငွေတစ်ထောင်။ လပြည့်နေ့၌စား သုံးရန် ခဲဘွယ်ဘောဇဉ်အတွက် အသပြာငွေတစ်သိန်း ထုတ်ပေး၏။

သေဋ္ဌေးသားဂန္ဓသည် တစ်သိန်းတန် အဖိုးထိုက်သော ဘောဇဉ်ထမင်းကို စိမ်ချက်ပြုတ်သုံးဆောင်မည့် လပြည့်နေ့၌ အသပြာငွေတစ်သိန်းအကုန်အကျခံ၍ မြို့ကို လှပစေရန် တန်းဆာဆင်ပြီး "သေဋ္ဌေးသားဂန္ဓ၏ ထမင်းဘောဇဉ် စားသုံးသော အခမ်းအနားကို လာရောက် ကြည့်ရှုလိုသူများ ကြည့်ရှုနိုင်သည်ဟု စည်ကိုလှည့်လည်စေ၏။ ထိုသေဋ္ဌေးသားဂန္ဓထမင်းစားပွဲ အခမ်းအနားသည် လာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိ၏။

သေဋ္ဌေးသားဂန္ဓသည် အဖိုးတစ်သိန်း အကုန်အကျခံ ပြုလုပ်ထားသော ရေချိုးအိမ်ရှိ အဖိုးငွေတစ်သိန်းထိုက်သော ရေချိုးအင်းပျဉ်၌ ထိုင်လျက် တစ်ဆဲခြောက်လုံးကုန်သော နံ့သာရေတို့ဖြင့် ရေချိုးပြီး အဖိုးတစ်သိန်း အကုန်အကျခံပြုလုပ်ထားသော လေသာပြူတင်းပေါက်ကို ဖွင့်စေပြီး အဖိုးတစ်သိန်းအကုန်အကျခံ ပြုလုပ်ထားသော ပလ္လင်ပေါ်တွင် ထိုင်နေ၏။

သေဋ္ဌေးသား၀နွ ထိုင်နေသောအခါ အဖိုးတစ်သိန်း အကုန်အကျခံ ပြုလုပ်ထားသော ဘောဇဉ်ခွက်၌ သွန်းလောင်းထည့်ဖို့ရာ ပြုလုပ်ထားသော နေရာ၌ ဘောဇဉ်ခွက်ကိုထားပြီး အဘိုးတစ်သိန်းအကုန်အကျခံ စီမံချက်ပြုတ် ထားသော ဘောဇဉ်ထမင်းကို ဆောင်ယူကုန်၏။ သေဋ္ဌေးသား၀နွသည် ကချေသည် အပေါင်း ခြံရံလျက် စည်းစိမ်ချမ်းသာ ပြည့်စုံစွာဖြင့် စီမံပြုလုပ်အပ်သော ဘောဇဉ် ထမင်းကို စား၀သုံး၏။

တစ်နေ့သောအခါ တောအရပ်မှ သစ်၀ါးစသည်များကို လှည်းဖြင့် တင်ဆောင်၍ မြို့သို့တက်ပြီး ရောင်းချလုပ်ကိုင်စားသောက် အသက်မွေးမြူရသော တောသားတစ်ယောက်သည် သေဋ္ဌေးသား ၀နွ၏ ကြီးကျယ်ခမ်းနားစွာ ထမင်းစားပွဲ ပြုလုပ်မည့် လပြည့်နေ့၌ မြို့သို့သစ်၀ါးများ ရောင်းချရန် ရောက်လာ၏။ ယနေ့လပြည့်နေ့ဖြစ်သည် သေဋ္ဌေးသား၀နွ၏ ထမင်းစားပွဲကို ကြည့်ရှုလိုသူများ လာရောက်ကြည့်ရှုနိုင်ကြောင်း စည်လှည့်သံကိုကြား၍ အိမ်ရှင်မြို့သား၀ါ မိမိအိမ်၌ တည်းခိုနေထိုင်သော တောသားအား သူငယ်ချင်း သေဋ္ဌေးသား ၀နွ၏ ထမင်းစားပွဲကို တွေ့မြင်ဖူးပါ၏လော၊ မတွေ့မြင်ဖူးပါက လိုက်ပြမည်၊ ကြည့်ဖူးအောင်ကြည့်သွားပါလားဟု ပြောဆိုပြီး တောသားအား ခေါ်ဆောင်၍ သေဋ္ဌေးသား၀နွ၏ ထမင်းစားပွဲသို့ သွားကြ၏။

သေဋ္ဌေးသား၀နွသည် သိန်းများစွာအကုန်အကျခံ၍ ကြီးကျယ်ခမ်းနားစွာ စီမံထားသော ထမင်းကို လာရောက်ကြည့်ရှုကြသူများ ရှေ့မှောက်၌ စားသောက်၏။ သေဋ္ဌေးသား၀နွ စားသောက်သော ထမင်း၏ အနံ့သည် တောသား၏ နှာခေါင်းမှ ဝင်လေ၏။ ထမင်းနံ့ရသော တောသားသည် ထိုသေဋ္ဌေးသား စားသောထမင်းကို မစား၀ရ မနေနိုင်ဖြစ်ပြီး သူငယ်ချင်း မြို့သားအား သေဋ္ဌေးသား၀နွ စား၀သုံးသော ထမင်းကို စား၀သုံးလိုကြောင်း၊ ဤထမင်းကိုမှ မစား၀ရပါက အသက်ရှင်တော့မည်မဟုတ်ကြောင်း ပြောကြား၏။ သူငယ်ချင်း မြို့သားက မည်သို့ပင် ပြောဆိုတားမြစ်သော်လည်း တား၀ရ၊ မိမိကြည့်ရှုနေရာ အရပ်မှ “အရှင်-အသင့်အား ရှိခိုးပါ၏” ဟု သုံးကြိမ်ဟစ်အော်၍ ထမင်းစားလိုကြောင်း ပြောဆို၏။

အိုမိတ်ဆွေ–ကျွန်ုပ်ယခုစားသောထမင်းတစ်လုပ်သည် ရာထောင်မက တန်ဖိုးရှိ၏။ မိတ်ဆွေကဲ့သို့ လာတောင်းသူတိုင်းအား ပေးမည်ဆိုလျှင် ကျွန်ုပ်အတွက် စားဖို့ကျန်မည်မဟုတ်။ မည်သူကိုမျှ မပေးနိုင်ပါဟု ပြန်လည် ပြောဆိုသောအခါ "အရှင်–ဤယောကျ်ား တောသား၊သည် အသင်စား၊သော ထမင်းကို မစား၊ရပါက သေပါလိမ့်မည်၊ ထိုတောသား၏ အသက်ကို ပေးသနား၊ပါဟု တောင်းပန် ပြောဆို၏။ ထိုအခါ သေဋ္ဌေးသား ဂန္ဓက ကျွန်ုပ်၏ထမင်းသည် အဖိုးများစွာထိုက်တန်၏၊ အလကား၊သက်သက် မပေးနိုင် ကျွန်ုပ်အိမ်မှာ သုံးနှစ်ကျွန်ခံ၍ အိမ်အမှုများကို ပြုလုပ်နိုင်မည်ဆိုလျှင် ကျွန်ုပ်စား၊သောထမင်းကို စား၊ရလိမ့်မည်ဟု ပြောဆို၏။

တောသား၊သည် ထိုသေဋ္ဌေးသား၊ပြောဆိုသည့်အတိုင်း သေဋ္ဌေးသား၊ဂန္ဓ အိမ်မှာ သုံးနှစ်အလုပ်လုပ်ရန် လက်ခံသဘောတူပြီး တောမှာကျန်ရစ်သော သား၊သမီး၊များကိုပစ်ထား၍ အလုပ်များ စတင်ဝင်ရောက် လုပ်ကိုင်လေ၏။ ထိုအခါမှစတင်၍ ထမင်းစားဖို့ရန်အတွက် အခစား၊ဝင်လုပ်သောကြောင့် သူ၏အမည်သည် ဘတ္တာဘတိကဟု ထင်ရှား၊လာ၏။ သေဋ္ဌေးသား၊ဂန္ဓ၏ အိမ်မှာလုပ်ကိုင်စရာများကို ပျက်ကွက်မှု မရှိရလေအောင် နေ့စဉ်လုပ်ကိုင် ဆောင်ရွက်လေ၏။

သေဋ္ဌေးသား၊ဂန္ဓနေအိမ်မှာ အလုပ်လုပ်ကိုင် ဆောင်ရွက်လာရာ သုံးနှစ် ပြည့်သည့်အခါ သေဋ္ဌေးသား၊ဂန္ဓ၏ အမှုကိစ္စကြီး၊ငယ်ကို စိမ်းရဆောင်ရွက် သော ယောကျ်ား၊က သေဋ္ဌေးသား၊ဂန္ဓအား "အရှင်သူဋ္ဌေးမင်း–အရှင် သေဋ္ဌေးမင်း၏ ထမင်းကိုစား၊သုံး၊လို၍ သုံးနှစ်ကျွန်ခံပြီး အမှုကိစ္စကို ဆောင်ရွက် သောသူသည် ယနေ့သုံးနှစ် ပြည့်ပါပြီ၊ သုံးနှစ်တိုင်တိုင် အမှုကိစ္စလုပ်ကိုင် ဆောင်ရွက်ရာ ချို့ယွင်းပျက်ကွက်မှု တစ်စုံတစ်ခုကိုမျှ မတွေ့ရပါဟု ပြောကြား၊လေ၏။

သေဋ္ဌေးသား၊ဂန္ဓသည် မိမိအား၊လာရောက် ပြောကြား၊သော အမှုလုပ် ယောကျ်ား၊အား မိမိစား၊သုံး၊ရန် ညစာနံနက်စာအတွက် အသပြာနှစ်ထောင်၊ ဧနပုဒ်တောသား၊အား နံနက်စာအတွက် အသပြာတစ်ထောင်ကိုပေး၍

ယနေ့ငါအား ပြုလုပ်ဖွယ် အမှုကိစ္စဟူသမျှကို ဇနပုဒ်တောသား အား ပြုလုပ်ကြကုန်လော့၊ သေဋ္ဌေးကတော် စိန္တာမဏိ အမည်ရှိသော မယား တစ်ယောက်ကိုသာ ချန်လှပ်၍ ကျန်သူအားလုံး ဇနပုဒ်သားတောသားကို လုပ်ကျွေးသမှုပြုကြကုန်ဟု ပြောဆိုပြီး အလုံးစုံသော စည်းစိမ်ချမ်းသာကို အပ်နှင်း၏။ ဘတ္တာဘတိကသည် သေဋ္ဌေးသား ဂန္ဓ စား သုံးသော ထမင်းကိုစား လိုရ၍ သုံးနှစ်ကျန်ခဲ့ပြီး ယနေ့ သုံးနှစ်ပြည့်သည့်အတွက် ဂန္ဓသေဋ္ဌေး၏ ထမင်းကိုရလေပြီ၊ ထိုဘတ္တာဘတိက၏ ထမင်းစားပွဲ အခမ်းအနာကို ကြည့်ရှုလိုသူများ လာရောက်ကြည့်ရှုနိုင်သည်ဟူ၍ လည်းမြို့.ကို လှည့်လည်စေ၏။

ဘတ္တာဘတိကသည် တစ်သိန်းတန် ရေချိုးအိမ်တွင် တစ်သိန်းတန် ရေချိုးအင်းပျဉ်၌ တစ်ဆယ့်ခြောက်လုံးသော နံ့သာရေတို့ကို ချိုးပြီး တစ်သိန်းတန် လေသာပြူတင်းကို ဖွင့်ပြီး တစ်သိန်းတန်မဏ္ဍပ်အတွင်း အဆင်သင့်ပြင်ထားသော တစ်သိန်းတန်ပလ္လင်ပေါ်တွင်ထိုင်ဆင်းကျက် တစ်သိန်းတန်ခွက်ဖြင့် ထည့်ထားသော တစ်သိန်းတန် ထမင်းကို စားဖို့ရန် လက်ဆေးခွက်ထဲ လက်ဆေးသောအခါ ဂန္ဓမာဒနတောင်၌ သီတင်းသုံးသော ပစ္စေက ဗုဒ္ဓါ အရှင်မြတ်သည် နိရောဓသမာပတ်မှ ထတော်မူ၍ ကောင်းကင်ခရီးဖြင့် ကြွလာကာ ဘတ္တာဘတိက၏ ရှေ့.တည့်တည့်၌ ရပ်တော်မူ၏။

ဘတ္တာဘတိကသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ကိုမြင်၍ "ငါသည် ရွေးရွေးသောဘဝတို့၌ အလှူခံပုဂ္ဂိုလ်တို့အား မလှူဒါန်းသဖြင့် ဒါနမရှိသည် အဖြစ်ကြောင့် ယခုလို ထမင်းတစ်နပ်စာအတွက် သုံးနှစ် သူတပါးအိမ်၌ ကျွန်ခံ၍ အမှုလုပ်ရ၏။ သုံးနှစ်ကျွန်ခံမှရသော ဤထမင်းသည် ငါအား တစ်ရက်သာ စောင့်ရောက်နိုင်၏။ ငါမစား ဘဲ အရှင်မြတ်အား ပေးလှူသော် ကမ္ဘာများစွာ ငါ့အား စောင့်ရောက်ပေအံ့၊ ထိုထမင်းကို အရှင်မြတ်အား လှူဒါန်းအံ့ဟု ကြံ၍ပစ္စေက ဗုဒ္ဓါအရှင်မြတ်ထံသွားရောက်ပြီး မိမိစားတော့မည့်ဆဲဆဲ တစ်သိန်းတန် ထမင်းအုပ်ကို အနီးအနား ရှိနေသူအား ပေးထား၍ ပစ္စေကဗုဒ္ဓါအား ငါးပါးသော ထိခြင်းဖြင့် ရှိခိုးပြီး ထမင်းအုပ်ကိုပြန်ယူကာ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ သပိတ်၌ လောင်းလှူလိုက်၏။ ပစ္စေကဗုဒ္ဓါသည် ထမင်းအုပ်မှ ထမင်းတစ်ဝက်ရောက်သည့်အခါ သပိတ်ကို လက်ဖြင့်ပိတ်တော်မူ၏။

ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား–ဤထမင်းသည် တစ်ယောက်စာမျှသာဖြစ်ပါသည်၊ နှစ်ယောက်ခွဲဝေရန်မသင့်တော်ပါဘုရား၊ တပည်းတော်အား ယခုဘဝကိုကြည့်တော်မမူပါနှင့်၊ တမလွန်ကိုကြည့်မျှော်တော်မူ၍ ချီးမြှင့်တော်မူပါဘုရားဟု လျှောက်ထားပြီး ဆွမ်းအားလုံး လောင်းလှူလိုက်ပြီး "အရှင်ဘုရား–တပည့်တော်သည် ဤထမင်းကို အကြောင်းပြု၍ သူများအိမ်၌ သုံးနှစ်ကာလကြာအောင် အခစား အမှုပြုလုပ်၍ ကျွန်အဖြစ်ခံခဲရပါသည် ဘုရား၊ သုံးနှစ်ကျွန်ခံပြီးမှ စားခွင့်ရသော ဤထမင်းကို တပည့်တော်စားလိုသော အာသာတဏှာကိုဖြတ်၍ အရှင်ဘုရားအား တပည့်တော်အတွက် အကြွင်းမထား ဘဲ လှူဒါန်းပါ၏အရှင်ဘုရား။ ဤကောင်းမှုကုသိုလ်ကြောင့် တပည့်တော်သည် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ စည်းစိမ် ကြွယ်ဝချမ်းသာပြီး အရှင်ဘုရားတို့ သိမြင်အပ်သောတရားကို သိရပါလို၏ဟု ဆုတောင်း၏။ အရှင်ပစ္စေကဗုဒ္ဓါသည် ဒါယကာတောင်းသည့်အတိုင်း ပြည့်ဝပါစေဟု အနုမောဒနာပြု၍ ဂန္ဓမာဒနတောင်သို့ ပြန်ကြွတော်မူသည့်အခါ ဤလူအပေါင်းသည် ငါ့ကို ကြည့်ရှုလျက် တည်ပါစေဟု အဓိဋ္ဌာန်၍ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၏။

အရှင်ပစ္စေကဗုဒ္ဓါသည် ဂန္ဓမာဒနတောင်သို့ ရောက်သည့်အခါ ဘတ္တာဘတိက လောင်းလှူ လိုက်သော တစ်သိန်းတန်ဆွမ်းကို ပစ္စေကဗုဒ္ဓါငါးရာတို့အား တစ်ဖန် ခွဲဝေလှူဒါန်း၏။ ပစ္စေကဗုဒ္ဓါငါးရာတို့သည် မိမိတို့မျှတလောက်ရုံသာ အလှူခံပြီး ဘုဉ်းပေးတော်မူ၏။ ဘတ္တာဘတိက လောင်းလှူလိုက်သောတစ်ယောက်စာသာ ရှိသည့်ထမင်းသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာ လောက်စွာ ဘုဉ်းပေးသုံးဆောင်နိုင်၏။

ဘတ္တာဘတိက၏ ထမင်းစားပွဲကိုကြည့်ရှုန် လာကြသော လူအပေါင်းသည် ထိုအခြင်းအရာကို မျက်ဝါထင်ထင် တွေ့မြင်ရ၍ ဘတ္တာဘတိကအား ချီးမွမ်းပြောဆို ကောင်းချီးသြဘာ ပေးကြသည်မှာ မိုးခြိမ်းသံမက အုတ်အုတ်ကျက်ကျက် ဆိုညံသွား၏။ ဂန္ဓသေဋ္ဌေးသည် ထိုအသံကိုကြား၍ ဘတ္တာဘတိကသည် ယနေ့ငါပေးလိုက်သော စည်းစိမ်ချမ်းသာကို မဆောင်စွမ်းနိုင်သောကြောင့် လူအများ ပျက်ရယ်ပြုကြသည်ဖြစ်မည်ဟု ထင်မှတ်ပြီး အကြောင်းစုံသိလို၍

လူလွတ်ပြီး စုံစမ်းစ်။ တိုသူသည် အကြောင်းအလုံးစုံကို စုံစမ်းရ၍ ဂန္ဓသေဋ္ဌေးအား တစ်ဖန်ပြောကြား၏။

ဂန္ဓသေဋ္ဌေးသည် အကြောင်းအလုံးစုံကိုသိ၍ "အော် အံ့ဩဖွယ်ရှိပါပေစ်၊ ဘတ္တာဘတိကသည် ပြုလုပ်နိုင်ခဲသော အမှုကို ပြုလုပ်ပါပေစ်။ ငါသည် ဤမျှလောက် ကာလပတ်လုံး များပြားစွာသော စည်းစိမ် ချမ်းသာ ရှိပါလျက် တစ်စုံတစ်ခုသော ဒါနဝတ္ထုကို ပေးလှူခြင်းငှာ မစွမ်းနိုင်" ဟု နောင်တရပြီး ဘတ္တာဘတိကကို ခေါ်စေ၍ ဘတ္တာဘတိက၏ ကုသိုလ်အဖို့ကို သာဓုခေါ်ပြီး မိမိပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာကို တစ်ဝက်ခွဲပေး၏။

ထိုအကြောင်းကို ဘုရင်ကြီး ကြားသိပြန်သော် ဘတ္တာဘတိကအား ခေါ်စေ၍ အသပြာတစ်ထောင် ပေးပြီး ကုသိုလ်အဖို့ကို ယူကာ မင်းကြီးအလွန်နှစ်သက်သဖြင့် ကြီးစွာသော စည်းစိမ်ချမ်းသာကို ချီးမြှင့်၍ သေဋ္ဌေးအရာ ပေးသနားလေ၏။ ဘတ္တာဘတိက၏ အလှူဒါနသည် လက်ငင်းအကျိုးပေး၏။ ထိုသို့ လက်ငင်း အကျိုးပေးခြင်းသည် –

၁။ လှူခံပုဂ္ဂိုလ်သည် ပစ္စေကဗုဒ္ဓါအရှင်ဖြစ်၍ ဝတ္ထု၏ ပြည့်စုံခြင်း
၂။ သုံးနှစ်ကျွန်ခံပြီးမှ တရားသဖြင့် ရသော ထမင်းဖြစ်၍ လှူဖွယ်ပစ္စည်း၏စင်ကြယ်ခြင်း
၃။ မလှူမီ၊ လှူဆဲ၊ လှူပြီးကာလ၌ စေတနာသုံးတန်ညီညွတ်သဖြင့် စေတနာ၏ ပြည့်စုံခြင်း
၄။ ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ နိရောဓသမာပတ်မှ ထမြောက်ခါစ ဖြစ်ခြင်းကြောင့် ဂုဏ်ကျေးဇူးလွန်ကဲခြင်းနှင့် ပြည့်စုံခြင်း။

ဤဘတ္တာဘတိက၏ အလှူဒါနသည် အထက်ဖော်ပြပါ သမ္ပဒါတရား လေးပါးနှင့် ပြည့်စုံသည်၏ အစွမ်းသတ္တိကြောင့် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ လက်ငင်းဒိဋ္ဌကြီးစွာသော စည်းစိမ်ချမ်းသာကို ရရှိခြင်း ဖြစ်ပါ၏။

ဘတ္တာဘတိကသည် သုံးနှစ်ကျွန်ခံမှ ရရှိသော ထမင်းကို အရှင်ပစ္စေက ဗုဒ္ဓါအား ရက်ရက်ရောရော တွယ်တာမှုမရှိ လှူဒါန်းခြင်းသည် သာမန် ပုဂ္ဂိုလ်များအဖို့ စိတ်ဖြင့်သော်မျှ မကြဲနိုင်သော အမှုမျိုးကို လွယ်ကူစွာ ပြုလုပ်နိုင်ပေ၏ဟု အတုယူကြကာ မိမိတို့လည်း မိမိပိုင်ပစ္စည်းများကို မိမိတို့နောက်သို့ အပါယ်ရှိနိုင်ကြရန်မလှူနိုင် မတမ်းနိုင်လောက်အောင် တွယ်တာမှု လောဘ, မိမိပစ္စည်းများကုန်သွားမည်ကို နှမြောမှု မစ္ဆရိယတရား တို့ကို တော်လှန်ပယ်ခွာကာ နည်းများမဟူ အလှူဒါနပြုလုပ်သင့်လှပါ၏။

(သုခသာမဏေဝတ္ထု၊ ဓမ္မ-၄-၂။ ၅၅။)

ဆွမ်းဒကာ မဟာဒုဂ်၏ လက်ငင်းအကျိုး

အခါတစ်ပါး၌ ကဿပဘုရားရှင်သည် ရဟန္တာအပေါင်းနှစ်သောင်း ခြံရံလျက် ဗာရာဏသီပြည်သို့ ဒေသစာရီ ကြွချီတော်မူလေ၏၊ ထိုအခါ များစွာသော မြို့.သူမြို့.သား တို့သည် မိမိတို့ စွမ်းနိုင်သလောက် သတ်မှတ်၍ စာရေးတံ ဆွမ်းအလှူကို ပေးလှူကြလေ၏။

တစ်နေ့တွင် ဘုရားရှင်သည် ဆွမ်းအနုမောဒနာပြုသောအခါ "ဒါယကာ ဒါယိကာမအပေါင်းတို့၊ ဤလောက၌ အချို့.ကုန်သော သူတို့.သည် မိမိသာ ပေးလှူ၏၊ သူတစ်ပါးတို့.ကို မလှူဒါန်းစေ၊ လှူဒါန်းရန် မတိုက်တွန်း၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို ရ၏။ အခြံအရံ၏ ပြည့်စုံခြင်းကိုမရ။ အချို့.သော သူသည် သူတစ်ပါးကိုသာ လှူဒါန်းစေ၏၊ မိမိမူကား မပေး၊ မကမ်း၊ မလှူဒါန်း။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝ၌ အခြံအရံ၏ ပြည့်စုံခြင်းကိုရ၏၊ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုကား မရနိုင်။ အချို့.သောသူသည် မိမိလည်း မပေးကမ်း မလှူဒါန်း၊ သူတစ်ပါးကိုလည်း မလှူဒါန်းစေ။ ထိုသူသည် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို လည်းမရ၊ အခြံအရံ၏ပြည့်စုံခြင်းကိုလည်းမရ။ စားကြွင်းစားဖြစ်၍ အသက်မြင့်ရှည်တည် နေရ၏။ အချို့.သောသူသည် မိမိလည်းပေးကမ်း လှူဒါန်း၏၊ သူတစ်ပါးကိုလည်း လှူဒါန်းစေ၏။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသောဘဝ၌ စည်းစိမ်ချမ်းသာ၏

ပြည့်စုံခြင်းကိုလည်းရ၏၊ အခြံအရံ၏ ပြည့်စုံခြင်းကိုလည်း ရ၏" ဟု ဟောကြားတော်မူ၏။

ထိုအခါအနီးအပါး၌ တရားနာနေသော ပညာရှိအမျိုးသားတစ်ဦးသည် "ငါသည် ဘုရားရှင် ဟောသည့်အတိုင်း ပြုလုပ်ရသော် စည်းစိမ်၊ အခြံအရံ နှစ်မျိုးတို့နှင့် ပြည့်စုံလတ္တံ့."ဟု ကြံလေ၏။ ထို့နောက် ထိုအမျိုးသားသည် ဘုရားရှင်ထံသို့ ချဉ်းကပ်ပြီးနောက် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ နက်ဖြန်နံနက်၌ တပည့်တော်၏ဆွမ်းကို ခံယူတော်မူပါဘုရား" ဟု ပင့်လျှောက်၏၊ ဘုရားရှင်က "ဒါယကာ သင်သည် ရဟန်းမည်မျှ အလိုရှိသနည်း"ဟု မေးတော်မူ၏၊ "မြတ်စွာဘုရား အရှင်မြတ်၏ အခြံအရံသံဃာသည် မည်မျှရှိပါသနည်း ဘုရား" ဟု လျှောက်၏၊ ဘုရားရှင်က "နှစ်သောင်းမျှလောက်ရှိ၏"ဟု မိန့်တော်မူ၏၊ မြတ်စွာဘုရား မြတ်စွာဘုရားနှင့် ရဟန်းသံဃာနှစ်သောင်းလုံး နက်ဖြန်နံနက် တပည့်တော်၏ ဆွမ်းကို ခံယူတော်မူပါ ဘုရား"ဟု လျှောက်၏။

မြတ်စွာဘုရားသည် ပင့်ဖိတ်မှုကို သည်းခံတော်မူသည်၊ ထိုအမျိုးသားသည် ဘုရားရှင်လက်ခံသည်ကို သိရှိသောအခါ ရွာတွင်းသို့ ပြန်လာပြီး "အိုမိခင် ဖခင်တို့ အကျွန်ုပ်သည် နက်ဖြန် နံနက်အလို့ငှာ ဘုရားအမှူးရှိသော သံဃာအပေါင်းကို ပင့်ဖိတ်ခဲ့၏၊ အသင်တို့သည် မိမိတို့တတ်စွမ်းနိုင်သည့် သံဃာအရေအတွက်ကို မိမိအိမ်သို့ပင့်၍ ဆွမ်းဆက်ကပ်နိုင်၏၊ ထိုမျှလောက်သော သံဃာအရေအတွက်စာရင်းကို စာရင်းပြုစု၍ လှူဒါန်းကြပါကုန်လော့" ဟု တစ်အိမ်တက်ဆင်း လှည့်လည်ပြောကြားလေ၏။

ရွာရှိ ဒါယကာ ဒါယိကာမတို့သည် ငါတို့ကအပါး ငါးဆယ်၊ ငါတို့က အဖါးတစ်ရာ ငါတို့က အပါး နှစ်ရာ၊ အပါး ငါးရာ၊ အပါး တစ်ထောင်စသည်ဖြင့် မိမိတို့စွမ်းနိုင်သော သံဃာအရေအတွက်ကို လက်ခံယူကြသည်၊ ပညာရှိ အမျိုးသားသည် ထိုသို့တာဝန်ယူကြသော သံဃာစာရင်းကို မှတ်သား၍ တစ်အိမ်တက်ဆင်း ဆက်လက် စာရင်းကောက်လေသည်။

ထိုအချိန်တွင် ဗာရာဏသီ၌ အလွန်ဆင်းရဲသော မဟာဒုဂ်ဆိုသူ တစ်ဦးရှိသည် ထိုပညာရှိအမျိုးသားသည် လမ်းတွင် မိမိရှေ့လာရောက်တွေ့ဆုံသော မဟာဒုဂ်ကိုမြင်သောအခါ "အဆွေမဟာဒုဂ် ငါသည် နက်ဖြန်နံနက် ဘုရားအမှူးရှိသောသံဃာတော် မျှားကို ဆွမ်းကပ်လှူရန် ပင့်ဖိတ်ခဲ့သည်၊ မြို့.သူမြို့.သား တို့.သည်လည်း မိမိတတ်နိုင်သလောက် သံဃာအရေအတွက်ကို တာဝန်ယူကြပြီး ဆွမ်းကပ် လှူကြမည်၊ သင်'ကော သံဃာမည်မျှ တတ်နိုင်မည်နည်း" ဟုမေး၏။

"အချင်း-ငါ့အဖို့ သံဃာကို မည်သို့ တာဝန်ယူနိုင်ပါမည်နည်း၊ ယာဂု ကိုပင် အနိုင်နိုင် သောက်နေရသူဖြစ်သည်၊ နက်ဖြန်အတွက် ယာဂုစာပင် မရှိပါ၊ အခစား လုပ်၍ ရှာရပါဦးမည်၊ သံဃာတော်များကို ငွေကြေးပြည့်စုံသူတို့သာ တာဝန်ယူ၍ ကျွေးမွေးလှူဒါန်းနိုင်မည်သာ ဖြစ်ပါသည်" ဟု ပြော၏။

သူတပါးကို တိုက်တွန်းနှိုးဆော်တတ်သော သူသည် လိမ်မာပါးနပ်သူဖြစ်ပေရာ မဟာဒုဂ်က မရှိဟူ၍ ပြောဆိုကာယျဖြင့် ဆိတ်ဆိတ်မနေဘဲ မဟာဒုဂ်အနီးသို့ချဉ်းကပ်ပြီး "အဆွေမဟာဒုဂ်-ဤဗာရာဏသီမြို့.၌ လူတို့သည် ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ပြီး ကောင်းသောအိမ်တို့.၌နေကြသည်၊ သင့်မှာမူကား တစ်နေ့.လုပ် တစ်နေ့.စား ဘဝဖြင့် ဝမ်းပင်မဝသူဖြစ်နေရသည်၊ ဤသည်မှာ သင်သည် အတိတ်ဘဝက ဒါနစသောကောင်းမှုကုသိုလ် မပြုလုပ်ခဲ့သောကြောင့် ခုလို ဆင်းရဲနေသည်ကို သင်သိပါသလော" ဟု မေး၏။ မဟာဒုဂ်က သိကြောင်း ဖြေကြား၏။ ပညာရှိအမျိုးသား၊က "မဟာဒုဂ် သင်သိပါလျက် ယခုအဘယ်ကြောင့် ကုသိုလ်ကောင်းမှုမပြုလုပ်ပါသလဲ၊ သင်သည် ပို့မြစ်နုနယ်အား ခွန်ဗလနှင့် ပြည့်စုံသူဖြစ်ပါသည်၊ အခစား လုပ်ပြီး ရသော အသပြာဖြင့် အစွမ်းရှိသမျှ ကုသိုလ်ပြုသင့်သည်မဟုတ်ပါလော" ဟု တိုက်တွန်းစကား ပြောကြား၏။

မဟာဒုဂ်သည် ပညာရှိအမျိုးသား ပြောသော စကား ကို နာ၊ထောင်လျက် ထိတ်လန့်.ခြင်း သို့.ရောက်သည် ဖြစ်၍ -

"အရှင်-ရဟန်းတစ်ပါးကို ဆွမ်းကပ်လှူပါမည်၊ ရဟန်းတစ်ပါးစာရင်းမှတ်လိုက်ပါ၊ အကျွန်ုပ်အခစားလုပ်၍ရသော အခဖြင့် ဆွမ်းကပ်လှူပါမည်"ဟု ဝန်ခံစကား ပြောလိုက်လေသည်။

စာရင်းကိုင်ပညာရှိ အမျိုးသားသည် သံဃာတော်တစ်ပါးမျှကို စာရင်းရေးမှတ်ထားသဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု စာရင်းမတင်ဘဲထားလေ၏။

မဟာဒုဂ်သည် အိမ်ပြန်လာပြီး မိမိဇနီးကို "ချစ်နှမ-မြို့လူထုသည် သံဃာတော်အား ဆွမ်းလှူဒါန်းခြင်း ပြုကြကုန်လတ္တံ့၊ ငါ့ကိုလည်းနှိုးဆော်တိုက်တွန်းသော ယောကျ်ားက သံဃာ တစ်ပါး ဆွမ်းလှူရန် နှိုးဆော်တိုက်တွန်း၍ ငါသည် သံဃာတစ်ပါး ဆွမ်းလှူရန် တာဝန်ယူခဲ့သည်" ဟု ပြောပြ၏။ မဟာဒုဂ်၏မယား သည် "ငါတို့မှာ ဥစ္စာမရှိဘဲနဲ့ ဘာကြောင့် တာဝန်ယူခဲ့ရသလဲ"ဟု အပြစ်မပြောဘဲ "အရှင်-သင်သည် ကောင်းသည်ကိုပြုခဲ့ပေပြီ၊ ငါတို့သည် ရွေးရွေးဘဝ၌ တစ်စုံတစ်ခုသောဒါနဝတ္ထုကို ပြုလုပ်လှူဒါန်းခြင်း မရှိသောကြောင့် ယခုဘဝ၌ ဆင်းရဲပင်ပန်းခြင်း ဖြစ်ရကုန်၏၊ ငါတို့သည် အခစားအမှုကိုပြု၍ သံဃာတော်ကို ဆွမ်းကပ်ကြပါကုန်စို့." ဟု ပြောကာ ဇနီးမောင်နှံ နှစ်ယောက်တို့သည် အခစား အလုပ်လုပ်ရန် ထွက်ခဲ့ကြလေ၏။

သေဋ္ဌေးကြီးတစ်ဦးသည် မဟာဒုဂ်ကိုမြင်ပြီး "ဟေ့ မဟာဒုဂ်၊ သင် အခစားအလုပ်ကို လုပ်မည်လော" ဟု မေး၏။ "အရှင်-လုပ်ပါမည်" ဟု ဖြေ၏။ "မဟာဒုဂ် သင်ဘယ်အလုပ်မျိုးကို လုပ်ပါသလဲ "ဟု မေး၏။ မဟာဒုဂ်က "အရှင်သေဋ္ဌေးမင်း အလုပ်ဟူသမျှ လုပ်ပါသည်၊ အရှင်၏အလုပ်ကိုသာ ပြောပါ" ဟု မဟာဒုဂ်က ပြောသောအခါ သေဋ္ဌေးက "မဟာဒုဂ် ကောင်းပြီ ငါသည် နက်ဖြန်နံနက် သံဃာနှစ်ရာကို ဆွမ်းကပ်လှူမည်၊ ထိုအတွက် မွန်မြတ်သောဆွမ်းချက်ရန် ထင်းလိုနေ၍ ထင်းခွဲပေးပါဟု ပြောလေ၏။

သေဋ္ဌေးသည် မဟာဒုဂ်ကို ပဲခွပ်၊ ပုဆိန်တို့ကိုပေး၍ ထင်းတို့ကို ခွဲစေသည်၊ မဟာဒုဂ်သည် ခါးတောင်းကျိုက်ပြီး ပုဆိန်ကိုမြှောက်ပြီး ကိုင်လျက် ထင်းတို့ကို ခွဲစိပ်ပေးလေ၏။

မဟာဒုဂ်၏ အင်တိုက်အား‌တိုက် အလုပ်လုပ်နေသည်ကို မြင်ရသော သေဋ္ဌေးကြီးသည် "မဟာဒုဂ် သင်သည် ဒီနေ့ အလွန်ကြိုးစားအားထုတ်ပြီး အလုပ်လုပ်သည်၊ သင့်မှာ အကြောင်းကိစ္စဘာရှိလို့လဲ" ဟု မေး၏။ မဟာဒုဂ်က "အရှင် သေဋ္ဌေးမင်း အကျွန်ုပ်သည် နက်ဖြန်နံနက်၌ သံဃာတော် တစ်ပါး‌ကို ဆွမ်းကပ်ရန် တာဝန်ယူထား‌ပါသည်" ဟု ပြော‌ပြ၏။

သေဋ္ဌေး‌ကြီးသည် မဟာဒုဂ်ပြောစကား‌ကို ကြား‌ရလျှင် ဝမ်း‌မြောက်သော စိတ်ရှိလျက် ကြံစည်မိသည်မှာ "မဟာဒုဂ်ပြုအပ်သော အလှူသည်ကား အံ့.သြဖွယ်ရှိပေစွ၊ ငါသည် ဆင်း‌ရဲသူတည်း‌ဟု နေလျှင် ဖြစ်ပါလျက် မနေဘဲ အခစား‌အမှုကိုပြုလုပ်ပြီး သံဃာတော်တစ်ပါး‌ကို ဆွမ်း‌ကပ်လှူအံ့ ဟု ပြော‌ဆိုဝန်ခံခြင်း‌သည် ချီး‌ကျူး‌ဖွယ် ရှိလှ၏" ဟု အောက်မေ့ကာ မဟာဒုဂ်အား ထင်း‌ခွဲခအဖြစ် လေး‌ကွမ်း‌စား‌သော သလေး‌ဆန်‌ကို ပေး‌ပြီး‌နောက် "ဒါက မင်း‌လုပ်အား‌ကို သဘောကျ၍ ငါက ထပ်မံဆောင်း ပေး‌ခြင်း‌ဖြစ်တယ်" ဟု ပြော‌ပြီး သလေး‌ဆန် လေး‌ကွမ်း‌စား‌ထပ်မံပေး၏။

သေဋ္ဌေး‌ကတော်‌ကလည်း မဟာဒုဂ်ဧနီး‌ကို ခေါ်၍ စပါး‌တို့ကိုထောင်း‌စေ၍ ဆန်‌ကော, ဗန်း‌တို့ဖြင့် ပြာတီး‌စေ၏။ မဟာဒုဂ်မယား‌သည် သီချင်း‌ဆို၍ က, တော့်မည်‌ကဲ့သို့ ရွှင်လန်း‌ပျော်မြူး‌စွာဖြင့် စပါး‌တို့ကို ထောင်း‌ဖွပ်ပြာလေ၏။

သေဋ္ဌေး‌ဟာ‌တော်‌ကလည်း မဟာဒုဂ်မယား‌၏ တက်‌ကြွသည့် အပြုအမူကို ကြည့်၍ မေး‌ရာ သံဃာတစ်ပါး ဆွမ်း‌ကပ်မည်‌ကို သိသောအခါ မဟာဒုဂ်မယား‌ကို နှစ်သက်သဘောကျ၍ ထောပတ်အိုး၊ နို့ဓမ်းအိုး၊ ငရုပ်၊ ဂျင်း၊ သလေး‌ဆန် တစ်‌ကွမ်းစား‌တို့ကို ပေး၏။

မဟာဒုဂ်လင်မယား‌တို့သည် ပေး‌လှူဖွယ်ပစ္စည်း‌ဝတ္ထု‌တို့ကို ရလာသော အခါ –

"ငါတို့သည် အလှူ၏အကျိုးကို ဒိဋ္ဌပင်ရချေပြီ" ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။ နောက်နေ့နံနက်တွင် စောစောထကြပြီး ဆွမ်းအတွက် ဆောင်ရွက်စရာ ရှိသည်တို့ကို ဆောင်ရွက်ကြ၏။ မဟာဒုဂ်မယား:က "အမောင် ဟင်းသီးဟင်းရွက် ကောင်းနိုးရာရာတို့ကို ရှာချေပါ" ဟု စေခိုင်း၏။ မဟာဒုဂ်သည် မယား:စေခိုင်းသည့်အတိုင်း ဈေးသို့သွား:ရာ ဈေးတွင် ဟင်းသီးဟင်းရွက်မရ၍ မြစ်ဆိပ်ကန္နား:ဘက်သို့ ထွက်ခဲ့၏။ "ဒီနေ့ အရှင်မြတ်တို့အား ဆွမ်းဘောဇဉ်ကို ဆက်ကပ်ရတော့မည်"ဟု အား:ရဝမ်းမြောက်ကြည်လင်သော စိတ်ဖြင့် သီချင်:တို့ကို ဟစ်အော်သီဆိုလျက် ကောင်းနိုးရာရာ ဟင်းသီးဟင်းရွက်တို့ကို ရွေးချယ်ဆွတ်ခူး၍နေ၏။ ထိုအချိန်တွင် မြစ်တဲ၌ ပိုက်ကွန်ပစ်နေသော တံငါသည်တစ်ဦး:က "ဒီအသံသည် မဟာဒုဂ်အသံ ဖြစ်ပေလိမ့်မည်"ဟု အောက်မေ့ကာ မဟာဒုဂ်ကို လှမ်းခေါ်၏။ "မဟာဒုဂ် သင်သည် ရွှင်လန်းဝမ်းမြောက်သောစိတ်ဖြင့် သီချင်:ဆိုနေပါလား:၊ အကြောင်:ထူး:တော့ ရှိဟန်တူသည်၊ ဘာလုပ်ဖို့ ဟင်းသီးဟင်းရွက်တွေ ရွေးချယ်ပြီး ခူး:နေသလဲ" ဟု မေး:၏။

အဆွေ ယနေ့ သံဃာတော်တစ်ပါး: ဆွမ်းကပ်ရအောင် ဟင်း:အဖြစ် ဟင်းသီးဟင်းရွက်တွေကို ငါလာခူး:တာပါဟု ချို့သာစွာ ပြန်ဖြေလိုက်၏။ သြော် အံ့သြဖွယ်ရှိပေစွတကား:၊ ချမ်းသာခြင်း ရှိကြတဲ့ရဟန်း သံဃာတော်တွေက သင်ရဲ့ ဟင်းသီးဟင်းရွက်ကို ဘုဉ်းပေး:ပါ့မလား:"ဟု ပြောသည့်အခါ မဟာဒုဂ်က "အဆွေ ဒီလိုဆို ကျွန်ုပ် ဘယ်လိုလုပ်ရပါ့မလဲ အကြံပေး:စမ်း:ပါဦး:၊ ကျွပ်ကတော့ ကျွပ်တတ်နိုင်တဲ့ ဟင်းသီးဟင်းရွက်တွေနဲ့ပဲ ကြော်ချက်ပြုလုပ်ပြီး: ဆက်ကပ်လှူဒါန်း:ရမှာပါ" ဟု ပြောသောအခါ တံငါသည်က "အဆွေ အား:မငယ်နဲ့၊ လာ ငါ့နောက်လိုက်ခဲ့" ဟု ခေါ်၏။ မဟာဒုဂ်က "ဟုတ်ကဲ့ အဆွေ ကျွပ်ဘာလုပ်ရမလဲ" ဟုမေး:၏။ တံငါသည်က "ဒီငါး:တွေကိုယူပြီး: တစ်မတ်တန် ငါး:မူး:တန် တစ်ကျပ်တန် စသည်ဖြင့် ငါး:တွေကို ရွေးချယ်၍ ပုံထား:ပါ ဟုပြော၏။

မဟာဒုဂ်လည်း တံငါသည်ဆိုတိုင်း ပြုလုပ်ထားပေးသည်၊ မြို့သူမြို့သား တို့သည် သံဃာတော်များ ဆွမ်းကပ်ရန်အတွက် လာရောက်၍ ပုံထားသော ငါးတို့ကို ဝယ်ယူသွားကြလေ၏။

မဟာဒုဂ် ငါးတို့ကို စိစစ်ရွေးချယ် ထုပ်ပိုးနေစဉ်ပင် ဆွမ်းကပ်ခါနီးအချိန် သို့ ရောက်လာလေသည်။ မဟာဒုဂ်သည် အချိန်ကာလကိုမှတ်ပြီး တံငါသည် အထံသို့ သွားရောက်ကာ အဆွေ ဆွမ်းကပ်ချိန်နီးနေပြီ ရဟန်းသံဃာတို့ ကြွလာတော့မည်၊ ဒါ့ကြောင့် ငါသွားတော့မည် ဟု ပြောသောအခါ တံငါသည်က "ကောင်းပြီ အဆွေ သင်ကော ငါးရပြီလား" ဟု မေး၏။ မဟာဒုဂ် က "ငါးတွေကုန်သွားပြီ၊ ငါးတစ်ကောင်မျှ ငါမရပါ ဟု ပြော၏။ တံငါသည်က "ဒါဆိုလာ ငါသဲထဲမှာ မြှုပ်ထားတဲ့ ငါးကြင်းလေးကောင်ရှိသည်၊ သင်သည် သံဃာတော်များ ဆွမ်းကပ်ရန် ဆွမ်းချက်ဖို့ အဲဒီ ငါးကြင်း လေးကောင်ကို ယူသွားပေတော့ဟု ပြောလေ၏။

မဟာဒုဂ်သည် တံငါသည် ပေးလိုက်သော ငါးကြင်းလေးကောင်ကို သဲထဲမှ ဖေါ်ယူကာ သီချင်းတကြော်ကြော်ဖြင့် ပျော်ရွှင်စွာ အိမ်သို့ ပြန်လာခဲ့ လေ၏။

ထိုနေ့၌ပင် ကဿပဘုရားရှင်သည် လောကကိုကြည့်ရှုလတ်သော် ရွှေဉာဏ်တော် ကွန်ယက်၌ မဟာဒုဂ်ကို မြင်တော်မူလေသည်။ အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု ကြည့်ရှုဆင်ခြင်လတ်သော် မဟာဒုဂ်သည် သံဃာတော် တစ်ပါးကို ဆွမ်းလှူဒါန်းအံ့ဟု ဇနီးခင်ပွန်း နှစ်ယောက်လုံး အခစားအမှု ပြုလုပ်နေသည်ကို မြင်တော်မူလေ၏။

အဘယ်ရဟန်း ရလတ္တံ့နည်းဟု ကြည့်ရှုပြန်သော် လူအပေါင်းသည် မိမိတို့ စာရင်းပေးထားသော သံဃာတော်အရေအတွက်အတိုင်း အသီးသီး ကိုယ်စီကိုင ပင့်ဆောင်ကြကုန်လတ္တံ့၊ ဤမဟာဒုဂ်ကား ငါဘုရားမှတစ်ပါး အခြားရဟန်းတစ်ပါးမျှ မရလတ္တံ့ ဟု ဗုဒ္ဓစက္ခုဉာဏ်တော်မူမိလေသည်။

ဘုရားရှင်တို့၏ အကျင့်မြတ်သည်ကား လောက၌ မိဘတို့သည် သား‌သမီး‌တို့တွင် ဆင်း‌ရဲသော သား‌သမီး‌တို့ကိုသာ ကြင်နာသနား ကရုဏာ အား‌ဖြင့် မ,စစောင့်ရှောက်ကြသကဲ့သို့ အလွန်ဆင်း‌ရဲသော သတ္တဝါ တို့ကိုသာ သနား‌ကြင်နာ ငဲ့ညှာတော်မူတတ်လေသည်။ သို့အတွက် ဘုရား‌ရှင်သည် နံနက်စောစောကပင်လျှင် ကိုယ်လက် သုတ်သင်၍ မဟာဒုဂ်ကို ချီး‌မြှင့်အံ့ဟု အောက်မေ့ဆင်ခြင်တော်မူလျက် ဂန္ဓကုဋီတိုက်သို့ ကြွဝင်တော်မူ၍ သီတင်း‌သုံး ထိုင်နေတော်မူလေသည်။

မဟာဒုဂ်သည် ငါး‌ကြင်း‌တွဲ ဆွဲ၍ အိမ်သို့ ဝင်သည်ရှိသော် သိကြား‌မင်း‌၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်း‌မာပူပြင်း‌သော အခြင်း‌အရာကို ပြလေသည်။ သိကြား‌မင်း‌သည် အကြောင်း‌အသို့ပေနည်း ဟု စူး‌စမ်း‌ဆင်ခြင် ကြည့်လတ်သော် မဟာဒုဂ် သံဃာတော်တစ်ပါး ဆွမ်း‌ကပ်ရန် စီမံနေပုံ၊ သံဃာတစ်ပါး‌မျှမရ၊ ဘုရား‌ရှင် သပိတ်ကိုရ၍ ဘုရား‌ရှင်အား ဆွမ်း‌ကပ်ရမည်ကို သိရှိရလေ၏။

ငါသည် မဟာဒုဂ်အိမ်သို့သွား၍ ထမင်း‌ချက်အမှုကိုပြုမှ သင့်တော့်မည်ဟု ကြံစည်ပြီး‌လျှင် မဃင်ရှား‌သော အသွင်ဖြင့် မဟာဒုဂ်အိမ်အနီး‌အပါး‌သို့ သွား‌ရောက်၍ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခု ပြုဖွယ်ကိစ္စအတွက် အခဖြင့် ငှား‌ရမ်း‌၍ ပြုလုပ်ဖို့ ရှိပါသလောဟု မဟာဒုဂ်ကို မေး‌လေသည်။

အဆွေ သင်အဘယ်သို့သော အမှုကို ပြုလုပ်မည်နည်း။ မဟာဒုဂ် ကျွန်ုပ်မသိ မတတ် မမြင်အပ်သော အတတ်မည်သည် မရှိပါ၊ ယာဂုထမင်း‌ဟင်း စသည်တို့ကို ကောင်း‌မြတ်ပြည့်စုံအောင်စီရင် ခြင်း‌ငှာလည်း စွမ်း‌နိုင်ပါ၏။

အဆွေလုလင် သင်၏ပညာအသိ ပြည့်ဝသော လုပ်အား‌ကို အလိုရှိပါ၏၊ ဒါပေမယ့် ကျွန်ုပ်မှာ အဖိုး‌အခ ပေး‌စရာ အသပြာမရှိပါ –

အသင့်အား ပြုဖွယ်ကိစ္စသည် အဘယ်ပါနည်း။

အဆွေလုလင် အကျွန်ုပ်တို့သည် သံဃာတော်တစ်ပါးကို ဆွမ်းကပ်လှူရန် အတွက် ယာဂု ဆွမ်း စီမံချက်ပြုတ်ရန် အမှုကိစ္စ ရှိပါသည်။

အဆွေ သံဃာတော်တစ်ပါးအတွက် ယာဂု ဆွမ်း စီမံချက်ပြုတ်မည် ဆိုပါက အဖိုးအခ ပေးဖို့မလိုပါ၊ ကုသိုလ်အဖို့ဘာဂ အမျှသာ ပေးပါ။

အဆွေလုလင် ဤသို့ဆိုက လာပါ၊ ကူညီလုပ်ဆောင်ပေးပါဟု ပြောလေသော် သီကြား‌မင်းသည် ဝမ်းမြောက်စွာဖြင့် အဆွေမဟာဒုဂ် သွားပါချေ၊ အဆွေအတွက် ရအပ်သော သံဃာတော် တစ်ပါးကို သွားရောက် ပင့်ဆောင်ပါ ချေ၊ ယာဂုဆွမ်းကို အချိန်မီ ပြီးစီးအောင် ကျွန်ုပ် ချက်ပြုတ်စီမံ ပြင်ဆင်ထားပါမည် ဟု ပြောလေ၏။

အလှူဝတ်ကို စီမံဆောင်ရွက်သော စာရင်းကိုင်သည် ကမ္မည်းစာ၌ ရေးမှတ်ထား‌သော အမှတ်ဖြင့်သာလျှင် သံဃာတော်များကို ခွဲဝေချကာ ပင့်သွား‌စေသည်။

မဟာဒုဂ်သည် စာရင်းကိုင် ပညာရှိထံသို့သွား‌ကာ မိမိရအပ်သော သံဃာတော်တစ်ပါးကို ပေးရန် တောင်းဆိုလေသည်။

စာရင်းကိုင်ယောကျ်ား‌သည် ထိုအခါမှသတိရရှိကာ အဆွေမဟာဒုဂ် သင့်အတွက် သံဃာကို ငါမေ့လျော့ခဲ့ချေပြီဟု ဆိုလေ၏။

မဟာဒုဂ်သည် ထိုစကား‌ကို ကြာလိုက်ရသဖြင့် ရင်ဝတွင် လုံတံကျင်ဖြင့် ထိုးလိုက်ဘိသကဲ့သို့ နာကျင်စွာ ခံစား‌လိုက်ရလေ၏။

အဆွေပညာရှိ စာရင်းကိုင် သင်သည် အဘယ့်ကြောင့် ကျွန်ုပ်ကို ဖျက်ဆီးပါသနည်း၊ သင်သည်ပင် ကျွန်ုပ်ကို ရဟန်းတစ်ပါးတာဝန်ယူရန် အတင်းတိုက်တွန်းသည် မဟုတ်ပါလော၊ သင်နှိုးဆော်တိုက်တွန်းမှုကြောင့် ရဟန်းတစ်ပါး ဆွမ်းကပ်ရန် ကျွန်ုပ်တို့လင်မယား မနေ့က တစ်နေ့လုံး အသက်နဲ့ ခန္ဓာမငဲ့ညှာဘဲ အခစား‌အမှု ပြုလာခဲ့ရပါ၏။ စောစောကပင်

ဟင်းသီးဟင်းရွက် အလို့ငှာမြစ်ကန္နားသို့ အဆောတလျင် သွားခဲ့ရပါသေး၏။ အကျွန်ုပ်တို့ကို သနားသောအားဖြင့် ရဟန်းတပါးတော့ ရအောင် စီစဉ်ပေးပါခင်ဗျား ဟု စာရင်းကိုင် ပညာရှိထံ အဖန်ဖန် တောင်းပန်ပြီး လက်နှစ်ဖက်ကို မြှောက်ကာ မြှောက်ကာ သည်းထန်စွာ အော်ဟစ် ငိုကြွေးရှာလေသည်။

မဟာဒုဂ် သည်းစွာ ငိုကြွေးနေသည်ကို လူအပေါင်းတို့မြင်ကြ၍ မဟာဒုဂ်ကို မေးကြ၏။ မဟာဒုဂ်က အကြောင်းစုံကို ရှင်းပြ၏။ လူအပေါင်းသည် စာရင်းကိုင် ပညာရှိကို အဆွေ စာရင်းကိုင် ပညာရှိ၊ သင်သည် ဤမဟာဒုဂ်အား သံဃာတော် တစ်ပါးကို ဆွမ်းကပ်လှူရန် နှိုးဆော်တိုက်တွန်းခဲ့ပြီး စာရင်းယူထားခဲ့သည် မဟုတ်ပါလော ဟု မေးကြ၏။

အချင်းတို့ စာရင်းယူထားခဲ့သည်မှာ မှန်ပါသည်ဟု ဖြေလေသော် အသင်သည် ဝန်လေးသော အမှုကို ပြုယောင်တကား၊ ဤမျှလောက် သံဃာတော်တို့ကို ကြည့်ရှုစိမ်လျက် မဟာဒုဂ်အတွက် သံဃာတစ်ပါးကိုမျှ ပေးရန်မစွမ်းနိုင်သည်မှာ မဟုတ်နိုင်ပါဟု ဝေဖန်ပြစ်တင် ပြောဆိုကြကုန်၏။

အဆွေ မဟာဒုဂ် ငါ့ကို မဖျက်ဆီးပါလင့် သင့်အကြောင်းကြောင့် ငါ့အား ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရပေတော့မည်၊ လူအပေါင်းက လည်း ပေးထားသော စာရင်းအရ သံဃာတော်များကို ပင့်သွားကြချေပြီ၊ ပင့်သွားပြီး သံဃာကို ပြန်တောင်းယူဖို့ မလွယ်ကူပါ၊ နောက်ဆုံး မြတ်စွာဘုရား သာရှိတော့၏။ မြတ်စွာဘုရားသည် ခံတွင်းတော် ဆေးတော်မူပြီး ဂန္ဓကုဋီတိုက် အတွင်း သီတင်းသုံး နေတော်မူ၏။

ဘုရင်၊ အမတ်၊ စစ်သူကြီးတို့ ဘုရားထွက်အလာ သပိတ်တော်ကို ရယူရန် စောင့်ဆိုင်းနေကြ၏။ ဘုရားရှင်တို့မည်သည်ကား ဆင်းရဲသားကို ကရုဏာထား အစဉ်သနားတော်မူတတ်၏။ အဆွေ မဟာဒုဂ် အသင်သည်

ဘုရားကျောင်းသို့သွား၍ မြတ်စွာဘုရား တပည့်တော်သည် အလွန်ဆင်းရဲသူ ဖြစ်ပါသည်။ တပည့်တော်အား အစဉ်သနားသောအားဖြင့် သပိတ်တော်ကို ချီးမြှင့်တော်မူပါဟု လျှောက်ထားပြီး ဘုရားရှင်ကို ရှိခိုးပါ၊ အကယ်၍ သင့်မှာ ကောင်းမှုကံ ပြုစီမံက ဧကန်မချွတ် ဘုရားရှင်၏ သပိတ်တော်ကို ရပေလိမ့်မည် ဟု ညွှန်ကြားပြောဆိုလေသည်။

မဟာဒုဂ်သည် ဘုရားကျောင်းတော်သို့ အလျှင်အမြန် ပြေးသွားလေရာ မဟာဒုဂ်ကို အခြားနေ့များ၌ ကျောင်းတော်ဝယ် စားကြွင်းစားကျန်များ လာစားနေကျ မြင်ဖူး တွေ့ဖူးထားကြသဖြင့် မင်း၊ မင်းချင်းယောကျ်ားတို့က အချင်းမဟာဒုဂ် ယခုအချိန်ကား ဆွမ်းစားချိန်မဟုတ်သေး၊ အဘယ့် ကြောင့် အစောကြီးလာဘိသနည်းဟု မေးကုန်၏။

အချင်းတို့ ကျွန်ုပ်သည် ဆွမ်းစားချိန်မဟုတ်သည်ကို သိပါ၏၊ ဘုရားရှင်ကို ကြည်ညိုမြတ်နိုး ရှိခိုးရန် လာခဲ့ခြင်းဖြစ်ပါ၏ ဟု ပြောဆိုပြီး ဘုရားရှင် ဂန္ဓကုဋီတိုက် လှေခါးထိပ်၌ ဦးခေါင်းထားပြီးလျှင် ငါးပါးသော ထိခြင်းဖြင့် ရှိခိုးပြီး မြတ်စွာဘုရား ဤဇရာဏသိမ့်မြို့တော်၌ တပည့်တော် လောက် ဆင်းရဲသည့်သူ မရှိပါ၊ အရှင်ဘုရားသည် ဆင်းရဲသော တပည့်တော်၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူပါဘုရား၊ ဆင်းရဲသော တပည့်တော်အား သနားစောင့်ရှောက် ချီးမြှောက်ခြင်းကို ပြုတော်မူပါဘုရား ဟု လျှောက်ကြား လေ၏။

ထိုအချိန်ဝယ် ဘုရားရှင်သည် ဂန္ဓကုဋီတိုက်မှ ထွက်တော်မူပြီး သပိတ်တော်ကို မဟာဒုဂ်လက်၌ ပေးသနားလိုက်လေ၏။

ထိုအခါ မင်း၊ မင်းသား၊ အမတ်၊ စစ်သူကြီး စသည်တို့သည် အချင်းချင်း တယောက်သည် တစ်ယောက်၏ မျက်နှာကို ကြည့်ကြကုန်၏။ မြတ်စွာဘုရား ပေးသနားတော်မူသော သပိတ်ဖြစ်၍ မည်သူကမျှ မပြောရဲ မဆိုရဲကြချေ၊

အချင်းမဟာဒုဂ် ငါတို့အား ဘုရားရှင်သပိတ်ကို ပေးပါလော့၊ သင့်အား ဤမျှလောက်ကုန်သော အသပြာတို့ကို ပေးပါကုန်အံ့ဟု ပြောကြကာ ငွေအသပြာတဆင့် တဆင့်စီ တိုးမြှင့်၍ ပေးကြကုန်သော်လည်း မဟာဒုဂ်သည် ဘုရားသပိတ်တော်ကို မည်သူ့ကိုမျှမပေး၊ အကျွန်ုပ်သည် ဥစ္စာဖြင့် အလိုမရှိပါ၊ ဘုရားရှင်ကို ဆွမ်းဆက်ကပ် လှူဒါန်းလိုပါသည် ဟု ပြောပြီး ငြင်းပယ်လေ၏။

မင်းကြီးသည် မဟာဒုဂ်ထံမှ သပိတ်တော်တောင်း၍ မရသောအခါ လူအများ ပြန်သွားကြသော်လည်း မပြန်မူ၍ မဟာဒုဂ်သည် ဥစ္စာဓနဖြင့် ဖြားယောင်းသော်လည်း ဘုရားရှင်သပိတ်တော်ကိုမပေး၊ ဘုရားကိုယ်တိုင် ပေးသနားတော်မူအပ်သော သပိတ်တော်ဖြစ်၍ အတင်းအဓမ္မ ဇဝေါင်းယူခြင်းငှာလည်း မစွမ်းနိုင်၊ ဤမဟာဒုဂ်၏ လှူဖွယ်ဝတ္ထုကား အဘယ်မျှလောက်မွန်မြတ်လိမ့်မည်နည်း၊ မဟာဒုဂ်သည် လှူဖွယ်ဝတ္ထု ပြုစုလှူဒါန်းသောအခါမှသာ ကြည့်ရှုပြီး ဘုရားရှင်ကိုပင့်၍ နန်းတော်ဆောင်၌ ငါစီရင်အပ်သောဆွမ်းကို လှူဒါန်းပေတော့မည်ဟု ကြံစည်ပြီးနောက် ဘုရားရှင်နှင့်အတူတကွသာလျှင် မဟာဒုဂ်အိမ်သို့ လိုက်ပါသွားလေ၏။

သိကြားမင်းသည် ယာဂု၊ ဆွမ်း၊ ဆွမ်းဟင်း၊ ခဲဖွယ် စသည်တို့ကို ပြည့်စုံစေ၍ ဘုရားရှင်တို့သည်သာ သီတင်းသုံးခြင်းငှာထိုက်သော နေရာကို ခင်းစေပြီးလျှင် သင့်လျော်သောနေရာ၌ ထိုင်နေလေ၏။

မဟာဒုဂ်သည် ဘုရားရှင်ကို ပင့်ဆောင်၍ လာခဲ့၏၊ မဟာဒုဂ်၏ အိမ်သည် နိမ့်၏ မကိုင်းမညွတ်ဘဲ ဝင်ခြင်းငှာ မစွမ်းနိုင်၊ ဘုရားရှင်တို့မည်သည် ကြွဝင်တော်မူသည်ရှိသော် ညွတ်ကိုင်း၍ ကြွဝင်တော်မူခြင်းမျိုးမရှိပေ၊ သို့အတွက် ဘုရားရှင် မဟာဒုဂ်အိမ်ထဲသို့ ကြွဝင်တော်မူသောအခါ မြေသည် အောက်သို့ နိမ့်ချပေးရသည်၊ အိမ်သည် အထက်သို့ မြှင့်ပေးရသည်၊ သက်မဲ့ဖြစ်သော မြေ, အိမ်တို့ ဤကဲ့သို့ ဖြစ်ရခြင်းသည် ဘုရားရှင်တို့ ဖြည့်ဆည်းပူးခဲ့သော ဒါနပါရမီ၏ အကျိုးအာနိသင်သာ ဖြစ်လေ၏။ သို့အတွက် ဘုရားရှင်သည် မတ်မတ် ရပ်တော်မူလျက်ပင် မဟာဒုဂ်အိမ်သို့ကြွဝင်၍ သိကြားမင်း ခင်းထားအပ်သော မြတ်သောနေရာ၌ သီတင်းသုံးနေတော်မူလေ၏။

ဘုရားရှင်သီတင်းသုံးနေတော်မူပြီးသည်ရှိသော် မင်းကြီးက မဟာဒုဂ်ကို–

အချင်း မဟာဒုဂ်–သင်သည် ငါတောင်းသော်လည်း သပိတ်တော်ကို မပေး၊ သင်သည် အဘယ်ဝတ္ထုဖြင့် ဘုရားရှင်ကို ပြုစု လှူဒါန်းလတ္တံ့နည်း၊ သင်လှူမည့်ဝတ္ထုကို ပြစမ်းပါ ကြည့်ပါရစေဟု ပြောလေ၏။

ထိုအခါ သိကြားမင်းသည် မင်းကြီး အား ယာဂု ခဲဖွယ် စသည်တို့ကို ဖွင့်လှစ်၍ ပြသလေ၏။ ထိုယာဂု ခဲဖွယ် စသည်တို့၏ ထုံအပ်သောအနံ့သည် တမြို့လုံး ဖုံးအုပ်ပျံ့နှံ့၍ တည်လေ၏။

မင်းကြီးသည် ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ကြည့်ရှုပြီးလတ်သော် မြတ်စွာဘုရား တကာတော်သည် မဟာဒုဂ်၏ လှူဖွယ်ဝတ္ထုသည် အဘယ်မျှကောင်းမွန်လတ္တံ့နည်း၊ ဤမဟာဒုဂ်သည် ညံ့ဖျင်းသော လှူဖွယ်ဝတ္ထုကို ပေးလှူသောအခါ ဘုရားရှင်ကို နှန်းတော်သို့ပင့်ပြီး တပည့်တော်စီရင်ထားအပ်သော မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို ဆက်ကပ်လှူဒါန်းတော့မည်ဟု ကြံစည်စိတ်ကူးရှိ၍ တကာတော်လိုက်လာခဲ့ ပါသည် ဘုရား၊ တကာတော်သည် ဤသို့သဘောရှိသော အာဟာရကို ရှေးအခါက တခါမျှ မတွေ့မမြင်ခဲ့ဖူးပါ၊ အံ့ဩဖွယ်ရာပါဘုရား။

တကာတော် ဤအရပ်၌ ဆက်လက်တည်နေခဲ့သည်ရှိသော် မဟာဒုဂ် အဖို့ရာ ပင်ပန်းနွမ်းနယ်ခြင်း ဖြစ်ပါလိမ့်မည် ဘုရား၊ သို့ပါ၍ တကာတော် သွားပါတော့မည် ဘုရား ဟု လျှောက်ထားပြီး ဘုရားရှင်ကို ရှိခိုးပြီးကာ ဖဲခွာသွားလေတော့၏။

သိကြားမင်းသည် ဘုရားရှင်ကို ယာဂု ဆွမ်း ခဲဖွယ် ဘောဇဉ် စသည်တို့ဖြင့် ကောင်းမွန်ရှိသေစွာ ဆက်ကပ်လုပ်ကျွေး ပြုစု၏၊ ဘုရားရှင်သည် ယာဂု ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ကို ဘဉ်းပေးပြီး သောအခါ ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူပြီးနောက် ဖဲခွာ ကြွသွားတော်မူ၏။

သိကြား:မင်း:သည် မဟာဒုဂ်ကို အမှတ်သညာ ပေး:သဖြင့် မဟာဒုဂ်လည်း ဘုရား:ရှင်၏ သပိတ်တော်ကို ယူဆောင်ကာ ဘုရား:ရှင်၏ နောက်သို့ အစဉ်တစိုက် လိုက်ပို့လေ၏။

သိကြား:မင်း:သည် ပြန်လည် ထွက်လာပြီး မဟာဒုဂ်အိမ်ဝင်္ဘ ရပ်တည်ကာ ကောင်း:ကင်သို့ မော်၍ကြည့်၏။ ထိုခဏမှာပင် ကောင်း:ကင်မှ ရတနာ ခုနစ်ပါး:အတိပြီး:သော မိုး:ကြိး:ရွာသွန်း၍ မဟာဒုဂ်အိမ်ရှိ အလုံး:စုံသော အိုး:ခွက်တို့ကို ပြည့်စေပြီး: တအိမ်လုံး: လူနေစရာမျှပင် မကျန်အောင် ရတနာတို့ဖြင့် ပြည့်စေ၏။

မဟာဒုဂ်၏ ဇနီး:သည် အိမ်တွင် နေစရာမရှိ၍ သား:တို့ကို လက်ဆွဲ ခေါ်ဆောင်ပြီး: အိမ်အပြင်တွင် ရပ်တည်နေလေ၏။ မဟာဒုဂ်သည် ဘုရား:ရှင်ကို လိုက်ပို့ပြီး:၍ အိမ်သို့ ပြန်လာခဲ့၏။ သား:ငယ်တို့ အပြင်မှာ ရပ်တည်နေသည်ကို တွေ့မြင်ရသောအခါ သား:တို့ ဘာပြုလို့ အိမ်အပြင်ထွက်၍ ရပ်နေရသနည်း:ဟု မေး:လေ၏။ ဖခင် တစ်အိမ်လုံး: ရတနာတို့ဖြင့် ပြည့်လျှံနေ၍ နေစရာမရှိဖြစ်၍ အိမ်ပြင်ဘက် ထွက်နေရပါ၏ ဟု ပြန်ဖြေကြလေ၏။

မဟာဒုဂ်သည် ယနေ့ ငါလှူဒါန်:အပ်သော ဒါနသည် ယနေ့ပင်လျှင် အကျိုး:ပေး:လေပြီဟု သိရ၍ ဝမ်း:မြောက်စွာဖြင့် မင်း:ကြီး:ထံသို့ သွား:ရောက် ခစား:လေတော့၏။

မဟာဒုဂ် သင်သည် အဘယ်အကြောင်း:ကြောင့် လာရောက်ခစား: သနည်း၊ အရှင်မင်း:ကြီး: အကျွန်ုပ်၏အိမ်သည် နေစရာမျှပင် မရှိလောက်အောင် ရတနာခုနစ်ပါး:တို့ဖြင့် ပြည့်နေပါ၏၊ ထိုပစ္စည်း:ဥစ္စာတို့ကို အရှင်မင်း:ကြီး: သိမ်း:ယူတော်မူပါဟု လျှောက်၏။

မင်း:ကြီး:သည် သြော် အံ့ဖွယ်ရှိပေစွ၊ ဘုရား:ရှင်တို့ကို ရှာ:ပါ:လှစွာသော လှူဒါန်း:ရသော ကာလဒါနသည် ယနေ့ပင်လျှင် အကျိုး:ရပေ၏ ဟု တွေး:တောကြံစည်ပြီး: –

အသင် မဟာဒုဂ် သင်ဘာကို အလိုရှိပါသလဲဟု မေးလေ၏။

အရှင်မင်းမြတ် ရတနာတို့ကို သုယ်ပိုးထုတ်ဆောင်ရန် လှည်းတစ်ထောင် လိုအပ်ပါသည် ဘုရားဟု လျှောက်၏။

မင်းကြီးသည် လှည်းတစ်ထောင်ကို စီမံပေးစေပြီးနောက် ရတနာတို့ကို မင်းရင်ပြင်၌ စုပုံစေ၏။ ရတနာပုံသည် ထန်းတပင်အရပ်မျှ ပမာဏရှိလေ၏။

မင်းကြီးသည် မြို့.သူမြို့.သား တို့ကို နန်းရင်ပြင်၌ စည်းဝေးစေပြီး ဤမြို့.အတွင်း၌ ဤမျှမျှားပြားသော ရတနာတို့ကို ပိုင်ဆိုင်သော တစ်စုံ တစ်ယောက်သောသူ ရှိပါသလော ဟု မေးလေ၏။

မြို့.သူမြို့.သား တို့သည် အရှင်မင်းမြတ် မရှိပါဟု လျှောက်ထားကြကုန်၏။

ဤမျှလောက် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူကို ဘယ်သို့ ပြုရမည်နည်း၊

အရှင်မင်းမြတ် သေဋ္ဌေးကြီးရာထူးကို ချီးမြှောက်ရပါမည် ဟု လျှောက်ကြကုန်၏။

မင်းကြီးသည် မြို့.သူမြို့.သား တို့၏ အလိုဆန္ဒအတိုင်းပင် မဟာဒုဂ်ကို ကြီးစွာသော ပူဇော်ခြင်းကို ပြုပြီး၍ သေဋ္ဌေးကြီးရာထူးကို ပေးသနားတော် မူလေ၏။

ထို့နောက် မဟာဒုဂ်အား ရှေးအခါက သေဋ္ဌေးတစ်ဦးနေထိုင်ခဲ့ဖူးသော အိမ်နေရာကိုပေး၍ ထိုနေရာ၌ အိမ်ဆောက်လုပ်နေစေလေ၏။

မဟာဒုဂ်သည် အိမ်ရာသစ် ဆောက်လုပ်ရန် မြေကို တူးဆွညှိသောအခါ အချင်းချင်းထိခိုက်လျက် တည်ရှိနေသော ရွှေအိုးတို့သည် ပေါ်လာပြန်၏။ မဟာဒုဂ်သည် မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားပြန်၏။

မင်းကြီးကလည်း မဟာဒုဂ် အသင်၏ကောင်းမှု ဘုန်းကံကြောင့် ရတနာအိုးတို့ ပေါ်လာရသည်၊ ပေါ်လာသော ရတနာရွှေအိုးတို့.ကိုလည်း အသင်ပင် သိမ်းဆည်းပါလော့ ဟု ပေးသနားတော်မူပြန်လေ၏။

မဟာဒုဂ်သေဌေးသည် အိမ်ဆောက်လုပ်ပြီးစီးသွားသောအခါ ခုနစ်ရက်လုံးလုံး ဘုရားအမှူးရှိသော သံဃာတော် အပေါင်းအား ကြီးစွာသော အလှူကို ပေးလှူလေ၏။ ထို့နောက် အသက်ရှည်သမျှ ကာလပတ်လုံး ကြီးကျယ်ခမ်းနား များပြားသော စည်းစိမ်ချမ်းသာ၌ တည်လျက် ကောင်းမှုပြုပြီး အသက်၏အဆုံး၌ နတ်ပြည်၌ ဖြစ်ရလေ၏။

ဆွမ်းလှူကျိုးပြ သုဘဒ္ဒါဝတ္ထု

ဘုရားရှင်သည် ဒဿဝတ္ထိပြည့် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ နာလကမည်သော ရွာငယ်တွင် အရှင်ရေဝတ၏ အလုပ်အကျွေးဥပါသကာသူကြွယ်၌ ဘဒ္ဒါနှင့် သုဘဒ္ဒါ မည်သော သမီးနှစ်ယောက် ရှိ၏။

ညီအမနှစ်ယောက်တွင် အမကြီး ဘဒ္ဒါသည် အိမ်ထောင်ကျကာ လင်ယောကျ်ား၏ နောက်အိမ်သို့ လိုက်ရ၏။ သဒ္ဓါတရားနှင့်ပြည့်စုံကာ ရတနာသုံးပါး၌ ကြည်ညိုဓ၏၊ အသိပညာနှင့် ပြည့်စုံ၏၊ သားသမီးမရ။ ဘဒ္ဒါသည် တနေ့သ၌ မိမိလင်ယောကျ်ားကို အရှင်အကျွန်ုပ်မှာ သုဘဒ္ဒါ မည်သော ညီမတစ်ယောက် ရှိ၏၊ ထိုညီမ သုဘဒ္ဒါကို ခေါ်ဆောင်ကာ အကျွန်ုပ်နှင့်တကွ မယားကြီး မယား၀ယ် ပြုလုပ်နေထိုင်ပါလော့၊ ထိုညီမသုဘဒ္ဒါ၌ သားရတနာရခဲ့ပါအံ့၊ သုဘဒ္ဒါ၏သားသည် အကျွန်ုပ်၏ သားလည်းဖြစ်ပါ၏၊ ဤသို့ဖြစ်သော် ဤအမျိုးအနွယ် အစဉ်အဆက်သည် မပျက်စီးနိုင်ပါဟု ပြောကြားလေရာ လင်ယောကျ်ားက ကောင်းပြီဟု ဝန်ခံ၍ သုဘဒ္ဒါကိုလည်း အိမ်သို့ခေါ်ဆောင်ပြီး ညီအစ်မနှစ်ယောက်လုံးကိုပင် မယားကြီး မယား၀ယ်ပြုကာ ပေါင်းသင်းလျက် နေထိုင်၏။

အမဖြစ်သူ ဘဒ္ဒါသည် ညီမ သုဘဒ္ဒါ ဝေဖန်ပေးကမ်းလှူဒါန်းခြင်းစာဂ၌ မွေ့လျော်ပျော်ပိုက်ပြီး မြတ်သော အကျင့်တရား၌လည်းနှစ်ချိုက်ကာ မမေ့မလျော့ပါနှင့်၊ သင့်အား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအကျိုး ပွားတိုးပါလိမ့်မည်ဟု ပြောဆိုဆုံးမ သြ၀ါဒပေး၏။ ညီမဖြစ်သူ သုဘဒ္ဒါသည် အမတော် ဘဒ္ဒါ၏ ပြောဆိုဆုံးမ သြ၀ါဒစကား၌ တည်လျက် လိုက်နာကျင့်သုံးနေစဉ် တနေ့သ၌ အရှင်ရေဝတ မထေရ်နှင့်တကွ သံဃာတော် ရှစ်ပါးကို

ပင့်ဖိတ်၍ မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့် မိမိကိုယ်တိုင် သာဟတ္ထိက ဒါနမြောက် ကောင်းမွန်ရိုသေစွာ ဆက်ကပ်လုပ်ကျွေးလျက် ရောင့်ရဲစေလေ၏။ အရှင်ရေဝတ မထေရ်သည် သုဘဒ္ဒါ၏ ကုသိုလ်အကျိုး ပွားတိုးခြင်းကို လိုလား:တော်မူလျက် ဆွမ်းအနုမောဒနာ တရား:ကို ဟောကြား:ပြီး ကြွသွား:တော်မူလေ၏။ သုဘဒ္ဒါသည် စုတေသော် သံဃိကဒါန ပြုခဲ့ရသဖြင့် နိမ္မာနရတိနတ်ပြည်၌ နှစ်သက်ဖွယ် အရောင်အဝါ များလှစွာသော အခြံအရံတို့ဖြင့် နတ်သမီး ဖြစ်ရလေ၏။

သုဘဒ္ဒါသည် မိမိ၏စည်း:စိမ် ချမ်းသာတို့ကို ကြည့်ရှုကာ "ငါသည် အဘယ်ကုသိုလ်ကောင်းမှု ပြုဖူး:သောကြောင့် ဤနိမ္မာနရတိ နတ်ပြည်၌ ဖြစ်ရပါသနည်း" ဟု ဆင်ခြင်လတ်သော် အစ်မဖြစ်သူ ဘဒ္ဒါ၏ အဆုံး:အမ ဩဝါဒ၌ တည်၍ လှူသင့်လှူထိုက်သည့် သံဃာအား သံဃိကဒါန လှူဒါန်း:ခဲ့ရသောကြောင့် ဤစည်း:စိမ်ချမ်း:သာနှင့် ပြည့်စုံသော နိမ္မာနရတိနတ်ပြည်၌ ဖြစ်ရပေ၏။ အစ်မတော် ဘဒ္ဒါကား အဘယ်ဘုံဌာန၌ ဖြစ်ရှာလေသနည်း ဟု ရှာဆင်ခြင်ပြန်လတ်သော် သိကြား:မင်း:၏ အခြံအရံဖြစ်၍ နေသည်ကို တွေ့မြင်ရ၍ အစ်မတော် ဘဒ္ဒါ၏နေရာ တာဝတိံသာသို့ လာရောက်လေ၏။

ထိုအခါ သုဘဒ္ဒါကို အမတော် ဘဒ္ဒါနတ်သမီး:သည် များသောအခြံအရံရှိသည့် နတ်သမီး သင်သည် အဆင်း:အား:ဖြင့်လည်း:ကောင်း၊ အခြံအရံအား:ဖြင့်လည်း:ကောင်း၊ ကိုယ်ရောင် ကိုယ်ဝါအား:ဖြင့်လည်း:ကောင်း တာဝတိံသာနတ်တို့ကို သာလွန်ကာ တင့်တယ် လှပါ၏။ သင့်ကို ရှေး:ယခင်က မတွေ့.မမြင်ဖူး:ပါဘဲ ယခုသာ တွေ့.ဆုံရပါလျက် အဘယ့်ကြောင့် ဘဒ္ဒါဟူသော လူ့.ဘဝက နာမည်ဖြင့် ငါ့ကို ခေါ်ဆိုရ ပါသနည်း:ဟု မေး:မြန်း:လေလျှင် –

အမတော် ဘဒ္ဒါ အကျွန်ုပ်သည်ကား: ရှေး:ဘဝက သုဘဒ္ဒါဟူသော နာမည်ဖြင့် အမတော် ၏ ညီမအရင်း: ဖြစ်ခဲ့ဖူး:ပါ၏၊ အကျွန်ုပ် သုဘဒ္ဒါသည် လူ့.ပြည်မှ စုတေ၍ နိမ္မာနရတိ နတ်ပြည်တွင် နတ်သမီး: ဖြစ်ရပါ၏ဟု ပြောဆိုဖြေကြား:လေ၏။

ညီမသုဘဒ္ဒါ သင်သည် ဤသို့ အခြံအရံ အကျော်အစော ပြန့်ပြော များပြားလှစွာသော အကျိုးထူတရာတို့နှင့် ပြည့်စုံသော နိမ္မာနရတီ နတ်ဘုံသို့ အဘယ်ကုသိုလ်ကံကြောင့် ရောက်ရှိပါသနည်း။ အစ်မတော်ဘဒ္ဒါ အကျွန်ုပ် သုဘဒ္ဒါသည် မြတ်သောအလှူကို ခံယူတော် မူထိုက်သည့် အရိယာသံဃာတော် အား ရည်မှန်း၍ လေးစားကြည်ညိုသော စိတ်ထားဖြင့် အရှင်ရေဝတအမှူရှိသော ထေရ်သံဃာရှစ်ပါးတို့အား သာဟတ္ထိက ဒါနမြောက် ဆွမ်းဆက်ကပ်လှူဒါန်း ခဲ့ပါ၏၊ ဤကုသိုလ်ကြောင့် ဤနိမ္မာနရတီ နတ်ပြည်၌ဖြစ်၍ စိတ်၏ နှစ်သက်ဖွယ်ရာ စည်းစိမ်ဥစ္စာ ရတနာတို့ကို ရရှိခံစားရပါကုန်၏ ဟု ဖြေလေ၏။

သံဃာအား လှူဒါန်းရခြင်းသည် အကျိုးတရား ကြီးမားလှပေ၏။ ထို အကျွန်ုပ်သည် လူ့အဖြစ်သို့ သွားရောက်လျက် အလှူခံပုဂ္ဂိုလ်တို့၏ အခြင်း အရာကို သိရ၍ ဝန်တိုမှုကင်းရှင်း မေ့လျော့ခြင်း မရှိဘဲသာလျှင် သံဃာတော် အား လှူဖွယ်ဝတ္ထု အစုစုကို အထပ်ထပ်အခါခါ ပေးလှူပါတော့အံ့ ဟု ဘဒ္ဒါ ပြောဆို ဝန်ခံမိလေသတည်း။

ဆွမ်းတစ်ကြိမ် လှူရကျိုးပြ ဝတ္ထု

ဤကမ္ဘာမှပြန်ရသော် ဓ၁-ကမ္ဘာထက်၌ ဗန္ဓုမတီပြည်ကြီးရှင် ဗန္ဓုမာ မင်းကြီးမှာ မိဖုရားကြီး တစ်ဦးရှိ၏။ ထိုမိဖုရားကြီးသည် ဆွမ်းလှူလိုသဖြင့် ဗန္ဓုမာမင်းကြီးထံ ရဟန်းတစ်ပါး တောင်းခံ၏။ မိဖုရားကြီးသည် ဗန္ဓုမာမင်းကြီး ပင့်ပေးသော ရဟန်းအား ဆွမ်းလောင်းလှူ၏။

မိဖုရားကြီးသည် တစ်ကြိမ်မျှ ဆွမ်းတစ်သပိတ်လှူသော ကုသိုလ်ကံကို တစ်သက်လုံးအောက်မေ့ကြည်နူးနေ၏။ မိဖုရားကြီးစုတေသော် တာဝတိံသာ နတ်ပြည်၌ နတ်မင်းကြီး၏ မိဖုရားကြီးအဖြစ် အကြိမ်သုံးဆယ် ဖြစ်ရ၏။ စကြဝတေးမင်းကြီး၏ မိဖုရားကြီး အဖြစ် အကြိမ်နှစ်ဆယ် ဖြစ်ရ၏။

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်၌ ကပိလဝတ်ပြည်၊ သာကီဝင်မင်းသမီး မိတ္တာဖြစ်လာ၏။ ကပိလဝတ်နေပြည်တော်သို့ မြတ်စွာဘုရား ရှေးဦးစွာ ကြွရောက်တော်မူလာသောအခါ တရားတော်ကိုနာရ၍ ဥပုသ်သီလကို ကျင့်သုံးဆောက်တည်၏။ မိထွေးတော်ဂေါတမီ ဘိက္ခုနီမပြုလုပ်သောအခါ မင်းသမီး မိတ္တာလည်း သာသနာတော်၌ ဘိက္ခုနီမပြုလုပ်၍ ဝိပဿနာ ရှုလျက် ရဟန္တာမ ဖြစ်လေ၏။ ဧကပိဏ္ဍပါတိကထေရီအမည်ဖြင့် ပရိနိဗ္ဗာန် စံဝင်ခဲ့လေ၏။ (ထေရီအပဒါန် ပါဠိတော် ၃၄၉။)

ဆံပင်ဖြတ်၍ ဆွမ်းဆက်ကပ်

မြတ်စွာဘုရားရှင်လက်ထက်တော်အခါက ဥဇ္ဇေနီပြည်ရွာတစ်ရွာ၌ သေဋ္ဌေး တစ်ဦးသည် စီးပွားပျက်ပြီးနောက် သမီးတစ်ယောက် ကျန်ရစ်ပြီး ကွယ်လွန်သွား ခဲ့သည်။ ထိုသတို့သမီးသည် မိဘများကွယ်လွန်သွားပြီးနောက် ဆင်းရဲချို့တဲ့စွာ နေရသည်။ ထိုသတို့သမီးသည် ရုပ်ရည်ရူပကာရလှပတင့်တယ်သည်။ ဆံပင်ရှည်လှား၍ ကျက်သရေရှိသည်။

ထိုရွာမှာပင် သေဋ္ဌေးသမီးတစ်ဦးသည် ဆံပင်မကောင်းသဖြင့် ထိုသတို့သမီးထံမှ ဆံပင်ကို အသပြာငွေ ၁၀၀ ကိုပေး၍ ဝယ်ယူ၏။ သို့သော်လည်း သတို့သမီးငယ်က ဆံပင်ကိုရောင်းချခြင်း မပြုခဲ့ချေ။ တစ်နေ့သောအခါ ရှင်မဟာကစ္စည်းမထေရ်သည် နောက်ပါရဟန်း (၇)ပါး ဩဂုံလျက် ထိုရွာသို့ ဆွမ်းခံကြွလာခဲ့သည်။ ထိုအခါ သတို့သမီးငယ်သည် ဆွမ်းဆက်ကပ် လှူဒါန်းလိုသဖြင့် ရဟန္တာမထေရ်မြတ်တို့ကို မိမိအိမ်သို့ ပင်ဖိတ်ခဲ့ပြီ နောက် ဆံပင်များကိုဖြတ်၍ သေဋ္ဌေးသမီးအိမ်သို့ သွားရောက်ရောင်းစေခဲ့သည်။ သေဋ္ဌေးသမီးသည် ဈေးနှိမ်၍ အသပြာရှစ်ကျပ်သာပေးပြီး ဝယ်ယူလိုက်လေသည်။ သတို့သမီးငယ်သည် ထိုအသပြာရှစ်ကျပ်ဖြင့် သံဃာတော် (၈)ပါ.အတွက် ဆွမ်းစိမ် ဆက်ကပ်လေသည်။ ရှင်မဟာကစ္စည်းမထေရ်သည် ဆွမ်းကိုအလှူခံပြီးနောက် ဆွမ်းဒါယကာမကို ခေါ်တော်မူသည်။

ဆွမ်းဒါယကာမသည် ရဟန္တာမထေရ်မြတ်တို့ကို ကြည်ညိုစိတ်ဖြင့် ရိုသေစွာ ရှိခိုးကန်တော့လေသည်။ ထိုကုသိုလ် စေတနာ၏ အကျိုးသည် ဒိဋ္ဌဓမ္မလက်ငင်း ဖြစ်ပေါ်လာသည်။ ရိုသေမြတ်နိုး ရှိခိုးလိုက်သည်နှင့်တပြိုင်နက် သေဋ္ဌေးသမီး၏ ဆံပင်တို့သည် ပကတိအတိုင်း ပြန်လည် ပေါ်ထွန်းလာလေတော့သည်။ ထို့နောက် ရဟန္တာမထေရ်တို့သည် ကောင်းကင်သို့ ပျံတက်၍ ဥဒ္ဒေနိုပြည် ဘုရင့်ဥယျာဉ်တော်သို့ ဆင်းသက်ကြသည်။ စက္ခုပဒ္ဓောတမင်းကြီးသည် သွားရောက်ဖူးမြော် ကန်တော့၍ ဆွမ်းကိစ္စပြီးမပြီးကို မေးလျှောက်လေသည်။ ရှင်မဟာက်စ္စည်းမထေရ်သည် သတို့သမီးငယ်ဆံပင်ကို ဖြတ်၍ ဆွမ်းကပ်လိုက်သည့်အကြောင်း မိန့်ကြားတော်မူသည်။ စက္ခုပဒ္ဓောတမင်းကြီးသည် သတို့သမီးငယ်ကို မင်းခမ်းမင်းနားဖြင့် ခေါ်ဆောင်၍ မိဘုရားအဖြစ် မြှောက်တင်လေသည်။

သမီးကိုရောင်းချရငွေဖြင့် ဆွမ်းလှူခြင်း

ရှေးအခါက သီဟိုဠ်နိုင်ငံတွင် မဟာဂါမရွာကြီးရှိ၏။ ထိုရွာ၌ မဟာတိဿအမည်ရှိ ဆင်းရဲသားတစ်ဦးသည် ထင်းခုတ်ပြီး ထင်းရောင်းသော အလုပ်ဖြင့် အသက်မွေးရ၏။ (၁၅)ရက်တစ်ကြိမ် ဆွမ်းလှူရန်နှင့် စာရေးကန်ဆွမ်းလှူရန် ဓနိမယားနှင့် တိုင်ပင်ညှိနှိုင်း၏။ ဓနိုးဖြစ်သူက သဘောတူဝန်ခံပြီး နောက်ဝါစ်နေ့ဟွင် ရသမျှသော ဆန်ကွဲကလေးဖြင့် လဝက်ဆွမ်းကို စီမံချက်ပြုတ်၍ သံဃာတော် အရှင်မြတ်တို့အား ဆက်ကပ်လှူဒါန်းလေသည်။

ထိုအချိန်တွင် သီဟိုဠ်ကျွန်းသား ရဟန်းတော်များမှာ ပစ္စည်းလေးပါး ပေါများနေချိန်ဖြစ်၍ မွန်မြတ်သော ဘောဇဉ်တို့ကို သုံးဆောင်ကြရသည်။ သို့ဖြစ်၍ သူဆင်းရဲလင်မယားတို့လှူအပ်သော ဆွမ်းကို ရဟန်းတို့သည် ခံယူရုံမျှသာခံယူပြီး မျက်ကွယ်တွင် စွန့်ပစ်ကြလေသည်။ ထိုအခြင်းအရာကို တွေ့မြင်ရသော ဓနိမယားဖြစ်သူသည် မိမိယောကျ်ားအား အကြောင်းစုံကို ပြောကြား၏။ ထင်းခုတ်သမား မဟာတိဿသည် ရဟန်းတော်များအား

နို့ထမင်း, နို့ဆွမ်း လှူဒါန်းနိုင်ရန်အတွက် မိမိ၏သမီးငယ်ကို သေဋ္ဌေးတစ်ဦးအိမ်၌ ငွေဆယ့်နှစ်ကျပ်ဖြင့် အပေါင်ထား၍ နို့စားနွားမတစ်ကောင် ဝယ်ယူရန် ဓနိးမယားနှင့် ညှိနှိုင်းတိုင်ပင်ခဲ့လေသည်။

နှစ်ဦးသဘောတူ သမီးဖြစ်သူကို အပေါင်ထား၍ ရရှိသော ငွေငွေဆယ့်နှစ်ကျပ်ဖြင့် နို့စားနွားမတစ်ကောင် ဝယ်ယူလျက် နေ့စဉ် နို့ထမင်း, ထောပတ် ထမင်းချက်၍ လှူဒါန်းလေသည်။ သံဃာတော်များသည်လည်း ယင်း၏ဆွမ်းကို အလှူခံယူ ဘဉ်းပေးကြသဖြင့် ထင်းခုတ်သမား ဓနိးမောင်နံဝို့ ရွှင်မြူး ဝမ်းသာလျက် ရှိကြသည်။ ထင်းခုတ်သမားသည် ကလေးငယ်ကို ပြန်ရွေး နိုင်ရန်အတွက် အရပ်တစ်ပါးသို့သွား၍ ကြဲကြိတ်စက်တစ်ခုတွင် အခစားလုပ်၍ ခြောက်လခန့်ကြာသောအခါ ငွေဆယ့်နှစ်ကျပ် စုဆောင်းမိလေသည်။ ထို ငွေဆယ့်နှစ်ကျပ်ကို ယူဆောင်၍ နေအိမ်သို့ ပြန်လာခဲ့ရာ လမ်းခရီး၌ ပိဏ္ဍပါတိကတိသ မထေရ်ကြီးအား တွေ့မြင်ဖူးမြော် ရလေသည်။ အချိန်မှာလည်း ဆွမ်းစားချိန်ဖြစ်၍ လူသူလေးပါးကင်းပြတ်သော တောအုပ်အတွင်း၌ ဆွမ်းခံဖို့ရာ လူနေအိမ်မရှိသဖြင့် မထေရ်ကြီးမှာ ဆွမ်းတစ်နပ် ဘဉ်းပေးဖို့ရန် မရနိုင်သည့် အခြေအနေကို ထင်းခုတ်သမား သိရှိသဖြင့် ဆွမ်းတစ်နပ်စာ လှူဒါန်းရန် ကြိုးပမ်းလေသည်။ ထိုအချိန်တွင် ထမင်းထုပ်တစ်ထုပ်ကိုယူဆောင်လာသည့် ခရီးသည်တစ်ဦးကို တွေ့ရှိရသဖြင့် တစ်ပဲမျှပင် မတန်သော ထမင်းထုပ်ကို တစ်ကျပ်ပေး၍ ဝယ်ယူလေသည်။ ထမင်းထုပ်ရှင်က မရောင်းဘဲ ဈေးကိုင်နေသဖြင့် တဖြည်းတ ဖြည်းတိုးပေးရာ နောက်ဆုံးတွင် ပါသမျှ ငွေဆယ့်နှစ်ကျပ်လုံး ပေးဝယ်မှ ထမင်းထုပ်ကို ရရှိလေသည်။

ထင်းခုတ်သမားသည် သမီးငယ်ကို ပြန်လည်ရွေးနုတ်ရမည့် ငွေဆယ့်နှစ်ကျပ်ဖြင့် ဝယ်ယူရရှိသော ထမင်းထုပ်ကို မထေရ်ကြီး၏ သပိတ်အတွင်းသို့ ဝမ်းမြောက်ဝမ်းသာ လောင်းလှူလိုက်လေသည်။ မထေရ်ကြီးသည် ထိုဆွမ်းကို ဘဉ်းပေးပြီးနောက် မဟာဂါမသို့ ကြွလေသည်။ ထင်းခုတ်သမား သည်လည်း အိမ်သို့ ပြန်လေသည်။ မထေရ်ကြီးသည် ကျောင်းသို့ရောက်သည့် အခါ ထင်းခုတ်သမား၏ သဒ္ဓါတရားကို အထူးသိကာ ဝိပဿနာကမ္မဋ္ဌာန်း

စီးဖြန်းအား‌ထုတ်၍ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ရှိလေသည်။ မထေရ်ကြီးသည် မိမိပရိနိဗ္ဗာန်မပြုမီ သံဃာကို စည်းဝေးစေ၍ "ထင်းခုတ်သမား၏ ဆွမ်းကို ဘဉ်းပေးရခြင်းကြောင့် ရဟန္တာ ဖြစ်ခဲ့ကြောင်း" မိန့်ကြားလေသည်။ "ငါပရိနိဗ္ဗာန် ပြုသောအခါ ငါ၏ အထွတ်တပ်သော ပြာသာဒ်သည် ထင်းခုတ်သမား၏ လက်သို့ ရောက်မှ လူပ်ရှားပါစေသတည်း" ဟု အဓိဋ္ဌာန်၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ထိုအခါ ကာကဝဏ္ဏာတိဿမင်းသည် ရဟန္တာမထေရ်ကြီး ပရိနိဗ္ဗာန်ပြုကြောင်းကြား‌သိ၍ ရုပ်ကလာပ်တော်ကို သင်္ဂြိဟ်ရန် ပင့်ဆောင်သော်လည်း မ, ချီ၍မရချေ။ မင်းကြီးသည် အကြောင်းစုံကိုကြား‌သိရ၍ ထင်းခုတ်သမား‌ကို ခေါ်ပြီး ရဟန္တာမထေရ်မြတ်၏ ရုပ်ကလာပ်ထား‌သည့် ပြာသာဒ်ကို မ, စေ၏။ ပြာသာဒ်တော်သည် ထင်းခုတ်သမား မ, ယူလိုက်သည်နှင့် ကောင်းကင်သို့ ပျံတက်ပြီး ထင်းပုံပေါ်၌ တည်လေသည်။ ထိုအခါ မင်းနှင့် ပရိသတ် အား‌လုံး‌က ထင်းခုတ်သမား‌အား ကောင်းချီးပေးကြလေသည်။ မင်းကြီး‌က ထင်းခုတ်သမား‌အား ရွာစား‌အရာ ပေး‌သနား၍ သမီး‌ကိုလည်း ကျွန်အဖြစ်မှ လွတ်စေသည်။

မဟာဓနသေဋ္ဌေးဘွဲ့ရ မောင်ပုဏ္ဏာ

ဂေါတမ မြတ်စွာဘုရား‌ရှင် လက်ထက်တော်အခါက ရာဇဂြိုဟ်ပြည်တွင် သူတပါး၏ အိမ်နောက်ဖေး၌ မှီကပ်နေရသော မောင်ပုဏ္ဏာနှင့် မယ်ဥတ္တရာတို့ သူဆင်း‌ရဲ ဇနီး‌မောင်နှံ ရှိကြသည်။ ရာဇဂြိုဟ်ပြည်တွင် တန်ဆောင်မုန်း လပြည့်နေ့ နက္ခတ်ပွဲသဘင် ကျင်ပး‌သည့်အခါ မြို့သူမြို့သား အား‌လုံး‌တို့သည် ပျော်ပွဲရွှင်ပွဲများ၌ ဆင်နွှဲနေကြသည်။

မောင်ပုဏ္ဏာမှာ တနေ့လုပ်မှ တနေ့စား‌ရသည်ဖြစ်၍ ပျော်ပွဲရွှင်ပွဲ၌ ပါဝင်ဆင်နွှဲခြင်း မပြုနိုင်ရှာဘဲ လယ်တောင်၌ လယ်ထွန်နေရရှာသည်။ ထိုနေ့တွင် အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး၏ နိရောဓသမာပတ်ဝင်စား၍ (၇)ရက်မြောက်သောနေ့ဖြစ်၍ သမာပတ်မှ ထတော်မူသည်။ နိရောဓသမာပတ်မှ ထတော်မူသော ရဟန္တာအရှင်မြတ်အား ထက်သန်သော သဒ္ဓါတရား‌ဖြင့်

လှူဒါန်းခွင့်ရသူသည် အလှူဒါန၏အကျိုးကို ချက်ချင်း လက်ငင်း ခံစားခွင့်ရရှိလေသည်။ ထို့ကြောင့် ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် အမှန်တကယ် ဆင်းရဲနွမ်းပါး၍ သဒ္ဓါတရား ရှိသူတို့ထံသို့ ရှေးဦးစွာ ကြွရောက်ချီးမြှောက်တော်မူလေ့ရှိသည်။

အရှင်သာရိပုတ္တရာ မထေရ်သည် မောင်ပုဏ္ဏာ လယ်ထွန်ရာအရပ်သို့ နံနက်စောစော ကြွတော်မူလာသည်။ မောင်ပုဏ္ဏာသည် မထေရ်မြတ်ကြီးအား ရှိခိုးကန်တော့၍ ဒန်ပူနှင့်မျက်နှာသစ်ရေ၊ သောက်တော်ရေများကို ကပ်လှူပူဇော်လေသည်။

အရှင်သာရိပုတ္တရာ မထေရ်သည် ရာဇဂြိုဟ်မြို့ဖက်သို့ ရှေးရှုကြွတော်မူလေသည်၊ ထိုအချိန်တွင် မောင်ပုဏ္ဏာအတွက် ထမင်းပို့ရန်လာသော မောင်ပုဏ္ဏာ၏ဇနီးသည် မထေရ်မြတ်ကြီးကို ခရီးရင်ဆိုင် ဖူးမြော်ရလေသည်။ ဇနီးဖြစ်သူသည် မထေရ်မြတ်ကြီးအား ကြည်ညိုသဒ္ဓါ ပွားများလျက် အနီးသို့ ရောက်သောအခါ ထမင်းတောင်းကိုချပြီး ရိုသေစွာ ရှိခိုးကန်တော့လေသည်၊ ထို့နောက် ထမင်းတောင်းမှ ထမင်းတို့ကို လောင်းလှူလေသည်။ ထမင်းတစ်ဝက်ဇောက်လှူပြီးသောအခါ မထေရ်မြတ်သည် တော်လော်က်ပြီဟု လက်တော်ဖြန့်၍ သပိတ်ကို ပိတ်တော်မူသည်၊ ထိုအခါ မောင်ပုဏ္ဏာ၏ဇနီးက "တစ်ယောက်စာသာရှိသော ထမင်းကို နှစ်ယောက်စာ မခွဲသင့်ပါ၊ တပည့်တော်အား ဤပစ္စုပ္ပန်လောကနှင့် မချီးမြှောက်ဘဲ တမလွန်လောကဖြင့် ချီးမြှောက်တော်မူ ပါဟု " လျှောက်ထား၍ ဆွမ်းများကို အကုန်လောင်းလှူလေသည်။ ထို့နောက် မောင်ပုဏ္ဏာ၏ဇနီးသည်အိမ်သို့ ပြန်သွား၍ အိမ်နီးချင်းထံ ဆန်ချေးပြီး ထမင်းချက်ပြီးမှ ထမင်းလာပို့ရလေသည်။ မောင်ပုဏ္ဏာသည် မွန်းတည့်ချိန်နီးသည်အထိ ထွန်ယက်ပြီ့နောက် နွားတို့ကို ချုတ်ကာ သစ်ပင်ရိပ်သို့ဝင်ပြီး ထမင်းဆာဆာဖြင့် ဇနီးအလာကို ထိုင်စောင့် နေလေသည်။

ဇနီးဖြစ်သူသည် ထမင်းပို့ နောက်ကျခြင်းအကြောင်းစုံကို ရှင်းလင်းပြောပြရာ မောင်ပုဏ္ဏာသည် ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လျက် ထမင်းကို မြိန်ရှက်စွာ စားသောက်ပြီး သစ်ပင်ရိပ်၌ တရေ့တမော အိပ်လေသည်။ အိပ်ရာမှ နိုး၍ မျက်စိဖွင့်လိုက်သောအခါ သူထွန်ယက်ထားသော လယ်ကွက်ထဲ

ရှိ ထွန်ခဲများမှာ ရွှေတုံးရွှေခဲများ ဖြစ်နေသည်ကို တွေ့မြင်ရလေသည်။ ယင်း ရွှေတုံးရွှေခဲများကို ဇနီးဖြစ်သူလည်း တွေ့မြင်ရလေသည်၊ မောင်ပုဏ္ဏာသည် ရွှေတုံးတစ်ခုကို ကောက်ယူပြီး ထုခွဲကြည့်သောအခါ ရွှေသားအစစ် ဖြစ်နေသည်ကို တွေ့ရလေသည်။ ထိုဇနီးမောင်နှံ နှစ်ဦးတို့သည် ရွှေတုံးများကို ထမင်းတောင်းဌဝတ်ယူလာ၍ ဗိမ္မိသာရမင်းကြီးအား ဆက်သလေသည်။ မင်းကြီးသည် မင်းချင်းတို့ကို ခေါ်ယူ၍ ရွှေတုံးရွှေခဲများ သယ်ယူစေသည်။ မင်းချင်းယောကျ်ားတို့သည် ဤရွှေတို့ကား မင်းကြီး၏ ရွှေဖြစ်သည်ဟုဆို၍ ယူလိုက်သောအခါ မြေတုံးမြေခဲ ဖြစ်သွားကြလေသည်။ ဤအကြောင်းကို မင်းကြီးထံ လျှောက်ထားကြသောအခါ မင်းကြီးက မောင်ပုဏ္ဏာ၏ဥစ္စာတို့ ဖြစ်ပေသည်ဟုဆို၍ ယူကြရန် မိန့်ကြားသဖြင့် ထိုသို့ဆို၍ ယူမှသာလျှင် မြေတုံးမြေခဲများသည် ရွှေတုံး ရွှေခဲများ ဖြစ်လျက် ရှိကြသည်။ ထိုရွှေများကို လှည်းအစီးတစ်ထောင်ဖြင့် သယ်ယူ၍ မင်းရင်ပြင်၌ စုပုံထားရာ အတောင်ရှစ်ဆယ်အမြင့် ရှိလေသည်။

ဗိမ္မိသာရမင်းကြီးသည် မောင်ပုဏ္ဏာအား မဟာဓနသေဋ္ဌေးဘွဲ့ပေး၍ သေဋ္ဌေး အဆောင်အယောင်စည်းစိမ်ကို ခံစားခွင့်ပြုလေသည်။

ဆန်တစ်စလယ်ချက်ဆွမ်းလှူခဲ့သောပတ္တောဒနမထေရ်ဝတ္ထု

ဤကမ္ဘာမှပြန်၍ရသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်တော်တွင် ဆင်းရဲသားတစ်ယောက်သည် ထင်းရောင်း၍ရသော ဆန်တစ်စလယ်ကိုချက်၍ ထမင်းထုပ်ဖြင့် ထင်းခွေရန်တောသို့ သွားလေ၏။ ထိုအခါ အရှင်မြတ်တစ်ပါး ဆွမ်းခံကြွလာသည်ကို ခရီးအကြား၌ တွေ့မြင်လေသော် ထိုအရှင်ကို သစ်ပင်ရင်းသို့ပင့်၍ သီတင်းသုံးနေစေပြီးလျှင် မိမိစားမည့်ထမင်းထုပ်ကို ထိုအရှင်၏သပိတ်၌ လောင်းလှူ၏၊ ပြီးလျှင် “အရှင်ဘုရားအား တပည့်တော်စားသုံးရန် ယူဆောင်လာခဲ့သော အစာကို မစားဘဲ လှူရသော အကျိုးအားကြောင့် နောင်ဘဝဆက်တိုင်း အကျွန်ုပ်၏ ပစ္စည်းရိက္ခာတို့သည် မရေမတွက်နိုင်အောင် ပေါများသည် ဖြစ်ရပါစေသား။

အဆုံးစွန်ဘဝ၌လည်း မင်္ဂိုလ်နိဗ္ဗာန်ဆုတို့နှင့် ပြည့်စုံရပါစေသား" ဟု ဆုတောင်းပတ္ထနာပြု၏။

ထိုထင်းခွေယောကျ်ား သေလွန်သည်ရှိသော် နတ်ပြည်၌ဖြစ်၍ သိကြားမင်းအဖြစ် သုံးဆယ့်ခြောက်ကြိမ် ဖြစ်ရ၏။ စကြဝတေးမင်းအဖြစ် နှစ်ဆယ့်ခုနစ်ကြိမ်၊ ဇကရာဇ်၊ ပဒေသရာဇ်မင်းအဖြစ်ကား မရေမတွက်နိုင်အောင် ဖြစ်ရလေ၏။ ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်လေးပါး မလားရဘဲ ငါတို့ မြတ်စွာဘုရားလက်ထက်တော်တွင် လူ့ပြည်၌ ဖြစ်၍ ပတ္ထောဒန အမည်ရှိ ရဟန္တာ ဖြစ်တော်မူ၏။

ဆွမ်းလှူခဲ့ဖူးသော အကျိုးကို ပတ္ထောဒနမထေရ်မြတ်က ပရိသတ်အား ဤသို့ ဟောတော်မူခဲ့၏။

"ငါသည် ရှေးဘဝက ထင်းခွေယောကျ်ားဖြစ်၍ ထင်းဖိုးမှရသော တစ်ကွမ်းစားချက် ဆွမ်းကို ဆွမ်းခံကြွလာသော အရှင်မြတ်တစ်ပါးအား လှူခဲ့ဖူးသော အကျိုးအားကြောင့် ကမ္ဘာတစ်သိန်းတိုင်အောင် အပါယ်မလားခဲ့ပေ။ သိကြားမင်း သုံးဆယ့်ခြောက်ကြိမ် ဖြစ်ခဲ့ဖူး၏။ စကြဝတေးမင်း နှစ်ဆယ့်ခုနစ်ကြိမ် ဖြစ်ခဲ့ဖူး၏။ တစ်ကျွန်းလုံးကို အစိုးရသော ဇကရာဇ်မင်း၊ တစ်ကျွန်းလုံးတွင် ကစ်စိတ်တစ်နိုင်ငံကိုသာ အစိုးရသော ပဒေသရာဇ်မင်း အဖြစ်ကား မရေမတွက်နိုင်အောင် ဖြစ်ခဲ့ဖူးပြီ။ လူဖြစ်သောအခါ ငါ၏စည်းစိမ်ချမ်းသာတို့သည် မြစ်ရေအယာဉ်ကဲ့သို့ ဤမျှရှိ၏ဟူ၍ မရေမတွက်နိုင်ပေ၊ မင်းနေပြည်၊ နိဂုံး၊ ဇနပုဒ်ရွာတို့သို့ သွားသည်ရှိသော် ပြည်သူပြည်သား ရွာသူရွာသား တို့က ဤအဝတ်ကိုဝတ်ပါ၊ ဤအစားကိုစားပါ၊ ဤပန် ကိုပန်ပါ၊ ဤနံ့သာကိုလိမ်းပါ ဟု ဆိုကြိုဆိုကုန်၏။ ယခုအဆုံးစွန်သော ကိုယ်၏ အဖြစ်၌လည်း ဘုရားသာသနာတော်ဝယ် ရဟန္တာဖြစ်၍ ခပ်သိမ်းသော ကိလေသာ အနှောင်အဖွဲ့တို့ကို ဖြတ်တောက်၍ အာသဝေါဂင်းကွာသဖြင့် ချမ်းသာစွာနေရလေပြီ။

ယာဂုလှူသည့်ပုဏ္ဏား

မြတ်စွာဘုရားရှင်သည် ဗာရာဏသီပြည်၌ သီတင်းသုံးနေတော်မူသော အခါ ဗာရာဏသီပြည်မှသည် အနှီကဝိန္ဒမြို့သို့ တစ်ထောင့်ငါးကျိပ်သော တပည့်ရဟန်းအပေါင်းနှင့်တကွ ကြွတော်မူ၏။ ထိုအခါ ဇနပုဒ်နေ ဒါယကာ ဒါယိကာမတို့သည် များစွာသော နှမ်းဆီ, ပျား, သကာ, မုန့်ခဲဖွယ်, ဆား, ဆီ, တင်လဲတို့ကို လှည်းဖြင့်တင်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းခဲဖွယ်တို့ဖြင့် လုပ်ကျွေးလှူဒါန်းကုန်အံ့ဟု နှောက်တော်မှ အစဉ် တစိုက်လိုက်ခဲ့ကြ၏။ တယောက်လျှင် တနေ့ကျ အလှည့်ချ၍ လုပ်ကျွေးကြ ကုန်၏။

ထိုသို့ အလှည့်ကျသဖြင့် လုပ်ကျွေးလာသည်မှာ နှစ်လမျှရှိနေသော်လည်း မိမိအလှည့်မကျသေးသော ပုဏ္ဏားတစ်ယောက်သည် "ငါကား မြတ်စွာဘုရား နှင့်တကွ သံဃာတော်တို့ကို လုပ်ကျွေးအံ့ဟု နှောက်တော်သို့ လိုက်နေသည်မှာ နှစ်လရှိပြီ၊ ယခုတိုင်ငါ့အလှည့်သို့မရောက်သေး၊ အလှည့်ကျအောင် ဆိုင်းငံ့နေရ သော် ကြာတော့မည်၊ သူများကျွေးရာတွင် မပါဝင်သေးသော ယာဂုကို ငါလှူတော့မည်" ဟု အကြံရ၍ ထိုအကြံကို အရှင်အာနန္ဒာအား လျှောက်ထားရာ အရှင်အာနန္ဒာက သဘောတူသဖြင့် တနေ့တွင် ဆွမ်းကျွေးရာ၌ မပါသော ယာဂုနှင့်ပျားဆုပ်မုန့်တို့ကို မြတ်စွာဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းမဘုဉ်းပေးမီ ဆက်ကပ်လှူဒါန်း၏။ မြတ်စွာဘုရားသည် ယာဂုဘုဉ်း ပေးပြီးလျှင် အနုမောဒနာတရားကို ဤသို့ ဟောကြား တော်မူ၏။

ယာဂု၏အကျိုးကား ဤဆယ်ပါးတို့တည်း–ယာဂုကိုလှူသောသူသည် အသက်ကိုလှူသည်မည်၏၊ အဆင်းကိုလှူသည်မည်၏၊ ချမ်းသာကို လှူသည် မည်၏၊ ခွန်အားကိုလှူသည်မည်၏၊ ပညာကိုလှူသည်မည်၏၊ ယာဂုသောက် သော် မွတ်သိပ်ခြင်း ကင်းပျောက်၏၊ ရေဆာခြင်း ကင်းပျောက်၏၊ လေကို စုန်စေ၏၊ အစာဟောင်းကို သုတ်သင်၏၊ အစာသစ်ကို ကြေစေ၏။ ယာဂုကို ဆေးဟူ၍ဟောတော်မူ၏။ လူချမ်းသာ နတ်ချမ်းသာကို လိုလား တောင့်တသောလူတို့သည် ယာဂုကို လှူဒါန်းရာ၏။

ထမင်းချိုးလှူ၍ နတ်ပြည်ရောက်

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ်အခါနှင်က ရာဇဂြိုဟ်ပြည်ရှိ အိမ်တစ်အိမ်၌ "အဟိဝါတရောဂါ"ဟု ခေါ်သော မြွေဆိပ်နှင့်တူသော ရောဂါ (ယင်းနာ)ကပ်ရောက်၏။ ထိုရောဂါသည် ကူးစက်မြန်သောရောဂါဖြစ်၏။ အိမ်နေသူ လူအများ သေကြေ ပျက်စီးကြကုန်၏။ ထိုအိမ်တွင် အမျိုးသမီးတစ်ယောက်သာ ကျန်တော့၏။ ထိုအမျိုးသမီးလည်း သေဘေးမှ ကြောက်လန့်၍ အိမ်နှင့်တကွ အိမ်ရှိပစ္စည်း ဥစ္စာများ စွန့်ပစ်ပြီး နောက်ဖေးပေါက်မှ ထွက်ပြေးတိမ်းရှောင်ကာ ခြေဦးတည့်ရာ လျှောက်သွားရင်း သူတစ်ပါး အိမ်နောက်ဖေး၌ အဖိုကလေးဆွယ်၍ နေထိုင်ရ၏။ အိမ်ရှင်များက သနားကြင်နာ၍ပေးသော ထမင်းကျန်၊ ဟင်းကျန်၊ ထမင်းချိုး စသည်တို့ကို စားသောက်နေရ၏။

အရှင်မဟာကဿပမထေရ်မြတ်သည် နိရောဓသမာပတ်ကို ဝင်စားတော်မူ၍ ခုနစ်ရက်မြောက်သဖြင့် သမာပတ်မှထတော်မူလျက် ထိုအထီးကျန် အမျိုးသမီးရှိရာ နေအိမ်သို့ ဆွမ်းခံကြွတော်မူ၏။

အမျိုးသမီးသည် အရှင်မဟာကဿပမထေရ်ကိုမြင်လျှင် ဤ မထေရ်မြတ်သည်ကား ကြီးမားသော ဘုန်းကံအာနုဘော်ရှိပေ၏။ ငါ့အား ထိုက်ထိုက်တန်တန် ခဲဖွယ်ဘောဇဉ်မရှိ။ ဤညစ်ပေနေသည့်ငါ၏ ထမင်းခွက်၌ ဆားလည်းမပါ၊ အရသာလည်းမရှိ၊ အေးနေသော ထမင်းချိုးနှင့် ပုန်းရည်ဟင်းကို အရှင်မြတ်အား လောင်းလှူရန်မသင့်ဟု နှလုံးသွင်းပြီး "ကန်တော့ဆွမ်းပါဘုရား" ဟု လျှောက်ထားလိုက်၏။ မထေရ်မြတ်သည် ရပ်မြဲရပ်တော်မူ၏။ ဘေးအိမ်၌ ရှိကြသောသူများ လောင်းလှူသည့်ဆွမ်းကို မထေရ်မြတ် အလှူခံယူတော်မမူချေ။

ဆင်းရဲသူအမျိုးသမီးသည် ဤအရှင်မြတ်ကား ငါ၏ဆွမ်းကိုမှ အလှူခံယူလိုသည်ဟုသိ၍ အလွန်ကြည်ညိုဝမ်းမြောက်လျက် ထမင်းချိုးကိုပင် မထေရ်မြတ်၏ သပိတ်၌ လောင်းလှူလိုက်၏။ အရှင်မဟာကဿပမထေရ်သည် ထိုဆင်းရဲသူမ၏ သဒ္ဓါကြည်ညိုစိတ် တိုးတက်စေရန် ရည်သန်လျက် ထိုနေရာတွင် ဘုဉ်းပေးလိုသည့် အမှုအရာကိုပြသော် လူများသည် မထေရ်မြတ်အား

နေရာခင်းပေးကြ၏။ မထေရ်မြတ်သည် ထိုနေရာ၌ သီတင်းသုံးတော်မူကာ ဆင်းရဲသူမ၏ ထမင်းချိုးကို မြိန်ရှက်စွာ ဘုဉ်းပေးသုံးဆောင်တော်မူပြီး ဆွမ်း အနုမောဒနာ ဟောတော်မူရာ ဆင်းရဲသူမသည် လွန်ခဲ့သည့် သုံးဘဝ မြောက်က ငါ၏ မိခင် တော်စပ်ခဲ့ဖူးသည်ဟု ထည့်သွင်းဟောကြားတော်မူ၏။

သူဆင်းရဲမသည်မထေရ်မြတ် ဟောကြားခဲ့သော စကားကြောင့် လွန်ခဲ့သော သုံးဘဝမြောက်က ဤမထေရ်မြတ်သည် ငါ၏သားပါတကားဟု အလွန်ကြည်ညိုစိတ်ဖြစ်၍ ညဉ့်ဦးယံ၌ စုတေလွန်၍ ပဥ္စမမြောက် နတ်ပြည်ဖြစ်သော နိမ္မာနရတီ နတ်ပြည်သို့ ရောက်လေ၏။

(အာစာမဒါယိကာဝိမာနဝတ္ထု-၁၂၆။)

သင်္ကန်းလွှဖြင်းအကျိုး

သင်္ကန်းအကြောင်း

အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်တို့၏ တံခွန်အောင်လံသဖွယ် ဖြစ်သော အပ်သောဆိုးရည်ဖြင့်ဆိုးသော အဝတ်အထည်ကို "သင်္ကန်း" ဟုခေါ်သည်။ သာသနာတော်အတွင်း နေထိုင်ကြသော ရှင်ရဟန်းတို့ ဝတ်ဆင်မြန်းအပ်သော အဝတ်သင်္ကန်း ဖြစ်၏။ သာသနာပ ရသေ့တို့ ဝတ်ဆင်မြန်းသော သင်္ကန်းထက် မြင့်မြတ်၏။

သင်္ကန်းစိမ် ချုပ်လုပ်ရာ၌ ဖျက်ခြင်းသုံးမျိုးနှင့် ပြည့်စုံစေရ၏။ ဖျက်ခြင်းသုံးမျိုးဟူသည် –

(၁) အပိုင်းအပိုင်း ဖြတ်ခြင်းအားဖြင့် တန်ဖိုးဖျက်ခြင်း။
(၂) အပိုင်းအပြတ်တို့ကို ချုပ်စေခြင်းအားဖြင့် (ကောင်းသော အတွေ့အထိ) နူးညံ့မှု ဖျက်ခြင်း။
(၃) ချုပ်လုပ်မှု၊ ဆိုးရည်ဆိုးမှု၊ ကပ္ပဒိန္နဆိုးမှု စသည်ကို ပြုခြင်းအားဖြင့် အရောင်အဆင်းဖျက်ခြင်းတို့ ဖြစ်၏။

ယင်းသင်္ကန်းသည် –

(၁) ပံသုကူလစီဝရ=ပုံသကူ သင်္ကန်း၊
(၂) ဂဟပတိစီဝရ=လူတို့လှူဒါန်းအပ်သော သင်္ကန်းဟု ၂-မျိုးရှိ၏။

ထိုတွင် ပဌမဗောဓိခေါ်သော မြတ်စွာဘုရား ဝါတော် ၂၀-အတွင်း၌ ပုံသကူ သင်္ကန်းကိုသာ အသုံးပြုတော်မူကြပါသည်။ မြတ်စွာဘုရား ဝါတော် ၂၀-ကျော်မှ ဆရာဇီဝက၏ တောင်းပန်မှုကို အကြောင်းပြု၍ လူတို့လှူသော သင်္ကန်း (ဂဟပတိစီဝရ)ကို ခွင့်ပြုတော်မူလေသည်။

အပ်စပ်သောသင်္ကန်း

(၁) ခုံချည် (ပိုက်ဆံလျှော်ချည်)ဖြင့် ပြုလုပ်အပ်သော သင်္ကန်း
(၂) ဝါချည်ဖြင့် ရက်လုပ်အပ်သော သင်္ကန်း

(၃) ပိုးချည်ဖြင့် ရက်လုပ်အပ်သော သင်္ကန်း
(၄) သိုးမွေးဖြင့် ရက်လုပ်အပ်သော သင်္ကန်း
(၅) သျှမ်ချည်ဖြင့် ရက်လုပ်အပ်သော သင်္ကန်း
(၆) ချည်အမျိုးမျိုးရောစပ်၍ ရက်လုပ်အပ်သော သင်္ကန်း — ဟု လျော်သော (အနုလောမ) သင်္ကန်း(၆)မျိုးရှိသည်။

သင်္ကန်း (၉) ထည်

(၁) ခါးဝတ်သင်္ကန်း (သင်းပိုင်)
(၂) ကိုယ်ရုံသင်္ကန်း (ဧကသီ)
(၃) ၂-ထပ်သင်္ကန်း=သင်္ကန်းကြီး (ဒုကုဋ္ဌ)
(၄) မိုးရေခံသင်္ကန်း (ရေသနုပ်)
(၅) နေရာထိုင်=ထိုင်သောအခါ အသုံးပြုသောသင်္ကန်း (နိသီဒိုင်)
(၆) အိပ်ရာခင်းသင်္ကန်း
(၇) အမာ(အနာ)လွှမ်းသင်္ကန်း
(၈) မျက်နှာသုတ်ပဝါ=မျက်နှာသုတ်သင်္ကန်း
(၉) ရှေ့.ရှစ်မျိုးမှတပါး ရေစစ်၊ သပိတ်အိတ်၊ အလှူးတစ်တောင် အနံတစ်ထွာရှိ ဝိကပ္ပနာလောက်သော အသုံးအဆောင် အဝတ်အထည် (ပရိက္ခာရစောဠ)ဟု အမည်အားဖြင့် (၉)မျိုးရှိသည်။ ထိုတွင် သင်းပိုင်၊ ကိုယ်ရုံ၊ ၂-ထပ်သင်္ကန်း ဤသုံးထည်တို့သည် မူလသင်္ကန်းများ ဖြစ်ကြ၏။

ဝိသာခါ၏သင်္ကန်း အလှူ

သာကေတမြို့၊ ဓနဉ္ဇယသေဋ္ဌီး၏ သမီး ဝိသာခါသည် အင်္ဂါရုစ်ပါး နှင့် ပြည့်စုံ၏၊ ကောင်းခြင်း ငါးဖြာနှင့်လည်း ပြည့်စုံ၏၊ ဆင်ပြောင်ငါးစီး အား ကို လည်းဆောင်၏၊ ဝရဇိန်လက်နက်ကဲ့သို့ ထက်မြက်သောပညာ နှင့်လည်း ပြည့်စုံ၏၊ အသက်တစ်ရာ့နှစ်ဆယ် နေရ၏၊ အသက်တစ်ရာ့နှစ်ဆယ် တိုင်အောင်ပင် သား မြေး မြစ်တို့နှင့် အရွယ်တူပင်ဖြစ်သဖြင့် "မင်္ဂလာရှိသော

အမျိုးသမီး" ဟူ၍ အများကသမုတ်ကြ၏၊ ထိမ်းမြားမင်္ဂလာပွဲ၊ အလှူပွဲ တို့၌ ဝိသာခါကို ဖိတ်၍ ကျွေးမွေးကြ၏။

ဝိသာခါသည် ဤသို့သော လက္ခဏာ၊ ဘုန်းပညာ၊ စည်းစိမ်ချမ်းသာ တို့ကို ရွေးဘဝက အဝတ်, သင်္ကန်း, ဆွမ်း, ဆေး ပေးလှူဖူးသောကြောင့် လည်းကောင်း၊ ကဿပဘုရားရှင် လက်ထက်က နှစ်သောင်းသော အရှင်မြတ် တို့အား သင်္ကန်း လှူခဲ့ဖူးသောကြောင့် လည်းကောင်း ရရှိခြင်း ဖြစ်ပါသည်။ ယခု ဝိသာခါ ဘဝ၌လည်း ပုဗ္ဗာရုံကျောင်းမြေတန်ဖိုးကိုးကုဋေ၊ ကျောင်းဆောက် တန်ဖိုးကိုးကုဋေ၊ ကျောင်းလှူဒါန်းပြီး သုံးလပတ်လုံး ကျောင်း၌ ဘုရားအမှူး ရှိသော သံဃာတော်တို့အား အလှူကြီးပေး၍ အဖိုးတစ်သိန်းတန် သင်္ကန်း တစ်စုံစီ ဆက်ကပ်လှူဒါန်းပါသည်။ ကျောင်းနှင့်မစပ်သည့် အလှူတန်ဖိုး ကိုးကုဋေ၊ စုစုပေါင်း နှစ်ဆယ့်ခုနစ်ကုဋေတန်ဖိုး လှူဒါန်းပါသည်။

ဝိသာခါသည် သင်္ကန်းလှူခဲ့ဖူးသော ကောင်းမှုကြောင့် မဟာလတာ ပသာဓနတန်ဆာကို ဆင်မြန်းရသည်၊ ဤတန်ဆာသည် ကိုးကုဋေတန်ဖိုးရှိ၏၊ ဆင်ပြောင်ငါးစီး အားမာန်ကြီးမှ ဝတ်ဆင်နိုင်၏၊ ဤတန်ဆာကို ဝတ်ဆင် နိုင်သောသူများမှာ ဝိသာခါ၊ ကုသိနာရုံပြည် မလ္လာမင်းသမီး မလ္လိကာ မိဖုရားနှင့် ဗာရာဏသီပြည် သေဋ္ဌေးသမီးအား ဖြင့် သုံးဦးသာရှိ၏။

သင်္ကန်းလှူဒါန်းခြင်း၏ အကျိုးသည် ယောကျ်ားတို့အတွက် တန်ခိုးဖြင့် ပြီးသော သပိတ်, သင်္ကန်း တို့သည် ဖြစ်လာသဖြင့် "ဧဟိ ဘိက္ခု" ရဟန်းဆု ပြည့်၏။ အမျိုးသမီးတို့အား ကိုးကုဋေတန်ဖိုးရှိသော မဟာလတာတန်ဆာ ကို ဝတ်ဆင်ရသည်။

ခေါမဒါယကထေရ်

ဤကမ္ဘာမှပြန်၍ရေသည်ရှိသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဗန္ဓုမတီမြို့ ဝယ် ကုန်သည်တစ်ဦးရှိ၏။ ကုန်ရောင်းကုန်ဝယ်ဖြင့်သာ သားမယားကို လုပ်ကျွေး၏။ ကောင်းမှုကိုလည်းပြု၏၊ ကုန်သည်သည် ဝိပဿီမြတ်စွာဘုရား

အား ခေါမတိုင်းဖြစ် အဝတ်အထည်ကို လှူဒါန်း၏၊ ထိုကောင်းမှုကြောင့် သံသရာတစ်လျှောက် အပါယ်ဘုံသို့လည်း လုံးဝမရောက်ရ၊ အသက်ထက်ဆုံး ကောင်းမှုကိုသာပြု၍ စုတေသည်ရှိသော် နတ်ပြည်၌ဖြစ်ရ၏၊ နတ်ပြည် ခြောက်ထပ်၌ အစုန်အဆန် နတ်၏စည်းစိမ်ကို ခံစား၍ စုတေပြီးလူ့ပြည်၌ သိန္ဓဝသန္ဓနမည်သော စကြဝတေး မင်းလည်းဖြစ်ရ၏။

ဂေါတမမြတ်စွာဘုရား လက်ထက်၌ အမျိုးအိမ်တွင်ဖြစ်၏၊ အရွယ်ရောက်သော် မြတ်စွာဘုရား၏တရားတော်ကို နာရသောကြောင့် ရဟန်းပြု၏၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်း၏၊ မကြာမြင့်မီ ရဟန္တာဖြစ်လာ၏၊ ခေါမဒါယကထေရ်ဟု ထင်ရှား၏။ (အ၊ ပ၊ ၆၊၂၊ ၄၆။)

ဝတ္ထဒါယကထေရ်

အတ္ထဒဿီမြတ်စွာဘုရား လက်ထက်ဂဠုန်မင်းတစ်ဦးရှိ၏။ အတ္ထဒဿီဘုရား ဂန္ဓမာဒနတောင်သို့ကြွတော်မူစဉ် ဂဠုန်မင်းသည် လုလင်အသွင်ဖန်ဆင်း၍ မြတ်စွာဘုရားအား အဝတ်တစ်ထည်လှူဒါန်း၏၊ မြတ်စွာဘုရားသည် အဝတ်ကို ခံယူတော်မူပြီးနောက် ကောင်းကင်၌ ရပ်လျက် "ဤကောင်းမှုကြောင့် နတ်ပြည်သို့ရောက်ရလတ္တံ့"ဟု မိန့်တော်မူ၍ ကြွတော်မူ၏။

ဂဠုန်မင်းသည် အသက်ထက်ဆုံးတည်၍ စုတေသည်ရှိသော် နတ်ပြည်၌ဖြစ်ရ၏၊ သံသရာတခွင် ကျင်လည်ရာ၌ အဝတ်နှင့်ပြည့်စုံ၏၊ ဂေါတမမြတ်စွာဘုရား လက်ထက်၌ အမျိုးအိမ်၌ဖြစ်၏၊ အရွယ် ရောက်သော် မြတ်စွာဘုရားကို ကြည်ညိုသောကြောင့် ရဟန်းပြု၏၊ မကြာမြင့်မီ ရဟန္တာ ဖြစ်လာ၏၊ ဝတ္ထဒါယကထေရ်ဟု ထင်ရှား၏။ (အ၊ပ၊၆၊၂၊ ၉၄။)

မဟာပရိဝါရကထေရ်

ဝိပဿီ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြောက်သောင်း ရုစ်ထောင် ခြံရံလျက် ဗန္ဓုမတီပြည်၊ ကျွန်းစေတီ (ကျောင်း) သို့ ကြွတော်မူ၏။ ဘီလူး

စစ်သူကြီးသည် ဘီလူးအပေါင်း ရှစ်သောင်းလေးထောင် ခြံရုံလျက် မြတ်စွာဘုရားအား အပေါ်ရုံ နတ်အဝတ်ပုဆိုးကို လှူဒါန်း၏၊ ရှိလည်း ခိုး၏။ ကြည်လည်း ကြည်သို၏။ ဘီလူးအပေါင်းကိုလည်း သရဏဂုံတည်စေ၏။ ဤကောင်းမှု ကြောင့် အပါယ်လေးဘုံသို့ လုံးဝမရောက်ဘဲ၊ စုတေသော် နတ်ပြည်၌ဖြစ်၏။ နတ်ပြည်ခြောက်ထပ်၌ နတ်စည်းစိမ်ကို ခံစား၏၊ နတ်ပြည်မှ စုတေသော် လူ့ပြည်၌ သုဝါဟနမည်သော စကြဝတေးမင်း တစ်ဆယ့်ခြောက်ကြိမ် ဖြစ်၏။

ဂေါတမမြတ်စွာဘုရား လက်ထက်၌ အမျိုးအိမ်တွင် ဖြစ်၏။ အရွယ်ရောက်သော် မြတ်စွာဘုရားကို ကြည်ညိုသောကြောင့် ရဟန်းပြု၏၊ မကြာမြင့်မီ ရဟန္တာဖြစ်လေ၏၊ မဟာပရိဝါရကထေရ်ဟု ထင်ရှား၏။

(အပ၊ ဋ၊ ၂၊ ၁၂၈။)

ဒုဿဒါယကထေရ်

သိဒ္ဓတ္ထဘုရားလက်ထက် တိဝရာပြည်၌ မင်းသားတစ်ဦးရှိ၏၊ ထိုမင်းသားအရွယ်ရောက်သော် ရွာစားအရာကို ပေး၏၊ သိဒ္ဓတ္ထမြတ်စွာဘုရားသည် ထိုမင်းသား စားရသော ရွာသို့ ကြွတော်မူလာ၏။ မင်းသားသည် မြတ်စွာဘုရားအား နှုးညံ့သိမ်မွေ့သောအဝတ်ကို လှူဒါန်း၏၊ မြတ်စွာဘုရားသည် အဝတ်ကို လက်ဖြင့် သုံးသပ်၍ ကောင်းကင်သို့ ကြွတော်မူ၏၊ အဝတ်ကလည်း မြတ်စွာဘုရားနောက်မှ လိုက်၏၊ မင်းသားနှင့်လူတို့သည် ကောင်းကင်၌ မြတ်စွာဘုရားနောက်မှ အဝတ်လိုက်နေသည့်အံ့ဖွယ်ကို တွေ့မြင်ကြရ၍ အံ့ဖွယ်ဖြစ်ကြပြီး ရှိခိုးကြကုန်၏၊ အလွန်ကြည်ညိုကြကုန်၏၊ လက်အုပ်ချီကြ ကုန်၏၊ မြတ်စွာဘုရားရှင်သည် ကျောင်းတော်သို့ ကြွတော်မူ၏၊ မင်းသားသည် ဤကောင်းမှုကြောင့် အပါယ်လေးဘုံသို့ လုံးဝမရောက်ရဘဲ၊ စုတေသော် နတ်ပြည်၌ဖြစ်၏၊ နတ်ပြည်မှ စုတေသော် လူ့ပြည်၌ ပရိသုဒ္ဓမည်သော စကြဝတေးမင်းဖြစ်၏။

ဤဘုရားလက်ထက်၌ သူကြွယ်အိမ်၌ ဖြစ်၏၊ အရွယ်ရောက်သော် အိမ်ထောင်ပြု၏၊ ရတနာသုံးပါး၌ ကြည်ညို၏၊ မြတ်စွာဘုရား၏ တရား

တော်ကို နာရသောကြောင့် ရဟန်းပြု၏၊ တရားအားထုတ်၏၊ မကြာမြင့်မီ ရဟန္တာဖြစ်၏၊ ဒုဿဒါယကထေရ်ဟု ထင်ရှား၏။ **(အပ၊ ၌၊ ၂၊ ၁၇၅။)**

အဇိနဒါယကထေရ်

ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် သုံးဆယ့်တစ်ကမ္ဘာထက် သိခီမြတ်စွာဘုရားလက်ထက်၌ ဂိဏ်းဆရာတစ်ဦးရှိ၏၊ ဂိဏ်းဆရာသည် သိခီမြတ်စွာဘုရားအား သားရေပိုင်းကို ပေးလှူ၏၊ ဂိဏ်းဆရာသည် "မြတ်စွာဘုရား ဤကောင်းမှုကြောင့် ကိလေသာကုန်ခန်းပြီး ရဟန္တာ ဖြစ်ရပါလို ၏"ဟု ဆုတောင်း၏၊ ဤဂေါင်းမှုကြောင့် အပါယ်ဘုံသို့လည်း လုံးဝမရောက်ရဘဲ၊ အသက်ထက်ဆုံးကောင်းမှုကိုသာ ပြု၍ စုတေသည်ရှိသော် နတ်ပြည်၌ ဖြစ်ရ၏၊ နတ်ပြည်ခြောက်ထပ်၌ နတ်စည်းစိမ်ကို ခံစား၍ စုတေပြီး လူ့ပြည်၌ သုဒါယက စကြဝတေးမင်းလည်း ဖြစ်ရ၏။

ဂေါတမမြတ်စွာဘုရား လက်ထက်၌ အမျိုးအိမ်တွင်ဖြစ်၏။ အရွယ်ရောက်သော်မြတ်စွာဘုရားကို ကြည်ညိုသောကြောင့် ရဟန်းပြု၏၊ မကြာမြင့်မီ ရဟန္တာဖြစ်လေ၏၊ အဇိနဒါယကထေရ် ဟုထင်ရှား၏။**(အပ၊ ၌၊ ၂၊ ၁၈၆။)**

ဝဏ္ဏကာရထေရ်

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် သုံးဆယ့်တစ်ကမ္ဘာထက် သိခီမြတ်စွာဘုရားလက်ထက် အရဏဝတီမြို့၌ ပန်းဆိုးသမား တစ်ဦးရှိ၏၊ ပန်းဆိုးသမားသည် စေတီ၌ရှိသော ပုဆိုးဘဏ္ဍာအဝတ်တို့ကို အရောင်အမျိုးမျိုး ဆိုး၍လှူ၏၊ ဤကောင်းမှုကြောင့် အပါယ်လေးဘုံသို့လည်း လုံးဝမရောက်ရဘဲ၊ အသက်ထက်ဆုံး ကောင်းမှုကိုသာပြု၍ စုတေသည်ရှိသော် နတ်ပြည်၌ဖြစ်ရ၏၊ နတ်စည်းစိမ်ကို ခံစား၍ စုတေပြီး လူ့ပြည်၌ ဝဏ္ဏသမအမည်ရှိသော စကြဝတေးမင်းလည်း ဖြစ်ရ၏။

ဤဘုရားလက်ထက်၌ အမျိုးအိမ်တွင်ဖြစ်၏။ အရွယ်ရောက်သော် မြတ်စွာဘုရားကို ကြည်ညိုသောကြောင့် ရဟန်းပြု၏၊ မကြာမြင့်မီ ရဟန္တာဖြစ်လေ၏၊ ဝဏ္ဏကာရထေရ်ဟု ထင်ရှား၏။ **(အပ၊ ၌၊ ၂၊ ၁၈၇။)**

ကဒုဿဒါယကထေရ်

ပဒုမုတ္တရ မြတ်စွာဘုရား လက်ထက် ဟံသာဝတီမြို့၌ မြက်ထမ်းသမား တစ်ဦးရှိ၏၊ ဆင်းရဲ၏၊ ပုဆိုးတစ်ထည်သာရှိ၏။ မြက်ထမ်းသမားသည် ပဒုမုတ္တရ မြတ်စွာဘုရားအား ပုဆိုးတစ်ထည်ကို လှူ၏။ ဤကောင်းမှုကြောင့် ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်လေးဘုံသို့ မရောက်ရဘဲ၊ အသက်ထက်ဆုံးနေ၍ စုတေသည်ရှိသော် သိကြားမင်းအဖြစ်သုံးဆယ့်ခြောက်ကြိမ်၊ စကြဝတေးမင်းအဖြစ် သုံးဆယ့်သုံးကြိမ် ဖြစ်ရ၏။ ပဒေသရာဇ်မင်းအဖြစ်ကား မရေမတွက်နိုင်၊ ပုဆိုးစသည့် စည်းစိမ်များမယုတ်လျော့ဘဲ ခံစားစံစားရ၏၊ ခြေလှမ်းတိုင်း ပုဆိုးဖြစ်ပေါ်၏။ ပုဆိုးပေါ်နှင်း၍ ပုဆိုးဖြင့်မိုးထား၏။

ဤဘုရားလက်ထက်၌ အမျိုးအိမ်တွင်ဖြစ်၏၊ အရွယ်ရောက်သော် မြတ်စွာဘုရားကို ကြည်ညိုသောကြောင့် ရဟန်းပြု၏၊ မကြာမြင့်မီ ရဟန္တာဖြစ်လေ၏၊ ဧကဒုဿဒါယကထေရ်ဟု ထင်ရှား၏။

အဝတ်ပုဆိုး လှူဒါန်းရခြင်း အကျိုးတို့ကို ထေရာပဒါန်ပါဠိတော်၌ ရွှေအဆင်းရှိခြင်း၊ အညစ်အကြေးကင်းခြင်း၊ အရောင်းတောက်ပခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ ခန္ဓာကိုယ် ပြေပြစ်ခြင်း၊ အဖြူအဝါအနီ အဝတ်ပုဆိုး တစ်သိန်းတို့သည် ဦးထိပ်၌ ဆောင်းမိုးလျက်ရှိခြင်း၊ ဘဝတိုင်း ပိုးပုဆိုး၊ သင်္ကလတ်ပုဆိုး၊ ကမ္ဗလာပုဆိုး၊ ခေါမချည်ပုဆိုး၊ ဝါချည်ပုဆိုး တို့ကိုရရှိခြင်း အကျိုးတို့ကို ဟောကြားထားပါသည်။

ကျောင်းကိုခွင့်ပြုတော်မူခြင်း

ရာဇဂြိုဟ်သေဋ္ဌေး၏ကျောင်းအလှူ

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ ဒုတိယဝါကပ်တော်မူသောနှစ် ရဟန်းတော်များအား ကျောင်းကို ခွင့်ပြုတော်မမူသေး၍ ရဟန်းတော်များသည် တောသစ်ပင်ရင်း၊ တောင်ချောက်၊ တောင်ခေါင်း၊ တောအုပ် လွင်ပြင်၊ ကောက်ရိုးပုံစသော နေရာအရပ်တို့၌ သီတင်းသုံးနေထိုင်ကြကုန်၏။ ရဟန်းတို့သည် နံနက်စောစော မိမိတို့ နေထိုင် သီတင်းသုံးရာ နေရာအသီးသီးမှ မျက်လွှာချလျက် ကြည်ညိုဖွယ် ဣရိယာပုထ်နှင့် ပြည့်စုံစွာ ထွက်လာကြ၏။

နံနက်စောစော ဥယျာဉ်တော်သို့ ထွက်လာသောရာဇဂြိုဟ်သေဋ္ဌေးသည် ထိုရဟန်းတော်တို့၏ သီတင်းသုံးနေထိုင်ရာအရပ်မှ ကြည်ညိုဖွယ် ဣရိယာပုထ်နှင့် ပြည့်စုံစွာ ထွက်လာသည်ကို မြင်တွေ့ရသဖြင့် ရဟန်းတော်များအပေါ် ကြည်ညို စိတ်ဖြစ်ပေါ်ပြီး အနီးသို့ ချဉ်းကပ်၍ ဤသို့ လျှောက်ထား၏။

“အရှင်ဘုရား၊ အကယ်၍ တပည့်တော်သည် အရှင်ဘုရားတို့အတွက် နေထိုင်သီတင်းသုံးရန်ကျောင်းကို ဆောက်လုပ်လှူဒါန်းမည်ဆိုလျှင် အရှင်ဘုရားတို့ သီတင်းသုံးလို ရပါသလား”ဟု လျှောက်ထား၏။

ဒါယကာကြီး၊ မြတ်စွာဘုရားသည် ရဟန်းတော်များအား ကျောင်းကို ခွင့်ပြုတော်မမူ၍ ငါတို့ နေထိုင်သီတင်းသုံးလို့ မဖြစ်သေးဟု ပြန်လည် မိန့်ဆိုကြကုန်၏။

အရှင်ဘုရား၊ ထိုသို့ဖြစ်လျှင် မြတ်စွာဘုရားကို လျှောက်ထား၍ တပည့်တော်အား အကြောင်းပြန်ကြားတော်မူပါဟု လျှောက်သော် ဒါယကာကြီး ကောင်းပြီဟု ရာဇဂြိုဟ်သေဋ္ဌေး၏ လျှောက်ထားချက်ကို သဘောတူ ဝန်ခံပြီး မြတ်စွာဘုရားရှင်ထံတော်သို့ ချဉ်းကပ်ရှိခိုး နေထိုင်ကြပြီး အရှင်ဘုရား- ရာဇဂြိုဟ်သေဋ္ဌေးသည် ကျောင်းများကို ဆောက်လုပ် လှူဒါန်းလိုပါ၏ဟု တပည့်တော်များအား လျှောက်ထားပါသည်။ ထိုရာဇဂြိုဟ် သေဋ္ဌေးအား

တပည့်တော်များ မည်ကဲ့သို့အကြောင်း ပြန်ကြားရပါမည်နည်းဟု လျှောက်ထားကြ၏။

မြတ်စွာဘုရားသည် သံဃာတော်များမှတစ်ဆင့် ရာဇဂြိုဟ်သေဌေး၏ လျှောက်ထားချက်အရ ရဟန်းတော်များနေထိုင် သီတင်းသုံးရန် တစ်ဘက် မိုးကျောင်း၊ နှစ်ဘက်မိုးကျောင်း ပြဿာဒ်ရှည်၊ ပြာသာဒ်ကတုံး၊ ဂူ၊ ဤငါးပါးသော နေရာကျောင်းတို့ကို ခွင့်ပြုတော်မူ၏။ ရဟန်းတော်များ အတွက် ဘုရားရှင်ကျောင်းခွင့်ပြုတော်မူသည့်အခါ ရဟန်းတော်များသည် ရာဇဂြိုဟ်သေဌေးထံသို့ သွားရောက်၍ "ဒါယကာကြီး၊ ဒါယကာကြီး စေခိုင်း လျှောက်ထားချက်အရ မြတ်စွာဘုရားအား လျှောက်ထားရာ ယခုအခါ မြတ်စွာဘုရားသည် ရဟန်းတော်များနေထိုင် သီတင်းသုံးရန် ကျောင်းကိုခွင့်ပြုတော်မူပြီဟု ရာဇဂြိုဟ်သေဌေးအား ပြန်လည်ပြောကြားကြကုန်၏။

ရာဇဂြိုဟ်သေဌေးသည် လူအင်အား ငွေအင်အားသုံးပြီး ကျောင်းပေါင်းခြောက်ဆယ်ကို နေ့ချင်းပြီး ဆောက်လုပ်၍ မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးလျက် "အရှင်ဘုရား မြတ်စွာဘုရားသည် နက်ဖြန်အတွက် တပည့်တော်၏ ဆွမ်းကို သံဃာတော်များနှင့်အတူ လက်ခံတော်မူပါဘုရား" ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူခြင်းဖြင့် ရာဇဂြိုဟ်သေဌေး၏ လျှောက်ထားချက်ကို လက်ခံတော်မူ၏။ ရာဇဂြိုဟ်သေဌေးသည် သူ၏ လျှောက်ထားချက်ကို ဘုရားရှင်လက်ခံတော်မူကြောင်းသိ၍ နေရာမှ ထလျက် မြတ်စွာဘုရားအား အရိုအသေပြုကာ ပြန်သွား၏။

ရာဇဂြိုဟ်သေဌေးသည် မြတ်စွာဘုရားအား ဆွမ်းဖိတ်ပြီး နောက် မိမိနေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ် ချိုချဉ်အရသာကို စီမံပြီး ဘုရားရှင်ထံ ချဉ်းကပ်၍ အရှင်ဘုရား အချိန်တန်ပါပြီဆွမ်းပြင်ဆင်ပြီးပါပြီဟု လျှောက်ကြားပင့်ဖိတ်၏။

မြတ်စွာဘုရားသည် သပိတ်သင်္ကန်းကို ယူလျက် သံဃာတော်များနှင့်အတူ ရာဇဂြိုဟ်သေဌေး နေအိမ်သို့ ကြွရောက်တော်မူပြီး ခင်းထားအပ်သော နေရာ၌ ထိုင်နေသီတင်းသုံးတော်မူ၏၊ ရာဇဂြိုဟ်သေဌေးသည် ဘုရားအမှူး

ရှိသော သံဃာတော်များအား မွန်မြတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရောင့်ရဲသည့် တိုင်အောင် မိမိကိုယ်တိုင် သာဟတ္ထိကဒါနမြောက် ဆက်ကပ်လှူဒါန်း၏။ မြတ်စွာဘုရားဆွမ်းဘဉ်းပေးပြီးသောအခါ ရာဇဂြိုဟ်သေဋ္ဌေးသည် တစ်ခုသော နေရာ၌ ထိုင်လျက် အောက်ပါအတိုင်း လျှောက်ထား၏ –

"အရှင်ဘုရား၊ တပည့်တော်သည် ကောင်းမှုကို လိုလား၊သောကြောင့် လည်းကောင်း၊ နတ်ပြည်ကို လိုလား၊သောကြောင့်လည်းကောင်း ဤခြောက်ဆယ်သော ကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းအပ်ပါပြီ၊ အရှင်ဘုရား၊ တပည့်တော် သည် ထိုကျောင်းတို့၌ အဘယ်သို့ ပြုကျင့်ရပါမည်နည်းဟု လျှောက်ထား၏။

"ဒါယကာ သို့ဖြစ်လျှင် သင်ဒါယကာသည် ခြောက်ဆယ်သော ကျောင်းတို့ကို လာပြီး လာလတ္တံ့သော စတုဒိသာ သံဃာတော်အား ရည်မှန်း၍ (သံဃိက) လှူဒါန်းလော့"ဟု မိန့်တော်မူ၏။ "အရှင်ဘုရား ကောင်းပါပြီဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားပြီး သူဆောက်လုပ် လှူဒါန်းသော ကျောင်းခြောက်ဆယ်အားလာပြီး လာလတ္တံ့သော အရပ်လေး မျက်နှာ၌ရှိသော စတုဒိသာ သံဃာအား ရည်မှန်း၍ လှူဒါန်း၏။

မြတ်စွာဘုရားသည် ကျောင်းဒါယကာ ရာဇဂြိုဟ်သေဋ္ဌေးအား အောက်ပါအတိုင်း ကျောင်းအနုမောဒနာတရား ဟောကြား၀တ်မူ၏။

ကျောင်းလှူရကျိုး

ဒါယကာ၊ကျောင်းသည် အနော်းကိုလည်းကောင်း၊အပူကိုလည်းကောင်း၊ သား၊ရဲ မြွေ ကင်း သန်း ခြင်၊ လေအေး၊မိုး၊ပေါက်တို့ကို လည်းကောင်း ပယ်ဖျောက်နိုင်၏။ ထို့ပြင် ပြင်းထန်သော လေ ပြင်းထန်သော အပူတို့ကို ပယ်ဖျောက်နိုင်၏။ ကိန်းအောင်းခြင်းငှာ၊ ချမ်းသာခြင်းငှာ၊ စွာန်၀င်စားခြင်းငှာ၊ ဝိပဿနာရှုခြင်းငှာ သံဃာတော်အား ကျောင်းကို လှူဒါန်းရခြင်းသည် မြတ်၏ဟု ဘုရားရှင်အပေါင်း ဟောကြား၀တ်မူ၏။ ထိုကြောင့် မိမိအကျိုးကို မြင်သော ပညာရှိတို့သည် မွေ့လျော်ဖွယ်ကောင်းသော ကျောင်းတို့ကို

ဆောက်လုပ်လှူဒါန်းရာ၏။ မိမိဆောက်လုပ်လှူဒါန်းသောကျောင်း၌ အကြား အမြင်များသော ရဟန်းတို့ကို နေထိုင် သိတင်းသုံးစေရာ၏။ ထိုဖြောင့်မတ်သော ရဟန်းတို့အား သင့်လျော်သော စားဖွယ်သောက်ဖွယ်သင်္ကန်း အိပ်ရာ၊ နေရာတို့ကို ကြည်ညိုသော စိတ်ဖြင့် ဆက်ကပ်လှူဒါန်းရာ၏။ ရဟန်းတို့သည် ထိုကျောင်းဒါယကာအား ဆင်းရဲအလုံးစုံကို ပယ်ဖျောက်တတ် သောတရားကို ဟောကုန်၏။ ဤသာသနာ တော်၌ ထိုကျောင်းဒါယကာသည် ထိုကျောင်းနေ ရဟန်းတော်တို့ အထံမှ ဟောကြားသော တရားကို ကြားနာသိမြင်၍ အာသဝေါတရား လေးပါးကုန်ခန်းပြီး ကိလေသာတို့မှ ငြိမ်အေးရလေ၏ ဟု ကျောင်းအနုမောဒနာ တရား ဟောကြားတော်မူ၏။

မိထွေးတော်ဂေါတမီ၏ ဝါဆိုကျောင်းအလှူ

ဗာရာဏသီပြည်၌ အမျိုးသမီးတစ်ယောက်သည် ရေရောင်း၍ အသက်မွေး၏၊ ဘဝတူအမျိုးသမီးငါးရာတို့ကို အကြီးအကဲ ပြုနေ၏။

တစ်နေ့သောညနေချမ်းအခါ ထိုအမျိုးသမီးငါးရာသည် ရေဆိပ်သို့ ရေခပ်သွားရန် ဗာရာဏသီမြို့မှအထွက် ပစ္စေကဗုဒ္ဓါအရှင်မြတ် ငါးပါး ဗာရာဏသီမြို့သို့အဝင် ခရီးရင်ဆိုင် တွေ့မြင်လိုက်ရ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ် ငါးပါးသည် ဝါဆိုရန်အချိန်ကာလနီးကပ်သဖြင့် နန္ဒမူလိုဏ်မှ ကြွလာတော်မူကြပြီး ဗာရာဏသီမြို့သေဋ္ဌေးထံ ဝါဆိုကျောင်းငယ်အတွက် လုပ်အားအလှူခံကြ၏။ ဗာရာဏသီ သေဋ္ဌေးက အခြားတစ်နေရာသို့ အလှူခံတော်မူကြပါဟု လျှောက်ထားလိုက်၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ သည် ဗာရာဏသီမြို့မှ ပြန်အထွက် ရေခပ်ပြီး ပြန်လာသော အမျိုးသမီးငါးရာတို့ ၏ ခေါင်းဆောင် အမျိုးသမီးနှင့် ခရီးရင်ဆိုင် ဆုံပြန်၏။

ထိုအမျိုးသမီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့နှင့် ထပ်မံ တွေ့ဆုံသော အခါ ခေါင်းပေါ်မှ ရေအိုးကို အသာချထားပြီး ရှိခိုးဦးညွတ်လျက် အရှင်ဘုရားတို့သည် မြို့တွင်းသို့ ယခုပင်ဝင်ပြီး ယခုချက်ချင်းပင် ပြန်ထွက်လာခြင်းသည် မည်သည့်ကိစ္စများရှိပါသနည်းဟု လျှောက်ထား၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့က ဝါဆိုကာလ နီးပြီဖြစ်၍ ဗာရာဏသီ သေဋ္ဌေးထံ ဝါဆိုကျောင်း

ဆောက်လုပ်ရန်အတွက် လက်အမှု လုပ်အားအလှူခံရာ မရရှိခဲ့ကြောင်း ပြန်လည်ပြောကြား၏။

အရှင်ဘုရားတို့ ဤဝါဆိုကျောင်းကို အစိုးရသောသူ၊ သူဌေးသူကြွယ် စသော လူကုံထံ မျက်နှာကြိုးလူတန်းစားများသာ ဆောက်လုပ် လှူဒါန်းကောင်း ပါသလားဘုရား။ တပည့်တော်မတို့လို ဆင်းရဲသား များကား ဝါဆိုကျောင်းများ ဆောက်လုပ် လှူဒါန်းကောင်းပါသလားဘုရားဟု လျှောက်ထားရာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့က ဆင်းရဲချမ်းသာမရွေး မည်သူမဆို ဆောက်လုပ် လှူဒါန်းနိုင်ကြောင်း မိန့်တော်မူလျှင် အရှင်ဘုရားတို့အတွက် ဝါဆိုကျောင်းကို တပည့်တော်မတို့ ဆောက်လုပ် လှူဒါန်းပါမည်၊ နက်ဖြန်ခါ တပည့်တော်မတို့၏ ဆွမ်းကို အလှူခံယူတော်မူပါဟု ပင့်ဖိတ် လျှောက်ထား၏။

ထိုအမျိုးသမီးသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်များအား လျှောက်ထားပြီး မြို့တွင်းသို့ ဆက်မသွားသေးဘဲ ရေဆိပ်လမ်း၌ စောင့်ဆိုင်းလျက် လာတိုင်း လာတိုင်းသော ဘဝတူ ရေခပ်အမျိုးသမီးများကို ရှင်မတို့ ဤနေရာ၌ ခဏ ထိုင်ကြပါဟု အားလုံးစုဝေးစေပြီး၊ အမိတို့ အမြဲတမ်း ဤကဲ့သို့ သူတပါးတို့၏ ကျွန်မအလုပ်ကိုသာ ပြုလုပ်နေကြမည်လော၊ ကျွန်မအဖြစ်မှ လွတ်ခြင်းငှာ မပြုလုပ်ကြဘူးလောဟု မေး၏။ အို အရှင်မ–ငါတို့သည် ယနေ့ပင်လျှင် ကျွန်မအဖြစ်မှ လွတ်မည်ဆိုပါက လွတ်ချင်ပါ၏ဟု တစ်ညီတညွတ်တည်း ပြောဆိုကြကုန်၏။ ရှင်မတို့ ဤသို့ဆိုလျှင် ငါသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးပါးကို နက်ဖြန် ကောင်းမှုကုသိုလ် ပြုနိုင်ရန် ဆွမ်းဖြင့် ပင့်ဖိတ်အပ်ပြီ၊ မိမိတို့၏ အရှင်သခင် လင်ယောကျ်ားများကို တစ်နေ့တာ လက်မှုလုပ်အားဃေး အလှူဒါန ပြုလုပ်ကြရန် ပြောကြားကြပါဟု ပြောဆို၏။ ရေခပ်ကျွန်မတို့သည် ကောင်းပါပြီဟု တစ်ညီတညွတ်တည်း ပြောကြားပြီး မိမိအိမ်ရှင်ယောကျ်ားများကို ပြောကြားပြီး ခေါင်းဆောင်အမျိုးသမီးအိမ်၌ စည်းဝေးကြ၏။

ထိုအစည်းအဝေး၌ ခေါင်းဆောင်အမျိုးသမီးက “အမောင်တို့ မနက်ဖြန် ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးပါးတို့အား ဝါဆိုကျောင်းဆောက်လုပ်လှူဒါန်းရန် လက်အမှုလုပ်အား လှူကြပါကုန်လော့ဟု အားလုံးညီညွတ်အောင် ဟောပြော စည်းရုံး၏။

ခေါင်းဆောင်အမျိုးသမီသည် နောက်တစ်နေ့၌ ပစ္စေကဗုဒ္ဓါအရှင်မြတ် ငါးပါးအား ဆွမ်းဆက်ကပ် လှူဒါန်းပြီး လင်ယောကျ်ားများအား ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးပါး သီတင်း သုံးရန်ကျောင်းဆောက်လုပ်ရေး လုပ်အားဒါနပြုရန် တောသို့ လွှတ်လိုက်၏။ ယောကျ်ားငါးရာတို့သည် တောသို့သွားရောက်ပြီး သစ်ဝါးစသည် စုပေါင်း သယ်ယူကာ လူတစ်ရာ (အိမ်ခြေတစ်ရာ)လျှင် ပစ္စေက်ာ ဗုဒ္ဓါအရှင်မြတ် တစ်ပါးအတွက် တစ်ကျောင်း တာဝန်ယူဆောက်လုပ်စေ၏။ ဤသို့ဖြင့်ကျောင်းငါးကျောင်း ဆောက်လုပ်လှူဒါန်းပြီး ပစ္စေကဗုဒ္ဓါအရှင်မြတ် ငါးပါးအား ဝါတွင်း သုံးလပတ်လုံး ဝါဆိုသီတင်းသုံးစေပြီး အလှည့်ကျ ဆွမ်းအလှူဒါနကို ပေးလှူကြကုန်၏။

ဝါကျွတ်ခါနီးလတ်သော် ခေါင်းဆောင်အကြီးအကဲ မိန်းမသည် တစ်ယောက် (တစ်အိမ်)လျှင် အဝတ်တစ်ထည်ကျစီ စီမံရက်လုပ်စေ၏၊ အဝတ်ကြမ်းအထည်ငါးရာရရှိ၏၊ ထိုအဝတ်ကြမ်းအထည်ငါးရာနှင့် လဲလှယ်၍ ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးပါးအတွက် နှစ်ထပ်သင်္ကန်းကြီး၊ အပေါ်ရုံသင်္ကန်း၊ ဇကသီ၊ ခါးဝတ်သင်းပိုင်အား ဖြင့် အချောသုံးထည်စီ ငါးပါးစာ စီမံပြုလုပ်ပြီး ဆက်ကပ်လှူဒါန်းလေ၏။ ပစ္စေကဗုဒ္ဓါအရှင်ငါးပါးသည် ရဲခပ်ကျွန်မတို့ ကြည့်ရှုနေစဉ် ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူကြ၏။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးပါးအား ဆွမ်းသင်္ကန်းကျောင်းလှူဒါန်းကြသော ရဲခပ်ကျွန်မ အားလုံး စုတေ သေလွန်သောအခါ လူ့ပြည် နတ်ပြည်တို့၌ သာလျှင် ကျင်လည်ပြီး ဤဘဒ္ဒကမ္ပာ ဂေါတမမြတ်စွာဘုရား လက်ထက်တော် အခါ၌ ခေါင်းဆောင်အမျိုးသမီးသည် ဇတဒဂ်ရ မဟာပဇာပတိ ဂေါတမီထေရီ ဖြစ်၍ ကျွတ်တမ်းဝင်စံခဲ့ရလေပြီ။

ဇေတဝန်ကျောင်းဒါယကာ

ရာဇဂြိုဟ်သေဋ္ဌေးနှင့် သာဝတ္ထိပြည် အနာထပိဏ် သေဋ္ဌေးတို့သည် မောင်လည် နှမလည် သမီးယောကျ်ဖ တော်စပ်ကြ၏။ အနာထပိဏ်သေဋ္ဌေး

သည် သာဝတ္ထိပြည်ထွက် ကုန်ပစ္စည်းများ ဝယ်ယူ၍ လှည်းငါးရာအပြည့် တင်ဆောင်ပြီး ရာဇဂြိုဟ်သို့ ခရီးစတင် ထွက်ခဲ့၏၊ ရာဇဂြိုဟ်ပြည်သို့ မရောက်မီ တစ်ယူဇနာက ကြိုတင်ပြီး ရာဇဂြိုဟ်သေဋ္ဌေးထံ အကြောင်းကြား ထား၏။ ရာဇဂြိုဟ်သေဋ္ဌေးသည် ဘုရားအမှူးရှိသော သံဃာတော်များကို နက်ဖြန်နံနက်အတွက် ဆွမ်းဘုဉ်းပေး ပင့်ဖိတ်ခဲ့၍ ဆွမ်းအတွက် ဝေယျာဝစ္စ အမှုကိစ္စများဖြင့် အလုပ်များနေသောကြောင့် ယောက်ဖတော် အနာထပိဏ် သေဋ္ဌေး၏ ကြိုတင်သတင်းပေးသည်ကို ဂရုမစိုက်နိုင်ဘဲ ဖြစ်နေ၏။

အနာထပိဏ်သေဋ္ဌေးသည် အိမ်တွင်းသို့ ဝင်ရောက်လာသော်လည်း ရာဇဂြိုဟ်သေဋ္ဌေးမှာ အနာထပိဏ်သေဋ္ဌေးအား အားရဝမ်းသာ နှုတ်ခွန်းဆက် စကား များများမပြောနိုင်ဘဲ ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ရန်ကိစ္စကိုသာ ဦးစားပေး စီမံနေ၏။

အနာထပိဏ်သေဋ္ဌေး၏စိတ်၌ ဤယောက်ဖတော် သေဋ္ဌေးသည် ရှေးအခါက ငါလာလျှင် အလုံးစုံသော ကိစ္စများကို ရပ်ဆိုင်းပြီး ငါနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကား ပြောကြား၏၊ ယခုမူကား အလုပ်သမား များဖြင့် အလုပ်များနေ၏၊ ဤယောက်ဖတော်သေဋ္ဌေးမှာ အရေးကြီးသော ကိစ္စရှိလိမ့်မည်ဟု ကြံစည်တွေးတောပြီး မည်သို့သော အရေးကြီးကိစ္စ ရှိသနည်း”ဟု မေးလေ၏။

ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား နက်ဖြန်ဆွမ်း အတွက် ပင့်ဖိတ်ထားသည်ဖြစ်၍ အလုပ်များနေခြင်း ဖြစ်ပါသည်ဟု ဖြေ၏။ ထိုအခါ အနာထပိဏ် သေဋ္ဌေးက “ဘုရား”ဟု ပြောဆိုပါသလောဟု မေး၏။ သေဋ္ဌေးကလည်း “ဘုရား”ဟု ပြောဆိုပါ၏ဟု ဖြေ၏။ ဤသို့ အနာထပိဏ်သေဋ္ဌေးက သုံးကြိမ်တိုင်တိုင် မေးမြန်းရာ ရာဇဂြိုဟ်သေဋ္ဌေးက သုံးကြိမ်တိုင်တိုင် ဖြေဆို၏။

ရာဇဂြိုဟ်သေဋ္ဌေး၏ နှုတ်မှ အားပါးတရ ပြောဆိုလိုက်သော “ဘုရား” ဟူသော အသံကို ကြားလိုက်ရသည့်အခါ ခုဒ္ဒိကာ ပိတိ၊ ခဏိကာ ပိတိ၊ ဩကန္တိကာ ပိတိ၊ ဥဗ္ဗေဂါပိတိ၊ ဖရဏာ ပိတိဟူသော ပိတိငါးမျိုးသည် အနာထပိဏ်သေဋ္ဌေးကြီး၏ တစ်ကိုယ်လုံး လွှမ်းမိုးပြန့်နှံ့သွား၏။ အနာထပိဏ်

သေဒ္ဓေးသည် ပီတိငါးပါးဖြင့် အကြားမလပ် တွေ့ထိအပ်သော ကိုယ်ရှိသည် ဖြစ်၍ ရာဇဂြိုဟ်သေဒ္ဓေးကြီးကို သေဒ္ဓေးကြီး–လောကဌ် မြတ်စွာဘုရား မြတ်စွာဘုရားဟူသော အသံကိုသော်လည်း ကြားဖို့ရန် ခဲယဉ်း၏။ ကျွန်ုပ်သည် မြတ်စွာဘုရားကို ဖူးမြော်လိုပါသည်။ ယခုအခါ မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ရန် အချိန်ရှိပါသေးသလော ဟု မေး၏။ ယခုအချိန်ဌဲ့ မြတ်စွာဘုရားကို ဖူးမြော်ရန် သွားရောက်ခြင်းငှာ အချိန်အခါ မဟုတ်တော့ပါ၊ နက်ဖြန်နံနက် စောစောကျမှသာ သွားရောက်နိုင်ပါလိမ့်မည်ဟု ရာဇဂြိုဟ် သေဒ္ဓေးက ပြန်လည် ပြောကြား၏။

အနာထပိဏ်သေဒ္ဓေးသည် လောကဌ် ကြားရခဲသော "ဘုရား" ဟူသော အသံကို ကြားရသဖြင့် မိမိရောင်းကုန် ပစ္စည်းများကို စိတ်မဝင်စားတော့ဘဲ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်သို့ တက်၍ မိမိအတွက် ပြင်ဆင်ထားသော အိပ်ခန်းသို့ဝင်ကာ နှုတ်မှလည်း "ဘုရား၊ ဘုရား၊ ဘုရား" ဟု ရွတ်ဖွား နှလုံးသွင်းရင်း အိပ်ပျော်ခြင်းသို့ ရောက်လေ၏။

အနာထပိဏ်သေဒ္ဓေးသည် ညဉ့်ဦးယံလွန်သော် လျောင်းစက်ရာမှထ၍ မြတ်စွာဘုရား၏ဂုဏ်ကို အဖန်ဖန်တလဲလဲ ဆင်ခြင်အောင့်မေ့နေ၏။ အနာထပိဏ်သေဒ္ဓေးအား မြတ်စွာဘုရား၌ အလွန်အားကြီးသော ကြည်ညိုခြင်း ဗလဝသဒ္ဓါတရားများ တဖွားဖွားဖြစ်ပွားလာ၏။ ပီတိကြောင့်ဖြစ်သော အလင်းရောင်များ ပေါ်ထွက်လာကာ အမှောင်ဓာတ်များ ကင်းကွာသွားလေသည်။ ဆီမီးညှိထွန်းသလို၊ လဝန်းနေဝန်းများ ပေါ်ထွက်လာသလို ဖြစ်လေ၏။ ထိုအခါ အနာထပိဏ်သေဒ္ဓေးကြီးသည် သြ–ငါသည် မေ့လျော့ခြင်းသို့ ရောက်လေစွ၊ နေဝန်းကြီးပင် ထွက်ပေါ်လာချေပြီဟု ညည်းတွားပြောဆိုကာ လျောင်းနေရာမှ ထသွား၍ ကောင်းကင်ကို မော့ကြည့်ပြီး ညည့်ဦးယံသာ လွန်ပါသေးသည်၊ သန်းကောင်ယံနှင့် မိုးသောက်ယံအချိန် ကျန်ပါသေး၏ တကားဟု တစ်ဖန် အိပ်ရာတိုက်ခန်းသို့ ဝင်၍ လျောင်းစက်ပြန်၏။ သန်းကောင်ယံ မိုးသောက်ယံတို့ဌဲ့လည်း ထို့အတူ ဖြစ်လေ၏။ ဤသို့ သုံးကြိမ်တိုင်တိုင် အိပ်ရာမှ ထခဲ့လေသည်။

အနာထပိဏ်သေဋ္ဌေးသည် ပစ္ဆိမယံ၏ နောက်ဆုံး မိုးသောက်အားကြီး လင်းခါနီး၌ အိပ်ရာမှထ၍ ဘုံခုနစ်ထပ်ရှိ ပြာသာဒ်မှ ဆင်းသက်၍ မြို့တွင်းလမ်းမအတိုင်း လျှောက်လာခဲ့ရာ သိဝကအမည်ရှိ တံခါးအနီးသို့ ရောက်လျှင် မြို့စောင့်နတ်များက ကြိုတင်၍ တခါးကို ဖွင့်ထားကြ၏။ အနာထပိဏ်သေဋ္ဌေးသည် အဆင်သင့် ပွင့်နေသော မြို့တံခါးမှထွက်ခဲ့ရာ မြို့ပြင်ဘက်တွင် ပစ်ထားသော သူသေကောင်များကို တွေ့ရသဖြင့် အနာထပိဏ်သေဋ္ဌေး သန္တာန်၌ ဖြစ်ပွားနေသော ဘုရားရှင်၌ ကြည်ညိုမှု ပသန္နသဒ္ဓါတရားသည် သတိလက်လွတ်၍ လျော့ပါးသွား၏။ အနာထပိဏ်သေဋ္ဌေး၏ ကိုယ်မှထွက်နေသည့် ပီတိကြောင့်ဖြစ်သော အလင်း ရောင်များ ကွယ်ပျောက်၍ မှောင်မိုက်သွား၏။ အနာထပိဏ် သေဋ္ဌေးသည် ကြက်သီးမွေးညင်းထ ကြောက်စိတ်ဝင်လျက် တုန်လှုပ်ချောက် ခြားပြီး ရှေ့သို့ဆက် မသွားရဲတော့ဘဲ လာလမ်းအတိုင်း ပြန်လှည့်ရန် ဟန်ပြင်လိုက်၏။

ထိုအခါ သိဝကနတ်ဘီလူးက အို သေဋ္ဌေးကြီး–ရှေ့သို့ ဆက်လက်၍ သွားပါလော့၊ သင်သေဋ္ဌေးကြီးအဖို့ ရှေ့သို့ ဆက်လက်သွားခြင်းကသာ ချီးမွမ်းအပ် မြတ်ပါ၏၊ အသင်သေဋ္ဌေးကြီး၏ လာလမ်းအတိုင်း ပြန်လှည့်၍ နောက်ပြန်ဆုတ်ခြင်းသည် မချီးမွမ်းအပ် မမြတ်ပါ ဟု ပြောကြား၏။ အနာထပိဏ်သေဋ္ဌေးသည် သိဝက နတ်ဘီလူး၏ အသံကိုကြား၍ ငါ တစ်ယောက်တည်းမဟုတ်၊ ငါ၏ နောက်၌ အဖော်ရှိသေး၏ဟု ရဲရင့်လာကာ အနာထပိဏ်သေဋ္ဌေး၏ သန္တာန်၌ မြတ်စွာဘုရား၌ ကြည်ညိုသည့် အားကြီးသော သဒ္ဓါတရား ပြန်လည် ဖြစ်ပွားလာ၏။ အမှောင်ပျောက်၍ အလင်းရောက်ပြီး ကြောက်ခြင်း ကြက်သီးမွေးညင်းထခြင်းများ ငြိမ်းအေးသွား၏။

အနာထပိဏ်သေဋ္ဌေးသည် ဤနည်းအားဖြင့် အလောင်းကောင်အမျိုးမျိုးကို မြင်တွေ့ရ၍ ကြောက်စိတ်ဝင်ကာ အလင်းရောင်ကွယ်ပျောက်၍ လာလမ်းအတိုင်း ပြန်လှည့်ရန် သုံးကြိမ် ဆုံးဖြတ်ပြီးမှ နတ်ဘီလူး၏ အားပေးတိုက်တွန်းမှု ကြောင့် ဆက်လက်သွားသဖြင့် သီတဝန (ရင်းတိုက်တောအုပ်) သို့ ရောက်လေ၏။

အနာထပိဏ်သေဋ္ဌေးသည် သွား:နေရင်း "ဤလောက၌ မိမိကိုယ်ကို ဘုရား:ဟု ဝန်ခံပြောဆိုကြသူများ ရှိကြ၏။ ငါသည် ဘယ်ပုံ ဘယ်နည်း:ဖြင့် မြတ်စွာဘုရား:၏ ဘုရား:ဇကန်အစစ်ဖြစ်ကြောင်း:ကို သိရပါမည်နည်း:။ ငါ၏ အမည်ကို အနာထပိဏ်သေဋ္ဌေး:ဟု လူအများက သိကြ၏။ မိဘတို့.မှည့် ခေါ်အပ်သည့် သုဒတ္တဟူသောအမည်ကို အခြား:သူများ မသိကြ၊ ဘုရား:စင်စစ် ဇကန်ဖြစ်လျှင် မြတ်စွာဘုရား:သည် ငါ့အား: သုဒတ္တဟူသောအမည်ဖြင့် ခေါ်ဆိုလိမ့်မည်" ဟု စိတ်အကြံ ဖြစ်လေ၏။

မြတ်စွာဘုရား:သည် သေဋ္ဌေး:၏ စိတ်အကြံကို သိတော်မူ၍ စကြီ လျှောက်ရင်း: အနာထပိဏ်အား: ဧောင့်ကြိုနေတော်မူ၏။ မိမိအနီး:သို့ ရောက်ရှိ လာသော အနာထပိဏ်သေဋ္ဌေး:ကို "ဧဟိ သုဒတ္တ=လာလော့ သုဒတ္တ"ဟု ခေါ်တော်မူလျှင် မြတ်စွာဘုရား:သည် ငါ့အား: မိဘတို့ မှည့်ခေါ်အပ်သော အမည်ရင်း:ဖြင့် ခေါ်တော်မူပေ၏ ဟု ဝမ်း:မြောက်ဝမ်း:သာဖြစ်၍ မြတ်စွာဘုရား: ထံတော်သို့ ချဉ်း:ကပ်ပြီး: ခြေတော်အစုံကို ဦး:ခေါင်း:ညွတ်လျှိုး:ရှိခိုး:လျက် "ဘုန်း:တော်ကြီး:သော မြတ်စွာဘုရား: အရှင်ဘုရား:သည် ချမ်း:သာစွာ ကျိန်း:စက် တော်မူရပါ၏လော" ဟုလျှောက်ထား:၏။

မြတ်စွာဘုရား:သည် အနာထပိဏ်သေဋ္ဌေး:အား: ဥပဓိတရား: သုံး:ပါး: ကင်း:ရှင်း:ပြီး:သော ရဟန္တာပုဂ္ဂိုလ်သည် ကိလေသာ အပူခပ်သိမ်း:ကို ပယ်ဖျောက် ပြီး:ဖြစ်၍ ဣရိယာပုထ် လေး:ပါး:လုံး:၌ပင် ချမ်း:သာစွာ နေထိုင်ရကြောင်း: မိန့်.ကြား:တော်မူပြီး:၊ တရား:တော်ကို ဆက်လက်ဟောကြား:တော်မူရာ အနာထပိဏ်သေဋ္ဌေး:သည် သောတာပန်အရိယာအဖြစ်သို့ ဆိုက်ရောက်လေ၏။

အနာထပိဏ်သေဋ္ဌေး:သည် မြတ်စွာဘုရား:အား: အရှင်ဘုရား: တပည့်တော်အား: ယနေ့.မှစ၍ အသက်ရှင်နေသမျှ ကာလပတ်လုံး: သရဏဂုံ တည်သူ ဥပါသကာ ဒါယကာဟူ၍ မှတ်တော်မူပါဟု လျှောက်ထား:ပြီး: နက်ဖြန် ကောင်း:မှုကုသိုလ် ပြုလုပ်နိုင်ရန် ရဟန်း:သံဃာတော်များ:နှင့် အတူတကွ တပည့်တော်၏ ဆွမ်း:ကို ခံယူတော်မူပါဘုရား: ဟု လျှောက်ထား:၏။

နောက်နေ့.နံနက် ရောက်သောအခါ အနာထပိဏ် သေဋ္ဌေး:သည် ယောက်ဖတော် ရာဇဂြိုဟ်သေဋ္ဌေး:အိမ်၌ ဘုရား:အမူး:ရှိသော သံဃာတော်များ:

အား မွန်မြတ်သော ဆွမ်းခဲဖွယ်ဘောဇဉ်ဖြင့် ဆက်ကပ်လှူဒါန်း လုပ်ကျွေးပြီး မြတ်စွာဘုရားသည် သံဃာတော်အပေါင်းနှင့် အတူတကွ တပည့်တော်၏ နေရပ် သာဝတ္ထိပြည်၌ ဝါဆိုသီတင်းသုံးရန် သည်းခံတော်မူ ပါဘုရားဟု လျှောက်ထားသည့်အခါ မြတ်စွာဘုရားသည် အနာထပိဏ် သေဋ္ဌေးအား ဒါယကာ မြတ်စွာဘုရားတို့သည် ဆိတ်ငြိမ်ရာအရပ်၌ မွေ့လျော်တော်မူကုန်၏ ဟု ပြန်လည်မိန့်ကြားတော်မူ၏။ အနာထပိဏ်သေဋ္ဌေးက အရှင်ဘုရား ဝိုင့်ကြားတော်မူအပ်သောစကားကို တပည့်တော်သိပါပြီ ဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် အနာထပိဏ် သေဋ္ဌေးအား တရားစကား ဟောကြားတော် မူပြီး ကျောင်းတော်သို့ ပြန်ကြွတော်မူ၏။

အနာထပိဏ်သေဋ္ဌေးသည် ရာဇဂြိုဟ်ပြည်၌ မိမိပါလာသော ပစ္စည်းများကို ရောင်းချ၍ သာဝတ္ထိပြည်သို့ အပြန်တွင် လမ်းခရီးအကြား၌ နေထိုင်ကြကုန်သော မိမိ၏ မိတ်ဆွေများအား "အမောင်တို့ တည်းခိုနားနေရန် အာရာမ်ဥယျာဉ်များ ပြုလုပ်ကြ၊ ကျောင်းများဆောက်လုပ်ကြ၊ အလှူဝတ်များ တည်ထားကြ၊ လောကကြီး၌ မြတ်စွာဘုရား ပွင့်ထွန်းတော်မူနေပြီ၊ မြတ်စွာဘုရားသည် ငါ၏ လျှောက်ထားပင့်ဖိတ်ချက်အရ အမောင်တို့နေရာ ဤလမ်းမအတိုင်း ကြွတော်မူလာလိမ့်မည်" ဟု တိုက်တွန်းနှိုးဆော်ပြောကြား၏။

ဤသို့ အနာထပိဏ် သေဋ္ဌေးသည် ငွေအသပြာတစ်သိန်းနှင့် သစ်ဝါး စသော ပစ္စည်းများ ဝယ်ယူပြီး ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည်အကြား လေးဆယ့်ငါးယူဇနာ ဝေးကွာသောခရီး၌ တစ်ယူဇနာ၊ တစ်ယူဇနာလျှင် စံကျောင်းတော် တစ်ဆောင်တစ်ဆောင်စီ တည်ဆောက်၏။ လေးဆယ့်ငါး ယူဇနာခရီး၌ လေးဆယ့်ငါးကျောင်း ဆောက်လုပ်ပြီး သာဝတ္ထိပြည်သို့ ရောက်ရှိလေ၏။

အနာထပိဏ် သေဋ္ဌေးသည် သာဝတ္ထိပြည်သို့ ပြန်ရောက်သည့်အခါ သာဝတ္ထိပြည် ပတ်ဝန်းကျင်၌ –

၁။ မြို့နှင့်မဝေး လွန်းခြင်း၊
၂။ မြို့နှင့်မနီး လွန်းခြင်း၊
၃။ သွားလမ်း လာလမ်းနှင့် ပြည့်စုံခြင်း၊
၄။ လူတိုင်း အလိုရှိသည့်အခါ သွားဖို့လာဖို့ လွယ်ကူခြင်း၊
၅။ အာရုံငါးတန် လူသံ မြို့သံ၊ ရွာသံတို့မှ ကင်းဆိတ်ခြင်း –

ဤအင်္ဂါငါးရပ်နှင့် ပြည့်စုံသည့်နေရာကို လှည့်လည်ရှာဖွေရာ ဇေတမင်းသား၏ ဥယျာဉ်ကို တွေ့မြင်လေ၏။ အနာထပိဏ် သေဋ္ဌေးသည် ဇေတမင်းသားထံသို့ သွားရောက်ပြီး ဥယျာဉ်ကို အကျွန်ုပ်အား တန်ဖိုးဖြတ်၍ ရောင်းချစေချင်ပါသည်ဟု အရောင်းအဝယ် ပြုလုပ်ရန် စကားကမ်းလှမ်း၏။ သေဋ္ဌေးကြီး၊ အကျွန်ုပ်၏ ဥယျာဉ်ကို အသပြာချင်း အစွန်းထိအောင် ခင်းပေးသော်လည်း မရောင်းနိုင်ပါဟု ဇေတမင်းသားက ပြန်ပြော၏။

အနာထပိဏ်သေဋ္ဌေးနှင့် ဇေတမင်းသားတို့ ဥယျာဉ်မြေ ရောင်းရေး ဝယ်ရေးကိစ္စ စကားများကြ၍ ရုံးတော်သို့ ရောက်သည်အထိ ဖြစ်၏။ တရားသူ ကြီး အမတ်များက ဇေတမင်းသားအား အရှင့်သား အရှင့်သားသည် “အသပြာချင်း အစွန်းထိအောင် ခင်းသဖြင့်လည်း” ဟု မတန်သည့် အဖိုးဖြတ် စကား ပြောကြားခြင်းဖြင့် အရှင့်သားပိုင်ဆိုင်သည့် ဥယျာဉ်ကို ရောင်းဝယ်ရေး ကိစ္စ ပြောကြားခဲ့ပြီး မဟုတ်လောဟု ပြောဆိုဆုံးဖြတ်ချက် ပေးကြ၏။ ဇေတမင်းသား တရားရှုံးပြီး အနာထပိဏ်သေဋ္ဌေးက အနိုင်ရ၏။

အနာထပိဏ်သူဋ္ဌေးသည် တရားအနိုင်ရသည့်အခါ ဇေတမင်းသား၏ ဥယျာဉ်မြေနေရာကို ရွှေဒင်္ဂါးပြားများကို အစွန်းခြင်းထိခပ်အောင် ခင်းလေတော့၏။ ဥယျာဉ်အတွင်းရှိ ရေကန်သစ်ပင် စသည့်နေရာများကို အတိုင်းယူပြီး အခြားတနေရာ၌ ဖြန့်ခင်းချပေး၏။ ပထမအကြိမ် လှည်းများဖြင့် တိုက်ထုတ်လာခဲ့သော ရွှေဒင်္ဂါးပြားတို့ဖြင့်ခင်းရာ တံခါးမုခ်ဦးနေရာ အနည်းငယ်လိုနေ၏။ ထိုလိုနေသော မုခ်ဦးနေရာခင်းဖို့ မိမိ၏လူများကို တစ်ဖန်ပြန်အယူခိုင်းသော အနာထပိဏ်သူဋ္ဌေး၏ မျက်နှာမှာ ပြုံးရွှင်တက်ကြွသည်ကိုသာ တွေ့ရ၏။

ဧတမင်းသား‌သည် အနာထပိဏ်သူဌေး၏ အခြင်းအရာကို ကြည့်ပြီး အလှူဒါန ပြုလုပ်ခြင်းသည် အမှန်ပင် မယုတ်ညံ့သော ကောင်းမှုဖြစ်ပေလိမ့်မည် ဟု ကြံပြီး “သူဌေးကြီး၊ တော်ပါပြီ၊ ဤနေရာကို မခင်းပါနဲ့တော့၊ ဤနေရာကို အကျွန်ုပ်အား ပေးပါတော့ ဤနေရာသည် အကျွန်ုပ်၏ အလှူဒါန ဖြစ်ပါလိမ့်မည်ဟု ပြောကြား‌သည့်အခါ အနာထပိဏ်သူဌေး‌သည် ဤ ဧတမင်းသား‌ကဲ့သို့ ထင်ပေါ်ကျော်ကြား လူသိများသူ ဘုရား‌သာသနာတော်၌ သဒ္ဓါကြည်ညိုခြင်း‌သည် အကျိုးကြီးလှပေ၏ ဟု ကြံပြီး တံခါးမုခ်ဦးနေရာ အရပ်ကို ဧတမင်းသား‌အား ပေးလေ၏။ ဧတမင်းသား‌သည် ထိုမြေနေရာ အရပ် ဘုံခုနှစ်ဆင့်ရှိသော ကျောင်းတိုက်မုခ်ဦး ပြာသာဒ်ကြီးကို တည်ဆောက် လှူဒါန်းလေ၏။

အနာထပိဏ်သေဌေး‌သည် ဧတမင်းသား၏ ဥယျာဉ်မြေနေရာကို ရွှေဂံုးပြား တစ်ဆယ့်ရှစ်ကုဋေ (သန်းပေါင်းတစ်ရာ့ရှစ်ဆယ်) ဖြင့် ဝယ်ယူပြီး မြတ်စွာဘုရား သီတင်းသုံးနေထိုင်ရန် ဂန္ဓကုဋီကျောင်းတော်နှင့်တကွ ဘုရားနှင့် သံဃာတော်များအတွက် လိုလေသေးမရှိအောင် သူ့နေရာနှင့်သူ ပြည့်စုံအောင် ကျောင်းတိုက်ကြီး တည်ဆောက်လေ၏။

ဤသို့ အနာထပိဏ်သေဌေး‌သည် တစ်ဆယ့်ရှစ်ကုဋေ အကုန်အကျခံ၍ ဝယ်ယူအပ်သော မြေနေရာအရပ်၌ ကျောင်းတိုက်ကြီးကို တစ်ဆယ့်ရှစ်ကုဋေပင် အကုန်အကျခံ၍ ဆောက်လုပ်စေပြီး မြတ်စွာဘုရား ကြွရောက်တော်မူလာပါရန် ပင့်လျှောက်၏။ မြတ်စွာဘုရား‌သည် သာဝတ္ထိပြည်၌ ကြာရှည်စွာ သီတင်းသုံးနေထိုင်တော်မူလို၍လည်း‌ကောင်း လူနတ်ဗြဟ္မာ သတ္တဝါအများ အကျွတ်တရား‌ရရှိရာ သာသနာ့အောင်မြေဖြစ်လိမ့်မည်က တစ်ကြောင်း ဤအကြောင်းနှစ်ချက်ကြောင့် နောက်ပါရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်မှ ကြွတော်မူ၍ တစ်ယူဇနာ တစ်ယူဇနာအရပ်၌ အနာထပိဏ်သူဌေး ကြိုတင် စီမံဆောက်လုပ်လှူဒါန်းအပ်သော စံကျောင်းတော်များ၌ တစ်ည‌တစ်ည သီတင်းသုံးတော်မူ၍ သာဝတ္ထိပြည်သို့ ဒေသစာရီခရီး ကြွချီ တော်မူ၏။

မြတ်စွာဘုရား‌သည် သာဝတ္ထိပြည်သို့ ဆိုက်ရောက်တော်မူသောအခါ အနာထပိဏ်သူဌေး‌သည် ကျောင်းလွတ်ရေစက်ချပူဇော်ပွဲကြီး ခမ်းနားကြီးကျယ်

စွာ စီရင်ပြီး နောက်တစ်နေ့ နံနက်ရောက်သောအခါ ဘုရားအမှူးရှိသော သံဃာတော်များကို မိမိအိမ်၌ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဘုန်းတော်ကြီးတော်မှူသော မြတ်စွာဘုရား တပည့်တော်သည် ဤဇေတဝန်ကျောင်းတိုက်တော်ကို အဘယ်သို့စီမံလှူဒါန်းရပါမည်နည်းဟု လျှောက်ထားသောအခါ သင်္ခေးကြီး၊ သင်သည် ဤဇေတဝန်ကျောင်းတိုက်ကို ရောက်ပြီးရောက်ဆဲ ရောက်လတ္တံ့သော အရပ်လေးမျက်နှာ၌ရှိသော သံဃာတော်အား ရည်မှန်း၍ လှူဒါန်းလေလော့ ဟု မိန့်တော်မူ၏။ အနာထပိဏ်သေဋ္ဌေးသည် ဘုရားရှင် မိန့်ကြားတော်မူချက်အရ ဇေတဝန်ကျောင်းတိုက်တော်ကို ရောက်ပြီးရောက်ဆဲ ရောက်လာလတ္တံ့သော အရပ်လေးမျက်နှာ၌ရှိသော သံဃာတော်အား ရည်မှန်း၍ လှူဒါန်း၏။

အနာထပိဏ်သေဋ္ဌေးသည် ဒုတိယနေ့မှစ၍ ဇေတဝန်ကျောင်းတိုက်ကြီး ရေစက်ချအခမ်းအနားအောင်ပွဲ အထိမ်းအမှတ် ကျင်းပရာ ကိုးလကြာမှ ပြီးစီးလေ၏။ ကျောင်းရေစက်ချအောင်ပွဲ ကျင်းပရာ၌ ရွှေဒင်္ဂါးအသပြာ တစ်ဆယ့်ရှစ်ကုဋေ အကုန်အကျခံ၍ ကျင်းပပြုလုပ်၏။ ဤသို့ဖြင့် ဇေတဝန်ကျောင်းတိုက်တော်တစ်ခုအတွက် ကျောင်းတိုက်မြေနေရာ တန်ဖိုး တစ်ဆယ့်ရှစ်ကုဋေ၊ ကျောင်းတိုက်တည်ဆောက်ရာ၌ တန်ဖိုး တစ်ဆယ့်ရှစ်ကုဋေ၊ ကျောင်းရေစက်ချပွဲနှင့် ကျောင်းအောင်ပြောပွဲကျင်းပရာ တစ်ဆယ့်ရှစ်ကုဋေ အားဖြင့် ငါးဆယ့်လေးကုဋေ (သန်းပေါင်းငါးရာ့လေးဆယ်) ကုန်ကျကြောင်း သိရှိရပါ၏။

အရေပြားရောဂါ ပျောက်စေသောကျောင်းအလှူ

မြတ်စွာဘုရား နိဂြောဓရုံကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်အနုရုဒ္ဓါသည် ရဟန်းအခြံအရံငါးရာနှင့်အတူ ကပိလဝတ်ပြည်သို့ ကြွတော်မူ၏။ အရှင်အနုရုဒ္ဓါ ကပိလဝတ်ပြည်သို့ ရောက်လာသည်ဟု သတင်းကြားသိကြ၍ အရှင်အနုရုဒ္ဓါ၏ ဆွေတော်မျိုးတော်များသည် အရှင်အနုရုဒ္ဓါ သီတင်းသုံးတော်မူရာ ကျောင်းသို့ သွားရောက် ဖူးမြော်ကြကုန်၏။ အရှင်အနုရုဒ္ဓါသည် မိမိထံသို့ လာရောက်ကြကုန်သော ဆွေတော်

မျိုးတော်များတွင် နှမတော် ရောဟိနီကို မတွေ့မြင်ရသောကြောင့် အကျိုးအကြောင်းကို မေးမြန်းတော်မူ၏။ ရောဟိနီသည် အိမ်မှာပင်ရှိကြောင်း အရေပြားရောဂါ စွဲကပ်နေ၍ ရုက်ကြောက်သဖြင့် မလာရောက်ကြောင်း ဆွေတော်မျိုးတော်များက ပြန်ကြား လျှောက်ထားကြကုန်၏။

အရှင်အနုရုဒ္ဓါက နှမတော် ရောဟိနီအား မိမိထံခေါ်လာရန် မိန့်ကြားသောအခါ အပေါ်ရုံကို တစ်ကိုယ်လုံးခြုံဝတ်၍ လာရောက်သော ရောဟိနီအား နှမတော်ရောဟိနီ ကောင်းမှုကုသိုလ် ပြုရန်မသင့်ပါသလောဟု မေး၏။ အရှင်ဘုရား တပည့်တော်အား အဘယ်သို့သော ကောင်းမှုကို ပြုလုပ်ရန် သင့်ပါသနည်းဟု မေးလျှောက်သည့်အခါ ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းရန် မိန့်တော်မူ၏။ ရောဟိနီသည် မိမိပိုင်ဆိုင် ဝတ်ဆင်သော လက်ဝတ်ရတနာများကို ရောင်းချထုခွဲ၍ ဘုံနှစ်ဆင့်ရှိ ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်း၏။ နှစ်ထပ်ဆွမ်းစားကျောင်း ဆောက်လုပ်နေစဉ် အထက်ထပ် ပျဉ်ခင်းပြီးသည့် အချိန်မှစ၍ ဆွမ်းစားကျောင်း အောက်ထပ်၌ နှမတော် ရောဟိနီအား အမြဲမပြတ် တံမြက်စည်းလှည်းစေပြီး သံဃာတော်များ သီတင်းသုံး နေထိုင်ရန်အတွက် နေရာများ ခင်းစေ၏။ ရောဟိနီသည် မောင်တော် အနုရုဒ္ဓါ စေခိုင်းသည့်အတိုင်း အမြဲပြုလုပ်ရာ ခန္ဓာကိုယ်၌ စွဲကပ်နေသော အရေပြားရောဂါမှာ သက်သာ၍လာ၏။

ဆွမ်းစားကျောင်း ဆောက်လုပ်ပြီးသည့်အခါ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်များအား မွန်မြတ်သော ဆွမ်းခဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်း၏။ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံးသော် ဤကောင်းမှု ကုသိုလ်သည် အဘယ်သူ၏ ကုသိုလ်ကောင်းမှုနည်းဟု မေးတော်မူရာ အရှင်အနုရုဒ္ဓါက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤကောင်းမှု ကုသိုလ်သည် တပည့်တော်၏ နှမတော် ရောဟိနီ၏ ကောင်းမှုကုသိုလ် ဖြစ်ပါသည်ဟု လျှောက်ထား၏။ ရောဟိနီ အဘယ်မှာနည်းဟု မေးတော်မူသည့်အခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ နှမတော် ရောဟိနီ၏ ခန္ဓာကိုယ်မှာ အရေပြားရောဂါ

စွဲကပ် နေသောကြောင့် ဘုရားရှင်ထံတော်သို့ မလာရောက်ခြင်း ဖြစ်ပါသည်ဟု လျှောက်ထားရာ ဘုရားရှင်က ရောဟိနီအား ရှေ့တော်သို့ အခေါ်ခိုင်း၏။

ရောဟိနီသည် ဘုရားရှင်၏ ခေါ်တော်မူချက်ကို မလွန်ဆန်ဝံ့ဘဲ ဘုရားရှင်ထံတော်မှောက်သို့ လာရောက်လေ၏။ ဘုရားရှင်သည် ရောဟိနီအား အဘယ်အကြောင်းကြောင့် ဤရောဂါစွဲကပ်ရသည်ကို သင်သိပါ၏လော ဟု မေးတော်မူပြီး ရောဟိနီ၏ ရှေးအကြောင်း မကောင်းမှုကို ဟောကြားတော်မူ၏။

ရောဟိနီ၊ အသင်သည် ရှေးအခါက ဗာရာဏသီမင်းမြတ်၏ မိဖုရားကြီး ဖြစ်ခဲ့ဖူး၏။ ဘုရင်မင်းမြတ် နှစ်သက်မြတ်နိုးသော ကချေသည် အငြိမ့်သမတစ်ယောက်အား မလိုမုန်းပွား ရန်ငြိုးထား၍ ကချေသည်မ၏ ကိုယ်ပေါ်နှင့် အဝတ်များပေါ်၌ ယားယံစေတတ်သော ခွေးလေးယားမွေးတို့ဖြင့် ဖျန်းခြဲကြဲချ၏၊ ကချေသည်မ၏ ကိုယ်သည် ယားယံ၍ အပိန့်အဖု ဝေလာ၏။ သင်ရောဟိနီသည် ဤသို့ သူတစ်ပါးအား ဆင်းရဲဒုက္ခ ဖြစ်စေရန် မကောင်းမှုကံကို ပြုခဲ့ဖူး၏။

ရောဟိနီ၊ ကြမ်းကြုတ်ရက်စက် အမျက်ထွက်ခြင်းကို လည်းကောင်း၊ ချုပ်ချယ်မကောင်း စောင်းမြောင်းခြင်းကို လည်းကောင်း အနည်းငယ်မျှပင် ပြုလုပ်ခြင်းငှာ မသင့်ဟု မိန့်တော်မူ၏။ ရောဟိနီသည် မြတ်စွာဘုရားထံမှ ဤကဲ့သို့ တရားကို ကြားနာရသဖြင့် သောတာပတ္တိဖိုလ်၌ တည်လေ၏။ သောတာပန် ဖြစ်သည်နှင့် တစ်ပြိုင်နက် ရောဟိနီ၏ကိုယ်၌ စွဲကပ်နေသော အရေပြားရောဂါသည် ရှင်းရှင်း ကင်းပျောက်၍ ရွှေအဆင်းကဲ့သို့ အဆင်းလှ၏။

ရောဟိနီသည် လူ့ပြည်မှစုတေသော် နတ်သားလေးယောက်တို့၏ ပိုင်နက်အကြားအရပ်၌ နတ်သမီးသွား၍ဖြစ်၏။ အလွန်အဆင်းလှသော နတ်သမီးဖြစ်၏။ နတ်သားလေးယောက် သူရထိုက် ငါရ ထိုက်နှင့် ပိုင်ဆိုင်မှု အငြင်းပွားကြပြီး သိကြားမင်းထံ တရားဆုံးဖြတ်ရန် ရောက်သွားကြ၏။ သိကြားမင်းက ထိုနတ်သား လေးယောက်တို့ကို နတ်သားတို့ သင်နတ်သားတို့သည် ဤရောဟိနီနတ်သမီးကို မြင်တွေ့သည်မှစ၍ သင်နတ်သားတို့၏ စိတ်တွင် မည်ကဲ့သို့ ဖြစ်သနည်း ဟု မေးမြန်းစစ်ဆေး၏။

နတ်သား:လေ:ယောက် မိမိတို့၏ဖြစ်ပုံကို အသိ:သိ: ပြောဆိုပြီး:သောအခါ သိကြား:မင်:က အမောင်နတ်သား:တို့၊ ဤနတ်သမီ:ကို တွေ့မြင်သည်မှ စတင်၍ အသင်နတ်သား:တို့၏ စိတ်၌ ဤမျှလောက်သော ဖြစ်ပေါ်လာရခြင်:သည် အသင်နတ်သား:တို့၏စိတ်ကို နှိပ်ကွပ်ဆုံ:မ၍ သည်:ခံနိုင်သော သဘော ရှိကြပါကုန်သေ:၏။ ငါသိကြား:မင်:အဖို့ကား ဤနတ်သမီ:ကို ရသည်ရှိသော် အသက်ရှည်စွာ နေရပါအံ့၊ မရသည်ရှိသော် သေရပါအံ့ဟု ပြောကြား:၏။

အရှင်သိကြား:မင်: အရှင်သိကြား:မင်:တို့၏ သေခြင်:ဖြင့် အလိုမရှိပါ၊ ဤနတ်သမီ:ကို အရှင်သိကြား:မင်:သာလျှင် ယူတော်မူပါဟု ပြောဆိုပြီ: ရောဟိနီနတ်သမီ:ကို သိကြား:မင်:အား ပေး၍ နတ်သား:လေ:ယောက် ပြန်ကြကုန်၏။

အထက်ဖော်ပြပါ ရောဟိနီဝတ္ထုကို ထောက်ထား၍ ကျောင်:အလှူဒါန နှင့် ဝေယျာဝစ္စကုသိုလ်သည် ခန္ဓာကိုယ်၌ စွဲကပ်နေသော ကံနာဝင်္ဆနာခေါ် အရေပြား:ရောဂါကိုပင် ကင်:ပျောက်စေရုံမျှမက နတ်သမီ:ဘဝတွင်လည်: အလွန် အဆင်:လှသော နတ်သမီ:ဖြစ်ရပုံကို သိရှိနား:လည်ကြကာ ကျောင်:အလှူ ဒါန ဝေယျာဝစ္စ ကုသိုလ်များကို ကြိုး:စား:ပြုလုပ် အား:ထုတ်သင့်လှပါ၏။

ပထမဦးဆုံးကျောင်းအာရာမ်မြေလှူဒါန်းခြင်း

မြတ်စွာဘုရားရှင်သည် ဥရဝေလကဿပဦးနှောင်ရှင်တစ်ထောင်တို့အား ချေချွတ်တော်မူ၍ ရဟန္တာ(၁၀၀၀)ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ကြွတော်မူလာစဉ် ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်တို့ကိုနှန်းတော်သို့ပင့်၍ မွန်မြတ်သောခဲဖွယ်ဘောဇဉ်တို့ဖြင့် ကိုယ်တိုင်ကိုယ်ကျဆက်ကပ်လှူဒါန်းသည်။ လှူဒါန်းပြီးနောက် မြတ်စွာဘုရားအား ဤသို့လျှောက်ထား၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ရတနာသုံးပါးနှင့် ကင်းကွာ၍ မနေနိုင်ပါ၊ အချိန်အခါမရွေး ဘုရားရှင်ထံမှောက်သို့လာရောက်လိုပါသည်။ ယခုရှင်တော်ဘုရားသိတင်းသုံးတော်မူရာ ထန်းတောဥယျာဉ်သည်ကား မြို့နှင့် အလွန်ဝေးကွာလှပါသည်။ တပည့်တော်၏ဤဝေဠုဝန်ဥယျာဉ်သည်ကား မြို့နှင့်ဝေးလည်းမဝေးလွန်း၊ နီးလည်းမနီလွန်းလှပါ၊ သွားလမ်း လာလမ်းနှင့်လည်း ပြည့်စုံပါ၏။ အလိုရှိသောအခါသွားလာဖို့ရန်လွယ်ကူပါ၏။ အာရုံငါးပါးနှင့် မြို့သံ ရွာသံ လူသံတို့မှဆိပ်ငြိမ်ခြင်းကြောင့် မြတ်စွာဘုရားတို့နှင့် ထိုက်တန်သောနေရာလည်းဖြစ်ပါ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အကျွန်ုပ်၏ ဤဝေဠုဝန်ဥယျာဉ်ကို အလှူခံတော်မူစေချင်ပါသည်" ဟု လျှောက်ထားကာ ရွှေကရားဖြင့် ပန်းရေထုံအပ်သောရေကြည်ကို ထည့်ပြီး ဝေဠုဝန်ဥယျာဉ်တော်ကို စွန့်လှူလိုသည်ဖြစ်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကျွန်ုပ်သည် ဤဝေဠုဝန်ဥယျာဉ်ကို မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်များအား လှူဒါန်းပါ၏" ဟု လျှောက်ထားလှူဒါန်း၍ ရေးစက်သွန်းချလေ၏။ ဝေဠုဝန်ဥယျာဉ်လှူဒါန်းသည်နှင့်တပြိုင်နက် ဤမဟာပထဝီမြေကြီးသည် မြတ်စွာဘုရား၏ သာသနာတော်ကား အမြစ်တွယ်လေပြီဟု ပြောဆိုဘိသကဲ့သို့ ပီတိ၏အလိုနှင်ငံ့သို့ လိုက်ပါကခုန်သော အမျိုးသမီးပမာ တယိန်းယိန်းတန့်.နဲ့.တုန်လှုပ်လေ၏။

ဓါနကထာ (၁၅)

ဆေးလှူရကျိုးများ

ဆေးပစ္စည်းခွင့်ပြုတော်မူခြင်း

မြတ်စွာဘုရား သာဝတ္ထိပြည် အနာထပိဏ် သေဋ္ဌေးသည် ဆောက်လုပ် လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါ မိုးအကုန် ဆောင်း အကူး ရာသီဥတု အပြောင်းအလဲအခါများ၌ ဖြစ်တတ်သော သည်းခြေနာသည် ရဟန်းဟော်တို့အား စွဲကပ်နှိပ်စက်အပ်သည် ဖြစ်၍ သုံးဆောင်အပ်သော ယာဂု၊ ဘုဉ်းပေးအပ်သော ဆွမ်းဘောဇဉ်တို့ကို မကြေချက်နိုင်သောကြောင့် အန်ထွက်ကုန်၏။

ရဟန်းတော်များ အစာမကြေရောဂါ နှိပ်စက်အပ်သည်ဖြစ်၍ အသွေးအသား ခေါင်းပါးကုန်၏၊ ရုပ်အဆင်း ပျက်ကုန်၏၊ ဖက်ရွက်လျော်ကဲ့ သို့ ဖျော့တော့သော အဆင်းရှိကုန်၏၊ ကွန်ရက်ဖြန့်ခင်းသလို အကြောပြိန်းပြိုင်းထသော ကိုယ်ရှိကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို မြင်တော်မူ၍ အရှင်အာနန္ဒာကို မေးတော်မူ၏ –

"အာနန္ဒာ–အဘယ်အကြောင်းကြောင့် ရဟန်းတော်တို့သည် အသွေးအသား ခေါင်းပါးကြုံလို၍ ဖျော့တော့သောအဆင်း ရှိကြကုန်သနည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား ယခုအခါ တန်ဆောင်မုန်းလ၌ ဖြစ်တတ်သော သည်းခြေနာကြောင့် ရဟန်းတို့အား သုံးဆောင်အပ်သော ယာဂုသည်လည်း အန်ထွက်ပါ၏။ ဘုဉ်းပေးအပ်သော ခဲဖွယ်ဘောဇဉ်သည်လည်း အစာမကြေ အန်ထွက်ပါ၏။ အစာမကြေအော့အန်သောရောဂါဝေဒနာကြောင့် ရဟန်းတော်တို့ အသွေးအသား ခေါင်းပါး ကြုံလို့ကြပါကုန်၏။ ဖျော့တော့သော အဆင်းရှိကြပါကုန်၏" ဟု ပြန်ကြား လျှောက်ထား၏။

ဆေးငါးမျိုး

ထိုသို့ အရှင်အာနန္ဒာ လျှောက်ထားသောအခါ မြတ်စွာဘုရားသည် ထောပတ်, ဆီဥ:, ဆီ, ပျား, တင်လဲ, ဤဆေးငါးပါးတို့သည် ဆေး

လည်းမည်ကုန်၏။ လူအပေါင်းကလည်း ဆေးဟု သမုတ်အပ် ကုန်၏။ အာဟာရအကျိုးကိုလည်း ပြီးစေနိုင်ကုန်၏။ ရန့်ရင်းသော အစာအာဟာရလည်း မဟုတ်၊ ငါသည် ရဟန်းတို့အား ဤငါးပါးသော ဆေးတို့ကို နံနက်အခါ၌ အကပ်ခံ၍ နံနက်အခါ၌ ဘုဉ်းပေးသုံးဆောင်စေခြင်းငှာ ခွင့်ပြုရမူ ကောင်းပေလိမ့်မည် ဟု အကြံဖြစ်တော်မူပြီး ရဟန်းတော်များအား ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲဟူသော ဤငါးပါးသော ဆေးကို နံနက်အခါ ဘုဉ်းပေးသုံးဆောင်ခြင်းငှာ ခွင့်ပြုတော်မူ၏။

ဘုရားရှင်ခွင့်ပြုတော်မူအပ်သော ဆေးငါးမျိုးတို့ကို နံနက်အခါ၌ အကပ်ခံ၍ နံနက်အခါ၌ ဘုဉ်းပေးသုံးဆောင်ကုန်သော ရဟန်းတော်တို့အား ပကတိဘုဉ်းပေးသုံးဆောင်မြဲဖြစ်သော ကြမ်းသောအစားအစာတို့ကိုသော်လည်း မကြေညက်စေနိုင်ကုန်၊ သိမ်မွေ့သော အစားအစာအာဟာရတို့ကိုကား အဘယ်မှာ ကြေညက်စေနိုင်ပါအံ့နည်း။ ထိုသို့ မကြေညက်နိုင်ခြင်းကြောင့် တန်ဆောင်မုန်းလအခါ၌ ဖြစ်တတ်သော သည်းခြေနာကြောင့်လည်းကောင်း၊ ဘုဉ်းပေးသုံးဆောင် မမြိုန်ခြင်းကြောင့်လည်းကောင်း ရဟန်းတော်တို့သည် ရှေးကထက်ပို၍ ရောဂါတိုးကုန်၏။

ထိုအကြောင်းကြောင့် မြတ်စွာဘုရားသည် ရဟန်းတော်များအား ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ ဤငါးပါးသော ဆေးများကို နံနက်အခါ၌လည်းကောင်း၊ မွန်းလွဲအခါ၌လည်းကောင်း အကပ်ခံ၍ ဘုဉ်းပေးသုံးဆောင်စိမ့်သောငှာ ထပ်မံ ခွင့်ပြုတော်မူ၏။

(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက။)

ဆေးမှန်ခွင့်ပြု

တစ်ရံသောအခါ အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်ဗေလဋ္ဌသီသအား ဝဲကြီးနာ စွဲကပ်သောကြောင့် သွေးပြည်အစေးဖြင့် သင်္ကန်းတို့သည် ကိုယ်၌ကပ်ငြိကုန်၏။ ထိုသွေးပြည်တို့ပေနေသော သင်္ကန်းတို့ကို ရေဖြင့်ဆွတ်၍

ခွာကုန်၏။ မြတ်စွာဘုရားသည် ကျောင်းစဉ်လှည့်လည်သည်ရှိသော် ရဟန်းတော်များ အရှင်ဗေလဋ္ဌသီသ၏ ခန္ဓာကိုယ်မှ သွေးပြည်ဖြင့်ကပ်ငြိသော သင်္ကန်းကို ရေဆွတ်၍ခွာနေသည်ကို မြင်တော်မူ၍ ရဟန်းတို့ ဤရဟန်းအနာကား အဘယ်အနာနည်းဟု မေးတော်မူ၏။ အရှင်ဘုရား ဤအရှင်၏ အနာသည်ကား ဝဲကြီးနာဖြစ်ပါသည်။ သွေးပြည်အစေးဖြင့် သင်္ကန်းတို့သည် ကိုယ်၌ကပ်ငြိပါကုန်၏၊ ထိုကပ်ငြိသော သင်္ကန်းတို့ကို အကျွန်ုပ်တို့သည် ရေဖြင့်ဆွတ်၍ ခွာရပါကုန်၏ ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူပြီး ရဟန်းတို့ အကြင်ရဟန်းအား ယားနာသည်လည်းကောင်း, အိုင်းအမာသည်လည်းကောင်း, အရည်ရွဲရွဲစိုသော အနာသည်လည်းကောင်း, ဝဲကြီးနာသည်လည်းကောင်း စွဲကပ်အံ့၊ ကိုယ်၌ မကောင်းသောအနံ့ရှိအံ့၊ အမှုန့်ဖြစ်သော ဆေးတို့ကို ခွင့်ပြုတော်မူ၏။

(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက။)

မျက်စဉ်းခွင့်ပြု

တစ်ရံသောအခါ ရဟန်းတော်တစ်ပါးအား မျက်စိနာရောဂါဖြစ်၏၊ ထိုမျက်စိနာရောဂါဖြစ်သောရဟန်းကို ရဟန်းတော်များက ချီမ၍ ကျင်ကြီးကျင်ငယ်ကို စွန့်စေကုန်၏။ မြတ်စွာဘုရားရှင်သည် ကျောင်းစဉ် လှည့်လည်တော်မူသော် ထိုအခြင်းအရာကို မြင်တော်မူ၍ ရဟန်းတို့ထံ ချဉ်းကပ်ပြီး ရဟန်းတို့ ဤရဟန်း၏ အနာရောဂါကား မည်သည့်အနာရောဂါနည်း ဟု မေးတော်မူ၏။ အရှင်ဘုရား ဤရဟန်း၏ အနာရောဂါကား မျက်စိနာရောဂါဖြစ်ပါသည် ဟု ရဟန်းတော်များက ပြန်လည်လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ တရားစကားကို ဟောတော်မူပြီး ရဟန်းတော်များအား မည်းသော မျက်စဉ်း,

အထူးထူးသော ဆေးတို့ဖြင့် ဖော်စပ်အပ်သော မျက်စဉ်း, ရေယဉ်ခံ၍ ပြုသောမျက်စဉ်း, ဂွေ.မျက်စဉ်း, မင်သေမျက်စဉ်း ဟူသော မျက်စဉ်းများကို ခွင့်ပြုတော်မူ၏။ **(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက။)**

ဦးခေါင်းလိမ်းဆေး

တစ်ရံသောအခါ အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်အား ဦးခေါင်းပူသော ဦးယဉ်းနာသည် ဖြစ်၏။ မြတ်စွာဘုရာရှင်အား ဤအကြောင်းကို လျှောက်ထားကြရာ မြတ်စွာဘုရားရှင်က ဦးခေါင်းသုတ်လိမ်းစရာဆီကို ခွင့်ပြုတော်မူ၏။

မြတ်စွာဘုရား၏ ခွင့်ပြုတော်မူချက်အရ ရဟန်းတော်များက အရှင်ပိလိန္ဒဝစ္ဆမထေရ်၏ဦးခေါင်းကို ဆီဖြင့်သုတ်လိမ်းကြကုန်၏။အရှင်ပိလိန္ဒဝစ္ဆ၏ ဦးခေါင်းပူနာကား မသက်သာ၊ ထိုအကြောင်းကို မြတ်စွာဘုရားအား တစ်ဖန်ထပ်မံ လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားက နှာနှပ်ခြင်းကို ခွင့်ပြုတော်မူ၏။ **(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက။)**

တစ်ရံသောအခါ အရှင်ပိလိန္ဒဝစ္ဆမထေရ်မြတ်အား လေနာရောဂါစွဲကပ်လေ၏။ ဆေးဆရာများကား ဆီကိုချက်ပြီး ဆီကျက်ကို သောက်လျှင် လေနာရောဂါ ပျောက်ကင်းလိမ့်မည်ဟု ပြောဆိုကြကုန်၏။ ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြရာ မြတ်စွာဘုရားသည် ဆီကျက်ကို ခွင့်ပြုတော်မူ၏။ **(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက။)**

ပယောဂပျောက်ဆေး

တစ်ရံသောအခါ ရဟန်းတော်တစ်ပါးသည် အိမ်ရှင်မတစ်ယောက်ပေးသော ပိယဆေးကြောင့် အနာရောဂါဖြစ်၏။ ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတော်များအား

ရဟန်းတို့ ထွန်သွား၌ ကပ်ငြိနေသောမြေကို ရေနှင့်ဖျော်သောက်လျှင် ပျောက်၏ဟု ထွန်သွားကပ် မြေကို ခွင့်ပြုတော်မူ၏။

(ဝိနည်းမဟာဝါ၊ သေသဒ္ဓကွန္ဓက။)

ဝမ်းပျက်သောရဟန်းတော်များအတွက် ထမင်းခြောက်ပြာရည်ကို ခွင့်ပြုတော်မူ၏။ ဖျော့တော့ ပိန်ကြုံသော ရောဂါစွဲသော ရဟန်းတော်များအား နွားကျင်ငယ်ရေဖြင့်စိမ်သော ဖန်ခါးသီးကို ခွင့်ပြုတော်မူ၏။ အရေပြားရောဂါစွဲကပ်သော ရဟန်းတော်များအား နံ့သာလိမ်းခြင်းကို ခွင့်ပြုတော်မူ၏။ သလိပ်, သည်းခြေ လေထူသော ရဟန်းတော်များအတွက် ဝမ်းလျှောဆေးကို ခွင့်ပြုတော်မူ၏။ **(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက။)**

ဂေါရသငါးမျိုးကို ခွင့်ပြုတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဘဒ္ဒိယမြို့၌ မွေ့လျော်တော်မူသည်ရှေ့ သီတင်းသုံးနေတော်မူပြီး အဂုံတွာရာပမြို့သို့ သံဃာတော် တစ်ထောင့်နှစ်ရာငါးဆယ် ခြံရံလျက် ဒေသစာရီကြွချီတော်မူသတဲ့ဟူသော သတင်းစကား မေဏ္ဍကသေဋ္ဌေးကြီး ကြားသိရလေလျှင် များစွာသော ဆား, ဆန်, ဆီ, ခဲဖွယ်စသည်တို့ကို လှည်းတို့ဖြင့် တင်ဆောင်၍ တစ်ထောင့်နှစ်ရာငါးဆယ်သော နို့ညှစ်နွားကျောင်းသားတို့ကိုလည်းကောင်း၊ တစ်ထောင့်နှစ်ရာငါးဆယ်သော နို့စားနွားမတို့ကိုလည်းကောင်း ခေါ်ယူ၍ မြတ်စွာဘုရားကို ဖူးမြင်ရာအရပ်၌ နို့ရည်သစ်ဖြင့် ဆက်ကပ်လုပ်ကျွေးစေအံ့ဟု ကျွန်အမှုလုပ်တို့အား စေခိုင်းလေ၏။

မေဏ္ဍကသေဋ္ဌေးသည် မြတ်စွာဘုရားကို လမ်းခရီးအကြားခရီးခဲ၌ မီလေ၏။ မေဏ္ဍကသေဋ္ဌေးကြီးသည် မြတ်စွာဘုရားရှင်ထံတော်သို့ ချဉ်းကပ်ရှိခိုးပြီး အရှင်ဘုရား နက်ဖြန်ခါ၌ ရဟန်းသံဃာတော်နှင့်အတူ တပည့်တော်၏ဆွမ်းကို လက်ခံတော်မူပါဟု လျှောက်ထား၏။ မေဏ္ဍကသေဋ္ဌေးသည် နောက်နေ့နံနက် ဘုရားအမှူးရှိသော သံဃာတော်များ ကြွတော်မူလာသောအခါ “အမောင်တို့ တစ်ကောင် တစ်ကောင်သော နွားမကို တစ်ပါးတစ်ပါးသော

ရဟန်းတော်၏အနီးဌ် တည်နေစေကုန်လျက် ရဟန်းတော်များအား နို့ညှစ်သည်ဖြင့် ဆက်ကပ်လုပ်ကျွေးအံ့"ဟု နို့ညှစ်နွားကျောင်းသားတို့အား စေခိုင်း၏။ မေဏ္ဍကသေဋ္ဌေးသည် ဘုရားအမှူးရှိသော သံဃာတော်ကို ဆွမ်း ခဲဖွယ် ဘောဇဉ်ဖြင့် လည်းကောင်း၊ နို့ရည်သစ်ဖြင့်လည်းကောင်း မိမိကိုယ်တိုင် ဆက်ကပ်လုပ်ကျွေး၏။

ရဟန်းတော်များသည် နို့ရည်အသစ်ကို မအပ်ဟု တွေးတောယုံမှားမှု သံသယကုက္ကုစ္စရှိသည်ဖြစ်၍ မေဏ္ဍကသေဋ္ဌေး လှူဒါန်းသော နို့ရည်အသစ်ကို မခံယူကြကုန်။ ရဟန်းတို့ နို့ရည်သစ်ကို ခံယူကြကုန်လော့။ သုံးဆောင်ကြကုန်လော့ ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ မေဏ္ဍကသေဋ္ဌေးသည် ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်း ခဲဖွယ် ဘောဇဉ် နို့ရည်သစ်တို့ဖြင့် ရောင့်ရဲ တားမြစ်သည့်တိုင်အောင် ဆက်ကပ်လှူဒါန်း လုပ်ကျွေး၏။

ဆွမ်းဘုဉ်းပေးပြီးသောအခါ မေဏ္ဍကသေဋ္ဌေးကြီးက မြတ်စွာဘုရားရှင်အား အရှင်ဘုရား၊ အစာရေစာ ရှားပါးသောအရပ်၌ ဒေသစာရီခရီးခဲတို့သည် ရှိပါကုန်၏။ စားနပ်ရိက္ခာမပါဘဲ ခရီးသွားဖို့ရန် ခဲယဉ်းလှပါ၏။ အရှင်ဘုရား-တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ရဟန်းတော်များအား စားနပ်ရိက္ခာကို ခွင့်ပြုတော်မူပါဟု လျှောက်ထား၏။ မြတ်စွာဘုရားသည် မေဏ္ဍကသေဋ္ဌေး၏ တောင်းပန်လျှောက်ထားချက်အရ ရဟန်းတော်များအား နို့ရည်, နို့ဓမ်း, ရက်တက်ရည်, ဆီဦး, ထောပတ် ဤငါးပါးသော နွားနို့အရသာ (ဂေါရသငါးမျိုး)ကို ခွင့်ပြုတော်မူ၏။ **(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက။)**

ဆေးလှူရကျိုး

ဆေးကို လှူဒါန်းသူများသည် အသက်ရှည်ခြင်းအကျိုးကို ရရှိနိုင်၏။ အသက်ရှည်ခြင်းအကြောင်းတရား ငါးပါးတွင် ဆေးလှူဒါန်းခြင်းလည်း အကြောင်းတပါးဖြစ်သည်။ ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက-

"ရေစစ်, ဆေး, ကျောင်း, အဟောင်းပြုပြင်, ပဉ္စင်အဌ၊ ဤငါးဝကား၊
လောကလူပေါင်း၊ သက်ရှည်ကြောင်းတည်း –

ဟု စပ်ဆိုတော်မူခဲ့ပါသည်။ ဆေးကိုလှူဒါန်းခြင်းသည် ခွန်အားကြီးခြင်း အကျိုးကိုလည်း ရရှိစေနိုင်သည်။ ဘုရားရှင်ခွင့်ပြုတော်မူသည့် ဆေးများတွင် ထောပတ်, ဆီဦး စသော ဆေးများ ပါဝင်၏။ ထိုဆေးများသည် ဆေးလည်းဖြစ်၊ အာဟာရကိုလည်း ဖြစ်စေနိုင်၏။ ထို ထောပတ် ဆီဦး စသော ဆေးများကို မှီဝဲ ဘုဉ်းပေးသော ရဟန်းတော်များအား အာဟာရကိစ္စ ပြီးစေနိုင်သကဲ့သို့ ထိုဆေးများကို လှူဒါန်းသည့် အလှူရှင်များလည်း တူညီသော အကျိုးတရားကို ရရှိစေနိုင်သည်။

ဆေးလှူဒါန်းခြင်းသည် ပညာဉာဏ်အား ကြီးမားခြင်းအကျိုးကိုလည်း ရရှိစေနိုင်သည်။ အားအင်ချိနဲ့နေသော မမာမကျန်းဖြစ်နေသူများသည် ခက်ခဲနက်နဲသော အကြောင်းအရာများကို နက်နက်နှောနှော မတွေးတောနိုင်၊ မကြံဆနိုင်၊ မဆင်ခြင်နိုင်။ အားအင်ကို ဖြစ်စေနိုင်သည့် ဆေးများကို သုံးဆောင်မှီဝဲရသည့်အခါ အားအင်ပြည့်ဖြိုးပြီး အသိဉာဏ်များ ပွင့်လင်းလာ၏။ ခက်ခဲနက်နဲသော အနက်အဓိပ္ပာယ်များကိုလည်း ဆုံးဖြတ်နိုင်၏။ ဆေးအလှူရှင်များသည် ထိုကဲ့သို့သော တူသောအကျိုးကို ရရှိစေနိုင်သည်။

ဆေးလှူဒါန်းခြင်း၏ အကျိုးများကား ပိဋကတ်တော်၌ များစွာရှိပါ၏။ ဆေးလှူခြင်းကြောင့် အဆင်းလှခြင်း၊ အခြံအရံများခြင်း စသော အကျိုးတရားများကိုလည်း ရရှိနိုင်ပါ၏။ ထို့ပြင် –

၁။ အသက်ရှည်ခြင်း၊
၂။ ခွန်အားကြီးခြင်း၊
၃။ ဉာဏ်ပညာကြီးခြင်း၊
၄။ ရုပ်ရည်အဆင်းလှပခြင်း၊
၅။ အခြံအရံအကျော်အစောများခြင်း၊
၆။ ဆင်းရဲကင်းခြင်း၊

၇။ ဘေးဥပဒ်ကင်းဝေးခြင်း၊

၈။ ရောဂါဝေဒနာ ကင်းရှင်းခြင်း၊

၉။ လူနတ်တို့၏ အပူဇော်ကိုခံရခြင်း၊

၁၀။ မိမိချစ်သူနှင့် မကွဲမကွာနေရခြင်း

ဟူသော အကျိုးထူးများကို ရရှိခံစားရသည်။

မြွေဆေး

တစ်ရံရောအခါ ရဟန်းတော်တစ်ပါးအား **မြွေကိုက်၏**။ ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ရဟန်းတော်များအား ကျင်ကြီး၊ ကျင်ငယ်၊ ပြာ၊ မြေညက်ဟူသော ဆေးကြီးလေးမျိုးတို့ကို ပေးခြင်းငှာ ခွင့်ပြုတော်မူ၏။ **(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက။)**

အဆိပ်ဖြေဆေး

ရဟန်းတစ်ပါးအဆိပ်ကို သောက်မိသောအခါ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားက အဆိပ်သောက်မိလျှင် ကျင်ကြီးကို မျိုချသုံးစွဲရန် ခွင့်ပြုတော်မူ၏။

(ဝိနည်းမဟာဝါ၊ ဘေသဇ္ဇက္ခန္ဓက။)

ရှေးဘုန်းရှေးကံရှိ၍ အလွန်လာဘ်လာဘပေါများသော ရဟန်းတော်တို့မှာမူကား ရောဂါပျောက်ကြောင်းဖြစ်သော အမျိုးမျိုးသော ဆေးတို့ကို သုံးဆောင်နိုင်၏ဟု ခွင့်ပြုတော်မူ၏။

ဆေးဖက်ဝင်သော မျက်ရည်

တစ်နေ့သောအခါ မိလိန္ဒမင်းကြီးသည် အရှင်နာဂသေနမထေရ်မြတ်အား အောက်ပါအတိုင်း မေးလျှောက်၏

အရှင်ဘုရား နာဂသေန–အကြင်သူသည် မိမိ၏ မွေးသမိခင် ကျေးဇူးရှင် သေသည်ရှိသော် စိုးရိမ်ပူဆွေး ငိုကြွေးပါ၏။ အကြင်သူသည်ကား တရားတော်ကို ခင်မင်နှစ်သက်သဖြင့် ငိုကြွေးပါ၏။ ထိုသို့ ငိုကြွေးကြသူ နှစ်ယောက်တို့တွင် အဘယ်သူ၏ မျက်ရည်သည် ရာဂငြိမ်းကြောင်း ဆေးစွမ်း ကောင်းတစ်လက် ဖြစ်ပါသနည်း။ အဘယ်သူ၏မျက်ရည်သည် ရာဂငြိမ်း ကြောင်း ဆေးစွမ်းကောင်းတစ်လက် မဖြစ်ပါသနည်း ဟု လျှောက်ထား မေးမြန်း၏။

အရှင်နာဂသေနမထေရ်က အောက်ပါအတိုင်း ပြန်လည်ဖြေကြား တော်မူ၏။

မင်းမြတ်–တစ်ယောက်သောသူ၏ မျက်ရည်သည်ကား ရာဂ, ဒေါသ, မောဟတို့ဖြင့် ညစ်နွမ်း၏၊ ပူလောင်၏။ တစ်ယောက်သောသူ၏ မျက်ရည်သည် ကား နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ အညစ်အကြေးကင်း၏။ သိတာရေ ပမာအေးမြ၏။ ထိုမျက်ရည်သည် ရာဂငြိမ်းကြောင်း ဆေးစွမ်းကောင်းတစ်လက် ဖြစ်၏။ အကြင်မျက်ရည်သည် ပူလောင်၏၊ ထိုမျက်ရည်သည် ဆေးစွမ်းကောင်း တစ်လက် မဖြစ်နိုင်ဟု မိန့်တော်မူ၏။ (မိလိန္ဒ၊ ၈၁။)

အလောင်းတော် သုရစိပုဏ္ဏား၏ဆေးအလှူ

ဘုရားအလောင်းတော် သုရစိပုဏ္ဏားသည် "ငါသည် ကုဋေတစ်သိန်း သော ရဟန်းတော်တို့အား အလှူပေးခြင်းငှာသင့်၏"ဟု ကြံပြီး ခုနစ်ရက်ပတ်လုံး မင်္ဂလ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ကို အထူးစိမ် ချက်ပြုတ်အပ်သော နွားနို့ဆွမ်း သောက်ဖွယ်အလှူကို ပေးလှူ၏။ ထိုသို့ ပေးလှူသည့်အခါ လူသားများသက်သက် လုပ်ကိုင်ဆောင်ရွက်ခြင်းငှာ မတတ်နိုင်သောကြောင့် တစ်ယောက်ခြား တစ်ယောက်ခြား နတ်များကလည်း ပါဝင်ဆောင်ရွက် လုပ်ကျွေးကြကုန်၏။ တစ်ဆယ့်နှစ်ယူဇနာ တစ်ဆယ့်သုံးယူဇနာရှိသော အရပ်သည် ရဟန်းတော်များအား လုံး နေထိုင်ရန် မလုံမလောက်ဖြစ်သဖြင့်

နေရာမရသော ရဟန်းတော်များသည် မိမိတို့တန်ခိုးအာနုဘော်ဖြင့် ဖန်တီးနေထိုင်ကြရကုန်၏။

သုရစိပုဏ္ဏားကြီးသည် အလှူပြီးဆုံးသောနေ့၌ ရဟန်းတော်များ၏ သပိတ်တို့ကို စင်ကြယ်စွာ ဆေးကြော၍ ဆေးပစ္စည်းဖြစ်သော ထောပတ်, ဆီဦး, ဆီ, ပျား တင်လဲတို့ဖြင့် သပိတ်အပြည့် ထည့်၍ သင်္ဘန်းသုံးထည်နှင့်တကွ လှူဒါန်း၏။ အနည်းဆုံး အဖိုးတစ်သိန်းထိုက်တန်၏။

မင်္ဂလမြတ်စွာဘုရားသည် တရားအနုမောဒနာ ပြုတော်မူစဉ် ဤသုရစိပုဏ္ဏားသည် ဤမျှကြီးကြယ်ခမ်းနားသော အလှူကြီးကို ပေးလှူ၏။ နောင်သောအခါ အဘယ်သို့ ဖြစ်မည်နည်းဟု အနာဂတ်သဉ္ဇာဏ်တော်ဖြင့် ရှုမြော်ဆင်ခြင်သည်ရှိသော် ဘုရားဖြစ်မည်ကို မြင်တော်မူ၍ သုရစိပုဏ္ဏားကြီးကို ခေါ်တော်မူ၍ "သင်သည် ဤမျှသော ကပ်ကမ္ဘာကို လွန်သည်ရှိသော် ဘဒ္ဒကမ္ဘာတွင် ဂေါတမအမည်ရှိသော ဘုရားစင်စစ် ဧကန် ဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

အလောင်းတော် သုရစိပုဏ္ဏားကြီးသည် မင်္ဂလမြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရသောအခါ နှစ်သက်ရွှင်လန်း ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ "ငါမည်သည်ကား နောင်အခါတွင် ဘုရားစင်စစ်ဧကန်ဖြစ်မည်တဲ့၊ အိမ်ရာတည်ထောင် လူ့ဘောင်၌ နေခြင်းဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း" ဟု ကြံစည်တော်မူပြီး မိမိ၏စည်းစိမ်ဥစ္စာကို တံတွေးပေါက်ကဲ့သို့ မငဲ့မကွက် ရက်ရက်ရောရောကြီး စွန့်၍ မင်္ဂလဘုရား၏အထံတော်၌ ရဟန်းပြုလေ၏။ ရဟန်းပြုပြီး ပိဋကသုံးပုံကို သင်ယူပြီး အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေ၍ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ ရောက်လေ၏။

အစွမ်းထက်သော ဆေး ၂-လက်

လောကလူသား သတ္တဝါတို့အား အဝိဇ္ဇာရောဂါနှင့် တဏှာရောဂါဟူသော ရောဂါ နှစ်မျိုးရှိ၏။ ထိုရောဂါနှစ်မျိုးတို့ကို အကြွင်းမရှိ ပယ်သတ်နိုင်ရန် မြတ်စွာဘုရားသည် ဆေးနှစ်မျိုးတို့ကို ဟောကြားတော်မူ၏။

ထိုဆေးနှစ်မျိုးကား သမထဆေးနှင့် ဝိပဿနာဆေးတို့ဖြစ်ကြ၏။ ဤဆေးနှစ်မျိုးတို့ကို မှီဝဲသုံးဆောင်သော သူတို့မှာ ထိုအဝိဇ္ဇာ, တဏှာရောဂါဆိုး နှစ်မျိုးမှ ကင်းဝေးလျက် ရာဂကင်းလွတ်ရာဖြစ်သော စေတောဝိမုတ္တိ၊ အဝိဇ္ဇာကင်းလွတ်ရာဖြစ်သော ပညာဝိမုတ္တိနှစ်မျိုးသို့ မျက်မှောက်ပြုနိုင်၏။

တဏှာရောဂါသမားများအား အသုဘကမ္မဋ္ဌာန်း စသော သမထဆေးကို မှီဝဲသောက်သုံးသဖြင့် ရာဂကင်းလွတ်ရာ စေတောဝိမုတ္တိသို့ ရောက်၍ ရာဂရောဂါ ကင်းရှင်းစွာ နေနိုင်၏။ အဝိဇ္ဇာရောဂါသမားများအား ဝိပဿနာဆေးကို မှီဝဲသုံးဆောင်သဖြင့် အဝိဇ္ဇာကင်းလွတ်ရာ ပညာဝိမုတ္တိသို့ ရောက်ရှိ၍ အဝိဇ္ဇာရောဂါကင်းရှင်းစွာနေနိုင်၏ဟု ဘုရားရှင် ဟောကြားတော်မူ၏။
(ပေဋကဝ၊ ၂၅၀။)

ထင်ရှားသော ဆေးအလှူရှင်များ

မြတ်စွာဘုရား ကပိလဝတ်ပြည် နိဂြောဓရုံ ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဟာနာမ်မည်သော သာကီဝင်မင်းသည် သံဃာတော်များအား လေးလတို့ပတ်လုံး ဆေးပစ္စည်းလှူဒါန်းခွင့် မြတ်စွာဘုရားအား လျှောက်ထားတောင်းခံရာ ဘုရားရှင်ခွင့်ပြုတော်မူ၍ ဆေးပစ္စည်းများ လေးလပတ်လုံး လှူဒါန်းခဲ့သည်။ ထို့နောက် မဟာနာမ် သာကီဝင်မင်းသည် အသက်ထက်ဆုံး သံဃာတော်အား ဆေးပစ္စည်း လှူဒါန်းခဲ့လေသည်။ (ဝိ၊ ၂။ ၁၃၅)

သီရိဓမ္မာသောကမင်းကြီး ဘိသိက်ခံပြီး၍ ရှစ်နှစ်မြောက် ရောက်သော အချိန်တွင် ကောန္ဒပုတ္တတိဿမထေရ်သည် လေနာရောဂါ ကုစားရန်အတွက် တစ်လက်ဖက်မျှလောက်သော ထောပတ်ကို မရခြင်းကြောင့် ထိုလေနာရောဂါဖြင့်ပင် ပရိနိဗ္ဗာန် စံတော်မူရကြောင်း မင်းကြီး ကြားသိလေရာ "ငါကဲ့သို့သော ပုဂ္ဂိုလ်မျိုး တိုင်းပြည်အုပ်ချုပ် မင်းလုပ်စဉ်မှာ ရဟန်းတော်များ ဤကဲ့သို့ ပစ္စည်းလေးပါး ရှားပါးခြင်း မဖြစ်သင့်" ဟု ကြံစည်၍ မြို့၏တံခါးလေးပေါက်တို့တွင် လေးထောင့်ကန်ကြီးများ ပြုလုပ်ပြီး ဆေးအပြည့်ထည့်၍ လှူဒါန်းစေခဲ့သည်။ (ဝိ၊ ဋ္ဌ၊ ၁၊ ၃၉)

စိတ္တ အမတ်ကြီးသည် သူ၏ အိမ်သို့ ကြွရောက်လာသော ရဟန်းတော်များအား ဆေးပစ္စည်းချို့တဲ့မှု မရှိရလေအောင် စီမံထားလေသည်။ တစ်နေ့ တစ်နေ့လျှင် ဆေးဖိုးခြောက်ဆယ် ခြောက်ဆယ် အကုန်အကျခံ၍ လှူဒါန်းလေသည်။ (အဘိ၊ ဋ၊ ၂၊ ၃၂၇)

အရှင်ဗာကုလအလောင်း ရသေ့သူတော်ကောင်းသည် အနောမဒဿီ ဘုရားရှင် လေနာရောဂါ ဖြစ်တော်မူသောအခါ ဟိမဝန္တာတောင်ခြေမှ ဆေးအမျိုးမျိုး ယူဆောင်ဖေါ်စပ်၍ ဘုရားရှင်အား ဆက်ကပ်လှူဒါန်းခဲ့သည်။ ယင်းဆေးကို ဘုဉ်းပေးတော်မူရသဖြင့် အနောမဒဿီ ဘုရားရှင်သည် လေနာရောဂါ ပျောက်ကင်း ချမ်းသာတော်မူသည်။

ဆေးလှူရက်ပျိုးပြ ဗာကုလ

ရှေးလွန်လေပြီးသော တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ အနောမဒဿီ မြတ်စွာဘုရား ပွင့်ထွန်းတော်မမူမီ ဗာကုလ မထေရ်အလောင်း သူတော်ကောင်းသည် ပုဏ္ဏားမျိုး၌ ပဋိသန္ဓေ တည်နေ၍ အရွယ်သို့ ရောက်လတ်သော် ဗေဒင်သုံးပုံ သင်ကြား တတ်မြောက်ပြီးလျှင် ထိုဗေဒင်ကျမ်း၌ အနှစ်သာရကို မတွေ့.မမြင်ရ၍ ငါသည် တမလွန်ဘဝ ကောင်းကျိုးကို ရှာကြံပေတော့အံ့ ဟု ကြံစည် ဆင်ခြင်၍ ရသေ့ရဟန်းပြုလုပ်ကာ တောင်ခြေအရပ်သို့ ချဉ်းကပ်၍ အဘိညာဉ်ငါးရပ် သမာပတ်ရှစ်ထွေတို့ကို ဖြစ်စေလျက် ဈာန်၌ ဝင်စား မွေ့.လျော်မှုဖြင့် အချိန်ကို ကုန်လွန်စေ၏။

ထိုအချိန်အခါ အနောမဒဿီ မြတ်စွာဘုရား ပွင့်တော်မူ၍ အရိယာသံဃာတော်အပေါင်း ခြံရံလျက် ဒေသစာရီ ကြွချီ လှည့်လည်တော် မူလေ၏။ ဗာကုလ အလောင်း ရသေ့ သူတော်ကောင်းသည် လောက၌ ဘုရားတရား သံဃာ ရတနာသုံးပါး ထင်ရှား ပွင့်ထွန်းလာပြီ ဟူသော သတင်းစကား ကြားသိရ၍ အနောမဒဿီ မြတ်စွာဘုရားထံတော်သို့ သွားရောက်ကာ တရားတော်ကို နာကြားရလေလျှင် တရားဒေသနာ အဆုံး၌ သရဏဂုံသုံးပါးကို ခံယူဆောက်တည်သူ ဖြစ်ပါသော်လည်း မိမိ၏ တောင်ခြေ သစ်မ်းကျောင်းကို

မစွန့်နိုင်သဖြင့် ရသေ့ရဟန်း အဖြစ်ဖြင့် နေထိုင်လေ၏။ ဘုရားဖူးသွားရောက်၍ အခါမပြတ် တရားတော်ကို ကြားနာလေ၏။

တနေ့သ၌ အနောမဒဿီ ဘုရားရှင် ကိုယ်တော်မှာ လေနာရောဂါ ဖြစ်ပွားလာလေ၏။ ရသေ့သည် ဘုရားဖူး လာလတ်သည်တွင် ဘုရားရှင် မမာမကျန်း ဖြစ်နေသည်ဟူသော သတင်းစကားကို ကြားသိရ၍ အရှင်ဘုရား အဘယ်ရောဂါ အနာပါနည်းဟု မေးလျှောက်လေ၏။ ဝမ်း၌ လေနာတည်းဟု ဖြေဆိုပြန်ကြားလေသော် –

ရသေ့သည် ဤအခါကား ငါ့အဖို့ရာ ကောင်းမှုပြုရန် အခါကောင်းပေတည်းဟု ကြံစည်အောက်မေ့ကာ တောင်ခြေသို့ သွား၍ အထူးထူးသော ဆေးတို့ကို ဖေါ်စပ်ပြီးလျှင် ဤဆေးကို မြတ်စွာဘုရားအား ဆက်ကပ်တော်မူပါ ဘုရား ဟု အလုပ်အကျွေး မထေရ်လက်သို့ ဆက်ကပ်ခဲ့လေ၏။

ထိုဆေးကို သုံးဆောင်တော်မူလိုက်သည်နှင့်တပြိုင်နက် မြတ်စွာဘုရား ကိုယ်တော်၌ စွဲကပ်သောလေနာသည် အပြီးတိုင် ငြိမ်းစဲ ပျောက်ကင်းလေ၏။

ရှင်ရသေ့သည် ဘုရားရှင် ကျန်းမာတော်မူသော အခါ၌ မြတ်စွာဘုရားရှင် ထံတော်မှောက်သို့ သွားရောက်၍ မြတ်စွာဘုရား တပည့်တော်၏ ဆေးဖြင့် မြတ်စွာဘုရား၏ ကျန်းမာတော်မူခြင်းသည် ဖြစ်ခဲ့ပါပြီ၊ ထိုကောင်းမှု၏ အကျိုးဆက်ကြောင့် ဖြစ်လေရာရာ သံသရာဘဝ၌ တပည့်တော်၏ ကိုယ်ခန္ဓာဝယ် နွားနို့တစ်ညှစ် လက်ဖျစ်တတွက် ကာလမျှလည်း အနာရောဂါ မဖြစ်ပါစေသား”ဟု ဆုတောင်းစကား လျှောက်ထားလေ၏။ ထိုဘဝမှ စုတေခဲ့ပြီး ဗြဟ္မာ့ပြည်၌ ဖြစ်ရလေ၏။ တစ်အသင်္ချေ ရှည်လျားစွာ အခါကာလပတ်လုံး လူ့ပြည်နတ်ရပ်တို့၌ ကျင်လည်ကျက်စားလျက် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက် ဟံသာဝတီ မင်းနေပြည်၌ အမျိုးကောင်းသားဖြစ်ရပြီး၊ ဘုရားရှင်ထံ တရားသွားနာရာ ဘုရားရှင်က ရဟန်းတော်တပါးကို အနာကင်းရှင်း ကျန်းမာခြင်းအရာ၌ အမြတ်ဆုံး ဧတဒဂ် ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ (မဟာသာဝက လောင်းလျာ ကြီးများအတူ)

အဓိကာရ ကောင်းမှုကုသိုလ် ပြုလုပ်၍ အနာကင်းသော အရာ အပွါဗာဓ ဧတဒဂ်ရာထူးကို ဆုတောင်းပတ္ထနာမှု ပြုလေ၏။ ဘုရားရှင်ကလည်း ရလတ္တံ့ဟူသော ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

ထိုအမျိုးကောင်းသားသည် အသကထကဆုံး ကောင်းမှုကုသိုလ်များ ပြုလုပ်၍ လှူ.ပြည် နတ်ပြည်တို့၌ ကျင်လည်ကျက်စားခဲ့ရပြီး ဤကမ္ဘာမှ ရေတွက်သော် (၉၁)ကမ္ဘာထက်ဝယ် ဝိပဿီမြတ်စွာဘုရား မပွင့်ပေါ်မီ ဗန္ဓုမတီ မင်းနေပြည်၌ ပုဏ္ဏားမျိုး၌ ဖြစ်ပြီး ရှေးနည်းအတူ ရသေ့ရဟန်း ပြုလုပ်လျက် အဘိညာဉ်ငါးရပ်နှင့် သမာပတ်တို့ကို ဖြစ်စေကာ တောင်ခြေ၌ နေထိုင်လေ၏။ ဝိပဿီ မြတ်စွာဘုရား ပွင့်တော်မူ၍ ရဟန်းသံဃာတော် (၆)သန်း၊ (၈)သိန်း ခြံရံလျက် ဗန္ဓုမတီ မင်းနေပြည်ကို အမှီပြုကာ ခမည်းတော် ဗန္ဓုမ မင်းတရားကြီးအား ချီးမြှောက်မှု ပြုတော်မူလျက် ခေမာမည်သော မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ဗာကုလအလောင်း ရသေ့သူတော်ကောင်းသည် ဘုရား ပွင့်တော်မူကြောင်းကို ကြားသိရ၍ ဘုရားရှင်ထံမှောက်သို့ သွား၍ရောက် ဆည်းကပ်ကာ တရားတော်ကို နာယူရသဖြင့် သရဏဂုံ ခံယူဆောက်တည်သူ ဖြစ်ရခြင်းသော်လည်း မိမိ၏ရသေ့အဖြစ်ကို မစွန့်နိုင်ဘဲ တောင်ခြေသခ်ိမ်း ကျောင်း၌ပင် ရသေ့ရဟန်း၏ အဖြစ်ဖြင့် နေထိုင်လျက် ဘုရားရှင်ကို ဆည်းကပ် ပြုစုရန် အခါမပြတ် သွား၍ရောက် ချဉ်းကပ်လေ၏။

ထိုနောက် တနေ့သ၌ ဟိမဝန္တာဝယ် အဆိပ်ပင်များ ပွင့်ကြသဖြင့် ထိုအဆိပ်ပင် အဆိပ်ပွင့်တို့ကို တိုက်ခတ်၍လာသော လေအတွေ့ကြောင့် ဘုရားရှင်နှင့် အဂ္ဂသာဝက မထေရ်မြတ်နှစ်ပါးတို့ကို ချန်လှပ်၍ ရဟန်း သံဃာတော် အားလုံး ပြင်းထန်စွာသော ဦးခေါင်းနာ ရောဂါ စွဲကပ်ဖြစ်ပွား လေသည်။

ရသေ့သူမြတ်သည် ဘုရားရှင်အား ဆည်းကပ်ပြုစုရန် လာလတ်သည် ရှိသော် ရဟန်းတော်များ ခေါင်းမြီးခြုံ၍ လျောင်းနေသည်ကို တွေ့မြင်ရသဖြင့် အရှင်ဘုရားတို့ အရှင်မြတ်တို့ကိုယ်မှာ အဘယ်သို့သော မကျန်းမာမှု

ဖြစ်နေကြပါသနည်း ဟု မေးမြန်းလေ၏။ ငါ့ရှင်ရသေ့ ရဟန်းသံဃာတို့မှာ အဆိပ်မြက်ပွင့် ဆေးဒဏ်သင့်သော ရောဂါ ဖြစ်နေကြပါ၏ ဟု ဖြေကြား၍ ရသေ့သူတော်စင်သည် ဤအခါကား ငါ့အဖို့ရာ ကိုယ်တိုင်ကိုယ်ကျ ဝေယျာဝစ္စပြုရာ ကောင်းမှုထူးကို ဆည်းပူးရန် လျော်ကန်သင့်မြတ်သော အခါတည်းဟု ကြံစည်အောက်မေ့ကာ မိမိအာနုဘော်ဖြင့် ဆေးအမျိုးမျိုးတို့ကို စုဆောင်းဖေါ်စပ်ပြီး ရဟန်းသံဃာတော်အား လှူဒါန်းဆက်ကပ်လေ၏။

ထိုဆေးကို နမ်းရှူရုံဖြင့်ပင် ရဟန်းတော်အားလုံးတို့၏ ဦးခေါင်းနာ ရောဂါသည် တစ်ခဏချင်း ပျောက်ကင်းငြိမ်းစဲ၍ သွားလေ၏။

ထိုရသေ့သူမြတ်သည် အသက်အတိုင်း တည်နေ၍ စုတေလတ်သော် ဗြဟ္မာ့ပြည်၌ ဖြစ်ပြီးလျှင် ၉၁–ကမ္ဘာတို့ကာလပတ်လုံး လူ့ပြည် နတ်ပြည်တို့၌ ကျင်လည်ကျက်စားလာခဲ့ရာ ကဿပမြတ်စွာ သာသနာခေတ်သို့ ရောက်ခဲ့သော အခါ ဗာရာဏသီပြည်ဝယ် အမျိုးသားဖြစ်ပြီး အိမ်ရာကို စိုးအုပ်၍ နေထိုင်စဉ် တနေ့သ၌ ငါ၏အိမ်ကား အားနဲ့လှ၏။ အိမ်သစ် ဆောက်လုပ်ပေးအုံဟု လက်သမားများနှင့် ပစ္စန္တရစ်သို့ သွားရောက်သော် ခရီးအကြား၌ ကျောင်းတိုက်အိုကြီး တစ်တိုက်ကို တွေ့မြင်ရ၍ "ငါ၏အတွက် အိမ်သစ် ဆောက်ရန်အမှု ရှိပစေဦး၊ ငါ့အိမ်သည် ငါနှင့်အတူတကွ သံသရာသို့ လိုက်ပါလိမ့်မည် မဟုတ်၊ တစုံတရာအမှုကို ပြုလုပ်လျှင် ကိုယ်နှင့် ထက်ကြပ်မကွာ သံသရာသို့လိုက်ပါမည့် ကောင်းမှုမျိုးကိုသာ အလျင်အဦး ပြုသင့်၏ ဟု ကြံစည်ဆင်ခြင်၍ အဖေါ်ခေါ်လာသော လက်သမားများကို သစ်အဆောက်အဦးတို့ကို ထောမှ ယူဆောင်စေ၍ ထိုကျောင်းတိုက်အိုကြီး၌ ဥပုသ်အိမ် အသစ်၊ ဆွမ်းစားကျောင်း အသစ်၊ မီးတင်းကုတ် အသစ်၊ စင်္ကြံ အသစ်၊ ချွေးအောင်းရုံ အသစ်၊ ကပ္ပိယကုဋိ အသစ်၊ အာရောဂျသာလာ ကျန်းမာရေး ဆေးကျောင်း အသစ်၊ ဝစ္စကုဋိ အသစ်တို့ကို ဆောက်လုပ်စေကာ သံဃာအား လှူဒါန်းလေ၏။

ရဟန်းသံဃာတော်များ သုံးဆောင်နိုင်သည့် စားဆေး၊ သောက်ဆေး၊ ရှူဆေး စသော ဆေးအမျိုးမျိုးကို အလုံးစုံ စီမံထားရှိကာ သံဃာတော်အား လှူဒါန်းလေ၏။

နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ဗာကုလအလောင်း အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုပြု၍ ထိုမှ စုတေကာ လူ့ပြည်နှတ်ပြည်တို့၌ ကျင်လည်ကျက်စားလျက် ဂေါတမ ရှင်တော်ဘုရား ပွင့်ထွန်းတော်မမူမီ ရှေးဦးကလျှင် ကောသမ္မီပြည် သေဋ္ဌေးကြီးအိမ်၌ ပဋိသန္ဓေ တည်နေလေ၏။ ထိုအချိန်မှစ၍ လာဘ်လာဘ အထွတ်အထိပ် ကောင်းသောသတင်း ကျော်စောခြင်းသို့ ရောက်လေ၏။ ထို့နောက် ဗာကုလ အမျိုးကောင်းသား၏ မိခင်သေဋ္ဌေးကတော်ကြီးသည် သားကိုဖွားမြင်ပြီးလျှင် ငါ၏သားသည် ကောင်းမှုများပြားဘုန်းကံကြီးမားသူ ဖြစ်ပေသည်၊ ငါ့သား အသက်ရှည်ကြာ အနာဂတ်၌ တည်ရှိနေသမျှ ကာလပတ်လုံး စည်းစိမ်ဥစ္စာကို ပေးစွမ်းနိုင်မည့်သား ဖြစ်ပေသည်၊ မွေးဖွားသည့် နေ့မှာပင် ယမုနာမြစ်ကြီး၌ ရေချိုးသော သူငယ်တို့သည် အသက်ရှည်ကြာ အနာဂတ်ကုန်၏ဟု ကြံစည်ဆင်ခြင်၍ ဗာကုလသူငယ်ကို ယမုနာမြစ်သို့ ရေချိုးရန် အခမ်းအနားဖြင့် ပို့စေလေ၏။

ထိုယမုနာမြစ်၌ အထိန်းတော်ကြီးသည် ဗာကုလသူငယ်ကို ငုတ်ချည်ပေါ်ချည်ပြုလျက် ရေချိုးနေစဉ်ပင် ငါးကြီးတစ်ကောင်သည် သူငယ်ကိုမြင်၍ ဤအရာကား ငါ၏အစာပေတည်းဟု မှတ်ထင်ကာ ခံတွင်းကို ဖွင့်လျက် သူငယ်ရှိရာသို့ ပြေးဝင်လာလေသည်။ အထိန်းတော်ကြီးသည် ကြောက်လန့်၍ ပြေးလေလျှင် ငါးကြီးသည် သူငယ်ကို မျိုလေ၏။

သူငယ်သည် ဘုန်းကံကြီးမားသူဖြစ်သဖြင့် ဆင်းရဲဒုက္ခသို့ မရောက်ဘဲ အိပ်ရာတိုက်ခန်းသို့ ဝင်လျောင်းသကဲ့သို့ ဖြစ်လေ၏၊ ငါးကြီးသည် သူငယ်၏ ဉာဏဝိပ္ပါရက္ကဒ္ဓိတန်ခိုးကြောင့် လောလောပူသည့် သံတွေခဲကို မျိုမိသည့် ပမာ ပြင်းစွာ ပူလောင်၍ ယူဇနာ (၃၀)တိုင်တိုင် အလွန် လျင်သော အဟုန်ဖြင့် ပြေးသွား၍ ဗာရာဏသီမြို့နေ တံငါသည်၏ ပိုက်ကွန်တွင်းသို့ ဝင်မိလေ၏။

ဤငါးကြီးကား သူငယ်၏ တန်ခိုးအာနုဘော်ကြောင့် ပိုက်ကွန်မှ ထုတ်လိုက်လျှင်ပင် သူ့အလိုလို သေရရှာလေ၏။ တံငါတို့သည် ထိုငါးကြီးကို မခွဲမခြမ်း မစိပ်ဘဲ အကောင်လိုက်ပင် ထမ်းပိုးဖြင့် ထမ်းဆောင်၍ ငွေတစ်ထောင်

ဖြင့် ဝယ်ယူမှ ရောင်းချမည်ဟု ပြောဆိုကြလျက် မြို့တွင်း၌ လှည့်လည်ကြကုန်၏။ တစ်ဦးတစ်ရောက်မျှ မဝယ်ယူနိုင်ကြချေ။

ထိုဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝလျက် သား‌သမီး‌မဖြစ်ထွန်း‌သော သေဋ္ဌေး‌ကြီး‌အိမ်တခါး‌ဝသို့ ရောက်လျှင် အိမ်သူအိမ်သား‌များ‌က ထိုင‌ါး‌ကြီး‌၏ အဖို့‌းကိုမေး‌၍ အသပြာ တစ်ထောင်ပေး‌ကာ ဝယ်ယူလိုက်ကြလေ၏။ ထိုနေ့၌ သူငယ်၏ အာနုဘော်ကြောင့် သေဋ္ဌေး‌ကတော်ကြီး‌ကိုယ်တိုင် ထိုင‌ါး‌ကြီး‌ကို စည်းတီတုံး‌၌တင်၍ ခွဲခြမ်း‌စိတ်ဖြာလေသည်။

သေဋ္ဌေး‌ကတော်ကြီး‌သည် ထိုင‌ါး‌ကြီး‌ကို ကျောဘက်မှ ခွဲစိတ်လေလျှင် ငါး‌၏ဝမ်း‌တွင်း‌၌ ရွှေအဆင်း‌နှင့်တူသော သူငယ်ကို တွေ့မြင်ရ၍ အား‌ရဝမ်း‌သာ “ငါသည် ငါး‌၏ဝမ်း‌မှ သား‌ကို ရအပ်ပေပြီ”ဟု ကျူး‌ရင့်ပြောဆိုကာ သူငယ်ကိုပွေ့ချီ၍ အိမ်ရှင် သေဋ္ဌေး‌ကြီး‌ထံသို့ သွား‌လေ၏။

သေဋ္ဌေး‌ကြီး‌သည် ခဏချင်း‌ပင် ထိုအကြောင်း‌ကို မြို့တွင်း၌ စည်လည်စေပြီး‌ သူငယ်ကို ယူဆောင်၍ ဗာရာဏသီမင်း‌ကြီး‌ထံသို့ သွား‌ရောက်ကာ “အရှင်မင်း‌ကြီး‌ အကျွန်ုပ်အား ငါး‌ဝမ်း‌ဗိုက်မှ သူငယ်ကို ရအပ်ပါပြီ၊ အသို့ပြု ရပါမည်နည်း”ဟု မေး‌လျှောက်၏။

ဗာရာဏသီမင်း‌ကြီး‌ကလည်း ငါး‌၏ဝမ်း‌၌ အနာမဲ့ကာ ချမ်း‌သာစွာနေနိုင်သော ဤသူငယ်ကား ဘုန်း‌ကံကြီး‌မား‌သူဖြစ်ပေမည်။ ထိုသူငယ်ကို သင်သေဋ္ဌေး‌ကြီး‌ပင် ကျေး‌မွေး‌ပြုစုလေလော့ဟု မိန့်ဆိုတော်မူ၏။

မိဘရင်း‌ ကောသမ္ဗီ သေဋ္ဌေး‌အိမ်ကလည်း‌ ဗာရာဏသီပြည်သေဋ္ဌေး‌အိမ်တစ်အိမ်မှာ ငါး‌ဝမ်း‌ဗိုက်မှ သူငယ်ကို ရရှိသတဲ့ဟူသော သတင်း‌စကား‌ကို ကြား‌သိရ၍ ကောသမ္ဗီသေဋ္ဌေး‌ဇနီး‌မောင်နှံတို့သည် ဗာရာဏသီပြည်သို့ သွား‌ရောက်ကာ အဆင်တန်ဆာ ဆင်ယင်လျက် မျူး‌တူး‌ပျော်ပါး‌ ကစား‌စေအပ်သော သား‌သူငယ်ကို မွေး‌မိခင်မြင်ရလေလျှင် ဤသူငယ်ကား‌ အလွန်နှစ်သက်ဖွယ်ရှိပေစွဟု ချီး‌မွမ်း‌ပြောဆိုပြီး‌ကာ မိမိသား‌ဖြစ်ကြောင်း‌ကို ပြောကြား‌လေ၏။

ထို့နောက် ကောသမ္မီ၊ ဗာရာဏသီသေဋ္ဌေးကတော် နှစ်ယောက်တို့ သူ့သား၀ါသဘ အငြင်းပွားကြလျက် သူပိုင်ထိုက် ငါပိုင်ထိုက်အဆုံးအဖြတ် ခံယူရန် ဗာရာဏသီ မင်းကြီးထံသို့ သွားရောက်ကြကုန်၏။

မင်းကြီးသည် ကောသမ္မီသေဋ္ဌေးကတော်အား ဆယ်လတို့ပတ်လုံး ဝမ်းဖြင့်ဆောင်ပိုက်ခဲ့သူဖြစ်သောကြောင့် အမိမဟုတ်ဟူ၍ မဆုံးဖြတ်နိုင်၊ ငါးကိုဝယ်ယူသောသူတို့မည်သည် ဝမ်းတွင်းပါပစ္စည်းနှင့်တကွ ဝယ်ယူကြရိုး ဖြစ်သောကြောင့် ဤဗာရာဏသီသေဋ္ဌေးကတော်ကိုလည်း အမိမဟုတ်ဟူ၍ မဆုံးဖြတ်နိုင်။

ဤသူငယ်ကား ကောသမ္မီသေဋ္ဌေးကတော်၏အဖို့ အတြေ သားဖြစ်၍ ဗာရာဏသီသေဋ္ဌေးကတော်၏အဖို့မှာမူ ဒိန္နက သားဖြစ်လေသည်။ ထို့ကြောင့် သူငယ်သည် ကောသမ္မီ, ဗာရာဏသီ သေဋ္ဌေးအိမ်နှစ်အိမ်လုံး၏ အမွေခံသားဖြစ်စေဟု ဆုံးဖြတ်ချက်ချမှတ်လေ၏။ ထိုအချိန်မှစ၍ သေဋ္ဌေးအိမ် နှစ်အိမ်လုံး လာဘ်လာဘအထွတ်အထိပ် ကောင်းသောသတင်းကျော်စောခြင်း အထွတ်အထိပ်သို့ ရောက်ရှိကြလေကုန်၏။ ထိုသူငယ်၏အမည်ကိုလည်း သေဋ္ဌေးအိမ်နှစ်အိမ်လုံးကပင် ချမ်းသာစွာ ကြီးပြင်းစေအပ်သောကြောင့် ဗာကုလကုမာရဟုမည်ခေါ်ကြလေကုန်၏။ **(ဗာ=နှစ်+ကုလ=အိမ်။)**

ထိုဗာကုလသူငယ် အရွယ်သို့ ရောက်လတ်သော် ကောသမ္မီ, ဗာရာဏသီ နှစ်ပြည်လုံး၌ပင် မိဘများက စံအိမ်ပြာသာဒ်သုံးဆောင်စိ ဆောင်လုပ်၍ ကချေသည် မောင်းမမီသံ ခြွေရံများစွာတို့ကို ပြုစုဖျော်ဖြေ ခစားစေကြလေကုန်၏။ ဗာကုလသေဋ္ဌေးသားသည် တမြို့.တမြို့.၌ လေးလ လေးလတို့ ပတ်လုံး စည်းစိမ်ကို ခံစံသုံးဆောင်နေထိုင်လေ၏။

ဗာကုလသေဋ္ဌေးသား အသက်အရွယ် ရုစ်ဆယ်တင်းတင်း ပြည့်လတ်သောအခါ မြတ်စွာဘုရားရှင်သည် အစဉ်သဖြင့် ဒေသစာရီကြွချီတော်မူရာ ကောသမ္မီပြည် သို့ ဆိုက်ရောက်တော်မူလာလေ၏။ ဗာကုလသေဋ္ဌေးသားသည် မြတ်စွာဘုရား မိမိတို့မြို့.သို့.ကြွချီဆိုက်ရောက်တော်မူလာပြီဟူသော သတင်း

စကား ကြားသိရလေလျှင် ရှေးအဓိကာရကောင်းမှုကုသိုလ်ကံက လွှဲ.ဆော်တိုက်တွန်းသဖြင့် ပန်း, နံ့သာ များစွာတို့ကို ဆောင်ယူ၍ ဘုရားထံမှောက်သွားရောက်၍ တရားနာယူရလေသော် သဒ္ဓါတရား ကြီးမားစွာဖြစ်ရှိကာ သာသနာ၌ ရဟန်းပြုလေ၏။

ဗာကုလမထေရ်သည် ခုနစ်ရက်သာလျှင် ပုထုဇဉ်အဖြစ်ဖြင့် တည်လျက် ရှစ်ရက်မြောက်အရဏ်၌ ပဋိသမ္ဘိဒါပတ္တရဟန္တာတစ်ဆူဖြစ်တော်မူလေသည်၊

ဗာရာဏသီ ကောသမ္မီနှစ်ပြည်မှာ ရှိကြသည့် အလုပ်အကျွေးတို့သည် မိမိတို့ မိဘအိမ်သို့ ပြန်လာခဲ့ကြ၍ ထိုမိဘတို့အိမ်၌ နေထိုင်ကြရင်းပင် သင်္ကန်းတို့ကို ချုပ်လုပ်၍ အရှင်ဗာကုလမထေရ်မြတ်ထံ ပို့သလှူဒါန်းကြလေကုန်၏။ မထေရ်မြတ်သည် လဝက်(၁၅)ရက်ပတ်လုံး ကောသမ္မီမြို့နေသူတို့ ပို့သလှူဒါန်းအပ်သောသင်္ကန်းကို သုံးဆောင်တော်မူ၏။ လဝက် (၁၅)ရက်ပတ်လုံး ဗာရာဏသီပြည်နေသူတို့ ပို့သလှူဒါန်းသောသင်္ကန်းကို သုံးဆောင်တော်မူ၏။

အရှင်ဗာကုလမထေရ် နှစ်ပေါင်းရှစ်ဆယ်ကြာ အိမ်ရာတည်ထောင်လူ.ဘောင်၌နေစဉ် နံ့သာတရုတ် အချိန်မျှလောက်သော်မျှ တစုံတရာ အနာဟူ၍ မဖြစ်ခဲ့စဖူး အနှစ်ရှစ်ဆယ်မြောက်၌ ရဟန်းအဖြစ်သို့ကပ်ရောက်တော်မူခဲ့လေသည်၊ ရဟန်းဖြစ်သောအခါမှလည်း အရှင်ဗာကုလမထေရ်၏အဖို့ရာ အနည်းငယ်မျှသော အနာရောဂါဟူ၍ပင် မရှိချေ။ ထို့ကြောင့်ပင် မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန်ဇေတဝန်ကျောင်းတော်၌ -

ဇေတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အပ္ပါဗာဓာနံ ယဒိဒံ ဗာကုလော-

ဟု အနာရောဂါကင်းသောအရာဝယ် အသာဆုံး အမြတ်ဆုံး ဇေတဒဂ်ရာထူးချီးကျူးမိန့်မြွက်တော်မူလေသည်။ တစ်သချေါနှင့်ကမ္ဘာတစ်သိန်းကြာ ပါရမီဖြည့်ဆည်းခဲ့သော ဗာကုလအလောင်း သူတော်ကောင်း၏ တောင့်တ ပန်ဆင်အပ်သော ဆုမြတ်ကား အထွတ်အထိပ်သို့ ရောက်ရှိခဲ့လေပြီတကား။

အခန်း (၂) ပြီး၏။

အခန်း (၃)

ဒါနအမျိုးမျိုး

အလှူဒါန၏ သဘောအဓိပ္ပါယ်၊ အလှူဒါနပြုလုပ်နိုင်ရန် ခက်ခဲပုံ၊ အလှူဒါန ထမြောက်အောင် နှလုံးသွင်းဆင်ခြင်ပုံ စသည်များကို သိရှိပြီးနောက် ဒါနအမျိုးမျိုး ကွဲပြားပုံကိုလည်း သိရှိရန် လိုအပ်ပေ၏။ လှူဖွယ်ဝတ္ထုပစ္စည်း အစုသည် အလှူဒါနကံ ဖြစ်မြောက်အောင်မြင်ရန် အရေးကြီးသောအကြောင်းများဖြစ်ကြ၏၊ သို့အတွက် အလှူဝတ္ထုပစ္စည်းကို အကြောင်းပြုကာ ပါဠို၊ အဋ္ဌကထာ၊ ဋီကာကျမ်းဂန်တို့၌ ဒါနအမျိုးမျိုး ခွဲခြားပြဆိုထား၏။

ဝိနည်းဒေသနာတော်အလိုအားဖြင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဟု အလှူဒါန ၄-ပါးရှိကြောင်း ဖွင့်ပြထား၏၊ ဝိနည်းဒေသနာတော်မှာ ဒါန ၄-ပါး ပြဆိုလိုရင်း မဟုတ်သော်လည်း ရဟန်းတော်များ သုံးဆောင်မှီဝဲရန် ပစ္စည်းလေးပါးကို မြတ်စွာဘုရား ခွင့်ပြုတော်မူသည့်အတွက် လှူဒါန်းသည့်အခါမှာလည်း ၄-မျိုးဖြစ်သင့်၍ ဝိနည်းဒေသနာတော်အလို ဒါန ၄-မျိုးရှိသည်ဟု ဖွင့်ဆိုတော်မူကြ၏။

အဘိဓမ္မာဒေသနာတော်အလိုအားဖြင့် လောကဋ္ဌရှိရှိသမျှ တရားအားလုံးကို သိမ်းကြုံးမိအောင် အာရုံ ၆-ပါးဖြင့် ပိုင်းခြားဝေဖန်၍ ဟောကြားတော်မူရာ အဆင်းကိုလှူဒါန်းခြင်း ရူပဒါန၊ အသံကို လှူဒါန်းခြင်း သဒ္ဒဒါန၊ အနံ့ကို လှူဒါန်းခြင်း ဂန္ဓဒါန၊ အရသာကိုလှူဒါန်းခြင်း ရသဒါန အတွေ့အထိကို လှူဒါန်းခြင်း ဖောဋ္ဌဗ္ဗဒါန၊ တရားသဘောကိုလှူဒါန်းခြင်း ဓမ္မဒါနဟု ၆-ပါးရှိကြောင်း ဖွင့်ပြတော်မူကြ၏။

(ဒီ၊ ဋ္ဌ၊ ၃၊ ၁၈၀။ အဘိ၊ ဋ္ဌ၊ ၁၊ ၂၀၁။)

အဘိဓမ္မာဒေသနာတော်၌ ဒါန ၆-ပါးကို တိုက်ရိုက်ဟောတော်မူခြင်း မဟုတ်သော်လည်း အာရုံ ၆-ပါးကို ဟောပြတော်မူသဖြင့် ထိုအာရုံတို့ကို အသီးသီး လှူဒါန်းလျှင် အာရုံအပြား ၆-ပါးရှိ၍ ဒါန ၆-ပါး အပြားရှိသည်ဟု

အဓိပ္ပါယ်သဘော သက်ရောက်ရကား အဘိဓမ္မာဒေသနာတော် အလိုအား‌ဖြင့် ဒါန ၆-မျိုး‌ရှိ‌ကြောင်း ကျမ်း‌ဂန်တို့၌ ဖွင့်ပြတော်မူကြ၏။

သုတ္တန်ဒေသနာတော်အလိုအား‌ဖြင့် စား‌ဖွယ်ဆွမ်း‌အမျိုး‌မျိုး‌လှူဒါန်း‌ခြင်း၊ အနုဒါန၊ သောက်ဖွယ်အမျိုး‌မျိုး‌လှူဒါန်း‌ခြင်း ပါနဒါန၊ အဝတ်အထည်အမျိုး‌မျိုး‌လှူဒါန်း‌ခြင်း ဝတ္ထဒါန၊ စီး‌နင်း‌စရာ ယာဉ်အမျိုး‌မျိုး‌လှူဒါန်း‌ခြင်း ယာနဒါန၊ ပန်း‌အမျိုး‌မျိုး လှူဒါန်း‌ခြင်း မာလာဒါန၊ နံ့သာအမျိုး‌မျိုး‌လှူဒါန်း‌ခြင်း ဂန္ဓဒါန၊ လိမ်း‌ခြယ်စရာ အမျိုး‌မျိုး လှူဒါန်း‌ခြင်း ဝိလေပနဒါန၊ ညောင်စောင်း အင်း‌ပျဉ် အိပ်ရာ နေရာစသည်များ‌ကို လှူဒါန်း‌ခြင်း သေယျဒါန၊ အိမ် ကျောင်း ဧရပ်စသော နေထိုင်စရာအဆောက်အအုံ အမျိုး‌မျိုး‌ကို လှူဒါန်း‌ခြင်း အာဝသထဒါန၊ မီး‌ထွန်း‌ရန် ဖယောင်း‌တိုင် ဆီ စသည်တို့‌ကို လှူဒါန်း‌ခြင်း ပဒီပေယျဒါနအား‌ဖြင့် ဒါန ၁၀-မျိုး‌ရှိ‌ကြောင်း ဖွင့်ပြတော်မူကြ၏။

ဤ၌ ဒါန၀တ္ထု ၁၀-မျိုး‌သာ ဘုရား‌ဟောသည်ဟု အကြောင်း‌ပြ‌ကာ ဤ၁၀-မျိုး‌သာ လှူကောင်း‌သည်၊ အခြား၀တ္ထု‌တို့‌ကို မလှူကောင်း‌ဟု မမှတ်ယူ အပ်။ လောက၌ ယေဘုယျအား‌ဖြင့် အလှူများ‌ကိုလိုက်၍ ဤ ၁၀-မျိုး‌၌ သွင်း‌ယူ၍ ထား‌သောကြောင့် ၁၀-မျိုး‌ကိုပြလိုက်သဖြင့် သူတော်‌ကောင်း‌များ သုံး‌စွဲနေကျဖြစ်သော အရာ၀တ္ထု‌တို့‌ကို လှူဒါန်း‌နိုင်သည်ဟု သိမှတ်‌ကြရာ၏။

ပေး‌လှူမှု၊ အလှူဒါန‌ကို -

၁။ အလှူရှင်
၂။ အလှူခံပုဂ္ဂိုလ်
၃။ လှူဖွယ်၀တ္ထုပစ္စည်း
၄။ လှူပုံအခြင်း‌အရာ
၅။ အလှူဒါန‌ပြုလုပ်ရာအချိန်အခါ
၆။ အလှူဒါန‌ပြုလုပ်‌ကြောင်း‌စေတနာ -

စသည်တို့‌ကို အကြောင်း‌ပြု၍ နှစ်ပါး‌တွဲ ဒါန၊ သုံး‌ပါး‌တွဲဒါန‌စသည်ဖြင့် ခွဲခြမ်း‌ဝေဖန်‌ကာ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့၌ ဟောပြဖွင့်ဆိုထား‌၏။

၂-ပါးတွဲဒါနများ

အာမိသဒါန၊ ဓမ္မဒါန

ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးစသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်း ဟူသော အာမိသဒါန၊ ဘုရားရှင်ဟောကြားတော်မူအပ်သော တရားတော်များကို အကျိုးလိုလား၍ သူတပါးတို့အား ဟောပြောပြသဆုံးမခြင်း၊ ပိဋကတ်တော်များ ကို လှူဒါန်းခြင်းဟူသော ဓမ္မဒါနအားဖြင့် နှစ်ပါးဖြစ်၏။ ထိုနှစ်ပါးတို့တွင် ဓမ္မဒါနသည် အာမိသဒါနထက်သာလွန်မွန်မြတ်၏။

(အံ၊ ဘ၊ ၉၀၊ ဓမ္မ၊ ၆၄၊ ဣတိဝုတ်၊ ၂၆၀။)

တရားတော်များကို ပေးလှူခြင်းသည် မသေရာမှန်မြတ်နိဗ္ဗာန်ကို ပေးလှူသည်နှင့်တူ၏။ အလုံးစုံသော ဒါနကို အောင်နိုင်သောဒါနသည် ဓမ္မဒါနသာဖြစ်၏။ ဒါနအားလုံးထက် ဓမ္မဒါနက သာလွန် မွန်မြတ်၏။

(သံ၊ ဘ၊ ၂၉။)

အာမိသဒါနကို များစွာသော လူအပေါင်းတို့ ချစ်မြတ်နိုးခြင်းစသော မျက်မှောက်ဘဝ၊ တမလွန်ဘဝအကျိုးဟူသမျှတို့ကို ရရှိခြင်းအကြောင်း ဖြစ်သောကြောင့် မင်္ဂလာဟု ခေါ်ဆိုရ၏။ ဓမ္မဒါနကိုကား အကျိုးကိုခံစားရခြင်း၊ အနက်သဘောကို သိခြင်းစသော ဂုဏ်ကျေးဇူးတို့ကို ရရှိဖို့ရန် နိုးကပ်သော အကြောင်းဖြစ်သောကြောင့် မင်္ဂလာဟုခေါ်ဆိုရ၏။

(ခုဒ္ဒက၊ ဋ္ဌ၊ ၁၁၈။ သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၂၄။)

အဋ္ဌင်္ဂိကဒါန၊ ဗာဟိရဒါန

ကိုယ်တွင်းဆိုင်ရာ ခြေ, လက်, မျက်စိ, နား, နှာ-စသော အင်္ဂါကြီးငယ် အသက်ခန္ဓာကို စွန့်လှူဒါန်းခြင်းဟူသော အဋ္ဌင်္ဂိကဒါန၊ ကိုယ်မှအပဖြစ်သော ရွှေငွေစသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းဟူသော ဗာဟိရဒါနအားဖြင့် ၂-ပါးဖြစ်၏။

ဝတ္ထုဒါန၊ အဘယဒါန

ပစ္စည်းဝတ္ထုကိုလှူဒါန်းခြင်းဟူသော ဝတ္ထုဒါန၊ သတ္တဝါတို့အား အသက်ဘေးမဲ့ပေးခြင်းဟူသော အဘယဒါနအားဖြင့် ၂-ပါး ဖြစ်၏။ (အဘယဒါနသည် သတ္တဝါဟူသမျှ၏ အသက်ကို ပေးလှူသဖြင့် တုတ် ဓား စသော လက်နက်များကို ပယ်စွန့်ထားခြင်းကြောင့်လည်းကောင်း၊ အလုံးစုံသော လောကီလောကုတ္တရာ ဂုဏ်ကျေးဇူးတို့၏ တည်ရာဖြစ်သောကြောင့်လည်းကောင်း အကျိုးကြီးမား၏။

(ဒီ၊ ဋီ၊ ၁။ ၁၃၃။ သီ၊ ဋီ၊ သစ်၊ ၂၊ ၃၂၄။)

ဝဋ္ဋနိဿိတဒါန၊ ဝိဝဋ္ဋနိဿိတဒါန

ဝဋ်ဆင်းရဲဒုက္ခဖြစ်သော လောကီစည်းစိမ်ချမ်းသာကိုသာ တောင့်တ၍ လှူအပ်သော အလှူဒါနဟူသော ဝဋ္ဋနိဿိတဒါန။ ဝဋ်ဆင်းရဲ ကင်းလွတ်ရာ နိဗ္ဗာန်ကို တောင့်တ၍ ပေးလှူခြင်း အလှူဒါနဟူသော ဝိဝဋ္ဋနိဿိတဒါနအားဖြင့် ၂-ပါးဖြစ်၏။

သာဝဇ္ဇဒါန၊ အနဝဇ္ဇဒါန

သားငါးစသောသတ္တဝါများကို သတ်ဖြတ်၍ ကျွေးမွေးလှူဒါန်းအပ်သော ဒါနမျိုးသည် အပြစ်နှင့်တကွဖြစ်သောကြောင့် သာဝဇ္ဇဒါနမည်၏။ သားငါးစသော သတ္တဝါများကို သတ်ဖြတ်ခြင်းမှ ကင်းရှင်းသောဒါနမျိုးသည် အပြစ်မရှိသောကြောင့် အနဝဇ္ဇဒါနမည်၏။ (သာဝဇ္ဇဒါနသည် အကုသိုလ်ခြံရုံ၏။ အနဝဇ္ဇဒါနဌ် အကုသိုလ်ခြံရုံခြင်း မရှိချေ။)

မှတ်ချက် ။ ။ လောကဌ် အချို့သူများသည် ပါဏာတိပါတစသော မကောင်းမှု အကုသိုလ်အလုပ်ဖြင့် ဥစ္စာကြွယ်ဝချမ်းသာပြီးနောက် "ငါသည် မကောင်းမှု အကုသိုလ်ဒုစရိုက်ကို မပြုလုပ်တော့ဘဲ စင်ကြယ်သော ကောင်းမှုသုစရိုက်ဖြင့်သာ လုပ်ကိုင် အသက်မွေးတော့မည်" ဟု ဆုံးဖြတ်ပြီး ကောင်းသော အလုပ်ဖြင့်လုပ်ကိုင်

စား:သောက်လျှင် စည်း:စိမ်ဥစ္စာ ဆုတ်ယုတ်သွား:တတ်၏။ ယခင် ပြုလုပ်မြဲ အကုသိုလ် ဒုစရိုက်အမှုများ:ကို ပြန်လည်လုပ်ကိုင်သော အခါ တစ်ဖန် စည်း:စိမ်ဥစ္စာကြွယ်ဝချမ်း:သာလာပြန်၏။ ဤသို့ ဖြစ်ရခြင်း: မှာ ရှေး:ဘဝကပြုလုပ်ခဲ့သော သာဝဇ္ဇဒါနကံ် အကျိုး:ပေး: သောကြောင့်ဖြစ်သည်။ ကံ်ပြုလုပ်စဉ်က ပါဏာတိပါတ စသော အကုသိုလ် ဒုစရိုက်မှုဖြင့် တွဲဖက်၍ ပြုလုပ်ခဲ့ဖူး: သောကြောင့် အကျိုး:ပေး:ရာမှာလည်း: ပါဏာတိပါတစသော ကံနှင့် တွဲဖက် ပြုလုပ်ရမှ အကျိုး:ပေး:သန်ခြင်း: ဖြစ်သည်။

သာဟတ္ထိကဒါန၊ အာဏတ္ထိကဒါန

ကိုယ်တိုင်ကိုယ်ကျ မိမိလက်ဖြင့် ကိုင်တွယ်လှူဒါန်း:အပ်သော ဒါနသည် သာဟတ္ထိကဒါနမည်၏။ မိမိကိုယ်တိုင် မဟုတ်ဘဲ မိမိကိုယ်စား: သူတပါး:အား: ကိုယ်စား:လှယ်လုပ်၍ လှူဒါန်း:အပ်သောဒါနသည် အာဏတ္ထိကဒါနမည်၏။

ပါယာသိမြို့.စား:သည် မိမိလှူဒါန်း:အပ်သော အလှူဒါန၌ ကိုယ်တိုင် ကိုယ်ကျ ကိုယ်ထိလက်ရောက် မလှူဒါန်း:ဘဲ မိမိကိုယ်စား: ဥတ္တရလုလင်အား: အလှူပြုလုပ်ခိုင်း:၏။ ထိုအလှူပွဲ၌ ပါယာသိမြို့.စား:သည် မိမိပစ္စည်း:ဥစ္စာများ:ကို လှူဒါန်း:သော်လည်း: ကိုယ်တိုင်ကိုယ်ကျ သာဟတ္ထိက ဒါနမြောက် မပြုလုပ် သောကြောင့် နတ်သမီး:နတ်သား: အခြံအရံကင်း:မဲ့သော စတုမဟာရာဇ် နတ်ပြည် သေရီသကဗိမာန်၌ ပျံ:ခြောက်စွာ နေထိုင်ရ၏။ ဥတ္တရလုလင် သည်ကား: ကိုယ်စား:လှယ်ပြုလုပ်ရသော်လည်း: မိမိပစ္စည်း:ဥစ္စာ လှူဒါန်း:သည့်ပမာ ရိုရိုသေသေလေး:လေး:စား:စား: ပြုလုပ်လှူဒါန်း:သောကြောင့် အထက်တာဝတိံသာ နတ်ပြည်၌ နတ်စည်း:စိမ်ကိုခံစား:ရလေ၏။

(ဒီ၊ ၂၊ ပါယာသိသုတ်။)

သက္ကစ္စဒါန၊ အသက္ကစ္စဒါန

ယုံကြည်မှုသဒ္ဓါတရား:ဖြင့် မိမိလှူဒါန်း:မည့်အလှူဝတ္ထုပစ္စည်း:ကို ကောင်း:ကောင်း:မွန်မွန် သန့်သန့်.ရှင်း:ရှင်း: ပြုပြင်စီရင်၍ အလှူခံပုဂ္ဂိုလ်တို့.ကို ရိုရိုသေသေ လေး:လေး:စား:စား: ပေး:လှူခြင်း:သည် သက္ကစ္စဒါနမည်၏။

ယုံကြည်မှု မဲ့သဖြင့် မိမိလှူဒါန်းမည့်လှူဖွယ်ဝတ္ထုပစ္စည်းကို တော်စွာ လျော်စွာပြုလုပ် စီရင်၍ အလှူခံပုဂ္ဂိုလ်တို့ကို မရိုမသေ မလေးမစား ပေးလှူခြင်းသည် အသက္ကစ္စဒါနမည်၏။ (ဒီ၊ ၂၊ ၂၈၁။ အံ၊ ၃၊ ၁၉၅။)

(ပန်းပင်မှ ပန်းများကို စုပြီး စင်ကြယ်စွာရေဆေး၍ မလှ လှအောင် သီကုံးခြင်းစသည်ဖြင့် ကောင်းစွာပြုပြင်စီရင်ပြီးမှ လှူဒါန်းခြင်းမျိုးနှင့် ပန်းပင်မှ ခူးခဲ့သည့်အတိုင်း လှပတင့်တယ်အောင်မပြုပြင်ဘဲ လှူပြီးလျှင် ပြီးရော သဘောမျိုးဖြင့် လှူဒါန်းခြင်းမျိုးဖြစ်၏၊ သတိပြု မှတ်သားသင့်၏။)

ဉာဏသမ္မယုတ္တဒါန၊ ဉာဏဝိပ္ပယုတ္တဒါန

အလှူဒါနပြုလုပ်ရာ၌ ဉာဏ်ဖြင့် ကံ၊ ကံ၏အကျိုးတရားကို သိမြင်၍ လှူဒါန်းခြင်းသည် ဉာဏသမ္မယုတ္တဒါနမည်၏။ ဉာဏ်နှင့်မယှဉ် ကံကံ၏အကျိုးတရားကိုလည်း မသိမမြင်ဘဲ အများနည်းတူ လှူဒါန်းခြင်းသည် ဉာဏဝိပ္ပယုတ္တဒါနမည်၏။

အသင်္ခါရိကဒါန၊ သသင်္ခါရိကဒါန

သူတပါးတို့၏ တိုက်တွန်းမှုမရှိဘဲ လှူဒါန်းသော အလှူဒါနမျိုးသည် အသင်္ခါရိကဒါနမည်၏။ သူတပါးတို့ တိုက်တွန်းမှ လှူဒါန်းသော ဒါနမျိုးသည် သသင်္ခါရိကဒါနမည်၏။

သောမနဿဒါန၊ ဥပေက္ခာဒါန

အလှူဒါနပြုလုပ်ရာ၌ ရွှင်ရွှင်လန်းလန်း ဝမ်းပန်းတသာ ပြုလုပ်သော ဒါနမျိုးသည် သောမနဿဒါနမည်၏။ အလှူဒါနပြုလုပ်ရာ၌ ရွှင်လန်းဝမ်းမြောက်မှုလည်းမရှိ၊ ဝမ်းနည်းမှုလည်းမရှိဘဲ အလယ်အလတ် ခံစားခြင်းသဘောမျိုးဖြင့် လှူဒါန်းသောဒါနမျိုးသည် ဥပေက္ခာဒါနမည်၏။

ဓမ္မိယဒါန၊ အဓမ္မိယဒါန

တရားသဖြင့် ရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် ဓမ္မိယဒါနမည်၏။ တိုက်ခိုက်ခိုးဝှက် မတရားရှာဖွေရရှိသော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်းသည် အဓမ္မိယဒါနမည်၏။

ဒါသဒါန၊ ဘုဇိဿဒါန

လောကီစည်းစိမ်ချမ်းသာများကို တောင့်တ၍ လှူဒါန်းအပ်သော အလှူဒါနသည် တဏှာသခင် အရှင်အကြိုက်လိုက်၍ တဏှာ၏ ကျွန်အဖြစ်ဖြင့် လှူဒါန်းအပ်သော ဒါနမျိုးဖြစ်သောကြောင့် ဒါသဒါနမည်၏။ လောကုတ္တရာမဂ်, ဖိုလ်, နိဗ္ဗာန်ကို ရည်သန်တောင့်တ၍ လှူဒါန်းအပ်သော အလှူဒါနမျိုးသည် တဏှာသခင် အရှင်အလိုကို တော်လှန်၍ လှူဒါန်းသော ဒါနဖြစ်သောကြောင့် ဘုဇိဿဒါနမည်၏။

ထာဝရဒါန၊ အထာဝရဒါန

အမြဲတည်နေသော ဘုရား, တန်ဆောင်း, ကျောင်း, ဇရပ်, ရေတွင်း, ရေကန် စသည်ကို လှူဒါန်းခြင်းသည် ထာဝရဒါနမည်၏။ ခေတ္တခဏမျှသာ သုံးဆောင်ရသော ဆွမ်း သင်္ကန်း ဆေး စသော ပစ္စည်းများကို လှူဒါန်းခြင်းသည် အထာဝရဒါနမည်၏။

သပရိဝါရဒါန၊ အပရိဝါရဒါန

သင်္ကန်းစသော လှူဖွယ်ဝတ္ထုပစ္စည်းတစ်ခုခုကို ပဓာနထား၍ လှူဒါန်းရာ၌ သင်္ကန်းစသော ပဓာနလှူဖွယ်ဝတ္ထု ပစ္စည်းသာမက အခြားလှူဖွယ်ဝတ္ထု ပစ္စည်းများကိုလည်း ဖွယ်ဖွယ်ရာရာ စိမ်ခြဲရဲ၍ လှူဒါန်းသော ဒါနမျိုးသည် သပရိဝါရဒါနမည်၏။ လှူဖွယ်ဝတ္ထုပစ္စည်း အခြအရံမပါဘဲ ပဓာန ပစ္စည်း တစ်မျိုးတည်းသာ လှူဒါန်းသောဒါနမျိုးသည် အပရိဝါရဒါနမည်၏။ (အလောင်းတော်ကြီးများမှာ သပရိဝါရဒါန ကောင်းမှုကံကို ပြုလုပ်ခဲ့ခြင်းကြောင့်

စက်လက္ခဏာပါရှိခြင်း၊အကျိုးနှင့် အခြံအရံပေါများခြင်း၊အကျိုးဆက်ကို ရရှိတော်မူကြသည်။)

နိဗ္ဗဒါန၊ အနိဗ္ဗဒါန

နေ့စဉ်အမြဲမပြတ် ဆွမ်းလောင်းခြင်း စသည်ဖြင့် ဝတ်တစ်ခုထား၍ ပြုလုပ်အပ်သောဒါနသည် နိဗ္ဗဒါနမည်၏။ နေ့စဉ်အမြဲထာဝရမဟုတ်ဘဲ မိမိတတ်နိုင်သည့်အခါ ပြုလုပ်အပ်သောဒါနသည် အနိဗ္ဗဒါနမည်၏။

ပရာမဋ္ဌဒါန၊ အပရာမဋ္ဌဒါန

တဏှာဒိဋ္ဌိတို့ဖြင့် သုံးသပ်အပ်သော ဒါနသည် ပရာမဋ္ဌဒါနမည်၏။ တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သောဒါနမျိုးသည် အပရာမဋ္ဌဒါနမည်၏။

ဥစ္ဆိဋ္ဌဒါန၊ အနုစ္ဆိဋ္ဌဒါန

အကြွင်းအကျန် အညှဉ်အဖျင်းဖြစ်သော ပစ္စည်းကို လှူဒါန်းခြင်းသည် ဥစ္ဆိဋ္ဌဒါနမည်၏။ အကြွင်းအကျန် အညှဉ်အဖျင်း မဟုတ်သော ပစ္စည်းကို လှူဒါန်းခြင်းသည် အနုစ္ဆိဋ္ဌဒါနမည်၏။ (မွန်မြတ်ကောင်းမွန်သော ပစ္စည်းရှိပါလျက် ထိုမွန်မြတ်ကောင်းမွန်သော ပစ္စည်းကို မလှူဘဲ အညှဉ်အဖျင်းကို လှူမှသာ ဥစ္ဆိဋ္ဌဒါနဖြစ်သည်။)

သဇီဝဒါန၊ အစွယဒါန

မိမိအသက်ထင်ရှားရှိစဉ် မသေခင် လှူဒါန်းအပ်သောဒါနသည် သဇီဝဒါနမည်၏။ ငါသေပြီးနောက် "ဤပစ္စည်းများကို ဤမည်သောသူအား ဤမည်သောသူအား ငါပေးလှူခဲ့သည် (ပေးလှူလိုက်ပါ)၊ ထိုသူအလိုရှိတိုင်း သုံးဆောင်ပါစေ"ဟု သေပြီးသည့်နောက်မှ ပေးကမ်းလှူဒါန်းခြင်းသည် အစွယဒါနမည်၏။ (ထိုအစွယဒါန အလှူကို လှူဒါန်း၍ ကွယ်လွန်သွားပါက မှာထားသည့်ဒါနတိုင်း ကျန်ရစ်သူများက ပြုလုပ်ပါက တော်ပါသေး၏။ မပြုလုပ်ခဲ့သော် အခက်တွေ့မည်။ သဇီဝဒါနလောက် မသေချာ။)

မှတ်ချက်။ ။ ဝိနည်းဥပဒေအရ ရဟန်းတော်များအနေဖြင့် ဤအစွယ်ဒါနပေးခြင်းမျိုးဖြင့် "ငါသေလျှင် ငါပိုင်ဆိုင်သော ဂရုဘဏ် လဟုဘဏ် ပစ္စည်းအားလုံး ဤမည်သော ရဟန်းအား ပေးအပ်ခဲ့ပါ၏" ဟု ပြောဆို၍ **သေသွားလျှင် အပေးမခံမြောက်၊** အပေးခံရသူလည်း မပိုင်ဆိုင်နိုင်၊ **သံဃိကပစ္စည်းဖြစ်သွား၏။** လူဥပဒေမှာမူကား ဤအစွယ်ဒါနမျိုးဖြင့် ပေးလှူခဲ့လျှင် တရားဝင် အတည်ဖြစ်နိုင်သည်။

ပုဂ္ဂလိကဒါန၊ သံဃိကဒါန

ပုဂ္ဂိုလ်တစ်ဦး နှစ်ဦးစသည်ကို ပိုင်းခြားရည်မှန်း သတ်မှတ်၍ လှူဒါန်းခြင်းသသည် ပုဂ္ဂလိကဒါနမည်၏။ ပုဂ္ဂိုလ်အား မရည်မှန်း မသတ်မှတ်ဘဲ သံဃာတော်အား ရည်မှန်းသတ်မှတ်၍ လှူဒါန်းသော အလှူဒါနမျိုးသည် သံဃိကဒါနမည်၏။

ကာလဒါန၊ အကာလဒါန

ကထိန်ခေတ်အခါ ကထိန်သင်္ကန်းလှူဒါန်ခြင်း၊ ဝါဆိုသံဃာတော်များအား ဝါဆိုသင်္ကန်းလှူဒါန်းခြင်း၊ မကျွန်းမမာသော ရဟန်းတော်တို့အား ဂိလာနဆွမ်းလှူဒါန်းခြင်း၊ ဧည့်သည်ရဟန်းတော်တို့အား အာဂန္တုက ဆွမ်းလှူဒါန်းခြင်း၊ ခရီးသွားမည့် ရဟန်းတော်များအား ဂမိကဆွမ်း လှူဒါန်းခြင်းစသည်တို့သည် အချိန်အခါနှင့် တိုက်ဆိုင်၍ လှူဒါန်းသော **အလှူဒါနမျိုး** ဖြစ်သောကြောင့် ကာလဒါနမည်၏။ အချိန်အခါကို ရွေးချယ်ခြင်း **မပြုလုပ်ရဘဲ** လှူဒါန်းလိုသည့်အခါ လှူဒါန်းသောဒါနမျိုးသည် အကာလဒါန **မည်၏။**

(အကာလဒါနထက် ကာလဒါနက အကျိုးသာလွန်ထူးမြတ်၏။ လှူဒါန်းသည့်အခါ အချိန်အခါနှင့် သင့်လျော်ညီညွတ်အောင် အကျိုးပေးစွမ်းနိုင်သည်။ ထူးသောအစာ၊ ထူးသောအဝတ်များ စားလို ဝတ်လိုသည့်အခါ ထူးသောအစာ၊ ထူးသောအဝတ်များ အဆင်သင့် ဖြစ်ပေါ်လာတတ်သည်။)

ပစ္ဆိုက္ခဒါန၊ အပစ္ဆိုက္ခဒါန

မျက်မြင်ကိုယ်တွေ့ပေးလှူအပ်သော ဒါနမျိုးသည် ပစ္ဆိုက္ခဒါနမည်၏။ မိမိမျက်ကွယ်၌ ပေးလှူအပ်သော ဒါနမျိုးသည် အပစ္ဆိုက္ခဒါနမည်၏။

သဒ္ဓိသဒါန၊ အသဒ္ဓိသဒါန

အလှူဒါနပြုလုပ်ရာမှာ အများသူငါနှင့် တန်းတူညီမျှ ပြုနိုင်ကောင်းသော အလှူဒါနသည် သဒ္ဓိသဒါနမည်၏။ အချင်းချင်း အပြိုင်အဆိုင် လှူဒါန်းသည့် အခါ တစ်ဘက်သားများ မိမိလှူဒါန်းသလို လိုက်မလှူနိုင်အောင် အနှိုင်ယှဉ် လှူဒါန်းအပ်သော ဒါနမျိုးသည် အသဒ္ဓိသဒါနမည်၏။

(ဓမ္မပဒ၊ အသဒ္ဓိသဒါနဝတ္ထု။)

ဤအသဒ္ဓိသအလှူဒါနမျိုး လှူဒါန်းနိုင်သည့် အလှူရှင်သည် ဘုရား တစ်ဆူတစ်ဆူလက်ထက်မှာ တစ်ဦးတစ်ဦးသာ လှူဒါန်းနိုင်သူ ပေါပေါက်သည် ဟု ဓမ္မပဒအဋ္ဌကထာ၊ လောကဝဂ်၊ အသဒ္ဓိသဒါနဝတ္ထုဋ္ဌ ပြဆိုထား၏။ ကျွန်ုပ်တို့ဂေါတမမြတ်စွာဘုရားလက်ထက်တော်မှာ တစ်ဦးတည်းသော အသဒ္ဓိသဒါန အလှူရှင်မှာ ကောသလမင်းကြီးဖြစ်၏။

နိစ္စဓုဝဒါန၊ နိဗဒ္ဓအနုကူလဒါန

စိတ်ကို ကြဲခိုင်တည့်မတ်စွာ ဆောက်တည်၍ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော ပစ္စည်းလေးပါးကို အမြဲမပြတ် ပေးလှူခြင်းသည် နိစ္စဓုဝဒါနမည်၏။ ဤအလှူဒါနသည် ငါတို့၏ ဘိုးဘွားမိဘအစဉ်အဆက် လှူဒါန်းခဲ့သော အလှူဒါနပေတည်းဟု နှလုံးသွင်း၍ သီလဝန္တ ပုဂ္ဂိုလ်တို့ကို ရည်မှန်းကာ အမျိုးအနွယ် အဆက်အစဉ်မပြတ် ပေးလှူခြင်းဟူသော နိဗဒ္ဓ-အနုကူလဒါနအား ဖြင့် ၂-ပါးဖြစ်၏။ **(ဒီ၊ ဋ၊ ၁၃၇၊ ဒီ၊ ဋ္ဌ၊ ၁၊ ၂၇၀။)**

သဒ္ဓာဒါန၊ အဒ္ဓာဒါန

တုတ် လုံတံ စသည်ဖြင့် ခြိမ်းခြောက် ရိုက်နှက်၍ ပေးလှူခြင်းသည် သဒ္ဓာဒါနမည်၏။ တုတ်လုံတံစသည်ဖြင့် မခြိမ်းမခြောက် မရိုက်နှက်ဘဲ ပေးလှူခြင်းသည် အဒ္ဓာဒါနမည်၏။ **(သံ၊ ၁။ ၁၉။ အံ၊ ၁၊ ၂၁၉။)**

မဟာဒါန၊ ပရိတ္တာဒါန

သီလ သမာဓိ ပညာတို့ဖြင့် မြင့်မြတ်သော အလှူခံပုဂ္ဂိုလ်တို့အား လှူဒါန်းထိုက်သော ယာဂု ခဲဖွယ် ဘောဇဉ် အမျိုးမျိုးတို့ကို ဆက်ကပ် လှူဒါန်းပြီးနောက် ခြေနယ်ဆီ၊ ထီး ဖိနပ် စသော ရဟန်းတော်တို့၏ အသုံးအဆောင် ပရိက္ခရာအမျိုးမျိုးကို ပေးလှူခြင်းဟူသော မဟာဒါန။ အနည်းငယ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော ပရိတ္တာဒါနအားဖြင့် ၂-ပါးဖြစ်၏။ **(သံ၊ ၄၊ ၁၊ ၅၈။ သာရတ္ထ၊ ၁၊ ၁၃၂။)**

(၎င်းပါးသီလကို လုံခြုံအောင် စောင့်ထိန်း၍ သတ္တဝါတို့၏ အသက်ကို ဘေးမဲ့ပေးခြင်းသည်လည်း မဟာဒါနမည်ကြောင်း တစ်နည်း ပြဆိုထား၏။
(အံ၊ ၃၊ ၇၆။ အဘိ၊ က၊ ၂၅၅။ ဒီ၊ ၄၊ ၁၊ ၂၇၃။)

စိတ္တီကတာဒါန၊ အစိတ္တီကတာဒါန

အမြတ်တနိုးစိတ်ပါလက်ပါ ပူဇော်လို၍လည်းကောင်း၊ အံ့သြချီးကျူးဖွယ် ဖြစ်အောင် ပြုလုပ်လို၍လည်းကောင်း ပေးလှူခြင်းသည် စိတ္တီကတာဒါနမည်၏။ အမြတ်တနိုးစိတ်ပါလက်ပါမဟုတ်ဘဲ ပူဇော်လိုမှုကင်းသဖြင့်လည်းကောင်း၊ အံ့သြချီးကျူးဖွယ်ဖြစ်အောင် မပြုလုပ်မူ၍လည်းကောင်း ပေးလှူခြင်းသည် အစိတ္တီကတာဒါနမည်၏။

အနုပဓိတ္တာဒါန၊ အပဓိတ္တာဒါန

စွန့်ပစ်အပ်သော စားကြွင်းစားကျန် စသည်ကဲ့သို့ သဘောမထားဘဲ ကောင်းမွန်စွာ ပေးလှူခြင်းသည် အနုပဓိတ္တာဒါနမည်၏။ စွန့်ပစ်အပ်သော

စားကြွင်းစားကျန် စသည်ကဲ့သို့ သဘောထား၍ ဖရိုဖရဲ ဖြန့်ကြဲပစ်လွှင့်လျက် ပေးလှူခြင်းသည် အပဝိတ္တဒါနမည်၏။ (ဒီ၊ ၂၊ ၂၈၁၊ အဲ၊ ၃၊ ၁၉၅။)

အာဂမနဒိဋ္ဌကဒါန၊ အနာဂမနဒိဋ္ဌကဒါန

ဤအလှူဒါန၏အကျိုးသည် ငါ့ထံမှောက်သို့ မချွတ်ဧကန် အမှန် ရောက်လာပေလိမ့်မည် ဟု ကံ ကံ၏အကျိုးကို ယုံကြည်သော ကမ္မသကတာသမ္မာဒိဋ္ဌိဖြင့် ပေးလှူခြင်းဟူသော အာဂမနဒိဋ္ဌကဒါန၊ "ဤအလှူဒါန၏ အကျိုးသည် ငါ့ထံမှောက်သို့ မချွတ်ဧကန် အမှန်ရောက်လာပေလိမ့်မည်ဟု ကံ ကံ၏အကျိုးကို မယုံကြည်ဘဲ ပေးလှူခြင်းဟူသော အနာဂမနဒိဋ္ဌကဒါန အား ဖြင့် ၂-ပါး ဖြစ်၏။ (အဲ၊ ၃၊ ၁၉၅၊ အဲ၊ ဋ္ဌ၊ ၃၊ ၂၆၇။)

ပဏီတဒါန၊ လူဓဒါန

မွန်မြတ်သော လှူဖွယ်ဝတ္ထုပစ္စည်းကို ပေးလှူခြင်းသည် ပဏီတဒါန မည်၏။ ယုတ်ညံ့ခေါင်းပါးသော လှူဖွယ်ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် လူဓဒါနမည်၏။

ပဏီတဒါနကို ပေးလှူသူတို့သည် ကိုယ်ခန္ဓာပြည့်ဖြိုး တိုးပွားခြင်း၊ ကြည်ညိုဖွယ်ကောင်းခြင်း၊ ကိုယ်အရေအဆင်း ချောမောလှပခြင်းဟူသော မွန်မြတ်သော အကျိုးတရားကိုရရှိနိုင်၏။ လူဓဒါနကို ပေးလှူသူတို့သည် အသွေးအသားခေါင်းပါးခြောက်ကပ်ခြင်း စသော သေးနုပ်သိမ်ဖျင်းသော အကျိုးတရားကို ရရှိနိုင်၏။ (ဒီ၊ ၃၊ ၁၂၄။ ဒီ၊ ဋ္ဌ၊ ၃၊ ၁၀၉။)

သုခုမဒါန၊ ထူလဒါန

နူးညံ့ညက်ညော ချောမွေ့သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော သုခုမဒါန၊ မနူးညံ့ မညက်ညော မချောမွေ့သော ထူပြောကြမ်းတမ်းသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော ထူလဒါနအား ဖြင့် ၂-ပါး ဖြစ်၏။
(ဒီ၊ ၃၊ ၁၃၀)

ဒါန၊ ပဒါန

နေ့စဉ်အမြဲနီစွာဘတ် ပေးလှူခြင်း၊ မျိုးရိုးစဉ်ဆက် မပျက်ကွက်စေခြင်းငှာ စောင့်ရှောက်သောအနေအားဖြင့် ပေးလှူခြင်း၊ လူအများနှင့်ဆက်ဆံ၍ မပြတ် ပေးလှူခြင်းဟူသောဒါန၊ ဥပုသ်နေ့စသော နေ့ထူးနေ့မြတ်တို့၌ ထူးကဲလွန်မြတ်သော ပေးလှူခြင်း၊ အစဉ်အဆက်မဟုတ်ဘဲ ကိုယ်တိုင်စထွင်၍ ပေးလှူခြင်း၊ လူအများနှင့်မဆက်ဆံဘဲ အလွန်မွန်မြတ်သော ပေးလှူခြင်းဟူသော ပဒါနအားဖြင့် ၂-ပါးဖြစ်၏။

(သာရတ္ထ၊ ဋီ၊ ၂၊ ၅။ ဝိမတိ၊ ဋီ၊ ၁၊ ၁၀၀။ မ၊ ဋီ၊ ၃၊ ၁၄၁။)

အယာစိတဒါန၊ ယာစိတဒါန

အလှူခံပုဂ္ဂိုလ်များက မတောင်းခံရဘဲ အလှူခံပုဂ္ဂိုလ်တို့ အလိုရှိသော ပစ္စည်းဝတ္ထုကို မိမိကိုယ်တိုင်သိရှိပြီး ပေးလှူခြင်းဟူသော အယာစိတဒါန၊ အလှူခံပုဂ္ဂိုလ်များက တောင်းခံလာမှ ပေးလှူခြင်းဟူသော ယာစိတဒါနအားဖြင့် ၂-ပါး ဖြစ်၏။

မုတ္တစာဂဒါန၊ အမုတ္တစာဂဒါန

လှူဖွယ်ဝတ္ထုပစ္စည်း၌ မငြိကပ်၊ မတွယ်တာ၊ မနှမြော၊ မတွန့်တိုဘဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်ပေးလှူခြင်းဟူသော မုတ္တစာဂဒါန၊ မလွတ်မကျွတ် တွန့်ဆုတ်တွန့်ဆုတ် ပြတ်သားမှု မရှိဘဲ ပေးလှူခြင်းဟူသော အမုတ္တစာဂဒါနအားဖြင့် ၂-ပါးဖြစ်၏။

ပစ္စုပကရဏာနိသိတဒါန၊ နပစ္စုပကရဏာနိသိတဒါန

မိမိအား တစ်ဖန် ကျေးဇူးတုံ့ပြန်မှုကို လိုလားတောင့်တမြော်ကိုး၍ ပေးလှူခြင်းဟူသော ပစ္စုပကရဏာနိသိတဒါန၊ ယင်းသို့ လိုလားတောင့်တမှု မရှိဘဲ ပေးလှူခြင်းဟူသော နပစ္စုပကရဏာနိသိတဒါနအားဖြင့် ၂-ပါးဖြစ်၏။

ပရူပဃာတာဝဟဒါန၊ နပရူပဃာတာဝဟဒါန

သူတပါးတို့အား ညှဉ်းဆဲနှိပ်စက်ခြင်းကို ဖြစ်စေတတ်သောလက်နက်၊ အဆိပ်၊ သေရည်အရက် စသော ပစ္စည်းကိုပေးလှူခြင်း ဟူသော ပရူပဃာတာဝဟဒါန၊ သူတပါးတို့အား မညှဉ်းဆဲမနှိပ်စက်တတ်သော သင့်လျော်သော လှူဖွယ်ဝတ္ထုပစ္စည်းကို ပေးလှူခြင်းဟူသော နပရူပဃာတာဝဟဒါနအားဖြင့် ၂-ပါးဖြစ်၏။

ကိဉ္စနဒါန၊ အကိဉ္စနဒါန

အကျိုးမဲ့နှင့်လည်းစပ်ယှဉ် မေ့လျော့ပေါ့ဆခြင်းကိုလည်း ဖြစ်စေတတ်သော ကစားပျော်မြူးစရာ ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော ကိဉ္စနဒါန၊ ကစားမြူးတူးစရာမဟုတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော အကိဉ္စနဒါနအားဖြင့် ၂-ပါးဖြစ်၏။

အဿပဿိယဒါန၊ သပ္ပိယဒါန

မလျောက်ပတ် မသင့်မြတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော အသပ္ပိယဒါန၊ လျောက်ပတ်သင့်မြတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော သပ္ပိယဒါနအားဖြင့် ၂-ပါးဖြစ်၏။

ပမာဏရဟိတဒါန၊ ပမာဏယုတ္တဒါန

အတိုင်းအရှည်မရှိ ဗုံးပေါလအော ပေးလှူခြင်းဟူသော ပမာနရဟိတဒါန၊ အတိုင်းအရှည်ဖြင့် ချင့်ချိန်၍ ပေးလှူခြင်းဟူသော ပမာနယုတ္တဒါနအားဖြင့် ၂-ပါး ဖြစ်၏။

အနုစ္ဆဝိကဒါန၊ အနနုစ္ဆဝိကဒါန

အလှူခံပုဂ္ဂိုလ်တို့နှင့် ထိုက်တန်လိုက်လျောသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော အနုစ္ဆဝိကဒါန၊ အလှူခံပုဂ္ဂိုလ်တို့နှင့် မထိုက်တန်

မလိုက်လျောသော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော အနုစ္ဆဝိကဒါနအား ဖြင့် ၂-ပါးဖြစ်၏။

ပိဋ္ဌေနနဒါန၊ ပိဋ္ဌအေနနဒါန

သူတပါးတို့အား ညှဉ်းဆဲနှိပ်စက်ခြင်းကို ဖြစ်စေတတ်သော ပစ္စည်း ဝတ္ထုကို ပေးလှူခြင်းဟူသော ပိဋ္ဌေနနဒါန၊ သူတပါးတို့အား ညှဉ်းဆဲနှိပ်စက်ခြင်း ကို မဖြစ်စေတတ်သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းဟူသော ပိဋ္ဌအေနနဒါန အား ဖြင့် ၂-ပါးဖြစ်၏။

ဖလက်ခီဒါန၊ အဖလက်ခီဒါန

သမ္မာသမ္ဗောဓိဆုမှတပါး အခြားအကျိုးကို မျှော်လင့်တောင့်တ၍ ပေးလှူခြင်းဟူသော ဖလက်ခီဒါန၊ အခြားအကျိုးကို မမျှော်လင့် မတောင့်တဘဲ သမ္မာသမ္ဗောဓိဆုကိုသာ တောင့်တ၍ ပေးလှူခြင်းဟူသော အဖလက်ခီဒါန အား ဖြင့် ၂-ပါးဖြစ်၏။

သုံးပါးတွဲဒါနစုများ

ဣဏပယောဇနဒါန၊ ဣဏမောက္ခဒါန၊ နိဓိဒါန

မိဘတို့က သားသမီးများအပေါ်၌ နောင်အခါ အသက်အရွယ်ကြီးရင့်ပြီး အိုမင်းမစွမ်းကုန်သော ငါတို့အား ပြန်လည်၍ တစ်ဖန်လုပ်ကျွေးလိမ့်မည်ဟု မျှော်ကိုး၍ သားသမီးတို့အား ကျွေးမွေးပြုစုခြင်းသည် သားသမီးများအပေါ် ကျွေးသစ်ချခြင်းနှင့်ယှဉ်သောကြောင့် ဣဏပယောဇနဒါနမည်၏။

သားသမီးများသည် အိုမင်းမစွမ်းရှိသည့် မိဘတို့ကို ငယ်ရွယ်စဉ် အခါက ငါတို့အား ကျွေးမွေးပြုစုခဲ့သော ကျေးဇူးရှင်မိဘတို့ ဖြစ်ပေ၏ဟု ကျေးဇူးတစ်ဖန်ဆပ်သောအားဖြင့် သားသမီးတို့က လုပ်ကျွေးပြုစုခြင်း သည် သားသမီးများအပေါ် တင်ရှိသော မိဘတို့၏ ကျေးဇူးကျွေးကို ပြန်လည်ချေဆပ် သည်နှင့်တူသောကြောင့် ဣဏမောက္ခ (အကြွေးကင်း) ဒါနမည်၏။

ရဟန်းပုဏ္ဏားမှစ၍ အလှူခံပုဂ္ဂိုလ်အများအား လှူဒါန်းကျွေးမွေးခြင်းသည် နောင်သံသရာတွင် စားသုံးဖို့ရန် ရွေအိုးမြှုပ်နှံသည်နှင့်တူသောကြောင့် နိဓိဒါနမည်၏။

ဟီနဒါန၊ မဇ္ဈိမဒါန၊ ပဏီတဒါန

ဒါနပြုလုပ်ရာ၌ ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ ဤတရား၄-ပါးတို့ အညံ့စားဖြစ်လျှင် ဟီနဒါန (ညံ့သောအလှူ) ဖြစ်၏။ ထိုတရားလေးပါးတို့ အလတ်စားဖြစ်ခဲ့လျှင် မဇ္ဈိမဒါန (အလတ်စားအလှူ) ဖြစ်၏။ ထိုတရား ၄-ပါးတို့ အမြတ်စားဖြစ်ခဲ့လျှင် ပဏီတဒါန (မြတ်သောအလှူ) မည်၏။

တစ်နည်း – အကျော်အစောကိုတောင့်တ၍ ပြုအပ်သောဒါနသည် ဟီနဒါနမည်၏၊ လူချမ်းသာ နတ်ချမ်းသာ ဟူသော အကျိုးကို တောင့်တ၍ ပြုလုပ်အပ်သောဒါနသည် မဇ္ဈိမဒါနမည်၏။ အရိယာတို့၏ အလေ့အကျက်၊ အလောင်းလျာတို့၏ အလေ့အကျက်ကို အလေးဂရုပြု၍ ပေးလှူသောဒါနသည် ပဏီတဒါနမည်၏။

တစ်နည်း – လူချမ်းသာ နတ်ချမ်းသာတို့ကို တောင့်တ၍ ပေးလှူသောဒါနသည် ဟီနဒါနမည်၏။ သာဝကဗောဓိ, ပစ္စေကဗောဓိဉာဏ်ကို တောင့်တ၍ ပေးလှူသော ဒါနသည် မဇ္ဈိမဒါနမည်၏။ သမ္မာသမ္ဗောဓိ သဗ္ဗညုတဉာဏ်တော်ကို တောင့်တ၍ ပေးလှူသောဒါနသည် ပဏီတဒါနမည်၏။

(တစ်စုံတစ်ခု ကုသိုလ်အမှုပြုလုပ်တိုင်း ဝိဝဋ္ဋနိဿိတ်ကောင်းမှုမျိုးဖြစ်ရန် ရည်သန်၍ ကောင်းမှုကုသိုလ်ပြုလျှင် အမှတ်တမဲ့ မပြုသင့်ကြောင်း၊ ဗောဓိသုံးပါးတွင် တစ်ပါးပါးသော ဗောဓိကို ရည်သန်တောင့်တ၍ ပြုလုပ်သင့်ကြောင်း ရှေးသူတော်ကောင်းတို့ ဆုံးမညွှန်ကြားတော်မူခဲ့ကြ၏။)

ဒါနဒါသ၊ ဒါနသဟာယ၊ ဒါနသာမိ

လောက၌ အရှင်သခင်တို့သည် မိမိကိုယ်တိုင် ကောင်းမွန်သော အဝတ်အစားတို့ကို သုံးဆောင်၍ လက်အောက်ငယ်သား ကျေးကျွန်များအား ယုတ်ညံ့သော အဝတ်အစားတို့ကိုသာ ပေးသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား

ပေးလှူသည့်အခါ မိမိသုံးဆောင်သော ပစ္စည်းအောက် ယုတ်ညံ့သော ပစ္စည်းဝတ္ထုကို ပေးလှူခြင်းသည် ကျွန်အား ပေးသည်နှင့်တူသောကြောင့် ဒါနဒါသမည်၏။

လောကဌ် မိတ်ဆွေများ လာရောက်သောအခါ မိမိသုံးဆောင်သည်နှင့် တူမျှသော အသုံးအဆောင်ပစ္စည်း ဝတ္ထုများကို သုံးဆောင်စေသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိသုံးဆောင်သော ပစ္စည်းနှင့် တန်းတူ တတန်းစားတည်း လှူဒါန်းခြင်းသည် မိတ်ဆွေသင်္ဂဟအပေါင်းအသင်းတို့အား ပြုသည်နှင့်တူသောကြောင့် ဒါနသဟာယမ ည်၏။

လက်အောက်ငယ်သားကျေးကျွန်များသည် မိမိတို့၏ အရှင်သခင်များအား ပေးလှူသည့်အခါ မိမိတို့သုံးဆောင်သော ပစ္စည်းဝတ္ထုထက် ပိုမိုမြင့်မြတ်ကောင်းမွန်သော ပစ္စည်းဝတ္ထုအသုံးအဆောင်များကိုသာ သုံးဆောင်စေသကဲ့သို့ အလှူခံပုဂ္ဂိုလ်တို့အား မိမိတို့ သုံးဆောင်နေကျထက် မြင့်မြတ်ကောင်းမွန်သောပစ္စည်းဝတ္ထုကိုသာ လှူဒါန်းခြင်းသည် အရှင်သခင်များ အား ပေးလှူသည်နှင့် တူသောကြောင့် ဒါနသာမိ မည်၏။

ဒုက္ကရဒါန၊ မဟာဒါန၊ သာမညဒါန

သူသူငါငါ ပြုလုပ်ရန် မလွယ်ကူသော အလှူဒါနမျိုးသည် ဒုက္ကရဒါန မည်၏။ ဤဒုက္ကရဒါနမျိုး ပြုလုပ်ခဲ့ကြသူများမှာ –

ဒါရုဘဏ္ဍကတိဿသည် မိမိရင်သွေး သမီးကလေးအား ငွေတစ်ဆယ့်နှစ်ကျပ်ဖြင့် ပေါင်နှံပြီး ရဟန်တော်အား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ထိုသမီးကလေး ရွေးချယ်ရန် ခြောက်လတိုင်တိုင် အပင်ပန်းခံ စုဆောင်းမှ ရရှိသော ငွေတစ်ဆယ့်နှစ်ကျပ်ကို အပြန်လမ်းခရီးအကြား ရဟန်းတော်တစ်ပါးအား ထိုငွေဆယ့်နှစ်ကျပ်ဖြင့် ထမင်းထုပ်ဝယ်ယူပြီး ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြန်၏။

သုခသာမဏေအလောင်းအနဘာရသည် ဂန္ဓသေဋ္ဌေးကြီး၏အထံမှ ထမင်းတစ်နပ် စားလိုမှုကြောင့် သုံးနှစ် ကျွန်ခံပြီးမှ စာခွင့်ရသော တစ်သိန်းတန်

ထမင်းကို မိမိစား၊တော့်မည်ဆဲဆဲ ဆွမ်းအလှူခံကြွရောက်လာသော အရှင်ပစ္စေက ဗုဒ္ဓါအား ဆွမ်းတစ်နပ်လှူဒါန်းလိုက်၏။

ဥမ္မာဒန္တီအလောင်း သူဆင်းရဲမလေးသည် ဝတ်ပန်းပုဆိုးကို ဝတ်ရုံသုံးစွဲလို၍ သုံးနှစ်အခစားလုပ်မှ ရရှိလာသော အဝတ်ကို ဝမ်းသာအားရ ရေမိုးချိုးပြီး ဝတ်တော့်မည်ဆဲဆဲတွင် လူဆိုးများ သင်္ဘောနှင့်အလုခံရသော ကသဝဘုရားရှင်၏တပည့် ရဟန်းတော်ကို တွေ့မြင်ရ၍ မိမိအလွန်တရာ ဝတ်ချင်လှသော အဝတ်ကို မဝတ်တော့ဘဲ လှူဒါန်းခြင်းဖြစ်လိုက်၏။

အထက်ဖော်ပြပါဝတ္ထုသာဓကများမှာ လူတိုင်းပြုလုပ်ရန် ခဲယဉ်းသော အလုပ်ကို ပြုလုပ်ခဲ့ကြသူများ၊ ပြုရန်မလွယ်ကူသော အလုပ်ကိုပြုလုပ်၍ လှူဒါန်းသူများဖြစ်သောကြောင့် ဒုက္ကရဒါနပြုသူများ ဖြစ်ကြပါ၏။

အကြီးအကျယ် အံ့သြလောက်အောင်လှူဒါန်းခြင်းသည် မဟာဒါန မည်၏။ သီရိဓမ္မာသောကမင်းကြီး၏ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်အား ပူဇော်သောအားဖြင့် ကျောင်းကန်ဘုရားရေတွင်း စသည်ရှစ်သောင်း လေးထောင်စီ ပူဇော်လှူဒါန်းပွဲကြီးသည် အလွန်တရာကြီးကျယ်ခမ်းနားသော မဟာဒါနကြီးဖြစ်ပါ၏။

အများသူငါပြုလုပ်ဖို့ရန် ခဲယဉ်းသည်လည်းမဟုတ်၊ ကြီးကျယ်များပြားလှသည်ဟု ပြောဆိုဖွယ်ရာလည်းမရှိသော အလှူဒါနဟူသမျှသည် သမညဒါနများဖြစ်ကြ၏။

ဓမ္မိကဒါန ၃-ပါး

သံဃာတော်အားလှူဒါန်းမည်ဟု နှုတ်မြွက်ညွှတ်ကိုင်းထားပြီးသော ပစ္စည်းဝတ္ထုကို ညွှတ်ကိုင်းထားသည့်အတိုင်း သံဃာတော်အားသာလှူဒါန်းခြင်း။

စေတီတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ညွှတ်ကိုင်းထားပြီးသော ပစ္စည်းဝတ္ထုကို ညွှတ်ကိုင်းထားသည့်အတိုင်း စေတီတော်အားသာလှူဒါန်းခြင်း။

ပုဂ္ဂိုလ်တစ်ပါးပါးအား လှူဒါန်းမည်ဟု နှုတ်မြွက်ညွှတ်ကိုင်းထားပြီးသော ပစ္စည်ဝတ္ထုကို ညွှတ်ကိုင်းထားသည့်အတိုင်း ပုဂ္ဂိုလ်အားသာလှူဒါန်းခြင်း။

လေးပါးတွဲဒါနများ

ကျမ်းဂန်တို့၌ ၄-ပါးတွဲဒါနကို တိုက်ရိုက်မပြဆိုသော်လည်း ဝိနည်းဒေသနာတော်အလိုပစ္စည်းလေးပါးရှိသောကြောင့် အောက်ပါအတိုင်း ၄-ပါးစု ဒါနကို မှတ်သား နိုင်၏ -

၁။ စီဝရဒါန = အဝတ်သင်္ကန်းလှူဒါန်းခြင်း။
၂။ ပိဏ္ဍပါတဒါန = ဆွမ်းခဲဖွယ်ဘောဇဉ်လှူဒါန်းခြင်း။
၃။ သေနာသနဒါန = ကျောင်းအိပ်နေရာလှူဒါန်းခြင်း၊
၄။ ဘေသဇ္ဇဒါန = ဆေးပစ္စည်းလှူဒါန်းခြင်း။

အလှူဒါန၏ စင်ကြယ်မှု မစင်ကြယ်မှုနှင့် စပ်လျဉ်း၍ ဒါန ၄-ပါးရှိကြောင်းကို အောက်ပါအတိုင်း မှတ်သားနိုင်၏ -

၁။ အလှူဒါနပြုလုပ်သူ သီလရှိ၍ အလှူခံယူသူ သီလမရှိသော ဒါန၊ ထိုဒါနမျိုးသည် အလှူပေးစင်ကြယ်၍ အလှူခံပုဂ္ဂိုလ်တို့ သီလမရှိသောကြောင့် မစင်ကြယ်သောဒါနဖြစ်၏။

၂။ အလှူခံယူသူ သီလရှိ၍ အလှူဒါနပြုလုပ်သူ သီလမရှိသောဒါန၊ ထိုဒါနမျိုးသည်လည်း အလှူခံစင်ကြယ်၍ အလှူပေးပုဂ္ဂိုလ်သီလမရှိသောကြောင့် မစင်ကြယ်သောဒါနဖြစ်၏။

၃။ အလှူဒါနပြုလုပ်သူလည်း သီလမရှိ၊ အလှူခံပုဂ္ဂိုလ်ကလည်း သီလမရှိသောဒါန၊ ထိုဒါနမျိုးသည် အလှူပေးအလှူခံ နှစ်ဦးနှစ်ဝ သီလမရှိသောကြောင့် နှစ်ဘက် မစင်ကြယ်သော ဒါနဖြစ်၏။

၄။ အလှူပေးပုဂ္ဂိုလ်ကလည်း သီလရှိ၍ အလှူခံပုဂ္ဂိုလ်ဘက်ကလည်း သီလရှိသောဒါန၊ ထိုဒါနမျိုးသည်ကား အလှူပေး အလှူခံနှစ်ဦးနှစ်ဝ သီလရှိသောကြောင့် ဥဘတောသုဒ္ဓိ (နှစ်ဘက်စင်ကြယ်သော) ဒါနဖြစ်၏။

ငါးပါးတွဲဒါနစုများ

ကာလဒါနငါးပါး

၁။ ဧည့်သည် ရဟန်းတို့အား လှူဒါန်းခြင်း၊
၂။ ခရီးသွားမည့်ရဟန်းတို့အား လှူဒါန်းခြင်း၊
၃။ မကျန်းမာသောပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်း၊
၄။ ငတ်မွတ်ခေါင်းပါးရှားပါးသောအခါ လှူဒါန်းခြင်း၊
၅။ လုပ်ကိုင်သော ကောက်ပဲသီးနှံတို့မှ အဦးအဖျားကို သီလဝန္တ ပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်း။

(ဤငါးခုမြောက် ဒါနမှာ တောင်သူလယ်သမားများအား ရည်ရွယ်၍ ဟောထားသော်လည်း တောင်သူလယ်သမားမဟုတ်သောသူတို့မှာ မိမိတို့ အလုပ် အကိုင်မှ ရှေးဦးစွာရရှိသောလစာ။ ပွဲစားများအဖို့ ရှေးဦးစွာ ရရှိသောပွဲခ စသည်လှူဒါန်းခြင်း။ မိမိစားမည့်ထမင်းမှ ဦးဦးဖျားဖျားကို လှူ၍စားခြင်း သည်လည်း အဦးအလှူဖြစ်၏။)

အသပ္ပုရိသဒါန၊ (မကောင်းသဖြင့်လှူဒါန်းခြင်း) ငါးပါး

၁။ လှူဖွယ်ဝတ္ထုပစ္စည်းကို စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း မပြုလုပ်ဘဲ ဖြစ်ကတက်ဆန်း လှူဒါန်းခြင်း၊
၂။ မရိုမသေ မလေးမစား ပေါ့ပေါ့ဆဆ လှူဒါန်းခြင်း၊
၃။ အလှူဒါန ပြုလုပ်သည့်အခါ ကိုယ်တိုင်ကိုယ်ကျ မလှူဒါန်းဘဲ သူတပါးတို့အား စေခိုင်း၍ လှူဒါန်းခြင်း၊
၄။ မိမိအိမ်၌ ကြွင်းကျန်သော ထမင်းကျန် ဟင်းကျန်စသော စွန့်ပစ်ရမည့် ပစ္စည်းလို သဘောထား၍ လှူဒါန်းခြင်း၊
၅။ မိမိပြုလုပ်သော အလှူဒါန ကံ၊ ထိုကုသိုလ်ကံ၏ ကောင်းသော အကျိုးတရား ရရှိနိုင်သည်ကို သိသော ကမ္မသကတာ ပညာ မပါဘဲ လှူဒါန်းခြင်း။

သပ္ပုရိသဒါန (ကောင်းသောလူဒါန်းခြင်း) ငါးပါး

၁။ မိမိလူဒါန်းမည့် လူဖွယ်ပစ္စည်းကို သန်းရှင်းစင်ကြယ် ကောင်းမွန်စွာ ပြုပြင်စီမံပြီး လူဒါန်းခြင်း၊

၂။ မိမိလူဒါန်းမည့်ပစ္စည်းကို ရိုသေမြတ်နိုးစွာ လူဒါန်းခြင်း၊

၃။ မိမိကိုယ်တိုင်ကိုယ်ကျ လူဒါန်းခြင်း၊ ဘဝသံသရာ ကျင်လည်ရာမှာ လက်ခြေစသော ကိုယ်အင်္ဂါ မပြည့်စုံသော ဘဝပေါင်းများလှလေပြီ၊ ယခုလို လက်ခြေစသော ကိုယ်အင်္ဂါ ပြည့်စုံစွာ ရရှိလာသော ဘဝဝယ် ကိုယ်တိုင်ကိုယ်ကျ မိမိ လက်ဖြင့် ကိုင်တွယ်၍ ဘဝလွတ်မြောက်ရေးကို အားထုတ် မည်ဟု ဆင်ခြင်၍ လူဒါန်းခြင်း၊

၄။ မိမိအိမ်တွင် စွန့်ပစ်မည့် ထမင်းကျန်ဟင်းကျန်များကို စွန့်ပစ်သလို သဘောမထားဘဲ ဂရုတစိုက် လူဒါန်းခြင်း၊

၅။ ငါ၏ ဤအလူဒါနသည် နောင်အခါ ကောင်းကျိုးဧကန် ငါ့ထံရောက်လိမ့်မည်ဟု သိရှိသော ကမ္မသကတာပညာ ရှေ့သွားပြု၍ လူဒါန်းခြင်း။

တစ်နည်း။

၁။ သဒ္ဓါဒါန–ကံကံ၏ အကျိုးကို ယုံကြည်သောသဒ္ဓါတရားဖြင့် လူဒါန်းခြင်း၊

၂။ လူဖွယ်ပစ္စည်းဝတ္ထုကို သန့်ရှင်းစင်ကြယ်ကောင်းမွန်စွာ ပြုလုပ်စီမံ၍ လူဒါန်းခြင်း၊

၃။ ကာလဒါန–အချိန်အခါနှင့် လိုက်လျောညီတွေ ဖြစ်အောင် လူဒါန်းခြင်း၊ (ဆွမ်းလူချိန် ဆွမ်း၊ သင်္ကန်းလူချိန် သင်္ကန်း လူဒါန်းခြင်း စသည်၊

၄။ အနုဂ္ဂဟဒါန–အလှူခံပုဂ္ဂိုလ်တို့အား ချီးမြှောက်လိုသော စိတ်ထား ဖြင့် လှူဒါန်းခြင်း၊

၅။ အနုပဟစ္စဒါန–မိမိသူတပါး မည်သူကိုမျှ မထိခိုက် မနစ်နာစေ ဘဲ လှူဒါန်းခြင်း။

သပ္ပုရိသဒါန၏အကျိုး

ဤသပ္ပုရိသဒါန ငါးမျိုးလုံးပင် ကြွယ်ဝချမ်းသာ ဥစ္စာစည်းစိမ်များနှင့် ပြည့်စုံသောအကျိုးများကို ရရှိနိုင်ကြပါ၏။ သပ္ပုရိသဒါနငါးမျိုး၏ ထူးခြားချက်မှာ –

၁။ သဒ္ဓါဒါနပြုလုပ်ခဲ့သူများသည် အဆင်းရုပကာ လှပခြင်းအကျိုးကို ရရှိကြ၏၊ (အဆင်းလှသူများမှာ သဒ္ဓါဒါနပြုလုပ်ခဲ့သူများဖြစ်ကြ၏။)

၂။ သက္ကစ္စဒါန ပြုလုပ်ခဲ့သူများသည် သားမယားကျေးကျွန်အစေခံ အလုပ် သမားစသော အခြွေအရံ ပရိသတ်များက မိမိစကားကို လိုက်နာ၏။ (မိမိစကားကို သားသမီးများက နားထောင်လျှင် မိမိသက္ကစ္စဒါနကို ပြုလုပ်ခဲ့ ဖူးသည်မှာ ထင်ရှား၏။)

၃။ ကာလဒါနပြုလုပ်ခဲ့ဖူးသူများသည် မိမိအလိုရှိသော အချိန်အခါမှာ လိုအပ်သောအကျိုးကို ရရှိနိုင်၏။ (လိုတရ ပုဂ္ဂိုလ်များမှာ သက္ကစ္စဒါန ပြုခဲ့ဖူးသူများဖြစ်ကြပါ၏။)

၄။ အနုဂ္ဂဟဒါန ပြုလုပ်ခဲ့ဖူးသူများသည် မိမိရှာဖွေစုဆောင်း ရရှိပြီးသော စည်းစိမ်ဥစ္စာကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်၊ ဤသို့ အကျိုးထူးအသီးသီးကို ရရှိနိုင်ကြောင်း ပြဆိုထား၏။ (အံ၊ ၂၊ ၁၅၂။ အံ၊ ၄၊ ၃၊ ၅၃။)

အသပ္ပုရိသဒါနအကျိုး

၁။ အသဒ္ဓိယဒါန ကံ ကံ၏အကျိုးကို ယုံကြည်သောသဒ္ဓါတရားမရှိဘဲ အကဲ့ရဲ့လွတ်ရုံသာလှူဒါန်းခြင်း။ (ဤအသဒ္ဓိယဒါနမျိုး ပြုလုပ်လှူဒါန်းသူများမှာ

ဒါနကြောင့်စည်း စိမ်ဥစ္စာကြွယ်ဝချမ်းသာပါသော်လည်း ရုပ်ဆင်းအင်္ဂါမပြည့်စုံဘဲ ရှိတတ်ကြသည်။)

၂။ အသက္ကစ္စဒါန-လျှုဖွယ်ပစ္စည်းဝတ္ထုကို သန့်ရှင်းစင်ကြယ်ကောင်း မွန်အောင် မပြုလုပ်ဘဲ ဖြစ်ကတတ်ဆန်း လျှုဒါန်းခြင်း (ဤအသက္ကစ္စဒါနမျိုး ပြုလုပ်လျှုဒါန်းသူများမှာ ဒါနကြောင့် စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာပါသော်လည်း သားသမီး အခြွေအရံ ပရိသတ်များက မိမိစကားကို နားမထောင်ဘဲ ရှိတတ်ကြ၏။)

၃။ အကာလဒါန-အချိန်အခါမဟုတ်ဘဲ လျှုဒါန်းခြင်း။ (ဤအကာလဒါနမျိုး ပြုလုပ်လျှုဒါန်းသူများမှာ ဒါနကြောင့် စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာပါသော်လည်း မိမိလိုအပ်သော အချိန်အခါ၌ မိမိလိုအပ်သော အကျိုးတရားများများ မရနိုင်ဘဲ ရှိတတ်၏။)

၄။ အနုဂ္ဂဟဒါန-အလှူခံပုဂ္ဂိုလ်ကို ချီးမြှောက်လိုသောစိတ်မရှိဘဲ ဝတ်ကျေတမ်းကုန် လျှုဒါန်းခြင်း၊ (ဤအနုဂ္ဂဟဒါနမျိုး ပြုလုပ်လျှုဒါန်းသူတို့မှာ ဒါနကြောင့် စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာပါသော်လည်း မွန်မြတ်သော အသုံးအဆောင် ပစ္စည်းများကို သုံးဆောင်လိုသောဆန္ဒ မရှိဘဲ ဖြစ်တတ်၏။)

၅။ ဥပဟာစ္စဒါန-မိမိဂုဏ်ကိုဖြစ်စေ သူတပါးဂုဏ်ကိုဖြစ်စေ ထိပါး၍ လျှုဒါန်းခြင်း။ (ဤဥပဟာစ္စဒါနမျိုး ပြုလုပ်လျှုဒါန်းသူများမှာ ဒါနကြောင့် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာမှုများ ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးတတ်၏။)

မဟာဒါနငါးပါး

၁။ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။
၂။ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း။
၃။ သူများသားမယားကျူးလွန်ခြင်းမှရှောင်ကြဉ်ခြင်း။
၄။ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။
၅။ သေအရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း။

(အထက်သိက္ခာပုဒ်ငါးပါးကို စောင့်ထိန်းလိုက်သဖြင့် သတ္တဝါအားလုံး ဘေးမဲ့ပေးခြင်းစသော အမှုကို ပေးလှူခြင်းဖြစ်သည်၊ သီလအရင်းခံသော ဒါနကိစ္စပါဝင်ပြီးစီးသွားသောကြောင့် ငါးပါးသီလကို မဟာဒါနဟု မြတ်စွာဘုရားဟောကြားတော်မူ၏။)

မလွှဲသင့်သော ဒါနငါးမျိုး

၁။ မဇ္ဈဒါန – သေရည်အရက်အလွှဒါန၊

၂။ သမဇ္ဈဒါန – ပွဲလမ်းသဘင်ခင်းကျင်း အလှူဒါန၊

၃။ ဣတ္ထိဒါန – အလိုရှိသူများသွားလာနိုင်ရန် ပြည့်တန်ဆာမများကို ငှားရမ်းထားသော အလှူဒါန၊

၄။ ဥသဘဒါန – နွားမများရှိရာ သို့ နွားသိုးကို ပျော်ပါးရန် လွှတ်ပေးသော အလှူဒါန၊

၅။ စိတ္တကမ္မဒါန – မသင့်လျော်သော ကာမနှင့် ယှဉ်စပ်သော ရုပ်ပုံပန်းချီကားများကို ရေးသားလှူဒါန်းသော အလှူဒါန။

(အလောင်းတော်များ မဟာဒါနပြုလုပ်၍ လှူဒါန်းသောအရက်သည် သောက်ရန် မဟုတ် လိမ်းရန်ဖြစ်သည်။)

ခြောက်ပါးတွဲဒါနစုများ

အဘိဓမ္မာဒေသနာတော်အရ အာရုံ ၆-ပါးကို ဒါန၀တ္ထုပြုကာ

၁။ ရူပဒါန – အဆင်းရူပါရုံအလှူ၊

၂။ သဒ္ဒဒါန – အသံသဒ္ဒါရုံအလှူ၊

၃။ ဂန္ဓဒါန – အနံ့ဂန္ဓာရုံအလှူ၊

၄။ ရသဒါန – အရသာရသာရုံအလှူ၊

၅။ ဖောဋ္ဌဗ္ဗဒါန – အတွေ့ဖောဋ္ဌဗ္ဗာရုံအလှူ၊

၆။ ဓမ္မဒါန – တရားဓမ္မာရုံအလှူ

ဟု ၆-ပါးရှိကြောင်း (ဒီ၊ ဌ၊ ၃၊ ၁၈၀၊ အဘိ၊ ဌ၊ ၁၊ ၂၀၁)၌ အကျယ် ဖွင့်ဆိုထား၏။

နေ့ညမရွေး ကုသိုလ်တိုးနေသော အလှူ ၆-မျိုး

၁။ အာရာမရောပ – ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်စသည့် ဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း၊

၂။ ဝနရောပ – အရိပ်ရသစ်ပင်စသည်တို့ကို စိုက်ပျိုးလှူဒါန်းခြင်း၊

၃။ သေတုကာရကဒါန– ချောင်းကူး မြစ်ကူးတံတားများ လှူဒါန်းခြင်း၊

၄။ ပပဒါန – ရေအိုးစင်များ တည်ဆောက်၍ လှူဒါန်းခြင်း၊

၅။ ဥဒပါနဒါန – ရေတွင်းရေကန် ရေမြောင်း၊ ဆည်များ ဆောက်လုပ် လှူဒါန်းခြင်း၊

၆။ ဥပသယဒါန – ဧရပ်, တန်ဆောင်း, ဂူ, ကျောင်း, ပြာသာဒ်များ ဆောက်လုပ်လှူဒါန်းခြင်း။

(သံ၊ ၁၊ ၃၀။ သံဋ္ဌ၊ ၁၊ ၈၉။)

ခုနစ်ပါးတွဲဒါနစုများ

သံဃိကဒါန ၇-ပါး

၁။ ဗုဒ္ဓပွဲမုခ ဥဘတောသံဃိကဒါန – မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ ဘုရားအမှူးရှိသော ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာအား လှူဒါန်းခြင်း၊

၂။ ဥဘတောသံဃိကဒါန – မြတ်စွာဘုရားပရိနိဗ္ဗာန်စံပြီးသောအခါ ဘိက္ခုသံဃာနှင့် ဘိက္ခုနီသံဃာအား လှူဒါန်းခြင်း၊

၃။ ဘိက္ခုသံယိကဒါန – ရဟန်းယောကျ်ား သံဃာတစ်မျိုးကိုသာ လှူဒါန်းခြင်း၊

၄။ ဘိက္ခုနီသံယိကဒါန – ရဟန်း မိန်းမ သံဃာတော်တစ်မျိုးတည်းကို သာ လှူဒါန်းခြင်း၊

၅။ ဥဘတော သံဃဥဒ္ဒိသ သံယိကဒါန– ဘိက္ခုသံဃာမှ ဤမျှ၊ ဘိက္ခုနီသံဃာမှ ဤမျှကြွပါဟု ပင့်ဖိတ်၍လှူဒါန်းခြင်း၊

၆။ ဘိက္ခုသံဃဥဒ္ဒိဿသံယိကဒါန – ဘိက္ခုသံဃာမှ ဤမျှကြွပါဟု ပင့်ဖိတ်၍ လှူဒါန်းခြင်း၊

၇။ ဘိက္ခုနီသံဃဥဒ္ဒိဿ သံယိကဒါန – ဘိက္ခုနီသံဃာမှ ဤမျှကြွပါဟု ပင့်ဖိတ်၍ လှူဒါန်းခြင်း။ **(မ၊ ၃၊ ၂၉၈။ မ၊ ၆၊ ၄၊ ၂၂၄။)**

ရှစ်ပါးတွဲ ဒါနစုများ

ဒါန ၈-ပါး

၁။ အာသဇ္ဇဒါန – အလှူခံပုဂ္ဂိုလ်ရောက်လာလျှင် အချိန်ဆွဲကြန့်ကြာမှု မရှိစေဘဲ အရေးတယူ လှူဒါန်ခြင်း၊

၂။ ဘယာဒါန – အကဲ့အရဲ့ခံရမည့်ဘေး၊ အပါယ်သို့ကျရောက်ရမည့် ဘေးမှ ကြောက်၍ လှူဒါန်းခြင်း၊

၃။ အဒါသိ မေ ဒါနံ – ဤသူသည် ရှေးက ငါ့အား ဤမည်သော ဝတ္ထုကို ပေးကမ်းဖူးပြီဟု နှလုံးသွင်း၍ တုံ့ပြန်သောအားဖြင့် ပေးလှူခြင်း၊

၄။ ဒဿတိ မေ ဒါနံ – ယခုငါကပေးလှူလိုက်ပါက နောင်သောအခါ ငါ့အား ပြန်၍ပေးလှူလိမ့်မည်ဟု ရည်ရွယ်မျှော်လင့်၍ လှူဒါန်းခြင်း။

၅။ သဟဒါန – အလှူဒါနသည် ဘုရားအစရှိသော ပညာရှိသူတော်ကောင်းတို့ ချီးမွမ်းအပ်သည်ဖြစ်၍ ကောင်းသော အလုပ်ဖြစ်ပေ၏ဟု နှလုံးသွင်း၍ လှူဒါန်းခြင်း၊

၆။ အ ဒါတံ နာရဟာမိဒါန – ငါသည်ချက်ပြုတ်စားသောက်သောသူ ဖြစ်ပါလျက် မချက်မပြုတ်သောသူအား မပေးလှူဘဲစား သုံးခြင်းငှာ မသင့်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊

၇။ သိလောကပတ္ထနာဒါန၊ အလှူဒါန ငါပြုလိုက်လျှင် ငါ၏ ကောင်းသတင်းကျော်စောသံ လွှမ်းမိုး ပြန့်နှံ့သွားလိမ့်မည်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊

၈။ စိတ္တာလင်္ကာရဒါန – သမထ ဝိပဿနာ ဘာဝနာစိတ် တည်ကြည်စေရန်ရည်သန်၍ စိတ်၏အဆင်းတန်ဆာ အခြံအရံအဖြစ် ပေးလှူခြင်း –

ဟု ရှစ်ပါးဖြစ်၏။

(ဤရှစ်ပါးတို့တွင် နောက်ဆုံးရှစ်ခုမြောက် စိတ္တာလင်္ကာရဒါနသည် သမထ ဝိပဿနာ ဘာဝနာတရားအားထုတ်ရာ၌ စိတ်တည်ကြည် လာအောင် အထောက်အကူပြုကာ စျာန်မဂ်ဖိုလ်ရကြောင်း သမထ ဝိပဿနာတရားတို့အား ကျေးဇူးများသော အလှူဒါန ဖြစ်သောကြောင့် အမြတ်ဆုံးဒါနဖြစ်၏။)

(အံ၊ ၃၊ ၆၈။ အံ၊ ဋ္ဌ၊ ၃၊ ၂၂၉)

တစ်နည်းဒါန ၈-ပါး

၁။ ဆန္နာဒါန – မိမိအား ချစ်ခင်စေလိုမှုဖြင့် ပေးလှူခြင်း၊

၂။ ဒေါသာဒါန – မချစ်မနှစ်သက်သူအား မလွှဲမရှောင်သာသည့် အတွက် ပေးလှူခြင်း၊

၃။ မောဟာဒါန – အကြောင်းအကျိုးမသိဘဲ မိုက်မဲတွေဝေ၍ ပေးလှူခြင်း၊

၄။ ဘယာဒါန – အများကဲ့ရဲ့မည့်ဘေး၊ အပါယ်ကျရောက်မည့်ဘေး၊ မပေးလှူခဲ့သော် မိမိအား ရန်ပြုမည့်ဘေးမှ ကြောက်သောကြောင့် ပေးလှူခြင်း၊

၅။ ဟာပေတုံ နာရဟာမိဒါန – ဤအလှူဒါနသည် ငါတို့၏မိဘ ဘိုးဘွားများ အစဉ်အဆက် ပေးလှူခဲ့သောဒါနဖြစ်၏၊ မိဘဘိုးဘွား တို့၏ ဆက်အနွယ်ကို ယုတ်လျော့စေခြင်းငှာ မသင့်ဟု နှလုံးသွင်း၍ ပေးလှူခြင်း၊

၆။ သဂ္ဂလောကပတ္ထနာဒါန – ဤအလှူဒါနကို ပြုလုပ်၍ သေလွန်ပြီးသော် နတ်ပြည်သို့ရောက်နိုင်၏ဟု နတ်ပြည်ရောက်ရန် ရည်သန်၍ ပေးလှူခြင်း၊

၇။ စိတ္တပသာဒဒါန – အလှူဒါနပြုလျှင် စိတ်ကြည်လင်မည် နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်လိမ့်မည်ဟု စိတ်ကြည်လင်နှစ်သက် ဝမ်းမြောက်မှုကို မျှော်ကိုး၍ ပေးလှူခြင်း၊

၈။ စိတ္တာလင်္ကာရဒါန – သမထဝိပဿနာစိတ် တည်ကြည်စေရန် ရည်သန်၍ စိတ်၏အဆင်တန်ဆာ အခြံအရံအဖြစ် ပေးလှူခြင်း ဟု ၈-ပါးဖြစ်၏။ ဤဌိလည်း ရှစ်ခုမြောက် စိတ္တာလင်္ကာရဒါနသာ အမြတ်ဆုံးဖြစ်၏။ (အံ၊ ၃၊ ၆၉။ အံ၊ ဋ္ဌ၊ ၃၊ ၂၂၉။)

သပ္ပုရိသဒါန ၈-ပါး

၁။ သုစိဒါန –လှူဖွယ်ပစ္စည်းဝတ္ထုကို သန့်ရှင်းစင်ကြယ်လှပ တင့်တယ်အောင် ပြုပြင် စီမံ၍ ပေးလှူခြင်း၊

၂။ ပဏီတဒါန – မွန်မြတ်သော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်း၊

၃။ ကာလဒါန – သင့်လျော်လျောက်ပတ်သောအခါ၌ ပေးလှူခြင်း၊

၄။ ကပ္ပိယဒါန – အလှူခံပုဂ္ဂိုလ်တို့နှင့်အပ်စပ်သော ပစ္စည်းဝတ္ထုလှူဖွယ်များကို ပေးလှူခြင်း၊

၅။ ဝိစေယျဒါန –အလှူခံပုဂ္ဂိုလ်နှင့် လှူဖွယ်ပစ္စည်းဝတ္ထုကို ရွေးချယ်၍ ပေးလှူခြင်း။၊

၆။ အဘိက္ခဒါန – မိမိစွမ်းနိုင်သမျှ မပြတ်မလပ် ပေးလှူခြင်း၊

၇။ စိတ္တပသာဒဒါန – ပေးလှူစဉ်အခါ မိမိစိတ်ကို ကြည်လင်စေ၍ ပေးလှူခြင်း၊

၈။ အတ္တမနဒါန – အလှူဒါနလှူဒါန်းပြီးနောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်အောင် ပေးလှူခြင်း။ (အံ၊ ၃၊ ၇၄၊ အံ၊ ဋ္ဌ၊ ၃၊ ၂၃၀။)

(ဝိစေယျဒါနဟူသည် အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်ခြင်း၊ လှူဖွယ်ပစ္စည်းဝတ္ထုကို ရွေးချယ်ခြင်းဟု နှစ်မျိုးရှိ၏။ သီလရှိသော သာသနာတွင်း အလှူခံပုဂ္ဂိုလ်များအား ပေးလှူခြင်းသည် အလှူခံကို ရွေးချယ်ခြင်းဖြစ်၏။ မိမိလှူဖွယ်ဝတ္ထုပစ္စည်းကောင်းနိုးရာရာကို ရွေးချယ်လှူဒါန်းခြင်းသည် လှူဖွယ် ပစ္စည်းဝတ္ထုကို ရွေးချယ်ခြင်းဖြစ်၏။)

အသပ္ပုရိသဒါန ၈–ပါး

၁။ မစင်မကြယ် မဖွယ်မရာ လှူဒါန်းခြင်း၊

၂။ အညှဉ်စား ပစ္စည်းဝတ္ထုများကိုသာ လှူဒါန်းခြင်း၊

၃။ သင့်လျော်သည့်အချိန်အခါမဟုတ်ဘဲ လှူဒါန်းခြင်း၊

၄။ အလှူခံပုဂ္ဂိုလ်တို့နှင့် မအပ်စပ်သော ပစ္စည်းဝတ္ထုကို လှူဒါန်းခြင်း၊

၅။ အလှူခံပုဂ္ဂိုလ်နှင့် လှူဖွယ်ပစ္စည်းဝတ္ထုကို မစိစစ် မရွေးချယ်ဘဲ လှူဒါန်းခြင်း၊

၆။ လှူနိုင်တမ်းနိုင်ပါလျက် အဆက်မပြတ်မလှူဘဲ ပြတ်တောင်းမြတ်တောင်း လှူခြင်း၊

၇။ အလှူဒါနပြုလုပ်စဉ် စိတ်ကြည်လင်မှုမရှိဘဲ လှူဒါန်းခြင်း၊

၈။ အလှူဒါနပြုပြီးနောက် စိတ်မနှစ်လို တွန့်တိုနေခြင်း။

ကိုးပါးတွဲဒါနစုများ

အဓမ္မိကဒါန ၉-ပါး

၁။ ဤမည်သောသံဃာတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ပြောဆို ညွှတ်ကိုင်းထားပြီး မူလရည်ရွယ်ညွှတ်ကိုင်းထားသော သံဃာတော်များအား မလှူဒါန်းဘဲ အခြားသံဃာတော်များအား လှူဒါန်းခြင်း၊

၂။ ယင်းနည်းတူ သံဃာတော်များအား လှူဒါန်းမည်ဟု နှုတ်မြွက်ပြောဆို ညွှတ်ကိုင်းထားသော လှူဖွယ်ဝတ္ထုပစ္စည်းကို စေတီတော်အား လှူဒါန်းခြင်း၊

၃။ ယင်းနည်းတူ သံဃာတော်များအား လှူဒါန်းမည်ဟု နှုတ်မြွက် ပြောဆိုညွှတ်ကိုင်ထားသော လှူဖွယ်ဝတ္ထုပစ္စည်းကို ပုဂ္ဂိုလ်တစ်ပါး၊ပါး အား လှူဒါန်းခြင်း၊

၄။ စေတီတော်အား လှူဒါန်းမည်ဟု နှုတ်မြွက်ပြောဆို ညွှတ်ကိုင်းထား သော လှူဖွယ်ဝတ္ထုပစ္စည်းကို မူလရည်ရွယ်ရင်း စေတီတော်အား မလှူဘဲ အခြားစေတီတော်အား လှူဒါန်းခြင်း၊

၅။ ယင်းနည်းတူ စေတီတော်အား လှူဒါန်းမည်ဟု နှုတ်မြွက် ပြောဆို ညွှတ်ကိုင်ထားသော လှူဖွယ်ဝတ္ထုပစ္စည်းကို သံဃာတော်များအား လှူဒါန်းခြင်း၊

၆။ ယင်းနည်းတူ စေတီတော်အား လှူဒါန်းမည်ဟု နှုတ်မြွက် ပြောဆို ညွှတ်ကိုင်းထားသော လှူဖွယ်ဝတ္ထုပစ္စည်းကို ပုဂ္ဂိုလ်တစ်ပါး၊ပါး အား လှူဒါန်းခြင်း၊

၇။ ပုဂ္ဂိုလ်တစ်ပါး၊ပါးအား လှူဒါန်းမည်ဟုနှုတ်မြွက် ပြောဆိုညွှတ်ကိုင်း ထားသော လှူဖွယ်ပစ္စည်းကို မူလရည်ရွယ်ညွှတ်ကိုင်းထားသော ပုဂ္ဂိုလ်အား မလှူဘဲ အခြားပုဂ္ဂိုလ်အား လှူဒါန်းခြင်း၊

၈။ ယင်းနည်းတူ ပုဂ္ဂိုလ်အား လှူဒါန်းမည်ဟု နှုတ်မြွက်ပြောဆို ညွှတ်ကိုင်းထားသော လှူဖွယ်ဝတ္ထုပစ္စည်းကို သံဃာတော်အား လှူဒါန်းခြင်း၊

၉။ ယင်းနည်းတူ ၃ဂို့လ်အား လှူဒါန်းမည်ဟု နှုတ်မြွက်ပြောဆို ညွှတ်ကိုင်းထားသော လှူဖွယ်ဝတ္ထုပြစ္စည်းကို စေတီတော်အား လှူဒါန်းခြင်း။

ဆယ်ပါးတွဲဒါနများ

သုတ္တန်ဒေသနာတော်လာ ဒါန ၁၀-ပါး

၁။ အန္နဒါန - စားဖွယ်အမျိုးမျိုး လှူဒါန်းခြင်း၊
၂။ ပါနဒါန - သောက်ဖွယ် အမျိုးမျိုး လှူဒါန်းခြင်း၊
၃။ ဝတ္ထဒါန - အဝတ်အထည် အမျိုးမျိုး လှူဒါန်းခြင်း၊
၄။ ယာနဒါန - စီးနင်းစရာ ယာဉ်အမျိုးမျိုး လှူဒါန်းခြင်း၊
၅။ မာလာဒါန - ပန်းအမျိုးမျိုး လှူဒါန်းခြင်း၊
၆။ ဂန္ဓဒါန - နံ့သာအမျိုးမျိုး လှူဒါန်းခြင်း၊
၇။ ဝိလေပနဒါန - လိမ်းချယ်စရာအမျိုးမျိုး လှူဒါန်းခြင်း၊
၈။ သေယျဒါန - ညောင်စောင်း အင်ပျဉ် အိပ်ရာနေရာကို လှူဒါန်းခြင်း၊
၉။ အာဝသထဒါန - အိမ် ကျောင်း စသော နေရာအဆောက်အအုံကို လှူဒါန်းခြင်း၊
၁၀။ ပဒီပေယျဒါန - မီးထွန်းရန် ဆီမီးစသည်ကို လှူဒါန်းခြင်း - ဤသို့ ဒါန ၁၀-ပါးရှိကြောင်း ဖွင့်ပြထား၏။

အပါယ်ချမည်သ့ဒါန ၁၀-မျိုး

၁။ မဒ္ဒဒါန - သေရည်အရက်ကို ပေးလှူခြင်း၊
၂။ သမဒ္ဒဒါန - ပွဲလမ်းသဘင်ဖြင့် လှူဒါန်းပူဇော်ခြင်း၊
၃။ ဣတ္ထိဒါန - မိန်းမကို ပေးလှူခြင်း၊
၄။ ဥသဘဒါန - နွားမအပေါင်း၏ အလယ်၌ နွားလားဥသဘကို လွှတ်ပေးခြင်း၊

၅။ စိတ္တကမ္မဒါန – မိန်းမယောကျ်ားတို့၏ မေထုန်မှိုဝဲဟန် ပုံသဏ္ဌာန်စသော ကိလေသာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ပန်းချီ ဆေးရေး ကားချပ် ဓာတ်ပုံစသည် ပေးလှူခြင်း၊

၆။ သတ္ထဒါန – လက်နက်ကို ပေးလှူခြင်း၊

၇။ ဝိသဒါန – အဆိပ်ကို ပေးလှူခြင်း၊

၈။ သန်လိကဒါန – သံခြေချင်းကို ပေးလှူခြင်း၊

၉။ ကုက္ကုဠသုကရဒါန – ကြက် ဝက်တို့ကိုပေးလှူခြင်း၊

၁၀။ တုလာကူဋမာနကူဋဒါန – ချိန်စဉ်းလဲ တောင်းစဉ်လဲစသည် ပေးလှူခြင်း –

ဤ ၁၀-ပါးကို လောကဋ္ဌ အလှူဝတ္ထုပစ္စည်းများတွင် စာရင်းမသွင်းသင့်ကြောင်း၊ လှူဒါန်းသူများမှာ ကုသိုလ်မရသည့်ပြင် အပါယ်သို့ပင်ကျရောက်မည် ဖြစ်ကြောင်း (မိလိန္ဒ၊ ၂၇၀။)

အခန်း (၄)

အလှူဒါနအမျိုးမျိုး၏ အကျိုးတရားများ

အလှူဒါန အမျိုးမျိုး၏ အကျိုးတရား အမျိုးမျိုးတို့ကို ထိုထိုပါဠိတော်များ၌ ဟောကြားထားရာ ဤနေရာ၌ အကျိုးတရား အကျဉ်းချုပ် သရုပ်များကို ဖော်ပြဦးအံ့။ အကျယ်ကို အလိုရှိပါက ထိုထိုပါဠိတော် ကျမ်းဂန်တို့မှ ယူကြပါကုန်။

ဆွမ်း လှူရကျိုး ၄-ပါး

(၁) အသက်ရှည်ခြင်း၊
(၂) အဆင်းလှခြင်း၊
(၃) ချမ်းသာကြီးခြင်း၊
(၄) ခွန်အားကြီးခြင်း -

ဟူသော အကျိုးထူးများကို ခံစားရသည်။

ဆွမ်း လှူရကျိုး ၅-ပါး

(၁) အသက်ရှည်ခြင်း၊
(၂) အဆင်းလှခြင်း၊
(၃) ချမ်းသာကြီးခြင်း၊
(၄) ခွန်အားကြီးခြင်း၊
(၅) ဉာဏ်ပညာကြီးခြင်း

ဟူသော အကျိုးထူးများကို ခံစားရသည်။

အဝတ်ပုဆိုး လှူရကျိုး ၆-ပါး

(၁) ဖြစ်လေရာ ဘုံဘဝတို့၌ ရွေနှင့်တူသော အဆင်းရှိခြင်း၊
(၂) အညစ်အကြေး ကင်းစင်ခြင်း၊

(၃) ကိုယ်ရောင်ထွက်ခြင်း၊
(၄) နူးညံ့ပျော့ပျောင်းသော ကိုယ်ရှိခြင်း၊
(၅) ဦးခေါင်းထက်၌ အရောင်အမျိုးမျိုးရှိသော ပုဆိုးပေါင်း တစ်သိန်း တို့ မိုးကာခြင်း၊
(၆) ပိုးထည်, ကမ္ဗလာထည်, ဖဲထည်, ဝါထည် ပုဆိုးတို့ကို အလိုရှိသမျှ ရနိုင်ခြင်း –
ဟူသော အကျိုးထူးများကို ခံစားရသည်။

ထီး လူရကျိုး ၈-ပါး

(၁) အချမ်းအပူ မခံရခြင်း၊
(၂) ဖုံ မြူ အညစ်အကြေး မလိမ်းမကပ်ခြင်း၊
(၃) ဘေးဥပဒ်မရှိခြင်း၊
(၄) ရောဂါရန်မန် ဒဏ်အမျိုးမျိုးတို့မှ ကင်းရှင်းခြင်း၊
(၅) လူနတ် အပေါင်းတို့၏ အပူဇော်ကို ခံရခြင်း၊
(၆) အရေအသား နူးညံ့သိမ်မွေ့ခြင်း၊
(၇) စိတ်နှလုံး သန့်ရှင်းကြည်လင်ခြင်း၊
(၈) သံသရာတခွင်၌ တန်ဆာဆင်အပ်သော ထီးပေါင်း တစ်သိန်းတို့ မိုးကာခြင်း –
ဟူသော အကျိုးထူးများကို ခံစားရသည်။

သပိတ် လူရကျိုး ၈-ပါး

(၁) ရွှေခွက်, မြခွက်, ငွေခွက်, ပတ္တမြားခွက်တို့ကို သုံးဆောင်ရခြင်း၊
(၂) ဘေးဥပဒ်မရှိခြင်း၊
(၃) ရောဂါရန်မန် ဒဏ်အမျိုးမျိုးတို့မှ ကင်းရှင်းခြင်း၊
(၄) လူနတ် အပေါင်းတို့၏ ပူဇော်မြတ်နိုးသည်ကို ခံရခြင်း၊
(၅) လာဘ်များခြင်း၊
(၆) စည်းစိမ်ချမ်းသာ မပျက်စီးနိုင်ဘဲ တည်ခိုင်ခြင်း၊

(၇) စိတ်နှလုံး တည်တံ့ခြင်း၊
(၈) ကိလေသာ အာသဝေါ နည်းပါးစွာနှင့် အမြတ်တရားကိုသာ လိုလားခြင်း –
ဟူသော အကျိုးထူးများကို ခံစားရသည်။

ပဲခွပ်လှူရကျိုး ၇-ပါး

(၁) ရဲရင့်ခြင်း၊
(၂) ထိတ်လန့် တုန်လှုပ်မှု ကင်းခြင်း၊
(၃) ရဲရင့်မှု ဝေဿာရဇ္ဇဂုဏ်နှင့် ပြည့်စုံခြင်း၊
(၄) မယိမ်းမယိုင် ခိုင်ခံ့ခြင်း၊
(၅) ဝီရိယစွမ်းအင် ထက်သန်ခြင်း၊
(၆) စိတ်နေစိတ်ထား မြင့်မားခြင်း၊
(၇) ကိလေသာကို ဖြတ်နိုင်သော အရဟတ္တမဂ်ဉာဏ်နှင့် ပြည့်စုံခြင်း၊
ဟူသော အကျိုးထူးများကို ခံစားရသည်။

စားယေါ်လှူရကျိုး ၅-ပါး

(၁) မိတ်ဆွေကောင်းကို ရရှိခြင်း၊
(၂) ဝီရိယစွမ်းအင် ထက်သန်ခြင်း၊
(၃) သည်းခံခြင်းဂုဏ်နှင့် ပြည့်စုံခြင်း၊
(၄) မေတ္တာလက်နက်ကို ကိုင်ဆောင်ရခြင်း၊
(၅) ဝရဇိန်လက်နက် မိုးကြိုးစက်နှင့်တူသည့် အရဟတ္တမဂ်ဉာဏ် လက်နက်ကို ရရှိခြင်း –
ဟူသော အကျိုးထူးများကို ခံစားရသည်။

လက်သည်းလှီးစားလှူရကျိုး ၅-ပါး

(၁) ကျွန်မိန်းမ, ကျွန်ယောကျ်ားတို့ကို ရရှိခြင်း၊
(၂) နွား, မြင်း အစရှိသည့် ယာဉ် တိရစ္ဆာန်များကို ရရှိခြင်း၊
(၃) အလုပ်သမားတို့ကို ရရှိခြင်း၊

(၄) မိုခို ခစား‌လာသော သူတို့ကို ရရှိခြင်း၊
(၅) ဆတ္တာသည်, တင်းပြင်သမား, ထင်းခုတ်သမား‌တို့ကို ရရှိခြင်း၊
ဟူသော အကျိုး‌ထူး‌များ‌ကို ခံစား‌ရသည်။

အပ်လှူရကျိုး ၅-ပါး

(၁) မိမိကိုယ်တိုင် ယုံမှား‌တွေ‌ဝေမှု မရှိခြင်း၊
(၂) သူတစ်ပါး‌တို့၏ ယုံမှား‌သင်္ကာကို ပယ်ဖျောက်နိုင်ခြင်း၊
(၃) အဆင်း‌လှခြင်း၊
(၄) စည်း‌စိမ်ချမ်း‌သာ များ‌ပြား‌ခြင်း၊
(၅) ပညာ ထက်မြက်ခြင်း၊
(၆) နက်နဲသိမ်မွေ့သည့် သဘောအဓိပ္ပာယ်ကို လွယ်ကူစွာ သိမြင်နိုင်ခြင်း၊
(၇) မောဟအမှောင်ကြီး‌ကို ဖျက်ဆီး‌နိုင်သော အရဟတ္တမဂ်ဉာဏ်ကို ရရှိခြင်း – ဟူသော အကျိုး‌ထူး‌များ‌ကို ခံစား‌ရသည်။

နီး၊ ထန်း‌ရွက်၊ ယပ်တောင်လှူရကျိုး ၃-ပါး

(၁) အချမ်း‌အပူဖြင့် မတွေ့ထိရခြင်း၊
(၂) သူတစ်ပါး အတွက်လည်း မပူရ, မိမိအတွက်လည်း မပူရ, စိတ်နှလုံး ချမ်း‌မြေ့ခြင်း၊
(၃) ရာဂမီး, ဒေါသမီး, မောဟမီး, မာနမီး, ဒိဋ္ဌိမီး, မီး‌မျိုး‌စုံ အကုန် ချုပ်ငြိမ်း‌ခြင်း – ဟူသော အကျိုး‌ထူး‌များ‌ကို ခံစား‌ရသည်။

ဓမကရိုဏ်ရေစစ်လှူရကျိုး ၄-ပါး

(၁) နတ်ပြည်၌ ဖြစ်ရသောအခါ အခြား‌နတ်တို့ထက် သာလွန်သော နတ်သက်ကို ရရှိခြင်း၊
(၂) ခိုး‌သူနှင့် ရန်သူတို့ မနှိပ်စက်နိုင်ခြင်း၊

(၃) ဓား, လံ့, သေနတ် ပြီးခြင်း၊
(၄) ဥပဒ္ဓေဒက ကံမျိုးဖြင့် မသေနိုင်ခြင်း – ဟူသော အကျိုးထူးများကို ခံစားရသည်။

ဆီကျည်တောက်–ဆီဗူးလွှဲရကျိုး ၅–ပါး

(၁) ရုပ်အဆင်း တင့်တယ်ခြင်း၊
(၂) ကြွန်အင်လက္ခဏာ ကောင်းခြင်း၊
(၃) စိတ်နေစိတ်ထား ကြီးမားခြင်း, မြင့်မြတ်ခြင်း၊
(၄) စိတ်မပျံ့လွင့်ခြင်း၊
(၅) အစောင့်အရှောက်တို့ဖြင့် လုံခြုံစွာ စောင့်ရှောက်အပ်ခြင်း – ဟူသော အကျိုးထူးများကို ခံစားရသည်။

အပ်ကျည်–အပ်ဗူး လွှဲရကျိုး ၃–ပါး

(၁) စိတ်၏ ချမ်းသာခြင်း၊
(၂) ကိုယ်၏ ချမ်းသာခြင်း၊
(၃) ဣရိယာပုထ် လေးပါး၌ အကုန်ချမ်းသာခြင်း – ဟူသော အကျိုးထူးများကို ခံစားရသည်။

ပခုံးလွယ်ကြိုး (အဲသကိုင့်) လွှဲရကျိုး ၃–ပါး

(၁) သူတော်ကောင်း တရား၌ ထောက်တည်ရာ ရှိနိုင်ခြင်း၊
(၂) ဖြစ်ပြီး ဖြစ်လတ္တံ့သော ဒုတိယဘဝကို သိမြင်နိုင်ခြင်း၊
(၃) အရေအဆင်းကောင်းခြင်း – ဟူသော အကျိုးထူးများကို ခံစားရသည်။

ခါးပန်းကြိုး လွှဲရကျိုး ၆–ပါး

(၁) သမာဓိ မပျက်စီးခြင်း၊
(၂) သမာဓိကို စိုးပိုင်ခြင်း၊
(၃) ပရိသတ် မပြိုမကွဲခြင်း၊

(၄) သူတစ်ပါးတို့ နားဝင်အောင် ပြောဆိုနိုင်ခြင်း၊
(၅) သတိ ခိုင်မြဲခြင်း၊
(၆) ထိတ်လန့် တုန်လှုပ်မှုမရှိခြင်း –
ဟူသော အကျိုးထူးများကို ခံစားရသည်။

သဝိတ်ခြေ လူရကျိုး ၅-ပါး

(၁) မတုန်မလှုပ်ခြင်း၊
(၂) အကြားအမြင်များခြင်း၊
(၃) အသိဉာဏ်တို့ဖြင့် အဖန်ဖန်နှိုးဆော်၍ ပေးနိုင်ခြင်း၊
(၄) ဆုံးဖြတ်နိုင်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း –
ဟူသော အကျိုးထူးများကို ခံစားရသည်။

အိုး လူရကျိုး ၅-ပါး

(၁) ရွှေအိုး, မြအိုး, ဖန်အိုး, ပတ္တမြားအိုးတို့ကို ရရှိခြင်း၊
(၂) ချစ်ဖွယ်ကောင်းသော မယား, ကျွန်ယောကျ်ား, ကျွန်မိန်းမတို့ကို ရရှိခြင်း၊
(၃) လင်၏အကြိုက် အလိုလိုက်သော မိန်းမကို ရရှိခြင်း၊
(၄) ပစ္စည်း ပရိဘောဂ အသုံးအဆောင် အမျိုးမျိုးကို ရရှိခြင်း၊
(၅) ဝိဇ္ဇာတို့နှင့် သက်ဆိုင်သော ဂါထာမန္တန် အမျိုးမျိုးတို့ကို တတ်ကျွမ်းခြင်း၊
(၆) ယုတ္တိ အာဂုံ အမျိုးမျိုးတို့ကို ရရှိခြင်း၊
(၇) တစ်ဆယ့်ရှစ်ရပ်သော အတတ်အမျိုးမျိုးကို တတ်ကျွမ်းခြင်း
ဟူသော အကျိုးထူးများကို ခံစားရသည်။

ခွက်လူရကျိုး ၂-ပါး

(၁) ရွှေခွက်, မြခွက်, ဖန်ခွက်, ပတ္တမြားခွက်, ခရုသင်းခွက်တို့ကို ရရှိခြင်း၊
(၂) ကျင့်စဉ်တ်, ပဋိပတ်နှင့် ပြည့်စုံခြင်း –
ဟူသော အကျိုးထူးများကို ခံစားရသည်။

ဖိနပ်လှူရကျိုး ၄-ပါး

(၁) ဆင်ယာဉ်, မြင်းယာဉ် ထမ်းစင် သန်လျင်းပေါင်း ခြောက်သိန်း ရရှိခြင်း၊

(၂) ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း မြခြေနင်း, ကမ္မလာခြေနင်း, ရွှေခြေနင်း, ငွေခြေနင်းတို့က ခံလာရခြင်း၊

(၃) သံသရာမှ ထွက်မြောက်ရာဖြစ်သော လမ်းသို့ သတိတရား ပြေးသွားခြင်း၊

(၄) အကျင့်စင်ကြယ်အောင် သုတ်သင်ခြင်းငှာ သတိပြန်လာခြင်း- ဟူသော အကျိုးထူးများကို ခံစားရသည်။

ခြေနင်းလှူရကျိုး ၁-ပါး

(၁) တန်ခိုးခြေနင်းကို တက်စီးပြီး အလိုရှိသလို နေနိုင်ခြင်း - ဟူသော အကျိုးထူးကို ခံစားရသည်။

ရေသုတ်ပဝါလှူရကျိုး ၆-ပါး

(၁) ရွှေအဆင်းနှင့် တူသော အဆင်းရှိခြင်း၊

(၂) အညစ်အကြေး ကင်းစင်ခြင်း၊

(၃) ကိုယ်ရောင်ကိုယ်ဝါ ထွက်ခြင်း၊

(၄) တန်ခိုးရှိန်စော် အာနုဘော် ကြီးခြင်း၊

(၅) ကိုယ်ရေကိုယ်သား နူးညံ့ပျော့ပျောင်းခြင်း၊

(၆) ကိုယ်၌ ဖုံ မြူ မလိမ်းမကပ်ခြင်း - ဟူသော အကျိုးထူးများကို ခံစားရသည်။

တောင်ဝှေးလှူရကျိုး ၆-ပါး

(၁) သားကောင်းရတနာများ ထွန်းကားခြင်း၊

(၂) ကြောက်ရွံ့ထိတ်လန့်မှု မရှိခြင်း၊

(၃) သူတကာတို့ မနှိပ်စက်နိုင်ခြင်း၊

(၄) အလုံးစုံသော အစောင့်အရှောက်တို့ဖြင့် စောင့်ရှောက်အပ်ခြင်း၊

(၅) ချွတ်ချော် တိမ်းပါးမှု မရှိခြင်း၊

(၆) စိတ်ခိုင်မြဲခြင်း - ဟူသော အကျိုးထူးများကို ခံစားရသည်။

သော့လွှဲရက်ပျိုး ၁-ပါး

(၁) နိဗ္ဗာန်တံခါးကို ပွင့်စေနိုင်သော ဉာဏ်တည်းဟူသော သော့ကို ရရှိခြင်း၊ –

ဟူသော အကျိုးထူးကို ခံစား၊ရသည်။

သော့အိမ်-သော့ခလောက် လွှဲရက်ပျိုး ၂-ပါး

(၁) အမျက်ဒေါသနည်းပါးခြင်း၊

(၂) မပင်ပန်းခြင်း၊ –

ဟူသော အကျိုးထူးများကို ခံစား၊ရသည်။

အာယောဂပတ်လွှဲရက်ပျိုး ၅-ပါး

(၁) ပဌမစျာန်စသော သမာဓိတို့၌ မတုန်လှုပ်ခြင်း၊

(၂) ပဌမစျာန်စသော သမာဓိတို့၌ အလေ့အကျင့်ရှိသူ ဖြစ်ခြင်း၊

(၃) ပရိသတ် မပြိုကွဲခြင်း၊

(၄) အခါခပ်သိမ်း မိမိစကားကို လေးစားလိုက်နာခြင်း၊

(၅) စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း၊ –

ဟူသော အကျိုးထူးများကို ခံစား၊ရသည်။

ဆေးလိပ်ဆေးတံလွှဲရက်ပျိုး ၃-ပါး

(၁) ဖြောင့်မတ်သော သတိရှိခြင်း၊

(၂) ကောင်းစွာ ဖွဲ့အပ်သော အကြောရှိခြင်း၊

(၃) နတ်မျက်စိနှင့် တူသော မျက်စိကို ရရှိခြင်း၊ –

ဟူသော အကျိုးထူးများကို ခံစား၊ရသည်။

ဆီမီးတိုင်လွှဲရက်ပျိုး ၃-ပါး

(၁) အမျိုးမြတ်ခြင်း၊

(၂) ကြန်အင်လက္ခဏာနှင့် ပြည့်စုံခြင်း၊

(၃) ပညာကြီးခြင်း၊ –

ဟူသော အကျိုးထူးများကို ခံစား၊ရသည်။

ဗူးနှင့်ကြွတ်လှူရကျိုး ၅-ပါး

(၁) ဘေးရန်အမိုးမိုးမှ လုံခြုံခြင်း၊
(၂) ချမ်းသာခြင်း၊
(၃) များသော အခြံအရံ ရှိခြင်း၊
(၄) ဂတိဝိပတ္တိမှ ကင်းခြင်း၊
(၅) နှုးညံ့သိမ်မွေ့ခြင်း၊
(၆) ဆင်းရဲကင်းခြင်း၊
(၇) ကြီးကျယ်ပြန့်ပြောသော ဂုဏ်တို့ကို ရခြင်း၊
(၈) ခြေဖဝါး ညီညွတ်ခြင်း၊
(၉) ထိတ်လန့်မှု ကင်းခြင်း၊
(၁၀) ရွှေ, ငွေ, မြ, ဖန် အဆင်း ၄-မျိုးရှိသော ဗူးနှင့်ကြွတ်များ, ဆင် ရတနာများ, မြင်းရတနာများကို ရသည့်အပြင် ထိုရတနာ အားလုံး ပျောက်ပျက်မသွားခြင်း –

ဟူသော အကျိုးထူးများကို ခံစားရသည်။

လက်သုတ်ပဝါလှူရကျိုး ၅-ပါး

(၁) ကောင်းခြင်းလက္ခဏာ အားလုံးနှင့် ပြည့်စုံခြင်း၊
(၂) အသက်ရှည်ခြင်း၊
(၃) ဉာဏ်ပညာကြီးခြင်း၊
(၄) သမာဓိအားကောင်း (စိတ်တည်ကြည်)ခြင်း၊
(၅) နွမ်းနယ်မှုကင်း အမြဲရွှင်လန်းခြင်း –

ဟူသော အကျိုးထူးများကို ခံစားရသည်။

သင်တုန်းစား လှူရကျိုး ၁-ပါး

(၁) ကိလေသာကို ဖြတ်နိုင်သော သန့်စင်သော အတုမဲ့ဉာဏ်ကို ရရှိခြင်း –

ဟူသော အကျိုးထူးကို ခံစားရသည်။

ခြေဆေးအင်းပျဉ်လှူရကျိုး ၂-ပါး

(၁) များစွာသော ယာဉ်တို့ကို ခံစားရခြင်း၊

(၂) အစေခံများ, ဇနီးများ မိုခိုနေသူများက ကောင်းစွာ လုပ်ကျွေးခြင်း-

ဟူသော အကျိုးထူးများကို ခံစားရသည်။

ခြေနယ်ဆီ လှူရကျိုး ၅-ပါး

(၁) အနာရောဂါ ကင်းခြင်း၊

(၂) အဆင်းလှခြင်း၊

(၃) လျင်စွာတရားကို စူးစမ်းနိုင်ခြင်း၊

(၄) ထမင်းအဖျော်တို့ကို လွယ်ကူစွာရခြင်း၊

(၅) အသက်ရှည်ခြင်း

ဟူသော အကျိုးထူးများကိုခံစားရသည်။

ထောပတ်ဆီလှူရကျိုး ၅-ပါး

(၁) ခွန်အားကောင်းခြင်း၊

(၂) အဆင်းလှခြင်း၊

(၃) အခါခပ်သိမ်း ရွှင်လန်းသော မွေးညှင်းရှိခြင်း (အခါခပ်သိမ်း ရွှင်လန်းတင့်တယ်သောကိုယ်ရှိခြင်း)။

(၄) အနာရောဂါကင်းခြင်း၊

(၅) သန့်ရှင်းခြင်း၊

ဟူသောအကျိုးထူးများကိုခံစားရသည်။

နှံ့ခမ်းလှူရကျိုး ၂-ပါး

(၁) ကာယဂတာသတိကိုရခြင်း၊

(၂) ကောင်းမြတ်သော အဟာရကိုရခြင်း၊

ဟူသောအကျိုးထူးကို ခံစားရသည်။

ပျားရည်လှူရကျိုး ၁-ပါး

(၁) အရဟတ္တဖိုလ်ကိုရခြင်း၊

ဟူသောအကျိုးထူးကို ခံစားရသည်၊

အရသာရှိသောအာဟာရလှူရကျိုး ၁-ပါး

ဖိုလ် ၄-ပါးကိုရခြင်း -

ဟူသောအကျိုးထူးကို ခံစားရသည်။

ထမင်းအဖျော်လှူရကျိုး ၁၀-ပါး

(၁) အသက်ရှည်ခြင်း၊

(၂) ခွန်အားကောင်းခြင်း၊

(၃) တည်ကြည်ခြင်း၊

(၄) အဆင်းလှခြင်း၊

(၅) အခြံအရံ များခြင်း၊

(၆) ချမ်းသာကြီးခြင်း၊

(၇) ထမင်းကို ရခြင်း

(၈) အဖျော်ကို ရခြင်း၊

(၉) ရဲရင့်ခြင်း၊

(၁၀)အခါခပ်သိမ်း ပညာရှိသူ ဖြစ်ရခြင်း -

ဟူသော အကျိုးထူးများကို ခံစားရသည်။

အမွေးတိုင် အနီးအလျဲ လှူရကျိုး ၁၀-ပါး

(၁) ကိုယ်အနံ့.မွေးသူ ဖြစ်ရခြင်း၊

(၂) အခြံအရံများသူ ဖြစ်ရခြင်း၊

(၃) သွက်လက်လျင်မြန်သော ဉာဏ်ပညာရှိသူ ဖြစ်ရခြင်း၊

(၄) ကျော်စောသူ ဖြစ်ရခြင်း၊

(၅) ထက်မြက်သော ပညာရှိသူ ဖြစ်ရခြင်း၊

(၆) မြေကြီးအထုနှင့်တူသော ပညာရှိသူ ဖြစ်ရခြင်း၊

(၇) ရွှင်သောပညာ (ဟာသပညာ) ရှိသူ ဖြစ်ရခြင်း၊
(၈) နက်နဲသော ပညာရှိသူ ဖြစ်ရခြင်း၊
(၉) ပြန့်ပြော (ကျယ်ပြန့်)သော ပညာရှိသူ ဖြစ်ရခြင်း၊
(၁၀) နိဗ္ဗာန်ချမ်းသာကို ရခြင်း – ဟူသော အကျိုးထူးများကို ခံစားရသည်။

တံတား လူရကျိုး ၁၀-ပါး

(၁) ချောက်ကမ်းပါး, တောင်, သစ်ပင်များမှ ကျသော် ထောက်တည် ရာတစ်ခုခု ရနိုင်ခြင်း၊ စုတေသော် သုဂတိဘဝကို ရခြင်း၊
(၂) ရန်သူတို့က မနှိပ်စက်နိုင်ခြင်း၊
(၃) ခိုးသူတို့က မနှိပ်စက်နိုင်ခြင်း၊
(၄) မင်းတို့က မထိမဲ့မြင် မအောက်မေ့ခြင်း၊
(၅) ရန်သူခပ်သိမ်းတို့ကို လွန်မြောက်ခြင်း၊
(၆) လွင်တီးခေါင်ပြင်၌ နေစေကာမူ ကြမ်းတမ်းသော နေပူ မနှိပ်စက် နိုင်ခြင်း၊
(၇) နတ်ပြည်၌ဖြစ်စေ, လူ့ပြည်၌ဖြစ်စေ လိုလားရာအခါ၌ ကောင်းစွာ ဖန်ဆင်းအပ်သော ဆင်ယာဉ်ပေါ်လာခြင်း၊
(၈) လေကဲ့သို့ လျှင်မြန်သော သိန္ဓောမြင်းတစ်ထောင် ညအချိန် နံနက်အချိန်များ၌ ချဉ်းကပ်လာခြင်း၊
(၉) ဆင်ပျံရတနာဖြင့် ကောင်းကင်၌ သွားနိုင်ခြင်း၊
(၁၀) အာသဝေါကုန်ခန်း ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန် ပြုရခြင်း – ဟူသော အကျိုးထူးများကို ခံစားရသည်။

ယာဂု လူရကျိုး ၁၀-ပါး

(၁) တာဝတိံသာနတ်ပြည်သို့ ရောက်ရခြင်း၊
(၂) ပတ္တမြား နတ်ဗိမာန်၌ နတ်သမီးများနှင့်အတူ ဝမ်းမြောက် ဝမ်းသာ ပျော်မွေ့ရခြင်း၊
(၃) သုံးဆယ့် သုံးကြိမ် သိကြားမင်း ဖြစ်ရခြင်း၊

(၄) အကြိမ်သုံးဆယ် စကြဝတေးမင်း ဖြစ်ရခြင်း၊
(၅) ပဒေသရာဇ်မင်း စည်းစိမ်ကို အပိုင်းအခြားမရှိအောင် ခံစားရခြင်း၊
(၆) နောက်ဆုံးဘဝ၌ ရဟန်းပြု၍ ဆဲချသည်နှင့် တစ်ပြိုင်နက် တရားထူးကို ရခြင်း၊
(၇) ဘဝသစ်၌ သိက္ခာပုဒ် (သရဏဂုံ) ကို မဆောက်တည်ရသေးမီ အရဟတ္တဖိုလ်ကိုရခြင်း၊
(၈) နိဗ္ဗာန်သို့ ရောက်ရခြင်း၊
(၉) စိုးရိမ်ဒိုကြွေးမှု မဖြစ်ရခြင်း၊
(၁၀) ဖျားနာမှု မဖြစ်ရခြင်း – ဟူသော အကျိုးထူးများကို ခံစားရသည်။

(တနည်း) ယာဂု လှူရက္ကျိုး ၅-ပါး

(၁) အနာရောဂါ ကင်းခြင်း၊
(၂) အဆင်းလှခြင်း၊
(၃) တရားကိုလျင်မြန်စွာ သိခြင်း၊
(၄) ထမင်းအဖျော်ကို လွယ်ကူစွာ ရခြင်း၊
(၅) အသက်ရှည်ခြင်း၊ ဟူသော အကျိုးထူးများကို ခံစားရသည်။

ဒါနပြုရာ၌ နမူနာယူဖွယ် ဝတ္ထုများ

ပရိက္ခရာလှူကျိုးပြု ပိလိန္ဒဝစ္ဆမထေရ် ဝတ္ထု

ဤကမ္ဘာမှပြန်၍ရေသည်ရှိသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရ မြတ်စွာဘုရားပွင့်တော်မူ၏။ ထိုမြတ်စွာဘုရား လက်ထက်တော်တွင် အရှင်ပိလိန္ဒဝစ္ဆမထေရ်အလောင်း ဒါယကာသည် မြတ်စွာဘုရားအား သင်္ခါကြည်ညိုခြင်းဖြစ်၍ ရဟန်းတို့၏ အသုံးအဆောင်ဟူသမျှကို လှူဒါန်း ပူဇော်၏။ ထိုဒါယကာသည် နောင်သောအခါ မြတ်စွာဘုရား အထံတော်၌ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဏ်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ရဟန္တာဖြစ်ရပါလို၏ဟု ဆုတောင်း၏။ ရဟန်းဖြစ်လျှင်လည်း ရဟန်းတို့၏

ပရိက္ခရာသည် မချို့တဲ့မှု၍ ပြည့်စုံစေသား၊ လူဖြစ်လျှင်လည်း လူတို့ အသုံးအဆောင် ပရိက္ခရာတို့သည် မချို့တဲ့ဘဲ ပြည့်စုံစေသားဟု ဆုတောင်း၏။ ထိုသူသည် ကမ္ဘာတစ်သိန်း ကာလပတ်လုံး အပါယ်လေးပါး မလားဘဲ နတ်ကောင်း, လူကောင်းသာ ဖြစ်၍ ငါတို့ မြတ်စွာဘုရား လက်ထက်တော်တွင် ဟန္တာဖြစ်လျက် ပိလိန္ဒဝစ္ဆမထေရ်ဟူ၍ ကျော်စောထင်ရှားစွာ ဖြစ်လေ၏။ မျှားစွာသော လာဘ်, လာဘ ရှိ၏။ များစွာသော အလုပ်အကျွေးရှိ၏။

သပိတ် လှူကျိုးပြဝတ္ထု

အကြင်ဒါယကာတို့သည် သပိတ်ဟူသော အလှူကို ပေးလှူကုန်၏။ ထိုသပိတ်ဟူသော အလှူကို ပေးလှူကုန်သော ဒါယကာတို့သည် အဗျိယ်လေးပါးသို့ မလားရကုန်၊ ထိုဒါယကာတို့သည် နတ်ပြည်, လူ့ပြည်၌သာလျှင် ဖြစ်ကုန်၏။ ဤသို့ သုဂတိဘဝ၌သာ ဖြစ်ခြင်းသည် သပိတ်လှူရသော အကျိုးပင်တည်း။

လူ့ပြည်၌ လူဖြစ်သောအခါ တန်ခိုးအာဏာ သမ္ဘာကဲမိုး မြင့်မြတ်သော အမျိုး၌ ဖြစ်ကုန်၏၊ ယုတ်ညံ့သော အမျိုး၌ မဖြစ်ကုန်။ ဤသို့ မြင့်မြတ်သော အမျိုး၌ ဖြစ်ရခြင်းသည် သပိတ်လှူရသော အကျိုးတည်း၊ နတ်တို့၌ဖြစ်သော စည်းစိမ်သည် လည်းကောင်း၊ လူတို့၌ မွေ့လျော်ခြင်းသည် လည်းကောင်း၊ နှစ်ပါးသော စည်းစိမ်ချမ်းသာတို့ကို သပိတ်လှူသော ဒါယကာသည် ရနိုင်၏။ ထို့ပြင် ရွှေဖြင့် ပြုအပ်သော လင်ပန်းကို လည်းကောင်း၊ ရွှေဖြင့် ပြီးသော ခွက်ကို လည်းကောင်း၊ ရွှေဖြင့်ပြီးသော အိုးကို လည်းကောင်း သပိတ်လှူသော ဒါယကာသည် ရရာ၏။

နတ်ပြည်၌ ဖြစ်သောအခါ နတ်တို့သေဋ္ဌနင်း သိကြားမင်း ဖြစ်ရာ၏။ ဤသို့ လူမင်း, နတ်မင်း ဖြစ်ရခြင်းသည် သပိတ်လှူရခြင်း၏ အကျိုးတည်း။ ဘဝကြီးငယ်၌ ကျင်လည်ရသော်လည်း အတိုင်းမသိသော စည်းစိမ်ချမ်းသာကို ရကုန်၏၊ ထိုဒါယကာသည် အတိုင်းမသိသော စည်းစိမ်ချမ်းသာကိုရပြီး နောက်အဖို့၌ မြတ်သော နိဗ္ဗာန်သို့ ရောက်လေရာပြီ။

တံခွန်လှူကျိုးပြဝတ္ထု

ဤဘဒ္ဒကမ္ဘာမှသည် နောက်ပြန်ဆုတ်၍ရသော် ကမ္ဘာတစ်သိန်း ထက်၌ ပဒုမုတ္တရမြတ်စွာဘုရားသည် ဟံသာဝတီအမည်ရှိသော ပြည်၌ ဖြစ်တော်မူ၏။ သက်တော်ရှစ်သောင်းနေ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုမြတ်စွာဘုရား၏ တခဲနက်သော မပြိုကွဲသော ဓာတ်တော်တို့ကိုယူ၍ လူ,နတ်,နဂါး, ဂဠုန်, ကုမ္ဘဏ်, ယက္ခ, ဂန္ဓဗ္ဗနတ်တို့သည် ရွှေ, ငွေ, ပတ္တမြား, ဥဿဖယား, နီလာ, သန္ဓာတို့ဖြင့် အချင်း ခုနစ်ယူဇနာရှိသော စေတီတည်၍ ဌာပနာသွင်းလျက် ကိုးကွယ်ကုန်၏။ ရွှေတုံးကဲ့သို့ တစ်ပေါင်းတည်း အစိုင်အခဲသာ ဖြစ်ကုန်၏။ ငါတို့မြတ်စွာဘုရား ဓာတ်တော်မူကား၊ အစိတ်အကွဲများသောကြောင့် ဓာတ်တော်ကို ဌာပနာ၍တည်သော စေတီတော်တို့သည်များကုန်၏။ ထိုပဒုမုတ္တရ ဘုရား ပွင့်တော်မူသောအခါ၌ ဟံသာဝတီပြည်တွင် သူဆင်းရဲတစ်ယောက် သည် ထိုမြတ်စွာဘုရား၏ စေတီတော်ကို မြင်လျှင် အလွန်တရာသဒ္ဓါကြည်ညိုခြင်းဖြစ်၍ မိမိအပေါ်ရုံ ပုဆိုးကို တံခွန်ပြု၍ ဝါးဖျားတွင်ဆွဲလျက် ပူဇော်ခြင်းကိုပြု၏။ ထိုသူ ဆင်းရဲလူသော တံခွန်ကိုယူ၍ ထိုစေတီဝယ်နတ်တို့ အစောင့်ထားသော အသိသမတ အမည်ရှိသော ဘီလူးသည် စေတီအထက် ပစ္စယ်ဆင့်သို့တက်၍ လက်ဖြင့် ကိုင်၍လှည့်၏။ ထိုသို့ လှည့်သည်ကို တံခွန်လှူသော သူဆင်းရဲယောကျ်ားသည် မိမိတံခွန်ကိုမြင်၏။ နတ်ဘီလူးကိုကား မမြင်။ ထိုယောကျ်ားသည် နတ်တို့ကိုင်၍ လှည့်သည်ဟု အယူရှိ၏။ ထိုသူဆင်းရဲယောကျ်ားသည် အလွန်တရာ ပီတိသောမနဿ ဖြစ်၍ လက်အုပ်ချီပြီးလျှင် ရှိခိုး၍နေ၏။ ထိုသူဆင်းရဲသည် အသက်အတိုင်း နေ၍ သေလွန်ခဲ့သော် ထိုတံခွန်လှူရသော ကောင်းမှု၏ အကျိုးကြောင့် လူ့ပြည်, နတ်ပြည်၌ ကြိမ်ဖန်များစွာ ကျင်လည်စံစားပြီးမှ ငါတို့မြတ်စွာဘုရား လက်ထက်တော်၌ သာဝတ္ထိပြည်တွင် ပုဏ္ဏားအမျိုး၌ ဖြစ်လာသဖြင့် ဥပဝါနဟူသော အမည်ကိုရ၍ တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လျှင် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူသောအခါ

မြတ်စွာဘုရား၏ တန်ခိုးတော်ကိုမြင်လျှင် သဒ္ဓါခြင်းရှိလှသဖြင့် ရဟန်းပြုပြီး လျှင် ကမ္မဋ္ဌာန်းစီးဖြန်း၍ အဘိညာဉ်ခြောက်ပါးနှင့်တကွ ရဟန္တာ ဖြစ်၍ မိမိပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်၏ အကျိုးကို ပရိသတ်တို့အား ဟောပြတော်မူ၏။

ဆီမီးလှူကျိုးပြဝတ္ထု

ဤကမ္ဘာမှသည် နောက်ဆုတ်ပြန်၍ ရေတွက်သည်ရှိသော် ကမ္ဘာတစ်သိန်းထက်၌ ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူ၏။ ထိုဘုရားပွင့်တော်မူသောကာလ၌ မြတ်စွာဘုရား ဟောတော်မူသော တရားတော်ကို ကြားနာရ၍ မတုန်မလှုပ် သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍ လူအများတို့သည် မြတ်စွာဘုရားပွင့်တော်မူသော ဗောဓိပင်ကို ပူဇော်ကြကုန်သည်ကို မြင်၍ ငါလည်း ပူဇော်ပါအံ့ဟု အကြံဖြစ်၍ ဗောဓိပင်ကို ပွတ်လုံးပတ်လည်ရံ၍၊ ထိုပွတ်တိုင်တစ်ပတ်လည်၌ ဆီမီးခွက်တို့ကို ညှိထွန်းပူဇော်၏။ ထိုသို့ ဆီမီးပူဇော်ရသော ကောင်းမှုကြောင့် စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာ, သိကြားမင်း၏ စည်းစိမ်ချမ်းသာ, လူမင်း၏ စည်းစိမ်ချမ်းသာ, နတ်မင်း၏ စည်းစိမ်ချမ်းသာကို ခံစားရ၍ ငါတို့ဂေါတမ မြတ်စွာဘုရား လက်ထက်တော်တွင် လူဖြစ်လာပြန်၍ ရဟန်းပြုလျှင် လေးပါးကုန်သော ပဋိသမ္ဘိဒါတို့ကို လည်းကောင်း၊ ရှစ်ပါးသော ဝိမောက္ခတို့ကို လည်းကောင်း, ခြောက်ပါးသော အဘိညာဉ်တို့ကို လည်းကောင်း ရရှိပြီး ဂေါတမ မြတ်စွာဘုရား၏ အဆုံးအမကို နာယူလျက် အကျွတ်တရားရရှိ၍ ပဋိဒိပက အမည်ရှိသော ရဟန္တာအဖြစ်သို့ ရောက်တော်မူမှ မိမိပြုခဲ့ဖူးသော ကောင်းမှုအကျိုးကို လူအများတို့အား ကြားပါစေကုန်ဟု ပရိသတ်အလယ်၌ တရားစကား ဟောကြားတော်မူလေ၏။

ထီးလှူကျိုးပြ တပွနိယမထေရ်ဝတ္ထု

တပွနိယအမည်ရှိတော်မူသော မထေရ်မြတ်သည် ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာထက်၌ သည်းခံခြင်းနှင့် ပြည့်စုံတော်မူသော နတ်တကာတို့ထက် နတ်ဖြစ်တော်မူသော တိသဿအမည် ရှိတော်မူသော

မြတ်စွာဘုရားအား ကြည်ညိုသော စိတ်ဖြင့် ထီးတစ်လက်ကို လှူဒါန်းခဲ့ဖူးသော ကြောင့် ကိုးဆယ့်နှစ်ကမ္ဘာပတ်လုံး အဖါယ်လေးပါး မလားဘဲ မဟာနိဒါန အမည်ဖြင့် လူတို့ကို အစိုးရသော စကြဝတေးမင်းအဖြစ် ရှစ်ကြိမ် တိုင်တိုင် စည်းစိမ်ချမ်းသာကို ခံစားပြီး လူကောင်း နတ်ကောင်းဖြစ်လျက် ငါတို့ ဂေါတမဘုရား လက်ထက်တော်တွင် လေးပါးကုန်သော ပဋိသမ္ဘိဒါ တို့ကို လည်းကောင်း၊ ရှစ်ပါးကုန်သော ဝိမောက္ခတို့ကိုလည်းကောင်း၊ ခြောက်ပါး သောအဘိညာဉ် တို့ကိုလည်းကောင်း ခြံရုံပြီး ဂေါတမမြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာကာ အကျွတ်တရားရရှိသဖြင့် တပ္ပနိယအမည် ရှိတော်မူသော ရဟန္တာမထေရ်မြတ်ဖြစ်ရလေသည်။

အင်းပျဉ်လှရကျိုးပြ ပိဋ္ဌဝိမာနဝတ္ထု

ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ် ရာဇဂြိုဟ်ပြည်၌ မထင်ရှား သော ရဟန္တာအရှင်မြတ်တစ်ပါးသည် ဆွမ်းခံလှည့်လည်တော်မူပြီးလျှင် ဆွမ်းကိုသပိတ်ဖြင့် ယူဆောင်လျက် ဆွမ်းဘုဉ်းပေးချိန်ကာလ နီးကပ်လှသည် ရှိသော် ဆွမ်းဘုဉ်းပေးခြင်းကိစ္စကို ပြုအံ့သောငှာ တံခါးဖွင့်လျက်ထားသော အိမ်တစ်အိမ်သို့ချဉ်းကပ်၍ ရပ်လေ၏။ ထိုအိမ်၌ အိမ်ရှင်မိန်းမသည်ကား ယုံကြည်ခြင်း သဒ္ဓါတရားနှင့်ပြည့်စုံ၏။ ရဟန္တာအရှင်မြတ် ရပ်တော်မူသော အခြင်းအရာကို မှတ်သားသိမြင်၍ "ထိုင်ခုံ"ကို ခင်းပြီးလျှင် ထိုအင်းပျဉ် "ထိုင်ခုံ"ထက်၌ ဝါရွှေသောအဆင်းရှိသော အံဝတ်ကိုခင်း၍ ငဲ့ကွက်ခြင်းကင်းစွာ လွတ်လွတ်ခါခါ လှူဒါန်းလေ၏။ "တပည့်တော်မ၏ ဤသို့ပြုရသော ကောင်းမှုသည် နောင်သောအခါ ရွှေပလ္လင်ကို ရပါစေသား"ဟု ဆုတောင်းမှုကို ပြုထားလေ၏။

ထိုအခါ ရဟန္တာအရှင်မြတ်သည် ဤလှူဒါန်းသော နေရာ၌ ထိုင်တော်မူ၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စကိုပြု၍ သပိတ်တော်ကို ဆေးကြောပြီးလျှင် နေရာမှထကာ ကြွသွားတော်မူသည်ရှိသော် "အရှင်ဘုရား ဤနေရာ အင်းပျဉ်နှင့် အခင်းကို အရှင်ဘုရားတို့အား လှူဒါန်းပါ၏၊ တပည့်တော်မအား သနား

ချီးမြှောက် စောင့်ရှောက်တော်မူသောအားဖြင့် အလှူခံယူတော်မူပါ ဘုရား"ဟု လျှောက်ထားလေ၏။ ရဟန္တာမထေရ်မြတ်သည် ထိုမိန်းမအား သနားချီးမြှောက် စောင့်ရှောက်တော်မူသောအားဖြင့် အလှူခံတော်မူပြီးလျှင် သံဃာတော်အား လှူဒါန်းစေ၏။

ထိုမိန်းမသည် နှောင်းသောအခါ တစ်စုံတစ်ခုသော အနာရောဂါနှိပ်စက်၍ စုတေလတ်သော် တာဝတိံသာနတ်ပြည်၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ဘုံဗိမာန်ဝယ် နတ်သမီးတစ်ထောင် အခြံအရံရှိသော နတ်သမီးဖြစ်လေ၏။ ထူးဆန်းလှစွာ တစ်ဆယ့်နှစ်ယူဇနာမျှရှိသော လျင်မြန်သော အဟုန်ရှိသော ရွှေအင်းပျဉ်ဗိမာန်ပလ္လင်ပျံပေါက်ရောက်လေသည်။

နတ်သမီးနှင့်အတူ အရှင်မဟာမောဂ္ဂလ္လာန်နှင့် တွေ့ဆုံလေ၍ မထေရ်မြတ်သည် ရှေးလူ့ဘဝက အဘယ်ကုသိုလ်ထူးကြောင့် ဤကဲ့သို့ ထူးဆန်းလှစွာ တစ်ဆယ့်နှစ်ယူဇနာမျှရှိသော လျင်မြန်သော အဟုန်ရှိသော ရွှေအင်းပျဉ်ဗိမာန်ပလ္လင်ပျံပေါက်ရောက်လေသနည်းဟု မေးမြန်းတော်မူလေ၏။

ထိုအခါနတ်သမီးက– ကြီးကျယ်လွန်းမိုး ဘုန်းတန်ခိုးနှင့် မည်သို့းကိတ္တိ ဂုဏ်ထူးရှိလတ် အရှင်မဟာမောဂ္ဂလ္လာန်အရှင်မြတ်၊ တပည့်တော်မသည် ကုသိုလ် အဝဝ ပြုရဖုံဖုံ လူတို့ဘုံ၌ လူဖြစ်စဉ်အခါက ငါးလုံးတောင်မြတ် ရစ်ပတ်ကာ ခို ရာဇဂြိုဟ်ဝယ် ဤနတ်ပြည် နန်းမစံမြန်းမီ ရှေးလူ့ဘဝဆီက သဒ္ဓါကြည်ဖြူ ထိုင်ခုံလှူဖူး ကုသိုလ်ထူးကြောင့် ဤသို့ ဝါဝါဝင်းဝင်း ထွန်းလင်းတောက်ပြောင် ကိုယ်ရောင်ကိုယ်ဝါရှိသည် စင်စစ်မသွေဖြစ်ရပေ၏။ ရောင်ဝါတောက်ပ တပည့်တော်မ၏ ဤသို့ပွားတိုးလှူရကျိုးသည် အနည်းငယ်မျှ မပြောပလောက် သော အင်းပျဉ်စသား လှူထားခဲ့မှန် ကုသိုလ်ကံ၏ တောက်လျှောက်မည်သို့ အစဉ်တိုး သည့်အကျိုးပါတည်းဟု ပြောကြား လျှောက်ထားလေ၏။

ပန်းလှူရကျိုးပြုကုန္ဒရဝိမာနဝတ္ထု

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာပေးရာ ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တစ်နေ့၌ ရာဇဂြိုဟ်ပြည်တွင်

နက္ခတ်ပွဲသဘင်ဆင်ယင်ကြွေးကြော်လေ၏၊ ထိုအခါ မြို့တွင်းလမ်းအသွယ်သွယ်တို့၌ သဲဖြူခင်းကြပြီးလျှင် ပေါက်ပေါက်ပန်းအစရှိသော ပန်းတို့ကို ကြဲဖြန့်ကြကုန်၏။ အိမ်တံခါးဝတိုင်း အိမ်တံခါဝတိုင်း၌ ငှက်ပြောပင်ရှင်စိုက်ခြင်း၊ ရေပြည့်အိုးထည့်ခြင်း အထူးထူးသော ဆေး(ဆိုးရည်)အရောင်အဆင်းတို့ဖြင့် ဆန်းကျယ်သော တံခွန်အောင်လံတို့ကိုလည်း စိုက်ထူကြကုန်၏။

လူခပ်သိမ်းတို့သည် မိမိစည်းစိမ်ချမ်းသာအားလျော်စွာ တန်းဆာဆင်ကြပြီးသော် နက္ခတ်သဘင် ဆင်ယင်ပျော်ပါးကစားကြလေ၏။ ရာဇဂြိုဟ်တစ်မြို့လုံးသည် နတ်ပြည်ပျော်မွေ့ဖွယ်ရာဖြစ်၍ နေလေ၏။

ထိုအခါ ဗိမ္မိသာရမင်းကြီးသည် ရှေးအခါက လှည့်လည်နေကျဖြစ်သော မြို့လှည့်လည်ခြင်းဖြင့်လည်းကောင်း လူအများစိတ်ကို စောင့်ရှောက်အံ့သောငှာလည်းကောင်း မိမိ၏နေရာ နန်းတော်ပြာသာဒ်မှ ထွက်တော်မူ၍ များစွာသော အခြံအရံ ကြီးမားသော အာနုဘော်ဖြင့် တင့်တယ်တောက်ပ မြတ်လှစွာသော ကျက်သရေရှိလျက် ရာဇဂြိုဟ်မြို့တော်ကို လက်ယာရစ် လှည့်လည်တော်မူလေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်သူ တစ်ယောက်သော အမျိုးသမီးသည် ထိုကြွေးမြတ်သော စည်းစိမ်အရပ်ရပ် ပြည့်စုံပုံကျက်သရေရှိလှပုံ ဗိမ္မိသာမင်းကြွေး၏ အာနုဘော်ကြီးမားပုံ အလုံးစုံကို မြင်ရ၍ ရင်သပ်ရှုမော အံ့သြသော စိတ်ဖြစ်လျက် "ဤဗိမ္မိသာရမင်းကြီးသည် နတ်တို့၏ စည်းစိမ်ချမ်းသာနှင့် တူသော စည်းစိမ်ချမ်းသာကို အဘယ်ကဲ့သို့သော ကုသိုလ်ထူးကို ပြုဖူးသော ကောင်းမှုကြောင့် ရအပ်သနည်း" ဟု ပညာရှိတို့ကို မေးမြန်းလေ၏ ထိုပညာရှိတို့သည် "အိုချစ်ဆွေနှမ ကောင်းမှုကုသိုလ်ကံ မည်သည်ကား စိတ်၏အလိုအတိုင်း ပြီးစီးနိုင်သော စိန္တာမဏိပတ္တမြား ရတနာနှင့်လည်းကောင်း မိမိလိုရာဆွတ်ယူနိုင်သော ပဒေသာပင်ကြီးနှင့် လည်းကောင်း တူလှပေ၏၊ အလှူခံပုဂ္ဂိုလ်တည်းဟူသော ခေတ်၏ပြည့်စုံခြင်း၊ စိတ်စေတနာ သဒ္ဓါတရား၏ပြည့်စုံခြင်းရှိခဲ့သော် တောင့်တတိုင်းသော ဆုအထွေထွေကို ပြီးစီးရရှိနိုင်စေသတည်း။ ဤသာမက ဝေဖန်၍ ပြရသော် နေထိုင်ရာ ဗျာအခင်း အင်းပျဉ်

ကုလား:ထိုင် စသည်ကို လှူဒါန်:ပေး:ကမ်:ခြင်:ကြောင့် မြင့်မြတ်သော အမျိုး:၌ ဖြစ်တတ်၏။ စား:သောက်ဖွယ်ရာ ထမင်:အဖျော်ယမကာစသည်ကို လှူဒါန်:ပေး:အကျိုး:ကို ရရှိတတ်၏၊ အဝတ်ပုဆို:စသည်ကို လှူဒါန်:ခြင်:ကြောင့် ခွန်အား:ဗလ နှင့် လှပတင့်တယ်ခြင်:အကျိုး:ကို ရတတ်၏။ လှေလှည်း:စသော ယာဉ်အဖြာဖြာကို လှူဒါန်:ခြင်:ကြောင့် ခန္ဓာကိုယ်၏ ထူး:ကဲစွာ ချမ်:သာမှု အကျိုး:ကို ရရှိတတ်၏။ ဆီမီး:ဖယောင်:တိုင်စသော အရောင်အလင်:ကို လှူဒါန်:ခြင်:ကြောင့် မျက်စိ၏ ကြည်လင်တောက်ပမှုအကျိုး:ကို ရရှိတတ်၏၊ နေထိုင်စရာ ကျောင်:ဧရပ်စသော အာဝါသအဆောက်အဦကို လှူဒါန်:ခြင်: ကြောင့် ခပ်သိမ်:ဥသုံ အလုံ:စုံသော ပြည့်စုံခြင်:ကို ရရှိတတ်၏။ ရှေ့နောက်နှစ်ဖြာ ထင်စွာမြင်သိအကြင်ပညာရှိသည်ကား နတ်ပြည်နိဗ္ဗာန် အမှန်ရောက်ကြောင်: တရား:ကောင်:ကို ကောင်:စွာလိုငြား သဘောထား:နှင့် ဟောကြား:ဆုံ:မ၏၊ တိုပုဂ္ဂိုလ်သည် အိုနာသေရေး၊ ဒုက္ခဘေး:တို့မှ ကင်:ဝေး စင်ပလွန်အေး:မြသည့် အမတမည်မှန် မြတ်နိဗ္ဗာန်အလှူကို လှူသည်မည်ပါသည်။

ရလှူရကျိုး

ဥဒကဒါယိကာမ နတ်သမီး:သည် ရှေး:လူဖြစ်စဉ် ကဿပဘုရား:ရှင်၏ လက်ထက်တော်အခါက ရဟန်:တော်တို့အား သောက်တော်ရေ၊ သုံ:ဆောင်တော်ရေတို့ကို လှူဒါန်:ခဲ့သောကြောင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သမီး: တစ်ထောင် အခြံအရံနှင့်တကွ ဝါဝင်:ထိန်လျှမ်: ကျက်သရေထွန်:ပစွာ ရွှေဗိမာန်၌ စံပျော်ကာ နတ်သမီး ဖြစ်ရလေသည်။

နောက်ကျကျင်:စင် လွန်စွာကြည်လင် လျောက်ပတ်သော စိတ်ကောင်: စိတ်မြတ်ဖြင့် ရဟန်:တော် အရှင်မြတ်တို့အား သောက်တော်ရေ, သုံ:ဆောင်တော်ရေကို လှူဒါန်:လေ့ရှိသော မိန်:မ, ချစ်မြတ်နိ:ဖွယ်ဝတ္ထုကို ပေး:လှူတတ်သော မိန်:မသည် နတ်ပြည်ဌာနသို့ ရောက်၍ နှစ်ခြိုက်ဖွယ်ကို ရနိုင်၏။

နံ့သာလှူရက္ခိုး

ရှေးလူဖြစ်စဉ်က အလွန်ကောင်းမြတ်လှစွာ နံ့သာအမွှေးအထုံကို ပေးလှူခဲ့ဖူးသောကြောင့် စုတေသော် တာဝတိံသာနတ်ပြည်၌ နတ်သမီး အခြံအရံနှင့် ရွှေဗိမာန်၌ စံပျော်ကာ ရောင်ဝါအဆင်း လှပခြင်းနှင့် ပြည့်စုံသော နတ်သမီး ဖြစ်ရလေသည်။

သင့်တင့် လျောက်ပတ်ကောင်းမြတ်သော နံ့သာအမွှေးအထုံကို ပေးလှူတတ်သော မိန်းမသည် ထူးချွန်ကောင်းမြတ်သော မိန်းမမည်၏။ ဤနည်းတူစွာ ချစ်မြတ်နိုးဖွယ်ဝတ္ထုကို ပေးကမ်းလှူဒါန်းတတ်သောမိန်းမမျိုး သည် တင့်တယ်လျောက်ပတ်သည့် နတ်တို့နေရာ အရပ်သို့ ရောက်ရှိကာ နှစ်ခြိုက်ဖွယ်ကို ရနိုင်၏။

သစ်သီးလှူရက္ခိုး

ဖလုတ္တမဒါယိကာဝိမာနဝတ္ထု၌ ရှေးလူဖြစ်စဉ်က အလွန်ချို့မြိန်သော သစ်သီးတို့ကို လှူဒါန်းခဲ့သောကြောင့် တာဝတိံသာနတ်ပြည်ဝယ် နတ်သမီး တစ်ထောင် ခြံရံကာ ဝါဝင်းထိန်လျှံ ရွှေဗိမာန်၌ စံပျော်ကာ နတ်သမီး ဖြစ်ရလေသည်။

သင့်တင့် လျောက်ပတ်ကောင်းမြတ်သော အလွန်ချိုသောသစ်သီးတို့ကို ပေးလှူတတ်သော မိန်းမသည် ထူးချွန်ကောင်းမြတ်သော မိန်းမမည်၏။ ဤနည်းပမာ ချစ်မြတ်နိုးဖွယ်ဝတ္ထုကို ပေးကမ်းလှူဒါန်းတတ်သောမိန်းမမျိုး သည် တင့်တယ်လျောက်ပတ်သည့် နတ်တို့နေရာ အရပ်သို့ ရောက်ရှိကာ နှစ်ခြိုက်ဖွယ်ကို ရရှိနိုင်၏။

တင်လဲလှူရကျိုး

ဖာဏိတဒါယိကာ နတ်သမီးသည် – မောဂ္ဂလာန်အရှင်မြတ်ဘုရား တပည့်တော်မသည် ရှေးလူဖြစ်ခဲ့စဉ်က ဆွမ်းအလို့ငှာ လှည့်လည်ကြွရောက်တော်မူလာသော ရဟန်းတော်အရှင်မြတ်အား ချိုမြိန်လှစွာသော တင်လဲအရသာကို လှူဒါန်းခဲ့ဖူးပါ၏။ ဤသို့ တင်လဲလှူဖူးသည့် ကုသိုလ်ထူးကြောင့် ယခုအခါ သူတော်ကောင်းတို့ ကိန်းအောင်စံရာ တာဝတိံသာနတ်ပြည်သို့ ကပ်ရောက်ကာ နတ်သမီးဖြစ်လျက် နှစ်သက်ဝမ်းမြောက်စွာ နေရပါ၏ဟု လျှောက်၏။

ဖာဏိတဒါယိကာနတ်သမီးသည်ကား ရှေးလူဖြစ်စဉ် ကဿပဘုရားရှင်လက်ထက်တော်အခါက ဆွမ်းအလို့ငှာ ကြွရောက်တော်မူလာသော ရဟန်းတော်အရှင်မြတ်အား တင်လဲအရသာကို ပေးလှူခဲ့ဖူးသောကြောင့် နတ်သမီးဖြစ်ကာ တာဝတိံသာဝယ် နတ်သမီးတစ်ထောင် အခြံအရံနှင့်တကွ ရွှေဗိမာန်၌ စံစားကာ နေရလေသည်။

ခါးပန်းကြိုးလှူရကျိုး

မောရဟတ္ထဒါယိကာနတ်သမီးသည် –

မောဂ္ဂလာန် အရှင်မြတ်ဘုရား မောရဟတ္ထဒါယိကာ မည်သော တပည့်တော်မသည် ရှေးလူဖြစ်ခဲ့စဉ်အခါ ကဿပဘုရားရှင် လက်ထက်တော်အခါက ဆွမ်းအလို့ငှာ ကြွရောက်တော်မူလာသော ရဟန်းတော် အရှင်မြတ်အား ရှုကြည့်ဖွယ်ကောင်းလှသည့် ဥဒေါင်းတောင်တို့ဖြင့် ပြုလုပ်အပ်သော ခြင်နှင်းယပ်ကို လှူဒါန်းခဲ့ဖူးသော ကုသိုလ်ထူးကြောင့် ယခုအခါ တာဝတိံသာနတ်တို့ပျော်စံရာသို့ ရောက်ရှိကာ မောရဟတ္ထဒါယိကာမည်သော နတ်သမီးဖြစ်ကာ နှစ်သက်ဝမ်းမြောက်စွာ နေရပါ၏ဘုရား ဟု လျှောက်ထား၏။

ပခုံးလွယ်လွှရကျိုး

အံ့သဗ္ဒက ဒါယိကာနတ်သမီးသည် -

မောဂ္ဂလာန်အရှင်မြတ်ဘုရား အံ့သဗ္ဒကဒါယိကာမည်သော တပည့်တော်မသည် ရှေးလူဖြစ်စဉ်အခါ ကဿပဘုရားရှင်လက်တော်က ဆွမ်းအလို့ငှာ ကြွရောက်တော်မူလာသော ရဟန်းတော်အရှင်မြတ်အား ပခုံးဖွဲ့ကို လွှဒါန်းခဲ့ဖူးပါသည် ဤသို့ ပခုံးဖွဲ့လွှဒါန်းခဲ့ဖူးသော ကုသိုလ်ထူးကြောင့် ယခုအခါ တာဝတိံသာနတ်တို့ ပျော်စံရာသို့ ရောက်ရှိကာ အံ့သဗ္ဒကဒါယိကာမည်သော နတ်သမီးဖြစ်လျက် နှစ်သက်ဝမ်းမြောက်စွာနေရပါ၏ ဘုရားဟု လျှောက်ထားလေ၏။

ယပ်တောင်လွှရကျိုး

ဝိဓူပနဒါယိကာနတ်သမီးသည် -

မောဂ္ဂလာန်အရှင်မြတ်ဘုရား ဝိဓူပနဒါယိကာမည်သော တပည့်တော်မသည် ရှေးလူဖြစ်ခဲ့စဉ်အခါက ကဿပဘုရားရှင် လက်တော်က ဆွမ်းအလို့ငှာ ကြွရောက်တော်မူလာသော ရဟန်းတော်အရှင်မြတ်အား သင့်လျော်လျောက်ပတ်လေးထောင့်ယပ်ကို လွှဒါန်းခဲ့ဖူးသော ကုသိုလ်ထူးကြောင့် ယခုအခါ သူတော်ကောင်းတို့ ကိန်းအောင်းရာတာဝတိံသာနတ်တို့ ပျော်စံရာသို့ ရောက်ရှိကာ ဝိဓူပနဒါယိကာမည်သော နတ်သမီးဖြစ်လျက် နှစ်သက် ဝမ်းမြောက်စွာနေရပါ၏ ဘုရားဟု လျှောက်ထားလေ၏။

ဖိနပ်လှူရကျိုး

ဥပါဟနဒါယိကာနတ်သမီးသည် -

မောဂ္ဂလာန်အရှင်မြတ်ဘုရား ဥပါဟနဒါယိကာမည်သော တပည့်တော်မသည် ရှေးလူဖြစ်ခဲ့စဉ်အခါ ကဿပဘုရားရှင်လက်တော်က ဆွမ်းအလို.ငှာ ကြွရောက်တော်မူလာသော ရဟန်းတော်အရှင်မြတ်အား ခြေမှာမပြတ် ဖွဲနှောင်စီးနင်းအပ်သော ဖိနပ်ကို လှူဒါန်းခဲ့ဖူးပါ၏။ ဤသို့ဖိနပ်လှူဒါန်းခဲ့ဖူးသော ကုသိုလ်ထူးကြောင့် ယခုအခါ တာဝတိံသာနတ်တို့ ပျော်စံရာသို့ ရောက်ရှိကာ ဥပါဟနဒါယိကာမည်သော နတ်သမီးဖြစ်လျက် နှစ်သက်ဝမ်းမြောက်စွာနေရပါ၏ ဘုရားဟု လျှောက်ထားလေ၏။

ထန်းရွက်ယပ်လှူရကျိုး

တာလဝဏ္ဏဒါယိကာနတ်သမီးသည် -

မောဂ္ဂလာန် အရှင်မြတ်ဘုရား တာလဝဏ္ဏဒါယိကာ မည်သော တပည့်တော်မသည် ရှေးလူဖြစ်ခဲ့စဉ်အခါ ကဿပဘုရ်ားရှင်လက်တော်က ဆွမ်းအလို.ငှာ လှည့်လည်ကြွရောက်၍လာသော ရဟန်းတော်အရှင်မြတ်အား ထေရ်အရှင်တို့ ကြည်ရွှင်နှစ်သက် ထန်းရွက်ယပ်ကို လှူဒါန်းခဲ့ဖူး၏။ ဤသို့ထေရ်အရှင်တို့ကြည်ရွှင်နှစ်သက်ထန်းရွက်ယပ်ကို လှူဒါန်းခဲ့ဖူးသော ကုသိုလ်ထူးကြောင့် ယခုအခါ သူတော်ကောင်းတို့ ကိန်းအောင်းစံရာ တာဝတိံသာနတ်တို့ ပျော်စံရာသို့ ရောက်ရှိကာ ဝမ်းမြောက်စွာနေရပါ၏ ဘုရားဟု လျှောက်ထားလေ၏။

ထီးလှူရကျိုး

ဆတ္တာဒါယိကာနတ်သမီးသည် –

မောဂ္ဂလာန်အရှင်မြတ်ဘုရား၊ ဆတ္တာဒါယိကာမည်သော တပည့်တော်မသည် ရှေးလူဖြစ်စဉ်အခါ ကဿပဘုရားရှင်လက်ထက်တော်က ဆွမ်းအလို့ငှါ ကြွရောက်တော်မူလာသော ရဟန်းတော်အရှင်မြတ်အား နေရောင်တားဆီးဆောင်းရန်ထီးကို လှူဒါန်းခဲ့ဖူးပါ၏။ ဤသို့ နေရောင်တားဆီးဆောင်းရန်ထီးကို လှူဒါန်းခဲ့ဖူးသော ကုသိုလ်ထူးကြောင့် ယခုအခါ တာဝတိံသာနတ်တို့ ပျော်စံရာသို့ ရောက်ရှိကာ ဆတ္တာဒါယိကာမည်သော နတ်သမီးဖြစ်လျက် နှစ်သက်ဝမ်းမြောက်စွာနေရပါ၏ ဘုရားဟု လျှောက်ထားလေ၏။

ဆွမ်းအဖျော်သကၠံန်းလှူရကျိုး

ဤဘဒ္ဒကမ္ပာမှ ပြန်၍ ရေတွက်သည်ရှိသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီဘုရားရှင် ပွင့်တော်မူ၏။ ထိုအခါ အမျိုးကောင်းသမီးတစ်ယောက်သည် ဝိပဿီဘုရားရှင်အား ရွှေပန်းခိုင်ဖြင့် ပူဇော်၍ငါ့အား ဤကုသိုလ်၏ အစွမ်းကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌ ရွှေဖြင့်ပြီးသော ရင်လွှမ်းတန်းဆာဝတ်ဆင်ရပါစေသားဟု ဆုတောင်းမှုပြုခဲ့သောကြောင့် ထိုအမျိုးသမီးသည် များစွာသော ကမ္ဘာပတ်လုံး သုဂတိဘုံတို့၌သာလျှင် ကျင်လည်ရ၏။ ကဿပ ဘုရားရှင်လက်ထက်တော်အခါ ကာသိတိုင်း ဗာရာဏသီပြည် ကိကီမင်းကြီး၏ အဂ္ဂမဟေသီ မိဖုရားဝမ်း၌ ပဋိသန္ဓေတည်၍ ဖွားမြင်လေ၏။ ထိုအခါ ဆုတောင်းခဲ့သည့်အတိုင်း ရွှေရင်လွှမ်းတန်းဆာပန်းကို ရသောကြောင့် "ဥရစ္ဆဒမာလာ" ဟူသောအမည်ဖြင့် ရှုမငြီးဖွယ် တင့်တယ်လှစွာ နတ်သမီးကညာနှင့်တူ၏။ ထိုဥရစ္ဆဒမာလာမင်းသမီး၏ ဆရာကား ဂေါပါလ မည်သော ပုဏ္ဏားဖြစ်၏။

ထို ဂေါပါလ ပုဏ္ဏားသည် တပည့်သံဃာတော်နှင့်တကွ ကဿပဘုရားရှင်အား အတုမရှိသော အလှူတော်ကြီးကို လှူစေ၏။ ကဿပဘုရားရှင်

သည် မိမိကိုလည်းကောင်း၊ ဥရစ္ဆဒမာလာမင်းသမီးကိုလည်းကောင်း ရည်ရွယ်၍ ဟောကြားတော်မူသော တရားတော်မြတ်ကို နာကြားရသော်လည်း ဣန္ဒြေမျှားမရင့်ကျက်သေးသည်၏ အဖြစ်ကြောင့် မဂ်ဖိုလ်တရားထူးကို မရနိုင်၊ ပုထုဇဉ်အဖြစ်ဖြင့် စုတေပြီးလျှင်ဆည်းပူးအပ်သော ကုသိုလ်ကောင်းမှု၏ အစွမ်းကြောင့် တာဝတိံသာနတ်ပြည်ဝယ် ယူဇနာတစ်ရာကျယ်သော ရွှေဗိမာန်၌ အကုဋေမကများပြားလှစွာသော နတ်သမီးကညာတို့ဖြင့် ခြံရုံလျက် ကျော်စောထင်ရှားသော နတ်သားဖြစ်လေ၏။

ထိုဂေါပါလနတ်သားသည် တာဝတိံသာနတ်ပြည်၌ အသက်တမ်းရှိသမျှ စည်းစိမ်ကို ခံစား၍ အကြိမ်ကြိမ်အဖန်ဖန်နတ်ပြည်၌သာလျှင် ကျင်လည်လျက် ငါတို့ဂေါတမဘုရားရှင် ပွင့်တော်မူသောအခါ၌လည်း ထိုကုသိုလ်ကံအကျိုးပေးသန်သည်၏ အစွမ်းကြောင့် တာဝတိံသာနတ်ပြည်၌သာလျှင် နတ်ရထားဘုံဗိမာန် အခြွေအရံ စည်းစိမ်အဝန်တန်တို့ကို ခံစားစံစားရသော ဂေါပါလမည်သော နတ်သားသည်သာလျှင် ဖြစ်ပြန်လေ၏။

နို့ဆွမ်းလှူရကျိုး

ခီရောဒနဒါယိကာနတ်သမီးသည် -

မောဂ္ဂလာန်အရှင်မြတ်ဘုရား တပည့်တော်မသည် ရှေးလူဖြစ်ခဲ့စဉ်က ဆွမ်းအလို့ငှာ လှည့်လည်၍ ကြွရောက်တော်မူလာသော ရဟန်းတော်အရှင်မြတ်အား နွားနို့ဆွမ်းလှူဒါန်းခဲ့ဖူးပါသည်။ ဤသို့နွားနို့ဆွမ်းကို လှူဒါန်းပြုစုမြတ်ကောင်းမှုအဟုန်ကြောင့် ယခုအခါ သူတော်ကောင်းတို့ ကိန်းအောင်းစံရာ တာဝတိံသာနတ်ပြည်သို့ ရောက်ရှိကာ နတ်သမီးဖြစ်လျက် ဝမ်းမြောက်စွာနေရပါ၏ဟု လျှောက်၏။

ဤခီရောဒနဒါယိကာနတ်သမီးသည်ကား ရှေးလူဖြစ်စဉ် ကဿပဘုရားရှင်၏ လက်တော်အခါက ဆွမ်းအလို့ငှာ ကြွရောက်တော်မူလာသော ရဟန်းတော်အရှင်မြတ်အား နွားနို့ဆွမ်းလှူဒါန်းခဲ့ဖူးသောကြောင့် နတ်သမီး

ဖြစ်ကာ တာဝတိံသာဝယ် နတ်သမီးတစ်ထောင်အခြံအရံနှင့်တကွ ရောင်လျှံဝင်းပအဆင်းလှ၍ ရွှေဗိမာန်၌ စံစားကာ နတ်သမီးဖြစ်ရလေသည်။

ပန်းလှူရကျိုး

ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် သုံးဆယ့်တစ်ကမ္ဘာထက်၌ သီခီဘုရားရှင် ပွင့်တော်မူ၏။ ထိုဘုရားလက်ထက်တော်တွင် ပန်းသည်တစ်ယောက် သည် ရောင်းစရာမြတ်လေးပန်းတို့ကို တောအရပ်မှ ဆောင်ယူလာစဉ် ဆွမ်းခံဝင်လာတော်မူသော သီခီမြတ်စွာဘုရားကို ခရီးအကြား၌ တွေ့မြင်၍ အလွန်ကြည်ညိုခြင်းရှိသည်ဖြစ်၍ ပန်းတောင်းကိုချပြီးလျှင် လက်ခုပ်ဖြင့် ပန်းကိုပူဇော်၏။ မြတ်စွာဘုရားလည်း ဒါယကာ၏ သဒ္ဓါတရားကို တိုးပွားစေလို၍ တန်ခိုးတော်ဖြင့် ထိုပန်းတို့ကို ဦးခေါင်းထက်၌ ပန်းဆိုင်ဗိတာန်ကဲ့သို့ ဖြစ်စေ၍ ကြွသွားတော်မူလေရာ ပါစေလျက် ကျောင်းတော်သို့ဝင်မျှော်စေ၏။ ထိုပန်းသည် ဒါယကာသည် အံ့ဖွယ်သော အဖြစ်ကိုမြင်သဖြင့် အလွန်ဝမ်းမြောက်ခြင်းဖြစ်၏။ ထိုပန်းသည်လည်း အသက်အတိုင်းနေ၍ စုတေခဲ့သော် တာဝတိံသာနတ်ပြည်၌ ဖြစ်လေ၏။ နတ်ဖြစ်တုံ၊ လူဖြစ်တုံ သုံးဆယ့်တစ်ကမ္ဘာပတ်လုံး အပါယ်မလားရဘဲ ဂေါတမ မြတ်စွာဘုရား လက်ထက်တော်တွင် လူဖြစ်လာပြန်ရ၍ ရဟန်းပြုကာ ရဟန္တာ ဖြစ်တော်မူရ၏။ ရှေးလူဖြစ်စဉ်အခါက သီခီမြတ်စွာဘုရားကို မြတ်လေးပန်းလှူဒါန်းခဲ့သောကြောင့် သုမနမထေရ်ဟု အမည်တွင်လေ၏။

ပန်းတစ်ပွင့်ကို လှူဒါန်းမှုစသော ကောင်းမှုကြောင့် ဘဝများစွာ ဒုဂ္ဂတိသို့ မလားရဘဲ နိဗ္ဗာန်တိုင်အောင် ပေါက်ရောက်ရကြောင်း လာရှိရာဝယ် လူ့ပြည်, နတ်ပြည်၌ အကြိမ်များစွာဖြစ်နိုင်သည်မှာ ပုဗ္ဗ၊ အပရ စေတနာများစွာတို့က ပဋိသန္ဓေကျိုးကို ပေးကြသည့်ပြင် ထိုပန်းစသည်ကို လှူဒါန်းရသောကုသိုလ်ကိုအခြေခံ၍ သုဂတိဘဝ၌ ဖြစ်ရသည့်အခါ ထိုဘဝ၌ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းစသော အထောက်အပံ့ဖြစ်နိုင်သည် ဟုမှတ်အပ်၏။

ရေလှူရကျိုး

အခါတပါး အရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့ဒေသစာရီကြွချီတော်မူလတ်သော် လေယာဉ်စီးကာ မွေ့လျော်ပျော်ပါး ကစား၍နေသော နတ်သမီးကို –

နတ်သမီး၊ သင်သည် ရွှေဖြင့် မိုးသောလေယာဉ်သို့ တက်စီးနေ၏၊ နတ်ရေကန်သို့ သက်ဆင်းပြီးလျှင် ပဒုမ္မာကြာပန်းကို လှမ်းဆွတ်ခူး၏၊ သင်သည် အဘယ်ကုသိုလ်ကံကိုပြုခဲ့ခြင်းကြောင့် ဤသို့ အရောင်အဆင်းလှပခြင်းဖြစ်သနည်း၊ အဘယ်သို့ပြုဖူးကုသိုလ်ထူးကြောင့် ဤတာဝတိံသာနတ်ဘုံ၌ ဖြစ်ရပါသနည်း၊ အဘယ်ကုသိုလ်ထူးကြောင့် စိတ်နှလုံး၏ ရွှင်ပြုံးနှစ်သက်ဖွယ်ရာ စည်းစိမ်ချမ်းသာအဖြာဖြာတို့ ကောင်းစွာဖြစ်ရပါကုန်သနည်း ဟု မေးမြန်းလေ၏။

တပည့်တော်မသည် လူတို့ဘဝ လူဖြစ်ခဲ့စဉ်အခါက နွေကာလ ရေဆာလောင်ကြ၍ နွမ်းလျပင်ပန်းနေကြသော ရဟန်းတော်တို့ကို တွေ့မြင်၏။ ထိုအခါ ထကြွလှုံ့လ ဝီရိယဖြင့် အေးမြကြည်လင်သောက်ရေစင်ကို ပေးလှူခဲ့ဖူးပါသည်ဘုရား ဟု အရှင်မဟာမောဂ္ဂလာန်အား လျှောက်ကြား၏။

အကြင်သူသည် နွေအခါကာလ ရေမွတ်သိပ်ကြကုန်သည်ဖြစ်၍ နွမ်းလျပင်ပန်းသူတို့အား အဆာပျောက်ပြေသောက်ရန် ရေကို ထကြွလှုံ့လဖြင့် ပေးလှူငြားအံ့၊ ထိုရေလှူဖူးသူအား အေးမြကြည်လင်သောရေ၊ များစွာဖုံဖုံစုံလင်ကုန်သောပန်း၊ များစွာကုန်သော ကြာပုဏ္ဍရိက်၊ အေးမြသော ရေရှိကုန်သော ရေကန်သို့ စင်စစ်အမှန်ဖြစ်ပေါ်လာနိုင်ကုန်၏။

အမြိုစီးဆင်းသောရေ အေးမြသော ရေအယဉ်ရှိလျက် သဲဖြူခင်းကျင်းအပ်သော မြစ်တို့သည် လည်းကောင်း, ပင်လုံးကျွတ်ပွင့်ကြသော သရက်, အင်ကြင်း, ပြည့်စင်, သပြေ, ၎, သခွတ်ပင်တို့သည်လည်းကောင်း ထိုရေလှူဒါန်းခဲ့သောသူ၏ ဗိမာန်ကို ပန်းရံဖြစ်ပေါ်၍ လာကုန်၏။

ဤအကျိုးကား သောက်ရေလှူဒါန်းခဲ့သော ကုသိုလ်၏ အကျိုးဝတ္ထု ဖြစ်ပါသည်။

နှစ်သက်ဖွယ်အဝတ်လှူရကျိုး

အခါတပါး အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်က– နတ်သမီး၊ သင် နတ်သမီးသည် နူးညံ့ချောညက် နှစ်သက်ဖွယ်ရာ ရောင်ဆင်းဝါဖြင့် အရပ်ဆယ်မျက်နှာတို့ကို သောက်ရှူးကြယ်ပမာ တောက်ပကာနေဘိ၏။ သင့်အား အဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် ဤတာဝတိံသာနတ်တို့နေရာ၌ ကောင်းကျိုးချမ်းသာပြည့်စုံရပါသနည်း၊ အဘယ်သို့ပြုဖူး ကုသိုလ်ထူးကြောင့် စိတ်၏ နှစ်သက်ဖွယ်ရာ စည်းစိမ်ချမ်းသာ အဖြာဖြာတို့ ဖြစ်ပေါ်၍ လာရပါသနည်း၊ ကြီးမားသော အာနုဘော်ရှိပေသော နတ်သမီး သင်နတ်သမီးကို ငါမေးမြန်းပါ၏၊ လူ့ဘုံ၌ဘန လူဖြစ်ခဲ့စဉ်အခါက အဘယ်ကောင်းမှုကို ပြုခဲ့ဖူးပါသနည်း၊ အဘယ်သို့ ပြုဖူး ကုသိုလ်ထူးကြောင့် သင်နတ်သမီး၏ နှစ်သက်ဖွယ်ရာ အဆင်းရောင်ဝါသည် ဤသို့ရောင်လျှံ ဝင်းဝင်း ထွန်းလင်း ထောက်ပစွာ ဖြစ်ရပါသနည်း၊ အဘယ်သို့ ပြုဖူးကုသိုလ်ထူးကြောင့် အရပ်ဆယ်မျက်နှာတို့၌ အရောင်ဝင်းဖြာ ထွန်းလင်းစွာ တောက်ပပါ သနည်းဟု နတ်သမီးအား မေးမြန်းတော်မူ၏။

ထိုအခါနတ်သမီးက –

ရှေးလူဖြစ်ခဲ့စဉ်အခါက တပည့်တော်မသည် ရဟန်းတစ်ပါးအား အလွန်ကောင်းမြတ်သော အဝတ်ပုဆိုးကို ရွှေးချယ်၍ ပေးလှူခဲ့ဖူးပါ၏။ ထိုသို့ပြုစု မြတ်ကောင်းမှုကြောင့် ဤသို့ထွန်းလင်းတောက်ပအာနုဘော်ရှိပါ၏။ တပည့်တော်မ၏ အရောင်အဆင်းသည်လည်း အရပ်ဆယ်မျက်နှာအား လုံးတို့၌ ထွန်းလင်းတောက်ပပါ၏ဘုရားဟု လျှောက်ကြား၏။

တင့်တယ်လျောက်ပတ်ကောင်းမြတ်လှစွာသော အဝတ်တန်ဆာကို လှူဒါန်းခဲ့ဖူးသောသူသည် ယောကျ်ားတွင်လည်းကောင်း၊ မိန်းမတို့တွင်

လည်းကောင်း အလွန်မြတ်သူဖြစ်ပါ၏။ မြတ်နိုးနှစ်သက်ဖွယ်ရာ ပစ္စည်းဝတ္ထုကို ပေးကမ်းလှူဒါန်းတတ်သောသူသည် နတ်ပြည်ဌာနသို့ ရောက်ရလျက် နှစ်သက်ဖွယ်ရာ အဖြာဖြာကိုရတတ်ပါသည်။

ကြံလှူရကျိုး

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါကာလ အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ်၏ အလုပ်အကြွေးဖြစ်သည့် သူငယ်မတစ်ဦးသည် လှူဒါန်းပေးကမ်းလိုသော စိတ်သဘော ရှိသူဖြစ်ကာ အချိန်အရွယ်ရောက်သောအခါ ထိုရာဇဂြိုဟ်ပြည်၌ ပင်လျှင် ရတနာသုံးပါး၌ ကြည်ညိုခြင်းမရှိ မိစ္ဆာဒိဋ္ဌိဖြစ်သည့် တစ်ဦးသော အမျိုးအိမ်၌ ပေးစားလက်ထပ်ကြကုန်၍ ယောကျ်မအိမ်သို့လိုက်၍နေရ၏။

ထိုအခါ အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်သည် အိမ်စဉ်မပြတ် ဆွမ်းအလို့ငှာ လှည့်လည်တော်မူလာ၍ ထိုသူငယ်မနေထိုင်ရာ ယောကျ်မ၏ အိမ်တံခါးဝ၌ ရပ်တော်မူလေလျှင် ထိုသူငယ်မသည် အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကိုမြင်၍ ကြည်လင်ဝမ်းမြောက်သော စိတ်ဖြစ်ကာ အိမ်သို့ ပင်ဖိတ်လျက် ရိုသေစွာ ဦးချပြီးလျှင် ယောကျ်မအတွက်ထားသော ကြံကို ယူငင်၍ လှူဒါန်းလိုက်လေ၏။ မိစ္ဆာဒိဋ္ဌိဖြစ်သူ ယောကျ်မကြီးသည် "ငါ့အတွက် ထားသော ကြံကို ငါ့အား မပန်ကြားဘဲ ပေးလှူဘိ၏" ဟု အမျက်ဒေါသ ခြောင်းခြောင်းထလျက် ရှေ့၌ရှိသည့် အင်းပျဉ် (ထိုင်ခုံငယ်ဖြင့်) ဆွဲ၍ ရိုက်နှက်လေလျှင် ထိုခဏ၌ပင် စုတေ သေလွန်ကာ တာဝတိံသာနတ်ပြည်၌ နတ်သမီးဖြစ်လေ၏။

ဤသို့ ကုသိုလ်ထူးကို လှူဒါန်းခဲ့သော သူတို့သည် သူတော်ကောင်းတို့ကိန်းအောင်းစံရာ ဖြာဖြာထိန်ထိန် တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ကို ခံစားရတတ်ပါသည်။

ဆီမီးလှရက္ခိုး

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥပုသ်နေ့အခါ များစွာကုန်သော ဥပါသကာတို့သည် ဥပုသ်စောင့်သုံးကြကုန်၏။ နံနက်အခါ တတ်အားသမျှ လှူဖွယ်ရာကို လှူဒါန်းကြကုန်၏၊ စောစော ထမင်းစားကြ၍ ဖြူစင်သော အဝတ်ကိုဝတ်လျက် ဖြူစင်သော ကိုယ်ရုံကို ရုံကာ ပန်း နံ့သာ စသည်တို့ကို လက်ဆွဲလျက် နေ့အခါကျောင်းတော်သို့ သွားကြကုန်၏။ ကြည်ညိုရာရဟန်းတော်တို့ကို ဆည်းကပ်ခစားကာ ညအခါ တရားနာကြကုန်၏။

ကျောင်း၌နေကြသောသူတို့ တရားနာကြားကြစဉ် နေဝင်သွားသဖြင့် မှောင်အတိကျသွားလေ၏။ တစ်ဦးသော ဥပါသိကာမသည် ယခုအခါ ဆီမီးထွန်းခြင်းငှာ သင့်၏ဟု ကြံစည်၍ မိမိ၏ အိမ်မှ ဆီကို ဆောင်ယူစေလျက် ဆီမီးညှိထွန်းပြီးလျှင် တရားဟောပလွင်၏ ရှေ့၌ထားကာ တရားတော်ကို ကြားနာနေလေ၏။ အမျိုးသမီးသည် မိမိလှူဒါန်းသော ဆီမီးအလှူကို ဝမ်းမြောက်ဝမ်းသာဖြစ်လျက် တရားပြီးဆုံးသောအခါ ရှိခိုးဝတ်ချကာ အိမ်သို့ ပြန်သွားလေ၏။

ဆီမီးလှူသော အမျိုးသမီးသည် နောင်သောအခါ တစ်စုံတစ်ရာသော အနာရောဂါဖြင့် သေလွန်ကာ တာဝတိံသာနတ်ပြည်၌ ဇောတိရသ (ခပ်သိမ်းသော အလိုကို ပေးစွမ်းနိုင်သော ကျောက်ရတနာဖြင့်ပြီးသော) ဗိမာန်ဝယ် နတ်သမီး ဖြစ်လေ၏။

အကြင်သူသည် လင်းရောင်ကင်းကွာ မိုက်မှောင်လွှမ်းသော အမိုက်တိုက်ထဲ၌ ဆီမီးထွန်းရန် အချိန်တန်သောအခါ ဆီးမီးကို လှူဒါန်းပူဇော်၏၊ ထိုသူသည် များစွာသောပန်း, ကြာပုတ္တရိက်ရှိသည့် ရောင်ဝါဖိတ်လျှမ်းဗိမာန်နန်း၌ ဖြစ်ရလေ၏။

အခန်း (၄) ပြီး၏။

အခန်း (၅)

ထာဝရဒါန (နေ့ညမပြတ်တိုးပွားနေသောကုသိုလ်)

ရှေ့ပိုင်းအခန်းကဏ္ဍများ၌ အလှူဒါနနှင့်စပ်၍ အမျိုးမျိုး ဖော်ပြခဲ့ပြီး ဖြစ်သည်။ ဤအခန်း၌ နေ့ညမပြတ် ကုသိုလ်တရား တိုးပွားနေသော ထာဝရကုသိုလ် ၆-မျိုးကို ဆက်လက် ဖော်ပြပါမည်။ ဤကုသိုလ် ၆-မျိုး နှင့် စပ်လျဉ်း၍ ဘုရားရှင်ထံ နတ်သားတစ်ယောက် လာရောက်၍ အောက်ပါ မေးခွန်းနှစ်ရပ်ကို မေးလျှောက်၏။

၁။ ကေသံ ဒိဝါ စ ရတ္တော စ၊ သဒါ ပုညံ ပဝဍ္ဎတိ။

အရှင်ဘုရား-အဘယ်သူတို့မှာ နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကုသိုလ်တရား တိုးပွားနေပါသနည်း။

၂။ ဓမ္မဋ္ဌာ သီလသမ္ပန္နာ၊ ကေနာ သဂ္ဂဂါမိနော။

အရှင်ဘုရား-အဘယ်သူတို့သည် တရား၌ တည်ကုန်သည်၊ သီလနှင့် ပြည့်စုံကုန်သည်ဖြစ်၍ သေလွန်ပြီးသော် နတ်ပြည်သို့ ရောက်ကြပါကုန်သနည်း။

ဘုရားရှင်သည် ထိုနတ်သား၏ အမေးပုစ္ဆာကို "ထာဝရဒါန (၆)မျိုး ပင်တည်း" ဟု ပြေဆိုတော်မူ၏။

ထာဝရဒါန (၆)မျိုး

၁။ အာရာမရောပ ဒါန၊
ပန်းပင် သီးပင် စားပင် ဥယျာဉ်အမျိုးမျိုးကို စိုက်ပျိုးလှူဒါန်းခြင်း၊

၂။ ဝနရောပ ဒါန၊
အရိပ်အာဝါသ ကောင်းသော သစ်ပင်ကြီးများ စိုက်ပျိုးလှူဒါန်းခြင်း၊
သယံဇာတသစ်ပင်များကို ပြုစုစောင့်ရှောက် ကာကွယ်ပေးခြင်း၊

၃။ သေတုကာရက ဒါန၊
မြစ်၊ ချောင်း၊ အင်းအိုင်စသည်တို့ ထူထပ်သော ဒေသများ၌ အလွယ်တကူ ကူးသန်းသွားလာနိုင်ရန် တံတားများ ဆောက်လုပ်လှူဒါန်းခြင်း၊ လှေဖောင် သင်္ဘောများ စီမံပေးခြင်း၊

၄။ ပပ ဒါန၊
သောက်ရေအိုးစင် တည်ထား လှူဒါန်းခြင်း၊

၅။ ဥဒပါန ဒါန၊
ရေတွင်း ရေလှောင်ကန်၊ ဆည်မြောင်း တာတမံများ ပြုလုပ်လှူဒါန်းခြင်း၊

၆။ ဥပဿယ ဒါန၊
နေထိုင်စရာ ဓရုပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ် စသည်တို့ကို ဆောက်လုပ်လှူဒါန်းခြင်း။

အထက်ဖော်ပြပါ ထာဝရဒါန ခြောက်မျိုးကို ပြုလုပ်လှူဒါန်းသော အလှူရှင်သည် လူပင်အိပ်နေသော်လည်း၊ ကုသိုလ်မအိပ်ဘဲ ထာဝရ တိုးပွားနေသည်။ ငွေစာကျော်၌ ငွေပင်ငွေရင်း စိုက်ထုတ်၍ ငွေစုထားသူသည် လူကအိပ်နေသော်လည်း၊ ငွေတိုးက မအိပ်ဘဲ တရိပ်ရိပ် မရပ်မနား တောက်လျှောက် တိုးပွားနေသကဲ့သို့ သဒါ ပုညံ ပဝမှတိ-ကုသိုလ်က အမြဲတိုးပွားနေသဖြင့် သေလွန်ခဲ့သော် နတ်ရွာသုဂတိသို့ ရောက်ရန် သေချာလှပေသည်။

(သံ၊ ၁၊ ၈၃။)

ဒါနပြုခြင်းသည် စိုက်ပျိုးရေးသမားနှင့် တူကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ စိုက်ပျိုးရေးလုပ်ခြင်းသည်လည်း ဒါနပင်ဖြစ်ကြောင်း ဆက်လက် ဖော်ပြလိုပါသည်။

သစ်ပင်ပန်းမာလ်စိုက်ပျိုးခြင်း ဟူသော ဒါနမျိုးသည် ထာဝရဒါန (၆)မျိုးတွင် အပါအဝင်ဖြစ်၏။ သီးပင် စားပင် ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းသည် "အာရာမရောပ"မည်၏။ လမ်းဘေးတစ်လျှောက် သစ်ပင်စိုက်ပျိုးခြင်း သစ်တော ဝါးတောများကို စိုက်ပျိုးခြင်း၊ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ခြင်းသည် "ဝနရောပ" မည်၏။ ထိုအာရာမရောပ၊ ဝနရောပဒါနကို

ပြုလုပ်ဆောင်ရွက်ကြသော သူတို့သည် လူပင်အိပ်သော်လည်း ကုသိုလ်မအိပ်သော ထာဝရဒါနအမှုကို ပြုနေကြသော သူများပင် ဖြစ်ကြ၏။

မြန်မာနိုင်ငံကို သယ်ဇာတ ပေါကြွယ်ဝသော နိုင်ငံဟု ကမ္ဘာက အသိအမှတ် ပြုကြရ၏။ ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ပတ္တမြား စသော အဖိုးတန် ကျောက်မျက်ရတနာ ပစ္စည်းများသာ ကြွယ်ဝသည်မဟုတ်၊ မြန်မာ့သစ်တောမှာ ကမ္ဘာတစ်ခွင်က မြတ်နိုးသော တော်ဝင် ကျွန်းသစ်များအပြင် ပျဉ်းကတိုး၊ သစ်ရာ၊ ပိတောက်၊ တမလန်း၊ အင်ကြင်း၊ သင်းဝင် စသော သစ်မျိုးကောင်းများ များစွာရှိ၏။ မြန်မာ့သစ်တောမှာ နိုင်ငံဘွင်း သုံးရုံမက ပိုလျှံ၍ နိုင်ငံခြားသို့ပင် တင်ပို့နိုင်လောက်အောင် ထွက်ရှိပေသည်။ ယင်းသို့ ထွက်ရှိခြင်းကား ရေကောင်း၊ မြေကောင်းသောကြောင့် လည်းကောင်း၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုး တို့၏ ထာဝရဒါနခြောက်မျိုးအနက် အာရာမရောပ၊ ဝနရောပ-ဥယျာဉ် ပန်းမာလ်စိုက်ပျိုးခြင်း၊ သစ်တော၊ ဝါးတော စိုက်ပျိုးခြင်း၊ ထိန်းသိမ်း ပြုပြင်စောင့်ရှောက်ခြင်း၊ တို့ကြောင့်လည်းကောင်း ဖြစ်၏။ ထိုသို့ စိုက်ပျိုး ပြုပြင် ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် လူအိပ်သော်လည်း ကုသိုလ် မအိပ်ဟူသော အသိအမြင်အပေါ် အခြေခံ တည်မှီနေသောကြောင့် ဖြစ်ပေသည်။

အချို့အချို့သော နိုင်ငံများ၌ သစ်ပင် သစ်တောများကို ထာ ရှိရန် မလွယ်၊ သဘာဝ ရေမြေဩဇာနှင့် ရာသီဥတုကို ထိန်းသိမ်းနိုင်သည်မှာ သစ်ပင် သစ်တောပင် ဖြစ်၏။

သစ်ပင်စိုက်လျှင် ထာဝရဒါန ကုသိုလ်ဖြစ်မည်။ သူများကိုက်တွန်းမှ၊ သူတပါးစေခိုင်းမှ ပြုစုပျိုးထောင်ရခြင်းသည် သဿဒါရိက ကုသိုလ်ဖြစ်မည်။ မိမိစိတ်စေတနာအရ မည်သူတစ်ဦးတစ်ယောက်ကမျှ မတိုက်တွန်းရဘဲ မိမိ အသိစိတ်ဓာတ်ဖြင့် ပြုလုပ်လျှင် အသခ်ါရိက ကုသိုလ်ဖြစ်မည်။ ထိုသို့ မည်သူမျှ မတိုက်တွန်းဘဲ မိမိ၏ အသိစိတ်ဓာတ်အားလျော်စွာ ပြုလုပ်သော အသခ်ါရိက ကုသိုလ်သည်သာ ပိုမို၍ မြင့်မြတ်ပြီး အကျိုးပေး ထက်သန်မည် ဖြစ်ပေ၏။

ဤ"အာရာမရောပ၊ ဝနရောပ" ဒါနကုသိုလ်သည် မိမိအတွက် လည်းကောင်း၊ မိမိ ဆွေစဉ်မျိုးဆက်အတွက် လည်းကောင်း၊ မိမိနိုင်ငံနှင့်တကွ

ကမ္ဘာသူ ကမ္ဘာသား၊အား၊လုံး၊အတွက် လည်း၊ကောင်း အလွန်တရာ ကျေး၊ဇူး များ၊သော ဒါန၊ဖြစ်ပေသည်။

သစ်ပင်သစ်တောကို စိုက်ပျိုး၊ကြသောကြောင့် စိမ်း၊လန်း၊စိုပြည်လာသည့် ပတ်ဝန်းကျင် တောတောင်မရေမြေ ရာသီဥတု သာယာမှုကို ထိန်း၊သိမ်း၊နိုင်သည်။ သစ်တောကြောင့် မိုး၊လေဝသ မှန်ကန်လာသည်။ မိုး၊လေဝသ မှန်ကန်သော ကြောင့် ကျွန်း၊သစ်စသော တော်ဝင်သစ်များ ကြီး၊ပွား၊ဖြစ်ထွန်း၊လာကြသည်။ သစ်ပင်များ၊ကြီး၊ပွား ဖြစ်ထွန်း၊သောကြောင့် မိုး၊လေဝသရာသီဥတု ကောင်း၊မွန်လာသည်။ သစ်တောနှင့်မိုး၊ မိုး၊နှင့်သစ်တောကား အညမည အပြန်အလှန် အနေအား၊ဖြင့် ကျေး၊ဇူး၊ပြုလျက် ရှိပေသည်။ အလား၊တူ သစ်ပင်၊ သစ်တောများ နှင့် မြေဆီမြေလွှာ မြေအောက်ရေတို့သည်လည်း အညမည သဘောအား၊ဖြင့် အချင်း၊ချင်း ကျေး၊ဇူး၊ပြုလျက် ရှိပေသည်။

သစ်ပင်သစ်တောများ၊က မြေဆီမြေလွှာနှင့် မြေအောက် ရေလွှာရေထုကို ထိန်း၊သိမ်း၊ထား၊သည်။ သို့အတွက် မိုး၊ရာသီ၌ ရေလျှံမှု၊ ရေလွှမ်း၊မိုး၊မှု မကြုံရ တော့ဘဲ မြစ်ချောင်း၊အင်း၊အိုင်နှင့် စမ်း၊ချောင်း၊များ၊မှာ ရေမပြတ် စီး၊လျက်ရှိသည်။ မြေဆီ မြေသြဇာကောင်း၊ခြင်း၊၊ မြေအောက်ရေရှိနေခြင်း၊ကြောင့် သစ်ပင် သစ်တောများ စိမ်း၊လန်း၊စိုပြေ၍ အပူအအေး မျှတကာ နယ်မြေဒေသ ရာသီဥတုကို သာယာစိုပြည်စေပါသည်။ သစ်တောများ ရှိနေပါက ကျေး၊ငှက် သာရကာတို့ ခိုနား၊ရာဖြစ်၍ သမင်ဒရယ် ချေငယ် စိုင် ဆတ် ဖွတ် ပုတတ် ဖသော သတ္တဝါအပေါင်း၊တို့ ခိုအောင်း၊စရာ သိုက်နန်း၊ရိပ်မြုံကိုပါ ဖန်တီး၊ပေး၊ရာ ကျသဖြင့် သစ်ပင်စိုက်ခြင်း၊၏ ကုသိုလ်အကျိုး၊တရား တိုး၊ပွား၊နေပုံကို မှန်း၊ဆကြည်နူး၊နိုင်ပါသည်။

ထို့ကြောင့် ရှိပြီး၊သား သစ်တောများ၊ကို ခုတ်ဖြတ်ခြင်း၊၊ မီး၊တိုက်ခြင်း၊များ၊မှ ရှောင်ရှား၊ကြရမည်။ သစ်ကြီး၊၊ ဝါး၊ကြီး၊များ၊ကို စိုက်ပျိုး၍ ပြုစုပျိုး၊ထောင်ရမည်။ သစ်ပင်ပန်း၊ပင် စိုက်ပျိုး၊ခြင်း၊ကား လက်တွေ့အကျိုး၊ရရှိရုံမျှမက နောင်သံသရာ အတွက် အရေး၊ကြီး၊သော ထာဝရဒါနကုသိုလ် တစ်ရပ်ဖြစ်ပေသည်။ မျက်မှောက် ဘဝတွင်လည်း ကုသိုလ်ရအကျိုး၊ရှိ၍ မိမိ၏ သား၊စဉ်မြေး၊ဆက် တိုင်အောင် အကျိုး၊တရား၊ကို ခံစား၊ရရှိနိုင်သော ဥယျာဉ်၊ ခြံမြေ၊ သီး၊ပင်၊ စား၊ပင်

စိုက်ပျိုးမှု အာရာမရောပနှင့် တောတောင်စိမ့်စမ်း သဘာဝတို့ကို မပျက်စီးအောင် ထိန်းသိမ်း စောင့်ရှောက် ကာကွယ်၍ စိုက်ပျိုးခြင်းတည်းဟူသော ဝန်ရောပကိုလည်း အထူးပင် ပြုလုပ်သင့်လှပေသည်။

သစ်တစ်ပင် စိုက်ပျိုးခြင်းကြောင့် သတ္တဝါအပေါင်း မည်မျှအကျိုးကျေးဇူး ခံစားရသည်ကို လည်းကောင်း "ဇနေတိ သဒိသံ ပါက်-တူသောအကျိုးကို ပေးတတ်၏"ဟု မြတ်စွာဘုရား ဒေသနာတော်နှင့်အညီ ထိုသစ်ပင် စိုက်ပျိုးမှုကြောင့် သတ္တဝါအများ ကောင်းကျိုးချမ်းသာ ရရှိသည်နှင့်အမျှ အလားတူ ကောင်းကျိုး ချမ်းသာများကို သစ်ပင်စိုက်ပျိုးသည့် အလှူရှင်မှာလည်း ရရှိခံစားနိုင်သည်ကိုလည်းကောင်း ဖော်ပြပါမည်။ တစ်ဖန် သစ်ပင်ခုတ်မှု ဖျက်ဆီးမှု တောမီးရှို့မှုများသည် သတ္တဝါအပေါင်း ဆင်းရဲဒုက္ခရောက်စေရန် အကြောင်းရင်းဖြစ်သည်ဟု ဆိုရပါမည်။ တောမီးလောင်ခြင်းကြောင့် သစ်ပင် ဝါးပင် စသည်တို့၌ တွယ်ကပ်မီခိုနေကြရသော ပိုးမွှားတိရစ္ဆာန်များ၊ သမင် ဒရယ် ချေငယ် စိုင် ဆတ် ဖွတ် ပုတတ် စသည်တို့ သေကြေပျက်စီးကြရပြီး လူသားတို့အတွက် အဆောက်အအုံ ဆောက်လုပ်ရန် သစ်သားများ လောင်စာထင်းမီးသွေးများ အချည်းနှီး ဆုံးရှုံးကြရသည်။

သစ်ပင်များ မရှိတော့သည့်အတွက် ရာသီဥတု မျှတမှု မရှိတော့ဘဲ အပူလွန်ကဲမှု အအေးလွန်ကဲမှုများ ဖြစ်ပေါ်လာရတော့သည်။ စမ်းရေအိုင်စမ်းချောင်းများ ခြောက်ခန်းသွားသည့်အတွက် သောက်သုံးရေ ရှားပါးခြင်း၊ ရေသွင်းစိုက်ပျိုးမှုများ မရှိနိုင်တော့သဖြင့် အစာရေစာ ခေါင်းပါးနွမ်းနယ်ရသည့် အဖြစ်နှင့် ကြုံရနိုင်သည်။ မိုးရာသီတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်တတ်သဖြင့် စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ လူနှင့် အိမ်မွေးတိရစ္ဆာန်များ ရေတွင်မျောပါ၍ အသက်အန္တရာယ်ကြုံတွေ့ရခြင်း၊ မြေဆီ မြေသြဇာ ဆုတ်ယုတ်၍ သဲကန္တာရအသွင်သို့ ရောက်ရှိသွားကာ ကောက်ပဲသီးနှံများ ဆွံ့အ, သွားခြင်းစသော မကောင်းကျိုးများကို ဆက်ကာဆက်ကာ ခံစားကြရတော့သည်။ ယင်းမကောင်းကျိုးများနှင့် ဘေးဒုက္ခများသည် သစ်ပင်ခုတ်ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ ယင်းကဲ့သို့ လူသားများနှင့် တိရစ္ဆာန်များ အထူးပျက်စီး၍ ဘေးဒုက္ခရောက်အောင် ဖန်တီးသော သစ်ပင်ခုတ်သူ

တောမီးရှို့သူတို့သည်လည်း မိမိတို့ပြုအပ်သော မကောင်းမှုနှင့်လျော်ညီစွာ ပူလောင်ခါးစပ်သော မကောင်းကျိုးများကို ခံစားရပေလိမ့်မည်။ ပြင်းထန်သော ဘေးဒုက္ခများနှင့် ကြုံတွေ့ရပေလိမ့်မည်။

သစ်ပင်ခုတ်လျှင် နတ်စိတ်ဆိုး

သစ်ပင်အသီးသီး၌ မှီကွယ်နေထိုင်ကြရသော နတ်များကို ရက္ခစိုးနတ်ဟု ခေါ်ကြသည်။ ရက္ခသည် ပါဠိစကားဖြစ်၍ သစ်ပင်ဟု အဓိပ္ပာယ်ရသည်။ သစ်ပင်ကို အုပ်စိုးပိုင်ဆိုင်သောနတ်ကို ရက္ခစိုးနတ်ဟု ခေါ်သည်။ သစ်ပင်ကို ခုတ်လဲပါက ယင်းသစ်ပင်ကို ပိုင်စိုးသည့် ရက္ခစိုးနတ်က စိတ်ဆိုးပြီး တစ်နည်းနည်းဖြင့် ဒုက္ခရောက်အောင်ပြုသည်ကို နတ်ဖမ်းစားသည်ဟု ဆိုကြသည်။ ထိုးထိုးမောမော တည်ရှိသော တောစိုးသစ်ပင်ကြီးများကို ခုတ်လဲသူတို့မှာ ဒုက္ခဘေးရန် ကြီးစွာတွေ့တတ်သည်ကို လူအတော်များများ တွေ့ဖူးကြားဖူး ကြမည် ဖြစ်ပါသည်။ ထို့ကြောင့် သစ်ပင်ကြီးများကို ခုတ်လဲလိုပါက ရှေးဦးစွာ ယင်းသစ်ပင်စောင့်နတ်ကို ခွင့်တောင်းပန်ကြားပြီးမှ ခုတ်လဲကြရသည်။

.ရက္ခစိုးနတ် သားငယ် ဓားခုတ်ခံရမှု

သစ်ပင်ခုတ်ခြင်းကို နတ်မကြိုက်ကြောင်း ဘုရားရှင်လက်ထက်တော်ကပင် သာဓက ရှိခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် အာဠဝီပြည် အဂ္ဂါဠဝစေတီကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အာဠဝက အမည်ရှိ ရဟန်းတစ်ပါးသည် သစ်ပင်ကို ခုတ်လဲလေသည်။ သစ်ပင်ကို စိုးအုပ်နေသော ရက္ခစိုးက ရဟန်းအား သစ်ပင်မခုတ်ရန် တားမြစ်သော်လည်း မရဘဲ ရဟန်းသည် သစ်ပင်ကို ဆက်လက်၍ ခုတ်ရာ ရက္ခစိုးနတ် သားငယ်၏လက်မောင်းကို ခုတ်မိလေ၏။ ရက္ခစိုးနတ်သည် စိတ်ဆိုးကာ ရဟန်းအား သတ်မည်ပြုပြီးမှ သတိတရားရရှိကာ ဘုရားရှင်ထံ အကျိုးအကြောင်း လျှောက်ထားလေသည်။ ဘုရားရှင်က ရက္ခစိုးနတ်အား ဖြောင်းဖြ၍ အစောင့်မရှိသော သစ်ပင်တစ်ပင်ကို နေရာအစားပေးလိုက်ရလေသည်။ ထိုအကြောင်းကို သိရှိကြသော လူအများက

ထိုရဟန်း၏ သစ်ပင်ခုတ်မှုကိစ္စကို ကဲ့ရဲ့ပြစ်တင်ကြလေရာ ဘုရားရှင်သည် ပါစိတ္တိယပါဠိ၊ ဘူတဂါမဝဂ်၊ ဘူတဂါမသိက္ခာပုဒ်ကို ပညတ်တော်မူ၍ ရဟန်းတို့အား "မျိုးစေ့၊ အပင်ပေါက်မှစ၍ သစ်ပင်ကြီးမျှားကို ခုတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းမပြုရ" ဟု တားမြစ်တော်မူခဲ့လေသည်။

အာရာမရောပ စသော ထာဝရကုသိုလ် (၆)မျိုးနှင့်စပ်၍ ပိဋကတ်တော်၌ လာရှိသော ထင်ရှားသည့် အလှူရှင်များကို အတုယူအားကျလျက် အလှူဒါန ပြုလုပ်နိုင်ကြစေရန် ရည်ရွယ်၍ ဆက်လက်ဖော်ပြပါမည်။

သီးပွင့်ဥယျာဉ် အလှူရှင်

အာရာမရောပ သီးပွင့်ဥယျာဉ် ပြုလုပ်လှူဒါန်းသူသည် မိမိပြုလုပ်လှူဒါန်းထားသော ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်တို့သို့ လာရောက်အပန်းဖြေသူများ၏ စိတ်နှလုံးကို ကြည်လင်ရွှင်ပြ နှစ်သက်စေ၏။ ပန်းပင်အမျိုးမျိုးမှ ပန်းများကို ပန်ဆင်ရ၍ စိတ်ကြည်လင်ရွှင်လန်းနှစ်သက်ကြ၏။ ပန်းများဝေဆာတင့်တယ်လှပကြ၏။ သီးပင်အမျိုးမျိုးမှ အသီးများကို စားသုံးကြ၍ အာဟာရပြည့်ဖြိုးအလှတိုးစေ၏။ မိမိလည်း သီးပွင့်မျိုးစုံသည့် ဥယျာဉ်များ ရရှိနိုင်၏။

မဃလုလင်သည် သုဓမ္မာဇရပ် ဆောက်လုပ်လှူဒါန်းသည့်အခါ မိမိ၏ဇနီးများ ဖြစ်ကြသော သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာ၊ သုဇာတာတို့အား မိမိဇရပ် ဆောက်လုပ်ရာ၌ ကုသိုလ်ပါဝင်ခွင့် မပေးသဖြင့် သုစိတ္တာသည် ဇရပ်သို့ သွားလာကုန်သောသူတို့သည် ပန်းများကို ပန်ဆင်ပြီး လှပဝင့်တယ်စွာ ဖြစ်စေရန်ရည်ရွယ်၍ သုဓမ္မာဇရပ်အနီး၌ သီးပွင့်မျိုးစုံသည့် ဥယျာဉ်ကို ပြုလုပ်လှူဒါန်း၏။ ထိုဥယျာဉ်၌ မည်သည့်ပန်းပင်လိုနေသည်၊ မည်သည့် သီးပင်လိုနေသည်ဟု ပြောစရာမရှိအောင် ပန်းပင် သီးပင် မျိုးစုံရှိ၏။

ထိုသို့သီးပွင့်မျိုးစုံသည့် ဥယျာဉ်ကို ပြုလုပ်စိုက်ပျိုးလှူဒါန်းခဲ့သော ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ ယူဇနာဝေါဟာရအကျယ်အဝန်း ရှိသော သီးပွင့်မျိုးစုံရှိသည့် စိတ္တလတာဥယျာဉ်ပိုင်ရှင် သုစိတ္တာနတ်သမီးအဖြစ် ယခုတိုင် ရှိလေ၏။ ထိုစိတ္တလတာ ဥယျာဉ်ကား နှလုံးမသာ မျက်နှာညှိုးငယ်သေဖွယ်နိမိတ် ကြောက်ထိတ်စရာ ဖြစ်ပေါ်လာသော နတ်များအဖို့ ထိုဥယျာဉ်

အတွင်း လှည့်လည်ကြည့်ရှုသည့်အခါ ဝမ်းမြောက်ဝမ်းသာ ကြည်နူးနှစ်သက်မှုကို ရရှိနိုင်သည်အထိ သာယာလှပေသည်။

အရိပ်ရသစ်ပင်အလှူရှင်

ဝနရောပ–အရိပ်ရသစ်ပင်ကို စိုက်ပျိုးလှူဒါန်းသည့်သူသည် မိမိစိုက်ပျိုးလှူဒါန်းထားသော သစ်ပင် (သို့မဟုတ်) သစ်တောသည် နေပူမှလာကြသူများ မိမိစိုက်ပျိုးလှူဒါန်းထားသော သစ်ပင်အောက် အရိပ်ခိုနားရလျှင် အမောပြေခြင်း၊ စိတ်ချမ်းသာခြင်း၊ အပူကင်းခြင်း၊ အေးမြကြည်လင်ခြင်း စသော အကျိုးများ ခံစားရ၏။ သစ်တစ်ပင်ကောင်း ၄က်တစ်သောင်း ခိုနိုင်၏"ဟု ဆိုသဖြင့် သစ်ပင်၏ အရိပ်အာဝါသကို မှီခိုရသဖြင့် ကျေးငှက်သတ္တဝါ အပေါင်းလည်း ချမ်းသာသုခကို ခံစားနိုင်ကြ၏။

ထိုမျှသာမက သစ်ပင်တို့မှ သစ်ရွက်ဆွေးစသည်တို့ကြောင့် မြေဆီလည်းတိုးပွား၏။ ထို့ကြောင့် "သစ်ပင်စိုက်ပျိုး မြေဆီတိုးသည်"ဟု အဆိုရှိပါ၏။ သစ်ရိပ်ဝါးရိပ်ရသဖြင့် အပူရှိန်လျော့နည်းကာ မိုးရွာခြင်းကိုလည်း ဖြစ်စေနိုင်သဖြင့် လယ်ယာကိုင်းကျွန်းများ ဖြစ်ထွန်းနိုင်၏။ လယ်ယာကိုင်းကျွန်းများ ဖြစ်ထွန်းမှ ဆန်ရေစပါး ပေါများ၍ တိုင်သူပြည်သားများ အာဟာရပြည့်ဝမည် ဖြစ်၏။ အာဟာရပြည့်ဝပါမှ ရောဂါကင်းမည် ဖြစ်ပါသည်။ ဤသို့ အကျိုးတရား အဆက်ဆက် တိုးပွားနိုင်သောကြောင့် သစ်ပင်များကို စိုက်ပျိုးသင့်လှ၏။

သစ်ပင်များမရှိပါက မိုးနည်းမည် ဖြစ်သည်။ မိုးနည်းပါက ကောက်ပဲသီးနှံများ ညှိုးနွမ်းမည် ဖြစ်၏။ ထို့ကြောင့် "တောတောင်ခြောက်ခန်းလယ်ယာနွမ်း၏"ဟု ဆိုရိုးပြုကြ၏။ တောတောင်မခြောက်စေရန် လက်ရှိသစ်ပင် များကို မျိုးမပြုံးအောင် စောင့်ရှောက်သင့်လှ၏။ အင်္ဂလိပ်လက်အောက် ကိုလိုနီခေတ်က သစ်ပင်များ ခုတ်သဖြင့် ပုပွါးတောင်မကြီးတွင် ကိုးဆယ့်ကိုး နေရာ ရေထွက်စမ်းများ ပျောက်ကွယ်သွားခဲ့၍ လွတ်လပ်ရေးရလာသော အခါတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်း၊ သစ်ပင်မခုတ်ရ အမိန့်ထုတ်ကာကွယ်ခဲ့ခြင်းကြောင့် ရေထွက်စမ်း ၉၉–ခု ပြန်ပေါ်လာ၍

ကျောက်ပန်းတောင်းနယ်မှာ စိမ်းလန်းစိုပြည်ခဲ့ရသည်ဟု ကြားဖူးပါ၏။ ထို့ကြောင့်ပင် "ဥတုရာသီ တောကိုမှီ"ဟု ဆိုခဲ့ကြခြင်း ဖြစ်ပါသည်။

ပင်လယ်ကသစ်ပင်

မဃလုလင်သည် သုဓမ္မာဇရပ် ဆောက်လုပ်လှူဒါန်းပြီးသောအခါ ဇရပ်ကြီးနှင့်မနီးလွန်း မဝေးလွန်းသောနေရာ၌ ပင်လယ်ကသစ်ပင်ကြီးကို စိုက်ပျိုး၍ လှူဒါန်း၏။ မောပန်းလာသူများ သစ်ပင်ရိပ်ခိုကာ အပန်းဖြေရန် ဖြစ်၏။ ဤကဲ့သို့ မဃလုလင်သည် ပင်လယ်ကသစ်ပင် စိုက်ပျိုးလှူဒါန်းခဲ့သော ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ ထက်ဝန်းကျင် ယူဇနာသုံးရာ ကျယ်ဝန်း၍ အမြင့်ယူဇနာတစ်ရာရှိသော ပင်လယ်ကသစ်ပင်ကြီး၏ အရင်း၌ ပဇ္ဇာကမွှလာ မြကျောက်ဖျာပေါ်၌ နတ်အပေါင်းဝန်းရံလျက် စံစားရလေသည်။

တံတားအလှူရှင်

လမ်းပန်းအသွားအလာ ခက်ခဲသော ချောင်း, မြောင်း, မြစ် စသည်တို့၌ အသွားအလာလွယ်ကူစေရန် မြောင်းကူးတံတား၊ ချောင်းကူး တံတား၊ မြစ်ကူးတံတားများကို ဆောက်လုပ်လှူဒါန်းသည်။ ထိုသို့ တံတားများ ဆောက်လုပ်လှူဒါန်းမှုကြောင့် အများပြည်သူများ ခရီးသွားရာတွင် အဆင်ပြေချောမွေ့ခြင်း လျင်မြန်ခြင်းအကျိုး ခံစားရ၏။ တံတားဆောက်လုပ်ပေးသဖြင့် ယခင်တစ်ညအိပ် သွားရသောခရီးကို နေ့ချင်းပြန်သွားနိုင်၍ အချိန်ကုန်သက်သာ၏၊ လူသက်သာ၏။ မီးရထား ကားများလည်း ကွေ့ကောက်လှည့်ပတ်နေစရာမလိုသဖြင့် ဆီအကုန် သက်သာ၏။ သစ်သီးဝလံများသယ်ယူရာမှာလည်း ခရီးကြံ့ကြာမှုမရှိ အမြန်ရောက်ရှိသဖြင့် စားသုံးသူများ လတ်လတ်ဆပ်ဆပ် စားသုံးရသောကြောင့် အာဟာရဓာတ်ပြည့်ဝကြွယ်ဝနိုင်၏။ အာဟာရဓာတ် ပြည့်စုံပါက ကိုယ်ခံအားကောင်းပြီး ရောဂါဝေဒနာများ မဝင်ရောက်နိုင်ချေ။ ရောဂါဝေဒနာကင်းရှင်းသဖြင့် မိမိ၏မိသားစုပျော်ရွှင်စွာနေထိုင်နိုင်၏။ ဤသို့တံတားများ ဆောက်လုပ်လှူဒါန်းသဖြင့် အဆက်ဆက်သော အကျိုးတရားများကို ရရှိခံစားနိုင်ကြပါသည်။

ဘုရားအစ တံတားခင်းရာမှ

ကျွန်ုပ်တို့၏ ဂေါတမဘုရားရှင်သည် သုမေဓာရှင်ရသေ့ဘဝက ဒီပင်္ကရာမြတ်စွာဘုရားနှင့် သံဃာတော်များ ဆွမ်းခံကြွရာ လမ်းခရီးကို ပြုပြင်လေသည်၊ ပြင်၍မပြီးမီ ဘုရားရှင်ကြွတော်မူလာသဖြင့် မိမိကိုယ်ကို တံတားခင်း၍ လှူဒါန်းပြီး ဘုရားဆုကို တောင်းသည်။ ဒီပင်္ကရာမြတ်စွာဘုရားကလည်း အနာဂတ်သဉ္ဇာဏ်တော်ဖြင့် ကြည့်ရှုတော်မူပြီး ဤကမ္ဘာမှ နောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့ပါသည်။ မိန့်ကြားတော်မူသည့်အတိုင်း ဤဘဒ္ဒကမ္ဘာတွင် ကျွန်ုပ်တို့၏ကိုးကွယ်ရာ ဂေါတမမြတ်စွာဘုရားဖြစ်လာ၏။ ထို့ကြောင့် "ဘုရားအစက တံတားခင်းရာမှ" ဟုလည်း ဆိုစမှတ်ပြုကြသည်။

တံတားလှူရကျိုး

တံတားခင်း၍ လှူဒါန်းသောအလှူရှင်သည် အောက်ပါအကျိုး (၁၀)မျိုးကို ရရှိနိုင်ပါသည်။

၁။ ချောက် ကမ်းပါး တောင် သစ်ပင်များပေါ်မှ ချွတ်ချော်ကျခဲ့သော် ထောက်တည်ရာတစ်ခုခုရနိုင်ခြင်း၊ စုတေခဲ့သော် သုဂတိဘဝကိုရရှိနိုင်ခြင်း၊
၂။ ရန်သူတို့က မနှိပ်စက်နိုင်ခြင်း၊
၃။ ခိုးသူတို့က မနှိပ်စက်နိုင်ခြင်း၊
၄။ ဘုရင်မင်းတို့က မထိမဲ့မြင် မပြုခြင်း၊
၅။ ဘေးရန်ခပ်သိမ်းတို့ကို လွန်မြောက်နိုင်ခြင်း၊
၆။ လွင်တီးခေါင်၌ နေစေကာမူ ပြင်းပြသောနေပူက မနှိပ်စက်နိုင်ခြင်း။
၇။ နတ်ပြည်၌ဖြစ်စေ လူ့ပြည်၌ဖြစ်စေ လိုအပ်သောအခါ ကောင်းစွာ ဖန်ဆင်းအပ်သော ဆင်ယာဉ် ပေါ်လာနိုင်ခြင်း၊
၈။ လေကဲ့သို့လျင်မြန်သော သိန္ဓောမြင်းယာဉ်ရရှိနိုင်ခြင်း၊
၉။ ဆင်ပျံရတနာဖြင့် ကောင်းကင်ပျံသန်းသွားလာနိုင်ခြင်း၊
၁၀။ အသဝေါကုန်ခန်းရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံရခြင်း။

သောက်ရေအလှူရှင်

ထမင်းအသက် (၇)ရက်၊ ရေအသက် တစ်မနက်ဆိုသကဲ့သို့ ထမင်းကို (၇)ရက်မစား၊ ဘဲ နေနိုင်သော်လည်း ရေကိုမူကား တစ်မနက် မသောက်ရလျှင် မနေနိုင်၊ တန်ဖိုးမဖြတ်နိုင်သော စိန်ရွှေရတနာများသည် ရေရှား၊ ပါး၊ သော သဲကန္တာရခရီးတွင် လူ၏အသက်ကို မကယ်တင်နိုင်၊ ရေတစ်ခွက်သည်သာ လူ၏အသက်ကို ကယ်တင်နိုင်ပေသည်။ ထို့ကြောင့်ရေကို လှူဒါန်းခြင်းသည် အသက်ကို လှူဒါန်းသည်နှင့်တူ၏။

ရေသည် ခန္ဓာကိုယ်ပြင်ပတွင် စွန်းပေနေသော အညစ်အကြေးမှန်သမျှကို စင်ကြယ်အောင် ဆေးကြောပေးနိုင်သကဲ့သို့ ရေလှူဒါန်းခြင်း၊ ဟူသော ကုသိုလ် စေတနာသည် ခန္ဓာကိုယ်တွင်း၌ ကိလေသာအညစ်အကြေးအား လုံး၊ ကို စင်ကြယ်စေနိုင်သည်။

အပဒါန်ပါဠိတော်၌ ရေလှူဒါန်းခဲ့သော အလှူရှင်များအကြောင်း၊ ကို အောက်ပါအတိုင်း တွေ့ရှိနိုင်ပါသည်။

ဥဒကဒါယကမထေရ်သည် ပဒုမုတ္တရမြတ်စွာဘုရားလက်ထက်က ရဟန်းသံဃာတော်များအား ကြည်ညိုလျှက် သောက်ရေသုံးရေတို့ကို လှူဒါန်း ခဲ့သည်။ ယင်းအလှူကြောင့် ဂေါတမဘုရားလက်ထက်တော်၌ ရဟန္တာ အဖြစ်သို့ရောက်ရသည်။

ဥဒကဒါယိကာထေရီမအလောင်းသည် ဂေါတမမြတ်စွာဘုရား မပွင့်မီ ကိုးဆယ့်တစ်ကမ္ဘာအထက်၌ ဝိပဿီမြတ်စွာဘုရားပွင့်တော်မူသောအခါက ဗန္ဓုမတီမည်သော ပြည်တွင် ရေခပ်အလုပ်ဖြင့် အသက်မွေးမြူရသော သူဆင်းရဲမတစ်ယောက်ဖြစ်ခဲ့၏။ ထိုသူဆင်းရဲမသည် ဗန္ဓုမတီမြို့၌ သူဌေးသူကြွယ်မှူးမတ် အိမ်ရှေ့မင်း ပြည့်ရှင်မင်းတို့ သူ့ထက်ငါသာအောင် အလှူဒါနပြုကြသည်ကို မြင်တွေ့ရသောအခါ "သူတကာတွေမှာတော့ ပစ္စည်းဥစ္စာပြည့်စုံသဖြင့် အလှူဒါနအမျိုးမျိုး သူ့ထက်ငါ သာအောင် ပြုနိုင်ကြ ပေ၏။ ငါ့မှာတော့ လှူစရာမရှိ၍ အမှတ်မဲ့နေခဲ့သော် မလှူလို့မရှိ၊ မရှိလို့မလှူ နောင်ဘဝသံသရာမှာလည်း သည်မျှမက ဆင်းရဲဒုက္ခတွေ့ကြုံ ရတော့မည်ဟု"

စဉ်းစားလျက် ရေပုံးကိုယူ၍ မြစ်မှရေကို ထမ်းပြီး ကျောင်းတိုင်း ကျောင်းဝိုင်း သောက်ရေသုံးရေတို့ကို အဆက်မပြတ်လှူဒါန်းခဲ့၏။ ထိုကုသိုလ်၏ အကျိုးဆက်ကြောင့် ဤဘုရားလက်ထက်တော်၌ ရဟန္တာထေရိမ တစ်ပါးဖြစ်၍ ပရိနိဗ္ဗာန်စံဝင်ရလေသည်။

ရေကိုလှူဒါန်းသူသည် အောက်ဖော်ပြပါအကျိုးထူး (၇) ပါးကို ရရှိနိုင်သည်။

၁။ သိကြားမင်းအဖြစ် အကြိမ်များစွာ ရရှိခြင်း၊
၂။ စကြဝတေးမင်းအဖြစ် အကြိမ်များစွာ ရရှိခြင်း၊
၃။ အပါယ်လေးပါးသို့ တစ်ကြိမ်တစ်ခါမျှ မရောက်ရခြင်း၊
၄။ ရောက်လေရာရာ အရပ်ရပ်၌ ရေမရှားခြင်း၊
၅။ ရောဂါကင်း၍ အဆင်းလှခြင်း၊
၆။ ဆောင်းရာသီ၊ နွေရာသီများ၌ ထိုကုသိုလ်ရှင် တောင့်တပါက ကြိုးစွာသော မိုးကို ရွာသွန်းစေနိုင်ခြင်း၊
၇။ ကိလေသာ မြူအညစ်အကြေး ကင်းစင်ခြင်း။

ထို့ပြင် ရေအကျိုး (၁၀)ပါးကိုလည်း ဖော်ပြအပ်ပါသည်။

၁။ သန့်ရှင်းကြည်လင်ခြင်း၊
၂။ ကျော်စောထင်ရှားခြင်း၊
၃။ အခြံအရံပေါများခြင်း၊
၄။ လျင်မြန်ဖြတ်လတ် သွက်လက်ပေါ့ပါးခြင်း၊
၅။ မွတ်သိပ်မှုကင်းခြင်း၊
၆။ အသက်ရှည်ခြင်း၊
၇။ အဆင်းလှခြင်း၊
၈။ ချမ်းသာကြီးခြင်း၊
၉။ ခွန်အားကြီးခြင်း၊
၁၀။ ပညာဉာဏ်ကြီးမားခြင်း။

ဆည်မြောင်း, တာတမံ, ရေတွင်းရေကန်အလှူရှင်

ဆည်မြောင်းတာတမံ ရေတွင်းရေကန်များပြုလုပ်လှူဒါန်းခြင်းကြောင့် ထိုဆည်မြောင်းတာတမံ ရေလှောင်ကန် စသည်တို့မှ ရေများသောက်သုံးရသဖြင့် ကောက်ပဲသီးနှံများ အဆိုသြဇာပြည့်စုံ အောင်မြင်နိုင်သည်။ ကောက်ပဲသီးနှံများကို အထွက်တိုးစေနိုင်၏။ ကောက်ပဲသီးနှံများအထွက်တိုးက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်၏။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှ ပြည်သူပြည်သားများ လူနေမှုအဆင့်အတန်း မြင့်မားမည်ဖြစ်၏။ လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိုက်ပျိုးရေးသည် အဓိကဖြစ်၏။ စိုက်ပျိုးရေးမှာလည်း ရေသည်မရှိမဖြစ်သဖြင့် ဆည်မြောင်းတာတမံများ ရေလှောင်ကန်များ များစွာလိုအပ်ပါသည်။ သို့မှသာ မိမိတို့စိုက်ပျိုးအပ်သော ကောက်ပဲသီးနှံများ အောင်မြင်မည်ဖြစ်၏။ တောတောင်များ စိမ်းလန်းစိုပြည်မည်ဖြစ်၏။ ရေပိုးရေမွှား ရေသတ္တဝါများ ပေါက်ပွားမည်၊ ကျွဲနွားတိရစ္ဆာန် စသည်တို့ များပြားတိုးပွားလာမည်ဖြစ်သည်။

ဆည်မြောင်းတာတမံ ရေလှောင်ကန်များ ပြုလုပ်လှူဒါန်းသူများမှာ ယခုဘဝအကျိုးများသာမက နောင်သံသရာမှာလည်း ကောင်းရာသုဂတိသို့ ရောက်စေနိုင်၏။ ထို့ကြောင့် ဆည်မြောင်း တာတမံ ရေလှောင်ကန်များ ဆည်ဖို့သည့်အခါ တူးဖေါ်သည့်အခါနှင့် ကြုံကြိုက်ပါက လုပ်အားဒါန ကြိုးစားအားထုတ် ပြုလုပ်လှူဒါန်းသင့်ကြပါသည်။

နန္ဒာရေကန်

မဃလုလင်၏ ဇနီးမယားလေးယောက်အနက် သုနန္ဒာသည် ဤသို့ကြံ၏" သုစိတ္တာသည် သုဓမ္မာဇရပ်သို့ လာရောက်သူများ စိတ်ပင်ပန်းမှုပြေစေရန် ဇရပ်အနီး၌ အသီးအပွင့်တို့ဖြင့် ပြည့်စုံသော ဥယျာဉ်ကြီးကို ပြုလုပ်လှူဒါန်း၏။ ငါသည်လည်း ကောင်းမှုတစ်ခုပြုရန်သင့်ပေ၏ဟု ကြံပြီး သုဓမ္မာဇရပ်သို့ သွားလာကုန်သောသူတို့အား သောက်ရေ သုံးဆောင်ရေ ချိုးရေတို့ လိုအပ်ပေ၏။ ငါသည် သုဓမ္မာဇရပ်အနီး၌ ရေကန်ကြီးကို ပြုလုပ်လှူဒါန်းမည်"ဟု စိတ်ကူးပြီး ရေကန်ပြုလုပ်လှူဒါန်း၏။ ဇရပ်သို့

သွားလာကုန်သော သူများသည် သုနန္ဒာ၏ ရောကန်မှရေကို အလိုရှိတိုင်း သောက်သုံးရသဖြင့် ဝမ်းမြောက်ကြည်လင် ပျော်ရွှင်ကြကုန်၏။ သုနန္ဒာသည် ထိုဘဝမှ သေလွန်ပြီး တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ မိဖုရား သုနန္ဒာအမည်ရှိသော နတ်သမီးဖြစ်၏။ တာဝတိံသာနတ်ပြည်၌ သုနန္ဒာ၏ ရောကန်အကျယ်အဝန်းမှာ ယူဇနာ ငါးရာ ကျယ်ဝန်းကြောင်း ကျမ်းဂန်များ၌ ပြဆိုထား၏။

ဇရပ်တန်ဆောင်းဂူကျောင်းအလှူရှင်

မယလုလင်နှင့်အဖွဲ့သားတို့သည် မင်းပြစ်မင်းဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့် ရပြီးနောက် စုဝေး၍ အဘယ်သို့သောကုသိုလ်ကောင်းမှုကို ပြုလုပ်လျှင် ကောင်းမည်နည်း ဟု ဆွေးနွေးတိုင်ပင်ကြသည့်အခါ ငါတို့သည် ထာဝရကုသိုလ်လည်းဖြစ် အများအတွက် အကျိုးရှိမည်လည်းဖြစ်သော လမ်းဆုံလမ်းခွ၌ အခိုင်အမာ ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ်ကြကုန်အံ့။ အထူးပြောကြားလိုသည်မှာ ငါတို့၏ အိမ်ရှင်မများနှင့် ကုသိုလ်ကောင်းမှုအဖို့ ရေစက်မပါအောင် ဆောက်လုပ်ကြကုန်အံ့၊ အဘယ်ကြောင့်ဆိုသော် ငါတို့ကို သူခိုး လူဆိုးများဟု မကရားဖမ်း ဆောင်သည့်အခါ ငါတို့၏ အိမ်ရှင်မများတွင် အိမ်ရှင်မတစ်ယောက်မျှ ငါတို့လွတ်မြောက်ရန် မကြိုးစားခဲ့ကြဘဲ "အဖမ်းခံရတာပဲ ကောင်းတယ်" ဟု ဝမ်းမြောက်ဝမ်းသာပြောဆိုကြကုန်၏။ ထို့ကြောင့် အိမ်ရှင်မများအား ကုသိုလ်ကောင်းမှုအဖို့ဝေစုကို မပေးကြစတမ်းဟု သဘောတူတိုင်ပင်ဆုံးဖြတ် ကြပြီး ဇရပ်ကြီးတစ်ဆောင် ဆောက်လုပ်ကြကုန်၏။

မယားလိမ္မာ သုဓမ္မာ

မယလုလင်၏ အိမ်၌ မသုဇာ၊ မသုဓမ္မာ၊ မသုစိတ္တာ၊ မသုနန္ဒာ-ဟူသော မယားလေးယောက်ရှိ၏။ ထိုလေးယောက်တို့တွင် မသုဓမ္မာသည် လက်သမား ဆရာကြီးအား တောင်းပန်ပြောဆိုတိုင်ပင်ပြီး ဇရပ်ကြီး၏ အချက်အချာကျသော ယုပိကာကို ပြုလုပ်ထားပြီးလျှင် "သုဓမ္မာဇရပ်" ဟု ဈာတမ်းထွင်းစေပြီး အိမ်၌ သိမ်းဆည်းထား၏။

ဇရပ်ဆောက်လုပ် ပြီးခါနီးသောအခါ လက်သမား‌ဆရာကြီးက ဃလုလင်နှင့်အဖွဲ့.အား အမောင်တို့.–ဇရပ်ကြီး၏အချက်အချာကျသော ထုပိကာအထွတ် စိုက်ထူရန် သစ်သားကောင်းတခုအတွက် သတိမေ့ပြီး ရှာဖွေ မထား‌မိခဲ့ချေ၊ ယခုထိုသစ်သားကို ရှာပေးကြပါဟု ပြောကြား၏။ ယခုအချိန်ကျမှ ဘယ်မှာရှာလို့.ရနိုင်ပါမည်း‌နည်း‌ဟု ဃလုလင်နှင့်အဖွဲ့.က ပြောကြား‌သည့်အခါ လက်သမား‌ဆရာကြီးက အမောင်တို့ အိမ်ပေါက်စေ့လည့်လည်ရှာဖွေလျှင် သိမ်း‌ဆည်း‌ထား‌သော သစ်များရှာဖွေတွေ့.နိုင်ပါသည်ဟု ပြောသဖြင့် အိမ်ပေါက်စေ့လည့်လည် ရှာဖွေသောအခါ မသုဓမ္မာ၏အိမ်၌ တွေ့.ရ၍ ငွေပေး‌ဝယ်ယူကြ၏။ မသုဓမ္မာကား ငွေဖြင့်တန်ဖိုး‌ဖြတ်၍မရောင်း‌၊ ကုသိုလ်အဖို့.သာ ပါဝင်လိုကြောင်း ပြောကြား‌၏။ ဃလုလင်နှင့် အဖွဲ့.သား‌များ‌သည် ထိုသစ်သား‌ကို မယူဘဲ ပြန်သွား‌ကြ၏။

လက်သမား‌ဆရာကြီးက အမောင်တို့ ဘယ်လိုလဲ သစ်များ ရှာဖွေတွေ့.ရှိကြသလား‌ဟု မေး‌လျှင် မသုဓမ္မာ၏အိမ်၌ တွေ့.ရှိကြောင်း‌၊ အဖို့‌ငွေဖြင့် မရောင်း‌လိုကြောင်း ကုသိုလ်အဖို့.သာ ရလိုကြောင်း‌၊ ထို့ကြောင့်ပြန်လာကြောင်း ပြောလျှင် လက်သမား‌ဆရာကြီး‌က ငြမ်း‌ထက်မှာနေလျက် ကောင်း‌ကင်မော့ကြည့်ပြီး အမောင်တို့ ယနေ့.နက္ခတ်အချိန်အလွန်ကောင်း‌သည်။ သုဓမ္မာ၏သစ်သား‌ကို ယူဆောင်ခဲ့ကြပါ။ သင်တို့.ရဲ့.ကုသိုလ်ကောင်း‌မှု ဇရပ်ဆောက်လုပ်ရာ၌ သုဓမ္မာအား‌လည်း‌ တစ်ထောင့်တစ်နေရာမှကုသိုလ်ကောင်း‌မှုပါဝင်ပါစေဟု ပြောဆိုပြီး သစ်သား‌ကို ဆောင်ယူစေ၏။

သုဓမ္မာဇရပ်

မယုလုလင်နှင့် အဖွဲ့.သား‌တို့.သည် သုဓမ္မာအိမ်မှ သစ်သား‌ကို ဆောင်ယူကြပြီး သစ်သား‌ကိုဖုံး‌အုပ်ထား‌သောအဝတ်ကို ဖယ်ရှား‌လိုက်သည့်အခါ “သုဓမ္မာဇရပ်”ဟူသော စာတမ်း‌ကို တွေ့.မြင်ဖတ်ရှုရကုန်၏။ မယုလုလင်နှင့်အဖွဲ့.သား‌တို့.သည် အမောင်တို့ ဤထုပိကာကိုဖယ်ရှား‌ကြကုန်လော့၊ ငါတို့.သည်အစမှအဆုံး‌တိုင် ဇရပ်ကိုဆောက်လုပ်ခဲ့ကြပါလျက် ’ အမည်ကို

မျှလည်း မရရှိခဲ့။ ဤသုဓမ္မာသည် တစ်ထောင်မျှလောက်သာ တန်ဖိုးရှိသော ဤအထွတ်သစ်သားဖြင့် ဇရပ်တစ်ဆောင်လုံးကို မိမိအမည်ဖြင့် ခေါ်တွင် ရလေအောင် ပြုလုပ်၏ဟု ပြောဆိုနေစဉ် လက်သမားဆရာကြီးက သုဓမ္မာ၏ အထွတ်သစ်သားကို အပြီးအစီး တပ်ဆင်ကာ ဇရပ်ဆောက်လုပ်မှုကို အပြီးသတ်လိုက်၏။

သုဓမ္မာအမျိုးသမီးသည် ဇရပ်ကြီး၏ အဓိကအချက်ကျသော ထုပိကာအထွက် သစ်သားလှူဒါန်းခဲ့ဖူးသောကောင်းမှုကုသိုလ်ကံကြောင့် ယူဇနာသုံးရာကျယ်ဝန်းသော သုဓမ္မာနတ်သဘင် တရားခမ်းမဆောင်ကြီး ထင်ရှားဖြစ်ပေါ်လာ၏။ ယခုတိုင် တာဝတိံသာနတ်ပြည်၌ သုဓမ္မာနတ်သဘင်ဟု ထင်ရှားရှိနေပါ၏။

ဝေဇယန္တာဘုံနန်း

မဃလုလင်နှင့်အဖွဲ့သား များသည် လှူဖြစ်စဉ်အခါက ဇရပ်ဆောက်လုပ်၍ လှူခဲ့ဖူးသောကောင်းမှုစေတနာ၏ အကျိုးဆက်ကြောင့် တာဝတိံသာနတ်ပြည်၏ အလယ်၌ ယူဇနာသုံးရာအမြင့်ရှိသော တံခွန်တို့ဖြင့် တန်ဆာဆင်အပ်သော ယူဇနာခုနစ်ရာအမြင့်ရှိသော ဝေဇယန္တာအမည်ရှိ ဘုံနန်းကြီးသာဒိ ပေါ်ပေါက်လာ၏။ ရွှေဖြင့်ပြီးသော တံခွန်တိုင်တို့၌ ရွှေတံခွန်ရွက်၊ သန္လာဖြင့်ပြီးကုန်သော တံခွန်တိုင်တို့၌ ပုလဲတံခွန်ရွက်၊ ပုလဲဖြင့်ပြီးကုန်သော တံခွန်တိုင်တို့၌ သန္လာတံခွန်ရွက်၊ ရတနာခုနစ်ပါးတို့ဖြင့် ပြီသော တံခွန်တိုင်တို့၌ ရတနာခုနစ်ပါးဖြင့်ပြီးသော တံခွန်ရွက်တို့ဖြစ်ကုန်၏။ တံခွန်တိုင်တို့၏ အလယ်၌ စိုက်ထားအပ်သော တံခွန်သည် ယူဇနာသုံးရာ အမြင့်ရှိ၏။

ဤသို့မဃလုလင်နှင့်အဖွဲ့သား များသည် တံခွန်နှင့်တကွ ဇရပ်ကို ဆောက်လုပ်၍လှူခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံ၏ အာနိသံသ အကျိုးဆက်ကြောင့် ရတနာမုနစ်ပါးတို့ဖြင့်ပြီးသော ယူဇနာတစ်ထောင်မြင့်သည့် ဝေဇယန္တာဘုံနန်းကြာသာဒိ၌ သိကြားမင်းအဖြစ်ဖြင့် ယနေ့တိုင် စံစားကြရလေသည်။

ကိုယ်လုပ်မှ ကိုယ်ရ

ထိုသို့မယလုလင်၏ မိသား:စုများ:အနေဖြင့် မယလုလင်သည် အပန်:ဖြေသုဓမ္မာဇရပ်အနီး:၌ ပင်လယ်ကသစ်ပင်ကို စိုက်ပျိုး:လျှဒါန်:ပြီး: ထိုပင်လယ်ကသစ်ပင်ရင်း:၌ ကျောက်ဖျာကြီး:ကိုလည်း: ခင်း:ထား:၏။

သုနန္ဒာမည်သော အိမ်ရှင်မသည် ဇရပ်ကြီး:အနီး:၌ ရေကန်ကြီး:ကို ပြုလုပ်လျှဒါန်း:၏။

သုစိတ္တာမည်သော အိမ်ရှင်မသည် ဇရပ်ကြီး:အနီး:၌ သီး:ပွင့်မျိုး:စုံ ဥယျာဉ်ကြီး:ကို ပြုလုပ်လျှဒါန်း:၏။

သုဓမ္မာမည်သော အိမ်ရှင်မသည် ဇရပ်ကြီး:၏ အဓိကအချက်ဖြစ်သော ထုပိကာ အထွတ်သစ်သား:တိုင်ကို ကမ္ဘည်း:ထိုး:လျှဒါန်း:၏။

ဤသို့မယလုလင်၏ ဇနီး:မယား: အငယ်သုံး:ယောက်တို့မှာ မိမိတို့ စိတ်ကူး:ဉာဏ်စွမ်း:ဖြင့် မယလုလင်၏ ကုသိုလ်တွင် အတူပါဝင်စေရန် ကောင်း:မှုကိုယ်စီပြုလုပ်ကြသော်လည်း: ဇနီး:အကြီး:ဆုံး:ဖြစ်သော သုဇာ အိမ်ရှင်မမှာမူ ဖြီး:လိုက် လိမ်း:လိုက်နှင့် မိမိကိုယ်ခန္ဓာကိုသာ အလှပြုပြင်နေ၏။ မယလုလင်သည် မယား:ကြီး: သုဇာကို အောက်ပါအတိုင်း: ပြောဆိုဆုံး:မ၏။

"ရှင်မသုဇာ --- သုဓမ္မာအိမ်ရှင်မသည် အပန်:ဖြေဇရပ်ကြီး:အတွက် ကောင်း:မှုအဖို့ပေစုရသူဖြစ်ခဲ့လေပြီ၊ နန္ဒာအိမ်ရှင်မသည်လည်း ရေကန်:ကြီး: ကို တူး:ဖော်လျှဒါန်း:လေပြီ၊ စိတ္တာအိမ်ရှင်မသည် ပန်:ဥယျာဉ်ကြီး:ကို စိုက်ပျိုး: လျှဒါန်း:ခဲ့လေပြီ။ သင့်မှာမူကား: ကုသိုလ်ကောင်း:မှုဟူ၍ ဘာတစ်ခု မျှမရှိချေ။ ကောင်း:မှုကုသိုလ်တစ်ခုခုကို ပြုပါလော့"ဟု တိုက်တွန်း: ပြောကြား:လေ၏။

သုဇာအိမ်ရှင်မသည် "အိုအရှင်-အရှင်ပြုအပ်သော ကောင်း:မှုသည် အိမ်ရှင်မဖြစ်သော ကျွန်မ၏ကောင်း:မှုပင်ဖြစ်သည်မဟုတ်ပါလော"ဟု ပြောဆိုပြီး: မိမိကိုယ်ကိုသာ အလှပြင်နေလေ၏။

ထာဝရဒါနရှင်များ၏နောင်ဘဝ

မဃလုလင်သည် အသက်အတိုင်းနေ၍ ထိုဘဝမှ စုတေသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်လေ၏။ မဃလုလင်၏ အဖွဲ့သားများလည်း ထိုတာဝတိံသာနတ်ပြည်၌ပင် သိကြားမင်း၏ အပေါင်းအဖော်များဖြစ်ကြကုန်၏။ မဃလုလင်၏ဇနီး သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာတို့သည် ထိုဘဝမှစုတေကြသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း၏ နတ်မိဖုရားများဖြစ်ကြလေ၏။ အိမ်ရှင်မသုဇာမှာမူကား မဃလုလင်၏စကားကို နားမထောင်ဘဲ ကုသိုလ်ကောင်းမှုဘာတစ်ခုမျှမပြု မိမိကိုယ်ကိုသာ အလှပြင်နေသောကြောင့် ထိုဘဝမှ သေလွန်ခဲ့သော် တောင်ကြားတစ်ခု၌ ဗျိုင်းအောက်မလေးဖြစ်နေလေ၏။

ထို့ကြောင့် မည်သူမဆို ဤထာဝရဒါနကုသိုလ်ခြောက်မျိုးကို အားထုတ်ပြုလုပ်သင့်ကြလှပေ၏။ အချုပ်အားဖြင့် ဆိုရသော် ဤထာဝရဒါန ခြောက်မျိုးသည် မိမိသာမက မိမိ၏အမျိုးအနွယ်၊ မိမိလူမျိုး၊ မိမိတိုင်းပြည်မှအစ ကမ္ဘာသူကမ္ဘာသားအားလုံးအတွက် ပစ္စုပ္ပန်မျက်မှောက်ဘဝ၌ပင် ကောင်းသော အကျိုးတရားများကို ရရှိခံစားရနိုင်သောကြောင့် လူတိုင်း လူတိုင်း ပြုလုပ်သင့်ကြပေသတည်း။

အဓိပ္ပာယ်။ (၅) ပြီး၏။

အခန်း (၆)
ဆုတောင်းခန်း

နိဗ္ဗာန်ဆောင့်တမြတ်ဒါန

နည်းများမဟူ မည်သည့်အလှူဝတ္ထုပစ္စည်းမျိုးကို လှူသည်ဖြစ်စေ နိဗ္ဗာန်ကို ရည်မှန်းတောင့်တ၍သာ လှူဒါန်းရမည်ဖြစ်သည်။ ထိုကဲ့သို့ နိဗ္ဗာန်ကို ရည်မှန်း တောင့်တ၍ လှူဒါန်းသော အလှူမျိုးမှသာ မြတ်သော ဒါနဖြစ်၏။ လူချမ်းသာ နတ်ချမ်းသာ အစရှိသော ဆုများသည် ခရီးလမ်းတစ်ခု၏ ကြားဘူတာများနှင့် တူ၏။ ဥပမာအားဖြင့် ရန်ကုန်မှ မန္တလေးသို့ သွားလို၍ မန္တလေးဘူတာအထိ မီးရထားလက်မှတ်ဝယ်ယူ၍ စီးသွားသောသူသည် ဆိုင်ရာဆိုင်ရာ ပဲခူး တောင်ငူ ပျဉ်းမနား စသော ကြားဘူတာများသို့ မလွဲမသွေ ရောက်ရှိဦးမည်ဖြစ်၏။ နောက်ဆုံးတွင် မန္တလေးသို့ ရောက်ပေမည်။ ထို့အတူ နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းသော ဒါနကုသသိုလ်ရှင်သည် နိဗ္ဗာန်မရောက်မီစပ်ကြား လူချမ်းသာ နတ်ချမ်းသာ အစရှိသော စည်းစိမ်ချမ်းသာများကို မလွဲမသွေ ခံစားရဦးမည်သာ ဖြစ်၏။ နောက်ဆုံးတွင်ကား နိဗ္ဗာန်သို့ ရောက်ရပေမည်။

ထိုကဲ့သို့ နိဗ္ဗာန်ကို ရည်မှန်းတောင့်တ၍ လှူဒါန်းသော အလှူမျိုးကို ဝိဝဋ္ဋနိဿိတဒါန (ဝဋ်ဆင်းရဲမှ ကင်းလွတ်ရန် ရည်ရွယ် လှူဒါန်းသော ဒါန) ဟု ခေါ်ဆိုရ၏။ လူချမ်းသာ နတ်ချမ်းသာမျှကိုသာ ရည်ရွယ်လှူဒါန်းသော အလှူမျိုးကား သံသရာဝဋ်၌ တစ်ဝဲလည်လည် ဖြစ်ခြင်းကို အမှီပြုသောကြောင့် ဝဋ္ဋနိဿိတဒါနဟု ခေါ်ဆိုရပေမည်။

ဝိဝဋ္ဋနိဿိတဒါနဖြစ်အောင် လှူဒါန်းနည်းမှာ အလှူပေး၊ အလှူခံ၊ လှူဖွယ်ဝတ္ထုဟူသော အချက်သုံးချက်ကို လက္ခဏာရေးသုံးချက်တင်၍ ဆင်ခြင်ရမည်။ အလှူပေးပုဂ္ဂိုလ်ဖြစ်သော မိမိသည် ပညတ်အားဖြင့် မောင်ဖြူ မောင်မဲ စသည် အမည်ရှိသော်လည်း ပရမတ်အချုပ်အားဖြင့် ရုပ်နာမ်နှစ်ပါးသာ

ရှိ၏။ ထိုရုပ်နာမ်နှစ်ပါးသည်လည်း မမြဲခြင်း (အနိစ္စ)၊ ဆင်းရဲခြင်း (ဒုက္ခ)၊ အစိုးမရခြင်း (အနတ္တ) ဟူသော လက္ခဏာရေး သုံးရပ်မှ ပြေး၍ မလွတ်၊ ထိုလက္ခဏာရေးသုံးရပ်ကို ထင်အောင် ဆင်ခြင်ရ၏။ လှူဖွယ်ဝတ္ထုဖြစ်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး စသည်တို့သည် ပညတ်အနေအားဖြင့် အမည်အမျိုးမျိုးရှိသော်လည်း ပရမတ်အားဖြင့် ရုပ်တရား၊ ရုပ်အစုမျှသာ ဖြစ်၏။ ထိုရုပ်တရား၊ ရုပ်အစုသည်လည်း ဖော်ပြခဲ့ပြီးသော လက္ခဏာရေးသုံးပါးမှ မလွတ်။ အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးယောက်တို့တွင် မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ ပရမတ်အားဖြင့် ရုပ်နာမ်နှစ်ပါးမျှသာဖြစ်၏။ ရုပ်နာမ်မှန်လျှင် လက္ခဏာရေးသုံးပါး၌ အကျုံးဝင်၍ လက္ခဏာရေးသုံးပါး တင်ပြီး လှူဒါန်းရာ၏။

ထိုကဲ့သို့ အလှူပေး၊ အလှူခံ၊ လှူဖွယ်ဝတ္ထုတို့၏အပေါ်၌ လက္ခဏာရေးသုံးပါး ထင်မြင်အောင် ဆင်ခြင်၍ နိဗ္ဗာန်ကို ရည်မှန်းလျက် လှူဒါန်းပါမှ ဝိဝဋ္ဌနိဿိတဒါန စစ်စစ်ဖြစ်နိုင်ပေသည်။

ကောင်းမှုကုသိုလ် ဆိုရာ၌ ဆုတောင်းမှုကို ပြည့်စုံစေနိုင်သော ကောင်းမှုကုသိုလ်မျိုးမှာ "သိလရှိသူသည် စင်ကြယ်သူဖြစ်သောကြောင့် မိမိတောင့်တသည့်အတိုင်း ပြည့်စုံရ၏" ဟု ဘုရားရှင် မိန့်မြွက်တော်မူသောကြောင့် သိလစောင့်ထိန်းမှုရှိသူ၏ကောင်းမှုကုသိုလ်သည်သာ လိုရာအကျိုးကို ပေးနိုင်ပါသည်။ (မ-၁၊ ၃၅၄။ အံ-၃၊ ၇၀-၂။)

ဤတွင် သိလကို သမာဓိ (စိတ်တည်ကြည်မှု)နှင့် ပညာ(ထိုးထွင်း၍ သိမြင်မှု) နှစ်ပါးတို့ဖြင့် အဆင့်ဆင့် မွန်းထုံပေးနိုင်ပါမူကား ဆိုဖွယ်ရာ မရှိ၊ သာ၍ပင် ပြီးပြည့်စုံနိုင်ပါသည်။

သမထ, ဝိပဿနာတရား ပွားများအားထုတ်နေသော ယောဂီသူတော်စင်တို့၏ ဆုတောင်းခြင်းမှာ ပို၍ပင် မြင့်မြတ်စင်ကြယ်ကြ၏။ တွယ်တာမှုကင်းသော သိလဖြစ်၍ "လိုတိုင်း ရ၊ တတိုင်း ပြည့်" ဖြစ်နိုင်ကြသည် ဟု ဆိုလိုပါသည်။

သေသူကိုနတ်ပြည်ရောက်အောင် ဆုတောင်းပေးနိုင်ပါသလား

ဆုတောင်းခြင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ "ဆုတောင်းခြင်း" ၌ ဆုပေးမည့်သူမှာ ဖန်ဆင်းရှင်၊ တန်ခိုးရှင်ဟူ၍ သီးခြား မရှိပါ။ မိမိလိုအပ်သမျှကို မိမိဘာသာ ဖန်ဆင်း၍ ရယူနိုင်ပါသည်။ မြတ်စွာဘုရားရှင် အနေဖြင့်ကား မိမိကို မိမိ လိုအပ်သလို ဖန်ဆင်းနိုင်ရန် နည်းလမ်းများကိုသာ ညွှန်ပြပေးတော်မူပါသည်။

အရာရာကို ဘုရားရှင်ကသာ ဖန်ဆင်းပေးသည်ဟု ယုံကြည်ယူဆသူတို့၏ "ဆုတောင်းခြင်း" ၌ကား ဆုပေးမည့်သူမှာ သီးခြားဖြစ်၍ ဖန်ဆင်းရှင် ဘုရားသခင်ဟူ၍ရှိ၏။ မိမိဘာသာ မိမိအလိုကျ ဖန်ဆင်းရယူနိုင်ခြင်း မရှိ၊ ဖန်ဆင်းရှင် ဘုရားသခင်က ဖန်ဆင်းပေးမှသာ ရနိုင်သောကြောင့် ဘုရားထံ အသနားခံ၍ တောင်းယူကြရပါသည်။

ဤ၌ မိမိလိုရာဆုကို ဘုရားရှင်က ပေး၍ ရနိုင် မရနိုင်ဟူသော ပြဿနာနှင့် စပ်၍ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် မိန့်မြွက်ဖြကြားတော်မူသည်မှာ လွန်စွာလေးနက်၍ မှတ်သားနာယူဖွယ်ကောင်းလှပါသည်။

> အသိဗန္ဓကဏ်သား ရွာသူကြီးတစ်ဦးက "မြတ်စွာဘုရား၊ ဗြာဟ္မဏ ဆရာကြီးတို့သည် သေသွားသူကို နတ်ပြည်ရောက်အောင် ဆုတောင်း ပေးနိုင်ပါသည်။ အရှင်ဘုရားကော ထိုသို့ပြုလုပ် ပေးနိုင်ပါသလား" ဟု လျှောက်ထား၏။
>
> ထိုအခါ မြတ်စွာဘုရားက မိန့်ကြားတော်မူသည်မှာ-
> ပါဏာတိပါတ စသော ဒုစရိုက်မှုများကိုပြုလုပ်ပြီးနောက် သေသွားသူအတွက် လူအများစုပေါင်း၍ နတ်ပြည်ရောက်ပါစေဟု ဆုတောင်းပေးသော်လည်း ရေခဲမြှုပ်နေသော ကျောက်ခဲကို ကမ်းပေါ်တက်လာပါစေဟု ဆုတောင်း၍ မရနိုင်သကဲ့သို့ ဖြစ်ချေ၏။
>
> ကုသိုလ်ကောင်းမှုများ ပြုလုပ်ပြီးနောက် သေသွားသူ အတွက် "အပါယ်ကျပါစေ" ဟု ဝိုင်းဝန်းဆုတောင်းသော်လည်း ထောပတ်အိုး

ကို ရဋ္ဌရိုက်ခွဲလိုက်သောအခါ ရေပေါ်ဝဲတက်လာသော ထောပတ်ဆီများကို "နစ်မြုပ်ပါစေ"ဟု ဆုတောင်း၍ မရနိုင်သကဲ့သို့ပင်ဖြစ်သည်ဟု မိန့်တော်မူ၏။

(သံ-၂၊ အသီဗန္ဓကသုတ် ၄၉၈။)

ထို့ပြင် တန်ခိုးရှင်ဆိုသူကို ဆရာအစဉ်အဆက်ကပင် မြင်လည်းမမြင်ဖူး၊ မည်သည့်နေရာ၌ ရှိသည်ဟူ၍လည်း မသိပါဘဲလျက် ထိုတန်ခိုးရှင် နေရာဘုံဌာနသို့ ရောက်ရန် ကျင့်ကြံနေခြင်း၊ ဆုတောင်းနေခြင်း တို့သည် အောက်ပါဥပမာများနှင့် တူလေသည်။

မည်သည့်အရပ်၌ရှိ၍ မည်သည့်အမျိုးအနွယ်၊ မည်သည့်အမည်နာမရှိသည်၊ မည်မျှလုပသည်ဟု မသိမမြင်ဖူးသော (စိတ်ကူးယဉ်) အလှမယ်ကို လိုချင်တောင့်တနေသူနှင့်တူပေသည်။

မည်သည့်အရပ်၌ရှိ၍ မည်သို့ဆောက်လုပ်ထားသည်၊ မည်မျှနိမ့်သည်၊ မြင့်သည်ဟု မသိရသော တစ်ပင်တိုင်နန်းပြာသာဒ်ကြီးကို လှေကားထောင်ပြီး တက်ရန် လှေကား ပြုလုပ်နေသူနှင့်တူပေသည်။

ဟိုမှာဘက်၌ရှိသော မြစ်ကမ်းကို ဒီဘက်သို့လာခဲ့ပါ၊ ဒီဘက်သို့ ရောက်ပါစေဟု ဆုတောင်းနေသူနှင့် တူပေသည်ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ (ဒီ၊ ဘ၊ တေဝိဇ္ဇသုတ်၊ ၂၂၂။)

ယုံကြည်ချက် ဇွဲလုံ့လဖြင့် ဆန္ဒအင်အားမည်မျှပင် ကြီးမား ထက်သန်စေကာမူ မိမိဆန္ဒက ချမှတ်ပေးထားသော ပန်းတိုင်သည် အမှန်တကယ်ရှိသော ပန်းတိုင် မဟုတ်ပါက လိုအပ်သောအကျိုးကို မည်သည့်အခါမျှ ပြီးစီးစေနိုင်မည် မဟုတ်သည်ကို သတိပြုသင့်ပေသည်။

တောင်းသောဆုနှင့်တန်အောင်ပြု

လောက၌ တစ်ရာတန်ပစ္စည်းကိုလိုလျှင် တစ်ရာကျပ်ပေးရမည်။ တစ်ထောင်တန်ပစ္စည်းကိုလိုလျှင် တစ်ထောင်ကျပ်ပေးရမည်။ တန်ရာတန်ဖိုးပေးမှသာ မိမိလိုအပ်သော ပစ္စည်းကို ရနိုင်သကဲ့သို့ ဆုတောင်းရာ၌လည်း ဆုနှင့်တန်အောင် ကုသိုလ်ကောင်းမှုကို ပြုမှ လိုအပ်သောဆုကို ရနိုင်ပေမည်။

ငွေတစ်ပြားတစ်ကျပ်ပေးရုံမျှဖြင့် တစ်သိန်းတန်ရွေဖလားကို မရနိုင်သကဲ့သို့ အနည်းငယ်မပြောပလောက်သော ကောင်းမှုကုသိုလ်လေးပြုရုံမျှဖြင့်လည်း လိုအပ်သမျှဆုတွေတပုံကြီး တောင်းဆို၍ ရနိုင်ကြမည်မဟုတ်ပါ။

ဂေါတမဘုရားရှင်သည် မိမိတောင်းသော ဘုရားဆုနှင့်တန်အောင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီကောင်းမှု ကုသိုလ်စုတို့ကို ပြုလုပ်ဆည်းပူးတော်မူခဲ့ရသည်။ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့သည် မိမိတို့တောင်းသော အင်္ဂသာဝကဆုနှင့်တန်အောင် တစ်အသင်္ချေနှင့် ကမ္ဘာ တစ်သိန်းတိုင်တိုင် ပါရမီကောင်းမှုကုသိုလ်စုတို့ကို ပြုလုပ်ဆည်းပူးတော်မူခဲ့ရသည်။ မဟာသာဝကများဖြစ်ကြသော အရှင်မဟာကဿပ၊ အရှင်အာနန္ဒာမထေရ်၊ ထင်ရှားသော အမျိုးသမီးရဟန္တာထေရီကြီးများ ဖြစ်ကြသော မိထွေးတော်ဂေါတမီ၊ ခေမာထေရီ၊ ဥပ္ပလဝဏ်ထေရီ စသည်တို့သည်လည်း မိမိတို့တောင်းသော မဟာသာဝကဆုများနှင့် တန်အောင် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီကောင်းမှု ကုသိုလ်စုတို့ကို အသီးသီး ပြုလုပ်ဆည်းပူးတော်မူခဲ့ကြရသည်။ ဤသည်ကို ထောက်ရှု၍ တောင်းအပ်သော ဆုနှင့်ထိုက်တန်အောင် ကုသိုလ်ကောင်းမှုပြုရ သည်မှာ ဓမ္မတာဖြစ်ချေသည်။

ဆုတောင်းရာ၌ သူများ တောင်းပေးသော ဆုမှာ ကိုယ့်အလိုကျ ဖြစ်ချင်မှဖြစ်မည်၊ မဖြစ်ဖို့သာ များသည်။ တို့ကြောင့် မိမိအလိုရှိရာဆုကို မိမိဘာသာ တောင်းယူခြင်းက ပို၍ သဘာဝကျနိုင်သည်။ နိဗ္ဗာန်ချမ်းသာရပါလို၏ စသည်ဖြင့် ဆုတောင်းခြင်းမှာ နှစ်ဖွာန်ရအောင် အားထုတ်ပါမည်ဟု မိမိကိုယ်တိုင် ဝန်ခံကတိပေးခြင်းတစ်မျိုး ဖြစ်သည်ကို သတိပြုသင့်ကြပေသည်။

ဆုတောင်းနှစ်မျိုး

ဆုတောင်းခြင်းသည် လှေ၊ သင်္ဘော စသည်တို့၌ရှိသော ပဲနှင့်တူ၏။ လှေ၊ သင်္ဘောသည် ပဲပါမှ မိမိလိုအပ်နေသောနေရာသို့ တည့်တည့်မတ်မတ် ရောက်နိုင်သကဲ့သို့ ကုသိုလ်ကောင်းမှုပြုသူသည် လိုရာဆုကိုတောင်းပါမှ သံသရာစခန်း ခရီးလမ်းတွင် အလိုရှိရာဆုကို လိုသလို ရယူနိုင်သည်။

လူ့စည်းစိမ်, နတ်စည်းစိမ်မှ စ၍ မဂ်ဖိုလ် နိဗ္ဗာန်အထိ မည်သည့်အရာကိုမဆို လိုသလို ရယူနိုင်ကြသည်။

ဆုတောင်းမတတ်ပါက အမြတ်မပေါ်ရုံမျှမက အရှုံးပင် ရှိနိုင်ကြသော ကြောင့် ဆုတောင်းပုံ ဆုတောင်းနည်းကို လေ့လာမှတ်သားထားသင့်ပါသည်။ ဆုတောင်းနည်းသည် အချုပ်သဘောအားဖြင့် နှစ်မျိုးသာရှိ၏။ ယင်းနှစ်မျိုးမှာ-

(၁) သံသရာဝဋ်ကိုမှီသောဆုတောင်း၊ သံသရာလည်မည့် ဆုတောင်း (ဝဋ္ဋနိဿိတ)

(၂) သံသရာဝဋ်ကိုမမှီသောဆုတောင်း၊ သံသရာမလည်သည့် ဆုတောင်း (ဝိဝဋ္ဋနိဿိတ)

တို့ ဖြစ်ကြပါသည်။

(၁) ဝဋ္ဋနိဿိတ (သံသရာလည်မည့် ဆုတောင်း)

ထိုတွင် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်ဟူသော လောကီ စည်းစိမ်ချမ်းသာ (ဝဋ္ဋနိဿိတ) ဆုများကို တောင်းခဲ့လျှင် တောင်း သလောက်ရနိုင်ပါ၏။ သို့ရာတွင် သံသရာထဲတွင် လည်နေ၍ သံသရာဝဋ်မှ လွတ်မြောက်ရာ၊ ဒုက္ခအားလုံး၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကိုမူ မရစေနိုင်ပါ။ တစ်ချက်ခုတ် တစ်ချက်ပြတ် ဆုတောင်းမျိုးဟု မှတ်ယူသင့်ပါသည်။

ဤဆုတောင်းနည်းနှင့်စပ်လျဉ်း၍ ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်၊ ဝိသာခါကျောင်းအမကြီး၏ မိတ်ဆွေအမျိုးသမီးများ၏ ဥပုသ် စောင့်ရင်း ဆုတောင်းကြပုံများကို ဗဟုသုတအဖြစ် ဖော်ပြလိုပါသည်။

ဝိသာခါကျောင်းအမကြီးသည် မိမိနှင့်အတူ ဥပုသ်စောင့်ကြသော အမျိုးသမီးငါးရာအား အဘယ်ရည်ရွယ်ချက်ဖြင့် ဥပုသ်စောင့်ကြပါသလဲ၊ မည်သို့သော ဆုမျိုးကို တောင်းကြပါသလဲ ဟု မေးမြန်း၏ -

အဘွားကြီးများက -"နတ်ပြည်ရောက်ရပါလို၏" ဟု လည်းကောင်း၊

အိမ်ရှင်မများက -"လင်တူမယားဘဝ" (မယွားပြိုင်ဘဝ) မဖြစ်ရပါစေနှင့်"ဟူ၍လည်းကောင်း၊

အိမ်ထောင်ပြုပြီးစအမျိုးသမီးများက –"သားဦးယောကျ်ားလေး မွေးဖွားရပါလို၏"ဟု လည်းကောင်း၊

အပျိုများက – "အချိန်အခါရှိတုန်း လင်ကောင်း သားကောင်းရ ရပါလို၏" ဟူ၍လည်းကောင်း၊ အသီးသီး ဆုတောင်းကြပုံကို ပြောပြကြ၏။

ဝိသာခါကျောင်းအမကြီးက ထိုအကြောင်းစုံကို ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က "အိုဘေး, နာဘေး, သေဘေး အကြောင်း ဟောကြား၍ ယင်းဆုတောင်းများသည် အိုနာသေဆုကို တောင်းဆိုရာရောက်၍ နိဗ္ဗာန်ကိုသာ ဆုတောင်းသင့်ကြောင်း ဟောကြားတော်မူခဲ့လေ၏။
(ဓမ္မပဒ၊ ၎၊ ၁၊ ၃၇။)

ထို့ပြင် ဆဒ္ဒန်ဆင်မင်းဝတ္ထုဌဋ္ဌ "စူဠသုဘဒ္ဒါ" ဆင်မသည် ဆဒ္ဒန်ဆင်မင်းအပေါ်ရန်ငြိုးဖွဲ့၍ "အစွယ်ကိုဖြတ်ယူရပါလို၏" ဟု ဆုတောင်းမှားခဲ့သည်။ ကာဠယက္ခိနီဝတ္ထုဌဋ္ဌ မယားကြီးမယားငယ်တို့ ဘဝအဆက်ဆက် ရန်ဘက်ဖြစ်ကာ သမင်မွေးရင်း ကျားစားရင်း အပြန်အလှန် လက်စားချေနိုင်ရေးအတွက် ဆုတောင်းမှားခဲ့ကြပုံများမှာ သင်ခန်းစာ ယူဖွယ်ကောင်းလှပေသည်။

(၂) ဝိဝဋ္ဋနိဿိတ (သံသရာမလည်သည့်ဆုတောင်း)

သံသရာဝဋ်မှကျွတ်လွတ်ထွက်မြောက်ရာ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာ (ဝိဝဋ္ဋနိဿိတာ) ဆုကို တောင်းခဲ့လျှင်ကား တောင်းသောဆုအပြင် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်၊ လောကီစည်းစိမ်ချမ်းသာများကို ပါရဏိုင်ကြောင်း ကျမ်းဂန်တို့၌ ဖွင့်ဆိုထားပါသည်။ "တစ်ချက်ခုတ်နှစ်ချက်ပြတ်" ဆုတောင်းမျိုးပင် ဖြစ်၏။ (အံ၊ ၎၊ ၁။ ၄၂။)

ဆုတောင်းရာ၌ "တစ်ချက်ခုတ် တစ်ချက်ပြတ်" ဝဋ္ဋနိဿိတ ဆုမျိုးကို မတောင်းဘဲ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဝိဝဋ္ဋနိဿိတ ဆုမျိုးကိုသာ တောင်းသင့်လှပေသည်။

ဘိုရာတွင် လောကီဆု လောကုတ္တရာဆု နှစ်မျိုးလုံးပြည့်စုံအောင် "ဝဋ္ဌနှင့်ဝိဝဋ္ဋ" နှစ်မျိုးရော၍ ဆုတောင်းလေ့ရှိကြသည်။ အလိုရှိသူတို့ အလွယ်တကူ ကျက်မှတ်နိုင်ကြရန် (ဝဋ္ဋ၊ ဝိဝဋ္ဋ) နှစ်မျိုးရောသော ရှေးဆုတောင်း လက်ံကြိုးကိုဖော်ပြပါမည်။

ဆုဘောင်းလက်ံကြိုး

ဤသို့ပြုရ၊ ကုသလစု၊ ကောင်းမှုအများ၊ အကျိုးအားကြောင့်၊ ဘုရားပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၊ စံရာမွေ့လျော်၊ ကိန်းအောင်းပျော်သည့်၊ ပြည်တော်ဌာန၊ အမတသို့၊ ခဏလျှင်ဆော၊ ရောက်စေသော။

(ဝိဝဋ္ဋနိဿိတ။)

နိဗ္ဗာန်သာခေါင်၊ မြို့ရွှေတောင်သို့၊ လှေဖောင်မဂ္ဂင်၊ သင်္ဘော ယာဉ်ဖြင့်၊ မဝင်သမျှ၊ ဤနေ့ကလျှင်၊ စ၍ချမ်းသာ၊ ရောဂါဘေးဒဏ်၊ ရန်မာန်ကင်းပျောက်၊ မရောက်သည်သာ၊ ရှင်းရှင်းကွာ၍၊ တစ်ရာသက်ရှည်၊ စည်းစိမ်တည်၍၊ ပေးသည့်အလှူ၊ ဖြူသည့်နှလုံး၊ သုံးသည့်သီလ၊ ချသည့်ရေစက်၊ နေ့တိုင်း တက်လျက်၊ အသက်ခန္ဓာ၊ စုတေခါလည်း၊ ရတနာသုံးပါး၊ ဦးထိပ်ထား၍၊ မမှားမဖောက်၊ ရွံ့ကြောက်မထိတ်၊ စုတ္တံစိတ်ဖြင့်၊ အိပ်သောယောကျာ်း၊ နိုးသောလားသို့၊ ဖြစ်ငြားပါချင် –

နောင်တွင်သံသရာ၊ ဘဝမှာလည်း၊ လေးဖြာအပါယ်၊ သုံးသွယ်သောကပ်၊ ရှစ်ရပ်ဌာန၊ ကင်းလွတ်ရ၍၊ ထိုဒေသတွင်၊ မဖြစ်ချင်ပါ၊ လူ့ရွာနတ်ပြည်၊ ကျင်လည်သမျှ၊ ခတ္တိယနှင့်၊ ဗြာဟ္မဏ စင်စစ်၊ မျိုးနွယ်ဖြစ်၍၊ နွယ်မြစ်သန့်စွာ၊ အမျိုးမှာလည်း၊ ကောင်းစွာသန္ဓေ၊ တိဟိတ်နေ၍၊ ဆူဝေသဒ္ဓါ၊ ပညာကြီးခြင်း၊ သတင်းနံ့ကျော်၊ မဟောသဓာ၊ ဘုရားအလျှာသို့၊ ဖြစ်ပါစေချင် –

ကိုယ်တွင်ရောဂါ၊ သန့်ရှင်းကွာ၍၊ အနာမဲ့သူ၊ ရှင်ဗာကူနည်း၊ မမည်း မဖြူ၊ မဆူမကြွေ၊ လုံးစုံနီမဲ့မြင့်၊ ပြစ်မျိုးလွှင့်၍၊ တင့်တယ်ရောင်ဝါ၊ အဆင်းမှာလည်း၊. ငါးဖြာကျော်သီး၊ ရှင်ကစွယ်လား၊

ပေါများဥစ္စာ၊ စည်းစိမ်မှာလည်း၊ ငါးဖြာရန်သူ၊ လုယူမရ၊ ဧောတိက သို့၊ ရူပနိကာယ်၊ စင်ကြယ်သန့်ရှင်း၊ ဖြည်းညင်းသာယာ၊ အသံမှာ လည်း၊ ရောင်ဝါထွန်းဖိတ်၊ ကရဝိက်ငှက်တူ၊ ဗိုလ်လူတို့နှား၊ ကြားကနာဖွယ်၊ အရွယ်မဖောက်၊ ပြိုင်ထောက်မဲ့ပါ၊ ဝိသာခါဟန်၊ လျင်မြန်ပညာ၊ ဇဝနာတိက္ခ၊ ဂမ္ဘီရနှင့်၊ ဟာသတစ်ဖုံ၊ ဉာဏ်မျိုးစုံ၍၊ အာဂုံတုလွတ်၊ ပိဋကတ်ဗေဒင်၊ ခပ်သိမ်းအင်ကို၊ မြင်ကာကြားကာ၊ လျင်စွာရွရွ၊ ဌာရသပေါင်း၊ အလောင်းတကာ၊ တတ်ရာသမျှ၊ ကိစ္စပြီးတိုင် –

ကြီးခိုင်ခွန်အား၊ ခြသေ့လားသို့၊ ရဲအားသတ္တိ၊ စွန်းငြိမထင်၊ သိမြင်လိမ္မာ၊ မေးဖွယ်မှာလည်း၊ ပညာကြွယ်ဝ၊ မိလိန္ဒမင်း၊ ဖြေခြင်းတွင်လည်း၊ ရှင်နာဂသိန်၊ မတိမ်မမြုပ်၊ အကျွန်ုပ်သည်၊ မယုတ်မမာ၊ ရိုသေစွာဖြင့်၊ သဒ္ဓါကြည်လို၊ တောင်းဆိုသမျှ၊ ဆုကိုရ၍။

(ဝဋ္ဌနိဿိတ။)

မုချကင်းကွာ၊ နိဗ္ဗုတာသို့၊ မှန်စွာထုတ်ချောက်၊ ဧကန်ရောက်၍၊ မျက်မှောက်ပြုရပါလိုသော၊ သြကာသူ၊ သြကာသ။

"သော" ငါးချက်ဆုတောင်း

(၁) အကုသိုလ်ဆယ်ပါး၊ မပွားဒုစရိုက်၊ ကိုယ်၌မီးကြီး၊ ဖျက်ဆီးတတ်ငြား၊ ဤသုံးပါးကို၊ ရှောင်ရှားကြဉ်ဖဲ၊ စွန့်ကြဲပစ်ခွာနိုင်ပါစေသော–။

(၂) ကုသိုလ်ဆယ်ပါး၊ တရားသုစရိုတ၊ သတ္တအကျော်၊ ခုနစ်ဖော်နှင့်၊ သူတော်ဥစ္စာ၊ မှန်စွာတရား၊ ရှစ်ပါးမဂ္ဂင်၊ မြဲပင်စွဲနေ၊ မသွေဥပါယ်၊ သုံးဆယ်ရှစ်ဖြာ၊ မင်္ဂလာသည်၊ မကွာကိုယ်၌ မြဲစေသော---။

(၃) အပါယ်လေးပါး၊ မလားငရဲ၊ ဆင်းရဲတစီ၊ မရှိရောဂါ၊ ရှင်းရှင်းကွာ၍၊ အဌာရသ၊ သိပ္ပမလပ်၊ ကြွင်းမဲ့တတ်၍၊ ပိဋကတ်ဗေဒင်၊ သင်သင်ရာရာ၊ ကြားကာမြင်ကာ၊ မကြာခဏ၊ တတ်စေသော–။

(၄) အမျိုးကောင်းသား၊ ယောကျ်ားကောင်းစစ်၊ ဆက်တိုင်းဖြစ်၍၊ မလစ်မှန်စွာ၊ ငါးဖြာရန်သူ၊ မပြုံ့ဝံ့ရှောင်း၊ သူတော်ကောင်းနှင့်၊ အလောင်းတကာ၊ တောင်းကုန်ရာသား၊ ပတ္ထနာဆု၊ အာယုဝဏ္ဏ၊ သုခဗလ၊ ပဋိဘာန၊ ဘဝမခြား၊ စက်လေးပါးနှင့် ညားစေသော–။

(၅) ဘုန်းသမ္ဘာနှင့်၊ ပညာပြည့်စုံ၊ ကုံလုံဥစ္စာ၊ လှူဒါကစ၊ ဒသပါရမီ၊ အညီဖြည့်စွမ်း၊ နိဗ္ဗာန်လမ်းကို၊ တန်းတန်းမတ်မတ်၊ မချွတ်လျှင်ဆော၊ ရောက်စေသော၊ မြတ်ရှင်စော၊ သြကာသ၊ သြကာသ---။

အကိတ္တိရသေ့၏ဆုတောင်း

လွန်လေပြီးသောအခါက ဘုရားအလောင်းတော်သည် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ်ကြွယ်ဝချမ်းသာသော ပုဏ္ဏားမျိုး၌ ဖြစ်၍ အကိတ္တိအမည်ရှိ၏။ အရွယ်ရောက်လတ်သော် တောထွက်၍ ရသေ့ဝတ်ခဲ့သည်။ ဆွမ်းအတွက် အရပ်တပါးသို့မသွားမူ၍ ကံပြင်းပင်တစ်ပင်အောက်၌နေလျက် ကံပြင်းရွက်၊ ကံပြင်းသီးတို့ကိုသာ စားသောက်နေထိုင်ခဲ့ရာ အကိ တ္တိရသေ့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာပူလောင်လာ၏။

သိကြားမင်းသည် အကိတ္တိရသေ့၏ သီလကိုစုံစမ်းရန်အတွက် အကိတ္တိရသေ့ထံ ပုဏ္ဏားအသွင်ဖြင့် သုံးကြိမ်တိုင်အလှူခံကြွလေ၏။ အကိတ္တိရသေ့သည် ကံပြင်းရွက်ပြုတ်ကို စားသုံးရန် စီစဉ်ခိုက် အလှူခံကြွရောက်လာသော သိကြားမင်းအား မိမိစားမည့်ကံပြင်းရွက်ပြုတ်ကို သုံးရက်တိုင်တိုင် လှူဒါန်းလိုက်၏။ မိမိမှာမူ ထိုသုံးရက်လုံး မိမိအလှူကို နှစ်သက်ခြင်း ပီတိဖြင့်ပင် အစာ မစားဘဲနေလေ၏။

ထို့နောက်သိကြားမင်းသည် သိကြားအသွင်ကိုယ်ထင်ပြ၍ ရသေ့အား ရှိခိုးပြီး အလိုရှိသောဆုကို တောင်းလော့ဟု ဖိတ်ကြားလေသည်။ အကိတ္တိရသေ့သည် သိကြားမင်းထံမှ အောက်ပါဆု (၆) ပါးကို တောင်းခံလေသည်။

အကိတ္တိရသေ့တောင်းသောဆု (၆)ပါး

၁။ သတ္တဝါတို့သည် မိမိ၌ရှိသော သားသမီးဇနီးမယား၊ ဥစ္စာစပါးနှင့် အခြားသော ပစ္စည်းဥစ္စာတို့ဖြင့် မရောင့်ရဲနိုင်ဖြစ်နေကြရာ ယင်းသို့ မရောင့်ရဲ နိုင်သော လောဘမျိုး ငါ၌မဖြစ်ရလိုပါ၏။

၂။ လယ်ယာ ရွှေ ငွေ ကျွဲ နွား ဆင် မြင်းနှင့် ကျွန်အမှုလုပ်အခိုင်း အစေတို့ ဆုံးရှုံးရသဖြင့် ဖြစ်ပွားသော ဒေါသမျိုးငါ၌မဖြစ်ရလိုပါ၏။

၃။ လူမိုက်သည် ပျက်စီးခြင်းကို ဆောင်တတ်၏၊ အကျိုးမဲ့၌ ယှဉ်တတ်၏၊ ကောင်းစွာပြောဆိုလင့်ကစား အမျက်ထွက်တတ်၏။ ထို့ကြောင့် သူမိုက်ကို မမြင်ရလို၊ မကြားရလို၊ မပေါင်းသင်းရပါလို၏။ သူမိုက်နှင့်စကားမပြောရလို။ လူမိုက်ကို မနှစ်သက်ရပါလို၏။

၄။ ပညာရှိသည် အစီးအပွားကို ဆောင်တတ်၏၊ အကျိုးမဲ့၌ မယှဉ်တတ်၊ ကောင်းစွာပြောဆိုရာ၌ အမျက်မထွက်တတ်၊ ကျင့်ဝတ်ကိုလည်း သိတတ်၏။ ထို့ကြောင့်ပညာရှိကို ကြား၊ မြင်ရ၊ ပေါင်းသင်းရပါလို၏။ ပညာရှိနှင့်စကားပြောရပါလို၏။ ပညာရှိကိုနှစ်သက်နိုင်ရပါလို၏။

၅။ နံနက် မိုးသောက်အလင်းရောက်သည်နှင့် နတ်သုဓာ၊ နတ်ဩဇာတို့သည် လည်းကောင်း၊ သီလရှိသော အလှူခံတို့သည်လည်းကောင်း ထင်ရှား ဖြစ်ပေါ်ပါစေသတည်း။ ပေးလှူခြင်းကြောင့် မကုန်ပါစေသတည်း။ ပေးလှူစဉ်စိတ်ကြည်လင်၍ ပေးလှူပြီးနောက် နောင်တရသူမဖြစ်ရပါလို၏။

၆။ အသင်သိကြားမင်း၏ ဓပ်သိမ်းသော ကာမဂုဏ်နှင့်ပြည့်စုံသည်ကို မြင်ရ၍ မိမိ၏ခြိုးခြံသောအကျင့်၌ မေ့လျော့နိုင်သဖြင့် အသင်သိကြားမင်းကို နောက်ထပ်တစ်ဖန်မမြင်မတွေ့ရပါလို၏။

သိကြားမင်းသည် ဘုရားလောင်းရသေ့အား "ကောင်းပါပြီ ဤယနေ့မှစ၍ အရှင်ဘုရားထံနောက်ထပ်မလာတော့ပါ" ဟု ဆိုကာ ဘုရားလောင်းရသေ့အား ရိုသေစွာ ရှိခိုးကန်တော့၍ ထွက်ခွာသွားလေသည်။

(ငါးရှဉ်ငါးဆယ်ဇာတ်ဝတ္ထု၊ စတုတ္ထတွဲ၊ အကိတ္တိဇာတ်၊ ၁၁၃၊ ၁၂၂။)

တိပိဋကဓရဆရာတော်ကြီး၏ ဆုတောင်းလက်စ

ဤကုသလ၊ မြတ်ပုညကြောင့်၊ လောဘဒေါသ၊ မောဟကင်းကွာ၊ သံသရာဝယ်၊ ကျင်ပါရဘီ၊ ပညာရှိနှင့်၊ ယှဉ်ဘိပေါင်းသင်း၊ ဉာဏ်မဲ့ကင်း၍၊ ပြည့်တင်းလှုဖွယ်၊ လှုစဉ်ဝယ်လည်း၊ သုံးသွယ်စေတနာ၊ ဖြောင့်ညီညာသည်၊ ခေမာအထွတ်တုင်လုသော။

ရေစက်ချနှင့် ဆုတောင်း

ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြသော ကောင်းမှုရှင် ပုဂ္ဂိုလ်များတွင် အချို့က ရေစက်ချခြင်းနှင့်တကွ ဆုတောင်းခြင်း အမျှဝေခြင်းတို့ကို ဆက်လက်ပြုလုပ်လေ့ရှိသော်လည်း အချို့ကမူ "ပြုရန်မလို၊ ရေစက်မချလဲ ကုသိုလ်ရပြီးသားပဲ"ဟု သဘောထားကာ ရေစက်ချ၊ ဆုတောင်း၊ အမျှဝေခြင်းများကို မပြုလုပ်ဘဲ နေတတ်ကြသည်။ အမှန်စင်စစ် ရေစက်ချခြင်းသည် ဒါနကုသိုလ်မှု၊ ကုသိုလ်ပွါး၏ အထွတ်အထိပ်ဖြစ်သည်။ အမြင့်ဆုံးအဆင့်ဖြစ်သည်။ အချို့ကလည်း ပြုလုပ်ရိုး အစဉ်အလာရှိ၍ အရှိန်မပျက် ဆက်လက် ပြုလုပ်နေရသော်လည်း သဘောအဓိပ္ပါယ် အတိမ်အနက်ကို နားလည်သူ နည်းပါးလှပေသည်။ ဝေဿန္တရာဇာတ်တော်၌ ဆင်ဖြူတော်လှူဒါန်းသည့်အခါ ဝေဿန္တရာမင်းကြီးသည် မိမိလှူဒါန်းမည့် အလှူဝတ္ထုဖြစ်သည့် ဆင်ဖြူတော်ကြီးအား တန်ဆာမဆင်ရသေးသော နေရာများ

၆။ အသင်သိကြား‌မင်း၏ ခပ်သိမ်းသော ကာမဂုဏ်နှင့်ပြည့်စုံသည်ကို မြင်ရ၍ မိမိ၏ခြိုးခြံသောအကျင့်၌ မေ့လျော့နိုင်သဖြင့် အသင်သိကြား‌မင်း‌ကို နောက်ထပ်တစ်ဖန်မမြင်မတွေ့ရပါလို၏။

သိကြား‌မင်း‌သည် ဘုရား‌လောင်း‌ရသေ့အား "ကောင်း‌ပါပြီ ဤယနေ့မှစ၍ အရှင်ဘုရား‌ထံနောက်ထပ်မလာတော့ပါ" ဟု ဆိုကာ ဘုရား‌လောင်း‌ရသေ့အား ရိုသေစွာ ရှိခိုး‌ကန်တော့၍ ထွက်ခွာသွား‌လေသည်။

(ငါး‌ရှဉ့်ငါး‌ဆယ်ဇာတ်ဝတ္ထု၊ စတုတ္ထတွဲ၊ အကိတ္တိဇာတ်၊ ၁၁၃၊ ၁၂၂။)

တိပိဋကဓရဆရာတော်ကြီး‌၏ ဆုတောင်း‌လက်စ

ဤကုသလ၊ မြတ်ပုညကြောင့်၊ လောဘဒေါသ၊ မောဟကင်း‌ကွာ၊ သံသရာဝယ်၊ ကျင်ပါရဘီ၊ ပညာရှိနှင့်၊ ယှဉ်ဘိပေါင်း‌သင်း၊ ဉာဏ်မဲ့ကင်း‌၍၊ ပြည့်တင်း‌လှုဖွယ်၊ လှုစဉ်ဝယ်လည်း၊ သုံး‌သွယ်စေတနာ၊ ဖြောင့်ညီညာသည်၊ ခေမာအထွတ်တိုင်လိုသော်။

ရေစက်ချနှင့် ဆုတောင်း

ကုသိုလ်ကောင်း‌မှုကို ပြုလုပ်ကြသော ကောင်း‌မှုရှင် ပုဂ္ဂိုလ်များတွင် အချို့က ရေစက်ချခြင်း‌နှင့်တကွ ဆုတောင်း‌ခြင်း အမျှဝေခြင်း‌တို့ကို ဆက်လက်ပြုလုပ်လေ့ရှိသော်လည်း အချို့ကမူ "ပြုရန်မလို၊ ရေစက်မချလဲ ကုသိုလ်ရပြီး‌သား‌ပဲ" ဟု သဘောထား‌ကာ ရေစက်ချ၊ ဆုတောင်း‌၊ အမျှဝေခြင်း‌များ‌ကို မပြုလုပ်ဘဲ နေတတ်ကြသည်။ အမှန်စင်စစ် ရေစက်ချခြင်း‌သည် ဒါနကုသိုလ်မှု၊ ကုသိုလ်ပွဲ၏ အထွတ်အထိပ်ဖြစ်သည်။ အမြင့်ဆုံး‌အဆင့်ဖြစ်သည်။ အချို့‌ကလည်း ပြုလုပ်ရိုး အစဉ်အလာရှိ၍ အရှိန်မပျက်ဆက်လက် ပြုလုပ်နေရသော်လည်း သဘောအဓိပ္ပါယ် အတိမ်အနက်ကို နား‌လည်သူ နည်း‌ပါး‌လှပေသည်။ ဝေဿန္တရာဇာတ်တော်၌ ဆင်ဖြူတော်လှူဒါန်း‌သည့်အခါ ဝေဿန္တရာမင်း‌ကြီး‌သည် မိမိလှူဒါန်း‌မည့် အလှူဝတ္ထုဖြစ်သည့် ဆင်ဖြူတော်ကြီး‌အား တန်ဆာမဆင်ရသေး‌သော နေရာများ

တစ်ဖန် ကုသိုလ်ကောင်းမှုပြု၍ ဆုမတောင်းပြန်လျှင်လည်း မိမိလိုချင်သော အကျိုးရရှိရန် မသေချာချေ။ ထို့ကြောင့် ကုသိုလ်ကောင်းမှု တစ်စုံတစ်ခုပြုတိုင်း မိမိလိုရာဆုကိုလည်း တောင်းရပေမည်။

မှန်ပါသည်၊ ကောင်းကင်သို့ပစ်လွှတ်သော လုံတံသည် အရင်းအဖျား အလယ် သုံးပါးတို့တွင် ကျချင်ရာဖြင့် ကျနိုင်သကဲ့သို့၊ အကြင်ပုဂ္ဂိုလ်ကား ကုသိုလ်ကောင်းမှုကိုသာ ပြု၍ ဆုတောင်းခြင်းမရှိ၊ ထိုပုဂ္ဂိုလ်အား လိုချင်သည့် အကျိုးကိုရရန် မသေချာချေ။ ဆုကိုသာတောင်း၍ ကုသိုလ်အမှု မပြုလျှင်လည်း အကျိုးမရနိုင်ချေ၊ ကုသိုလ်ကောင်းမှုလည်းပြု၊ ဆုကိုလည်း တောင်းသူကား လိုရာအကျိုးကို သေချာပေါက်ရနိုင်၏။ ထို့ကြောင့် ကုသိုလ်ကောင်းမှု တစ်စုံတစ်ခုပြုတိုင်း လိုရာဆုကိုမတောင်းဘဲ မနေသင့်ချေ။ (အပ-၌၊ ၁၀၄။)

အမျှဝေခြင်း

လူ့ဘဝ လူ့အဖြစ်ကို ရရှိလာကြသည့် လူသားတို့သည် အတိတ်မှ ပြုခဲ့ကြသော ကံအားလျော်စွာ တချို့ ပဋိရူပဒေသကျတဲ့ အရပ်ဒေသမှာ လာဖြစ်ကြတဲ့အတွက် မိကောင်း ဖကောင်း, ဆရာသမားကောင်း မိတ်ဆွေကောင်းတို့နှင့် တွေ့ဆုံကြုံကြိုက်၍ ကုသိုလ် ပညာ ဥစ္စာ တိုးပွားကြသဖြင့် ဒါနသီလ စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်နိုင်ကြ၏။ မိမိ၏ ကုသိုလ် အဖို့ဘာဂကိုလည်း နတ်တို့သေင်္ခနင်း သိကြားမင်း၊ လူတို့သေင်္ခနင်း ပြည့်ရှင်မင်း၊ ငရဲသေင်္ခနင်း ယမမင်းတို့နှင့်တကွ သတ္တဝါအားလုံးတို့အား အမျှပေးဝေကာ ဆိုမိုးများ တစ်အိမ်မှ တစ်အိမ် ကူးယူထွန်းညှိ၍ အလင်းရောင်များ အထောင်မက ပွားရသလို ကုသိုလ်အဖို့ဘာဂကိုလည်း အဆပေါင်းများစွာ တိုးတက်စေနိုင်ကြသည်။

တချို့ ပဋိရူပဒေသ မကျတဲ့ ရပ်ရွာဒေသ စသည်တို့မှာ လူဖြစ်လာကြရလေတော့ မိတ်ဆွေကောင်း စသည်တို့နှင့် မတွေ့ကြုံကြရသဖြင့် ကုသိုလ်ပညာဥစ္စာတို့ မတိုးပွားနိုင်၊ စာဝတ်နေရေးအတွက်မျှကိုပင် အလွန်ပင်ပန်းကြိုးစားရရှာဖွေရသဖြင့် ချို့တဲ့ကြရှာကြ၏။ ပညာဥစ္စာ ချို့တဲ့သည့်အတွက် ကုသိုလ်ကိုလည်း

ရံဖန်ရံခါသာ ပြုနိုင်ကြသဖြင့် နဲပါးရှာကြ၏။ ကာယက် ကာယဒုစရိုက် ဝစီက် ဝစီဒုစရိုက်၊ မနောက် မနောဒုစရိုက်မှုတို့ကသာ များပြားလျက် ရှိခဲ့ရ၏။

ယမမင်းအား အမျှဝေ

ကုသိုလ်အမှုပြုစဉ်အခါက ငရဲသေဋ္ဌနင်း ယမမင်းကြီးနှင့်တကွ ငရဲသူ ငရဲသား သုခိတ ဒုက္ခိတ သတ္တဝါအားလုံးတို့အား ကုသိုလ်အဖို့ဘာဂကို ပေးဝေကာ ယမမင်းကြီးအား သက်သေအရာ၌ ထားခဲ့ဖူး၏။ ထိုသူ ဘဝတသွန် ကွယ်လွန်ပြောင်းရွှေ့သွားခဲ့သော် ကုသိုလ်နည်းပါး အကုသိုလ်က လွန်စွာများသဖြင့် ချမ်းသာကင်းစဲ ငရဲသို့ ကျရောက်သည့်အခါ ဒေဝဒူတခေါ် နတ်တမန်တို့၏ မေးမြန်းစိစစ်ခြင်း ကိုခံရ၏၊ ထိုအခါ အကုသိုလ်များ၍ ကုသိုလ်က နဲပါးခဲ့သဖြင့် သုံးကြိမ် သုံးခါ မေးမြန်းကြပါသော်လည်း ကုသိုလ်ပြုမိသည်ကို သတိမရသောကြောင့် မိမိကုသိုလ်ပြုဖူးသည်ကို မပြောဆိုနိုင်၊ ကုသိုလ်ပြုခဲ့ဖူးကြောင်း မပြောဆိုနိုင်သူကို ဆုံးဖြတ်ရာဌာနသို့ ခေါ်ဆောင် သွားကြပြီး ခုံရုံးတင်ကြ၏။ လူ့ဘဝက အကုသိုလ်မှု နည်းပါးသော သူတို့ မိမိအလိုလို မိမိပြုခဲ့ဖူးသော ကုသိုလ်မှုကို သတိရရှိကြကုန်၏။

ဤနေရာ၌ ရှေးက ဒမိဋ္ဌအမည်ရှိသောသူသည် သုမနတောင်ထွတ် ကျောင်း၌ တည်ထားသော စေတီကို နှံသော ပုဆိုးဖြင့် ပူဇော်ခဲ့ဖူး၏။ ထိုသူသေပြီးနောက် တစ်စုံတစ်ခုသော အကုသိုလ်ကံကြောင့် ဥဿဒငရဲ၏ အနီးဖြစ်သော ငရဲ၌ ကျရောက်ရ၏။ ငရဲမီး အလျှံတို့၏ တဖျစ်ဖျစ်မြည်သံကို ကြားရ၍ မိမိလူ့ဘဝဖြစ်စဉ် သုမန တောင်ထွတ်ကျောင်း အာကာသစေတီတော် အား နှံသောအဝတ်ပုဆိုးဖြင့် လွှဒါန်းပူဇော်ခဲ့သည်ကို သတိရရှိသဖြင့် ထိုကုသိုလ်၏ အကျိုးဆက်ကြောင့် ငရဲမှ လွတ်မြောက်ကာ နတ်ပြည်၌ ဖြစ်ရပေသည်။ ဤသို့ အကုသိုလ် နည်းသူတို့မှာ မိမိပြုခဲ့ဖူးသော ကုသိုလ်ကို အမှတ်ရအောက်မေ့နိုင်ကြသဖြင့် ငရဲမှလွတ်၍ နတ်ပြည်သို့ ရောက်ကြရလေသည်။

အကုသိုလ်မှုများပြားစွာ ပြုလာခဲ့သော် ကုသိုလ်ကို သတိမရရှိနိုင်ကြကုန်၊ သတိမရရှိသောသူတို့ကို နတ်တမန်တို့သည် မေးမြန်းစိစစ်ကြကုန်၏။ နတ်တမန်ငါးယောက်တို့ မေးမြန်းစိစစ်ကြကုန်သော်လည်း သတိမရ၊ မအောက်မေ့နိုင်ကြကုန်၊ ထိုအခါ ယမမင်းကြီးသည် ကိုယ်တိုင်ပင် ထိုသူတို့ကို အမှတ်ရရှိစေပါသည်။ ယမမင်းကြီးကိုယ်တိုင် အမှတ်ရစေပုံကို သာဓကအဖြစ် ပြဆိုပါမည်။

ရှေးက အမတ်တစ်ယောက်သည် မြတ်လေးပန်းအိုးဖြင့် မဟာစေတီကို ပူဇော်ကာ ယမမင်းအား ကုသိုလ်၏အဖို့ဘာဂ အတူတကွ အညီအမျှ ရပါစေဟု ပေးဝေခဲ့ဖူး၏။ ထိုအမတ် လူ့ဘဝမှ စုတေလတ်သော် အကုသိုလ်များ ကုသိုလ်နည်းပါးခဲ့လေသဖြင့် အကုသိုလ်ကံကြောင့် ငရဲသို့ ကျ၏။ နတ်တမန်တို့သည် ထိုသူ့အား ပြုခဲ့ဖူးသော ကုသိုလ်ကံရှိ မရှိ မေးစိစစ်ကြသော် ထိုသူသည် မမှတ်မိ၊ သတိမရသဖြင့် မဖြေနိုင်။ သို့ဖြစ်၍ ယမမင်းကြီးအထံသို့ ခေါ်ဆောင်ကြကုန်၏။ ယမမင်းကြီး သည် ကိုယ်တိုင်ပင် ထိုသူကုသိုလ်ပြုထားမှု ရှိ မရှိ ကြည့်ရှုပြီး အောက်ပါအတိုင်း ပြောဆို၏။

အမောင်–သင်သည် မဟာစေတီ၌ မြတ်လေးပန်းတို့ဖြင့် ပူဇော်ပြီး ငါ့ကိုလည်း သင်၏ပန်းအလှူဒါန ကုသိုလ်အဖို့ဘာဂကို အမျှပေးခဲ့သေးသည် မဟုတ်လောဟု အောက်မေ့သတိရစေပါသည်။ ထိုသူသည် ယခုမင်းကိုယ်တိုင် အောက်မေ့သတိရစေလျှင် မိမိပြုခဲ့သော ဗုဒ္ဓပူဇနီယ ပန်းအလှူဒါနကို သတိရရှိ အောက်မေ့မိကာ ချမ်းသာကင်းစဲ အပါယ် ငရဲမှလွတ်မြောက်ပြီး ချမ်းသာပြောစည် နတ်တို့ပြည်သို့ ရောက်ရှိလေသည်။

ဤသာဓကဝတ္ထုများကို နမူနာပြု၍ မိမိတို့ တစ်စုံတစ်ခု ကောင်းမှုပြုတိုင်း ပြုတိုင်း ငရဲသေဉ်နှင်း ယမမင်းနှင့်တကွ သတ္တဝါအားလုံးတို့အား ကုသိုလ် အဖို့ဘာဂ အမျှရကြပါစေဟု ပတ္တိဒါန ပြုသင့်လှပေသည်။

(မ ဋ္ဌ၊ ၄၊ ၁၆၆။)

အမျှဝေ သဘေးမှလွတ်

ကောသလမင်းကြီးသည် သူ့မယားလိုချင်၍ သူ့လင်ကို သတ်လိုသဖြင့် အမျိုးသမီးငယ်၏ လင်ယောကျ်ားကို ခေါ်ဆောင်ပြီး ယနေ့မှစ၍ ငါ့အား ခစားလုပ်ကျွေးလေလော့ဟု အမိန့်တော်ချမှတ်ပြီး ရာထူးခန့်အပ်လေ၏။

ထိုမင်းခစား ယောကျ်ားသည် သေဘေးမှ ကြောက်သဖြင့် အလုပ်ကိစ္စတို့ကို မမေ့လျော့ မပေါ့မဆ ဆောင်ရွက်၏။

ကောသလမင်းကြီးသည် ထိုယောကျ်ားအပေါ် တစ်စုံတစ်ခုသော အပြစ်ကို မမြင်သဖြင့် နောက်ထပ်တစ်ဖန် သေကြောင်းကြံလို၍ အိုအချင်းယောကျ်ား ဤသာဝတ္ထိနေပြည်မှ တစ်ယူဇနာ ဝေးကွာသော အရပ်၌ရှိသော မြစ်သို့ သွားရောက်ပြီး ကုမုဒြာကြာနှင့် အရဏဝတီမြေညက်ကို ညချမ်းကာလ ငါရေသုံးသပ်စမ်းယ် ချိန်အမီ ဆောင်ယူခဲ့လော့၊ အချိန်မီ မဆက်သနိုင်ပါက သင့်အား မင်းအာဏာကို ပြုအံ့ဟု အမိန့်ချမှတ်တော်မူ၏။

ထိုမင်းခယောကျ်ားသည် သေဘေးမှ ကြောက်သည်ဖြစ်၍ လျှင်မြန်စွာ အိမ်သို့ပြန်ပြီး မကျက်တကျက် ချက်လက်စထမင်းကို အိမ်ရှင်မအား ခွင့်ပန်ထည့်စေပြီး တစ်ယူဇနာဝေးကွာသော ခရီးသို့ ပြေးသွားလေ၏။ မင်းခယောကျ်ားသည် မြစ်သို့ရောက်လျှင် မိမိယူဆောင်လာသော ထမင်းကို စားမည်ပြုစဉ် အဦးအဖျားထမင်းကို ဖယ်၍ စား၏။ စားနေစဉ် အခြားခရီးသွား ယောကျ်ားတစ်ယောက်အား တွေ့မြင်၍ မိမိမစား၊ခင် စားဦးစားဖျား ဖယ်ထား၊သော ထမင်းကို ပေးလှူလိုက်၏။ မိမိစားပြီး၍ ကြွင်းကျန်သော ထမင်းကို ရေ၌စွန့်လွှတ်၏။ ခံတွင်းကို စင်ကျယ်စွာဆေးကျောပြီး ကျယ်စွာသော အသံ ဟစ်အော်လျက် အောက်ပါအတိုင်း တိုင်တန်းပြီး ဆုတောင်းအမျှဝေ၏။

ဤမြစ်၌ စောင့်ရှောက်ကုန်သော နာဂါးဂဠုန် အစရှိကုန်သော နတ်များအပေါင်းတို့–အကျွန်ုပ်၏စကားကို နားထောင်တော်မူကြပါကုန်လော့၊ ကောသလမင်းကြီးသည် ဘကျွန်ုပ်အား သတ်လိုသောကြောင့် ကုမုဒြာကြာပန်းနှင့်တကွ အရဏဝတီမြေညက်ကို ဆောင်ယူ၍ ဆက်သရမည်ဟု အမိန့်ချမှတ်တော်မူ၏။

ကျွန်ုပ်သည် ခရီးသွား ယောကျ်ားတစ်ယောက်အား စားဦးစားဖျား ထမင်းကို ပေးလှူခဲ့၏။ ထိုအလှူသည် တစ်ထောင်သော အကျိုးအာနိသင်ရှိပါ၏။ ရေ၌ရှိကြကုန်သော ငါးတို့အားလည်း ကြွင်းကျန်သော ထမင်းကို

ပေးလှူခဲ့ပါ၏။ ထိုအလှူသည် အရာသော အကျိုးအာနိသင်ရှိပါ၏။ အကျွန်ုပ်သည် ပြုသော ဤကောင်းမှု၏အဖို့ဘာဂကို သင်တို့အား အမျှပေးဝေငှပါကုန်၏။ ကျွန်ုပ်အား လည်း ကုမုဒြာကြာပန်းနှင့်တကွ အရဏာဝတီမြေညက်ကို ဆောင်ယူ၍ ပေးသနား တော်မူကြပါကုန်လော့ ဟု သုံးကြိမ်တိုင် ကြွေးကြော်ပြောဆို၏။

ထိုမြစ်၌ စောင့်ရှောက်နေသော နဂါးမင်းသည် မင်းခစား ယောကျ်ား၏ ကြွေးကြော်သံကို ကြား၍ လူ့အသွင်ဖန်ဆင်းပြီး ထိုမင်းခယောကျ်ားထံသို့ လာရောက်မေးမြန်းပြောဆိုပြီး နဂါးမင်းက ငါ့အား လည်း ကုသိုလ်အဖို့ကို ပေးပါလော့ဟု ပြောဆိုသဖြင့် မင်းခယောကျ်ားသည် နဂါးမင်းအား မိမိပြုအပ်သော ကုသိုလ်အဖို့ဘာဂကို အမျှအတန်းပေးဝေလိုက်၏။ နဂါးမင်း သည် ကုမုဒြာကြာ ပန်းနှင့်တကွ အရဏာဝတီမြေညက်ကို ဆောင်ယူ၍ ထိုမင်းခ ယောကျ်ားအား ပေးလိုက်လေ၏။

ဤသို့ မိမိပြုလုပ်အပ်သော ကုသိုလ်အဖို့ဘာဂကို အမျှအတန်း ပေးဝေလိုက်သဖြင့် မိမိအား လျော့နည်းမှု မရှိသည့်အပြင် မိမိအသက်ကိုပင် ကယ်တင်နိုင်ကြောင်းကို နည်းယူ၍ မိမိပြုအပ်သော ကုသိုလ်ကို အမျှအတန်း ပေးဝေရန် သင့်လှပါ၏။ **(ဓမ္မပဒ၊ အညတရပုရိသဝတ္ထု။)**

အမျှဝေလျှင် နတ်ချစ်ခင်

မိမိပြုလုပ် အားထုတ်အပ်သော အလှူကောင်းမှု၏ အဖို့ဘာဂကို အမျှအတန်းပေးဝေသဖြင့် အမျှပေးဝေသူအား နတ်များက ချစ်ခင်မြတ်နိုးပူဇော်ကြကြောင်းကို သိရှိနိုင်ကြရန် အောက်ပါအတိုင်း ဖော်ပြပါမည်။

ဘုရားရှင် လက်ထက်တော်အခါက သုနိဓနှင့် ဝဿကာရ အမတ်ကြီးတို့ ဦးဆောင်၍ ပါဋလိပုတ်မြို့ကြီးကို တည်ထောင် ဆောက်လုပ်ကြ၏။ ထိုပါဋလိပုတ်မြို့ကြီး တည်ဆောက်ပြီးစီးသောအခါ ဘုရားအမှူးရှိသော သံဃာတော်များအား ပင့်ဖိတ်ပြီး ဆွမ်းစသော လှူဖွယ်ဝတ္ထု များကို ဆက်ကပ်လှူဒါန်းကြ၏။ ထိုသုနိဓနှင့် ဝဿကာရ အမတ်ကြီးတို့ ဦးဆောင်

တည်ဆောက်သော ပါဋလိပုတ်မြို့သစ် ဖွင့်ပွဲ အခမ်းအနား၌ ဘုရားရှင်သည် အောက်ပါအတိုင်း အနုမောဒနာ သုံးဂါထာကို ဟောကြား တော်မူ၏။

"အို ပုဏ္ဏားတို့ - ပညာရှိသည် အကြင်အရပ်၌ မြို့သစ် အိမ်သစ် ဆောက်လုပ်နေထိုင်၏။ ဤအရပ်၌ သီလပြည့်စုံ ကိုယ်နှုတ်စိတ်ကို စောင့်သုံးသော မြတ်သော အကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့ကို ဆွမ်းခဲဖွယ်စသည်တို့ဖြင့် ပြုစုလုပ်ကျွေး လှူဒါန်းပြီးလျှင် ထိုအရပ်၌ရှိသော နတ်တို့အား မိမိတို့ပြုလုပ်လှူဒါန်းအပ်သော ကုသိုလ်အဖို့ဘာဂကို ရည်ညွှန်း၍ အမျှအတန်းပေးဝေရာ၏။ ဤသို့ အမျှပေးဝေသည်ရှိသော် နတ်တို့သည် အပူဇော်ခံရသဖြင့် ထိုအမျှပေးဝေသူကို အတုံ့တစ်ဖန် မြှန်၍ ပူဇော်ကုန်၏။ အမျှပေးဝေသည်ရှိသော် နတ်တို့သည် မြတ်နိုးခံရသဖြင့် ထိုအမျှပေးဝေသူကို ပြန်လည်၍ မြတ်နိုးကြကုန်၏။ ထို့ကြောင့် မိခင်သည် မိမိ၏ ရင်ဝယ်သားကို စောင့်ရှောက်သကဲ့သို့ နတ်တို့သည် အမျှပေးဝေသော သူကို စောင့်ရှောက်ကြကုန်၏။ နတ်များ၏ အစောင့်အရှောက်ကို ခံရသောသူသည် အခါခပ်သိမ်း ကောင်းမြတ်သော မင်္ဂလာများကိုသာ တွေ့မြင်ကြရကုန်၏။ **(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်။)**

အထက်၌ဖော်ပြသည့်အတိုင်း နတ်တို့၏ အစောင့်အရှောက်ကိုလိုလား ကြသူများသည် မိမိတို့ကောင်းမှုကုသိုလ် ပြုလုပ်ကြသည့်အခါ နတ်များအား ကုသိုလ်အဖို့ဘာဂကို အမျှအတန်း ပေးဝေသင့်လှပါ၏။

အမျှရ၍ ပြိတ္တာဘဝမှလွတ်မြောက်

ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူသောနေ့၌ ဗိမ္ဗိသာရမင်းကြီး သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား နန်းတော်အတွင်း၌ ကြီးစွာသော အလှူကြီးကို ပေးလှူ၏။ ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးဟောင်းဖြစ်ကြသော ပြိတ္တာအပေါင်းက "ငါတို့၏ဆွေမျိုးဟောင်းဖြစ်သော ဗိမ္ဗိသာရမင်းကြီးသည် ယခုပင်လျှင် ကြီးစွာသော အလှူဒါနပြုလုပ်၍ ငါတို့အား အမျှအတန်းပေးဝေ လိမ့်မည်ဟု မျှော်လင့်တောင့်တ၍ အနီးပတ်ဝန်းကျင်၌ ရပ်တည်စောင့်ဆိုင်း နေကြကုန်၏။ သို့သော်လည်း ဗိမ္ဗိသာရမင်းကြီးက ထိုပြိတ္တာအပေါင်းအား

ရည်ညွှန်း၍ အမျှအတန်းမပေးဝေခဲ့၊ ထိုဆွေမျိုးပြိတ္တာတို့သည် သူတို့မျော်လင့်တောင့်တနေသော ဗိမ္မိသာရမင်းကြီး၏ ကုသိုလ်အဖို့ဘာဂ အမျှပေးဝေမှုကို မရကြသဖြင့် ညအခါ မင်းကြီး၏ နန်းတော်၌ အလွန်ကြောက်မက်ဖွယ် ကောင်းသော အသံကိုပြု၍ ဟစ်အော်ကြကုန်၏။

ဗိမ္မိသာရမင်းကြီးသည် ထိုအသံကိုကြား၍ ကြောက်ရွံ့ ထိတ်လန့်ပြီး နံနက်မိုးသောက် ရောက်သောအခါ မြတ်စွာဘုရားထံတော်သို့ သွားရောက်လျှောက်ထားရာ ဘဝဟောင်းက ဆွေမျိုးပြိတ္တာများ ကုသိုလ် အမျှမရကြသောကြောင့် သတိပေးခြင်းဖြစ်ကြောင်း သိရှိရ၍ နန်းတော်သို့ ပြန်သွားပြီး ကြီးစွာသော အလှူဒါနကို ထပ်မံပြုလုပ်ပြီး ဣဒံ မေ ဉာတိနံ ဟောတု= (ဤအလှူသည် အကျွန်ုပ်၏ ဆွေမျိုးများအတွက် ဖြစ်ပါစေသတည်း)ဟု အမျှအတန်းပေးဝေ၏။ ဗိမ္မိသာရမင်းကြီး ပေးဝေသော ကုသိုလ်အဖို့ဘာဂကို ဆွေမျိုးပြိတ္တာများ ရရှိကြသောကြောင့် ထိုပြိတ္တာများ ရှေရောင်ကဲ့သို့ ဝါဝင်းသောကိုယ်အဆင်းရှိကြပြီး နတ်၌ဖြစ်သော ခဲဖွယ် ဘောဇဉ်၊ သောက်ရေသုံးဆောင်ရေ၊ အဝတ်တန်ဆာများ၊ နတ်၌ဖြစ်သော ယာဉ်၊ ဘုံဗိမာန်ပြာသာဒ်များ၊ အဆင်းတန်ဆာအမျိုးမျိုး ဖြစ်ထွန်းပေါ်ပေါက်လာကုန်၏။ ထိုပြိတ္တာများ ရရှိခံစားရသော စည်းစိမ်ချမ်းသာ အားလုံးကို ဗိမ္မိသာရမင်းကြီး မြင်နိုင်အောင် မြတ်စွာဘုရားသည် အဓိဋ္ဌာန်တော် မူ၏။ ဘုရားရှင်၏ အဓိဋ္ဌာန်ချက်အရ ဆွေမျိုးပြိတ္တာတို့ ရရှိခံစားရသော စည်းစိမ်ချမ်းသာကို ဗိမ္မိသာရမင်းကြီး မျက်ဝါးထင်ထင်တွေ့မြင်ရ၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ **(ပေတဝတ္ထု၊ တိရောကုဋ္ဌသုတ် ၂၀။)**

ရှေးရိုးစဉ်လာအမျှဝေ

ဤသို့ပြုရ မြတ်ဗုဒ္ဓကို ကြီးထမြင့်ခေါင် မြင်းမိုရ်တောင်ဦး မကကျူးသား ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အား ရင်ငြားပါစေ အမျှဝေ၏၊ မသွေနိစ္စ ဤကာယကို စောင့်ထမေတတ် ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေ၏။ မိတ္တာဆွေဉာ ဆရာသမား ဘိုးဘွားကစ ယမရာဇာ ဒေဝါယက္ခ ဣန္ဒဘုမ္မာ အာကာသနတ် အထူးမှတ်၍ အမြတ်ဗုဒ္ဓ ကုသလကို ရင်ငြာပါစေ အမျှဝေ၏၊

ရည်ညွှန်း၍ အမျှအတန်းမပေးဝေခဲ့၊ ထိုဆွေမျိုးပြိတ္တာတို့သည် သူတို့မျော်လင့်တောင့်တနေသော ဗိမ္မိသာရမင်းကြီး၏ ကုသိုလ်အဖို့ဘာဂ အမျှပေးဝေမှုကို မရကြသဖြင့် ညအခါ မင်းကြီး၏ နန်းတော်၌ အလွန်ကြောက်မက်ဖွယ် ကောင်းသော အသံကိုပြု၍ ဟစ်အော်ကြကုန်၏။

ဗိမ္မိသာရမင်းကြီးသည် ထိုအသံကိုကြား၍ ကြောက်ရွံ့. ထိတ်လန့်ပြီး နံနက်မိုးသောက် ရောက်သောအခါ မြတ်စွာဘုရားထံတော်သို့ သွားရောက်လျှောက်ထား၍ ဘဝဟောင်းက ဆွေမျိုးပြိတ္တာများ ကုသိုလ် အမျှမရကြသောကြောင့် သတိပေးခြင်းဖြစ်ကြောင်း သိရှိရ၍ နန်းတော်သို့ ပြန်သွားပြီး ကြီးစွာသော အလှူဒါနကို ထပ်မံပြုလုပ်ပြီး ဣဒံ မေ ဉာတီနံ ဟောတု= (ဤအလှူသည် အကျွန်ုပ်၏ ဆွေမျိုးများအတွက် ဖြစ်ပါစေသတည်း)ဟု အမျှအတန်းပေးဝေ၏။ ဗိမ္မိသာရမင်းကြီး ပေးဝေသော ကုသိုလ်အဖို့ဘာဂကို ဆွေမျိုးပြိတ္တာများ ရရှိကြသောကြောင့် ထိုပြိတ္တာများ ရွှေရောင်ကဲ့သို့ ဝါဝင်းသောကိုယ်အဆင်းရှိကြပြီး နတ်၌ဖြစ်သော ခဲဖွယ် ဘောဇဉ်၊ သောက်ရေသုံးဆောင်ရေ၊ အဝတ်တန်ဆာများ၊ နတ်၌ဖြစ်သော ယာဉ်၊ ဘုံဗိမာန်ပြာသာဒ်များ၊ အဆင်းတန်ဆာအမျိုးမျိုး ဖြစ်ထွန်း·ပေါ်ပေါက်လာကုန်၏။ ထိုပြိတ္တာများ ရရှိခံစားရသော စည်းစိမ်ချမ်းသာ အားလုံးကို ဗိမ္မိသာရမင်းကြီး မြင်နိုင်အောင် မြတ်စွာဘုရားသည် အဓိဋ္ဌာန်တော် မူ၏။ ဘုရားရှင်၏ အဓိဋ္ဌာန်ချက်အရ ဆွေမျိုးပြိတ္တာတို့ ရရှိခံစားရသော စည်းစိမ်ချမ်းသာကို ဗိမ္မိသာရမင်းကြီး မျက်ဝါးထင်ထင်တွေ့မြင်ရ၍ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေ၏။ **(ပေတဝတ္ထု၊ တိရောကုဋ္ဌသုတ် ၂၀။)**

ရှေးရိုးစဉ်လာအမျှဝေ

ဤသို့ပြုရ မြတ်ပုညကို ကြီးထွားမြင့်ခေါင် မြင်းမိုရ်တောင်ဦး မကကျူးသား ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အား ရင်ငြားပါစေ အမျှဝေ၏၊ မသွေနိစ္စ ဤကာယကို စောင့်ထမေတတ် ကိုယ်စောင့်နတ်လည်း မလပ်စေရ ပေးဝေ၏။ မိတ္တာဆွေဉာ ဆရာသမား ဘိုးဘွားကစ ယမရာဇာ ဒေဝါယက္ခ ဣန္ဒာဘုမ္မာ အာကာသနတ် အထူးမှတ်၍ အမြတ်ပုည ကုသလကို ရင်ကြပါစေ အမျှဝေ၏၊

ငရဲသေဒ္ဓနင်းယမမင်း၊ ရေမြေသေဒ္ဓနင်း ပြည့်ရှင်မင်း၊နတ်တို့သေဒ္ဓနင်း သိကြားမင်းနှင့်တကွ ၃၁-ဘုံ ကျင်လည်ကြကုန်သော ဖဝနေယျ သုခီတ ဒုက္ခိတသတ္တဝါအပေါင်းတို့အား ယနေ့ယခု ကျွန်ုပ်ပြုလုပ်အပ်သော ကုသိုလ်ကောင်းမှုဓ၏ အဖို့ဘာဂကို အမျှ အမျှ အမျှ ပေးဝေငှပါကုန်ဓ၏၊ အမျှရကြ၍ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သော်။

အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော။

သာဓု သာဓု သာဓု။

အမျှဝေခြင်း ပြီး၏။

တိုက်တွန်းချက်

တဏှာသည် အရာကျယ်၏၊ တဏှာကို ပယ်သတ်ရန် ခက်ခဲ၏။ သာမာန်ပုထုဇဉ်ဘဝမှ အနာဂါမ် အရိယာဖြစ်သည်တိုင်အောင် တဏှာသည် အဆင့်အား‌လျော်စွာရှိ၍နေ၏၊ ရဟန္တာဖြစ်မှ တဏှာအဆုံးသတ်၏။ ထိုသို့ ပယ်သတ်ရန် ခက်ခဲသော်လည်း တဏှာကို ပယ်သတ်နိုင်အောင် ကျိုးစား သင့်၏။ တဏှာဟုဆိုအပ်သော လောဘ စေတသိက်သည် အလှူရှင်ကို များစွာ နှောင့်ယှက်၏။ မိမိ၏ပစ္စည်းဥစ္စာအပေါ်၌ တပ်မက်မှုကြောင့် မလှူရက်၊ မတမ်းရက်၊ မပေးရက်၊ မကမ်းရက်၊ မစားရက်ဘဲ သေသွား၍ ပြိတ္တာဖြစ်ရသူများ၊ တိရစ္ဆာန်ဖြစ်ရသူများအကြောင်း ဇာတ်နိပါတ်တို့တွင် များစွာတွေ့နိုင်၏။ ဤအရာ၌ တဏှာကို အနိုင်တိုက်၍ ဒါနစစ်ပွဲကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့သော ဇကသာဋကပုဏ္ဏားကြီးကို ချီးမွမ်းအတုယူသင့်၏။

ကုသိုလ်မွဲသူ

ဘုရား‌အလောင်းတော်မှတပါး အခြားသူများသည် ကုသိုလ်ကောင်းမှု အလှူဒါနပြုလုပ်ကြရာ၌ လူချမ်းသာ နတ်ချမ်းသာများကိုသာ ဘောင့်တ၍ ပြုလုပ်ကြသည်ကသာ များကြ၏။ ယနေ့သာသနာတွင်း အခါနှင့် ကြုံကြိုက်ရ၍ ဘဝနှင့်စည်းစိမ်တို့ကို ရည်သန်တောင့်တ၍ လှူဒါန်းရသော ဝဋ္ဋနိဿိတ ကုသိုလ်ဒါနသည် နိဗ္ဗာန်ကိုတောင့်တ၍ လှူဒါန်းရသော ဝိဝဋ္ဋနိဿိတ ဒါနလောက် အကျိုးမကြီး၊ မွန်မြတ်မှုမရှိချေဟူ၍ သိနေသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များပင် အလှူဒါနပြုကြသောအခါ လောကီစည်းစိမ်ကို နှုတ်မြွက်၍ ဆုတောင်းခြင်းအမှု မပြုကြသော်လည်း စိတ်ထဲကတော့ လောကီစည်းစိမ်တို့ကို လိုလား‌လျက်ပင် ရှိနေကြ၏။

ယင်းသို့ အများသူငါ ပြုလုပ်နေကြသော ကောင်းမှုကုသိုလ်များသည် ဝဋ်ဆုတရားကို တောင့်တပြီး ပြုလုပ်ကြသည့်အတိုင်း ဝဋ်ဆင်းရဲ ဒုက္ခအကျိုးကို ပေးသဖြင့် အများသူငါမှာ မိမိတို့ပြုလုပ်သည့် ကုသိုလ်ဥစ္စာဖြင့် လူ့ဘဝ လူ့စည်းစိမ် နတ်ဘဝ နတ်စည်းစိမ် ဟူသော အသုံးအဆောင်တို့ကို ဝယ်ယူ

သုံးဆောင်ကြရသလိုဖြစ်၍ ငွေရတိုင်းရတိုင်း အသုံးအဆောင် ပစ္စည်းများကို ဝယ်ယူသုံးဆောင်နေသူများမှာ ငွေစုမိရန် မလွယ်ကူ။ ဘုရားအလောင်းတော်မှ တပါး ဘဝစည်းစိမ် ဝင်္ဆံဆင်းရဲ၌ မွေ့လျော်နှစ်ခြိုက်ကြသူ (ဝဋ္ဋာဘိရတ) သတ္တဝါအများမှာ ကောင်းမှုကုသိုလ်ဥစ္စာမစုမိဘဲဖြစ်၍ ကောင်းမှုမဲ့သူများ ဖြစ်ကြရ၏။

ကုသိုလ်ကြွယ်ဝချမ်းသာသူ

မြတ်စွာဘုရားအလောင်းတော်များသည်ကား ပါရမီကောင်းမှုပြုလုပ်တိုင်း ပြုလုပ်တိုင်း သဗ္ဗညုတဉာဏ်တော်ကိုသာ ဆုပန်တောင့်တ၍ ပြုတော်မူ၏။ ထို့ကြောင့် ဘုရားအလောင်းတော်၏ကုသိုလ်ကောင်းမှုများသည် သဗ္ဗညုတဉာဏ်ဟော်အကျိုးကို မပေးရသေးသမျှကာလပတ်လုံး အရိုန်မကုန်နိုင်ဘဲ အလောင်းတော်၏ သန္တာန်၌ ရှိမြဲ ရှိ၍နေ၏။

ထို့ကြောင့် မသုံးရက် မစွဲရက် ငွေကိုစု၍ထားသောသူမှာ ဥစ္စာစီးပွားတစ်နေ့တစ်ခြား တိုးပွားလာသကဲ့သို့ ဘုရားအလောင်းတော်မှာလည်း ကုသိုလ်ကောင်းမှုဥစ္စာများ တစ်ဘဝထက် တစ်ဘဝ တိုးတက်များပြား လာလေသော်ကြောင့် ဘုရားအလောင်းတော်သူမြတ်သည် ကုသိုလ်တည်းဟူသော ဥစ္စာ လွန်စွာကြွယ်ဝချမ်းသာသူ ဖြစ်လေ၏။

ဘယ်သူပြိုင်၍ နိုင်ပါနိုင်

ကုဋေများစွာ ကြွယ်ဝချမ်းသာသော သေဋ္ဌေးတစ်ယောက်ကို ဆင်းရဲမွဲတေနေသူ လူပေါင်းများစွာတို့က စီးပွားဥစ္စာ ယှဉ်ပြိုင်လျှင် ရှုံးကြရမည်သာ ဖြစ်သကဲ့သို့ ပါရမီကောင်းမှုကုသိုလ်ဥစ္စာ မရေမတွက်နိုင်လောက်အောင် ချမ်းသာကြွယ်ဝသော ဘုရားအလောင်းတော် ကောင်းမှုရှင်သေဋ္ဌေးကြီးကို ကုသိုလ် ဥစ္စာရတိုင်းရတိုင်း ဘဝသမွတ္တိ ဘောဂသမွတ္တိ အသုံးအဆောင်တို့ကို ရှာ၍ မလောက်နိုင်အောင် ဝယ်ယူသုံးဆောင်ကြသဖြင့် ကုသိုလ်ကောင်းမှုဥစ္စာ လွန်စွာ ဆင်းရဲမွဲတေနေကြသည့် သတ္တဝါတို့ ကုသိုလ်ကောင်းမှုစီးပွားရေး၌ ယှဉ်ပြိုင်ကြလျှင် ရှုံးကြမည်မှာ သေချာပါ၏။

ကဲကဖန်ဆင်းပေးမည်

သတ္တဝါတို့ဖြစ်ပေါ်လာအောင် ဖန်ဆင်းတတ်သော တန်ခိုးရှင် နတ်ဗြဟ္မာ တစ်ဦးတစ်ယောက်မျှ မရှိပါချေ၊ အမှန်စင်စစ်ကား ကိုယ်စီကိုယ်ငှ မိမိတို့ ခန္ဓာအစဉ်၌ ဖြစ်သော တဏှာတရားသည်သာလျှင် ပဋိသန္ဓေကို အဖန်ဖန် နေစေ၏။ ကုသိုလ်အကုသိုလ်ကံတရားများလည်း တဏှာ၏စွမ်းရည် သတ္တိ ကြောင့်သာလျှင် အကျိုးပေးနိုင်ကြ၏၊ ကံသည် လယ်ယာမြေနှင့်တူ၏၊ ကံ၏အဖေါ်ဖြစ်သော ဝိညာဉ်သည် မျိုးစေ့နှင့် တူ၏၊ တဏှာလောဘသည် ရေနှင့်တူ၏။ လယ်ယာမြေ၊ မျိုးစေ့၊ ရေ သုံးမျိုးပေါင်းဆုံမိသောကြောင့် သစ်ပင်ပေါက်ရောက်သကဲ့သို့ ကံတည်းဟူသော လယ်ယာမြေ၊ ကံ၏အဖော် ဝိညာဉ်တည်းဟူသော မျိုးစေ့၊ တဏှာလောဘတည်းဟူသော ရေ၊ ဤသုံးမျိုး ပေါင်းဆုံမိခြင်းကြောင့် သတ္တဝါတစ်ယောက် ဖြစ်ပေါ်ရ၏။ တဏှာလောဘ တည်းဟူသော ရေမရှိလျှင် ကံတည်းဟူသော လယ်ယာမြေနှင့် ဝိညာဉ်တည်း ဟူသော မျိုးစေ့များ ရှိကြသော်လည်း ဘဝအညွှန့်.အညောက် အပင်မပေါက် ဖွားနိုင်။ ထို့ကြောင့်တဏှာ လောဘရေလောင်းခြင်းကို ပယ်သတ်ပြီးဖြစ်တော် မူကြသော ရဟန္တာ အရှင်မြတ်တို့သည် တစ်ဖန် ဘဝအသစ်၌ မဖြစ်ကြ ရကုန်။

ထို့ကြောင့် အလ္လဒါနပြုလုပ်ကြရာ၌ ဘုရားအလောင်းတော်ကြီးများ၏ ထုံးကို နှလုံးမူကြကာ တဏှာလောဘဖြင့် လူ.ဘဝ လူ.စည်းစိမ်၊ နတ်ဘဝ နတ်စည်းစိမ် အသုံးအဆောင်တို့ကို လိုလား တောင့်တသော တဏှာလောဘကို ပယ်သတ်၍ နိဗ္ဗာန်ကိုသာ တောင့်တပြီး အလ္လဒါနပြုလုပ်ကြမည်ဆိုပါက နိဗ္ဗာန်မရမီစပ်ကြား မိမိတို့လည်း ကုသိုလ်သေဋ္ဌေးကြီးများဖြစ်ကြမည်မှာ မလွဲပေ။ ထို့ကြောင့် ဘဝသံသရာမှာ ကုသိုလ်သေဋ္ဌေးများဖြစ်လာစေနိုင်ရန် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို လိုလားတောင့်တသော တဏှာကို ပယ်သတ်ပြီး အလ္လဒါနကုသိုလ်များ ပြုသင့်ကြ၏။

ပါရမီအစ ဒါနက

သံသရာခရီးသွားကြသူများတွင် ဘုရားအလောင်းတော်ကြီးများသည် အကြီးမား ဆုံးခရီးအရှည်ဆုံး သံသရာခရီးသွားကြီးများ ဖြစ်တော်မူကြ၏။ အလောင်းတော်ကြီးများသည် နိယတဗျာဒိတ်ရတော်မူပြီးသည့်နောက် သဗ္ဗညုတဉာဏ်တော်ကို ရဖို့ရန် ပါရမီတော်များ ဖြည့်ကျင့်ရမည့်အချိန် ကမ္ဘာကုဋေတို့ဖြင့် မရေတွက်နိုင်သော တစ်ဆယ့်ခြောက်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း (ဝိရိယာဓိက)၊ ရှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း (သဒ္ဓါဓိက)၊ လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း (ပညာဓိက)၊ သံသရာ၌ ကျင်လည်၍ ပါရမီကုသိုလ်များကို အားထုတ်ဖြည့်ကျင့်တော်မူကြရသည်။ ပစ္စေကဗုဒ္ဓါ အလောင်းတော်များမှာ နှစ်အသင်္ချေနှင့်ကမ္ဘာတစ်သိန်း။ အဂ္ဂသာဝက အလောင်းတော်များမှာ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း။ မဟာသာဝက အလောင်းတော်များမှာ ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တို့ကို ဖြည့်ကျင့်ရသည်။

ထိုသို့ဘုရားအလောင်းတော်ကြီးများမှာ သံသရာခရီးသွားကြသူများတွင် အကြီးမားဆုံးသော အရှည်လျားဆုံးသော သံသရာခရီးသွား ပုဂ္ဂိုလ်ကြီးများဖြစ်ကြသောကြောင့် သံသရာရိက္ခာထုပ်ဖြစ်သော ဒါနပါရမီသည် အရေးအကြီးဆုံးဖြစ်၍နေ၏။ ထို့ကြောင့် အလောင်းတော်များဘုရားဖြစ်မည်ဟု နိယတဗျာဒိတ်ပန်ဆင်ပြီး ဘုရားဖြစ်ရန် ဖြည့်ကျင့်ရမည့်ပါရမီတော်တို့ကို ဆင်ခြင်သုံးသပ်တော်မူသည်။ ထိုအခါ ပါရမီ (၁၀)ပါးတို့ကို မြင်တော်မူကြ၏။ ထိုဆယ်ပါးသော ပါရမီတော်တို့တွင် သံသရာကျင်လည်ရာတွင် ရိက္ခာထုပ်ပမာ အရေးအကြီးဆုံး ဖြစ်သော ဒါနပါရမီကို ရှေးဦးစွာအစွဲအမြဲပြုကာ ဆောက်တည်၍ ဖြည့်ကျင့်တော်မူကြ၏။

ဒါနအခြေခံသော ဇာတိဆုသုံးပါး

ဤသည်တို့ကိုထောက်ထား၍ ဒါနတရားသည် လူ့စည်းစိမ် နတ်စည်းစိမ် စသော လောကီစည်းစိမ်ချမ်းသာမျှကိုသာ အကျိုးပေးနိုင်သည်မဟုတ်၊ ဘုရားအလောင်းတော်များ၊ ပစ္စေကဗုဒ္ဓါအလောင်းတော်များ၊ အဂ္ဂသာဝက၊

မဟာသဗ္ဗ၀က အလောင်းတော်များသည် ဒါနတရားကို လက်ကိုင်ထား ဖြည့်ကျင့်ခဲ့ကြပြီး သမ္မာသမ္ဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ သာဝကဗောဓိဆုကြီး များကို ပန်ဆင်တော်မူခဲ့ကြ၏။ ပန်ဆင်တော်မူကြသည့်အတိုင်း ဆုမြတ် အသီးသီးကို ရရှိတော်မူကြပြီး ဒုက္ခခပ်သိမ်း၊ အပူခပ်သိမ်း၊ ချုပ်ငြိမ်းရာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ရွေပြည်မြတ်သို့ ဝင်စံတော်မူကြလေကုန်ပြီ။

ထို့ကြောင့် သံသရာခရီးသွားကြရမည့်သူများ သံသရာတစ်ခွင်မှာ ရိက္ခာထုပ်အဖြစ် အသုံးပြုရမည့် ဒါနတရားကို ကျိုးစားအားထုတ်ပါက လူ့ချမ်းသာ၊ နတ်ချမ်းသာ စသော လောကီစည်းစိမ်ကို မြိန်မြိန်ကြီး သုံးဆောင် ခံစားပြီး ထိုလောကီစည်းစိမ်များဖြင့် တစ်ဆင့်တက် ကုသိုလ်ဆက်ကြပြီးလျှင် နောက်ဆုံးဘ၀၌ ဒုက္ခခပ်သိမ်းကင်းငြိမ်းရာဖြစ်သော သဉ္ဇာဒိသေသနိဗ္ဗာနဓာတ် သို့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် မျက်မှောက်ပြုသောအားဖြင့် ရောက်ရှိခံစားပြီး ခန္ဓာဇာတ်သိမ်းသောအခါ အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ငြိမ်းအေးနိုင်ကြမည် ဖြစ်ပါကြောင်း ဖော်ပြလျက် ဒါနကထာကျမ်းစာကို နိဂုံးကမ္ပတ် အပြီးသတ် လိုက်ပါသည်။

ပ.မ.သ.စ—၂၄/ပ.၁၁.၉၉ (၃၀၀၀) လစ်သို့။